www.burmeseclassic.com

# မောင်ညီမှိုင်း(သန်လျင်)


စီစဉ်သော

## ကြေးရုပ်တုအာဠာဝကဘီလူး နှင့်

# သူမယောင်မယမညီပုံ

အပါအဝင်

## ဂန္ထိရဝတ္ထုတိုများ



BURMESE CLASSIC .com

[illegible]မောင်ညီမှိုင်း(သန်လျင်)၊ တောင်မှူးကြီးသိန်းဝင်း၊ ကျော်မင်းနိုင်၊ စိုးဝ[illegible]
[illegible]ညို၊ [illegible]ခန်းအနုရှာန်၊ နွေတမာန်၊ မောင်မောင်မိုးအောင်၊ ဩမိသာ[illegible]ယဉ်ထွန်း၊
ဝင်းနိုင်(ရွှေပြည်သာ)၊ နန်းထိုက်စိုး(နိုင်ငံခြားဘာသာ[illegible]ပွဲ)

www.burmeseclassic.com

www.burmeseclassic.com

စီစဉ်သူ ။ ကိုတင်ထွန်း

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၁၃၊ ဇွန်လ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Maw Maw*
အတွင်းဖလင် ။ *Quality*

ပုံနှိပ်သူ

ဒေါ်ယဉ်ယဉ်မွန် (မြိုးဝေလျှံပုံနှိပ်တိုက်) (၀၀၆၅၉)
ဆန်စက်အပိုပစ္စည်းစက်ရုံဝန်း၊ အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ထုတ်ဝေသူ

ဦးတင်ထွန်း (မြဲ)(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး - ၁၈၀၀ ကျပ်

၈၉၅ ․ ၈၃
ကလောင်စုံ
ကြေးရုပ်တုအာဠာဘီလူးနှင့်သူယောင်မယ်မညို့ပင်အပါအဝင်
ကမ္ဘာ့ရဝတ္ထုတိုများ / ကလောင်စုံ-ရန်ကုန်၊
စိတ်ကူးသစ်စာပေ၊ ၂၀၁၃။
၃၆၄-စာ ၊ ၁၃ စင်တီ × ၂၀․၅ စင်တီ။
(၁) ကြေးရုပ်တုအာဠာဘီလူးနှင့်သူယောင်မယ်မညို့ပင်အပါအဝင်ကမ္ဘာ့ရဝတ္ထုတိုများ

## မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ကြေးရုပ်တုအာဠာဝကဘီလူးနှင့် သူယောင်မယ်မညို့ပင်<br>*မောင်ညီမွှိုင်း(သန်လျင်)* | ၁ |
| ၂။ | ပဉ္စာန်းဆက်ဆွေမျိုးမိသားစု<br>*ထောင်မှူးကြီးသိန်းဝင်း* | ၄၁ |
| ၃။ | တမလွန်ရက်ချိန်း<br>*ကျော်မင်းနိုင်* | ၆၃ |
| ၄။ | အရိပ်မဲ့တစ္ဆေ<br>*စိုးဝေ* | ၉၃ |
| ၅။ | စိတ္တဇအတွင်းကာရံ<br>*နန်းထိုက်စိုး(နိုင်ငံခြားဘာသာသိပ္ပံ)* | ၁၁၅ |
| ၆။ | သေရွာနှစ်ခါပြန် ကိုဖိုးထူး<br>*ဝင်းနိုင်(ရွှေပြည်သာ)* | ၁၉၄ |
| ၇။ | ရေဝဲကြီးအော်ချိန်<br>*မောင်မောင်မိုးအောင်* | ၂၁၇ |
| ၈။ | ထောင်ထွက်ချာလီ<br>*နွေတမာန်* | ၂၃၂ |
| ၉။ | ဆိုးသူ့အိမ်<br>*ဩမိသ* | ၂၅၅ |
| ၁၀။ | အဘပေးတဲ့ပိတုန်း<br>*စိုးယဉ်ထွန်း* | ၂၆၇ |
| ၁၁။ | ဆွိဒရင်းမှ (Sweet Dream) ချစ်အိပ်မက်<br>*နန်းရွှေရည်* | ၂၈၃ |
| ၁၂။ | ကံဆိုးဝိညာဉ်လေးတွေ လွတ်မြောက်ပါစေ<br>*ဟိန်းနေချာန်* | ၃၅၁ |

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

| ၁ |

❑

ဘကြီးဦးရွှေထောင်ဓော်ရဲ့ ကိုယ်တွေ့ဖြစ်ရပ်ဆန်းကြယ်ဇာတ်လမ်းကို ကြားလိုက်ရတော့ ...

ကွယ်လွန်သူ ကျွန်တော့်ဦးလေး အရင်းခေါက်ခေါက် ဦးကျော်ခင်ကို ပြေးသတိရလိုက်လေရဲ့ဗျာ။

ဦးလေးကျော်ခင်လည်း ကာယသိဒ္ဓိအစွမ်းရှိနေတဲ့ 'အုန်းအမြုတေ'ကို ရခဲ့တာပဲဗျ။

တစ်သက်လုံး ပွဲတိုင်းမှာ ပြဿနာရှာ၊ ရန်ဖြစ် ...

ဖြစ်ပြီးလျှင် ဦးလေးကျော်ခင်ပဲ အရိုက်ခံရတယ်။

ကွဲတဲ့အခါ ကွဲ၊

ပေါက်တဲ့အခါ ပေါက်၊

ကျိုးတဲ့အခါလည်း ကျိုးခဲ့ရတာပဲ။

ဟော ... ဦးလေးကျော်ခင်တို့ ဘုန်းမီးနေလ တောက်ပချင်တော့-

တစ်နေ့မှာ ...

ကျွန်တော့်အဘိုး ဦးဘိုးအုန်းက အိမ်တွင်းမင်းမဟာဂီရိနတ်အုန်း (ဆွဲအုန်း)ကို အသစ်လဲလိုက်တယ်။





အုန်းသီးဟောင်းကိုခွဲပြီး ထန်းလျက်လေးနဲ့စားဖို့ ခွဲလိုက်ရော အုန်းသီးထဲက အုန်းသီးသေးသေးလေးတစ်ခု မမျှော်လင့်ဘဲ ရလိုက်ပါရောဗျာ။

လက်မလက်ဆစ် တစ်ဆစ်စာမျှပဲရှိတယ်။

မာမာပြောင်ပြောင်၊ သေးသေးလေး။ သို့သော် အုန်းသီးကြီးပုံစံအတိုင်းပဲ။

သိလိုက်ပြီ။ ဒါ 'အုန်းအမြုတေ'။

အုန်းအမြုတေရပြီ။ အုန်းအမြုတေဆိုတာ ကာယသိဒ္ဓိမှာ စွမ်းတယ်လို့ သိဖူးတယ်။ ထိုးလို့ ကြိတ်လို့ ရိုက်လို့ မကွဲဘူးတဲ့။

ဟုတ်မဟုတ် သိချင်လို့ ...

လေးဘက်လုံ နွားတင်းကုပ်ထဲမှာ ပေပေါ်ကို အုန်းအမြုတေလေး အဝတ်နဲ့ထုပ်ပြီးတင်၊ ပြီး တူကြီးကြီးနဲ့ ထုချလိုက်တာ ထုံခနဲ အသံမြည်ပြီး တူခုန်ထွက်သွားတယ်။

အုန်းအမြုတေ မကြေသွားဘူး၊ မကွဲသွားဘူး။

ဒါနဲ့ နောက်တစ်ချက် အားရပါးရ ထုပစ်လိုက်တယ်။

"ဖောင်း ..."

ခုန်ထွက်သွားတယ်။ ထုပ်ထားတဲ့ အဝတ်စကတော့ ပေတုံးပေါ်မှာ တူစာမိပြီး မွမွကြေသွားပြီ။

နွားတဲအကာနဲ့ထိပြီး ပြန်ကျလာတဲ့ အုန်းအမြုတေကို စစ်ဆေးလိုက်တော့ အပွန်းအပဲ့မရှိဘူး။ အနာအဆာမရှိဘူး။

ဟုတ်ပြီ ... တစ်ထစ်တော့ အောင်ပြီ။

ဒါနဲ့ အုန်းအမြုတေကို ညာလက်နဲ့ဆုပ်ကိုင်ပြီး နွားတဲတိုင်နဲ့ သူ့ခေါင်းနဲ့ ပြေးဆောင့်ပစ်လိုက်တယ်။

"ဒုန်း ..."

"ဒုန်း ..."

"ဒုန်း ..."

"အောင်ပြီကွ ... သာဟန်ရ၊ အောင်ပြီဟေ့ ..."



www.burmeseclassic.com

www.burmeseclassic.com



အဘိုးဟာ သူ့သား ကျွန်တော့်အဖေကို သို့ကလိုပြောရင်းကနေ ဝါးပိုးဝါးတိုင်ကို ဘယ်ညာလက်သီးတွေနဲ့ ပြေးထိုးပစ်လိုက်တာ။

နွားတဲက လှုပ်သွားတယ်။

အဘိုးရဲ့လက်တွေ ဘာမှမဖြစ်ဘူး။

အဘိုးဦးခေါင်းလည်း ဖူးရောင်ပေါက်ပြဲ မဖြစ်ခဲ့ဘူး။ အဘိုး ဝမ်းသာသွားတယ်။ အဖေလည်း ဝမ်းသာသွားခဲ့တယ်။

အုန်းသီး အလုံးတစ်သိန်းမှာ အမြုတေတစ်လုံး ပါနိုင်ဖွယ် မရှိဘူးမျ။ အခု ကံကောင်းလို့ရတာ။

အဲဒီအုန်းအမြုတေပစ္စည်းကို အဘိုးရဲ့သားငယ် ဦးလေးကျော်ခင် ရယူသွားပြီးရောဗျာ။

အဘိုးတို့ ငွေလျှော်လိုက်ရတာမှ သောက်သောက်လဲ။ အကြိမ် မနည်းဘူး။ ထောင်ကျမှာစိုးလို့ တောင်းပန်လိုက်ရတဲ့ အကြိမ်ကလည်း မနည်းဘူး။

ဦးလေးကျော်ခင် အဲဒီအုန်းအမြုတေအစွမ်းနဲ့ ဆိုးခဲ့၊ ရမ်းခဲ့၊ ကလဲ့စားချေခဲ့တာကိုး။

တစ်ချိန်တစ်ခါတုန်းက သူ့အပေါ် အနိုင်ယူခဲ့၊ အနိုင်ကျင့်ခဲ့သူမှန်သမျှကို အကုန်ပြန်ဆော်ခဲ့တယ်။

ကျော်ခင်ကိုပိုင်းရိုက်တော့ ကျော်ခင် ပွန်းတောင်မပွန်းခဲ့ဘူး။ တုတ်လောက်၊ ဓားလောက်ကို စာကိုမဖွဲ့ဘူး။

အားလုံး ဒုံ့သြကြတယ်။

တစ်မျိုးလုံး၊ တစ်ရွာလုံး အံ့သြရတယ်။

သူရိုက်ခဲ့သမျှကို ငွေထုပ်ပိုက်ပြီး လိုက်လျော်ခဲ့ရတယ်။ ခြေသလုံးဖက် တောင်းပန်ခဲ့ရတယ်။

အဲဒါ ကာယသိဒ္ဓိဝင်ပစ္စည်းရဲ့ အကျိုးပဲ။

နောက်ဆုံးတော့လည်း ဦးလေးကျော်ခင် ခံလိုက်ရတာပဲလေ။ သူ့ကို ပညာပေးသွားတာ မိန်းမတစ်ယောက်ပဲ။ အဲဒီမိန်းမနဲ့အိပ်ပြီး နောက်ပိုင်း ဦးကျော်ခင်ဦးခေါင်း သွေးခြင်းခြင်းရဲခဲ့ရတာပဲ။

စိတ်ကူးသစ်စာပေ



ခါတိုင်း ငါမကွဲဘူး၊ ဓားနဲ့ခုတ်ရင် ဓားပြန်ခုန်ထွက်လျက်သားနဲ့ ဒီတစ်ချီ ဘာလို့ ခေါင်းကွဲပြီး သွေးခြင်းခြင်းရဲလို့ ဆေးရုံရောက်ခဲ့ရတာလဲ။

ငါ့မှာ အဲဒီတုန်းက ငါ့အဘိုးရဲ့ အုန်းအမြုတေအကျီအိတ်ထဲမှာ ရှိလျက်သားနဲ့ ငါ ဘာမှားလို့လဲ စဉ်းစားတယ်။

သည့်နောက် ...

အကျီအိတ်ထဲက လက်ကိုင်ပဝါနဲ့ ချည်နှောင်ထုပ်ထားတဲ့ အုန်းအမြုတေကို ပြန်လည်စစ်ဆေးကြည့်ရှုလိုက်ရော ...

"ဟိုက် ..."

"မြတ်စွာဘုရား ... ငါ ပွဲချင်းပြီးမသေတာ အလွန်ကံကောင်းလို့ပါလား"

အဲဒီလို မတစပ္ပႈ မြတ်စွာဘုရားရှင်ကို မှတ်မှတ်ရရ တလိုက်မိတယ်။ ဘာကြောင့်လည်းဆိုတော့ ...

ဖြေကြည့်လိုက်သည့် လက်ကိုင်ပဝါထဲမှာ ရှိနေတာက သူ့အဘိုးရခဲ့တဲ့ သူဆောင်နေကျ အုန်းအမြုတေ မဟုတ်တော့ဘူး။

အခုရှိနေတာ မြင်ရတာက ...

ကွမ်းသီးခြမ်း တစ်ခြမ်းရယ်ဗျာ ...

တောက် ...

အနာကျမ လုပ်ရက်လိုက်လေခြင်းကွာ ... ထွီး။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [ ၂ ]

❑

တစ်နေ့တော့ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ မန်နေဂျာကြီး မောင်စိန်လှိုင်(ဥဿာ)က သူ့မိတ်ဆွေအဘိုးအိုတစ်ဦးက ကျွန်တော့်ကို ကိုယ်တွေ့ ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ်ဇာတ်လမ်း ပြောပြချင်လို့ အားတဲ့နေ့ မရမ်းကုန်း ဓမ္မာရုံကိုလာခဲ့ပါဟု ဖိတ်ကြားခဲ့တယ်။

ဒါနဲ့ အလုပ်ပါးတဲ့ တနင်္ဂနွေနေ့မှာ ဆရာကြီးမောင်စိန်လှိုင်(ဥဿာ) အပိုင်စားတဲ့ ချမ်းသာပြည့်စုံဓမ္မာရုံကို ကျွန်တော် ရောက်သွားခဲ့တယ်။

ဆရာမောင်စိန်လှိုင် (ဥဿာ) ကို ကျွန်တော် ကျေးဇူးတင်ရတာ မနည်းပါဘူးဗျာ။

ကိုယ့်ဆရာက ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ်ဝတ္ထုများကို မရေးပါဘူး။ သူရေးတာက ဘဝသရုပ်ဖော်နဲ့ ရာဇဝင်နောက်ခံ ဇာတ်တွေပါ။

ဆရာမောင်စိန်လှိုင် (ဥဿာ)က စာရေးကောင်းတယ်။ အပြောလည်း ကောင်းတယ်။ ဗဟုသုတလည်း စုံတယ်ဗျာ။ မင်္ဂလာဘိသိက်စကားများ ရွှန်းရွှန်းဝေအောင် ပြောတာများဗျာ ...





ကျွန်တော်ကိုယ်တိုင် မင်္ဂလာပြန်ဆောင်ချင်စိတ် ပေါက်ခဲ့ရတယ်။ စာပေဟောပြောရင်လည်း ပွဲကျအောင် ပြောနိုင်သူလေ။ သူ ဂမ္ဘီရစာပေများကို မရေးပါသော်လည်း ဂမ္ဘီရစာပေဝတ္ထုများကိုတော့ လေးလေးစားစား ဖတ်တယ်။

အထူးသဖြင့် သူက ကျွန်တော်ရေးတဲ့ ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ်ဝတ္ထုတွေကို ပိုစိတ်ဝင်စားသတဲ့။

သူ့ကြောင့်လည်း ကျွန်တော် ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ်ဝတ္ထုတို အတော်များများ ရေးဖြစ်ရရှိခဲ့ပါတယ်။

ကော်ချဲကျေးရွာက **ခွေးလိမ္မာကော်ဖီ** တို့၊ ကော်ချဲကျေးရွာက **ဆရာတော်ဘုရားကြီး**တို့ အကြောင်းတွေဆိုလျှင် ဆရာမောင်စိန်လှိုင် (ဥဿာ) ပြောပြတဲ့ တကယ့်ဖြစ်ရပ်မှန် ဇာတ်လမ်းတွေပါ။

ကျွန်တော်က ဝတ္ထုအဖြစ် ပြန်လည်ရေးရတာပါ။

ခုလည်း ဇာတ်လမ်းကောင်းတစ်ပုဒ် ကြေနံရမှာကိုသိရလို့ မရောက် အရောက် လာခဲ့လိုက်ပါတယ်။

ကျွန်တော့်ကိုတွေ့တော့ သူက ဝမ်းသာအားရနဲ့ ...

"လာ ... ဆရာမှိုင်းရေ၊ ဆရာမှိုင်းလာမှာကိုသိလို့ စားစရာတွေနဲ့ အသင့်ကို စောင့်နေတာဗျာ။ လာ ... ထိုင်"

ချမ်းသာပြည့်စုံ ဓမ္မာရုံထဲက စားပွဲပေါ်မှာ မြိန်မာ့ရှိုးရာ စားစရာတွေက စုံလို့ပါဗျာ။ ဘူးသီးကြော်၊ ဘယာကြော်၊ အာလူးကြော်၊ မုန့်ဖက်ထုပ်၊ ကောက်ညှင်းပေါင်း၊ ငါးပုဏ္ဏားကြော်နဲ့ ရေနွေးကြမ်းဖန်ဖန်လေး ...

"မောင်ရှိန် ..."

"ဗျာ ... အဘစိန် ..."

"အဘဦးရွှေတောင်မော် ဘုရားရင်ပြင်မှာ ပုတီးစိပ်နေတယ်။ ပြီးရင် လာခဲ့ပါလို့။ ဒီမှာ စာရေးဆရာ ဦးညိုမှိုင်း ရောက်နေတယ်လို့ ပြောခဲ့"

"ဟုတ်ကဲ့ ... ဆရာစိန်"

မောင်ရှိန်ဆိုသူ ချာတိတ်လေး လှည့်ထွက်သွားတော့ ကျွန်တော်တို့ ရေနွေးကြမ်းနဲ့ စားစရာများစားသောက်ရင်း တွေ့ရာလေးပါးအကြောင်းတွေ ပြောနေကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



"တရုတ်မောင်တင်ထွန်းလည်း မိန်းမယူတော့မလို့ဆို ... ဆရာမှိုင်း၊ ဟုတ်ရဲ့လားဗျာ"

"မိန်းကလေးဘက်က ဖိတ်စာရိုက်ပြီးပြီ ဆရာ။ သူ့ဘက်က ဂါတ်တဲ တိုင်မယ် ဘာညာ လုပ်နေတယ်"

"အံမယ် ... ဒီမောင်တင်ထွန်းက ..."

"ဟုတ်ကဲ့ ခင်ဗျ"

"ဈေးကိုင်လှချည်လားဗျာ။ ဘယ်လိုကြောင့် သူက ရဲစခန်းကိုတိုင်မလို့ လုပ်တာတဲ့တုံးဗျာ။ ရှားရှားပါးပါးပဲ"

"ဒီမင်္ဂလာပွဲက နှစ်ဖက်မိဘ သဘောတူကြတာပဲရှိတယ်။ သူ လုံးဝမယူနိုင်ဘူးတဲ့"

"ကျွန်တော်တို့ ကြားရသလောက်က မိန်းကလေးဘက်က ပါဂျဲရိုးကားသစ်တစ်စီး၊ တိုက်သစ်တစ်လုံးနဲ့ ရောင်စုံပုံနှိပ်စက်တစ်လုံး တင်တောင်းတယ်လို့ကြားတယ်။ အဲဒါ ဒီတရုတ်က ဘာလို့ငြင်းနေရတာတုံးဗျာ။ ကျုပ်နဲ့ တွေ့လိုက်ချင်ပဗျာ။ လုပ်ပါဦး ... ဆရာမှိုင်းရာ၊ ခင်ဗျားလူ မောင်တင်ထွန်းက ဘာလို့ ငြင်းတာတဲ့တုံးဗျ"

"သတို့သမီးလောင်းက ဝ,လို့တဲ့ဆရာ"

"အိုဗျာ ... အဆီတစ်ထပ်၊ အသားတစ်ထပ်မှ စားလို့ကောင်းတာဗျ။ သုံးထပ်သားဆို မျှစ်ချဉ်နဲ့ ရောအုပ်လိုက်ရင် မနက်ကိုးနာရီမှ တစ်ရေးနိုးရောလေဗျာ။ ညှံ့လိုက်တဲ့ တရုတ်ဗျာ။ နေပါဦး ... သူကြိုက်တဲ့ ကောင်မလေးက ဘယ်လောက်ဝ,လို့တုံး"

"ဆရာ ... ရုပ်ရှင်သရုပ်ဆောင် 'ပွင့်' ကို မြင်ဖူးတယ်မဟုတ်လား"

"မြင်ဖူးတယ်လေ။ ဝဝ၊ ခန့်ခန့်၊ ချော့ချော့ကြီး"

"တရုတ်မောင်တင်ထွန်းကို ယူချင်လို့ ဖိတ်စာကြိုရိုက်ထားတဲ့ (ဇနီးလောင်း) အမျိုးသမီးက အဲဒီ 'ပွင့်'ထက် သုံးဆကျော်ကျော်လောက် ဝ,နေလို့ဆရာ"

"ဟော ... တကယ်"





"ကျွန်တော်ကိုယ်တိုင် မြင်ပြီးပါပြီ ဆရာ။ အဲဒီအမျိုးသမီး ထ,ချင်ရင် တစ်အိမ်သားလုံး ဝိုင်းကူပေးရတယ် ဆရာ။ ဆိုက်ကားရော မြင်းလှည်းရော ဘယ်သူမှ သူ့ကို မတင်ကြဘူးဆရာ"

"ဟာ ... ဒါဆို ကျုပ်တို့ **တရုတ်မောင်တင်ထွန်း** ကံကောင်းတာပေါ့ဗျာ"

"ဘယ်လိုလုပ်ပြီး ကံကောင်းရမှာတုံး ... ဆရာစိန်ရယ် ... ဟင်"

"ဘုန်းကြီးငါးပါး အိမ်ဦးခန်းမှာ တရားဟောတဲ့အိပ်မက်ကို နေ့တိုင်းခက်နေရပြီပေါ့ဗျာ။ ဟား ... ဟား ... ဟား ... ဟား"

"အဲဒါ မောင်တင်ထွန်းက သူ့အမေတရုတ်မကြီးကို ပြောသတဲ့"

"ဘယ်လိုပြောတုံး ... မုန့်ဟင်းခါး အချိန်တစ်ရာတဲ့လား"

"မဟုတ်ဘူးဗျ။ သူ့ကို အဲဒီမိန်းမနဲ့ ဖွတ်ပေးစားရင် စမ်းချောင်းက အခုနေတဲ့တိုက်ကို မီးနဲ့ရှို့ပစ်မယ်တဲ့ဗျာ"

"သာဓုပါဗျာ ... သာဓု ... သာဓု ... အင်း ... မောင်တင်ထွန်းဘက်ကကြည့်ရင်လည်း သူ့ခမျာ လူပြည်မှာ အသက်ရှည်ရှည် နေချင်ရှာသေးပေါ့လေ။ ဟုတ်ပါတယ် ... မှန်ပါတယ်။ သုံးထပ်သားတိုင်းလည်း ကောင်းတာမဟုတ်ဘူး။ မိုးခိုသား သွယ်သွယ်ကျစ်ကျစ်၊ တောင့်တောင့်လေးမှ မြိန်မှာကိုးဗျ။ ဟော ... အဘရွှေတောင်မော် ရောက်လာပြီပဲ"

ကျွန်တော်တို့နှစ်ယောက် စကားကောင်း သဘောကျ ရယ်မောနေစဉ်မှာပဲ အသက်(၉၀)ခန့်ရှိသော ခါးကိုင်းကိုင်း၊ အကြောပြိုင်းပြိုင်းနှင့် အဘဦးရွှေတောင်မော်ဆိုသူ ရောက်လာတော့တယ်။

"အဘရွှေတောင် ... ဒါ စာရေးဆရာမောင်ညိုမှိုင်း (သန်လျင်) ပါ"

"ဟုတ်ကဲ့ဗျာ ... ဆရာကြီးရဲ့ ဂမ္ဘီရဝတ္ထုတွေကို ကျုပ် ဖတ်ဖူးတယ်ဗျာ။ တွေ့ချင်နေတာ ကြာပြီဗျ။ အဲဒါ မောင်စိန်လှိုင်နဲ့က အလွန်ရင်းနှီးကြတယ်လို့ ကော်ချဲရောက်တုန်းက ပြောလို့ တွေ့ပါရစေ ... စာရေးဆရာဦးညိုမှိုင်းကို ငါ့ကိုယ်တွေ့တွေ ပြောပြချင်လို့ပါလို့ ပြောနေတာဗျ"



www.burmeseclassic.com

www.burmeseclassic.com



"အခု တွေ့ရပြီပဲ ...အဘရယ်။ အဘ အခု အသက်ဘယ်လောက်ရှိပါပြီတုံးခင်ဗျာ"

"အသက်ကိုးဆယ်ထဲ ရောက်နေပြီဗျ"

"စာဖတ်နိုင်တုန်းပဲနော်"

"ဟုတ်ပါတယ်ဗျာ။ ခုအရွယ်ထိ မျက်မှန်မလိုဘဲ စာဖတ်လို့ရနေတာ ဂုသိုလ်ကံတစ်မျိုးပေပဲ ... စာရေးဆရာ။ ဆရာဦးညိုမှိုင်းရေးတဲ့ ဂန္ထဝင်ဝတ္ထုအတော်များများ ကျုပ်ဖတ်ဖူးတယ်"

"ဘယ်ဝတ္ထုများ ကြိုက်ပါတုံး ... အဘခင်ဗျား"

"အထူးသဖြင့်တော့ 'ဘတိုက်ဝံ့ဦးရာကျော်ပေါ့' ဗျာ။ ပြီး 'ပြည်ကြီးစည်တီးဝင်တဲ့မိုးကြိုး' 'စောရန်နွတ်'၊ 'ရွှေဘုံပြန်လွမ်းအိမ်သစ်'၊ မိစ္ဆာဒိဋ္ဌိမရဏာလမ်းကြမ်း'၊ 'ကြောင်တစ်ရာသက်ပြင်းနဲ့ အင်းတစ်ထောင်မင်းခေါင်' စတဲ့ ဝတ္ထုရှည်တွေကို ကြိုက်တယ်ဗျ"

ဒီမှာပဲ စာရေးဆရာမောင်စိန်လှိုင် (ဥသာ) က ...

"အဘရွှေ ..."

"ပြော ... မောင်စိန်လှိုင်"

"အဘတွေ့ချင်တဲ့ စာရေးဆရာဦးညိုမှိုင်းကို အဘရွှေ တွေ့ရပြီလေ"

"အေးဗျာ ..."

"ကိုင်း ....အဘကိုယ်တွေ့ ဖြစ်ရပ်ဆန်းကြယ်ထဲက ဘယ်အကြောင်းကို ပြောချင်သတုံး။ ပြော ..."

"စာရေးဆရာကြီး ...အချိန်ရော ရပါရဲ့လားခင်ဗျာ"

"ရပါတယ် ...အဘ။ နားထောင်ချင်လို့ တမင်ကို လာခဲ့တာပါခင်ဗျ"

"ဟုတ်ပြီဗျာ ...အဲဒါမှလည်း အေးအေးဆေးဆေးနဲ့ အကျအနပြောချိန်ရတာပေါ့ဗျာ။ ဒါနဲ့ စာရေးဆရာကြီးကို ဦးစွာမေးချင်တာက သိဒ္ဓိဝင်ပစ္စည်းများအကြောင်းများ ယုံပါသလားဆရာ"





"အချို့ကို ယုံပါတယ်အဘ"

"ဘယ်လိုပစ္စည်းမျိုးကို ယုံပါသလဲခင်ဗျာ"

"အံပွားတို့၊ အုန်းအမြုတေတို့၊ တစ်ပွဲထိုး ထုံးမန်းတို့ပေါ့အဘ"

"စာရေးဆရာ မြင်ရော မြင်ဖူး၊ ကြုံရော ကြုံဖူးပါသလားဗျ"

"အုန်းအမြုတေက ကျွန်တော့်အဘိုးကိုယ်တိုင် ရခဲ့တာပါခင်ဗျ။ အံပွားက ကျွန်တော်တို့ဝန်းကျင် သိုင်းဆရာကြီးရဲ့ဖြစ်ရပ်ပါ။ တစ်ပွဲထိုးထုံးမန်းက ကျွန်တော်တို့မြို့က ( ........) ကျောင်းဘုန်းကြီး စီရင်ပေးလို့ ထုံးမန်းကိုမျိုပြီး စမ်းကြည့်ဖူးပါတယ်ခင်ဗျာ"

"ဘယ်လိုနေတုံးဗျ"

"တစ်ကြိမ်စွမ်းပါတယ် အဘ"

"နောက် ဘာများ တွေ့ဖူးသေးတုံးဗျ"

"ကျွန်တော်တို့နေတဲ့ (အရင်အခေါ်) ဟံသာဝတီခရိုင်၊ သုံးခွမြို့နယ်ဘက်မှာ ရှင်ဘုရင်သိန်းမောင်ဆို အတော်နာမည်ကျော်ခဲ့ဖူးပါတယ်အဘ။ သူက လူဆိုးဓားပြကြီးပဲခင်ဗျ။ သို့သော် ဓားပြီး၊ တုတ်ပြီး၊ သေနတ်ပါ ကျည်လွဲတယ်လို့ သိရပါတယ်။ အဲဒီ ရှင်ဘုရင်သိန်းမောင်နဲ့ ကစားဖက်၊ ကျောင်းနေဖက် သက်ကြီးများနဲ့ ကျောက်တန်းမြို့က ရွာတစ်ရွာမှာတွေ့ရင်း မေးကြည့်တော့ ဟုတ်တယ်လို့ ပြောကြပါတယ်ခင်ဗျာ"

"အဲဒီ ရှင်ဘုရင်သိန်းမောင်ကရော ဘယ်လိုသိဒ္ဓိဝင်ပစ္စည်းနဲ့ ကာယသိဒ္ဓိပြီးစွမ်းနေတာတဲ့တုံးဗျာ"

"ခြေလိန်ဘုန်းတော်ကြီးတစ်ပါးက အင်းအတတ်၊ ဆေးအတတ်ကို တတ်သတဲ့အဘရဲ့။ အဲဒါ သူ့တပည့် ဘုန်းကြီးကျောင်းသား မောင်သိန်းမောင်ရဲ့ ဦးခေါင်းပေါ်မှာ (ဆံခံအင်း) ဆိုတာကို စမ်းထိုးကြည့်ရာက နက္ခတ်မိသွားတယ်နဲ့တူရဲ့။ ဆေးစွမ်းသွားလိုက်တာ နောက်ဆုံး ထိန်းလို့မရတဲ့ လူဆိုးသူမိုက်ကြီး ဖြစ်သွားခဲ့တယ်။

အဆုံးတော့ သူ့ဆိုးဒဏ်ကို မခံနိုင်သူများက လက်ရဝိုင်းဖမ်းပြီး ကြိုးတုပ်၊ လည်ပင်းမှာ ခဲလုံးကြီးတွေဆွဲလို့ ပင်လယ်ရေပြင်ထဲမှာ ခဲဆွဲရေနှစ် သတ်ပစ်ခဲ့ရတယ်လို့ သိရပါတယ်ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပေမပေါ့ ...။ မှတ်ထားစာရေးဆရာ၊ ကာယသိဒ္ဓိဝင်ပစ္စည်းအများစုက သူ ကာယသိဒ္ဓိမှာစွမ်းနေရင် လာဘ်က အလိုလိုပိတ်ရော ဗျာ။ အမြှုတေဆို ပိုဆိုးတယ်။ နောက်တစ်ချက် ကိုယ်နဲ့ထိုက်လို့ ကိုယ့် အကြောင်းတရားနဲ့ ကြုံဖန်ပြီး ရကြတာ ... ဆရာရဲ့။

အဲ ... ကိုယ်နဲ့လည်း မထိုက်တန်တော့ဘူး၊ ကိုယ်ကလည်း အကျင့် စာဂသီလ ပျက်ယွင်းလာပြီဆိုရင်လည်း အဲဒီ သိဒ္ဓိဝင်ပစ္စည်းဟာ ဘုန်းသမ္ဘာ လျှော့ရင်လျှော့၊ မလျှော့ရင် သူ့အလိုလို ကိုယ့်ထံပါးကနေ နည်းလမ်းကြံဖန် ပြီး ထွက်သွားရော ... စာရေးဆရာရေ"

✿ ✿ ✿

| ၃ |

❑

အခု ကျုပ်ပြောပြမှာက ကိုယ်တွေ့ကြုံခဲ့ရတဲ့ ကာယသိဒ္ဓိဝင် ပစ္စည်းဆန်းတစ်ခုနဲ့ ဖြစ်ရပ်ဆန်းကြယ်အကြောင်းပဲ စာရေးဆရာ။

ကျုပ်ကာလသားဘဝတုန်းက အင်္ဂလိပ်ပြန်ဝင်ပြီးနောက် မြန်မာ နိုင်ငံ လွတ်လပ်ရေး ရကာစအချိန်ဗျ။

သူ့ကျွန်ဘဝက လွတ်မြောက်လို့ တစ်နိုင်ငံလုံး အပျော်ကြီး ပျော် နေသည့်အချိန်။ မြို့တိုင်းရပ်တိုင်း ရွာတိုင်းမှာ လွတ်လပ်ရေးပွဲသဘင် ခြိမ့်ခြိမ့် သဲသဲ ကျင်းပနေချိန်ပေါ့။

ကျုပ်က ပြည်ရွှေတောင်သားစစ်စစ်ဗျ။

ရွှေတောင်မြို့မှာ အင်္ဂလိပ်ခေတ် မိဘများစစ်ပြေးရင်း မွေးလို့ မောင်ရွှေတောင်မော်လို့ အမည်ပေးခဲ့တာ။

ကျုပ် အသက်(၂၀)မှာပဲ မိဘနှစ်ပါးဟာ ဝမ်းရောဂါနဲ့ ဆုံးပါးသွား တယ်။ ကျုပ်တောင် ကံကောင်းလို့ ပြန်ရှင်လာတာ။ သေပြီဆိုပြီး နေ့ချင်း မြန်နဲ့သဂြိုဟ်ဖို့ ကပ်နဲ့ သချိုင်းသွားမြှုပ်ကြတာ။ မြှုပ်ခါနီးမှ ပြန်ရှင်လို့ နေ့ခင်း ဆော့ မောင်သက်ပြင်းလို့တောင် ခေါ်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ ဘကြီးဆေးဆရာကြီး ဦးရတနာပုံက ကုပေးလို့ အသက်ရှင်ခဲ့ရတယ်။ မိဘများချန်ရစ်ခဲ့တဲ့ သစ်သားအုတ်ခံအိမ်ကြီးမှာ ကျွန်တော်ဆေးဆရာဘကြီးနဲ့ အတူနေခဲ့ကြတယ်။

တစ်နေ့လည်းကျရော ထူးဆန်းတဲ့ဖြစ်ရပ်ကို ကြုံရပါရော ... စာရေးဆရာရေ။

ကျုပ်က အဲဒီအချိန်တုန်းက အုန်းသီးတွေ လိုက်ဝယ်၊ အခြောက်ခံ။ ပြီးရင် အုန်းသီးဆံလုပ်တဲ့လုပ်ငန်း၊ မှန့်လုပ်တဲ့လုပ်ငန်း၊ အုန်းဆံကြိုးလုပ်တဲ့ အလုပ်ရုံများကို အုန်းသီးသွင်းတဲ့အလုပ်ကို လုပ်တယ်ဗျ။

တပည့်နှစ်ယောက်အကူအညီနဲ့ ရောင်းမည့်အိမ်က အုန်းသီးကို ခူးခိုင်းပြီးရင် လက်တွန်းလှည်းနဲ့သယ်၊ အိမ်အောက်ထပ် သမံတလင်းပေါ်မှာ ဖြန့်ခင်းကျင်းပြီး စုပုံထားလေ့ရှိတယ်။

ရင့်သားခြောက်သားရမှ အလုံး တစ်ရာ၊ နှစ်ရာ သွားသွင်း၊ ငွေရှင်း။ အလုပ်သမားလည်း ပေးပေါ့။

အဲဒီလို ကိုယ်ပိုင်စီးပွားရေးလေး လုပ်နေချိန်မှာ ကျုပ်ရဲ့ဘကြီးဆေးဆရာကြီးဦးရတနာပုံလည်း ရဟန်းဘဝကို ဝင်သွားပြီဗျာ။

ကျုပ်အိမ်ကြီးမှာ ကျုပ်တစ်ယောက်တည်းပေါ့။

ဇနီးမယားကလည်း မရှိဘူး။ အချို့က ကျုပ်လုပ်ငန်းလေး သဘောကျပြီး မိန်းမပေးစားဖို့ လာစပ်ကြတယ်။

တစ်ယောက်မှ ကျုပ် မကြိုက်ဘူးဗျာ။

ဝဝကြီးတွေရော၊ ခါးတုတ်တုတ်ကြီးတွေရော၊ ပိန်ပိန်ရှည်ရှည်၊ ပုပုကွကွ၊ သွားခေါ်ခေါ်၊ နှာခေါင်းပွပွ၊ ပါးစပ်ပြဲပြဲတွေ။ ကျုပ်မကြိုက်ဘူး။ ငြင်းပယ်ပစ်ပြီး စီးပွားရေးမှာပဲ အာရုံစိုက်ခဲ့လိုက်တယ်။

တစ်ညလည်းကျရော ...

အောက်ထပ် အုန်းသီးများ ခင်းကျင်းသည့်နေရာကနေ တခွပ်ခွပ်နဲ့ အသံများ ကြားရပါရောဗျာ။

"ခွပ် ... ခွပ် ..."

"ခွပ် ခွပ် ... ခွပ် ခွပ် ..."

---

စိတ်ကူးသစ်စာပေ



"အလို ... ဘာသံပါလိမ့်"

နားစွင့်နေတုန်းမှာပဲ တခွပ်ခွပ်အသံက ရပ်လိုက်၊ နားလိုက်၊ ပြန်မြည်လိုက် ဖြစ်နေတယ်။

ဒါနဲ့ မီးခွက်ကြီးထွန်းပြီး အပေါ်ထပ်ကနေ အောက်ကိုဆင်းကြည့်လိုက်ရော အုန်းသီးအချို့ ဖရိုဖရဲဖြစ်နေတာကိုပဲ မြင်လိုက်ရတယ်။

ညနေတုန်းက အုန်းသီးက ဒီလို ဖရိုဖရဲမဟုတ်ဘူး။

ဒါနဲ့ အိမ်အပေါ်ထပ်ပြန်တယ်။ ပြန်အိပ်။ အလို ... အိပ်ပျော်ကာစရှိသေးတယ်။ အောက်ခန်းကနေ တခွပ်ခွပ်အသံ ကြားပြန်ပါရောဗျို့။ အသံအနေအထားက အုန်းသီးချင်း တစ်လုံးနဲ့တစ်လုံး ထိမိရိုက်မိလို့ မြည်တဲ့အသံမျိုးဗျ။

ရပ်လိုက်၊ ထိခတ်သံကြားလိုက် ရပ်နေလိုက်။

ပြောရရင် အဲဒီ တဂွပ်ဂွပ် တခွပ်ခွပ်အသံကြောင့် အိပ်လို့မရဘူး။ ဒါနဲ့ ဘာဖြစ်လို့ မြည်နေပါလိမ့်ဆိုပြီး နောက်တစ်ကြိမ် ပြန်ဆင်းလို့ ကြည့်တယ်။

ကျုပ်လည်းဆင်းရော တဂွပ်ဂွပ်အသံ မကြားရတော့ဘူး။

သို့သော် အုပ်းသီးတွေကတော့ ဖရိုဖရဲပဲ။

ခက်တာက နေ့ခင်းကျရင် အဲဒီထိခတ်သံကို မကြားရဘူး။ ညအိပ်ချိန်ရောက်မှ အုန်းသီးချင်းထိခတ်လို့ မြည်တဲ့အသံကို ကြားရတာ။

ဒါနဲ့ ဒုတိယမြောက်ညမှာ ...

တဂွပ်ဂွပ်အသံ ပြန်ကြားရလို့ မီးထွန်းပြီး အောက်ကိုဆင်းကြည့်ရော အုန်းသီးနှစ်လုံး လှုပ်နေတာကို မြင်ရပါရောဗျာ။

ခဏကြာတော့ အုန်းသီးနှစ်လုံး ငြိမ်သွားရော။

မဟုတ်မှလွဲရော ကြွက်ကြီးတွေများ ဝင်ကိုက်လို့လား။ ဒါမှမဟုတ် ကြွက်ကို ကြောင်လိုက်လို့များ အုန်းသီးချင်း ထိခတ်မြည်နေရော့လား၊

တစ်ခုမဟုတ်တစ်ခုလို့ ယူဆပြီး ပြန်တက်တုန်းရှိသေး ...

အိပ်ရာပေါ် ခေါင်းချမလို့ ပြင်တုန်းရှိသေး ...

"ဂွပ် ခွပ် ... ဂွပ် ခွပ် ... ခွပ် ခွပ် ..."

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟ . . . ဘယ်လိုများ ဖြစ်နေလို့တုံးဟ"

"သရဲများ ခြောက်နေရော့လား"

"ဟော့ . . . ဘယ်သူ တဂွပ်ဂွပ် လုပ်နေတာလဲကွ ဟင်။ ငါ့ကို ဘာကောင်ထင်နေလို့ လုပ်ပြနေတာတုံး။ ငါက သရဲတို့၊ တစ္ဆေတို့ ကြောက်တဲ့ကောင် မဟုတ်ဘူး။ ဒီတစ်ခါ တဂွပ်ဂွပ်လုပ်လို့ကတော့ အကုန် ရဲတင်းနဲ့ ခုတ်ပစ်မယ်။ မြည့်ရဲ မြည်ကြည့်စမ်း"

ကျုပ်က အုန်းသီးပုံပြန့်ကြီးကို ကြည့်ပြီး စိတ်တိုတိုနဲ့ ကြိမ်းဝါး လိုက်တယ်။ သည့်နောက် အိပ်ရာပေါ်ပြန်လာပြီး အိပ်ပစ်လိုက်တယ်။

ကြိမ်းဝါးပစ်လိုက်လို့လား မသိဘူး။

တဂွပ်ဂွပ် တခွပ်ခွပ်အသံ မမြည်တော့ဘူး။

ကျုပ် နှစ်ခြိုက်စွာ အိပ်ပျော်သွားခဲ့တယ်။

"ဟော့ကောင် . . . ဟော့ကောင်"

"ဟော့ကောင် . . . ထ . . . ထ . . . မြန်မြန်ထ"

လှုပ်နှိုးနေသလို၊ နားဝကပ်ခေါ်နေသလိုမျိုးရှိလို့ ကြည့်လိုက်ရော ဟိုက် . . . မြတ်စွာဘုရား ကယ်တော်မူပါဘုရား။

တွေ့လိုက်ရတာက လူမဟုတ်ဘူး၊ သရဲမဟုတ်ဘူး။

ဘီလူး . . .

ဘီလူးမှ နည်းတဲ့ကောင်ကြီးလားဗျာ။ ခေါင်းမှာ အချွန်အကောက် ကြီးနဲ့။ အစွယ်ကလည်း ပါးစပ်အပြင်ကို ကန်ထွက်လို့။

လက်ထဲမှာသည်း သန်လျက်ကြီးနဲ့။

အမွေးအမှင် ကြမ်းကြမ်းတွေက လက်ပေါ်နဲ့ ခြေသလုံးပေါ်မှာ ပိန်းလို့။ ကျုပ်လည်းလန့်သွားပြီး ဘာလုပ်ရမှန်းမသိဘူး။

"ခုနတုန်းက ကြိမ်းဝါးတာ သင်လား"

"ဗျာ . . ."

ဘီလူးက သန်လျက်ကို ထမ်းရင်းက အသံဟိန်းဟိန်းကြီးနဲ့ ကျုပ် ကိုကြည့်ပြီး မေးနေတာ။ လက်ထဲ သန်လျက်ကလည်း အရောင်တဝင်းဝင်း တလက်လက်နဲ့။





"ခုနတုန်းက ကြိမ်းဝါးနေတာ သင်လား"

ဘီလူးကြီးက လက်ထဲကသန်လျက်နဲ့ တန်းထိုးပြီးမေးတော့ ကျုပ် လည်း ကြောက်ကြောက်လန့်လန့်နဲ့ ပြောလိုက်တယ်။

"ဟုတ် . . . ဟုတ် . . . ပါတယ်"

"ဘာဖြစ်လို့ ကြိမ်းဝါးတာတုံး"

"တဂွပ်ဂွပ်နဲ့ အိပ်မရလို့ပါ။ သရဲတစ္ဆေခြောက်နေ မှတ်လို့ပါ"

"အဲဒါ ဘယ်သူလုပ်နေတာလဲ သိလား"

"ဟင့်အင်း . . . မ . . . မ . . . သိ . . . ပါ . . . ဘူးဗျာ"

"အဲဒါ ကျုပ်ပဲ၊ ကျုပ်ပဲ။ အခု ကျုပ် သင့်အိမ်ထဲကို ရောက်နေပြီ။ ကျုပ်ကို ကောင်းကောင်းမွန်မွန် စောင့်ရှောက်ပေးပါ။ ကျုပ်ကလည်း သင့်ကို အန္တရာယ်မရှိ မဖြစ်ရအောင် ပြန်စောင့်ရှောက်မယ်။ နားလည်ရဲ့ လား"

"ဟုတ် . . . ဟုတ် . . . ကဲ့ . . . ပါ . . . ဗျာ . . . ဗျာ . . ."

ကြောက်လွန်းလို့သာ ဟုတ်ကဲ့လိုက်ရတာ ဘာမှန်းနားမလည်ဘူး။ အဲဒီလို ဟုတ်ကဲ့ပါလို့ပြောလိုက်ရော။ သန်လျက်ထမ်း ဘီလူးကြီးဟာ ဝုန်း ခနဲ ပျောက်ကွယ်သွားပါရောဗျာ။

အဲဒီမှာ ကျုပ် အိပ်ရာက လန့်နိုးတော့တာပဲ။

ကျုပ်တစ်ကိုယ်လုံးလည်း ချွေးတွေရွှဲနစ်လို့။

ကျုပ် အိပ်မက်ကြမ်း၊ အိပ်မက်ဆန်းကြီးကို ပြန်စဉ်းစားကြည့် တယ်။ အလွန်ကြောက်စရာကောင်းပြီး ကြမ်းကြုတ်တဲ့ဘီလူး။

"ခုနတုန်းက ကြိမ်းဝါးတာ သင်လားတဲ့"

"ကျုပ်ကို ကောင်းကောင်းမွန်မွန် စောင့်ရှောက်ပေးပါ"

"ကျုပ်ကလည်း သင့်ကို အန္တရာယ်မရှိ မဖြစ်ရအောင် ပြန်စောင့် ရှောက်မယ်"

အို . . . ဆန်းကြယ်လိုက်တဲ့ အိပ်မက်။

ဒီအချိန်မှာပဲ အိမ်အောက် အုန်းသီးများထားတဲ့နေရာက တဂွပ်ဂွပ် တခွပ်ခွပ် အုန်းသီးချင်း ထိခတ်နေတဲ့အသံ ခပ်ကျယ်ကျယ်ကို ကြားလိုက်ရ လို့ . . .



www.burmeseclassic.com

www.burmeseclassic.com



မီးခွက်ထွန်းပြီး အောက်ထပ်ကို ဆင်းကြည့်လိုက်တယ်။

ဒီမှာ အုန်းသီးခြောက်တစ်လုံးနဲ့ အုန်းသီးစိမ်းတစ်လုံး ခေါင်းချင်းဆိုင်တိုက်မိပြီး လှုပ်နေတာကို မြင်လိုက်ရရော …

အနီးဝန်းကျင်ကို မျက်စိကစားလိုက်တယ်။

ကြောင်လည်း မရှိဘူး။ ကြွက်လည်း မရှိဘူး။

ခွေးလည်း တစ်ကောင်မှ မရှိဘူး။ သူတို့ကြောင့် ထိခတ်လှုပ်တာ မဟုတ်မှန်း ကျိန်းသေတယ်။

ဒါနဲ့ ထူးခြားနေတဲ့ အုန်းသီးနှစ်လုံးကို ဖယ်ထုတ်လိုက်ပြီး တစ်နေရာမှာ သီးသန့်ထားလိုက်တယ်။ မိုးလင်းတာနဲ့ ကျုပ် အိပ်ရာကထတော့ အုန်းသီးနှစ်လုံး ထိခတ်ရိုက်မိတဲ့အသံကို ကြားနေတုန်းပဲ။

ဒါနဲ့ မိုးလင်း အိပ်ရာထ၊ မျက်နှာလည်း သစ်ပြီးရော တစ်ညလုံး တဂွပ်ဂွပ်နဲ့ အသံမြည် ဒုက္ခပေးနေတဲ့ အုန်းသီးနှစ်လုံးအနက်က အုန်းသီးအခွံစိမ်းကို အရင်အခွံချွတ်ပြီး ဓားနဲ့ ထက်ခြမ်းခွဲလိုက်တယ်။

အံ့ဩစရာ ကောင်းတယ်ဗျာ။

အုန်းသီးအခွံပဲရှိတယ်။ အသား လုံးဝမရှိဘူး။ အရည် လုံးဝမရှိဘူး။ သေသေချာချာကြည့်လိုက်တော့ အုန်းသီးခွံအတွင်းဘက်မှာ အင်းကွက်လိုလို၊ စမလိုလို အက္ခရာမျိုးတွေ ပေါ်နေတာကို ထူးဆန်းစွာ မြင်လိုက်ရတယ်ဗျာ။

ဒါနဲ့ အခွံခြောက်နေတဲ့ အုန်းသီးခြောက်ကို အခွံချွတ်လိုက်ပြီး ဓားနဲ့ခွဲလိုက်တော့ ဒုန်းရေတွေ ကျလာတယ်။

ဘုရားရေ …

အုန်းရေက အုန်းရေနဲ့မတူဘဲ သွေးတွေလို ရဲရဲနီနေတဲ့(ပန်းဆီ) အရည်လို အရည်တွေကျလာတာ မြင်ရပါရောဗျို့။

ဒါနဲ့ သွေးရည်လို နီနီရဲရဲအရည်များ ကုန်ရော၊ အုန်းသီးကို ထက်ခြမ်းခွဲလိုက်တာ။

“ဒေါက် …”

“ဟင် … ဘာလဲဟ”





အုန်းခြမ်းနှစ်ခုကြားကနေ ပစ္စည်းတစ်ခု ဒေါက်ခနဲ အခင်းသံ တလင်းပေါ်ကျလာလို့ ကောက်ယူကြည့်လိုက်ရော …

အို …

အလိုလေးလေ …

အံ့မွှယ်သရဲပါကလား။ ကျုပ် ကောက်ကြည့်လိုက်တဲ့ပစ္စည်းက လက်သန်းများတစ်ဆစ်လောက်ရှိတဲ့ ကြေးဘီလူးရုပ်တုလေးဗျာ။ ဘီလူးရုပ်တုက သန်လျက်ကို ညာလက်နဲ့မြှောက်ပြီး ကာနေတဲ့ပုံဗျ။

လက်ရာကလည်း မြောက်လိုက်တာ။ မျက်လုံး၊ မျက်ခုံး၊ နှာခေါင်း၊ ပါးစပ်၊ အစွယ်၊ မေးစေ့၊ ဘီလူးအုပ်ဆောင်း အားလုံး ပီပြင်တယ်ဗျာ။

ရင်ဘတ်က မောက်ပြီး ရင်ရှေ့မှာ သန်လျက်ကို ကိုင်းလွှားကာသလို တာထားသည့်ဟန်ဗျ။ မျက်နှာထားဟန်ကလည်း အပြည့်ပဲ။

ကျုပ် … အံ့ဩလွန်းလို့ပါ။

အုန်းသီးထဲကနေ ခွဲလို့ကျလာတဲ့ ဘီလူးရုပ်တု။

အုန်းအမြုတေ မဟုတ်ဘူး။

အုန်းသီးအခွံအတွင်းကို ဒီကြေးဘီလူးရုပ်တု ဘယ်လိုရောက်နေလည်း ကျုပ် အမျိုးမျိုး စဉ်းစားတယ်။ စဉ်းစားလို့မရဘူး။ ဆရာကြီးတို့ရော စဉ်းစားလို့ ရလားဗျာဟင်။

“သွေးနံ့နံနေလား အဘ”

“မနံဘူးဗျ”

“အပုပ်နံ့ရော နံလားအဘ”

“အပုပ်နံ့လည်း မနံဘူးခင်ဗျ”

“နောက်ရော ဘယ်လိုထူးခြားလဲ … အဘရှေ့တောင်”

ဒီပစ္စည်းအကြောင်း ဘယ်သူ့မှလည်း မပြရဲဘူး။ မပြောရဲဘူး။ ဒါက ဘယ်လိုအကျိုးပေးမှာလဲ ကျုပ်လည်း နားမလည်ဘူးလေ။

ဘယ်သူ့ကို ပြောဆိုတိုင်ပင်ရင် ကောင်းမလဲလို့ စဉ်းစားလိုက်တော့ သက်နီးဝတ်နေတဲ့ ဘကြီးဆေးဆရာ ဦးရတနာပုံကို ပြေးသတိရလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ ဘကြီးဦးဇင်း ရတနာပုံသီတင်းသုံးနေတဲ့ ပြည်မြို့က မင်းကြီးတောင်ဘုန်းကြီးကျောင်းကို သွားပြီး ဘဘုန်းကို ပြလိုက်ရော။

ဘဘုန်းက ထူးဆန်းလှတဲ့ ကြေးဘီလူးရုပ်လေးကို ညာလက်ဝါးနဲ့ ဆုပ်ကိုင်လိုက်ပြီး လေထဲမှာ လက်ကိုဆန့်တန်းလို့ အာရုံအတန်ကြာ ပြုနေလိုက်တယ်။

အဲဒီအချိန်မှာ ဘီလူးရုပ်ဆုပ်ထားတဲ့ ဘဘုန်းရဲ့ ညာလက်ဟာ တုန်ခါနေတယ်။ ဘဘုန်းကလည်း ခေါင်းတညိတ်ညိတ်လုပ်နေတယ်။

''မောင်ရွှေတောင်''

''ဘုရား ... ဘဘုန်း''

''ရော့ ... ကောင်းကောင်းမွန်မွန် ဆောင်ထား။ ဒီရုပ်တုဟာ မင်းရဲ့ဘဝကို အကာအကွယ် စောင့်ရှောက်မှုပေးလိမ့်မယ်''

''ဒါ ... ဒါ ... ဘာရုပ်တုလို့ ခေါ်သလဲ ... ဘဘုန်းဘုရား''

''ဒါ ... အာဠာဝကဘီလူးရုပ်တု''

''ဗျာ ... အာဠာဝကဘီလူးရုပ်တု''

''မင်းနဲ့ကြုံက်လို့ မင်းရတာ။ အုန်းသီးအလုံးတစ်သန်းကို ခွဲရင် အုန်းအမြုတေတစ်ခု ပါရင်ပါမယ်။ ဒီလို အာဠာဝကကြေးရုပ်တု တစ်ခုပါဖို့ လုံးဝမမျှော်လင့်နဲ့။ မင်းနဲ့ အကျိုးပေးချိန်ထိုက်လို့ရတာ။ သူများလည်း သွားမရောင်းစားနဲ့။ နားလည်လား ... ရွှေတောင်''

''ဟုတ်ကဲ့ ... ဘဘုန်း''

ကျုပ်လည်း ဘာပဲဖြစ်ဖြစ် ဖြစ်ရပ်ဆန်းကြယ်ရလာတဲ့ အာဠာဝကဘီလူးရုပ် လက်သန်းတစ်ဆစ်ခန့်၊ ခဲတံလုံးခန့် (လက်တစ်ဆစ်) လေးကို ပြောင်ဝင်းသွားအောင် တိုက်လိုက်ရော ရွှေရုပ်ကလေးလား ထင်မှတ်ရတယ် စာရေးဆရာရေ။

✿ ✿ ✿

# [ ၄ ]

❑

အဲဒီ အာဠာဝကကြေးဘီလူးရုပ်လေးကို လက်ကိုင်ပဝါအဖျားမှာ ထုပ်ချည်ပြီး ကိုယ်နှင့်မကွာ ဆောင်ထားလိုက်တယ်။

တစ်နေ့လည်းကျရော ကြေးဘီလူးရုပ်တုလေးရဲ့ အကျိုးပေးချက်ကို ကြုံရပါဗျာ။

ကျုပ်တို့ နယ်မြို့တစ်မြို့ကို အုန်းသီးသွားပို့တာရယ်၊ ကားသမားကလည်း အရှိန်ပြင်းပြင်းနဲ့ မောင်းနေတာ။

''ဟေ့လူ ... ကိုကျော်ခဲ၊ အရှိန်လျှော့မောင်းပါဗျာ''

''ဒီလမ်းက ကျုပ်နေ့တိုင်း မောင်းနေကျပါဗျာ၊ မပူစမ်းပါနဲ့ ... ကိုရွှေတောင်ရာ''

ဘာကြာလဲဗျာ ... ရွှေနတ်တောင်အကွေ့နားမှာ ရှေ့ကလာတဲ့ တားကိုရှောင်တာ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးက ရောမသစ်ပင်ကြီး ခင်တိုက်လိုက်တာ ...

ကားခေါင်း ကြေမွချိုင့်ဝင်သွားတယ်။ ကားမောင်းတဲ့ ကိုကျော်ခဲလည်း ကားစတီယာတိုင်နဲ့ညပ်ပြီး လျှာတန်းလန်းနဲ့ ပွဲချင်းပြီး သေသွားတယ်။ အုန်းကျိုင်းအသံကြားပြီးနောက် ကျုပ်လည်း ကားပေါ်ကနေလွင့်စင်ပြီး ထွက်



www.burmeseclassic.com

www.burmeseclassic.com



သွားတော့။ ဒါတော့ သေပြီဟလို့ မှတ်ပြီး ဘုရားတလိုက်တုန်းမှာပဲ။

ကျုပ်ကိုယ်လုံးကို တစ်စုံတစ်ယောက်က လက်နဲ့ထိုးပွေ့လိုက်သလို ခံစားလိုက်ရပြီး ကျုပ် မြေပျော့ပျော့ပေါ်ကို ဘုတ်ခနဲ ကျသွားတယ်။

ပွန်းပဲ့တဲ့ဒဏ်ရာတောင် မရခဲ့ဘူး။

အဲဒီတုန်းက တစ်ခါ။

နောက်တစ်ခါက အုန်းသီးဖိုးငွေတွေယူပြီး ပြန်လာတာ၊ နည်းနည်းလည်း မှောင်နေပါပြီဗျာ။

ကျုပ်တို့ အိမ်အဝင်လမ်းက မီးမရှိဘူး။ သွားနေကျ၊ လာနေကျကတော့ လမ်းမှားစရာ၊ ခလုတ်တိုက်စရာ မရှိပါဘူးဗျာ။

အရေးကြီးတာ မြွေပဲ။

မြွေဆိုးကို နင်းမိရင်တော့ ကိုက်ခံရမှာပဲ သေမှာပဲ။

ဒီနေ့ရလာတဲ့ အုန်းသီးငွေက အတော်များတယ်။ အဲဒါ မြွေကို အမိက သတိထားငုံ့ကြည့်ပြီး လာနေတုန်းမှာပဲ ...

"ဖောင်း ..."

"အား ..."

"ဖြောင်း ..."

"အား ..."

ကျုပ်ခေါင်းကို မှောင်ရိပ်ကွယ်ကနေ တုတ်လိုအရာမျိုးနဲ့ ရိုက်လိုက်တာ။ နှစ်ချက်ဆင့်ပြီး ရိုက်လိုက်တာဗျာ၊ ကျုပ် ရှေ့ကို စိုက်ထိုးလဲကျသွားတယ်။

မျက်နှာနဲ့ မြေကြီးနဲ့အပ်ပြီး ပါးစပ်ထဲကို သဲနဲ့မြေကြီးတွေ ဝင်ကုန်လို့ ထွေးထုတ်နေတုန်းရှိသေးဗျာ ...

"ဖောင်း ..."

"အား ... မလေးဗျ"

"ခွပ် ..."

"အား ..."

"ဗုန်း ... ခွမ်း ..."

စိတ်ကူးသစ်စာပေ



"အား ... သေပါပြီဗျ။ ပြေး ... ပြေး ... ပြေး ... ဟော့ ... အား ..."

အပြန်အလှန် ရိုက်ကြ၊ ချကြသံကို မှောင်ထဲမှာ ကြားနေရတယ်။

"အားအင့် ... အမယ်လေးဗျ" အော်သံလည်း ကြားရတယ်။

ရိုက်သံ၊ နှက်သံ၊ အော်သံတွေ ကြားရတော့ လမ်းထဲက အိမ်တွေက မီးတုတ်၊ မီးတိုင်၊ လက်နှိပ်မီးများနဲ့ ထိုးကြည့်ပြေးလာကြတယ်။

"ဟာ ... ကိုရွှေတောင်ပါလား"

"ဗျို့ ... ကိုရွှေတောင် ဘယ်လိုဖြစ်ရတာတုံးဗျာ"

ဒါနဲ့ ကျုပ်က မှောင်ထဲမှာ ချောင်းအရိုက်ခံရတဲ့အကြောင်း ပြောလိုက်တော့ သူတို့က မီးတုတ်တွေနဲ့ လိုက်ရှာကြရော။

ယောက်ျားစီး၊ ပိန်းတန်းဖိနပ် အဟောင်းနှစ်ရံကို ဟိုနားတစ်ဖက်၊ ဒီနားတစ်ဖက် တွေ့ရသလို ...

ဝါးရင်းတုတ်တစ်ချောင်းနဲ့ နှစ်တစ်လက်မ သစ်သားတုတ်တစ်ချောင်းကိုလည်း တွေ့လိုက်ရတယ်။ တရားခံကိုတော့ မမိလိုက်ဘူး။

"ခင်ဗျားကို ရိုက်တဲ့လူတွေ ပြေးပြီဗျ"

"ဟုတ်တယ်။ ကျုပ်အရိုက်ခံရလို့ မှောက်လဲနေတုန်း တဘုန်းဘုန်း ဒိုင်းဒိုင်းအသံတွေ ကြားရတယ်။ နာနာကျင်ကျင် အော်သံတွေလည်း ကြားရတယ်"

"ဟုတ်တယ် ...။ အော်သံကြားလို့ ကျုပ်တို့ထွက်လာတော့ ပြေးသွားတဲ့အသံပဲ ကြားရတော့တယ်။ နေပါဦး ... ကိုရွှေတောင်မော်ရာ၊ ခင်ဗျားဘက်က ဝင်ရောက်ကူညီသွားတာ ဘယ်သူတွေလဲ ဟင်"

"ကျွန်တော်လည်း မမြင်လိုက်ဘူးဗျ။ ခေါင်းကို နောက်ကနေ နှစ်ချက်ဆင့်အရိုက်ခံလိုက်ရပြီး မြေကြီးပေါ်မှောက်နေတုန်း အသံပဲ ကြားလိုက်တာ။ မှောင်နေတော့ ဘယ်သူမှန်းလည်း မသိပါဘူးဗျာ။ ကျေးဇူးတော့ တင်ရမှာပဲဗျ။ နို့မို့ ... အုန်းသီးရောင်းရတဲ့ငွေ အကုန်ပါသွားမှာဗျ ... ကိုတင့်ထူးရ"

"ကိုရွှေတောင်မော် ...."

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ... ကိုတင့်ထူး"

"အရိုက်ခံရတဲ့ ခင်ဗျားဦးခေါင်းရော၊ ကွဲပြဲသွားသလား ကြည့်ဦး"

ဒါနဲ့ ဦးခေါင်းဆံပင်ကြားမှာ လက်ငါးချောင်းထိုးလို့ စမ်းလိုက်တော့ တော်သေးတယ်ဗျာ၊ ဘာမှမဖြစ်ဘူး။ ဖုလည်း မဖု၊ ကွဲလည်း မကွဲဘူး။

"ဒဏ်ရာမရှိဘူး ... ကိုတင့်ထူးရေ ကံကောင်းလို့ဗျ"

"ကိုင်း ... ကိုင်း ... အိမ်ကိုရောက်အောင် ပြန်ဗျာ။ ခေတ်ကာလကြီးက မကောင်းဘူး ... ကိုရွှေတောင်မော်။ နောင်ကို သွားတာလာတာ မရှမှောင်စေနဲ့ဗျို့"

ကျုပ် လာရောက်ကူညီအားပေးကြတဲ့ ရပ်ကွက်ထဲ၊ လမ်းထဲက လူတွေကို ကျေးဇူးတင်စကားပြောပြီး အိမ်ကို ပြန်လာခဲ့လိုက်တယ်။

ရေမိုးချိုး၊ စားသောက်ပြီးလို့ အိပ်ရာထဲဝင်တော့ စဉ်းစားကြည့်တယ်။ အရိုက်ခံရတာမှ လူကိုမှောက်ပြီးမထနိုင်ဘူး။ အဲဒီရိုက်ချက်က ပြင်းမှန်း ကျုပ်သိတယ်။ ဒါပေမင့် ကျုပ် ဘာမှမဖြစ်ခဲ့တာကို အံ့ဩလို့မဆုံးဘူး။

ဒီမှာပဲ ကျုပ်အကျႌအိတ်ထဲက ပစ္စည်းလေးကို သွားသတိရလိုက်တယ်။ အာဠာဝက ကြေးဘီလူးရုပ်တုလေး။ အုန်းသီးထဲကရတဲ့ ဂမ္ဘီရပစ္စည်းလေး။ ဒီဂမ္ဘီရပစ္စည်းရဲ့အစွမ်းကြောင့် မကွဲတာလား။

နောက်နေ့မိုးလင်းတော့ နားလည်တဲ့လူတွေကို မေးကြည့်တယ်။

"ဘကြီးညို"

"ဘာတုံး ... မောင်ရွှေတောင်"

"အာဠာဝကထိုးဆေးတို့၊ အရုပ်တို့က ဘာစွမ်းလည်းဟင် ... ဘညို"

"တို့မြန်မာ အင်း၊ အိုင်၊ ခါးလှဲ့၊ လက်ဖွဲ့၊ မန္တရား ပညာရပ်မှာ အာဠာဝကဆေးထိုးတာ၊ အရုပ်ထိုးတာရှိတယ်။ ကာယသိဒ္ဓိ အစီအရင်ဆေးလို့ ခေါ်တယ်။ လူတိုင်းထိုးလို့ စွမ်းချင်မှစွမ်းတယ်။ သို့သော် နက္ခတ်လည်းကြုံမယ်၊ ဆရာကလည်း အာစလျှာစ၊ သမာဓိကောင်းမယ်၊ အထိုးခံတဲ့ရှင်ကလည်း စည်းကမ်းများကို လိုက်နာမယ်ဆိုရင် ဆေးစွမ်းရောကွယ်။





အာဠာဝကဆေး၊ အဆောင်၊ အစီအရင် စွမ်းပြီဆိုရင် ထိမကွဲ၊ ထိုးမကွဲ၊ ကျည်လွဲ၊ ခုန်ပျံကျော်လွှား အားလုံးရတယ်။ အာဠာဝက ဆေးထိုးသူ၊ အရုပ်ထိုးသူ၊ အဆောင်ရှိသူဟာ အရက်သေစာ မသောက်စားရဘူး။ ထင်ရှိမယားကို မပြစ်မှားရဘူး။ ဘုရား၊ တရား၊ သံဃာ မစော်ကားရဘူး။ အဲဒီစည်းပေါက်ရင် ကာယသိဒ္ဓိအစွမ်း ပျောက်ရော။ အစောင့်အရှောက်တွေကလည်း ဖယ်ကြဉ်သွားရော။

ဟုတ်ပြီဗျာ။ ကျုပ်အိတ်ထဲမှာ အမြဲလက်ကိုင်ပဝါနဲ့ တုပ်ချည်ပြီး ဆောင်ထားတဲ့ ဂမ္ဘီရကြေးအာဠာဝက ဘီလူးရုပ်လေးက ကျုပ်ကို စောင့်ရှောက်လို့နေမှာပဲဗျ။

ဟုတ်တယ်လေ ... ကျုပ် နဂိုက 'ပိး' တဲ့လူမှ မဟုတ်ဘဲကိုး။

ဟော ... တစ်နေ့မှာ အံ့ဖွယ်ဖြစ်ရပ်ကို ကြုံရပြန်ပါရောဗျာ။

ကျုပ်က လမ်းသွားရင် စဉ်းစားတွေးပြီးသွားတာ များတယ်ကိုး။ အဲကြောင့် တစ်ခါတစ်ခါ ကိုယ့်ပတ်ဝန်းကျင် ဘာဖြစ်နေမှန်း ကျုပ် သတိမပြုမိဘူး။

တစ်နေ့ ခေါင်းငုံ့စဉ်းစား လျှောက်သွားနေတုန်း ...

"အစ်ကို ... နောက်မှာ ... ကား ... ကား ... ဘရိတ်ပေါက်လာနေတယ်"

"ဟေ့လူ ... ရှောင် ... ရှောင် ... မြန်မြန်ရှောင်"

"ဟဲ့ ... ဟဲ့ ... ကားဘရိတ်ပေါက်လာတယ်ဟဲ့"

"အစ်ကို ... ရှောင် ... ရှောင် ..."

မိန်းကလေးတစ်ဦးက ကျုပ်ကို လှမ်းအော်သတိပေးလိုက်တာ။ အဲဒီမှာ အသိဝင်လာလို့ နောက်ပြန်လှည့်ကြည့်လိုက်ရော ဂျစ်ကားတစ်စီးဗျာ အရှိန်မအုပ်၊ ဘရိတ်အုပ်မရဘဲ ကျုပ်ထံကို အရှိန်ပြင်းပြင်းနဲ့ ပြေးဝင်လာတာ ဘာလုပ်ရမှန်း မသိတော့ဘူး။

အနီးလမ်းဘေးက လူတွေကလည်း အလန့်တကြား အော်ကုန်ပြီ။

ဒီမှာပဲ မလွတ်မှန်းလည်း သိလိုက်ပြီ၊ ဖြုန်းဆို ဖြစ်ချင်ရာ ဖြစ်ဉာပေါင်ကို လက်ဝါးနဲ့ပုတ်ပြီး 'ကျား'လို့အော်ပြီး အပေါ်ကို ခုန်လိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရေ ...

ကျုပ်ကိုယ်ကျုပ်လည်း အံ့ဩပါရဲ့။

နံဘေးက ကြည့်နေသူတွေလည်း အရမ်းအံ့ဩကြလေရဲ့ဗျာ။

ကြည့်စမ်းဗျာ ... ကျုပ် 'ကျား' လို့အော်ပြီး ခုန်လိုက်တာ အရှိန်နဲ့ တရကြမ်းပြေးဝင်တိုက်တဲ့ ကားရဲ့အပေါ်ကို ကျော်သွားပြီးနောက် ကားတိုက်မည့်သေဘေးက လွတ်ရော။

မြေပြင်ပေါ်ကို ဘုတ်ခနဲ ကြောင်ကျ ကျသွားတာပဲ။

လူတွေကဗျာ ... ကျုပ်ကို လူစွမ်းကောင်းကြီးလို ဝိုင်းကြည့်ပြေးလာ ချီးကျူးကြပါရော သိလား။

ကျုပ်ကို အနီးဆုံး သတိပေးလှမ်းအော်လိုက်တဲ့ မိန်းမငယ်လေးကလည်း ကျုပ်ကိုကြည့်ပြီး ဝမ်းသာအံ့ဩနဲ့ ပြုံးလို့။

ကျုပ် အဲဒီမှာပဲ နားလည်လိုက်တယ်။

ကျုပ်ဘဝကို အာဋ္ဌာဝကကြေးရုပ်တုလေးက စောင့်ရှောက်အကာအကွယ် ပေးနေပြီလို့လေ။ ကျုပ် ဘယ်တုန်းကမှ အဲဒီလိုအမြင့်မျိုးရောက်အောင် တစ်ခါမှ မခုန်ဖူးဘူး။ ကြောင်ကျလည်း မကျဖူးဘူး။

ဒါကြောင့် ...

ညတိုင်ရောက်ရင် အာဋ္ဌာဝကကြေးရုပ်တုလေးကို အဝတ်နဲ့ပြောင်သတ်နေအောင် ပွတ်ပြီး မေတ္တာပို့ပေးလိုက်တယ်။

တစ်ခုတော့ရှိတယ်။

ဒီ အာဋ္ဌာဝကကြေးရုပ်တု ရောက်ရှိရရှိသည့် အချိန်ကစပြီး ကျုပ်ရဲ့အသက်အန္တရာယ် ကင်းရှင်းခဲ့ပေမင့် ကျုပ် စီးပွားသိပ်မဖြစ်ဘူး။ ရရစားစားပဲ။ နဂိုရနေသည့် ဝင်ငွေပဲ ရနေတယ်။

✿ ✿ ✿

# [ ၅ ]

❑

သို့သော် တစ်နေ့မှာတော့ ...

ကျုပ် ကြီးပွားချမ်းသာဖို့ အကြောင်းကံက အလိုလို ဖန်လာပါရောဗျာ။

အဲဒီတုန်းက ကျိုက်ထီးရိုးကို ဘုရားဖူးသွားကြတာ။ လွတ်လပ်ရေးဈေးထဲမှာ။ ပြည်တွင်းသောင်းကျန်းသူတွေက နေရာအနှံ့မှာ စိုးမိုးနေတာ။

သို့သော် မသွားလို့မဖြစ်တဲ့ကိစ္စနဲ့ သွားနေရပေမင့် လမ်းမှာ ကားကို အပြတ်တိုက်၊ ပစ္စည်းယူမှု မကြာခဏ ဖြစ်တယ်။

လင်းထင်ဆိုတဲ့ သူပုန်ဆို မိန်းမချောချောပါသိမ်းတယ်။ ပြီး တစ်ဖက်နိုင်ငံမှာ ရောင်းစားတယ်။ လက်နက်နဲ့ လဲလှယ်တယ်။

ကျုပ်တို့လည်း ရာသီဥတုသာယာတယ်ဟဲ့ဆိုပြီး ဘုရားဖူးကားတစ်စီးနဲ့ လိုက်ခဲ့ကြတာ။ ကျိုက်ထီးရိုးဘုရား တစ်ခေါက်မှမရောက်ဖူးဘူး။

မုပ္ပလင်လမ်းလည်း ရောက်ရော 'ဒိုင်း ... ဖောင်း' ဆိုတဲ့ ပစ်ခတ်သံကြီး ကြားရပါရောဗျာ။ သောင်းကျန်းမားပြတွေ ရှေ့လမ်းမပေါ်မှာ။

ဒီမှာ ကားဆရာက ရပ်မပေးဘဲ နောက်ပြန်ကားကိုလှည့်လို့ နဂိုလာရာလမ်းကို ပြန်မောင်းရော ...



www.burmeseclassic.com

www.burmeseclassic.com



ပစ်လိုက်တဲ့ သေနတ်သံကို ဆူညံသွားတာပဲ။

ဖောင်းဆို ကားဘီးပေါက်ပြီး လမ်းဘေးကို ထိုးအကျ၊ ရက်စက်တဲ့ သောင်းကျန်းသူများက ကားသမားရော၊ စပယ်ယာရော၊ ခရီးသည်တွေရော ကို ပစ်တာ။

ဒရိုင်ဘာလည်းသေ၊ စပယ်ယာလည်းသေ၊ ခရီးသည်တွေလည်း သေ။

ကျုပ်တို့ မသေသေးသူများက လွတ်မည်ထင်တဲ့နေရာကို ပြေး မလွတ်ပါဘူးဗျာ။ ကျုပ်အပါအဝင် ယောက်ျား မိန်းမ ငါးယောက်ကို သောင်း ကျန်းသူတွေက ရှေ့ကပိတ်ဆို့ တန်းစီရပ်ခိုင်းပြီး စတင်းဂန်းနဲ့ မွှေ့ပစ်လိုက် တာ။

အားလုံး အသံနက်ကြီးတွေနဲ့ အော်ပြီး လဲကျသေကုန်ရော။

ကျုပ်ကိုလည်း ကျည်ဆန်တွေ ထိမှန်တယ်။ ကျုပ်လည်း သွေးသံ ရဲရဲ သေနေသူများအကြား လဲကျသွားတယ်။

ဒီမှာ သောင်းကျန်းသူတွေက ရွှေငွေ၊ လက်ဝတ်လက်စား၊ စားစရာ သောက်စရာများ ချွတ်ယူပြီး တောထဲကို ဝင်ပြေးကြတယ်။

မကြာဘူး။

စစ်ကြောင်းကားနဲ့ ရဲကားများရောက်လာပြီး စစ်ကြောင်းက သူတို့ နောက်ကို လိုက်လံတိုက်ခိုက်၊

ရဲကားက သူသေတွေ၊ မသေမရှင် ဖြစ်နေသူတွေကို ကားပေါ်တင် ဆေးရုံပို့ပေါ့။ အံ့ဩစရာကောင်းလိုက်တာ ... ဆရာရယ်။

ကျုပ် မသေခဲ့ဘူးဗျာ။

ကျုပ်ရင်ဘတ်မှာ ကျည်ဆန်ထိမှန်တဲ့အရာ အမာရွတ်မျိုးငါးခု ထင် ကျန်ရစ်တယ်။ ကျုပ် မသေဘူး။ သွေးတစ်စက်မထွက်ဘူး။

ကျုပ်ကိုယ်မှာ ပေကျံနေတာ လူသေတွေရဲ့ သွေးနီနီရဲရဲတွေ၊ ရဲ အဖွဲ့ဝင်များကပါ အံ့ဩနေကြတယ်။ ဒါနှင့်အတူ ခရီးသည်အတော်များများ သေပြီး ငါးယောက် အပြင်းအထန်ဒဏ်ရာရတဲ့ကြားမှာ ...

---

စိတ်ကူးသစ်စာပေ



ကျုပ် သေနတ်ဒဏ်ရာနဲ့ သွေးမထွက်၊ မသေဘဲ ကျန်ရစ်လို့ သောက်ပြီး မေးကြမြန်းကြသေးရဲ့ဗျာ။

ကျုပ်ကို သောင်းကျန်းသူနဲ့ အဆက်လားလို့ စစ်ဆေးမေးမြန်းကြ တယ်။ နောက်ဆုံး ကျုပ်က သောင်းကျန်းသူလက်ချက်နဲ့ မသေရဘဲ ရဲနှိပ် စက်လို့ သေမှာစိုးရိမ်တာနဲ့ ...

ကျုပ်ရဲ့ အာဋာဝကကြေးဂမ္ဘီရပစ္စည်းရဲ့ အစွမ်းကိုပြောရော။ သူ တို့ကလည်း အံ့ဩသွားတယ်။ ဒါနှင့်အတူ ရဲအရာရှိတစ်ဦးက ဟုတ်မဟုတ် သိချင်လို့ တစ်နေရာမှ သေနတ်နဲ့ ပစ်စမ်းကြည့်တာ ...

အလိုလေးဗျာ ...

နှစ်ချက် ကျည်မထွက်ဘူး။

နောက်ဆုံးတစ်ချက် ကျည်ထွက်တယ်။ မမှန်ဘူး၊ လွဲသွားတယ်။

နောက်တစ်ကြိမ် ပြန်စမ်းတယ်။ ဒီအတိုင်းပဲဗျာ။

''ရောင်းမလား ...ကိုယ့်ဆရာ''

ရဲအုပ်က ကျုပ်ရဲ့ အာဋာဝကကြေးရုပ်တုလေးကို အံ့အံ့ဩဩကိုင် ကြည့်ပြီး မေးတယ်။

''မရောင်းပါဘူး ... ဆရာကြီးရယ်။ ဒါက ကျွန်တော့်ရဲ့အဆောင် ပါ''

''ဈေးကောင်းပေးပါ့မယ်ဗျ''

''မရောင်းပါရစေနဲ့ဗျာ''

''ရောင်းမယ်ဆို ကျုပ်ကို ဆက်သွယ်ဗျာ။ ရော့ ...ဒါ ကျုပ်ရဲ့ လိပ်စာ''

ရဲအုပ်က လိပ်စာရေးပေးသွားဗျ။

အဲဒီအဖြစ်အပျက်ကစပြီး ကျုပ်ရရှိထားတဲ့ ဂမ္ဘီရ အာဋာဝကကြေး ရုပ်တုဟာ ကာယသိဒ္ဓိမှာ သေနတ်ပြီး မကူးဘူး။ ကျည်လွဲတယ်။ မှန်ရင် လည်း ကျည်မတိုးမှန်း ကျုပ်သိလိုက်ရရော။ အကြီးအကျယ် ဝမ်းသာလိုက် တာဗျာ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၆ ]

❑

မကြာပါဘူးဗျာ။ ဘယ်ကနေဘယ်လို သတင်းတွေ ပြန့်ကားသွား သလဲ မသိဘူး။ ကျူပ်ရထားတဲ့ ကာယသိဒ္ဓိအာဠာဝက ကြေးရုပ်တုကို တစ် ယောက်ပြီးတစ်ယောက် ဈေးကောင်းပေးပြီး လာဝယ်ကြတာပဲ ဆရာရေ။

တစ်ယောက်က ဂျစ်ကားတစ်စီးနဲ့ လဲမယ်တဲ့။

အဲဒီအချိန်တုန်းက ဝီလီဂျစ်တစ်စီးမှ သုံးရာ့ငါးဆယ်ကျပ်ပဲရှိတာ။

ကုလားသူဌေးတစ်ဦးက မြန်မာငွေသုံးသောင်းပေးမယ်တဲ့။

တရုတ်သူဌေးအလျောင်က ငါးသောင်းပေးမယ်လို့ သုံးကြိမ်လာ ပြောတယ်။ ကျူပ် မရောင်းပါဘူး။ ဒီလိုသတင်းကြားလို့ ဘကြီးဘုန်းကြီး ရောက်လာပြီး မရောင်းနဲ့၊ မင်းနဲ့ထိုက်လို့ မင်းရထားတာ။ သူများလက်ထဲ မရောက်စေနဲ့တဲ့။

ကျူပ်မှာ ကိုယ့်အလုပ်ကို မလုပ်ရပါဘူးဗျာ။

အဲဒီ အာဠာဝကကြေးရုပ်တုကိုပဲ နေ့စဉ်နှင့်အမျှ လာဝယ်နေကြလို့ စိတ်တောင်ညစ်လာတယ်။

တစ်နေ့လည်းကျရော ...





သူဌေးအဖွဲ့တစ်ဖွဲ့ ရောက်လာကြတယ်။ သူတို့ကလည်း ကိုယ်ပိုင် ကားနဲ့လာတာ။ ကားက (အော်စတင်) အကောင်းစား။

သူဌေးနာမည်က ဦးကျော်မြတ်ခေါင်တဲ့။ ရန်ကုန်မှာ ဟိုတယ်လုပ် ငန်း၊ စိန်ရွှေရတနာ၊ ကျောက်မျက်ရတနာလုပ်ငန်း လုပ်တယ်။

"ကိုရွှေတောင် ... ခင်ဗျားရဲ့ အာဠာဝကကြေးရုပ်တုကို ကျွန်တော် တို့ အလိုရှိတယ်ဗျာ။ ကိုရွှေတောင်ကိုလည်း ထိုက်ထိုက်တန်တန် မဆင်းရဲ ရအောင် ကြည့်ခဲ့ပါ့မယ်။ ဟောဟိုကားနဲ့ လဲမလား ဟင်"

"မလဲပါဘူး ... သူဌေးရယ်"

"ရော့ဗျာ ... ဟောဒါစိန်လက်စွပ်၊ ငါးသောင်းတန်တယ်။ အဲဒါ နဲ့ ..."

"မလဲပါဘူး ... သူဌေးရယ်"

"ကိုင်း ... ဒါဆို ငွေကျပ်တစ်သိန်းတိတိ ပေးမယ်ဗျာ"

"ဗျာ ... ငွေတစ်သိန်း ဟုတ်လား"

"ဟုတ်တယ် ... ဟောဒီမှာ"

သူဌေးဦးကျော်မြတ်ခေါင်ဟာ စံလင်းတို့၊ မောင်ကောင်းတို့ လက် မှတ်ပါတဲ့ ရာတန်ငွေစက္ကူအုပ်ကို ကျူပ်ရဲ့ရှေ့မှာ ချပေးလိုက်တယ်ဗျာ။

အဲဒီတုန်းက ငွေတစ်သိန်းကိုင်နိုင်ရင် တိုက်ရော၊ ကားရော၊ မြေရော ဝယ်လို့ရတယ်လေ။ အဲဒီခေတ်ငွေတစ်သိန်းဟာ ခုခေတ်ငွေ သိန်းတစ်ထောင် ခန့်ကျင်နဲ့ ညီမျှတယ် ... စာရေးဆရာ။

ကျူပ်ဗျာ ငွေစက္ကူရာတန် အသစ်ကျပ်ချွတ်တွေကို ကြည့်ပြီး ရင် ဘလှုပ်လှုပ်ဖြစ်နေတယ်။ ချမ်းသာကိန်းကတော့ အိမ်ပေါ်ကို ဆိုက်ဆိုက် မြိုက်မြိုက် ရောက်နေတာလေ။

"ဘယ့်နှယ် ... ကိုရွှေတောင်မော်"

"စဉ်းစားပါရစေဦးဗျာ"

"နည်းလို့လားဗျာ ... ဟင်"

"မဟုတ်ပါဘူး၊ စဉ်းစားချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုရွှေတောင်မော် ... ခင်ဗျားကများ ကျုပ်ကို ခင်ဗျားရဲ့အာဠာဝကကြေးရုပ်တုကို ငွေတစ်သိန်းနဲ့ ရောင်းခဲ့မယ်ဆိုရင် ခင်ဗျားကို ကျုပ်က ဟောဒီ ထူးဆန်းတဲ့ ဂမ္ဘီရရုပ်တုတစ်ခုကို အပိုပေးပါဦးမယ်ဗျာ။ ရော့ ... ကြည့်ပါ"

ကျုပ် သူဌေးဦးကျော်မြတ်ခေါင်လှမ်းပေးတဲ့ ပစ္စည်းကို ယူကြည့်လိုက်တော့ ငွေအစစ်နဲ့လုပ်ထားတဲ့ မိန်းမရုပ်တုလေးဗျာ။

ရုပ်တုလေးက လက်တစ်ဆစ်လောက်ရှိတယ်။

ခန္ဓာကိုယ်က ကိုယ်လုံးတီးဗျ။ ဒူးတုပ်ထိုင်နေတဲ့ပုံ။ မျက်နှာလေးကလည်း ချောမောလှပ ချစ်စရာလေးဗျာ။ ရုပ်တုရဲ့ရင်သား နှစ်မြွှာကလည်း ထင်သာမြင်သာ ကြွကြွရွရွလေးဗျ။

မိန်းမရုပ်တုရဲ့မျက်နှာက ယောက်ျားတစ်ယောက်ကို ညို့နေတဲ့ပုံသွင်ဗျာ။ တကယ့်သက်ရှိလူသား မိန်းမအတိုင်းပဲ။

"ဒါ ဘာရုပ်တုလို့ ခေါ်ပါသလဲ သူဌေး"

"ဒါ သူယောင်မယ် ... မညိုပြင် ... လို့ ခေါ်တယ် ... ကိုရွှေတောင်"

"သူကရော ဘယ်လိုအစွမ်းရှိတုံး ... သူဌေး"

"အဲဒီ သူယောင်မယ် မညိုပြင်ရဲ့ကိုယ်လုံးကို ရေမွှေးသန့်သန့်နဲ့ ပွတ်တိုက်ရွှန်းပက်ပေးလိုက်ရင် ရက်ပိုင်းအတွင်း ခင်ဗျားရဲ့အိမ်ကို သူယောင်မယ်တစ်မှု ချောမောလှပတဲ့ မိန်းမပျိုရောက်လာလိမ့်မယ် ... ကိုရွှေတောင်။

အဲဒီအမျိုးသမီးနဲ့ ခင်ဗျား အကြင်လင်မယားလို အတူအိပ်စက်လို့ရတယ်။ ရုပ်တုကို ပွတ်သပ်ခေါ်လိုက်လို့လည်း သူမ ရောက်လာတာပဲ။ မိုးလင်းရင်တော့ သူ ပြန်သွားလိမ့်မယ်။ ခင်ဗျား သူမကို တားလို့ရမှာမဟုတ်ဘူး။ နောင်ကို ခင်ဗျားစိတ်ကူးရှိတဲ့ အမျိုးသမီးကိုပုံဖော်ပြီး ဒီသူယောင်မယ် မညိုပြင်ရုပ်တုကို ပွတ်သပ်ပေးလိုက်ရင် မနေနိုင်ဘူး ရောက်ကိုလာရော"

"ဟုတ်ရဲ့လား ... သူဌေးရယ်"

"ကျုပ် ခင်ဗျားကို တစ်ပတ်တိတိ ဒီသူယောင်မယ်ရုပ်တုကို ပေးအပ်ခဲ့မယ်။ ကျုပ်ပြောတာ ဟုတ်တယ်၊ မှန်တယ်ဆိုမှ၊ ယုံကြည်မှခင်ဗျားရဲ့





[..]ည်း ကျုပ်ကို ရောင်းပါ။ ဒီသူယောင်မယ်ရုပ်တုကိုလည်း အပိုင်ယူပါ။ [..]ာ ..."

သူဌေးက သူယောင်မယ် မညို့ပြင်ငွေရုပ်တုကို ကျုပ်ထံပေးအပ်ခဲ့[..]ပြီး ပြန်ဖို့လုပ်ကြတယ်။

"ကိုရွှေတောင် ..."

"ဗျာ ... သူဌေး"

"ဒီ သူယောင်မယ်ရုပ်တုကို ခင်ဗျား လက်တွေ့စမ်းရအောင်။ [..]ကြည်မှုနဲ့ ပေးအပ်ခဲ့တယ်နော်"

"ဟုတ်ကဲ့ပါ"

"သူတစ်ပါးကို လုံးဝ လက်ဆင့်ကမ်းပေးတာမျိုး မလုပ်ပါနဲ့ဗျာ။ [..]ကို ဝိယသိဒ္ဓိအဆောင်လို့ ခေါ်တယ်။ ဘယ်မှာမှ ရှာလို့မရဘူး။ ဟုတ်လား"

"ဟုတ်ကဲ့ ... စိတ်ချပါ"

သူတို့ပြန်သွားတယ်။ ပြန်တော့မှ ငွေရုပ်တု သူယောင်မယ် မညို့[..]င်ကို သေသေချာချာ ကြည့်လိုက်တယ်။ လှလိုက်ချောလိုက်တာ၊ စွဲမက်[..]ရာလေးဗျာ။

ဒါနဲ့ သူတို့ပြောတာ ဟုတ်မဟုတ်သိချင်လို့ စမ်းချင်တာနဲ့ ဈေးထဲ[..]ပြီး ပဲရစ်ရေမွှေး (ပဲရစ်ရဲ့ညနေခင်း) တစ်ပုလင်း ဝယ်ခဲ့လိုက်တယ်။

အိမ်လည်းရောက်ရော သူယောင်မယ်ငွေရုပ်တုမယ်ညို့ပြင်ရဲ့ အဝတ်[..]န္ဓာကိုယ်ပေါ်ကို ရေမွှေးဖျန်းပြီး နေရာအနှံ့ကို လက်နဲ့ ပွတ်သပ်ပေးလိုက်[..]ာ။

ငွေရုပ်တု သူယောင်မယ်လေးက ပိုပြီး ပြောင်လက်မွှေးကြိုင်လို့ [..]ဆက်ဝင်လာသလို ရှိနေပါရောဗျာ။ အဲဒါ ဆယ်မိနစ်ခန့် ပွတ်သပ်ပေးပြီး [..]င်းအုံးအောက်မှာ ထားလိုက်တယ်။

ဘုရားရေ ...

နေလည်းဝင်ရော အိမ်ရှေ့ကနေ ခေါ်သံကြားရပါရောဗျာ။

"အစ်ကိုရွှေတောင် ... အစ်ကိုရွှေတောင် ..."



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုရွှေတောင် . . . အစ်ကိုရွှေတောင် . . ."

အမျိုးသမီးတစ်ယောက်ရဲ့ ခေါ်သံဗျ။ ဒါနဲ့ တံခါးဖွင့်ပေးလိုက်ရော–

"ဟာ . . ."

"ဝယ်မယ်နော် . . . အစ်ကို"

သာယာလိုက်သည့်အသံ၊ လှပချောမောလိုက်သည့် ဖြစ်ခြင်းဗျာ၊ အသားဖြူဖြူ၊ ရင်သားစွင့်စွင့်၊ ခါးသေးသေးကျဉ်ကျဉ်၊ တင်ပါးကားကားမို့မို့နဲ့ အသက် (၂၀) ခန့် မိန်းမချောလေးဗျာ။ တစ်ကိုယ်လုံးမှာ ရေမွှေးရနံ့က လည်း ကြိုင်လှိုင်နေတာပဲ။

"ဝင်ပါ"

အလိုလို ခေါ်မိသွားတယ်။ သူက ကုလားထိုင်မှာထိုင်ပြီး ကျုပ်ကို ညို့မျက်လုံးနဲ့ကြည့်ပြီး ပြုံးပြနေတယ်။ သူမရဲ့ ညို့မျက်လုံးကိုကြည့်ပြီး သူမ ရဲ့ခန္ဓာကိုယ်အလှကို ကြည့်ပြီး အူတွေ၊ အသည်းတွေ ရှုပ်ကြွသွားတယ်။ သူမက ကျုပ်နာမည်ပါ သိနေတာခင်ဗျ။

"မင်းက ဘယ်သူလဲ"

"မညို့ပင်လေ . . . အစ်ကိုကလည်း . . . အစ်ကိုခေါ်လို့ ညီမ ရောက်လာခဲ့တာပေါ့"

"ဟေ . . ."

ကျုပ် နေ့ခင်းတုန်းက သူယောင်မယ်ငွေရုပ်တုကို ရေမွှေးနဲ့ ပွတ် ဖျန်းပေးလိုက်တာကို သတိရပြီး လွန်စွာ အံ့သြသွားခဲ့တယ်။

တိုတိုပြောကြပါစို့ဗျာ။

မိန်းမအတွေ့အကြုံ လုံးဝမရှိတဲ့ ကျုပ်ရဲ့နံဘေးကို လွန်စွာချောမော လှပစွဲမက်စရာကောင်းတဲ့ မညို့ပင်ဆိုသူလေး လာထိုင်ပြီးနောက်ပိုင်း . .

ကျုပ်နဲ့ မညို့ပင်တို့ ကျုပ်ရဲ့အိပ်ခန်း ခုတင်ပေါ်မှာပဲ ချစ်တင်းနှော လိုက်ကြတယ်။ ကျုပ်ဗျာ . . . မညို့ပင်လေးကို အရမ်းစွဲလမ်းသွားခဲ့တယ်။ ဒါနှင့်အတူ သူ့ဌေးရဲ့ ပီယသိဒ္ဓိဝင် သူယောင်မယ်ရုပ်တုရဲ့ အစွမ်းကိုလည်း ယုံကြည်သွားမိတယ်။

---

စိတ်ကူးသစ်စာပေ



အမဲသားမစားဖူးတဲ့ လူလိုပါပဲဗျာ။ ခုတော့ စားပြီးရင်းစားချင်ဖြစ် နေတယ်။ မညို့ပင်လေးဟာ မိုးမလင်းခင်မှာပဲ ပျောက်သွားတယ်။ တံခါး လည်း ပွင့်လို့။ ကျုပ် လွမ်းကျန်ရစ်ခဲ့တယ်။

ဒါနဲ့ နေ့ခင်းမှာ သူယောင်မယ်ငွေရုပ်တု မညို့ပင်ကို ရေမွှေးနဲ့ ဖျန်းပြီး ရုပ်တုလေးရဲ့ ခန္ဓာကိုယ်အနှံ့ကို ပွတ်သပ်လို့ မညို့ပင် ညကျရင် ဖြစ်လာခဲ့ပါဦးလို့ တမ်းတမ်းတတ ခေါ်မိလိုက်တယ်။

စာရေးဆရာရေ . . .

ညနေ နေလည်းဝင်ရော . . . နောက်ထပ် မညို့ပင်အသစ်တစ် ယောက် ထပ်ရောက်လာတာဗျာ။ ထုံးစံအတိုင်း အစ်ကိုခေါ်လို့လာခဲ့တာတဲ့။

မနေ့က မညို့ပင်ထက် အခုရောက်နေတဲ့ မညို့ပင်က ပိုပြီး လှနေ၊ ကြွနေ၊ ဖုထစ်နုအိနေတာပဲဗျာ။

ကျုပ်လည်း ကိလေသာတဏှာ ရေယာဉ်ကြောမှာ မျောပါနေပြီ ဗျာ။ သူလေးတို့ကလည်း အယုအယ တယ်ကောင်းပဲကိုး။ သောက်လေ သောက်လေ ငတ်မပြေဘဲဗျာ။

ဟော . . . မိုးလည်းလင်းရော မညို့ပင်အသစ်လေးကို မမြင်ရတော့ ဘူးဗျာ။ ဘယ်အချိန်ပြန်သွားမှန်း မသိရဘူး သိလား။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၇ ]

❑

နေ့ခင်းပိုင်းမှာ သူဌေးဦးတော်ပြုတ်ခေါင် သူ့ရဲ့အော်စတင်အမည်းရောင်ကား အိမ်ရှေ့ကို ထိုးဆိုက်ပြီး အိမ်ပေါ်ကို တက်လာကြတယ်။

"ကိုရွှေတောင် ... အဆင်ပြေရဲ့လားခင်ဗျ"

"ဟုတ်ကဲ့ ... ပြေပါတယ် သူဌေး ထိုင်ပါခင်ဗျ"

"တိုင်း ... ကိုရွှေတောင်မော်ရေ ခင်ဗျားရဲ့ ကြေးရုပ်တုမရောင်းတာ ရောင်းတာ အသာထား။ ကျုပ်ရဲ့ ငွေသူယောင်မယ်ရုပ်တု ပြန်ပေးပါဗျာ။ အဲဒီရုပ်တုကို ကုလားသူဌေးတစ်ဦးက ဈေးကောင်းပေးဝယ်နေလို့ သွားရောင်းမလို့"

ဒီလိုလည်း ကောက်ကာငင်ကာ သူဌေးက ပြောရော။ ကျုပ် ရင်ထဲ သွားရောဗျာ။

"သူဌေး ..."

"ပြော ... ကိုရွှေတောင်"

"အဲဒီရုပ်တုကို သူများ မရောင်းပါနဲ့ဗျာ"

"ဟင် ... မဟုတ်မှလွဲရော ကိုယ့်လူကို သူယောင်မယ်ရုပ်တုက အစွမ်းပြပြီနဲ့ တူရဲ့ဗျာ။ ဟုတ်လား ... ဟေ့လူ"





"ဟုတ်တယ်ဗျာ ... ကျုပ်ယူပါ့မယ် သူဌေး"

"ဒါဆို ခင်ဗျားရဲ့ ကာယသိဒ္ဓိ ကြေးအာဠာဝကရုပ်တုရော၊ ကျုပ်ကို တစ်သိန်းနဲ့ ရောင်းမှာလား။ ရောင်းမှ ပေးမှာနော်"

"ဟုတ်ကဲ့ ... ရောင်းပါ့မယ်ဗျာ"

"အိုကေ ... ဝမ်းသာလိုက်တာ ... ကိုရွှေတောင်ရယ်၊ ကိုရွှေတောင် နေ့ချင်းညချင်း သူဌေးဘဝရောက်ပြီး ကာမသုခအရသာကို နေ့ရော ညပါ ပြည့်ပြည့်ဝဝ ခံစားနိုင်ပါစေဗျာ"

သည့်နောက် ကျုပ်တို့ ကာယသိဒ္ဓိကြေးအာဠာဝကရုပ်တုကို ယူပြီး ကို ... ရွှေတောင်မော် ... တောထဲမှာ သူဌေးရဲ့ လိုင်စင်ကိုင် ခြောက်လုံးပြူးသေနတ် သုံးချက်ပစ်ပြီး စမ်းကြတယ်။

သုံးချက်စလုံး ကျည်မထွက်ဘူး။ အဲဒါ မိုးပေါ်ထောင်ပစ်တော့ ဒိုင်းခနဲ အသံမြည်ရော။ ကြိုက်တယ်။ ငွေတစ်သိန်းနဲ့ သူယောင်မယ် ဂမ္ဘီရငွေရုပ်တုကို ပေးပြီး သူတို့ ပြန်သွားခဲ့တယ်။

အခု ကျုပ် သူဌေးဘဝကို ရောက်သွားပြီဗျာ။

အံ့ဩစရာ မကောင်းဘူးလားဗျာ ... ဟင်။

ငွေက တစ်သိန်း၊ လိုချင်တဲ့ မိန်းမချောကို ခေါ်လို့ရတဲ့ သူယောင်မယ် ဂမ္ဘီရငွေရုပ်တု။ အခု ကျုပ်မှာ ပိုင်ဆိုင်နေပြီ။

ဝမ်းသာလိုက်တာဗျာ။

အဲဒါ သူတို့လည်းပြန်ရော ငွေတစ်သိန်းကို သံသေတ္တာထဲထည့်ပြီး သူယောင်မယ်ငွေရုပ်ကို ရေမွှေးပက်ဖျန်းလို့ ဖြည်းဖြည်းချင်း အရုပ်ရဲ့ကိုယ်လုံးလေးကို ပွတ်သပ်ပေးလိုက်တယ်။

ရှားပါးဗျာ ...

ည (၇) နာရီထိုးရော တံခါးခေါက်သံကြားလို့ ဖွင့်ပေးလိုက်ရော ရေမွှေးနံ့က ကြိုင်သင်းနေတာပဲ။

သူယောင်မယ် အသစ်တစ်ယောက် ဝင်လာတယ်။ ဟိုနေ့က သူယောင်မယ်များက ကိုယ်လုံးကိုယ်ပေါက်က ဖွံ့ထွားအိစက်နေတာပဲ။

ကျုပ်အကြိုက်ပဲပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်သက်ကတော့ ငွေလည်းမကုန်၊ မိန်းမလည်း နှေစဥ်ထည်ထဲ ရှ ဘာပြဿနာမှလည်း မရှိ၊ ကောင်းလိုက်တဲ့ ကုသိုလ်ကံဗျာ နော။

တတိယမြောက် သူယောင်မယ်မညို့ပင်နဲ့ တစ်ညလုံး ကျုပ် ပျော်ပါး ချစ်ရည်လူးခဲ့လိုက်တယ်။

သူယောင်မယ် မညို့ပင်က ကော်ဖီပါဖျော်တိုက်လို့ ကော်ဖီ တစ် ယောက်တစ်ခွက်သောက်ပြီး အိပ်ရာပေါ်မှာ ချစ်စကားတွေဖွဲ့သီရင်း မကြာ ခင် ကျုပ် အိပ်ပျော်သွားခဲ့တယ်။

ဒီတစ်ခါ မိုးစင်စင်လင်းပြီးမှပဲ နိုးတော့တယ်။

ညတုန်းက အတော် ခြေကုန်လက်ပန်းကျသွားခဲ့တာကိုး။ ထုံးစံ အတိုင်းပေါ့ဗျာ။ သူယောင်မယ်လေး တတိယမညို့ပင်လည်း မိုးမလင်းခင် ကိုယ်ယောင်ပျောက်သွားတာပေါ့။

အဲဒါ မျက်နှာသစ်၊ နံနက်စာ စားသောက်ပြီးနောက် ဘယ်က ငွေစုစာအုပ်မှာ တစ်နေ့ကရတဲ့ ငွေတစ်သိန်းသွားသွင်းဖို့ သေတ္တာကို ဖွင့် လိုက်ရော ...

"ဟာ ..."

"ဘုရားရေ ..."

အထဲမှာ ငွေစက္ကူ ကျပ်တစ်သိန်း မရှိတော့ဘူးဗျာ။ စက္ကူတွေ ဖြတ်ပြီး သားရေကွင်းနဲ့ စည်းထားတာပဲ မြင်ရတော့တယ်။ ကျုပ် အထား မမှားဘူးဗျာ။ မနေ့တုန်းက တစ်ရွက်ချင်းရေပြီး ထည့်ထားတာ။

ပြောင်းဆန်အောင် လှန်လှောရှာလည်း ငွေတစ်သိန်းကို လုံးဝ မတွေ့ရတော့ဘူး။ အဲဒါ ရဲစခန်းကို သွားတိုင်ချက်ဖွင့်ရင်လည်း ကျုပ်အရှက် ကွဲရမည့်ကိစ္စတွေပါ ဗူးပေါ်သလို ပေါ်မှာစိုးလို့ မတိုင်ရဲဘူး။

စဉ်းစားရတာက သံသေတ္တာကို သော့ခတ်ထားတာ။ ညတုန်းက ရှိတာလည်း ကျုပ်နဲ့ တတိယမြောက် သူယောင်မယ်ညို့ပင်။

မညို့ပင်ကို ဘယ်မှာရှာရမှာတုံး။ မညို့ပင်များ ဖွင့်ယူသွားသလား မဖြစ်နိုင်ဘူး။ မညို့ပင်က လူအစစ်မဟုတ်ဘူး။ သူယောင်မယ်လေဗျာ ... ဟုတ်ဘူးလား။





ဒါနဲ့ ဝယ်လက်သူဌေး ဦးကျော်မြတ်ခေါင်နဲ့ တိုးတိုးတိုင်ပင်ကြည့်ဖို့ ဦးကျော်မြတ်ခေါင်တို့တည်းတဲ့ တည်းခိုခန်းကို စုံစမ်းလိုက်တော့ မနက်အစော ကြီး ပြန်သွားကြပြီတဲ့။

လိပ်စာမေးတော့ ပြောပြတယ်။

အချိန်ရှိတုန်း ရန်ကုန်လိပ်စာကို လိုက်မေးတော့ အဲဒီလိပ်စာမှာ ဦးကျော်မြတ်ခေါင်ဆိုတာ မရှိဘူးတဲ့ဗျာ။ လုံ့ပုံသဏ္ဍာန်ကို ပြောပြတော့ ရန်ကုန် သား လူရည်လည်သူတစ်ဦးက အဲဒါ ရွှေဘိုသားတစ်ဝိုက်က လူလိမ်ကံကြီး စိန်တို့အဖွဲ့တဲ့ဗျာ။

တောက် ... ခံရချက်ဗျာ ... ဖွီ။

ဒါနဲ့ ကျုပ်ကလည်း အဲဒီရန်ကုန်သားကို ဖြစ်ကြောင်းကုန်စင် ပြောပြတော့ ခင်ဗျားခံလိုက်ရပြီ ... ကိုရွှေတောင်မော်တဲ့။

"အဲဒီ သူယောင်မယ်ရုပ်တုရောတဲ့"

"အိမ်မှာကျန်ရစ်ခဲ့တယ် ... ကိုဘရွှေ"

"ဒါဆို အိမ်ရောက်ရင် ရေမွှေးနဲ့ပွတ်ပြီး စတုတ္ထမြောက်သူယောင် မယ်ကို ခေါ်ကြည့်ဗျာ။ ခေါ်လို့ သူယောင်မယ်လာရင် အဲဒါ အမှန်အကန် ဝိဇ္ဇာသိဒ္ဓိပစ္စည်းပဲ။ ခေါ်လို့မှ မလာဘူးဆိုရင် အဲဒါ လူလိမ်ရန်ကုန်သား ကံ ကြီးစိန်ရဲ့အဖွဲ့ဝင် ... ဟို ... ကြေးစားလူလိမ် အပျက်မ၊ ခါးပိုက်နှိုက်တွေ ပဲ ... ကိုရွှေတောင်"

ဟူး ...။

ဒါနဲ့ ကျုပ်နေတဲ့မြို့ကို ပြန်ရောက်တော့ သူယောင်မယ် ငွေရုပ်တု ညို့ပင်ကို ခါတိုင်းလိုပဲ ရေမွှေးဖျန်းဆွတ်ပွတ်သပ်ပြီး အမိဋ္ဌာန်ပြုလိုက် တယ်။

နေဝင်တော့ ကျုပ် ရင်တမမနဲ့ စောင့်မျှော်နေမိတယ်ဗျ။

တံခါးခေါက်သံ လုံးဝ မကြားရဘူး။

(၇) နာရီ၊ (၈) နာရီ၊ (၉) နာရီ ... လုံးဝပဲ။

သန်းခေါင်ကျော် မိုးလင်းအထိ ကျုပ် မျှော်လင့်ချက်ကြီးစွာနဲ့ စတုတ္ထ မြောက် သူယောင်မယ်ကို မျှော်နေတာ လုံးဝ မလာတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့ ... နောက်နေ့ ... ဘယ်လိုပဲ ငွေရှပ်တုကို ပွတ်ပွတ် ဘာသူယောင်မယ်မှ မလာတော့ဘူး။

ခုမှသိပြီး နောင်တရလိုက်တယ်ဗျာ။

ကျုပ်ရဲ့ ကာယသိဒ္ဓိအဖိုးတန် ကြေးအာဋ္ဌာဝကဂမ္ဘီရရုပ်တုကို သူတို့ သူယောင်မယ်ရုပ်တု အတုကြီးနဲ့ မကောင်းတဲ့မိန်းမတွေ ပူးပေါင်းညာဖြန်းပြီး လိမ်ညာလှည့်စား ရယူသွားတာကို ကျုပ် သိရှိနားလည် သဘောပေါက်တဲ့အချိန်မှာတော့ ...

အဲဒါပဲ စာရေးဆရာ ... ကိုညိုမှိုင်းရေ၊ ထူးဆန်းအံ့ဖွယ်ကောင်းသည့် ဂမ္ဘီရသိဒ္ဓိဝင်ပစ္စည်းကို ကိုယ်နဲ့ထိုက်လို့ ရခဲ့ပေမင့် ...


ကိုယ်အသုံးမကျ၊ သီလမရှိ ငွေလောဘ၊ တဏှာရာဂလောဘကို တပ်မက်မိလို့ အလွဲသုံးစား ပြုလည်းပြုလိုက်ရော ...

ဒဏ်ခတ်ခံရသလိုပါပဲဗျာ။

ရွှေမတတ်ကို ကျွန်ခဲ့ရတယ်။ တော်ပါပြီဗျာ ... ဘုရားဟောသလိုပါပဲ။ အတ္တာဟိ အတ္တနော နာထော၊ အရေးကြုံက ကိုယ့်ကိုယ်သာ ကိုးကွယ်ရာတဲ့။

ရတနာသုံးပါး၊ အနန္တော အနန္တငါးပါးကလွဲရင် ကိုးကွယ်အားထားယုံကြည်စရာမရှိပါဘူး ... စာရေးဆရာရယ်။ နောင်လာနောက်သားများ ကံကောင်းလို့ သိဒ္ဓိဝင်ပစ္စည်းများရခဲ့ရင် သတိအသိနဲ့ ကိုင်စွဲအသုံးပြုကြပါ။ ငွေလောဘ၊ လူ့ကာမနဲ့ ဘယ်တော့မှ မလဲလိုက်လေနဲ့လို့ မှာပါရစေ ... ဆရာရယ်။

မောင်ညိုမှိုင်း (သန်လျင်)



www.burmeseclassic.com

# [ ၁ ]

❑

၁၉၇၅ ခုနှစ်ကျော်ကာလ ကျွန်တော်တို့က ထောင်မှူးဘဝ၊ အင်းစိန်ထောင်တွင် အမှုထမ်းရသည်။ ထိုကာလက ပုဂ္ဂလိကပိုင် ဆန်စက်၊ ဆီစက်လုပ်ငန်းကြီးများအား ပြည်သူပိုင်သိမ်းချိန်ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်တာဝန်ထမ်းဆောင်ရသော အဆောင်တွင် နာမည်ကြီးသူဌေးကြီးများ စုနေသည်။ ဆီစက်ပိုင်ရှင် ဦးတင်အေး၊ ဦးနေလ၊ ဦးကျော်ဟန်၊ ဦးစိုးခါ၊ ဦးလရောင်တို့ ဖြစ်ကြသည်။ အခြားနာမည်ကြီးသော ဦးလာဘနှင့် ဘုန်းတော်ကြီးများလည်း ရှိနေကြသည်။

အမျိုးသမီးဆောင်၌လည်း စီးပွားရေးဘက်တွင် နာမည်ကြီးပြီးချမ်းသာသူများ ရောက်နေကြသည်။ ထိုသောကာလက အမျိုးသမီးအဆောင်များမှာ ကျွန်တော့်ရည်းစား ဒေါ်ခင်မြကြွယ်ဖြစ်သည်။ ထိုအချိန်က အမျိုးသမီးထောင်မှူးမှာ အလွန်ရှားပါးသည်။ တစ်ပြည်လုံးရှိ အကျဉ်းထောင်များတွင် အမျိုးသမီးထောင်အရာရှိများကို ရေတွက်ပါက လေးငါးဆယ်လောက်ထက် မပိုပါ။ အမျိုးသမီးဝန်ထမ်းများကတော့ အတော်များများ ရှိနေကြပါသည်။

အမျိုးသမီး စီးပွားရေးလုပ်ငန်းရှင်များထဲတွင် ဒေါ်နီလာဆိုသူမှာ ထိုခေတ်က အလွန်ချမ်းသာသည်။ ခေတ်လည်း မီသည်။ ထောင်တွင်း၌ TIME, NEWS WEEK စာစောင်များကိုပင် ဖတ်နိုင်သူဖြစ်သည်။ ဖမ်းဆီးထားသော သူဌေးအဖွဲ့များ၊ ထောင်ဝင်စာတွေ့ဆုံသောနေ့များတွင် ထောင်





ရှေ့၌ ထိုခေတ်က တန်ဘိုးကြီးပြီး ခေတ်စားသော MERCEDESBENZ TOYOTA COROLLA (75) ကားများ ပြည့်ကြပ်နေတတ်သည်။

ကျွန်တော်၏ အဆောင်ရုံးခန်း၌လည်း ချောကလက်၊ ကိတ်မုန့်နှင့် နို့ဆီ၊ သကြား၊ ကော်ဖီ၊ အချိုခြောက်၊ ငါးသုံးလုံးစီးကရက်ဘူးများက ပုံနေသည်။ အကျဉ်းသားဖြစ်သော်လည်း ခုတင်နှင့် အိပ်ကြရသည်။ အတော်လွတ်လပ်သော အချိန်ဖြစ်သဖြင့် ပျော်စရာအလွန်ကောင်းသည်။

ဒေါ်နီလာမှာ အသားလတ်လတ်၊ ပိန်ပိန်၊ ရှေ့ကိုင်းမျက်မှန်နှင့် အလွန် သပ်ရပ်ခမ်းနားသည်။ ချမ်းသာပြီး ရက်ရောစွာ ပေးကမ်းစွန့်ကြဲတတ်သဖြင့် အကျဉ်းသူနှင့် ဝန်ထမ်းများက အလွန်လေးစားချစ်ခင်ကြသည်။ ကျွန်တော်လည်း ဒေါ်ခင်မြကြွယ်နှင့်ပတ်သက်ပြီး တာဝန်မှူးကျတိုင်း အမျိုးသမီးထောင်ကျဆောင်သို့ ဝင်ထွက်ရရာ သူဌေးမကြီးဒေါ်နီလာဖြင့် ရင်းနှီးကျွမ်းဝင်ပါသည်။

အပြင်တွင်ရှိနေကြသော ဒေါ်နီလာ၏မိသားစုနှင့်လည်း ကျွန်တော်၏အမျိုးသမီးနှင့် ပတ်သက်၍ ရင်းနှီးကျွမ်းဝင်ကြသည်။ ဒေါ်ခင်မြကြွယ်ကိုလည်း သူတို့က သမီးလို၊ အစ်မလို ချစ်ခင်အားကိုးကြပါသည်။ ဒေါ်ခင်မြကြွယ်နှင့် ပတ်သက်သော ကျွန်တော့်ကိုလည်း ခင်မင်လေးစားကြပါသည်။

ဒေါ်နီလာတို့အဖွဲ့ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွတ်မြောက်ကြတော့ ကျွန်တော်တို့နှစ်ဦးအား ဝင်ဒါမီယာရပ်ကွက်အတွင်းရှိ သူတို့နေထိုင်သော အိမ်တွင် ညစာဖိတ်ကျွေးသည်။ အလွန်ခမ်းနားကြီးကျယ်သော ညစာစားပွဲဖြစ်သည်။ နှစ်ထပ်တိုက်အိမ်ကြီးအတွင်း၌ အောက်ထပ်တွင် ခမ်းနားသပ်ရပ်သော ဧည့်ခန်းကြီးက (၂)ခန်းရှိသည်။

အပေါ်ထပ်၌လည်း ဧည့်ခန်းကြီးက(၂)ခန်း၊ အပေါ်ထပ်က သီးသန့်ဧည့်သည်များအတွက်ဖြစ်သည်။ အိမ်ဘေးကားဂိုဒေါင်၌လည်း ထိုခေတ်က နာမည်ကြီးကားက သုံးလေးစီးရှိသည်။ အိမ်ရှေ့နှင့်အိမ်အနောက်ဘက် ခြံကျယ်ကြီးအတွင်း၌လည်း နိုင်ငံခြားသစ်ခွများဖြစ်ကြသော အဖိုးတန်ကတ်တီးဝီးယာနှင့် ဗင်ဒါသစ်ခွများအပြင် သားကြီးလုပ်သူကိုအေးမောင်က သစ်လုပ်ငန်းလုပ်ကိုင်သဖြင့် ပြည်တွင်းနာမည်ကြီးသစ်ခွမျိုးစုံအပြင် ဂမုန်းမျိုးစုံ၊ ပန်းအိုးများကလည်း နေရာယူထားသည်။ ဖခင်လုပ်သူက ဦးလေးနွယ်။ တစ်ခွက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သော်လည်း အပြင်၌ စီးပွားရေးလုပ်ငန်း မျိုးစုံလုပ်သူဖြစ်သည်။ သူတို့ပိုင်ဆိုင်သော လုပ်ငန်းနှင့်တိုက်ခန်းများက မြို့ထဲတွင် များစွာရှိသေးသည်။

ဒေါ်နီလာနှင့် ဦးလေးနွယ်တို့မိသားစုတွင် သားကြီးကိုအေးမောင်အပြင် သားလတ်ကိုနီနှင့် သားငယ်မျိုးမင်းတို့ ရှိကြသေးသည်။ သားလတ်ကိုနီက အရက်သမား၊ ဖဲသမား၊ သားငယ်ကိုမျိုးမင်းက ထိုခေတ်ကပေါ်ကာစ နာမည်ကြီးသော ဘိန်းဖြူသမားဖြစ်သည်။ မိဘနှစ်ပါးနှင့် သားကြီးအေးမောင်တို့က အရှာအဖွေကောင်းသလို သားငယ်နှစ်ကောင်က အဖြုန်းသမားများဖြစ်ကြသည်။

ဒေါ်နီလာလွှတ်မြောက်သွားတော့ ဒုတိယ ထောင်သို့ အလည်ရောက်လာသူမှာ သားကြီးဖြစ်သူ ကိုအေးမောင်ဖြစ်သည်။ သစ်လုပ်ငန်းဖြင့် ငြိစွန်းပြီး ထောင်အထ် (၃) နှစ်ကျလာသည်။ ကျွန်တော်က အမျိုးသမီးချင်းပတ်သက်ပြီး ခေါ်ယူကြည့်ရှုထားရသည်။

ထိုစဉ်အခါက ပျားဂေဟာခေတ်စားချိန်ဖြစ်၍ ထောင်တွင်း၌ ငုံးကြက်၊ ဝက်တို့ မွေးမြူထားရာ ကျွန်တော်က မွေးမြူရေးထောင်မှူးဖြစ်သည်။ စီးပွားရေးသမား ကိုအေးမောင်က လုပ်ငန်းကျွမ်းကျင်ပြီး စာရင်းကိုင်နိုင်နှင်းသဖြင့် ကျွန်တော် အားကိုးရပါသည်။

သူတို့ကလည်း ပင်ပင်ပန်းပန်းမလုပ်ရဘဲ ကြော့ကြော့ကလေးနေရသဖြင့် အားတက်သရော လုပ်ကိုင်ပေးကြသည်။ ထိုအချိန်က ငုံးကောင်ရေသိန်းဂဏန်း၊ ကြက်ကောင်ရေက ရာဂဏန်း၊ ဝက်ကောင်ရေက ထောင်ဂဏန်းဖြစ်သည်။ ဝန်ထမ်းစာရေးစာချီများက လခစားဖြစ်၍ ပေါ့သည်။

အကျဉ်းသားပညာရှင်များက လခတစ်ပြားမှမရသော်လည်း လွန်စွာ အားကိုးရသည်။ တကယ်တမ်း အလုပ်လုပ်နေသူများမှာ အကျဉ်းသားများသာဖြစ်ကြသည်။ ထောင်တွင်းရှိလုပ်ငန်းမှန်သမျှ ဝန်ထမ်းများက ကြီးကြပ်ရုံသာ။ အကျဉ်းသားများက လက်တွေ့လုပ်ကြရခြင်းဖြစ်သည်။ အလုပ်ကြီးဘက်ရှိ အလုပ်ရုံများ၊ မိန်းဂျေးနှင့် ဗိုကြီး၊ အဆောင်အသီးသီးရှိ လုပ်ငန်းခွင်များ၊ စိုက်ခင်းနှင့် တောင်ယာများ၊ အချုပ်ရုံး၊ ထောင်ကျရုံး၊ ရိက္ခာဆေးရုံ စသဖြင့် အကျဉ်းသားလုပ်အားများဖြင့်သာ ဖြစ်ကြပါသည်။

✿ ✿ ✿

# ၂

ကိုအေးမောင်မှာ ဒေါ်နီလာနှင့်ဦးလေးနွယ်တို့၏ သားကြီးဖြစ်သလို အကျွမ်းတဝင်လက်တွေ့စီးပွားရေးသမားဖြစ်သဖြင့် စာရင်းကိုင်လုပ်ငန်းသာမက ကြက်ဥအောက်စက်နှင့် ငုံးဥဖောက်စက်များ၊ လိုအပ်သောဆေးဝါးများ၊ အပူပေးစနစ်များအကြောင်းကို နားလည်သည်။ ဝက်များအကြောင်းကိုလည်း အတော်အသင့် ကျွမ်းကျင်သည်။

တိရစ္ဆာန်များမွေးမြူခြင်းဖြစ်သဖြင့် ၎င်းတို့၏ ကျန်းမာရေး၊ အစားအစာနှင့် ကုန်ချောထုတ်လုပ်မှုက အလွန်အရေးကြီးသည်။ အကျဉ်းသားတိုင်း စိတ်ချယုံကြည်ရသည်တော့ မဟုတ်။ ကျွန်တော်တို့ မွေးမြူရေးလုပ်ငန်းမှာ ညဘက်၌ ဝန်ထမ်းအင်အားနည်းသဖြင့် အတွင်းလူယုံ၊ လူရင်းရှိဖို့က အလွန်အရေးကြီးသည်။ အကျဉ်းသားက ဂရုမစိုက်ပါက လက်မခန့်သာရှိသော ငုံးပေါက်ကလေးများ အပူမှာတ်နည်းပြီး ရာဂဏန်း၊ ထောင်ဂဏန်း စုပြုံပျက်စီးတတ်သည်။

တစ်နေ့လုံး တစ်ညလုံး အစာစားပြီး ငုံးဥများ မသိမ်းပါကလည်း အချို့ငုံးထီးများက ငုံးဥများကို ဖောက်စားတတ်သည်။ အချို့ငုံးမများက



www.burmeseclassic.com

www.burmeseclassic.com



အမွေးအတောင်ချ၍ အမွေးနုများထွက်စဉ် တစ်ကောင်နှင့်တစ်ကောင်ဆိတ်၍ ကိုယ်ခန္ဓာပေါ်၌ သွေးစို့သည်နှင့် အုပ်စုလိုက်ဝိုင်းဆိတ်တတ်ကြရာ စောင့်ကြည့်သူများ မရှိပါကလည်း သေကျေပျက်စီးတတ်သည်။

နေ့ည အစာဖြည့်မပေးသဖြင့် အစာစားနှုန်း လျော့သွားသည်နှင့် ဥ-ဥနှုန်းပါ ကျဆင်းသွားတတ်သည်။ ထို့ကြောင့် မွေးမြူရေးအဆောင်များတွင် နေ့ညစောင့်ကြည့်အဖွဲ့က ထိုင်နေ၍မရ။ အဆောင်အခန်းတွင်းရှိ ငုံးမွေးမြူရေးစင်များအား (၂၄) နာရီမလပ် ကြည့်ရှုနေရသည်။

အင်္ဂလိပ်ခေတ်ကတည်းက အိပ်ဆောင်ဟောင်းကြီးများဖြစ်ကြသဖြင့် ပြဿနာကရှိပြန်သည်။ သရဲခြောက်သတဲ့၊ ဝက်မွေးမြူရေးကို ထောင်တွင်း၊ ထောင်ပြင်မွေးမြူထားပြီး တပ်ကြပ်ကြီးဦးကြည်မောင်က တာဝန်ခံဖြစ်သည်။

ကြက်မွေးမြူရေးကို တပ်သားလှဖေက ပျားဂေဟာဆင်းမို့ တာဝန်ယူထားသည်။ ထောင်အနောက်ဘက် ယခင် ဆားကိုဒေါင်ဟောင်းကြီးအထဲ၌ ခြံလုပ်၍ မွေးမြူထားသည်။ ငုံးမွေးမြူရေးကိုတော့ အိပ်ဆောင်အမှတ် (၃ နှင့် ၄)၊ အိပ်ဆောင်အမှတ် (၃)၌ ငုံးကြီးစင်များသာ အပေါ်ထပ်၊ အောက်ထပ်ရှိသော်လည်း အိပ်ဆောင်အမှတ် (၄) တွင် အောက်ထပ်၌ ငုံးဥဖောက်စက်များနှင့် အမှုပေးခန်းများ၊ အပေါ်ထပ်က ဥငုံးစင်များဖြစ်ကြသည်။ ငုံးစင်တစ်စင်စွင် ဥငုံးမကြီး(၂၀၀)ခန့်၊ အဆင့်လေးဆင့်ငါးဆင့်ထားရာ အကောင်(၁၀၀၀)၊ အဆင့်တစ်ဆင့်ကို ငုံးထီး(၂)ကောင်ခန့် ကျန်းမာရေးအတွက်ထားရသည်။

တစ်နေ့တော့ ကျွန်တော်တို့ မွေးမြူရေးဝန်ထမ်းများအား မွေးမြူရေးအိပ်ဆောင် (၃)၊ အပေါ် (၁)ခန်း၌ အစည်းအဝေးလုပ်ကြသည်။ ခေါင်းဆောင်က မွေးမြူရေးလုပ်ငန်း ထောင်မှူးကြီးဦးငြိမ်းအောင်၊ စာရေးကြီးက ဖက်တီးကြီးတင်မောင်၊ ငုံးဆောင်ထောင်မှူးက ဦးဝင်းသိန်း။ ကျွန်တော်ကတော့ ငုံး၊ ဝက်၊ ကြက်၊ ဆေးနှင့်အစာ၊ ငုံးဥဖြန့်ချိရေးတာဝန်ခံ၊ လုပ်ငန်းတိုးတက်ရေးအတွက် ညှိနှိုင်းအစည်းအဝေးဖြစ်သည်။





အစည်းအဝေးပြီးတော့ ငုံးထီးကြော်နှင့် ငုံးဥပြုတ် ကျွေးသည်။ စားသောက်ရင်း စကားပြောကြရာ ငုံးတာဝန်ကျ ထောင်မှူးဦးဝင်းသိန်းက ထောင်ပြီး ...

"ဆရာ ... ကျွန်တော်က ညဘက်တာဝန်ကျရင် လန့်တယ်ဗျ"

"ဟေ ... ဘာဖြစ်လို့လဲ"

"(၃) ဆောင်မှာ ပြဿနာဖြစ်နေတယ်။ ညဘက်ကင်းစစ်ရင်း အပေါ်ထပ်အစွန်ဆုံး (၄) ခန်းကို သွားစစ်ရင် ကြက်သီးအလိုလိုထပြီး ငုံးတွေလန့်တယ်။ အနီးကပ်ကြည့်တော့ ငုံးလေးငါးကောင် သွေးသံရဲရဲနဲ့ ခေါင်းပြတ်ပြီး သေနေတတ်တယ်"

"ဟ ... ကြောင်လား၊ ကြွက်လား စစ်မကြည့်ဘူးလား"

"အောက်ခန်းဆို မပြောလိုပါဘူး ဆရာ၊ အခုဟာက အပေါ်ဆုံးအစွန်ခန်း။ ကြောင်လည်း မတွေ့ဘူး၊ ကြွက်လည်း မရှိဘူး။ ထောင်ထဲမှာ ဘယ်ကကြောင်က ရှိမှာလဲ ... ဆရာရယ်။ အဲဒါ ဘယ်လိုဖြေရှင်းရမလဲ"

"ကဲ ... အဲဒါထားပါ။ ကြောင်မရှိရင် ကြွက်ပဲဖြစ်လိမ့်မယ်။ ဝက်ခြံတာဝန်ခံကြွက်ကြီး (တပ်ကြပ်ကြီး ဦးကြည်မောင်)ကရော ဘာများ ဆွေးနွေးချင်သေးလဲ"

"ငုံးခြံတာဝန်ခံက ငုံးတွေလည်ပင်းပြတ်တာ ကြွက်ကြောင့်ဆိုတော့ ကျွန်တော့်စောင်းပြောတယ် မှတ်နေတာ။ ကျွန်တော့်ထောင် အနောက်ခြမ်းက ဝက်ခြံတွေမှာတော့ တစ်မျိုးဆရာရဲ့။ ဝက်ပေါက်ကလေးတွေ အသေမွေးရင်၊ ဒါမှမဟုတ် ဝက်ပေါက်ကလေးတွေ သေသွားလို့ ခြံထဲက ခဏထုတ်ထားရင် ပျောက်ပျောက်သွားတယ်။ ကျွန်တော်က ရဲဘက်တွေ လက်ချက်ထားလို့ စောင့်ဖမ်းတာ မိကိုမမိဘူး ... ဆရာရေ"

"ကဲ ... လှဖေကရော၊ ပြောစမ်းပါဦး"

"ကျွန်တော့်ခြံကတော့ တစ်မျိုးဆရာ။ ဝက်ကလေးတွေမွေးလို့ ကျွန်တော်က ကျလာတဲ့အချင်းကို ပြုတ်ပြီး သုပ်စားတာကို အလွန်ကြိုက်တယ်ဆရာ။ ကြက်သွန်နီဆီသတ်၊ ပဲမှုန့်၊ ရှောက်ရွက်ခပ်ပါးပါးလှီးပြီး သုပ်



www.burmeseclassic.com

www.burmeseclassic.com



စားရင် အင်မတန်အရသာရှိတာ။ အရင်တုန်းကတော့ မပျောက်ပါဘူး။ ညကတော့ ရဲဘက်တွေသိမ်းပြီး ဘုတ်ပြန်အပ်တော့ ဝက်မကြီးတစ်ကောင် သားကျတာနဲ့ ကျွန်တော်ကိုယ်တိုင် မွေးပေးတယ်၊ (၆)ကောင်ကျတယ်ဆရာ။ ကျန်းမာရေးလည်း ကောင်းတယ်။ အဲဒါ ကလေးကုန်တော့ အချင်းကျလာတယ်။

ကျွန်တော်ကြိုက်တဲ့ ဝက်အချင်းကို စင်ကြယ်အောင်ရေဆေး၊ တုံးတစ်ပြီး ဆား၊ နနွင်း နယ်နေတုန်း ဝက်မကြီးအော်တာနဲ့ ပြေးအကြည့် ပြန်လာတော့ ဒယ်အိုးထဲကဝက်အချင်း မရှိတော့ဘူး။ ရဲဘက်တွေလည်း တစ်ယောက်မှ မရှိတော့ဘူး၊ ဝန်ထမ်းတွေလည်း ထောင်ပိတ်နေကြတာ ဖြတ်သွားဖြတ်လာတောင် မရှိတော့ဘူး။ အဲဒါကြောင့် ထူးဆန်းနေတယ် ဆရာ။ ကျွန်တော်လည်း ကလော်ပြီးဆဲတာ မိုးမွှန်နေတာပဲ။ ဖြစ်နိုင်တာကတော့ ဆရာ ကြွက်ကြီးပဲထင်တယ်''

''လှဝေ . . . မင်းက ငါ့ကိုထင်လို့ ဆဲတာပေါ့လေ''

''မဟုတ်ပါဘူး ဆရာ။ မထင်ခင်က ဆဲတာပါ။ ဆရာကြီးလို့ထင်တော့ ကျွန်တော် မဆဲတော့ပါဘူး''

''ဟား . . . ဟား . . . ကျလည်းကျတဲ့ကောင်ကွာ''

''ကဲ . . . ခင်ဗျားတို့ပြောတာ အားလုံးက သရဲ၊ တစ္ဆေ ဆွဲသွားတာလို့ ဆိုချင်တာမဟုတ်လား။ အင်း . . . ဒါလည်း ဖြစ်နိုင်ပါတယ်။ နှစ်သက်တမ်း (၁၀၀) ကျော် အင်္ဂလိပ်လက်ထက်ကတည်းက ဆောက်ခဲ့တဲ့ ထောင်ဟောင်းကြီးပဲ ရှိချင်လည်းရှိမှာပေါ့။ မကြောက်မလန့်ဖို့ဘဲ အရေးကြီးပါတယ်။ သတိ၊ ဝီရိယနဲ့ နေကြပေါ့။

တပ်ကြပ်ဦးကြည်မောင်ကတော့ သန်းဖော်နဲ့တင်သိန်း ညရေးညတာ ဝန်ထမ်းအကူအစောင့်နှစ်ဦးရှိတယ်။ အနောက်ဂိတ်ကြီးနဲ့လည်း ကပ်နေတာဆိုတော့ စိုးရိမ်စရာမရှိဘူး။ လှဝေကတော့ ရှေ့မှာ အထူးဆောင် အုတ်တံတိုင်း၊ အနောက်မှာက တောင်ယာခင်းတဲရှိတော့ လူနဲ့အတော်ဝေးတယ်။ ညရေးညတာကိစ္စအတွက် အဖော်တစ်ယောက်တော့ လိုတယ်။ မွေးမြူရေးဝါသနာပါတဲ့ ဝန်ထမ်းတစ်ယောက် တောင်းပေးမယ်။ ဟုတ်ပြီလား''





ကျွန်တော်က အားပေးစကားပြောတော့ မွေးမြူရေးတာဝန်ခံ အားတက်ကြသည်။ ဤလုပ်ငန်းက ပင်ပန်းဆင်းရဲပြီး ငုံးချေးနံ့၊ ဝက်ချေးနံ့က အလွန်နံသည်။ ကျန်းမာရေးမကောင်းသူ၊ ဝန်ထမ်းရဲဘက်များကို ဒုက္ခပေးနိုင်ပါသည်။ မရှုံမရှာ ကိုင်တွယ်လုပ်ကိုင်ရသည်။ နေ့နေ့ညည (၂၄)နာရီ တာဝန်က အပြည့်။ ဝက်ခြံ၌ပင် မနက်စာ၊ နေ့လယ်စာ၊ ညစာ ချက်စားကြသည်။ လူပျို့လူလွတ်များဖြစ်ကြ၍ တော်ပါသေးသည်။

ကျွန်တော်တို့ နောက်ပြောင်ခေါ်သော ကြွက်ကြီးခေါ် တပ်ကြပ်ကြီးဦးကြည်မောင်ကတော့ အိမ်ထောင်ရှိသည်။ ကလေးများလည်း အရွယ်ရောက်ကြပြီးနေသည်မှာလည်း ထောင်ဝင်းထဲက လိုင်းခန်းများတွင်မဟုတ်။ ထောင်အပြင် ရွာမအနောက်ရပ်ကွက်၌ ကိုယ်ပိုင်အိမ်ဖြင့်ဖြစ်သည်။

ထို့ကြောင့်လည်း သူက လူပျို့လူလွတ်တွေလိုပင် အိမ်သို့ပြန်ခဲပြီး ထောင်တွင်းဝက်တဲ၌ပင် အိမ်လုပ်နေသူဖြစ်သည်။ မွေးမြူရေးကေဒါဆင်း မဟုတ်သော်လည်း လွန်စွာကျွမ်းကျင်သော ဝက်ဆရာကြီးဖြစ်သည်။ ဝက်တစ်ကောင်အား မျက်စိဖြင့် ကြည့်သည်နှင့် ဘာရောဂါရှိကြောင်း တပ်အပ်ပြောနိုင်သည်။ ကိုယ်တိုင်လည်း ဆေးထိုးဆေးတိုက်လုပ်နိုင်သည်။

ကျွန်တော် သူတို့အကြောင်း အတွေးပွားနေစဉ် လှဝေက . .

''ဆရာ . . . မနေ့မနက်ကကိစ္စလေး နည်းနည်းတင်ပြချင်ပါတယ်''

''အေး . . . ပြောလေကွား ငါ ဘာကူညီရမလဲ''

''မနက်ပိုင်းညွှန်မှူး ကျွန်တော့်ဝက်ခြံကို လာစစ်တယ်ဆရာ။ ကျွန်တော်က ဝက်မကြီးတစ်ကောင် (၇)ကောင်ကျပြီး အချင်းမကျတာနဲ့ ညာသက်နဲ့ နှိုက်ထုတ်နေတုန်း ညွှန်မှူးရောက်လာတယ်။ ရဲဘက်ဘုတ်လည်း မရောက်သေးဘူး၊ စောသေးတယ်။ အဲဒါနဲ့ ကျွန်တော်က ညာလက်မသန့်တာနဲ့ ဘယ်လက်နဲ့ အလေးပြုလိုက်မိတယ်။ အဲဒါ ညွှန်မှူးက 'လှဝေ . . . မင်း စစ်ရေးပြသင်တန်း မတက်ရသေးဘူးမှတ်တယ်။ သင်တန်းပြန်တက်ဦး' လို့ပြောသွားတယ်ဆရာ။ ကျွန်တော် အခြေခံစစ်ရေးပြသင်တန်းလည်း ဆင်းပြီးသွားပါပြီ။ ပျားဂေဟာကေဒါဆင်းတစ်ယောက်ပါ . . . ဆရာရယ်။ ညွှန်မှူး



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း ရှင်းပြပေးပါဦး။ ကျွန်တော် သင်တန်းကျောင်းမှာ ပေါင်မနေချင်ဘူး''

"အေးပါ . . . မင်းက ဘွဲ့ရပြီးသား ထောင်မှူးလောင်းပါ။ ဘာ မကောင်းသေးလို့ ထောင်မှူးမဖြစ်သေးတာ အားလုံးသိပါတယ်။ ငါ ထောင်ပိုင်ကြီးတစ်ဆင့် ညွှန်မှူးကို တင်ပြပေးပါ့မယ်။ စိတ်အေးအေးသာထားပါ"

"ဟုတ်ကဲ့ . . . ဆရာ၊ အားကိုးပါတယ် ဆရာ''

လှဝေတစ်ယောက် သိလျက်နှင့် ညွှန်မှူးအား နောက်လိုက်ဟန်တူပါသည်။ နောက်ပြောင်ပြီးမှ ကြောက်ဟန်လည်း တူပါသည်။ ကျွန်တော်တို့ ထောင်မွေးမြူရေးလုပ်ငန်းတွင် မောင်လှဝေတို့လို စေတနာ ဝါသနာပါသူက ခပ်ရှားရှား။

မွေးမြူရေးလုပ်ငန်းက ဘေးပန်းဝင်ငွေ လုံးဝမရှိသဖြင့် ထောင်ဝန်ထမ်းအတော်များများက ဝါသနာလည်းမပါကြသဖြင့် မလုပ်လိုကြပါ။ တိရစ္ဆာန်တစ်ကောင်ချင်း ရင်းနှီးထားရသော တန်ဖိုးကမနည်း။ ဆေးဖိုးနှင့် အစာဖိုးကလည်း အလွန်ဈေးကြီးသည်။ ဝက်တစ်ကောင် မတော်တဆ သေဆုံးသွားပါက သောင်းဂဏန်း အရှုံးပေါ်တတ်သည်။ ထိုခေတ်က ငွေသောင်းဂဏန်းမှာ ယခု သိန်းဂဏန်းလောက် တန်ဖိုးရှိပါသည်။

ထို့ကြောင့်လည်း ကျွန်တော်က နယ်ဆင်းဝက်ဝယ်ခြင်း၊ အစာများဝယ်ခြင်း၊ ခရီးထွက်ရာတွင် လှဝေနှင့်မောင်သိန်းတို့အား ခေါ်သွားလေ့ရှိပြီး လမ်းခရီး၌ ကျွဲးမွေးပြုစုတတ်ပါသည်။ ထောင်ထဲ၌ အချိန်ကြာကြာနေရခြင်းအတွက် ထောင်ပြင်ထွက်၍ လေကောင်းလေသန့်ရှူရင်း ဖျော်ဖြေမှုရစေရန်ဖြစ်ပါသည်။

✿ ✿ ✿

[ ၃ ]

❑

ကျွန်တော် ပျားဂေဟာ ကေဒါသင်တန်း အမှတ်စဉ် (၁၄) တွင် ဆက်ရတော့ တပည့်များ စိတ်အားငယ်စွာ ကျန်ခဲ့ကြသည်။ ကျွန်တော်ကတော့ ထောင်ပြင်ထွက်ရသဖြင့် ဝမ်းသာနေပါသည်။ ကေဒါသင်တန်း၌ ကျောင်းသားပြန်ဖြစ်ပြီး စာတွေ့လက်တွေ့ သက်တန်းတက်၊ ဌာနဆိုင်ရာဝန်ထမ်းသူငယ်ချင်း မိတ်ဆွေသစ်များဖြင့် ပေါင်းသင်းမိတ်ဆွေဖြစ်ရသဖြင့် ပျော်ပါသည်။

ကျွန်တော်သင်တန်းတက်နေစဉ် ဒေါ်နီလာ၏သားကြီး ကိုအေးမောင် အယူခံနိုင်သဖြင့် ထောင်မှလွတ်လာရာ ကျွန်တော့်အား လာတွေ့ပါသည်။

"ဆရာရေ . . . ကျွန်တော်တော့ အယူခံနိုင်လို့ လွတ်သွားပြီ။ ကျွန်တော်တို့မိသားစုကလည်း ဆရာတို့ထောင်နဲ့ ပဋ္ဌာန်းဆက်ခွေမျိုးတွေထင်ပါရဲ့။ အခု အလတ်ကောင် အရက်သမား၊ ဖဲသမားငနီက ရန်ဖြစ်မှုနဲ့ ထောင်ထဲရောက်နေပြန်ပြီ။ ဆရာ မရှိတော့၊ ဆရာမ ရှိနေလို့ တော်သေးတာပေါ့။ ဆုံးဆောင်မှာပဲ ထားပေးပါတယ်။ သူက အချုပ်ဆိုတော့ မကြာခင်လွတ်မှာပါ။ ဆရာ လိုတာရှိရင်မှာပါ။ ပိတ်ရက်တွေကျရင်လည်း အိမ်မှာ ထမင်းလာစားပါ။ အပြန် ကျွန်တော် ပြန်လိုက်ပို့ပါ့မယ်။ ဒီမှာ အမေချက်ပေးလိုက်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အကြော်အလှော်တွေ။ ဒါက ညနေစာ ကျွန်တော်ဝယ်လာတာ။ ကျော်နီလင်း ငှက်ပျောသီးနဲ့ ငါးသုံးလုံးစီးကရက် တစ်တောင့်''

''အေး ... ကျေးဇူးပဲ ... ကိုအေးမောင်ရေ၊ ဒီမှာက အစား အသောက်က အတော်ညံ့တယ်။ အသားဟင်းတော့ ညမနက် ကျွေးပါရဲ့၊ အရွယ်ရောက်သူဆိုတော့ ဟင်းလက်ရာက အတော်ညံ့တာ။ ဒါကြောင့် ပြည်စွက် ထမင်းမြစ် သူငယ်ချင်းကိုအုန်းသွယ်က လျှပ်စစ်မီးဖိုကလေးနဲ့ နိုးချက်ပေးလို့ စားနိုင်သောက်နိုင်ပါတယ်။ ပိတ်ရက်ကျတော့ အပေါင်းအသင်းတွေက ကိုယ့် အိမ်တို လိုက်စားကြတာ''

''ကျွန်တော်တို့အိမ်ကိုလည်း ခေါ်ခဲ့ပါဆရာ။ ကျွန်တော် ကျွေးမွေး ပြုစုပါ့မယ်''

''အေး ... အေး ... တစ်ခါတလေ ခေါ်ခဲ့တာပေါ့''

ကိုအေးမောင်ပြန်သွားပြီး ကျွန်တော် တနင်္ဂနွေပိတ်ရက်အိမ်ပြန် တော့ ထောင်တွင်းမွေးမြူရေးလုပ်ငန်းသို့ အလည်ရောက်ဖြစ်သည်။ ကိုအေး မောင်ညီ ငနီကိုတွေ့ရ၍ အားပေးရသေးသည်။ သူက ထောင်ထဲရောက် တော့ အရက်ပြတ်သွားသဖြင့် အသားအရေ စိုပြေနေပါသည်။

''ဆရာ ... ကျွန်တော် ထောင်ထဲမှာ ပျော်တယ်ဆရာ''

''အေး ... အေး ... ပျော်ရင်လည်း ထောင်ကျအောင် ကြိုးစား ပေါ့''

''ဟာ ... ဆရာကလည်း နိမိတ်မရှိ၊ နမာမရှိ ဖွဟဲ့ လွဲပါစေ''

''မင်းပဲ ယောင်ထဲမှာနေရတာ ပျော်တယ်ဆို''

''သဘောပြောတာပါ ... ဆရာရယ်။ အပြင်မှာလိုတော့ ဘယ် လွတ်လပ်ပါ့မလဲ။ ထောင်ကကျွေးတဲ့ ထမင်း၊ ဟင်းတွေကညံ့ပေမဲ့ အိမ်က ထောင်ဝင်စာလာပို့တဲ့ ဟင်းနဲ့ အကြော်အဖန် ချက်စားကြတော့လည်း မြိန် တာပေါ့။ ဒါပေမဲ့ ဆရာမရှိတော့ တစ်ခါတလေ ပျင်းတယ်ဗျာ''

''ငါက သင်တန်းဆင်းဖို့ နှစ်လခွဲလောက် လိုသေးတယ်။ မင်းအမှု က ရန်ဖြစ်မှု၊ နှစ်ဖက်ကျေအေးပြီး လျှော်ကြေးပေးလိုက်ရင် ပြီးပါတယ်။ မကြာခင် လွတ်မှာပါ။ အဲ ... ငါ့ကို စောင့်ချင်လည်း စောင့်ပေါ့ကွာ''





''ဟဲ ... ဟဲ ... ဒါတော့မဖြစ်ဘူး ဆရာ။ ကျွန်တော် အခု ငုံးဥ ဆောက်စက်ခန်းမှာ တာဝန်ကျတယ်ဆရာ။ ဆရာဦးဝင်းသိန်းသင်ပေးလို့ ငုံးဥ ဆောက်စက်၊ အပူဒီဂရီချိန်တာတို့၊ လင်ဗန်းလှည့်တာတို့၊ စက်ပြင်တာတို့ ကျွမ်းကျင်နေပြီ။ ဆရာကိုလှဝေကလည်း ဝက်မွေးမြူရေးကို သင်ပေးတယ်။ အပြင်ရောက်ရင် ကျွန်တော် ငုံး၊ ဝက်၊ ကြက် မွေးတော့မယ်။ ဆရာ ... အကြည့်ပေးဦးနော်''

''ဝင်ဒါမိယာခြံထဲမှာ မွေးလို့တော့မဖြစ်ဘူး ဟေ့ကောင်ရေ။ အဲဒီ အိမ်ရှေ့နွားတွေက အလွန်နုံတာ။ ပတ်ဝန်းကျင်ခြံတွေနဲ့ ပြဿနာဖြစ်ကုန်မယ်''

''အဲဒီမှာ မမွေးပါဘူး ... ဆရာ။ အင်းစိန်၊ ဘိုကုန်းမှာ အဖေ ဝယ်ထားတဲ့ ခြံကျယ်ကြီးရှိတယ်။ အင်းစိန်မှာ မွေးမှာပါ''

''အေးကွာ ... သာဓုပါ။ ဒီစကားကြားရတော့ မင်းမိဘတွေ၊ အစ်ကိုတွေပါသိကြရင် အလွန်ဝမ်းသာကြမှာပါပဲ။ ကိုယ်ရှာဖွေတဲ့ငွေနဲ့ ကိုယ် သုံးတာ ပြဿနာမရှိပါဘူး။ အဲ ... ဒါပေမဲ့ လုပ်ငန်းဗန်းပြပြီး အပေါင်း အသင်းတွေနဲ့ အရက်ဝိုင်း၊ ဖဲဝိုင်းချည်း ဖွဲ့နေရင်တော့ အရင်းပါ ပြုတ်လိမ့် မယ်။ တိရစ္ဆာန်ဆိုတာက အသက်ရှိသတ္တဝါတွေ၊ ပျင်းလို့ ဝီရိယမရှိလို့ ဂရု မစိုက်နိုင်ရင်တော့ ကုန်မှာပဲ''

''ကျွန်တော် ဝါသနာပါပါတယ်။ ဂရုလည်း စိုက်မှာပါ''

''အေး ... အေး ... ငါစောင့်ကြည့်နေပါ့မယ်။ အကူအညီလည်း ပေးပါ့မယ်''

''ကျေးဇူးတင်ပါတယ် ဆရာ''

ထိုနေ့က ကျွန်တော် ငုံးမွေးမြူရေးအပြင် လှဝေ၏ ဝက်ခြံ၊ ကြက် ခြံနှင့် ဦးကြည်မောင်တို့ ထောင်အနောက် ဝက်ခြံ၊ ကြက်ခြံများသို့ လှည့် လည်ရင်း နေ့လယ်စာ အကြော်အဖန်ဟင်းနှင့် ထမင်းစားခဲ့ပါသည်။ အိမ်ပြန် ရောက်တော့ ရေချိုးပြီး အနားယူနေစဉ် ညနေပိုင်း၌ ကိုအေးမောင် ညနေစာ ထမင်း ကားဖြင့်လာခေါ်သဖြင့် ဒေါ်ခင်မြကြွယ်နှင့် ကျွန်တော်တို့ ညစာ စားသောက်စားရသည်။ အလတ်ကောင် ငနီအကြောင်းပြောပြတော့ မိဘများ သဘောကျနေကြသည်။ ကိုအေးမောင်ကတော့ ...



www.burmeseclassic.com

www.burmeseclassic.com



"ဆရာရယ် . . . ဒီကောင့်စကားများ ယုံလို့ အရက်ကြောင်ပြီး ပေါက်တတ်ကရ ပြောတာနေမှာပါ"

"သားကြီးကလည်း အလတ်ကောင် ဒီတစ်ခါပဲ အလုပ်လုပ်မယ်လို့ ပြောဖူးတာ၊ နားချမ်းသာပါတယ်ကွယ်"

ဒေါ်နီလာက ဝင်ပြောခြင်းဖြစ်သည်။

အဖေလုပ်သူ ဦးလေးနွယ်ကတော့ . . .

"ဟင်း . . . ဒီကောင်သားလတ်လား။ လက်ကြောတင်းမှာ။ မယုံရင် မင်း အရင်းနှီးထုတ်ပေးလိုက်၊ ဘယ်နှရက်ခံမလဲလို့"

"ဩော် . . . အဖေကလည်း ကျွန်မလည်း ထိန်းမယ်။ ဆရာတို့ကိုလည်း အကူအညီတောင်းရမှာပေါ့"

"ဟုတ်ပါတယ် . . . ဦးလေးရယ်။ ကျွန်တော်တို့လည်း နီးပါတယ်။ မကြာမကြာ သွားကြည့်ပေးပါ့မယ်။ စောင့်လည်း ကြည့်ပါဦး"

ထိုညက စားသောက်ပြီး ကျွန်တော်ပြန်တော့ ကိုအေးမောင်က ကျွန်တော့်အား ဖျားဂေဟာအိပ်ဆောင်အထိ ကားဖြင့် လိုက်ပို့ပြီး ဒေါ်ခင်မြကြွယ်အား အင်းစိန်ထောင်ဝင်းထဲအထိ လိုက်ပို့ပါသည်။

ကျွန်တော်လေးလခွဲ ဖျားဂေဟာတွင် သင်တန်းတက်ရပြီး သင်တန်းဆင်းတော့ အချုပ်ရုံးတွင် ထောင်မှူးကြီးဦးတင်ထွန်းနှင့် တွဲဘက်ပြီး တာဝန်ထမ်းဆောင်ရသည်။ ထိုအချိန်တွင် အလည်ရောက်လာသူက ကိုအေးမောင်၏ဖခင်ကြီး ဒေါ်နီလာ၏ခင်ပွန်း ဦးလေးနွယ်ကိုယ်တိုင်ဖြစ်နေသည်။ ကျောက်စိမ်းမှု ၁၄ (ဒ) ပုဒ်မဖြင့် အချုပ်ခံရခြင်းဖြစ်သည်။

အလတ်ကောင်ငနီကတော့ နှစ်ဖက်ကျေအေးသဖြင့် လွတ်မြောက်သွားပြီဖြစ်သည်။ ဦးလေးနွယ်ခန့်မှန်းသလို ဘိုကုန်းခြံ၌ မွေးမြူရေးလုပ်သော်လည်း မိဘနှင့်ဝေးပြီး ဖဲဝိုင်း၊ အရက်ဝိုင်းအား လုပ်နေသဖြင့် အရှုံးကြီးရှုံး၍ လုပ်ငန်းပါပြုတ်သွားသည့်အပြင် အသည်းရောင်ရောဂါဖြင့် ဆေးရုံတက်နေရရာမှ သေဆုံးသွားရှာသည်။

❀ ❀ ❀

[ ၄ ]

❑

ကျွန်တော်နှင့် ဦးလေးနွယ်တွေ့တော့ ကျွန်တော်က သူ့ကို အချုပ်ခန်းခေါ်၍ စောင့်ရှောက်ထားသည်။

"ဦးလေး . . . ဒါလောက် ချမ်းသာနေတာ ကျောက်စိမ်းချစရာလိုသေးလို့လား"

"ခွင်ကြီးတယ် . . . ဆရာ၊ ဝယ်လက်က အဆင်သင့်ရှိတယ်။ လွယ်လွယ်နဲ့ ငွေရမှာ သိန်းပေါင်းများစွာ ရမှာဆိုတော့ ကိုယ်တိုင်ရင်းလိုက်ရတာ"

"အေးပေါ့ဗျာ . . . စီးပွားဥစ္စာဆိုတာလည်း ရင်းနိုင်မှ ရမှာပေါ့။ ကျွန်တော်တို့ကတော့ လောဘနည်းလို့လား မသိဘူး။ နောက်ပြီး ဥပဒေဘက်တော်သားဆိုတော့ မရင်းရဲဘူး . . . ဦးလေးရေ"

"အင်း . . . ဒါလည်း ဟုတ်ပါတယ်။ ကျွန်တော်တို့ကတော့ စီးပွားရေးသမားတွေလေ။ မြိုးမြိုးမြက်မြက်ကလေးရရင် လုပ်ကြရတာပေါ့လေ။ ဒါပေမဲ့ ကိစ္စတော့မရှိပါဘူး။ ကျွန်တော့်မှာ ဆိုင်ရာပိုင်ရာတွေ ရှိပါတယ်။ ဆက်ပူးလက်ကြပ်မိတော့လည်း ထောင်ကျမှာတော့ သေချာပါတယ်။

ကားပေါ်မှာ တပည့်နှစ်ယောက်ပါတော့ သူတို့ကို လွှဲချရင်လည်းရပါတယ်။ သစ္စာရှိတပည့်ရင်းတွေမို့ သူတို့ကလည်း ပြစ်ဒဏ်ခံဖို့ အဆင်

www.burmeseclassic.com



သင့်ပါ။ ဒါပေမဲ့ ကျွန်တော်လက်မခံဘဲ ကိုယ်တိုင်ဝင်လာတာပါ။ ထောင်ရောက်နေသည်မှာ ကြာပေါ့။ တူတော်မောင်လည်း ရှိနေတာပဲ၊ မဟုတ်ဘူးလား"

"အင်း ... ဟုတ်တော့ဟုတ်ပါတယ် ... ဦးလေးရယ်။ ဒါပေမဲ့ ဦးလေးတို့စီးပွားရေး ထိခိုက်တာပေါ့"

"အတွေ့အကြုံဆိုတာ ငွေနဲ့ ဝယ်ချင်တိုင်း ဝယ်လို့ရတာ မဟုတ်ဘူးလေ ... ဆရာရဲ့"

"ဦးလေးတို့ကို ဘယ်မှာဖမ်းမိတာလဲ"

"ထောက်ကြံ့ဂိတ်မှာပေါ့။ တပည့်တစ်ဦးကိုလည်း ကုန်းကြောင်း လျှောက်ပြီး အသယ်ခိုင်းရင်ဖြစ်စေ၊ ဘတ်စ်ကားစီးပြီး ဖြတ်ခိုင်းရင် ဖြစ်စေ လွတ်ပါတယ်။ ကျွန်တော်ကိုကပေါ့တာ။ ဒါတောင် ဂိတ်စစ်ဆေးရေးက လွတ် လာပြီးမှ စာရေးက ကားနံပါတ်နဲ့ နာမည်မေးတာနဲ့ အမှန်အတိုင်းဖြေလိုက် မိတာ။ တစ်ခါတစ်ရံ လိမ်တာဟာ အကျိုးရှိကြောင်း အခုမှ သဘောပေါက် တော့တယ် ... ဆရာရေ"

"ဦးလေး ... ကျွန်တော် သဘောမပေါက်ဘူး။ ကားနံပါတ်နဲ့ နာမည်သိတာနဲ့ ကျောက်စိမ်းချလာမှန်း သိရောတဲ့လား"

"ဆရာရေ ... မြှိုင်ဘက်က တိုင်လိုက်တာလေ။ စစ်ဆေးရေးအဖွဲ့ က ကားတွေတန်းစီနေတော့ ဘတ်စ်ကားကြီးတွေကို လွှတ်ပေးတယ်။ ကျွန် တော့်ကားက PUBLICA (pick up) ကား။ နောက်ပိုင်းမှာ အိမ်အတွက် လက်ဆောင်ပစ္စည်းလေးတွေနဲ့ သနပ်ခါးတုံးတွေလောက်သာပါတာ ရှင်းနေ တာပဲ။ တပည့်တစ်ဦးက ကျောက်စိမ်းတုံးကိုအဝတ်ပတ်ပြီး ခေါင်းအုံးအဖြစ် လာတာ။ အဲဒါကြောင့် နောက်ခန်းမှာမရှာဘဲ ဒရိုင်ဘာခန်းပဲရှာတာ ဘာမှ ရှာမတွေ့တော့ လွှတ်ပေးတာပေါ့။ နာမည်ပြောလိုက်တော့မှ မှတ်မိကြပြီး ဖမ်းကြတော့တာ"

"အင်း ... ဦးလေးလည်း စုံထောက်ဉာဏ်ရှိသားပဲ။ ကျောက် စကားနဲ့ ပြောရရင်တော့ ပြချက်ကို ပေါ်တင်ပြပြီး ပုန်းလို့ဝှက်လို့ရတဲ့နေရာ မှာ ဘာမှမထားတာပေါ့နော်"

စိတ်ကူးသစ်စာပေ



"ဟုတ်ပါ့ဗျာ ...။ လွယ်လွယ်လေးနဲ့ မသိအောင် ပေါ်တင်လိမ် ရသည်ပဲ။ ရိုးရှင်းကြောင်း အတည်ပေါက်ကြီးနဲ့ လိမ်တာ။ ဒါကြောင့် တူမောင် လည်း မှတ်ထား။ ရှင်းလေ လျှို့ဝှက်လေပဲ"

"ဟုတ်ကဲ့ပါ ... ဦးလေး"

ဦးလေးနွယ် အချုပ်ခံရပြီး (၆) လခန့်ကြာတော့ လွတ်သည်။ သူ၏ ပိုင်ရာဆိုင်ရာများက ကူညီသတဲ့။ ပစ္စည်းတော့ အသိမ်းခံရသည်။ စီးလာ သောကားကိုတော့ လွှတ်ပေးသည်။ ဦးလေးနွယ်တို့ကတော့ ထိုခေတ်က ကျောက်ရာဇဝင်လောက်ကို ဂရုစိုက်ဟန်မတူပါ။

၁၉၈၀ ခုနှစ်တွင် ကျွန်တော် အိမ်ထောင်ကျပြီး ၁၉၈၁ ခုနှစ်၌ သမီးလေးတစ်ဦးမွေးသည်။ ၁၉၈၄ ခုနှစ်၌ ကျွန်တော် ဆီအုန်းစိုက်ပျိုးရေး စခန်းသို့ ပြောင်းရွှေ့မိန့်ထွက်လာတော့ ဦးလေးနွယ်တို့မိသားစုက ကျွန်တော့် အား ဝင်ဒါမီယာခြံကြီးထဲတွင် ဂုဏ်ပြုနှုတ်ဆက်ပွဲ လုပ်ပေးသည်။

"ဆရာ ... စိတ်ချလက်ချသွားပါ။ ဆရာမအတွက် ကျွန်တော်တို့ မိသားစုက ပြုစုစောင့်ရှောက်ပါ့မယ်"

"ကျေးဇူးပဲ ... ကိုအေးမောင်။ ကျွန်တော့်အမျိုးသမီးကလည်း သမီးကလေးရှိနေတော့ အရင်လို အသွားအလာ သိပ်မရှိပါဘူး။ ဈေးဝယ် တာလည်း အင်းစိန်ဈေးကြီးက နီးတော့ အဆင်ပြေပါတယ်။ အိမ်မှာလည်း အိမ်ဖော်မလေးနှစ်ယောက်တောင်ရှိတယ်။ အမျိုးသမီး ညီမကလည်း အတူ နေတော့ အဖော်ရပါတယ်။ အလုပ်ပိတ်ရက် သွားစရာဆိုလို့လည်း ကျွန်တော့် ညီမတွေအိမ်နဲ့ ကိုအေးမောင်တို့အိမ်ပဲ ရှိတာပါ"

"စိတ်ချပါ ... ဆရာ"

ကျွန်တော် နောက်တစ်နေ့ညနေတွင် ပန်းဆိုးတန်းဆိပ်ကမ်း ဆင်း သည်။ အမျိုးသမီးနှင့် အေးမောင်တို့ မိသားစုတစ်စုလုံး လာရောက်နှုတ် ဆက်ပြီး လက်ဆောင်နှင့် ဆေးဝါးများ ပေးကြသည်။ ကျွန်တော် မြစ်ကြီးနား သင်္ဘောကြီးဖြင့် ထွက်ခွာလာတော့ လက်ပြရင်း ကျန်ရစ်ခဲ့ကြသည်။ ကျွန် တော် ထောင်မှူးဘဝတွင် ခရီးထွက်ရသည်က မဆန်းတော့။ ဤတစ်ခါခရီး ကတော့ အဝေးဆုံးနှင့် အကြာဆုံး ဖြစ်ပေလိမ့်မည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ကော့သောင်းစခန်းများတွင် ၁၉၈၄ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ (၂)နှစ် တာဝန်ထမ်းဆောင်ရပြီး ထောင်မှူးကြီးရာထူးသို့ တိုးမြှင့်ခန့်ထားခြင်း ခံရပါသည်။ တာဝန်ထမ်းဆောင်ပြီးတော့ မိခင် ထောင်အင်းစိန်သို့ ပြန်ဝင်ရသည်။ မွေးမြူရေးလုပ်ငန်းများ အရှုံးပေါ်သဖြင့် ရုပ်သိမ်းလိုက်ပြီဖြစ်သည်။

ထောင်တွင်း အိပ်ဆောင်အမှတ် (၂)၌ အဆောင်မှူး အချုပ်ရုံး တာဝန်ခံ၊ ထောင်တွင်းပုံသေပစ္စည်းများ တာဝန်ခံအဖြစ် တာဝန်ထမ်းဆောင်ရသည်။ ထောင်တွင်းအခြေအနေမှာ အတောင်ပလောင်များ မရှိတော့၍ အလွန်သန့်ရှင်းနေသည်။ အိပ်ဆောင်များအား အဆောင်မှူးများက အပြိုင်အဆိုင် အလှအပဆင်၍ ပန်းပင်များစိုက်ပျိုးထားကြသည်မှာ လွန်စွာ လှပတင့်တယ်ပါသည်။

ထိုအချိန် ထောင်တွင်းအကျဉ်းသား၊ အချုပ်သားအင်အားက အလွန်များသည်။ (၁၀၀၀–၁၁၀၀၀)ခန့် ရှိနေသည်။ သေဒဏ်အကျဉ်းသားကလည်းများ၊ ကြိုးအထိစီရင်သည်မှာလည်း တဖြိမ်းဖြိမ်း၊ ထိုစဉ်က အင်းစိန်ထောင်အား အုပ်ချုပ်သူမှာ မြွေပွေးစိန်ဖြေးခေါ် လွန်စွာ စည်းကမ်းကြီးသော ထောင်ပိုင်ကြီး ဦးစိန်ဖြေးဖြစ်သည်။ စည်းကမ်းပျက်နေသော မန္တလေးထောင်ကြီးကိုလည်း တည်ငြိမ်အောင် အုပ်ချုပ်လာနိုင်ခဲ့သူဖြစ်သလို အင်းစိန်ထောင်ကြီးကိုလည်း စည်းနှင့်ကမ်းနှင့် ငြိမ်သက်အောင် အုပ်ချုပ်နိုင်သည်။

သို့သော် ၁၉၈၈ ခုနှစ်၊ ဩဂုတ်လ (၈)ရက်နေ့ရောက်တော့ ပြင်ပလူထုအုံကြွမှုများ၊ ထောင်အတွင်း ကူးစက်လာပြီး ထောင်ထမှုကြီး ဖြစ်တော့သည်။ ထိုအချိန်က ကျွန်တော်သည် အိပ်ဆောင်အမှတ် (၅) (ယိုးဒယားအကျဉ်းသားနှင့် အပြင်ဘုတ်များ) အဆောင်မှူးဖြစ်ပြီး ထောင်အပြင်လုံခြုံရေးကို တပ်စိတ်တစ်စိတ်ဖြင့် ကင်းလှည့်နေရသော အချိန်ဖြစ်ပါသည်။ ထို့ကြောင့် ထောင်တွင်းအခြေအနေဖြင့် ကင်းဝေးနေသည်။

အင်္ဂလိပ်ခေတ်ကတည်းက ဆောက်လုပ်ခဲ့သော အင်းစိန်ထောင်ကြီး မီးလောင်သွားတော့ ကျွန်တော်တို့ အင်းစိန်ရွာမရှိ အကျဉ်းဦးစီးဌာန (ရုံးချုပ်)သို့ ပြောင်းတာဝန်ထမ်းဆောင်ရသည်။ ကျွန်တော် တာဝန်ကျ





သည့်မှာ စီမံကိန်းဌာန။ ထို့နောက် အကျဉ်းဦးစီးဌာန၊ ဝန်ထမ်းလေ့ကျင့်ရေး သင်တန်းကျောင်းတွင် ဒုတိယကျောင်းအုပ်အဖြစ် တာဝန်ထမ်းဆောင်ရပြန်သည်။

ထိုအချိန်တွင် ဦးလေးနွယ်+ဒေါ်နီလာတို့၏ သားငယ်မျိုးမင်းဆေးမှုဖြင့် ထောင်တွင်းရောက်သဖြင့် ကြည့်ရှုကူညီရသေးသည်။ ကျွန်တော်ကလည်း ထောင်အပြင်၌ တာဝန်ထမ်းဆောင်နေရသဖြင့် ယခင်လိုတော့ ကိုယ်ဖိဆိမ် အနီးကပ်တော့ မပြုစုနိုင်ပါ။

(၆)လခန့်အကြာ ကျွန်တော် သင်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်နေရာမှ ဒုတိယညွှန်ကြားရေးမှူးချုပ်ဖြင့် အဆင်မပြေသဖြင့် မြစ်ကြီးနား–ဆွမ်ပရာဘွန် လမ်းဖောက်လုပ်ရေးစခန်းသို့ ပြောင်းရွှေ့မိန့် ထွက်လာခဲ့သည်။ ကမောက်ကမ အချိန်ကာလဖြစ်သဖြင့် တောပျော် ကျွန်တော် နေကုန်က မခွာချင်သေးပါ။

သို့သော်လည်း သူ့ဆန်စားရဲရမည်ဖြစ်သဖြင့် ကျွန်တော်ခရီးရှည်ထွက်ရန် ပြင်ဆင်နေစဉ် အငယ်ကောင်မောင်မျိုးမင်းက သူပါ ဆွမ်ပရာဘွန်စခန်းလိုက်လိုကြောင်း ပူဆာလာပြန်သည်။ ကျွန်တော် မခေါ်လိုပါ။ ရှေ့တန်းစခန်းဖြစ်၍ ကျွန်တော့်ကိုယ် ကျွန်တော်တောင် အစိုးမရ။ သူ့ကို တာဝန်ယူနိုင်ဖွယ် မရှိပါ။

သို့သော်လည်း ကျွန်တော် အင်းစိန်ထောင်တွင်မရှိလျှင် မောင်မျိုးမင်းအား စိတ်မချဟုဆိုကာ ဒေါ်နီလာနှင့် ဦးလေးနွယ်တို့သာမက ကိုအေးမောင်ကပါ အကူအညီတောင်းလာသဖြင့် မောင်မျိုးမင်းကို ဆွမ်ပရာဘွန်စခန်းသို့ခေါ်ရန် စာရင်းသွင်းရပြန်သည်။ ထို့ကြောင့် ရဲဘက် (၄၀၀)၊ စင်းလုံးရထားကြီးဖြင့် ကျွန်တော်တို့ ၁၉၉၁ ခုနှစ်၊ ဇန်နဝါရီလထဲတွင် စခန်းထွက်ခဲ့ကြပါသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၅ ]

❑

တာဝန်ခံဖြစ်သဖြင့် ကျွန်တော် စိတ်ညစ်နေရသော်လည်း ရဲဘော်များက အပြင်ခရီးရှည်ထွက်ရသဖြင့် ပျော်ကြသည်။ မောင်မျိုးမင်းကလည်း ပျော်နေပါသည်။ (ppc) ခေါ် ရဲဘော်များအပ်နှံငွေကို ထုတ်ပေးထားသဖြင့် တစ်လမ်းလုံး ဈေးသည်များထံမှ ဝယ်စားကြသည်။

ထိုအချိန် ဝန်ထမ်းတစ်ဦးက မောင်မျိုးမင်းခေါင်းဆောင်၍ သောက်ရေပုံးမှာပြီး ထိုပုံးထဲ၌ အရက်ပုလင်းပါကြောင်း သတင်းပို့သောကြောင့် ကျွန်တော်စစ်ဆေးလိုက်ရာ မှန်ကန်သဖြင့် မောင်မျိုးမင်းအား ကျွန်တော့်အနီး ခေါ်ထားလိုက်သည်။ ထိုအခါမှ ပိုဆိုးတော့သည်။

ကျွန်တော် တောထဲရောက်ပါက သောက်ရန် ဆေးဖြစ်ဝါးဖြစ်ဆောင်လာသော အာမီရမ် (၂)လုံးအား တစ်ညတည်း ခိုးသောက်ပစ်လိုက်သဖြင့် နောက်နေ့မနက်တွင် သတိမေ့သလိုဖြစ်ပြီး အိပ်ရာထဲကပင် မထနိုင်တော့ပါ။

ဒီကောင်လေးနှင့် ဒီပုံစံအတိုင်း စခန်းသွားရလျှင် ကျွန်တော့်ညီအနေဖြင့် ကျွန်တော်သာ ဒုက္ခရောက်ရတော့မည်။ မြစ်ကြီးနား ပိုးစာခြံရဲဘော်စခန်းရောက်တော့ မောင်မျိုးမင်း ခြေငြိမ်နေပြန်သည်။ ကျွန်တော်ကလည်း ဆွမ်ပရာဘွန်စခန်းသို့ စခန်းတာဝန်ခံအနေဖြင့် ထွက်ရမည်ဖြစ်သော





ကြောင့် မအားလပ်ပါ။ သူ့ကိုလည်း လှည့်မကြည့်နိုင်ပါ။ နောက်ရက်ကျ စခန်းထွက်ရမည့်နေ့တွင် အားလုံးပြင်ဆင်ပြီး ရဲဘော်နှင့်ရိက္ခာများ ကားပေါ်တင်နေစဉ် ဝန်ထမ်းတစ်ဦးက လာ၍ သတင်းပို့ပါသည်။

"ဆရာ . . . ဆရာ့ညီ အခြေအနေမကောင်းဘူး။ သတိမေ့နေလို့ဆေးမှူးပြုစုနေတယ်"

"ဟေ . . . ဘာကြောင့်လဲ။ နေမကောင်းလို့လား"

"မဟုတ်ဘူး . . . ဆရာ၊ ညက ဝန်ထမ်းနဲ့ပေါင်းပြီး ကချင်အရက်အချတာ များသွားတာနေမှာပါ"

"အေး . . . ကောင်းကွာ။ ဒီပုံစံအတိုင်းဆိုရင် လမ်းမှာ တပ်ကဆောက်တွေနဲ့ ပြဿနာဖြစ်တော့မှာပဲ။ ထားခဲ့မှဖြစ်တော့မယ်"

ကျွန်တော် ပိုးစာခြံရဲဘော်စခန်းတာဝန်ခံ ဦးငွေစံနှင့်ညှိပြီး မောင်မျိုးမင်းအစား ရဲဘော်ဦးရေ (၄၀၀) ပြည့်စေရန် စခန်းက ရဲဘော်တစ်ဦးအား အစားထိုးထည့်ရသည်။ မောင်မျိုးမင်းအား စောင့်ရှောက်ရန်အတွက်လည်း စခန်းတာဝန်ခံ ဦးငွေစံနှင့် ဦးကျင်မောင်သန်းတို့အား အပ်နှံခဲ့သည်။ သူ့အတွက် အဝတ်အစား၊ အသုံးအဆောင်နှင့် ငွေကြေးကိုပါ အပ်နှံခဲ့ပါသည်။

ထိုမနက် (CONVOY) ယာဉ်တန်းဖြင့် ကား (၃၇) စီးထွက်လာခဲ့သော်လည်း ကျွန်တော် စိတ်မချပါ။ ကျန်နေခဲ့သော မောင်မျိုးမင်းအတွက် ကျွန်တော် နောက်ဆံတင်းနေမိသည်။ လမ်းခရီးကဆိုး၊ ကားကပျက်နှင့် မြစ်ကြီးနားနှင့် ဆွမ်ပရာဘွန်ခရီး (၈၇) မိုင်ကို (၆) ညအိပ် (၇) ရက်ကြာ ကျွဲလှည်းလှည့်ပေါင်းများစွာဖြင့် သွားရသည်။

ကျွန်တော် ဆွမ်ပရာဘွန် (ဒရှခရဲဘော်စခန်း)အား ဆောက်လုပ်ပြီး အထိုင်ကျတော့ စခန်းသက် (၄) လပြည့်ပြီ။ ကြိုတင်ပြင်ဆင်ထားသော ရိက္ခာစာအမိန့်လည်း ကျလာသဖြင့် မြန်မာပြည်မြောက်ပိုင်း မိုးဦးကျကာလအမှာပင် တံတားနှင့်လမ်းများမပျက်မီ ကသုတ်ကရက် ပြန်လာခဲ့ရပါသည်။

ကားမပျက်၊ ဝန်မပါတော့လည်း (၂)ညအိပ်ခန့်ဖြင့် မြစ်ကြီးနား ပိုးစာစခန်းသို့ ချောမောစွာ ပြန်ရောက်ပါသည်။ အလုပ်က ထွက်ခွင့်ရပြီဖြစ်သဖြင့် စိတ်တော့ အတော်ပေါ့သွားပါသည်။ သကြန်တွင်းဖြစ်၍ မြစ်ကြီးနား



www.burmeseclassic.com

www.burmeseclassic.com



တွင် အနားယူရင်း မောင်မျိုးမင်းအကြောင်း စုံစမ်းကြည့်တော့ စခန်းတာဝန်ခံ ဦးငွေစံက ...

"ကိုသိန်းဝင်းရေ ... ခင်ဗျားညီက အတော်ဆိုးတာဗျ။ အရက် နဲ့သောက်တာ ခင်ဗျားမျက်နှာနဲ့ ကျွန်တော် မသိဟန်ဆောင်နေပေမဲ့ ဒီမှာ ထွက်တဲ့တိန်းမဲကို ရအောင်ရှာပြီး စားပြန်တော့ ကျွန်တော်လည်း မတတ်နိုင် တော့ဘူး။

အဲဒါ ခင်ဗျားသူငယ်ချင်း ဦးကျင်မောင်သန်းက သူ့ကိုယ်တ ခင်ဗျား ဆွမ်ပရာဘွန်စခန်းသွားပေးတာ ကျေးဇူးရှိတယ်ဆိုပြီး သူထွက်ရ ခန္တီးစခန်းသစ်ကို ခေါ်သွားလေရဲ့။ အခု မနေ့တစ်နေ့က စက်နဲ့ သတင်းပို့ အထဲမှာ ပါတာကတော့ မောင်မျိုးမင်းစခန်းက ထွက်ပြေးသွားသတဲ့။ ပြန်ဖ မိခြင်းမရှိ။ အိန္ဒိယဘက်ကို ပြေးတယ်လို့ ယူဆသတဲ့"

"အေးဗျာ ... ကျေးဇူးပဲ ကိုငွေစံ။ ဖြစ်သမျှအကြောင်း အကောင် ပေါ့ဗျာ။ ကျွန်တော်သွားတဲ့ ဆွမ်မရာဘွန်စခန်း ခေါ်သွားမိရင်လည်း ကျွ တော်က အလုပ်ထွက်လာခဲ့တော့ သူပြန်ခေါ်လာနိုင်မှာ မဟုတ်ဘူး"

"အေးဗျာ ... သူ့ကံကြမ္မာ သူဖန်တီးတာပဲ။ ဘယ်တတ်နိုင် မလဲ"

ကျွန်တော် ရန်ကုန်ပြန်ရောက်တော့ မောင်မျိုးမင်းအကြောင်း မိသ များအား အကျိုးအကြောင်း ပြောပြရသည်။ သူတို့ထံသို့လည်း စာမလာ သတင်းမကြားပါတဲ့။ ယခု ဤဝတ္ထုကိုရေးနေချိန်တွင် နှစ်ပေါင်း(၂၀) ကျော် လာခဲ့ပါပြီ။ မောင်မျိုးမင်း၏ သတင်းစကား၊ အဆက်အသွယ် မရရှိတော့ပါ ပဋ္ဌာန်းဆက် ကျွန်တော်တို့ဖိုးမောင်နှံနှင့် ဒေါ်နီလာတို့မိသားစုကတော့ ဆွေ မျိုးအရင်းအချာများသဖွယ် အဆက်အသွယ်မပြတ်သေးပါ။ ဘဝဟောင်းက ပဋ္ဌာန်းဆက်ဆွေမျိုးများ ဖြစ်ကြပါလိမ့်မည်။





www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

သူတို့နှစ်ယောက် ချစ်ကြသည်ဆိုတုန်းကလည်း တော်တော့်ကို ချစ်ကြသည်။

သူတို့နှစ်ယောက်အနက် တစ်ယောက်က စိတ်ထဲမှာ ကြိတ်မုန်းပြီး ချစ်ချင်ယောင်ဆောင်နေခဲ့သည်။

သူတို့နှစ်ယောက်ဆိုတာက ဦးအောင်မင်းနှင့် ခင်လေးသိမ့်တို့ပင်။

အဘယ်မျှ မုန်းတီးသနည်းဆိုလျှင် ခင်လေးသိမ့်ကား ဦးအောင်မင်းကို အသေသတ်ပစ်ချင်လောက်အောင် မုန်းတီးစက်ဆုပ်နေခဲ့သော အကြောင်းရင်းခံ ရှိနေခဲ့ခြင်းပင်။

ကာယကံရှင်တစ်ဦးက နောက်ဆုံးစာရင်းရှင်းရန် အချိန်ဇယား ပြုလုပ်ထားခဲ့သလို ဖြစ်လေပြီ။ ထိုအချိန်အချက်ကား ကာယကံရှင် နှစ်ဦးစလုံးမသိလိုက်ရသော တမလွန်မှ ရက်ချိန်းတစ်ခုဟု ပြောမည်ဆိုပါက ပြောလျှင် ရလောက်သည်။

✿ ✿ ✿

[ ၂ ]

❑

မောင်အောင်မင်းကား သွေးအေးသည်။

သွေးအေးသလောက်လည်း ရက်စက်ကြမ်းကြုတ်သည်။

အသက်အရွယ် ငယ်နုစဉ်ကဆိုလျှင် သူ့ကို 'လမ်းသရဲ'၊ 'ကစားသမား'၊ 'ထောင်ထွက်'၊ 'ကလေကချေ' ဟု အများက သတ်မှတ်ခေါ်ဆိုတာ သူနှင့်ရွယ်တူ မိကောင်းဖခင်သားသမီးတွေက ရှောင်ကြသည်။ အပေါင်းအသင်း မလုပ်ကြ။

သူတို့မြို့တွင် ဆိုးသွမ်းလူငယ်စာရင်းပေါက်နေသော မောင်အောင်မင်းနှင့် သူတို့သားသမီးတွေကို အပေါင်းသင်းမလုပ်မိကြစေရန် မိဘတွေက တားမြစ်ထားတတ်သည်။

မောင်အောင်မင်း အဘယ်မျှ ဆိုးသနည်းဆိုလျှင် မြို့မျက်နှာဖုံး ရွှေဆိုင်ပိုင်ရှင်ကိုပင် မနက်ပိုင်းရွှေဆိုင်ဖွင့်ရန် ဈေးသို့အလာ မြို့လယ်ခေါင် မြို့မဈေးကြီးရှေ့မှာ ပေါ်ထင်ကြီး ရိုက်လုသည်။ သို့သော် အီးတီလို အခြား ကမ္ဘာကဗြိုလ်သားအသွင် မျက်နှာဖုံးစွပ်ပုံဖျက်ထားသည်။

ရွှေဆိုင်ပိုင်ရှင်ဦးလှမောင် ရွှေဆိုင်ဖွင့်ရန် တစ်ယောက်တည်း ကားမောင်းလာကာ ဈေးရှေ့အရောက် ကားပေါ်မှ ရွှေငွေပစ္စည်းများထည့်ထားသည့်အိတ်ကြီး ဆွဲ၍အဆင်းမှာ သစ်ပင်ကြီးကွယ်၍ ရပ်နေသောမောင်အောင်မင်းက ရိုက်၍လုလိုက်ခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



မနက်အာစောကြီးဆိုတော့ ဈေးရှေ့မှာ ရဲတွေရောက်မလာသေး နှင်းတွေ ခပ်ဖွဲဖွဲကျနေသည်။ သို့သော် မနက် (၆)နာရီကျော်ဆိုတော့ ဈေးသည်ဈေးသားအချို့နှင့် ဈေးဝယ်သူအချို့က တွေ့ကြသည်။

"ဟာ . . . ရွှေသည် လှမောင်ကြီးကို အီးတီက ရိုက်လုနေပါလား"

"ဗိုလ်သားအစစ် အီးတီဆိုရင် ရိုက်လုပါ့မလား။ ပါဝါနဲ့ ပစ္စည်းရအောင်လုပ်မှာပေါ့"

အီးတီက ရိုက်၍လုတာကို တချို့က တွေ့သည်။ အောင်မင်းမှန်း မသိကြ။

ရုတ်တရက်ဖြစ်ရပ်ကြောင့် မည်သူမျှဝင်၍မဆွဲရဲကြ။ တစ်ဦးကောင်း တစ်ယောက်ကောင်းဖြင့် အီးတီကို ဝင်မလုံးရဲကြပေမဲ့ အချင်းချင်းညှိနှိုင်းနေကြတုန်း အောင်မင်း ရွှေသည်လှမောင်၏ ကားပေါ်တက်ပြီးမောင်းပြေးသည်။

သူတို့မြို့ကား မြစ်နှင့်ပင်လယ်ဝ ကွေ့ဝိုက်ထားသော တောင်ကုန်းမြို့ကလေး။ မြောက်ဘက်မှာ ပဲခူးမြစ်၊ အနောက်ဘက်မှာ ရန်ကုန်မြစ်နှင့် အနောက်တောင်ဘက်မှာ ပင်လယ်ဝ၊ အရှေ့ဘက်နှင့် တောင်ဘက်တွင် တောင်ကုန်းတွေ၊ ယာခင်းတွေနှင့် လယ်မြေတွေရှိသည်။

အောင်မင်း ထိုအလုပ်ကိုမလုပ်ခင် စီမံကိန်းချပြီးသား။ နယ်မြေအနေအထားကို တွက်ပြီး အကွက်ရိုက်ပြီးသား။

တောင်ဘက်ထွက်လျှင် ပင်လယ်ဝ၊ မြောက်ဘက်ထွက်လျှင် ရန်ကုန်သင်္ဘောဆိပ်၊ အရှေ့ဘက်ထွက်လျှင် ပဲခူးမြစ်ကမ်းပါးပေါ်က ရွာတွေ။ ထိုမှ တစ်ဆင့် စစ်တောင်းမြစ်ဝ၊ အနောက်ဘက်ထွက်လျှင် ရန်ကုန်မြစ်ကြီး။

ရန်ကုန်မြစ်ကြီးကို ဖြတ်ကျော်နိုင်ပြီဆိုသည်နှင့် . . .

ဒလနယ်မြေ။ ပြီးတော့ တွံတေးတောကြီးတန်းနယ်။

အဲဒီကမှ တွံတေးတောကြီးတန်းကို ခိုပြီး ကော့မှူး၊ ကွမ်းခြံကုန်း နယ်မြေတွေမှာ ကျင်လည်မလား၊ မြစ်ဝကျွန်းပေါ် မြို့ကြီးများဘက် ထွက်ပြေးခိုလှုံမလား၊ အမျိုးမျိုးသော ထွက်ပေါက်လွတ်လမ်းတွေ ရှိနေသည်။

နယ်မြေကျွမ်းသော အောင်မင်း အနောက်ဘက်ကမ်းကိုရွေးသည်။

သူတက်မောင်းလာသော ရွှေသည်ဦးလှမောင်၏ကားကို ခရမ်း





ဘက်ထွက်သလို အရောင်ပြပြီး စစ်ပင်ကွင်းလမ်းဆုံမှ အေရှဝါးလမ်းမကြီးအတိုင်း အနောက်တောင်ဘက် ပြန်ချိုးကွေ့မောင်းသည်။ ကားခဏရပ်၍ လမ်းဘေးရေစပ်စပ်ရိုးထဲသို့ သူ၏ အီးတီဝတ်စုံကို ပစ်ချခဲ့သည်။

ကားကို သန်လျင်၊ ကျောက်တန်းသွား ကားလမ်းဆုံမရောက်မီ တောင်ကုန်းတစ်ခုမှ တောတန်းအတွင်း ထိုးဝင်မောင်းပြီး ချုံပုတ်အတွင်း ဖွက်ထားလိုက်သည်။

ပြီးမှ လူနှင့်အိတ်ကို ပုံဖျက်သယ်၍ အေရှဝါးလမ်းမပေါ် ပြန်တက်ပြီး မော်တော်ဆိုင်ကယ် ကယ်ရီတစ်စီးကို စောင့်၍စီးသည်။

အေရှဝါးလမ်းမကြီးမှာ ခြောက်လမ်းသွား အဝေးပြေးလမ်းမကြီး ဖြစ်၏။

သန်လျင်-သီလဝါဆိပ်ကမ်းနှင့် နေပြည်တော်-မန္တလေး မြန်မာပြည်အရပ်ရပ် ဆက်သွယ်နိုင်ရန် ဖောက်လုပ်ထားစေကာမူ အခြေအနေအရပ်ရပ်မတည်ငြိမ်မှုကြောင့် ဈေးကွက်စီးပွားရေးမပီပြင်သေး၍ ကားအသွားအလာနည်းပါးလျက် ခရီးအဆက်အသွယ် ပြတ်နေတတ်သည်။ လောလောဆယ် သစ်တင်ကားတချို့သာ သွားနေကြသည်။

ဆိုင်ကယ် ကယ်ရီနှင့် အောင်မင်း သန်လျင်-ကျောက်တန်း လမ်းဆုံကိုဖြတ်ပြီး စက်မှုသင်တန်းကျောင်းတောင်ဘက်မှ အနောက်ဘက်လမ်းအတိုင်း ဇာမဏီအင်းဖောင်းဘက်ဆင်းသည်။ ကျောက်တန်းဘက်သို့ ချိုးကွေ့ပြီး ရဲလုံထိန်းတပ်ရင်း (၇) ရှေ့မှာ ရပ်ခိုင်းသည်။

"ငါက ဒီလုံထိန်းကပဲ။ ဒီဘက်ကနီးလို့ ဖြတ်လမ်းကလာတာ"

"ဟုတ်ကဲ့ ဆရာ"

အောင်မင်းက လူလည်။ မကောင်းမှုကိုကျူးလွန်ရင်း ဥပဒေဘက်ကယောင်ဆောင်သည်။

အောင်မင်း တန်ရာတန်ကြေး ကယ်ရီခပေး၍ ပထမစီးလာသော ကယ်ရီကို ပြန်လွှတ်သည်။ ပြီးမှ ကားလမ်းပေါ်ပြန်တက်ပြီး ကယ်ရီတစ်စီး ထပ်၍ငှားပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သန်လျင်ရေတပ်ဆိပ်ကြီးလမ်းဆုံကို သွားမလို့။ မင်း ကယ်ရီအား သလား"

"အားပါတယ် ... ညီလေး"

ကယ်ရီသမားမှာ ငယ်ရွယ်သူဖြစ်သော်လည်း အောင်မင်းက ထို ကယ်ရီမောင်းသူထက်ပင် အသက်ငယ်သေးသည်။ လူကောင်က ထွားသော် လည်း မျက်နှာမှာ ငယ်ရုပ်မပျောက်၍ ကယ်ရီသမားကပင် ညီလေးဟုပြ ခေါ်ရသည်။

သို့သော် အောင်မင်းသည် အသက်ငယ်သော်လည်း အဆိပ်ပြင်း သော မြွေပွေး။

သန်လျင်ဆိပ်ကြီး ရေတပ်စခန်း လမ်းဆုံဘက်ပြန်လာပြီး 'အလွှမ် ဆွတ်ရွာ' လမ်းဆုံမှာ ဆင်းသည်။

ထိုမှ သီလဝါဆိပ်ကမ်းအောက် တောဘက်ခြေလျင်ဆင်းကာ တင် လုပ်စားသော ရေလုပ်သားတစ်ဦး၏အကူအညီကို ရယူကာ သန်လျင်တ ဖက်လမ်း ဒလနယ်မြေဘက်သို့ ကူးသည်။

နေ့တ်ဘုရားမှတစ်ဆင့် ကော့မှူးဘက်ကူးကာ တွံတေးတောကြ တန်းအတွင်းပိုင်းသို့ ဝင်သွားသည်။

ခြေရာမကျန်အောင်၊ တစ်ဖက်က ခြေရာမခံနိုင်အောင် ခရီးအဆ ဆင့် အကွက်ရိုက် စီစဉ်ထားခဲ့ခြင်းပင်။

ကော့မှူးနယ်မြေ ငှက်အော်စမ်းတွင် အောင်မင်း လူငယ်ဘဝ ပြစ်မှုကျူးလွန်စဉ် ရောက်ခဲ့ဖူးသော လူငယ်သင်တန်းကျောင်းဟုခေါ်သေ လူငယ်ပြုပြင်ရေးစခန်းရှိ၏။ လူငယ်ဘဝက ထိုနယ်မြေမှာ ကျင်လည် အောင်မင်းအဖို့ ကျွမ်းပြီးသား။

ထိုမှ ကျိုက်ထော်တက်ထွက်ပြီး သင်္ဘောစီးကာ ရေဝတီတိုင်းသ ခြေရာဖျောက်ပစ်လိုက်သည်။

အာဂအောင်မင်း။ လူငယ်ပေမယ့် မြွေပွေးလို အဆိပ်ပြင်းသော အောင်မင်း။

✿ ✿ ✿

## [ ၃ ]

❑

အောင်မင်းအနေဖြင့် ကျောင်းပညာကို ဆယ်တန်းအထိအောင် မြင်ကာ တက္ကသိုလ်အဆင့်အထိ တက်ခဲ့ဖူးသည်။ နိုင်ငံခြားစုံထောက်၊ ပြစ်မှု ဇာတ်ကားတွေ အကြည့်များသည်။ စာလည်း ဖတ်သည်။

သို့သော် မှုခင်းစာပေတွေ၊ စုံထောက်စာပေတွေဖတ်ပြီး သိဝေဂ ရမှာထက် တစ်လွဲဆံပင်ကောင်းကာ သူရရှိသောဗဟုသုတတွေကို မဟုတ် သည်နေရာမှာ သုံးစားနေ၍ တန်ဖိုးမဲ့ဖြစ်နေ၏။

သူ့အဖေ ပီတာဖော်မင်းမှာ နိုင်ငံခြားသင်္ဘောသား၊ အဆင့်မြင့် ထားရာခံနှင့် ဖြစ်၍ ငယ်စဉ်ရွှေပေါ်မြတင် နေခဲ့ဖူး၏။

အဖေ နိုင်ငံတကာပင်လယ်ရေပြင်တွင် သင်္ဘောမှောက်၍ သေဆုံး သွားသောအခါ အောင်မင်းတို့မိသားစု အခြေပျက်သွားခဲ့ရသည်။ နဂိုက အရှိန်နှင့် သုံးဖြုန်းစားသောက်နေသော အောင်မင်း ကိုယ့်ကိုယ်ကိုယ် ထိန်းနိုင်တော့။

ပထမတော့ အိမ်မှပစ္စည်းတွေယူ၍ ရောင်းစားကာ သုံးဖြုန်းသည်။

သူ့လို အကျင့်ပျက်အပေါင်းအသင်းတွေနှင့် ပေါင်းကာ မကြာခင် မှာ မားထိုးမှုတွေ ကျူးလွန်သည်။



www.burmeseclassic.com

www.burmeseclassic.com



အောင်မင်း၏ အမှုတွေမှာ ရိုက်မှု၊ ခါးထိုးမှု၊ မူးယစ်ရမ်းကားမှု တွေသာ များပြီး သူတစ်ပါးပစ္စည်းခိုးမှု၊ ဖောက်ထွင်းမှု၊ လုယက်မှုတွေ မရှိ ခဲ့ရှ၍ ရဲတွေက အောင်မင်း၏လုယက်မှုကို မျက်စိလည်သွား၏။ ပြီးတော့ အောင်မင်းကား အခြားကမ္ဘာက လူသားအီးတီကဲ့သို့ ရုပ်ဖျက်ထားသည် မတုတ်လား။

ရုတ်တရက်ဆိုတော့ ရဲဘက်တပင် အီးတီလည်း အောင်မင်းဖြစ် နိုင်သည်ဟု မထင်။ အောင်မင်းသည် လုယက်မှုနှင့် နာမည်ထွက်ခဲ့သူမဟုတ် ခဲ့။

သို့သော် တကယ်လုယက်မှု ကျူးလွန်တော့ ပညာတတ်လူစွမ်း လူစရှိသူတစ်ယောက်မို့ ဦးနှောက်ပြေးကာ တစ်ကိုယ်တော်လုယက်မှုကြီး တစ်ခုကို ကျူးလွန်သွားခဲ့လေပြီ။

ရိုက်မှုအထွေထွေဖြင့် တိုင်ချက်တွေပွနေသော အောင်မင်း ပထမဆုံး လုယက်မှုကျူးလွန်သောအခါ မြို့မဈေးကြီးရွှေရွှေဆိုင်မှ ရွှေနှစ်ပိဿာနှင့် ငွေဆယ်သိန်းအိတ်ကို ရိုက်၍လုသော အမှုကြီးမှ စတင်တော့သည်။

သို့သော် ပညာသားပါပါနှင့် ပြစ်မှုကျူးလွန်သွားခြင်းကြောင့် သန် လျင်မြို့မှာတော့ ထူးဆန်းသော အမှုကြီးအဖြစ် သတင်းကြီး ကျန်ရစ်ခဲ့လေ သည်။

''ရွှေသည်ဦးလှမောင်ကြီးကို ဂြိုလ်သားအီးတီက ရိုက်လုသွားလို့ တဲ့''

✿ ✿ ✿

[ ၄ ]

အောင်မင်းအဖို့ ပညာသားပါပါနှင့် အကွက်ဆင်လုယက်သွားသော် လည်း တစ်ကိုယ်တော် မိုက်ရူးရဲဆန်ဆန် လုပ်သွားခြင်းသာဖြစ်၏။

မိုက်ရူးရဲဆန်ဆန် လုယက်သွားပြီးမှ ပညာသားပါပါ ရှောင်တိမ်း ရှောက်ပြေးသွားခြင်းပင်။

ပထမဆင်လို ထင်ထင်ရှားရှား၊ နောက်မှ ကျားလိုတောလျှိုး၍ မြေလို ရေငုပ်သွားသောအဖြစ်မျိုး ဖန်တီးသွား၏။

ယင်းကြောင့် ချက်ချင်း လက်ငင်း သူ့ကိုဖမ်း၍ မမိလိုက်ကြ။

သူကလည်း အသွင်ကူး ဘဝပြောင်းကောင်းလှသည်။

သူ့အမျိုးတွေ ရှိရာကို ဘယ်တော့မှမဝင်။ အမျိုးတွေရှိသော မြို့ကို ကျင်းရှောင်ကာ သူစိမ်းတွေကြားထဲမှာ ပုံဖျက်ပုန်းရှောင်နေတတ်သည်။

ပုံစံကား အရောင်းအဝယ်သမားတစ်ယောက်လို နေသည့်အခါ နေသည်။ အရွယ်အားဖြင့် ငယ်ရွယ်၍ ကျောင်းသားလို ဟန်ဆောင်သည့်အခါ ဟန်ဆောင်တတ်သည်။

သို့သော် ပြည်သူ့ရဲဆိုတာက သူငယ်နှပ်စားမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



အရစ်မရှိ၊ အပွင့်မတင်သော ရဲသားပင်ဖြစ်ပါစေ၊ ရဲသင်တန်းတော့တက်ပြီးသား။ သူခိုးလူဆိုး၊ ရာဇဝတ်သားတို့၏ခြေရာကို ခံတတ်ပြီးသား။

ပြစ်မှုကျူးလွန်သော တရားခံ၊ မြေလျှိုးလျှိုး၊ မိုးပျံပျံ၊ ရေမှာပဲငုပ်ငုပ်၊ တစ်ကွေ့မတွေ့ တစ်ကွေ့တွေ့ကြသည်ချည်းသာ။

ပြစ်မှုကျူးလွန်ပြီး တစ်နှစ်ခန့်အကြာ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့အပိုင် ကျေးရွာကလေးတစ်ရွာ၌ အောင်မင်းကို ဖမ်းမိသွားကြသည်။ အခြားကမ္ဘာက အီးတီဂြိုဟ်သားကြီးကို မြန်မာ့မြေပြင်မှာပင် မိလိုက်သည့် အဖြစ်ဆန်း။

"ဂြိုဟ်သားအီးတီကြီးကို ကျောက်ဖြူမြို့မှာ ဖမ်းမိတယ်တဲ့ဟေ့"

✿ ✿ ✿

[ ၅ ]

❑

ကျောက်ဖြူမြို့ဆိုသော်လည်း အောင်မင်းကို ကျောက်ဖြူမြို့ပေါ်မှာဖမ်းမိခြင်းမဟုတ်။ ကျောက်ဖြူမြို့နှင့် အတော်လှမ်းသော တွင်းတောင်ရွာရှင်သွား၍ ဖမ်းမိခြင်းဖြစ်ကြ၏။

တွင်းတောင်ရွာသည် ကျောက်ဖြူမြို့၏ အရှေ့တောင်ဘက်မှာရှိသော ကျွန်းငယ်လေးတစ်ကျွန်းမှ ရွာကလေးဖြစ်၏။

ထိုရွာကလေးကို 'နဂါးပွက်' ရွာဟူ၍လည်း ဒေသခံများက ခေါ်ကြသည်။ ကျောက်ဖြူမြို့ကို ဝန်းရံထားသော ကျွန်းတောင်တွေထဲမှာ တွင်းတောင်ရွာလည်း ပါဝင်သည်။

ကျောက်ဖြူမှ ရေလုပ်သားတွေ ပဲ့ထောင်နှင့်သော်လည်းကောင်း၊ လှေကလေးများဖြင့်သော်လည်းကောင်း အဆင့်ဆင့်သွားမှ တွင်းတောင်ချောင်းရိုးသို့ ရောက်နိုင်သည်။

ကြယ်ငါးပွင့်သင်္ဘောကြီးများဆိုက်ကပ်ရာ ငလပွေ့ဆိပ်ကမ်း၏ တစ်ဖက်ကမ်းရှိ ကျွန်းပေါ်တက်လျှင်လည်း တွင်းတောင်ရွာသို့ ခြေလျင်သွားနိုင်သည်။ ထိုမျှအထီးခေါင်သော ရခိုင်ပြည်နယ်မှ ကျွန်းရွာကလေးသို့ရောက်အောင် အောင်မင်း ခြေရာဖျောက်နိုင်ပါပေ၏။



www.burmeseclassic.com

www.burmeseclassic.com



တွင်းတောင်ရွာကလေး၏ ခေါင်ပုံကလည်း သြချလောက်သည်။

ကျောက်ဖြူမြို့နှင့် အဆက်အသွယ်ရှိသော လူတွေသာ လူရည်လည်ကြသည်။ အများအားဖြင့်မူ ရိုးရိုးသားသား မိရိုးဖလာ အသက်မွေးဝမ်းကျောင်းနေသူများ၏။

ငလေပွေ့ဆိပ်ကမ်း မျက်နှာချင်းဆိုင်အရပ်သည် တွင်းတောင်အဝင်လမ်း။

ကျွန်းအတွင်းဘက် တစ်မိုင်သို့ဝင်မိလျှင် တွင်းတောင်ရွာ။

ထိုမှ တောင်တက်လမ်း။

တောင်ပေါ်သို့ တက်သွားလျှင် တောင်ထိပ်မှာ နဂါးပွက်အိုင်များ ရှိသည်။ ဘူမိဗေဒသမားတို့ကတော့ မီးတောင်များဟုပြောကြသည်။ ရွှံ့ပူနွံချော်ရည်တွေ အမြဲမပြတ် တောင်ပေါ်တွင် ထွက်လျက်ရှိနေတတ်သည်။

ထိုနဂါးပွက်တောင်များနှင့် မလှမ်းမကမ်းတွင် တွင်းတောင်အတွင်းရွာများ သူ့အစု သူ့အမျိုးအနွယ်နှင့်သူ ရှိနေတတ်သည်။

တွင်းတောင် ရွာသူရွာသားများသည် တောင်ပေါ်နေတို့က မုဆိုးအလုပ်လုပ်ခြင်းနှင့် ယခုတိုင် လက်နက်ကိရိယာအဖြစ် မှုတ်ပြောင်းကို ရှေးမိရိုးဖလာလက်နက်အဖြစ် အသုံးချနေကြဆဲဖြစ်၏။

တောင်အောက်နေသူတို့က မြေပြန့်တွင် လယ်ယာကိုင်းကျွန်း စိုက်ပျိုးတတ်ကြသလို ရေပြင်နှင့် ဆက်စပ်နေသူတွေက တံငါအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။

ဖမ်းဆီးရမိသော ငါးများ၊ ပုစွန်များကို ကျောက်ဖြူမြို့ပေါ်မှ နိုင်များက တွင်းတောင်တံငါစုရွာကလေးသို့ ပဲ့ထောင်များ၊ လှေများနှင့် လာရောက်ဝယ်ယူလေ့ရှိကြသည်။

ထိုတံငါစုမှာ မြို့ပေါ်က ငါးခြောက်ကုန်သည်ကလေးအသွင်ပြောင်းထားသော မောင်အောင်မင်းကို ရဲက ခြေရာခံလိုက်မိခြင်းပင်။

-- အောင်မင်း ကျောက်ဖြူလေပွေ့ဆိပ်ကမ်းအနီး သူ၏ ငါးခြောက်ထောင်ဆိုက်ကပ်စဉ် မြန်မာ့ကြယ်ငါးပွင့် 'ဟားခါး' သင်္ဘောအဆိုက်သင်္ဘော





ပေါ်တွင် သင်္ဘောသားအဖြစ် လိုက်ပါလာသော ဦးလေးဖြစ်သူ ဦးတင်မင်းနှင့် အမှတ်မထင် ဆုံစည်းလိုက်ရာမှ ရဲက ခြေရာခံမိသွားခြင်းဖြစ်၏။

အစပထမတော့ ဦးလေးနှင့်တူ ခပ်စိမ်းစိမ်း။

နောက်အခေါက်တွေကျတော့ ဦးလေး၏ ဟားခါးသင်္ဘောကြီးဆိုက်ကပ်မည့်အပတ်တိုင်း တူဝရီးတတွေ ဆုံဖြစ်နေကြသည်။ သင်္ဘောသားမျိုးနှယ်ပီပီ တစ်ခွက်တစ်ဖလားတော့ စားသောက်ဆိုင်တွေမှာ ထွယ်မိကြသည်။

ရဲဆိုတာက ဘယ်သောအခါမှ မျက်စိပိတ်ထားတတ်သည်မဟုတ်။ နားပိတ်ထားတတ်သည်မဟုတ်။ အမှုကြီးတစ်ခုကို ပြီးပြီးရော ပစ်ထားတတ်သည်မဟုတ်။

အောင်မင်း အီးတီအဖြစ်ရုပ်ဖျက်ကာ ပြစ်မှုကြီးတစ်ခုကို ကျူးလွန်အောင်မြင်ပြီး ခြေရာဖျောက်သွားနိုင်သည်ကတော့ မှန်၏။

သို့သော် အောင်မင်း၏ခြေရာဖျောက်ခြင်းက လူပါပျောက်သွားခြင်းသည်ပင် ရဲအဖို့ ခြေရာကောက်စရာအဖြစ် ထားသွားသလို ဖြစ်နေသည်ကို အောင်မင်း မစဉ်းစားခဲ့မိချေ။

အခြားကမ္ဘာက ဂြိုလ်သားတွေဖြစ်သော အီးတီပျောက်သွားသလို သတ်ရဲဂက်ရဲ ရိုက်ရဲသော အောင်မင်းက ပျောက်သွားသည်။ ပျောက်နေသည်။

သန်လျင်ဆိပ်ကမ်းနှင့် နေပြည်တော် – မန္တလေးဘက်သွားသော သန်လျင်–သီလဝါ ခြောက်လမ်းသွား အဝေးပြေးကားလမ်း၏ဘေး ရိုးထဲရှိ ချုံထဲမှ နစ်မြုပ်နေသော အီးတီမျက်နှာဖုံးနှင့်ဝတ်စုံကို ဒေသခံ ပုစွန်ဂေါ်ထိုးသူထံမှ ရဲက ရရှိထားခြင်းကပင်။ အီးတီသည် ပန်းကန်ပြားပျံနှင့် အခြားကမ္ဘာသို့ မပြေးနိုင်သေးဘဲ ဤကမ္ဘာမြေကြီးပေါ်၌ပင် ရှိသေးသည်ဟု ရဲအဖွဲ့ကို အသိပေးနေသယောင်။

တစ်မြို့နှင့်တစ်မြို့၊ တစ်နယ်နှင့်တစ်နယ်၊ တစ်ပြည်နှင့်တစ်ပြည် အနှံ့မခြားဆက်သွယ်နိုင်သော ကမ္ဘာ့ရွာကြီးအတွင်း အောင်မင်းသည် နဂါးမဟုတ်၍ မြေမလျှိုး၊ ဂဠုန်မဖြစ်၍ မိုးသို့မပျံနိုင်၊ အီးတီအစစ်လည်း မဟုတ်

www.burmeseclassic.com



မှုရကား သူ၏ဦးလေး ဦးတင်မင်းနှင့်တွေ့ဆုံပြီး မကြာမီ ခြေရာခံမိခြင်းဖြစ်၏။

ထိုသို့သော တွင်းတောင်ဒေသတွင် မဂ်လာပွဲကြီး ကြီးကြီးကျယ်ကျယ်ခမ်းခမ်းနားနားလုပ်ရာက ဒေသခံရဲတို့က ထူးခြားဖြစ်စဉ်အဖြစ် အထူးလေ့လာကြတာလည်း ပါသည်။ ထူးခြားဖြစ်စဉ်ကို တွေ့ပြီး ဒေသခံရဲတွေက သတို့သားမောင်အောင်မင်း၏ နောက်ကြောင်းဇာစ်မြစ်ကို လိုက်ကြသည်။

ဘယ်လောက်ပင် ဝေးဝေးကိုပြေးပြေး၊ ရာဇဝတ်ဘေးက ပြေး၍ လွတ်ရိုးထုံးစံမရှိ။

အဆင့်ဆင့်စုံစမ်း၊ အဆင့်ဆင့်သတင်းဖလှယ်၊ အဆင့်ဆင့်ခြေရာကောက်။

သို့ဖြင့် တရားခံအောင်မင်း ပြေးမလွတ်တော့။

သန်လျင်မြို့မစျေးမှ လုယက်မှုကြောင့် ကျော်ကြားမြို့အပိုင်, ကျွန်းခေါင်ခေါင် တွင်းတောင်ရွာကလေးမှာ အဖမ်းခံလိုက်ရလေပြီ။

ထောင်ခုနစ်နှစ် အောင်မင်းကျသွားသည်။ အောင်မင်းအဖို့ တစ်ခုသက်သာသွားသည်မှာ သူ ပြစ်ဒဏ်စီရင်ခံရပြီး ထောင်ကျသက်နှစ်နှစ်အကြာ သူရိုက်လုခဲ့သော ရွှေသည်ဦးလှမောင် သေဆုံးခဲ့ခြင်းပင်။

ထောင်က လျှော့ရက်တွေ၊ ဆုကြေးရက်တွေဖြင့် ငါးနှစ်သော်ပဲနေပြီး ထောင်မှ ပြန်ထွက်လာခဲ့သည်။ သူ ထောင်မှလွတ်မြောက်လာသော်လည်း သူရိုက်လုခဲ့သော ရွှေသည်ဦးလှမောင်၏ စက်ကွင်းက မလွတ်နိုင်ခဲ့။ သူ ထောင်ထဲမှာ ရှိစဉ်ကတည်းက ရွှေသည်ဦးလှမောင်ကို မျက်လုံးထဲမှာ မြင်မြင်လာပြီး ...

''ဟေ့ကောင် ... အောင်မင်း၊ မင်းရိုက်ခဲ့တဲ့ဒဏ်ကြောင့် ငါ့မှာ ဦးခေါင်းဝေဒနာ ပြန်ပြန်ပေါ်ပြီး အဲဒီဝေဒနာကြောင့် သေခဲ့ရတာ။ မင်းကို ငါ အခဲမကျေဘူး။ မင်းကိုသတ်ပြီးမှ ငါပစ္စည်းတွေ ငါရအောင် ပြန်ယူမယ်ကွ''

ဟူ၍ နားထဲမှာ ကြားနေရခြင်းပင်။

✿ ✿ ✿

| ၆ |

❑

အောင်မင်း ထောင်က လွတ်လာပြီးနောက် အချိုးတစ်မျိုးပြောင်းသွားသည်။

အောင်မင်းထောင်ကျနေစဉ် အောင်မင်းအမေ ဒေါ်မြင့်မြင့်လွင်သေဆုံးခဲ့ပြီ။

ညီအစ်ကို၊ မောင်နှမတွေက အဖေနှင့်အမေ သေဆုံးသွားခဲ့ပြီဖြစ်၍ ထောင်ထွက်အောင်မင်းကို လှည့်မကြည့်ကြ။

သို့သော် အောင်မင်း မပူပြီ။

သူ့အဖေညီ သူ့ဦးလေးဦးတင်မင်း သူ့ဘက်က ရှိနေသည်။

အမှန်တော့ အောင်မင်းသည် သူ့ဦးလေးဦးတင်မင်းနှင့် ထောင်ထဲဝင်ခင် အဆက်အသွယ်ရယူပြီး သူလုယက်ထားသည့် ငွေကြေးအချို့နှင့် ရွှေထည်များကို လက်လွှဲပေးကာ လက်စဖျောက်ထားပြီးသား ဖြစ်၏။

သူ့အနာဂတ်အတွက် သူစီစဉ်ပြီးသား။

သို့အတွက် သူက ရဲတွေထက် တစ်ကွက်အသာစီးရထားသည်ဟု မှတ်ယူထားလိုက်မိသေးသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူ့ ထောင်ကထွက်လာပြီးတော့ သူ့ဦးလေးမှာ အစိုးရပင်စင် သက်စေ့၍ ကြယ်ငါးပွင့်သဘော်လိုင်းမှ ပင်စင်ယူထားနှင့်လေပြီ။

သူ့အတွက် ခြံကောင်းကောင်း၊ တိုက်ကောင်းကောင်းကိုပင် စီစဉ်ထားပြီးလေပြီ။ သူ့ဦးလေးဦးတင်မင်းမှာ သင်္ဘောသားလူပျိုကြီးဖြစ်ကာ ဒုက္ခသုက္ခရောက်နေသော အောင်မင်းကို အမွေစားအမွေခံ မွေးစားသားအဖြစ် သတင်းလွှင့်သည်။

အောင်မင်းအဖို့ မူပြောင်းပြီး တည်တည်ငြိမ်ငြိမ် နေရသော်လည်း အတွင်းစိတ်မှာကား တည်ငြိမ်မှုမရနိုင်ဘဲ ဖြစ်နေခဲ့သည်။

သူတစ်ယောက်တည်း ရှိနေစဉ်ဖြစ်ဖြစ်၊ ညအိပ်ပျော်နေစဉ်ဖြစ်ဖြစ် သူရိုက်လုခဲ့သော ရွှေသည်ဦးလှမောင်ကြီးကို မျက်စိထဲမှာ မြင်ယောင်မိပြီး–

"ဟေ့ကောင် ... အောင်မင်း၊ မင်းရိုက်ခဲ့တဲ့ဒဏ်ကြောင့် ငါ့မှာ ဦးခေါင်းဝေဒနာ ပြန်ပြန်ပေါ်ပြီး အဲဒီဝေဒနာကြောင့် သေခဲ့ရတာ။ မင်းတို့ ငါ အခဲမကျေဘူး။ မင်းကိုသတ်ပြီးမှ ငါ့ပစ္စည်းတွေ ငါရအောင် ပြန်ယူပြမယ်ကွ"

ဟူ၍ ရွှေသည်ဦးလှမောင်၏အသံတွေ ကြားကြားနေရသောကြောင့် ဖြစ်သည်။

သူက ရွှေသည်ဦးလှမောင်ကြီးကို မေ့ချင်သည်။ သို့သော် မေ့မရတာက အခက်ဖြစ်နေသည်။

ယင်းကြောင့်ပင် မေ့ပျောက်၍ရစေရန် နဂိုကတည်းက ယဉ်ပါးပြီးသား အရက်ကို ပြန်သောက်သည်။ သင်္ဘောသား လူပေလူတေဖြစ်သော သူ့ဦးလေး ဦးတင်မင်းကလည်း အောင်မင်းအရက်သောက်တာလောက်တော့ မတားမြစ်ဘဲ ကြည့်နေသည်။

တစ်ခါတစ်ရံ သူပါ ဝင်၍သောက်လေ့ရှိသည်။

ထိုသို့ အရက်သောက်ရင်းမှ အောင်မင်း၏ ဦးလေးဦးတင်မင်းထံမှ ထူးဆန်းသောစကားများကို အောင်မင်း မကြာမကြာ ကြားရလေ့ရှိသည်။

"ငါ့တူ ... ရွှေသည်ဦးလှမောင်ကြီးဟာ သေသွားပေမယ့် မကျွတ်သေးဘူးနဲ့ တူတယ်။ ငါ့ကို မကြာမကြာ အိပ်မက်လာလာပေးတယ်ကွ"





"ဘယ်လို အိပ်မက်ပေးလို့လဲ ... ဦးလေး"

"သူ့ခေါင်းက ဒဏ်ရာကြီးကိုပြပြီး အဲဒါ မင်းတူ ငါ့ဆီကပစ္စည်းတွေရိုက်လုတုန်းက ရခဲ့တဲ့ဒဏ်ရာကြီးပဲ။ ဒီဒဏ်ရာကြောင့် ငါ့မှာ ဦးခေါင်းဝေဒနာခံစားရပြီး သုံးနှစ်ကျော်ကျော်မှာ သေဆုံးခဲ့ရတယ်။ မင်းတို့ကတော့ ငါ့ပစ္စည်းဥစ္စာတွေကို ထုခွဲသုံးစွဲပြီး အိမ်တွေခြံတွေဝယ် စီးပွားရေးလုပ်ငန်းတွေလုပ်၊ စည်းစိမ်ခံနေကြတယ်။ မင်းတို့ကို ငါ အခဲမကျေဘူး။ တစ်နေ့နေ့ မင်းတို့ ငါ့အကြွေး ပြန်ဆပ်ရလိမ့်မယ်လို့ ကြိမ်းမောင်းခြိမ်းခြောက်လေ့ရှိတယ်ကွ"

"ဟာ ... ဦးလေးကလည်း သေတဲ့လူက ကြိမ်းမောင်းခြိမ်းခြောက်တာကိုများ ကြောက်နေရမလားဗျာ။ သူ့ဆီက ရိုက်လုလို့ရတဲ့ ပစ္စည်းနဲ့ငွေတွေကို ကျွန်တော်တို့ အကုန်လုံး သုံးစွဲခဲ့တာမှမဟုတ်ပဲ။ ရဲလက်ထဲကိုလည်း အချို့ အပ်ခဲ့သေးတာပဲ။ ကျွန်တော်လည်း အဲဒီပြစ်ဒဏ်အတွက် ထောင်ကျခဲ့ပြီး အကြွေးဆပ်ပြီးသား။

သူ့ကို ဘာအကြောင်းကြောင့်မှ အကြွေးဆပ်စရာ မလိုအပ်ဘူး။ နောက်တစ်ခါ အိပ်မက်ထဲမှာ ရောက်လာရင် မင်း ငါ့တူလက်ချက်နဲ့ သေခဲ့ပြီးပြီ။ နောက်တစ်ခါ ထပ်သေချင်သေးလို့လား ... မေးလိုက်ဗျာ။ ဟား ... ဟား ... ဟား ... ဟား ..."

သူကိုယ်တိုင်က သူ့ဦးလေးအား သူသတ်၍ ဆုံးခဲ့ပြီးဖြစ်သော ရွှေသည်ဦးလှမောင်ကို ဂရုမစိုက်ပဲ အလေးမထားဟန်ပြောပြီး ကျောထဲစိမ့်စိမ့် ဖြစ်နေခဲ့သည်။

ယင်းကြောင့် ရဲဆေးဖြစ်သောအရက်ကို ထပ်၍ထပ်၍ သောက်မိပြန်သည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



ထို့အတွက် အောင်မင်း၏ဦးလေး ဦးတင်မင်းက ရွေ့မှ ရုပ်ပြအဖြစ် ...င်ရှက်ရသည်။ ဈေးသည်တွေကို နေ့ပြန်တိုးပေးသည်။ ဈေးသည်တွေ ... ညနေမှန်မှန် နေ့ပြန်တိုးပြန်ဆပ်ကြရသည်။

ဈေးထုံးစံ နေ့ပြန်တိုးမှာ တစ်ရာချေးလျှင် နှစ်ဆယ်တိုး။ တစ် ...င်ဆိုလျှင် နှစ်ရာတိုး။ တစ်သောင်းဆိုပါက နှစ်ထောင်အသားတင်မြတ် ...ည်။ ပြီးတော့ တစ်သိန်းနှစ်သိန်း လက်ကြီးသမားတွေလည်း ရှိနေသေး ...။ အောင်မင်းတို့တူအရီးအဖို့ တွက်ခြေကိုက်လှသည်။

သည်ကြားထဲ ခုနစ်ရက်တိုး၊ တစ်လတိုး၊ နှစ်တိုးတွေအထိ စာချုပ်၍ ...တ်ရှည်လာပြီး အတိုးတွေ နင့်ခနဲရအောင် သူဦးလေးက ကြံဆောင် ...သည်။

ထိုသို့ နှစ်တိုးလတိုးသမားတွေမှာ ဈေးကြီးထဲမှာ ဆိုင်ခန်းပိုင်ရှင် ...ြရှိ အခနေရှိသူများဖြစ်၏။ မဆပ်နိုင်ပါက အတိုးနှင့်အရင်း ပေါင်းပြီး ...ကိုသိမ်းယူသည်။

သို့ဖြင့် အောင်မင်းသည် ဈေးပတ်ဝန်းကျင်မှာ အရွယ်ကောင်းရုပ် ...ာ လူပျိုကြီး ဈေးသူဌေးလေးအဖြစ် ရေပန်းစားလျက်ရှိတော့သည်။

✿ ✿ ✿

[ ၇ ]

❑

အရက်ကို သောက်မိပြီဆိုတော့ နှိုက်တည်းက 'ဇ'ရှိသော အောင် မင်းတစ်ယောက် ဇွဲဖောက်ချင်လာသည်။

"စိတ်ကိုထိန်းစမ်း . . . အောင်မင်း၊ မင်းဟာ ခုအရင်ကလို ကချေ ကချေကောင် မဟုတ်ဘူး။ လူအရိုသေခံ သူဌေးသားဖြစ်နေပြီ။ တည်တည် ငြိမ်ငြိမ်နေစမ်း"

ကိုယ့်ကိုယ်ကို အမြဲမပြတ် သတိပေးနေရသည်။

အောင်မင်းအဖို့ စီးပွားရေးကိစ္စတွေကို သူရရှိထားသော ငွေရေ ထဲမှ အကုန်အစင်ထုတ်၍ မသုံးစွဲဖြစ်အောင် သတိထားနေရသေးသည်။ လုပ်ငန်းကြီးများချဲ့ထွင်၍ လုပ်ချင်တိုင်းလုပ်မရဘဲ ထိန်းချုပ်နေရသည်။

လောလောဆယ် ရဲဘက်မှမရိပ်မိအောင် သူ့ဦးလေး သဘော်သား ပင်စင်ငွေတွေရောင်း၊ စုဆောင်းငွေတွေနှင့်ပေါင်းပြီး သူတို့အိမ်နှင့်နီးသော မြို့မဈေးကြီးထဲမှ ဈေးသည်တွေကို နေ့ပြန်တိုးပေးပြီး ဈေးသူဌေးလေးဘ ကို အမည်ခံထားခြင်းပင်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

[ ၈ ]

❑

လူကလည်း ငယ်ငယ်၊ ရုပ်ကလည်း ဖြောင့်ဖြောင့် ငွေရေးကြေ ရေးကလည်း ပြေလည်ဆိုတော့ အောင်မင်းအဖို့ အရွယ်ရှိ ရုပ်ရည်သားနား အကွက်ထွင်တတ်သည့် ဈေးသည်မိန်းမချောတွေကြား နာမည်ထွက်လျှ ရှိသည်။

အောင်မင်းနေပုံကိုလည်း ကြည့်။ အရက်သေစာ သောက်စားတတ် သည်ဆိုသော်လည်း အဆင့်မြင့်စားသောက်ဆိုင်ကြီးတွေမှာ သောက်စားတတ် သည်။ သူ့လိုလူတန်းစား ငွေကြေးတတ်နိုင်သူများနှင့်သာ ပေါင်းတော့သည်

မိုက်မိုက်ကန်းကန်း လုပ်စရာရှိလျှင် အောင်မင်းတို့က အရွယ် လာပြီး ဦးအောင်မင်းအခေါ်ခံဘဝ ရောက်နေပေမည့် ထိုလူကြီးလူကော အထက်တန်းစား အရက်သမားတွေကြားမှာ မိုက်ပြလိုက်သည်သာ။

ယင်းကြောင့် ဦးအောင်မင်းမှာ အထက်တန်းစား လူမိုက်အဖြ နာမည်တစ်မျိုး ထွက်နေပြန်သည်။

"ကိုအောင်မင်းကိုတော့ သွားမစမ်းနဲ့ဟေ့ ... လူက လူကြီး ကောင်းဖြစ်ပေမယ့် သူများထက် မိုက်တယ်။ ထောင်ကလည်း ထောင်ထွက် ဆိုတော့ လက်ရဲ က်ရဲရှိပြီးသား"





အောင်မင်းအဖို့ ဘဝပေးအခြေအနေက ထိုသို့ဖြစ်လာသည်။ အထက်တန်းစား လူကြီးလူကောင်းလူမိုက်အဖြစ် သူမြို့သူ့အဝန်းအဝိုင်းနှင့် နာမည်ထွက်လာသည်။

ထိုသို့သော အောင်မင်း မိန်းမပွေရာရှုပ်ရာတွင် နာမည်ရလာခြင်း လည်း အံ့သြစရာ မဟုတ်တော့ချေ။ သဘောသားလှလည်း သူ့ဦးလေး ရာ နင်းသည်မှာလည်း အဆန်းမဟုတ်တော့။

လူကြီးလူကောင်း ဦးအောင်မင်းတစ်ယောက် မိန်းမပွေသည်မှာ ညီလဲနှင့်ပွေသည်။ သူ၏ထောင်ချောက် ညွှတ်ကွင်းသို့ ဝင်လာသည်နှင့် သည့်သားကောင်ကိုမှ အလွတ်ပေးရိုး ထုံးစံမရှိ။

အစင်းသိ အကြောင်းသိသူတွေက ...

"အောင်မင်းဆိုတဲ့ကောင်ဟာ သူသတ်လို့သေသွားတဲ့ ရွှေသည် မောင်ရဲ့နေရာကို ဝင်ယူလိုက်တာပဲ။ ရွှေသည်လှမောင်ကြီးဟာလည်း ရေးအဆင်ပြေတော့ ဈေးထဲမှာ ဈေးသည် ချောချောလှလှလေးတွေ နေပြန်တိုးချေးပြီး ငါးစာအဖြစ် ခြေတော်တင်ပြီး ဖျက်ဆီးခဲ့တာပဲ။ သူ သတ်တိတ်ပုန်းရခဲ့တဲ့ ကလေးတွေဆိုရင် တော်တော်ကြီး နေလောက်ပြီ"

ဟူ၍ တီးတိုးပြောတတ်ကြသည်။

ရွှေသည်လှမောင်ကဲ့သို့ ငွေရေးကြေးရေး အဆင်ပြေသော်လည်း အောင်မင်းကိုယ်ပိုင် ကားဝယ်စီး၍မဖြစ်။ မော်တော်ဆိုင်ကယ်ကိုသာ ဝယ်စီး သည်။ ရွှေသည်လှမောင်ဆီက ရထားသော ရွှေငွေရတနာပစ္စည်းအချို့ကို ဦးလေးတင်မင်းနှင့် တိုင်ပင်၍ သိုသိပ်စွာထားခြင်းကို ရဲတွေက အနံ့ရကာ ထုတ်မှာ စိုးရိမ်ရသေးသည်။

သူ့ဦးလေးနှင့်သူသည် ခေတ်မီသောအသိုက်အဝန်းမှာ နိုင်ငံတကာ နောက်များရှိထားကြသူများပီပီ အဖက်ဖက်မှ အကွက်စေ့အောင် ဟန် ဆောင်ကောင်းကြသည်။

ဦးလေး တင်မင်းကလည်း လူပျိုဟိုင်းကြီး၊ တူအောင်မင်းကလည်း ပျိုသိုးကြီး၊ သူတို့နှစ်ယောက် ကိုယ်နည်းနှင့်ကိုယ် မိန်းမပွေကြ၊ ရှုပ်ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်၊ တစ်ခါတစ်ခါ ဦးလေးနှင့်တူ တစ်ပန်းကန်တည်းစား မကြသည့်အဖြစ်မျိုးနှင့် ကြုံရသည့်အခါ ကြုံရသည်။

ထိုအခါမျိုးတွင် ခေတ်မီသူများပီပီ သဘောထားကြီးစွာ မသိသလိုနေပြီး အတူတကွနေထိုင်ရေး နိုင်ငံတကာမူကို ကျင့်သုံးကြရသည့်အခါတွေလည်း ရှိကြရသေးသည်။ ဒါမျိုးကျရာမှာလည်း တူဝရီးနှစ်ယောက် သိသာသိစေ မမြင်စေနဲ့ မြန်မာစကား ဆိုရိုးထုံးတမ်း အစဉ်အလာတွေကို စောင့်ထိန်းကြရသည်။

ထိုသို့ အပြိုင်ယှဉ်မိပါက အသက်အရွယ်ကြီးရင့်သော ဦးလေးဖြစ်သူ ဦးတင်မင်းခမျာ နောက်ကောက်ကျ ဆုတ်ခွာပေးရသည်ချည်း ဖြစ်တတ်သည်။ ရံဖန်ရံခါတွင်မူ တူဖြစ်သူစားပြီး၍ ရိုးအိုးနေပြီဖြစ်သော ဟင်းခွက်ကို တူကစွန့်ပစ်၍ ဦးလေးဖြစ်သူ မက်မက်မောမော ဆက်စားရသည့်အခါမျိုးလည်း ရှိတတ်သည်။

သူတို့တူဝရီးနှစ်ယောက်သည် မိန်းမတစ်ယောက်ကို ဘယ်သောအခါမှ အတည်ရယူရန် ကြံစည်ကြသူများမဟုတ်ကြ။

တစ်စတစ်စနှင့် ဈေးအသိုင်းအဝိုင်းက သူတို့တူဝရီးနှစ်ယောက်ကို လက်လန်ကြသည်။ ဈေးသူဈေးသားဆိုတာက အများအားဖြင့် ရိုးသားကြသည်။ မရှုပ်မပွေ၊ မလိမ်မလှည့်ချင်၍ ရိုးသားစွာ ဈေးရောင်းဈေးဝယ်လုပ်ကြသူတွေများသည်။

ငါးစိမ်းသည် အလေးခိုးတာ၊ ကြက်သားသည် ရေထိုးတာ၊ အထည်သည် ကိုက်ခိုးတာ၊ ရွှေသည်မှတ်ကျောက်ပိုးတာ မရှိမဟုတ် ရှိပါသည်။ သို့သော် အများအားဖြင့် ရိုးသားစွာ သမာအာဇီဝစီးပွားရှာသူတွေ ရှိကြသည်။ သို့သော် အနည်းနှင့်အများ။

ထိုအနည်းနှင့် အများကြားမှာ မရိုးသားသူတွေ ဈေးကျား အောင်မင်းတို့တူဝရီးနှင့် ဆုံကြရသည်။

အောင်မင်းတို့ တူဝရီးကလည်း စီးပွားရေးဈေးကွက် လက်ထဲ ရှည်သလား မမေးနှင့်။ မြို့ပေါ်ရပ်ကွက် မြို့စွန်ရပ်ကွက် ခြံမြေအပေါင်အနှံ အရောင်းအဝယ်တွေဘက်ပါ လှည့်၍ စားကွက်ထွင်လေ့ရှိတတ်ကြပြန်သည်။





ထိုခြံမြေ အပေါင်အနှံကိစ္စကြောင့်ပင် ဦးလေးဖြစ်သူ ဦးတင်မင်းမှာ သူတို့ထံ အတိုးနှင့်ပေါင်နှံထားသော ခြံကွက်ကိုပေါင်နှံသူ အတိုးမပေးနိုင်၍ ချေးငွေအပေါ်အတိုးဆင့်ပြီး မတရားသွားရောက်သိမ်းသောအခါ ပိုင်ရှင်က မကျေနပ်၍ ဓားထိုးခံရပြီး သေဆုံးသွားခဲ့သည်။

သူတို့လက်သုံး မတရားပွဲစား ရွှေနေစောလင်းမှာ ဦးတင်မင်းနှင့် လိုက်သွားရာမှ ကံကောင်း၍ ဓားခုတ်မခံရဘဲ မြို့ပေါ် ပြန်ပြေးလာနိုင်ခဲ့သည်။

"စားနေကျ ကြောင်ဖားကြီးတစ်ကောင်တော့ ကွသွားပြီဟေ့။ နောက်တစ်ယောက်သာ ဘယ်တော့ကွမလဲ စောင့်ကြည့်ကြရသေးတာပေါ့"

ဈေးသူဈေးသားပါးစပ်မှာ ထိုသတင်းသည် နှစ်လုံး၊ သုံးလုံးဂဏန်းတွေထက် အရသာခံပြောစရာ သတင်းတွေအဖြစ် ရေပန်းစားသွားလေပြီ။

"တင်မင်းကြီး သေတာတောင် နည်းသေးတယ်။ သူက ဈေးတင်တာတူ၊ ရပ်ကွက်တွေ၊ ရွာတွေအထိဆင်းပြီး မွှေနေတာကိုး။ နယ်ကျူးတော့ အသေထူးတာပေါ့ကွာ။ နောက်တစ်ကောင်လည်း သူ့ဦးလေးနောက် ဘယ်တော့လိုက်မလဲဆိုတာ စောင့်သာကြည့်နေ"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်ချက်ဖြင့် ဆက်၍နေစေခြင်းဖြင့် သဘောထားကြီးသယောင်ပြကာ
ဒုဿ၊ န၊ သော စားကျက်တွင်တတ်ခြင်းပင်။

ကျန်ရစ်ခဲ့သော တူက ဦးလေးဖြစ်သူ၏ခြေရာကို တစ်ထပ်တည်း
လိုက်နင်းရာက အချောအလှ ခင်လေးသိမ့်နှင့် ဆုံစည်းသွားရလေသည်။

ခင်လေးသိမ့်နှင့်ဆုံတော့မှ သံမဏိနှလုံးသားပိုင်ရှင် သူဌေးကလေး
ဦးအောင်မင်း၏ နှလုံးသားတွေ အရည်ပျော်ကျမလို ဖြစ်ခဲ့ရချေပြီ။

✿ ✿ ✿

[ ၉ ]

❑

ထို ... နောက်တစ်ကောင်က အများမေတ္တာ ထားသလိုမဟုတ်
သူ့ဦးလေးတင်မင်းလို အသေဆိုးနှင့် မြန်မြန်မသေဘဲ ဆက်၍
သက်ရှည်လျား ပေများထွေပြားနေပြန်သေးသည်။

ဈေးသူဌေးလေး ဦးအောင်မင်းအဖြစ် အောင်ချမ်းသာ၊ အေး
ယာ၊ အေးမေတ္တာမြို့သစ်တွေဘက်မှာ အိမ်ခြံမြေ၊ အရောင်းအဝယ် အ
အနံ့တွင် ဆက်၍ တွင်ကျယ်နေပြန်သည်။

သူကလည်း သူ့ဦးလေးလို အကွက်တွေ့လျှင် အိမ်ခြံမြေကို သိ
ယူပြီး ပေါင်နှံသူကို နှင်မချမောင်းမထုတ်ဘဲ ကြိုးရှည်ရှည်နှင့် လှန်
တတ်ပြန်သည်။

သူ့ဦးလေးဦးတင်မင်းက အပေါင်ဆုံး၍ ခြံအသိမ်းခံရသော မူ
ပိုင်ရှင်တွေထဲမှာ သမီးချောချောလေးပါလာလျှင် ဆက်၍ထားကာ စားကျ
တွင်တတ်သည်။ ပို၍တရားလွန်သည်မှာ အကယ်၍ သမီးချောလေးမပါ
အိမ်ခြံမြေပေါင်နှံ၍ ဆုံးသွားသူမှာ အရွယ်ငယ်ငယ် မယားချောလေးရှိ



www.burmeseclassic.com

www.burmeseclassic.com

| ၁၀ |

❑

ခင်လေးသိမ့် ...

နာမည်က မြို့ဆန်သော်လည်း ပကတိတောသူဖြစ်၏။

တောဆိုတာတောင်မှ ယခင်က သူတို့သန်လျင်မှာ စာချိုးရှိသော အနှိမ်ခံတောခေါင်ခေါင်၊ တောမှတောကျလွန်းသော တောစစ်စစ်ဖြစ်၏။

''စားဖူးတော့ ကောက်ညှင်းထုပ်၊ နေဖူးတော့ အလွမ်းဆုပ်''

အဓိပ္ပာယ်မှာ 'စားဖူးတာက တောစာစစ်စစ် ကောက်ညှင်းထုပ်၊ နေဖူးတာက တောဘက်ချောင်ကလောင် 'အလွမ်းဆုပ်ရွာ'ဟူ၍ ဖြစ်သည်။

ယခင်ခေတ်အခါများက အလွမ်းဆုပ်ရွာသည် သန်လျင်အပိုင်ကျေးရွာတွေထဲမှာ ကားလမ်းမရှိ၊ ရထားလမ်းနှင့်လို ချောင်ကျသော ကျေးရွာဖြစ်၏။ ရေလမ်းအားဖြင့်လည်း သီလဝါစွန်းကို ထွက်ပြီးမှ ကုန်းတန်းရွာဖြစ်သော အလွမ်းဆုပ်သို့ ခြေညောင်းအောင် အောက်တောဘက်က ဖြတ်တက်ပြီးမှ ရောက်နိုင်သည်။ သန်လျင်မြို့ပေါ်နှင့် ရုံးပြင်ကနား ဈေးဝယ်ဈေးသွားခက်လှသည်။ ကားလမ်းမဖောက်ဘဲ လှည်းလမ်းသာရှိသည်။

ကုလားခွေးလယား၏ မြင်းလှည်းသာ လှည်းလမ်းအတိုင်း လူပြည့်သည့်အခါ ကျိုက်ခေါက်ဘုရားခြေရင်းသို့ တစ်နေ့တစ်ခေါက် မှန်မှန်ပို့ပေးသည်သာ ရှိတတ်သည်။





ထိုမျှခေါင်သော အလွမ်းဆုပ်ရွာကြီးမှာ စက်ရုံအလုပ်ရုံစီမံကိန်းကြီးကြောင့် စက်ရုံမြေနေရာရှာသူ ခါတော်မီစီမံကိန်း သူဌေးကြီးများကြောင့် သူ၏ ကုန်းတန်းနယ်မြေတစ်ပိုက်၊ ဖန်ချက်စက်ရုံ၊ အထည်ချုပ်စက်ရုံ၊ ဓာတ်ဘူးစက်ရုံ၊ ရှူးဖိနပ်စက်ရုံ၊ သွပ်ပြားစက်ရုံ၊ ထုပ်ပိုးစက်ရုံ၊ စားအုန်းဆီစက်ရုံတွေ အလျှိုအလျှို ပေါ်ထွက်လာခြင်းကြောင့် စည်စည်ကားကားဖြစ်လာကာ မြို့ငယ်ကလေးနှင့်မခြား အသွင်ပြောင်းသွားလေတော့သည်။

အလွမ်းဆုပ်ရွာကလေး၏ ဖွံ့ဖြိုးမှုမှာ ထိုမျှနှင့် ရပ်တန့်မနေဘဲ တောင်ကြောမြေကုန်းတန်းဖြစ်၍ သီလဝါဆိပ်ကမ်းဖွံ့ဖြိုးရေးနယ်မြေထဲ ပါဝင်သွားပြီး ရွာဖျက်ပေးရန် အကြောင်းပေါ်လာကာ ကျိုက်ခေါက်ဘုရားအနောက်ဘက်ခြေရင်း အေးသစ္စာ၊ အေးမေတ္တာမြို့သစ်အဖြစ် ပြောင်းရွှေ့ပေးရန် ကံကြမ္မာဖန်သွားလေတော့သည်။

ထိုသို့သော အခြေအနေမျိုးမှာ စက်ရုံမြေနေရာ ရှာဖွေရေးမှာ ပါဝင်သော ဦးအောင်ဇေနှင့် အလွမ်းဆုပ်သူ အချောအလှ ကွမ်းတောင်၊ ခန်းတောင်ကိုင် ခင်လေးသိမ့်တို့တွေ့ကြပြီး ငြိစွန်းသွားခဲ့ကြလေသည်။

သို့သော် ဦးအောင်ဇေက အပိုင်မကြံ။ ခင်လေးသိမ့်သာလျှင် အစွန့်ငယ်ခံခဲ့ရသည်။ ဒူးနှင့်မျက်ရည်သုတ်ပြီး အလွမ်းဆုပ်ရွာမှာ ကျန်ရစ်ကလေးအဖြစ် အများမေးငေါ့ ခံခဲ့ရလေသည်။

ဦးအောင်ဇေမှာ သားကြီးမယားကြီးရှိသူဖြစ်၍ ထိုသို့သော ကိစ္စတွေဖြင့် နာမည်ပျက်ရှိသူမို့ ခင်လေးသိမ့်ကို အဝေးကနေသာ လှမ်း၍ကြည့်နိုင်ရှာတော့သည်။

အစတော့ ဦးအောင်ဇေ၏ အဝေးထောက်ပံ့မှုနှင့် ခင်လေးသိမ့်တို့ အလွမ်းဆုပ်ရွာဖျက်ပြီး အေးမေတ္တာမြို့သစ်ကို ပြောင်းရသောအခါ ခြံတစ်ကွက်ရပြီး အိမ်တစ်လုံးဆောက်ကာ ခင်လေးသိမ့်မှာ မိခင်မုဆိုးမကြီးနှင့်အတူ ဆူပယင်မကြောင့်မကျ နေနိုင်ပါသေးသည်။

ခင်လေးသိမ့်အမေမှာ အရွယ်ကောင်းစဉ်က သန်လျင်မြို့မဈေးကြီးအတက်၍ ဈေးရောင်းခဲ့ဖူးသည်။ ခုတော့ စီးပွားကျရာမှ ခင်လေးသိမ့်ညိုးငယ်ငယ်နေရချိန်မှာ ဦးအောင်ဇေနှင့် ဆုံရခြင်းပင်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့လည်း အဆင့်ကျ၍ အလုမ်းဝေးသွားသော ဦးအောင်ဖေနှင့် အဆက်အသွယ်ပြတ်သွားကာ သန်လျင်မြို့မဈေးကြီးသို့ ရောက်သွားပြီး အထည်ဆိုင်၌ ဈေးသူအဖြစ်ရှောင်းရင်းမှ ဈေးသူဌေးလေး ဦးအောင်မင်းနှင့် ဆုံစည်းလာရခြင်းဖြစ်သည်။

ထိုအချိန်မှာ ခင်လေးသိမ့်၏ မုဆိုးမမိခင်ကြီး ကွယ်လွန်ခဲ့ပြီ။

ဈေးသူဌေးလေး အောင်မင်းမှာလည်း မိန်းမကိစ္စ၌ ဖျံအောင်မင်းဟူ၍ နာမည်ထွက်နေချိန်ဖြစ်၏။

ဖျံအောင်မင်းကလည်း အချောအလှ၊ အတောင့်အဖြောင့် မိန်းကလေးတွေကိုမှ မျက်စိကျတတ်သည်။ မက်မက်မောမောရှိတတ်သည်။ မိန်းကလေးတွေဘက်ကလည်း ဈေးသူဌေးလေးဖျံအောင်မင်းကို အမိအရ ဖမ်းချင်ကြသည်။

သို့သော် ဖျံအောင်မင်းသည် ဘယ်သောအခါမှ မိန်းမတစ်ယောက်ကို အတည်တကျပေါင်းသင်းရန် စိတ်ကူးထဲ ထည့်တတ်သူမဟုတ်။

သူ့အတွက် ရိုးအီသွားပြီဆိုလျှင် စွန့်ပစ်ရန် ဝန်မလေး။ အမျိုးမျိုးရှောင်တိမ်း၍ ပရိယာယ်မျိုးစုံဖြင့် ညွတ်ကွင်းက လွတ်ကင်းအောင် ရုန်းထွက်လေ့ရှိသည်။ လျော်ကြေးပေးတန်သူကို ကျေနပ်အောင် လက်သိပ်ထိုး လျော်ကြေးပေးတန်ပေးသည်။

‘ကံဆုံညာ၊ ဆန်ကုန်သွား’ ဆိုသည့်စကားလို ခံစားချက် ဘာတစ်ခုမျှ ထားတတ်သူမဟုတ်။ သူ့ဘက်မှ ဒါမျိုးဝါသနာကြီးသော ရှေ့နေဦးစောလင်းက အခါပေး။

သို့နှင့်ပင် တွယ်ရာမဲ့ အချောအလှ တောသူတစ်ဖြစ်လဲ ခင်လေးသိမ့်နှင့် စားနေကျ ဈေးသူဌေးလေး ဖျံအောင်မင်းတို့ဈေးမှာ ကြားလူနှင့် အဆက်အသွယ်ရသွားသည်။

ခင်လေးသိမ့်က ဆက်ရက်တောင်ပံကျိုး၊ ဖျံအောင်မင်းက စားနေကျကြောင်ပါးမို့ ပွဲကပွဲကြီးပွဲကောင်း။

ထိုအချိန်က ခင်လေးသိမ့်မှာ အမေ့အသုဘကိစ္စ ငွေလိုနေချိန်နှင့် ဈေးသူဌေးလေးဖျံအောင်မင်းထံမှာ အိမ်နှင့်ခြံကို ငွေတိုးနှင့်ပေါင်ရသည်။





နောက်တော့ အတိုးအရင်းမဆပ်နိုင်တော့ဘဲ ခြံနှင့်အိမ် အဆုံးခံရာမှ လူပါ အရှုံးခံရသောကိန်း ဆိုက်သွားသည်။

ခင်လေးသိမ့်၏ အပြုအမူ အယုအယတွေကြားမှာ ဖျံအောင်မင်းတစ်ယောက် ဒီပြင်မိန်းကလေးတွေနှင့် တွေ့ကြုံရစဉ်ကနှင့်မတူ ပို၍ သာယာကြည်နူး စွဲလမ်းမိသည်လည်း အမှန်။

ယင်းကြောင့် ခင်လေးသိမ့်ရှိရာ အေးမေတ္တာရပ်ကွက်ကလေးရှိ ပိုင်ဆိုင်ထားသောအိမ်နှင့် ခြံသို့ ညနေတိုင်းလိုလိုမှာ ဖျံအောင်မင်း မော်တော်ဆိုင်ကယ်ကလေးနှင့် ရောက်ရှိနေတတ်သည်။ ခင်လေးသိမ့်အိမ်မှာ ညအိပ်ပြီး မနက်မိုးလင်းလင်းချင်း မြို့ထဲပြန်တတ်သည်။

ခင်လေးသိမ့်ကလည်း သူရောက်လာနေကျ မှောင်ရီဖျိုးဖျ ညနေနေဝင်ချိန်မှာ အေးမေတ္တာရပ်ကွက်သစ်ကလေး၏ အနောက်ဘက်ကားလမ်း တံတားထိပ်မှ သူ့ကို ထွက်၍ ကြိုဆိုနေတတ်သည်။

ကြာတော့ အောင်မင်း ခင်လေးသိမ့်ကို အစွဲလမ်းကြီးစွဲလမ်းကာ လက်ထပ်၍ အတူတကွပေါင်းသင်းလိုစိတ်တွေ ဝင်လာသည်။

သူ့မိတ်ဆွေ လူရင်း သောက်ဖော်သောက်ဖက်ရှေ့နေ ဦးစောလင်း၊ ယသိဒ္ဓိဆရာကြီး ဦးရွှေတင်တို့နှင့် တိုင်ပင်ကြည့်သောအခါ နှစ်ယောက်လုံးက လူကောင်းများမဟုတ်၍ ဝိုင်းဖျက်ကြသည်။

“ဒီကောင်မလေးက မိန်းမလည်ကွ။ မင်းကို တမင်အမိဖမ်းတာ။ မင်း အတည်လက်မထပ်သင့်ဘူး”

သူတို့တတွေ ဘယ်လိုပဲ တားဆီးတားဆီး၊ ခင်လေးသိမ့်ကျမှ အစွဲလမ်းကြီး စွဲလမ်းနေသော ဖျံအောင်မင်း၊ ခင်လေးသိမ့်အား တရားဝင်ပင် နှစ်ဘက်လက်မှတ်ထိုးယူလိုက်မိသည်။

ခင်လေးသိမ့်ကို တရားဝင်လက်ထပ်မယားအဖြစ် ယူလိုက်မိခြင်းမှာ အောင်မင်းဘက်ကကြည့်လျှင် အရှုံးမရှိသလို ခင်လေးသိမ့်ဘက်ကလည်း အရှုံးမရှိ။ ခင်လေးသိမ့်ဘက်က ရုပ်ရည်ချောမောပြီး အရွယ်ငယ်နုသည်။ အောင်မင်းဘက်က ရွှေသည်ဦးလှမောင်ကြီးကို အီးတီအသွင်ဆောင်ကာ ချပ်ဖျက်ရိုက်လုပ်ခဲ့ရာမှ မတရားရထားသော ရွှေငွေများကြောင့် တိုးပွားခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



နေ၍ ဈေးသူဌေးဖြစ်နေသည်။ အရွယ်အားဖြင့်မူ အောင်မင်းက လေးဆယ် အရွယ်၊ ခင်လေးသိမ့်က အသက်နှစ်ဆယ်အရွယ် အသက်ခေါက်ချိုး ကွာတ ပဲရှိသည်၊

ဖုံအောင်မင်း ခင်လေးသိမ့်နှင့် တရားဝင်လက်ထပ်ပြီး တစ်ပတ်ခ အကြာ ခင်လေးသိမ့်အိမ်မှာ ညအိပ်၍ မနက်ဝေလီဝေလင်းအပြန်၌ သံ တားပေါ်မှအဖြတ်တွင် မော်တော်ဆိုင်ကယ်မှောက်၍ ချောင်းထဲကျ ရေနှ သေဆုံးသွားခဲ့သောအဖြစ်က ထူးခြားလှသည်။

ပို၍ထူးခြားသည်မှာ သူ တရားဝင်လက်ထပ်ယူလိုက်သော ခင်လေ သိမ့်မှာ သူရိုက်လုခဲ့သော ရွှေသည်ဦးလှမောင်၏ တစ်ချိန်က အငယ်အနှော အစွယ်အပွား တရားမဝင်ဇနီးတွေထဲမှ ခင်လေးသိမ့်အမေသည် ရွှေသည် ဦးလှမောင်၏ တိတ်တိတ်ပုန်းဇနီးဖြစ်နေကာ ခင်လေးသိမ့်မှာ ရွှေသည်ဦးလ မောင်၏ သမီးရင်းချာ ဖြစ်နေခြင်းပင်တည်း။

အကယ်၍သာ ဝိညာဉ်ဘဝရှိသေးသည်ဆိုပါက ဈေးသူဌေးလေ ဖုံအောင်မင်းသည် အမှတ်ထင်ထင်ဖြစ်စေ၊ အမှတ်မထင်ဖြစ်စေ၊ သူကြာ ခဲ့မြင်ခဲ့ရသော ရွှေသည်ဦးလှမောင်၏ စကားတွေကို ဤနှယ် ပြန်လည်ကြာ ယောင်နေလိမ့်မည်မှာ အမှန်ပင်။

"ဟော့ကောင် ... အောင်မင်း ... မင်းရိုက်ခဲ့တဲ့ဒဏ်ကြောင့် ငါ မှာ ဦးခေါင်းဝေဒနာ ပြန်ပြန်ပေါ်ပြီး အဲဒီဝေဒနာကြောင့်သေခဲ့ရတာ။ မင် ကို ငါ အခဲမကျေဘူး။ မင်းကိုသတ်ပြီးမှ ငါ့ပစ္စည်းတွေ ငါရအောင် ပြန်ယူ ပြမယ်ကွ"

ကျော်မင်းနိုင်



www.burmeseclassic.com

www.burmeseclassic.com

❑

''ဒေါင် ....ဒေါင် ....ဒေါင် ....ဒေါင်

ဗဟိုဂါတ်မကြီးအထက်ဆီမှ နာရီမောင်းထိုးရန် အချက်ပေးပြီး ကင်းသံချောင်း ဆယ်နှစ်ချက်ကို ခေါက်သံကြားနေရသည်။ ညပိုင်း ဒုတိယပိုင်း ကင်းစစ်ဆေးရမည့် တာဝန်ရှိသေးသဖြင့် ကျွန်ုပ်သည် ခုတင်ပေါ်ဝယ် တရေးရှုမှတ်ပွားနေရာမှ ထလာခဲ့သည်။

ခုတင်အောက်မှာ ချွတ်ထားသော ရှူးဖိနပ်ကို ကောက်စွပ်လိုက်ပြီး ခုတင်တိုင်မှာချိတ်ထားသော ဂျာကင်အင်္ကျီကို ယူနီဖောင်းအင်္ကျီပေါ်မှ ထပ်ဝတ်လိုက်သည်။ နောက် ခေါင်းအုံးဘေးမှ သုံးတောင့်ထိုးဓာတ်မီးကို ယူဆောင်ကာ ဘူးဝတံခါးထဲ ထွက်လာသည်။

ဘူးတံခါးထဲရှိ ကုလားထိုင်ပေါ်ဝယ် အိပ်ငိုက်နေသော တံခါးစောင့်ကင်းသမားကို အသာအယာ ပုတ်နှိုးလိုက်သည်။ နောက် ဘူးဝတံခါးသေးသေးလေးကို ဖွင့်ခိုင်းခဲ့ပြီး ထောင်မကြီးအတွင်းဘက်ဆီဝင် ရောက်လာလေသည်။ ကျွန်ုပ်ထောင်ထဲမှ အဆောက်အဦများဆီ လှမ်းကြည့်လိုက်သောအခါ ညဥ့်လယ်ယံအချိန် မှောင်မိုက်နေချိန်ဝယ် အိပ်ဆောင်တိုက်ခန်းများ၊ ရိက္ခာဂိုဒေါင်ကြီးသည် မည်းမှောင်နေလေသည်။

မိမိတာဝန်မှာ အိပ်ဆောင်တိုက်ခန်းများအတွင်းမှာရှိသော အကျဉ်းသားများ၏ လုံခြုံရေးကို လှည့်လည်စစ်ဆေးရမည့် တာဝန်ဖြစ်ပေသည်။ ပထမဆုံး လက်ဝဲဘက်မှာရှိနေသော အမျိုးသမီးဆောင်သည် ညရေးညတာအရေးပေါ်ကိစ္စရှိမှ ဝင်ရောက်စစ်ဆေးခွင့်ရှိလေသည်။





ဒါကြောင့် အမျိုးသမီးအိပ်ဆောင်ထဲသို့ ဝင်ရောက်စစ်ဆေးစရာမလိုဘဲ သက်ဆိုင်ရာအိပ်ဆောင် ညဂျူတီကျသော အမျိုးသမီးဝန်ထမ်းမှ တာဝန်ယူထားပြီးဖြစ်သည်။

ကျွန်ုပ်သည် အိပ်ဆောင်များဘက်ဆီ ဝင်ရောက်စစ်ဆေးခြင်း မပြုသေးဘဲ အုတ်ရိုးပတ်ပတ်လည်ရှိ ကင်းမျှော်စင်များကို အရင်ဦးဆုံး လှည့်ပတ်စစ်ဆေးရန် ဆုံးဖြတ်လိုက်သည်။ ဒါကြောင့် အမျိုးသမီးဆောင်အား သွပ်ပြားများအနိုင်အခံ့ကာရံထားသဖြင့် အုတ်ရိုးဘေးလမ်းကလေးအတိုင်း လျှောက်လာနေလေသည်။

ကျွန်ုပ်လက်ထဲမှာ ကိုင်စွဲလာသော လက်နှိပ်ဓာတ်မီးလေးအား မှောင်မည်းနေသည့် လမ်းဘေးဝဲယာဆီထိုးလျက် လမ်းလျှောက်သွားနေလေသည်။ ညဥ့်အချိန်အခါသမယမို့ အိပ်ဆောင်ကြီးများထဲတွင် အကျဉ်းသား၊ အကျဉ်းသူအားလုံး အိပ်မောကျနေသောကြောင့် မည်သည့်အသံဗလံမျှ ကြားရဘဲ တိတ်ဆိတ်ငြိမ်သက်နေသည်။ ကောင်းကင်ယံထက်ဝယ် လမိုက်ညဖြစ်နေသဖြင့် ကြယ်လေးများ အလင်းရောင် ပြိုးပြိုးပြက်ပြက်သာ လင်းနေလေသည်။

ဒီလို တိတ်ဆိတ်ငြိမ်သက်နေသော ညအချိန်အခါဝယ် ကျွန်ုပ်သည် ယနေ့ည တာဝန်မှူးတာဝန်ကို ထမ်းဆောင်နေခြင်းဖြစ်ပါသည်။ ညအက်လုံခြုံရေးအတွက် ထောင်ထဲတွင် ကင်းလှည့်စစ်ဆေးနေခြင်းဖြစ်သည်။ တ်ဝန်းကျင်တစ်ခွင်လုံးမှာ မည်းမည်းမှောင်မှောင် ဖြစ်ပေါ်နေပြီး သစ်ပင်ကြီးများ အဆောက်အဦကြီးများ၊ အုတ်ရိုးကြီးများသည် အမှောင်အောက်ယ် မည်းမည်းသဏ္ဍာန် မြင်နေရသည်။

ပြင်ပနေရာမျိုးဝယ် ယခုလို လမ်းလျှောက်သွားနေစဉ် ခရီးသွားန်လွဲ တစ်စုံတစ်ယောက်ကို တွေ့မြင်ကောင်း တွေ့မြင်နိုင်မည်။ ယခုထောင်အုတ်ရိုးအတွင်းထဲမှာ လမ်းလျှောက်သွားနေစဉ် လူတစ်ယောက်မပြောနှင့် ခွေးတစ်ကောင် ကြောင်တစ်မြီးမျှ မမြင်ရပေ။ လူသူလေးပါး ကင်းရှင်းနေသောအချိန်အခါ ဖြစ်သည်နှင့်အညီ ဖြည်းဖြည်းဆေးဆေး လျှောက်လာနေသည်။ ကျွန်ုပ်၏ဘေးဝယ် အုတ်ရိုးမည်းမည်းကြီးသာ ထီးထီးကြီးရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် အုတ်ရိုးထက်ဆီမှာ တည်ဆောက်ထားသော ကင်းမျှော်စင်ရှိရာသို့ လက်နှိပ်ဓာတ်မီးအလင်းရောင်ကို ထိုးကာ အချက်ပြလိုက်သည်။ ထောင်အုတ်ရိုးအမြင့်မှာ ဆယ်ရှစ်ပေသာသာခန့်ရှိမည်။ ကင်းမျှော်စင်အထက်ဆီမှ ကင်းသမားဏ်တုံ့ပြန်သံ လုံးဝ မကြားရပေ။ မည်သည့်အသံမျှ မကြားရဘဲ လက်နှိပ်ဓာတ်မီးအလင်းရောင်သာ ခေါင်မိုးအထိ လှုပ်ရှားနေသည်။

ထိုသို့ဆိုလျှင် ကင်းတာဝန်ကျနေသူသည် မိမိကင်းချိန်တွင် အိပ်ပျော်နေပြီမှန်း အကဲခတ်မိသည်။ ဒါကြောင့် မြေပြင်ပေါ်မှ ခဲတစ်လုံးကို ကောက်ယူကာ မျှော်စင်ပေါ်သို့ ပစ်ပေါက်နှိုးလိုက်သည်။

"ဒေါက် ..."

ခဲလုံးနှင့် ကာရံထားသော သံဇကာထိခိုက်မိသံသည် ညအချိန်အခါ တိတ်ဆိတ်နေချိန်ဝယ် ကျယ်လောင်စွာ မြည်သွားလေသည်။ ဤမျှကျယ်လောင်နေသော အသံကို ကင်းသမားသည် ကြားဟန်မတူဘဲ တိတ်ဆိတ်နေသည်။

"ဒေါက် .... ဒုံး ..."

နောက်တစ်ကြိမ် ခဲလုံးဖြင့် အားထည့်ပြီး ထပ်မံပစ်ပေါက်လိုက်စဉ် သံဇကာကို ထိမှန်ရာမှတစ်ဆင့် သွပ်ခေါင်မိုးကိုပါ ဆက်တိုက်ထိမှန်လာပြီးနောက် ...

"ဟေ့ .... ကင်းသမား"

"အားလုံးကောင်းပါသည် ... ဆရာ"

ကျွန်ုပ်လှမ်းမေးသံအဆုံးမှာ တုံ့ပြန်ဖြေကြားလိုက်သံကို ပီပီသသကျယ်ကျယ်လောင်လောင် ကြားလိုက်ရသည်။

"မင်း ... ဘာဖြစ်လို့ တာဝန်ချိန်မှာ ကင်းအိပ်နေရတာလဲ"

"ကျွန်တော် မအိပ်ပါဘူးဆရာ။ ခေတ္တငိုက်မိတာပါ"

"မင်းလိမ်မနေနဲ့၊ ငါ ဒီအောက်မှာရောက်နေတာ ဆယ့်ငါးမိနစ်လောက်ရှိနေပြီ။ မင်း တစ်မောင်းလွတ်သွားပြီကွ၊ နားလည်လား"

"ဟုတ်ကဲ့ပါ ... ဆရာကြီး"

---





"အေး .... မင်းကို ငါရုံးတင် အရေးမယူချင်လို့ ကင်းနှိုးနေရတာကွ။ မင်းကောင်းကောင်းမွန်မွန် ကင်းဆက်စောင့်နေ ... ကြားလား"

"ဟုတ်ကဲ့ ... ကြားပါတယ် ဆရာကြီး"

ကျွန်ုပ်မှာ မိမိလက်အောက်ငယ်သားများအပေါ် ဆက်ဆံရာတွင် ဆက်ညှာစွာ ကိုယ်ချင်းစာစိတ်မွေးပြီး ဆက်ဆံတတ်ကြောင်း ဝန်ထမ်းတိုင်းက နားလည်သဘောပေါက်ထားလေသည်။ မိမိတာဝန်မှူးနေရာမှာ တခြားသူတစ်ယောက်ဆိုပါက တာဝန်မှူးအစီရင်ခံစာထဲမှာ ကင်းအိပ်နေကြောင်း မှတ်ချက်ရေးသွင်းခံရပေမည်။

ထိုအခါ နံနက်ပိုင်းတွင် ထောင်ပိုင်ရုံးတင်ခံရပြီး ထောင်ပိုင်မှ ဆောက်ထမ်းချရန် မှတ်ချက်ရေးအတည်ပြုပေးပါက ဂိတ်စာရေးမှ ထောင်ရှေ့ဝယ် သေနတ်ထမ်းလျှောက် ကျောပိုးအိတ်ထဲ အုတ်နီခဲနှစ်လုံး ထည့်သွယ်ခိုင်းထားပြီး ခေါက်တုံ့ခေါက်ပြန် ပြေးခိုင်းခြင်းပြစ်ဒဏ်ကို ခံကြရပေသည်။

ယခု မိမိအနေဖြင့် ဒီလိုရုံးမတင်ချင်သောကြောင့် တာဝန်ကျချိန်တိုင်း ကင်းလှည့်စစ်ဆေးပြီး နိုးနိုးကြားကြားဖြင့် လုံခြုံရေးအသိရှိရန် နှိုးဆော်ပေးနေရခြင်းဖြစ်သည်။ ကျွန်ုပ် သတိပေးပြောကြားထားခဲ့ခြင်းကြောင့် အုတ်ရိုးပတ်လမ်းအတိုင်း ဆက်လျှောက်သွားနေစဉ် ကင်းသံချောင်းခေါက်သံနှစ်မောင်းကို အနောက်ဘက်မှ ကြားနေရလေသည်။

"ဒေါင် .... ဒေါင် ..."

ကျွန်ုပ် ကင်းနှိုးထားခဲ့သော ကင်းမျှော်စင်ပေါ်မှ ကင်းသမားဏ် ညဆယ့်နှစ်နာရီခွဲ ကင်းသံချောင်းခေါက်သံကို ဗဟိုကင်းအထက်ဆီမှ ခေါက်ပြီးသွားသည်နှင့် မျှော်စင်များ ဆက်တိုက်ခေါက်နေသံကို ကြားနေရခြင်းဖြစ်သည်။ ကျွန်ုပ်လျှောက်လာနေသော အုတ်ရိုးပတ်လမ်းတစ်ဖက်တွင် အမျိုးသမီးဆောင်အား ဝိုင်းပတ်ကာရံထားသော သွပ်ပြားအကာအရံများဆုံးသွားသည်နှင့် မွေးပျံ့ထုံသင်းနေသော နှင်းဆီရနံ့ရှူးရှူးက စတင်သင်းပျံ့လာနေသည်။

---



www.burmeseclassic.com

www.burmeseclassic.com



ယင်းနှင်းဆီခင်းကြီးမှာ အမျိုးသမီးအိပ်ဆောင်အနောက်ဘက်တွင်ရှိသော စိုက်ခင်းဖြစ်ပြီး အကျဉ်းသူများ နေ့အခါ၌ စိုက်ပျိုးပေါင်းသင်ကြရသည်။ ထိုသို့ အကျဉ်းထောင်ထဲမှ ထွက်သော နှင်းဆီပန်းများကို နံနက်ပိုင်းတွင်ခူးယူပြီး ဈေးမှာ ဖောက်သည်သွင်းသလို ဝန်ထမ်းများကိုလည်း အဖိုးနှုန်းချိုသာစွာဖြင့် ပြန်လည်ရောင်းချပေးသည့် ထောင်တွင်း ဝင်ငွေလုပ်ငန်းဖြစ်သည်။

ကျွန်ုပ်လည်း လက်ထဲမှ လက်နှိပ်ဓာတ်မီးဖြင့် အမှောင်ထဲလှည့်ပတ်ထိုးကြည့်ပြီး လျှောက်သွားနေစဉ် လက်နှိပ်ဓာတ်မီးအလင်းရောင်တန်းအောက်ဝယ် နှင်းဆီပွင့် ရောင်စုံပန်းပွင့်ကြီးများက ငွားငွားစွင့်စွင့် လှချင်တိုင်းလှနေသည်။ သည်နေရာမှာ မိန်းကလေးတစ်ယောက်သာဆိုလျှင် နှင်းဆီပန်းခင်းကြီးထဲဝင်ပြီး အလှဆုံးပန်းပွင့်များကို ခူးဆွတ်၍ ခေါင်းမှာဝေဆာနေအောင် ပန်ဆင်ကြမှာ မလွဲပေ။ ကျွန်ုပ်လို ယောက်ျားသားတစ်ဦးအဖို့ နှင်းဆီရနံ့စူးစူးကို ရှူရှိုက်နေရသောကြောင့် ခေါင်းထဲတွင် ငြီးစီစီကြီး ဖြစ်လာနေသည်။

ယင်းနေရာကို ဖြတ်ကျော်လာသောအခါ မျှော်စင် (၂) နေရာသို့မရောက်မီဦးစွာ ကြိုးစင်မည်းမည်းကြီးကို ကြယ်အလင်းရောင်ဖြင့် ပြက်ပြက်ထင်ထင် လှမ်းမြင်နေရသည်။ ဤကြိုးစင်ကြီးမှာ လောလောဆယ် အသုံးမပြုဘဲ ပစ်ထားခဲ့သည်မှာ ကြာလေပြီ။ ဟိုးခေတ်ခါတုန်းဆီက သေဒဏ်ကျခံခဲ့ရသော ကြိုးသမားများ အယူခံရှုံးနိမ့်သွားသော ကြိုးပေးကွပ်မျက်ခဲ့သည့်နေရာဖြစ်သည်။

ကြိုးစင်ကြီးပေါ်ဝယ် ရက်စက်ရမ်းကားသူ ဒုစရိုက်သမားများ၏ဇီဝိန်ကို ခြွေပစ်ခဲ့သော မရဏသင်္ချိုင်းမြေဖြစ်ပါသည်။ မိမိတို့ကျူးလွန်လာခဲ့ကြသော ပြစ်မှုများမှာ လူတစ်ဖက်သားအပေါ် ထိခိုက်နစ်နာအောင် ရက်ရက်စက်စက် သတ်ဖြတ်လာခဲ့ကြသော်လည်း မိမိတို့အလှည့်ရောက်သောအခါ ကယ်ပါယူပါ တစာစာ အော်မြည်ဟစ်ကြွေးရင်း အရှင်လတ်လတ်အသတ်ခံသွားရသည်က များသည်။





ဒီလို လူသတ်ကုန်းနေရာမှာ အယူခံရှုံးနိမ့်သွားခဲ့ကြသော ကြိုးသမားများအား ကြိုးစင်ကြီးပေါ်ဝယ် လည်ပင်းကြိုးကွင်းစွပ်လျက် မျက်နှာကိုအဝတ်အုပ်ကာ ဒေါက်ဖြုတ်စီရင်ခဲ့ရသည်များကို မျက်စိထဲဝယ် မြင်ယောင်နေမိသည်။ ဤနေရာလေးကို ဖြတ်သန်းသွားရသည့်အခါများတွင် ကြိုးစင်ထစ်ဝိုက် လေနုအေးလေးက တသုန်သုန် တိုက်ခိုက်လာနေသည်။

ကြိုးစင်ကြီးမှာ ဟင်းလင်းပြင်လို အုတ်ခုံသက်သက်သာရှိနေပြီး ဒေါက်ဖြုတ်စီရင်သည့်အချိန်မှသာ သံယက်မတန်းများကို တပ်ဆင်အသုံးပြုရလေသည်။ ကြိုးသမားတို့၏ မချိမဆံ့ အော်ဟစ်ညည်းတွားသံများကို နားထဲမှာ ပြန်လည်ကြားယောင်လာနေသည်။

ယင်းသို့သော အချိန်ကာလမျိုးဝယ် ကျွန်ုပ်အဖို့ အကျဉ်းဦးစီးဌာန၏ တွင် 'ထောင်မှူးများအလိုရှိသည်' ဟူသော ကြော်ငြာလေးကို သတင်းစာထဲတွင် ဖတ်ရှုမိပြီးနောက် မိမိမသိဖူး၊ မကြုံဖူးသော နေရာဌာနတစ်ခုကို ဝမ်းစာရေးအတွက် ဝင်လျှောက်မိခဲ့သော အမှားကိုမြင်ကာ နောင်တအကြိမ်ကြိမ် ရနေလေသည်။

အမှန်တကယ်တော့ မိမိသည် လူဆိုးလူမိုက်တစ်ယောက် မဟုတ်ပါဘဲလျက် ရာဇဝတ်ပြစ်ဒဏ် ကျူးလွန်လာခဲ့သော အကျဉ်းသားများနှင့် အတူတူနေ ထောင်ကျနေရသည်နှင့်မခြား ဖြစ်နေသည်။ အကျဉ်းသားများအပေါ် ဗျူရိုကရက်ဆန်ဆန် အုပ်ချုပ်တတ်ကြသူများသည် ဝန်ထမ်းချင်းအတူတူဖြစ်ပါလျက် ဇာတ်တူသားစားကာ မိမိထက်ရာထူး နိမ့်ကျသူများအပေါ်တွင်လည်း နိုင့်ထက်စီးနင်း ဗိုလ်ကျစိုးမိုးရေးဝါဒကို လက်ကိုင်ထားခဲ့သည်များကိုလည်း ကြုံတွေ့ခဲ့ရလေသည်။

ဒါကြောင့်လည်း မိမိအပေါ် အနိုင်ကျင့်လွန်းသော ဗျူရိုကရက်အရာရှိဆိုးများ၏ လက်အောက်ဝယ် တာဝန်ထမ်းဆောင်နေခဲ့ရသည်ကိုနေ့စ်မြို့ကာ ထောင်မှာ တာဝန်ထမ်းဆောင်နေရာမှ ထွက်စာတင်ထွက်လာခဲ့သည်။ မိမိလို ဦးစီးအရာရှိ (ထောင်ပိုင်) ရာထူးအဆင့်ဖြင့် မည်သည့်ထောင်၊ မည်သည့်အလုပ်စခန်း နေရာကိုပဲရောက်ရောက် တာဝန်ခံအရာရှိအဖြစ် တာဝန်ထမ်းဆောင်ရမည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း ဒီလိုအခွင့်အရေးများကို မက်မောတွယ်တာစရာ မလိုတော့ဘဲ အကျဉ်းဦးစီဌာနသို့ မျက်စိလည် လမ်းမှားဝင်ရောက်မိသော မိမိတို့ယ်တိုအပြစ်တင်ကာ ဌာနမှ အပြီးအပိုင် လမ်းခွဲထွက်ခွာရန် ဆုံးဖြတ်ချက်ချလိုက်သည်။

ကျွန်ုပ်တို့ ထောင်မှူးများ၏ဘဝမှာ ယခုလို တာဝန်မှူးတာဝန်ကို သုံးလေးရက်တစ်ကြိမ် တာဝန်ထမ်းဆောင်နေရသည်။ မနက်အစောကြီး ငါးနာရီထောင်ဖွင့် ဝင်ရောက်ရပြီး ညမိုးကြီးချုပ်မှ အိမ်သို့ပြန်ရသည်မှာ နေ့စဉ်လိုလို ဖြစ်နေသည်။

မိမိအိမ်မှာ နေထိုင်သော ဇနီးသားမယားနှင့် တွေ့ဆုံချိန်သည် ညရှစ်နာရီနောက်ပိုင်းမှ မနက်ငါးနာရီ ထောင်ဖွင့်ချိန်ထိသာ တွေ့ဆုံကြသည်။ မိမိမွေးထားသော ကလေးငယ်သည် မိမိကိုပင် မမှတ်မိနိုင်သော အခြေအနေမျိုးဖြစ်သည်။

ဖခင်ဖြစ်သူမှာ တာဝန်ကို မိုးမလင်းမီ ကလေးအိပ်ရာမထမီကတည်းမှ ထောင်ထဲတာဝန်ဝင်သွားသည်မှာ မိုးကြီးချုပ်လို့ အိပ်ချိန်ရောက်မှ အိမ်ပြန်လာရသည်။ အဖေနှင့်သား ကြာကြာဆုံတွေ့ရဖို့ မလွယ်သည့် အခြေအနေမျိုးဖြစ်သည်။

သည်လိုဘဝမျိုးမှာ ကျင်လည်နေရသော ကျွန်ုပ်သည် တာဝန်မှူးကျနေသည့်အခါ ယခုလို ညမှောင်မှောင်မည်းမည်းကြီးအချိန်ဝယ် အုတ်ရိုးလေးဘက်လေးတန် ကာရံထားသော အုတ်ရိုးမည်းမည်းကြီးအတွင်းမှာ မြွေ၊ ဖား၊ ကင်းများ မကြောက် အုတ်ရိုးပတ်ပတ်လည်အား ကင်းလှည့်လည်စစ်ဆေးနေရလေသည်။ ပြဿနာတစ်စုံတစ်ရာမပေါ်လျှင် အကြောင်းမဟုတ်၊ ပြဿနာပေါ်လာခဲ့ပါက အလုပ်ပါ ထိခိုက်နိုင်သည်။

ဒီလိုအချိန်မျိုး မှောင်နှင့်မည်းမည်း အချိန်ခန့်ဝယ် အထဲမှဖောက်ထွက်လာသော ရာဇဝတ်သားတစ်ဦးဦးနှင့် ပက်ပင်းဆုံတွေ့ခဲ့ပါက လူမသိသူမသိ အသတ်ခံရဖွယ်ရှိသည်။ သို့သော်လည်း ကိုယ်က ထောင်ဝန်ထမ်းဆိုတော့ ကြောက်ရွံ့နေစိတ် ဘေးဖယ်ကာ အားမာန်တင်း လျှောက်သွားနေရသည်။





ထိုစဉ် ကြိုးစင်မည်းမည်းကြီးအနားသို့ ရောက်ရှိလာလေသည်။ ကြိုးစင်ကြီးဆီ လှမ်းကြည့်လိုက်သောအခါ ညအမှောင်အောက်ဝယ် ကြယ်များအလင်းရောင်ဖြင့် အင်္ဂတေအုတ်ခုံကြီးကိုသာ ဝိုးတိုးဝါးတား လှမ်းမြင်နေရသည်။ ကြိုးစင်ကြီးအား အသုံးမပြုသည့်အချိန်တွင် ယခုလို အင်္ဂတေခုံကြီးကိုသာ ထီးတည်းရှိနေလေသည်။ ကြိုးစင်ပေါ်တွင် ကြိုးပေးမည့်အချိန်ရောက်မှ သံယက်မတန်းကြီးများကို တပ်ဆင်အသုံးပြုခဲ့သည်။ ဒေါက်မောင်းတံကိုလည်း ကြပ်မနေစေရန် ဆီသုတ်ပြင်ဆင် ထားရလေသည်။

ဒါကြောင့် ကြိုးစင်နေရာမှာ ကြိုးပေးကွပ်မျက်မှုများ မပြုလုပ်သည်မှာ ကြာမြင့်နေပြီဖြစ်သောကြောင့် ဟောင်းနွမ်းဆွေးမြေ့သလို ဖြစ်ပေါ်နေလေသည်။ ကြိုးစင်လေးရှေ့ရှိ ဘုရားစေတီလေးနေရာမှာတော့ ထုံးဖြူဖြူစေတီလေးမှာလည်း ကြယ်ရောင်အောက်မှာ တင့်တင့်တယ်တယ်ရှိနေသည်။ စေတီလေးမှာ ကိုးတောင်စေတီပုံစံမျိုးဖြစ်သည်။ ကြိုးဒဏ်စီရင်ခံရမည့် ကြိုးသမားများအတွက် ဘဝကူးကောင်းစေရန် ရည်ရွယ်ပြီး တည်ဆောက်ထားခြင်းဖြစ်ပါသည်။

စေတီလေးနှင့် မနီးမဝေးနေရာဝယ် ညောင်ညိုပင်ကြီးတစ်ပင် ပေါက်ရောက်နေသည်။ ခေတ်အဆက်ဆက်မှာကတည်းက တည်ရှိနေသောကြောင့် နှစ်ပရိစ္ဆေဒကြာညောင်းနေပြီ ဖြစ်သည်။ ယင်းညောင်ပင်ကြီး အထက်နေရာဆီမှ ညောင်မုတ်ဆိတ်နွယ်ပင်များသည် ဖားလျားကျနေသည်။ ယင်းကို ညအမှောင်အောက်ဝယ် မြင်ရသူတိုင်း ကြက်သီးဖြန်းဖြန်း ထစေသည်။ ကျွန်ုပ်သည် ကြိုးစင်ကြီးဘေးမှ ဖြတ်သွားခဲ့ပြီး စေတီလေးရှိသောနေရာတွင် ခိုက်တစ်ရာခန့်အကွာအဝေးမှ လှမ်းမြင်တွေ့လိုက်ရသောအရာကြောင့် မှင်သက်မိသလို ဖြစ်ပေါ်သွားခဲ့လေသည်။

ယင်းမှာ ပုံစံအကျီအဖြူနှင့် အဖြူရောင်လုံချည်ဝတ်ဆင်ထားသော အကျဉ်းသူအမျိုးသမီးတစ်ဦးသည် ဆံပင်ဖားလျားချထားလျက် ခေါင်းပေါ်တွင် နှင်းဆီပန်းပွင့်များ ဝေဝေဆာအောင် ပန်ဆင်ထားသည်ကို ရုတ်တရက်မြင်လိုက်ရသည်။ သူမသည် စေတီလေးရှေ့မှာ ဘုရားကန်တော့နေဟန်တူ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ညအမှောင်ဝယ် ကျောခိုင်းအဲနေအထားဖြစ်နေသဖြင့် မျက်နှာကို လုံးဝ မမြင်တွေ့ရပေ။

သည့်လို ညကြီးသန်းခေါင်ယံအချိန်မှာ အကျဉ်းထောင်ထဲတွင် အမျိုးသမီးတစ်ဦးတည်း မကြောက်မရွံ့ရောက်ရှိနေခြင်းမှာ ထူးတော့ထူးဆန်းသည်။ သူမ မည်သည့်နေရာမှ ဤနေရာဆီ စွတ်စွတ်ရွတ်ရွတ် ရောက်လာနိုင်မည်နည်း။ အကျဉ်းထောင်ကြီးအပြင်ဘက်မှ ထောင်ကြီးထဲ ဝင်ရောက်လိုလျှင် တံခါးမကြီးကိုဖွင့်ပြီးမှ ဝင်ရောက်နိုင်မည်။ ထောင်အုတ်ရိုးမည်းမည်းကြီးကလည်း ပတ်ပတ်လည် ကာရံထားနေသည်။

ထိုသို့ဆိုလျှင် အမျိုးသမီးသည် ထောင်မပိတ်မီအချိန်ကတည်းမှ နှင်းဆီခင်းကြီးထဲမှာ ပုန်းလျှိုးကွယ်လျှိုးလုပ်ပြီး အိပ်ဆောင်ထဲမဝင်ဘဲ ကျန်နေခဲ့လေလား။ ဒါကလည်း မဖြစ်နိုင်။ ညနေထောင်ပိတ်ချိန်ဝယ် အိပ်ဆောင်ထဲမှာ ရှိနေခဲ့သော အကျဉ်းသူများ၏ လူပေါင်းအရေအတွက်ကို စစ်ဆေးပြီးမှ လူပေါင်းစာရင်းပိတ်၍ မိန်းဂျေးလ် (MAIN JAIL) ရုံးခန်းမှာ စာရင်းသွားပေးရသည်။ ယင်းလူပေါင်းစာရင်း မှန်ကန်ကြောင်း ထောင်မှူးမကိုယ်တိုင် လက်မှတ်ရေးထိုးရသည်။

မည်သို့ပင်ဆိုစေ အမျိုးသမီးတစ်ဦးတစ်ယောက်သည် ယခု ဘုရားစေတီလေးရှေ့ဝယ် မည်သည့်နေရာမှ ရောက်ရှိလာပြီး ဘုရားရှိခိုးနေသည်။ ဒါကို တာဝန်မှူးဖြစ်သူ ကျွန်ုပ်ကိုယ်တိုင် မျက်ကလူးဆန်ပြာ တိုက်တိုက်ဆိုင်ဆိုင် တွေ့မြင်နေရပြီ။ ညအမှောင်အောက်ဝယ် ဆန့်ကျင်ဘက် လိင်နှစ်ဦးသည် ထိပ်တိုက်တွေ့ဆုံနေရသည်ကတော့ အမှန်အကန်။

ကျွန်ုပ်ရပ်နေသော အုတ်ရိုးပတ်လမ်းပေါ်မှနေရာနှင့် သူမ ရှိနေသောနေရာသည် ကိုက်တစ်ရာခန့်အကွာအဝေးမှာ ရှိနေသည်။ ဤမျှလောက်ကွာဝေးနေ၍သာ တော်တော့သည်။ ညအမှောင်ကြီးထဲမှာ နှစ်ယောက်သားနီးနီးကပ်ကပ် တွေ့မြင်ရမည်ဆိုလျှင် ပြဿနာတက်သွားနိုင်သည်။

အကယ်၍များ သူမသည် ကျွန်ုပ်ကို မြင်တွေ့သွားပြီး ရုတ်တရက်ထွက်ပြေးလျှင် ဝင်လုံးဖမ်းရမည့်ကိန်း ဆိုက်နေမည်။ ယခုတော့ သူမသည်





တော်ဝန်းကျင်ကို ဂရုမထားဘဲ သူမ လုပ်ဆောင်စရာရှိသည်များကို အေးအေးဆေးဆေး လုပ်ကိုင်နေသည်။

သူမသည် စေတီရှေ့ဝယ် ဘုရားရှိခိုးပြီးသွားတော့သည်။ ထိုင်ရာမှထကာ စေတီရှေ့နားရှိ မီးအိုးများကို နေရာတကျဖြစ်အောင် ပြုပြင်နေသည်။ သူမရှိရာနေရာဆီကို ကျွန်ုပ်သည် အသာချဉ်းကပ်ပြီး နေလာခဲ့သည်။ သူမ၏ မျက်နှာသွင်ပြင်ကို သဲသဲကွဲကွဲမမြင်ရသဖြင့် ချောသည်လှသည်ကို မသိနိုင် ဖြစ်နေသည်။ သူမပုံသဏ္ဌာန်ကို ကျောခိုင်းထားလျက် အနေအထားမှသာ လှမ်းမြင်နေရသည်။ သူမ၏ခေါင်းမှ ဆံပင်ရှည်များသည် လေအေးနှင့်သုန် တိုက်ခတ်နေသောကြောင့် ဖဲဖြာလှုပ်ယမ်းနေသည်။

ကျွန်ုပ်မှာ မမျှော်လင့်ဘဲ ညအချိန်မတော်ကြီးမှာ အမျိုးသမီးတစ်ယောက်ကို မမျှော်လင့်ဘဲ တွေ့မြင်နေရ၍ မှင်တက်မိသလို ငေးမောကြည့်နေရာမှ သတိလက်လွတ်ဖြစ်ပေါ်သလို ခံစားနေခဲ့ရာမှ လက်ထဲက လက်နှိပ်ဓာတ်မီးလေးကို အမျိုးသမီးထံ လှမ်းထိုးကြည့်နေလျက် . . .

"ဟေ့ . . . . . ကလေးမ နင် ဘယ်ကလဲ"

". . . . . . . . . . . . ."

အမျိုးသမီးထံမှ ပြန်လည်တုံ့ပြန်သံ မကြားရဘဲ စေတီလေး၏ နောက်ဘက်နေရာဆီ တွေ့ဝင်သွားကာ ပျောက်သွားလေသည်။ တုတ်ပြီးဆိုလျှင် အမျိုးသမီးဆောင်ထဲမှ အကျဉ်းသူတစ်ယောက် ညဘက်ကြီးအောက်မှ အိပ်ဆောင်ထဲကနေ ခိုးထွက်လာသည်မှာ သေချာနေသည်။ ဒါကြောင့် . . .

"ဟေ့ . . . . အဲဒီနားမှာ ရပ်နေ၊ ငါ တာဝန်မှူးကွ"

မိမိတစ်ဦးတည်းကသာ စိုးရိမ်တကြီး လှမ်းအော်တန့်တားနေခဲ့ပေမယ့် အမျိုးသမီးကတော့ စေတီအနောက်ဘက်နေရာမှာ ဝင်ရောက်ပျောက်ကွယ်သွားသည်။ လွတ်သွားမည်စိုး၍ အနောက်မှ အမောတကော လိုက်ရှာနေသည်။

စေတီအနောက်ဘက်မှာလည်း မည်သည့်အရိပ်အယောင်မျှ မမြင်ရဘဲ တိတ်ဆိတ်ငြိမ်သက်နေသည်။ မိမိကိုယ်တိုင် မျက်စိနှင့်တပ်အပ်မြင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါလျက် ပျောက်ဆုံးသွားသော အကျဉ်းသူကို စိတ်ထဲမှာ ဘဝင်မကျနိုင်ဘဲ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကာ ရှာဖွေနေမိသည်။ ဤကဲ့သို့ မိမိတစ်ယောက်တည်း လိုက်လံရှာဖွေနေလို့ကလည်း ဒီလောက်ကျယ်ဝန်းသော တစ်မိုင်ပတ်လည်ဝန်းကြီးထဲမှာ ရှာဖွေနေလို့ကတော့ မိုးသာလင်းသွားမည် တွေ့ဖို့က မလွယ်ကူနိုင်ပေ။

ဒါကြောင့် အုတ်ရိုးလျှောက် တာဝန်ကျနေသော ဝန်ထမ်းအား လိုက်လံရှာဖွေကြည့်နေသည်။ ဝန်ထမ်းဆိုတာမျိုးကလည်း ခက်သားလား။ မိမိတာဝန်ကျသောနေရာမှာမရှိဘဲ မည်သည့်ချောင်မှာများ သွားအိပ်နေသည် မသိပေ။ တစ်ခါတစ်ရံမှ ကင်းထစစ်ဆေးတတ်သော တာဝန်မှူးများ၏ တာဝန်မကျေတတ်မှုကို အထာသိနေသဖြင့် တချောင်ချောင်မှာ အိပ်နေမည်မှာ သေချာပေသည်။

ထိုစဉ် အုတ်ရိုးပတ်လမ်းလေးအတိုင်း ညအချိန်အခါကြီးမှာ လူ လီလှုပ်လှဲပုံစံဖြင့် ဖြတ်လျှောက်သွားနေသော အကျဉ်းသူအမျိုးသမီးလေးကို ကိုက်တစ်ရာခန့်အကွာမှာ ထပ်မံမြင်တွေ့လိုက်ရပြန်သည်။ သူမသည် ထောင်ယာစိုက်ခင်းကြီးထဲမှာရှိသော နားနေတဲလေးထဲမှာ ဝင်ပုန်းနေရာမှ စိတ်အေးရပြီထင်ပြီး ပြန်ထွက်လာခဲ့ဟန်တူသည်။

ကျွန်ုပ်အနေဖြင့် လက်နှိပ်ဓာတ်မီးရောင်ဖြင့် လှမ်းထိုးပေါ်နေလျှင် စောစောကလို ထွက်ပြေးပျောက်ကွယ်သွားမည် စိုးရိမ်သောကြောင့် အကျဉ်းသူအမျိုးသမီးကို ဖမ်းဆီးရမိနိုင်ရန် မျက်ခြေမပြတ်နောက်ယောင် ခံလိုက်လာနေသည်။ ထောင်ယာထဲမှာများ အုတ်ရိုးလျှောက် ဝန်ထမ်းအိပ်နေမလား ဆိုပြီး ဝင်ရှာကြည့်ပြန်သည်။

ကျွန်ုပ် ထောင်ယာခင်းကြီးထဲ ဝင်သွားသောအခါတွင် ထောင်ယာဘုတ်ကိုင်များ နားနေတဲလေးပေါ်ဝယ် လူရိပ်သဏ္ဍာန် လုံးဝမတွေ့မမြင်ရဘဲ အကျဉ်းသားများ နေ့လယ်ပိုင်းက စားသောက်ရန် ချက်ပြုတ်ထားသော အိုးခွက်များသာ တွေ့မြင်ရလေသည်။ စောစောက အကျဉ်းသူမှာလည်း ဗိုက်ဆာလော[illegible]နေသဖြင့် ထောင်ယာတဲထဲများ စားစရာတစ်ခုခု ရှိလိုရှိငြား ဝင်ရှာထွက်သွားဟန်တူသည်။





ယင်းသို့ ထောင်ယာတဲထဲမှာ မည်သည့်အစားအစာမျှ မတွေ့မြင်သောကြောင့် စိတ်ပျက်လက်ပျက်ဖြင့် အုတ်ရိုးပတ်လမ်းပေါ် ပြန်ထွက်သွားနေခြင်းဖြစ်သည်။ ကျွန်ုပ်လည်း မျက်ခြေပြတ်သွားမည်စိုး၍ လက်နှိပ်ဓာတ်မီးကိုင်ကာ နောက်မှသုတ်ခြေတင် လိုက်ပါလာနေသည်။

ယခုလို ညမှောင်မှောင်မည်းမည်းကြီးအချိန်မှာ အမျိုးသမီးတစ်ဦးတည်း မကြောက်မရွံ့ဘဲ သွားလာနေခြင်းကို ကျွန်ုပ်မှာ အံ့သြနေမိလေသည်။ ရှေ့ကိုက်တစ်ရာခန့်လောက်မှာ လျှောက်သွားနေသော သူမကို နောက်မှ အသာစောင့်ကြည့်လိုက်ပါလာနေသည်။

ထိုစဉ် သူမသည် အလုပ်ကြီးဘက်ဝင်းသို့ ထွက်သည့်အပေါက်ဆီ လျှောက်သွားနေသည်။ ကျွန်ုပ်ကတော့ အေးအေးဆေးဆေး တွက်ဆထားလိုက်သည်။ အဘယ်ကြောင့်ဆိုသော် အလုပ်ကြီးဘက်ဝင်းသည် ညဘက်ဆို ဝင်းတံခါးများအားလုံး သော့ပိတ်ခတ်ထားသောကြောင့် ဖြစ်သည်။

သူမသွားရမည့်လမ်းမှာ တစ်လမ်းတည်းသာရှိနေသည်။ ယင်းမှာ မိန်းဂျေးလ် (MAINJAIL)ရုံးလမ်းတစ်လမ်းသာလျှင် သွားစရာရှိသည်။ ယင်း မိန်းဂျေးလ်ဗဟိုလမ်းမကြီးမှာ ထောင်ဘူးဝဆီထိ တောက်လျှောက်ရောက်နိုင်သည့် ဗဟိုလမ်းမကြီးဖြစ်သည်။ ယခုလို ညဉ့်နက်ချိန်မှာ အမျိုးသမီးတစ်ယောက်တည်း လျှောက်သွားနေသည်ကို မိန်းဂျေးလ်ရုံးခန်းထဲမှာ ရှိနေသော ညဝန်ထမ်းများအနေဖြင့် ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ဆုံသွားမည်မှာ မလွဲဧကန်ဖြစ်သည်။

မိန်းဂျေးလ်ရုံးသည် အိပ်ဆောင်များကို ဗဟိုမှာထားပြီး တည်ဆောက်ထားသော ရုံးနေရာဖြစ်သည်။ များသောအားဖြင့် ညစောင့်တာဝန်ကျသော ဝန်ထမ်းများသည် ဗိုက်ဆာလောင်သည့်အခါ ညမီးမှ ချက်ပြုတ်ပြီးသွားသော ထမင်းကို ဖိုခေါင်းဖြစ်သူအား ကြော်ခိုင်းပြီး အဆာပြေ ဝိုင်းဖွဲ့စားနေတတ်သည်။

စောစောက သူမထွက်သွားနေသော ထွက်ပေါက်နေရာသည် အလုပ်ကြီးဘက်သို့ဝင်သော လမ်းအပေါက်ဖြစ်နေသည်။ အကျဉ်းထောင်ကြီး၏ အနောက်ဘက်နေရာမှာ အလုပ်ရုံများကို ဖွဲ့စည်းတည်ဆောက်ထားသော



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ရုံဝင်းကြီးကို သီးခြားစည်းဆောက်ထားသည့် နေရာဖြစ်သည်။ ဤ အချိန်အခါမှာ အလုပ်ကြီးဆက်ဝင်းထဲမှ သက်ဆိုင်ရာ အလုပ်ဌာနများ နည်းပညာဆရာများက အလုပ်နှင့်ပတ်သက်သော ပညာရပ်များကို တတ်ကျွမ်း အောင် အကျဉ်းသားများအား သင်ကြားပြသပေးခဲ့သည်။

ယင်းအမျိုးသမီးသည် မိမိရောက်ရှိနေသော နေရာဒေသနှင့် ပတ် ဝန်းကျင်ကို နှံ့နှံ့စပ်စပ် သိဟန်မတူပေ။ ဒါကြောင့် သူမ တောင်ယာခင်းကြီး ထဲမှ ထွက်လာသောအပေါက်သည် တောင်ကြီး၏ အပြင်ဘက်သွားလမ်း မှတ်ထင်နေသည်။

သူမထွက်လိုက်သည်နှင့် ပြင်ပနေရာကို ရောက်လိမ့်မည်ဟု မျှော် လည်း လမ်းမှားပြီး ထွက်လာမိခြင်းဖြစ်ပါသည်။ ယခု သူမ ဖြတ်ကျော် လာသော နေရာများဖြစ်သည့် တောင်ယာစိုက်ခင်းကြီးများကို လုံခြုံသော အခါ လူနေရပ်ကွက်အတွင်းမှ စိုက်ပျိုးထားသော တောင်ယာစိုက်ခင်းများ ဟု မှတ်ထင်နေဟန်တူသည်။

အမှန်တကယ်တော့ ညအမှောင်အောက်ဝယ် စမ်းတဝါးဝါးဖြင့် လျှောက်သွားနေခဲ့ခြင်းသာဖြစ်သည်။ သူမ ယခုသွားနေသော နေရာဒေသ ဝန်းကျင်မှာ ထောင်အုတ်ရိုးမည်းမည်းကြီး ကာရံထားပြီး အိပ်ဆောင်များ၏ ပိုင်းခြားကာရံထားသော ခြံရိုးများကာရံထားသည့်ကြား မြေကွက်လပ် နေရာမှာ အသီးအနှံများကို စိုက်ပျိုးထားသော တောင်ယာစိုက်ခင်းကြီးများ ဖြစ်ပါသည်။

ဒါကြောင့် သူမသည် အုတ်ရိုးပတ်ပတ်လည် ကာရံထားသည့် ထောင်ကြီးအတွင်းမှာသာ တဝဲဝဲတလည်လည် ဖြစ်နေခြင်းသာဖြစ်သည်။ ကျွန်ုပ်လို ညတာဝန်မှူး တာဝန်ထမ်းဆောင်နေရသော ဝန်ထမ်းတစ်ယောက် အနေဖြင့် ဤနေရာပတ်ဝန်းကျင်ကို ကျွမ်းကျင်ပြီးသားဖြစ်နေသည်။

သူမ၏ စိတ်ထဲမှာတော့ မှတ်ထင်ယုံကြည်နေခဲ့သည်မှာ ဤနေရာ လွန်မြောက်လျှင် ထောင်ထဲမှ လွတ်မြောက်ပြီဟု ယူဆကောင်း ယူဆ ပေမည်။ ဒါကြောင့်ပင် တစ်ယောက်တည်း အေးအေးလူလူ လျှောက်သွား





သည်။ ကျွန်ုပ်မှာ ရုတ်တရက် အကြမ်းနည်းသုံးပြီး နှစ်ဦးတည်း နပန်းလုံး ဖမ်းဆီးလျှင် ရနိုင်ပေသည်။ သို့သော် ပြဿနာတစ်စုံတစ်ရာ ဖြစ်မည်စိုး သောကြောင့် လက်နှိပ်ဓာတ်မီးရောင်ကို မထိုးဘဲနောက်မှ အသာလိုက်လာ ခြင်းဖြစ်သည်။

သူမသွားနေသည့်လမ်းသည် မိန်းဂျေးလ်လမ်းမကြီးကိုဆီ သွား သောလမ်းဖြစ်သောကြောင့် ကျွန်ုပ်၏တပည့်များနှင့် မုချမသွေ ဆုံစည်း မည်မှာ သေချာနေသည်။ ထို့နေရာဆီသို့ရောက်မှသာ သူမကို ဝိုင်းစောင့် ဖမ်းမည်ဟု စိတ်မှာတေးထားသည်။ မိမိမှာ နဂိုကတည်းကမှ ယင်းအကြံ အစည်ကို အကောင်အထည်ဖော်ရန် စိတ်ကူးထားသည်။

ထိုစဉ် မထင်မှတ်ဘဲ မိုးဖွဲဖွဲလေးများ ရွာသွန်းချလို့လာနေသည်။ ကျွန်ုပ်လည်း ယခုလို မိုးရုတ်တရက်ရွာချလိမ့်မည် မထင်မှတ်၍ ယူနီဖောင်း ဝတ်စုံဖြင့် ကင်းစစ်ဆေးရန် ထွက်လာခဲ့ခြင်းဖြစ်သည်။ ယခုလို မိုးက ရုတ် တရက်ရွာသွန်းလာသောကြောင့် မိုးခိုစရာနေရာမရှိဘဲ ဖြစ်နေသည်။ သူမ နောက်မှ ဖြည်းဖြည်းဆေးဆေးဖြင့် လိုက်လာနေ၍ မိုးရွာထဲတွင် အပြေး သွား မိုးခိုစရာနေရာကို ရှာနေရသည်။

ထိုကဲ့သို့ မိုးခိုရန်နေရာအတွက် ဗျာများနေစဉ် ရှေ့ကသွားနေသော အမျိုးသမီးလေးမှာ ရုတ်တရက် မြင်ကွင်းမှ ပျောက်သွားလေတော့သည်။ ဤသို့ဆိုလျှင် ရှေ့မှအမျိုးသမီးလည်း မိုးခိုစရာနေရာ တစ်ခုခုကိုရှာပြီး မိုး ခိုနေ၍သာ ရုတ်တရက်ပျောက်သွားသည်ဟု မှတ်ထင်နေသည်။

ကျွန်ုပ်မှာ မိုးရွာသွန်းနေသောကြောင့် ဆက်လိုက်ရမည်လား မိုးခို နေရမည်လား ဝေခွဲမရနိုင်အောင် ဖြစ်နေသည်။ နောက်ဆုံးမှာတော့ မိမိ တစ်ကိုယ်လုံးနီးပါး မိုးရေများဖြင့် စိုရွှဲနေသောကြောင့် မိုးရေထဲမှာပဲ ဆက် လက်ရှာဖွေရန် ထွက်လာခဲ့သည်။

ကျွန်ုပ်သည် မိုးစက်မိုးမှုန်များ တဖွဲဖွဲရွာသွန်းနေသည့်ကြားမှ လက် နှိပ်ဓာတ်မီး အလင်းရောင်အားကိုးဖြင့် မိုးရေထဲမှာ လျှောက်လာခဲ့သည်။ တစ်ကိုယ်လုံးမှာလည်း မိုးရေများဖြင့် ရွှဲနစ်ကာ ချမ်းခိုက်ခိုက်တုန်လာနေ သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤကဲ့သို့ ကျွန်ုပ် ဆက်လက်လျှောက်လာနေရင်း မိန်းဂျေးယ ခန်းလေးကို မိုးရေများကြားမှ လှမ်းမြင်နေရသည်။ သို့သော်လည်း ရုံး ထဲတွင် တပည့်ဝန်ထမ်းများကိုလည်း အရိပ်အယောင်မမြင်ရသဖြင့် စိတ် ပန့်မှုဖြစ်သွားသည်။ ၎င်းတို့အားလုံး မိုးရွာသွန်းလာသဖြင့် အိပ်ဆောင် ထဲမှာများ ကင်းစောင့်နေရင်း မိုးခိုနေကြမည်ဟု မှတ်ထင်နေသည်။ ကျွန် လည်း စိုးရိမ်သောကစိတ်များဖြင့် မိုးရေကြားမှ ရုံးခန်းလေးထဲ အပြေးတစ်ပိုင်း ပြေးဝင်လိုက်ရလေသည်။

ထိုစဉ် ရုံးခန်းထဲရှိ စားပွဲခုံကြီးအောက်မှာ လူစုလူဝေးဖြင့် စုထိုင် နေကြသော ဝန်ထမ်းလေးဦးကို တွေ့မြင်ခဲ့လေသည်။ သူတို့အားလုံးသည် ထမင်းကြော်ပန်းကန်ကိုယ်စီကိုင်ကာ ရုံးခန်းလေးထဲရှိ စားပွဲခုံကြီးအောက် နေရာမှာ အငမ်းမရ စားသောက်နေကြသည်ကို တွေ့မြင်ခဲ့လေတော့သည်။

''ဟေ့ကောင်တွေ ... မင်းတို့ ဘာလုပ်နေကြတာလဲ''

''ဆ ... ဆရာ ... ကျွန် ... ကျွန်တော်တို့ ကြောက်လို့ပါ''

''ဘာကိုကြောက်တာလဲကွ''

ကျွန်ုပ်မှာ တပည့်များ၏ ကြောက်ကြောက်ရွံ့ရွံ့ တုန်တုန်ယင်ယင် ပြောဆိုသတင်းပို့နေသည်ကို စိတ်ထဲမှာ ထောင်းခနဲ ဒေါကန်သွားပြီး မေးလိုက် ခြင်းဖြစ်သည်။ တကယ်ဆို သူတို့လေးယောက်ရှေ့မှ ဖြတ်လျှောက်သွား နေသည့် အကျဉ်းသူအမျိုးသမီးကို တွေ့မြင်လိုက်ကြဖို့ကောင်းသည်။ ယခု တော့ ထမင်းကြော်စားနေခြင်းကို စားပွဲခုံပေါ်မှာ အကျအနထိုင်မစားသောက် ကြဘဲ စားပွဲခုံအောက်မှာ ခိုးဝှက်ပုန်းခို စားသောက်နေခြင်းအား မြင်၍ ဒေါသထွက်ကာ မေးမြန်းခဲ့ခြင်းဖြစ်သည်။

''ဒီ ... ဒီလိုပါဆရာရယ်၊ မိုးရေကြီးထဲမှာ ကျွန်တော်တို့လေး ယောက် ထမင်းကြော်ထိုင်စားနေတုန်း ရုံးရှေ့ကနေ မိန်းကလေးတစ်ယောက် ခေါင်းမှာ နှင်းဆီပန်းတွေ ပန်ထားပြီး ဆံပင်ဖားလျားချလို့ လျှောက်သွား တာကို မြင်လိုက်ရတယ်။ လမ်းဓာတ်မီးတိုင် အလင်းရောင်အားနဲ့ သေသေ ချာချာ ကြည့်လိုက်တော့မှ အဖြူပုံစံဝမ်းဆက်နဲ့ ဖြစ်နေတယ်''

''အဲဒါကို ... မင်းတို့ ဘာလို့ ထွက်မဖမ်းလိုက်ကြတာလဲ''





''ဟာ ... ဆရာရယ်၊ ဖမ်းရဲဖို့နေနေသာသာ ရုံးထဲကနေပြီးတော့ တော့ ... ဘယ်သူလဲရပ်လို့ လှမ်းပြောလိုက်ချိန်မှာ ကျွန်တော့်ဘက်လှည့် ကြည့်လိုက်တဲ့ မျက်နှာကြီးကိုပဲ ရုတ်တရက်မြင်လိုက်ရတာနဲ့ လိပ်ပြာလွင့် ထွက်သွားအောင် စိတ်ကိုထိန်းနေရတယ်''

''မင်းတို့ကောင်တွေ ... ညကင်းလုံခြုံရေးကျနေကြပြီး တော်တော် ညံ့နည်းကြတာပဲ။ တကယ်ဆို လေးယောက်စလုံးထွက်ပြီး ဝိုင်းဖမ်းလိုက် ရင် ဘယ်ပြေးလို့ရမလဲ။ ငါနဲ့ အမျိုးသမီးဆောင်နောက်က နှင်းဆီခင်းကြီး မှာ ဆုံတွေ့ခဲ့လို့ နောက်ကလိုက်လာတာ အမျိုးသမီးဆောင်ထဲက ထွက် လာတဲ့ အကျဉ်းသူတစ်ယောက်ဖြစ်မယ်ကွ''

''ဆရာရယ် ... ဖမ်းဖို့နေနေသာသာ ဓာတ်မီးတိုင်အောက်ကနေ ကျွန်တော်တို့ လှမ်းမေးနေတာကို လှည့်ကြည့်လိုက်တာ လူတွေအားလုံး လိပ်ပြာလွင့်မတတ် ဖြစ်သွားတယ်။ ဒါကြောင့် ကြောက်ပြီး ဒီစားပွဲခုံအောက် မှာ ဝင်ပုန်းနေကြရတယ်''

''တောက် .... တော်တော်သတ္တိကြောင်တဲ့ ကောင်တွေပဲ။ မင်းတို့လေးယောက်အားနဲ့ ဝိုင်းသာဖမ်းလိုက်ရင် ခုလောက်ဆို မိတောင်နေပြီ။ တော်တော်ကြာ အမျိုးသမီးထောင်ကျဆောင်ထဲက အမျိုးသမီးသာဖြစ်နေ ရင်တော့ မင်းတို့ငါတို့အားလုံး ဒုက္ခရောက်ကုန်ကြပြီကွ''

''ဟာ ... ဆရာရယ်၊ ညဘက်ကြီးမှာ ဘယ်အမျိုးသမီးဆောင်ထဲ က အကျဉ်းသူက ထွက်လာပါ့မလဲ။ သော့ခတ်ပိတ်ထားတဲ့ဥစ္စာ ဆရာ အမြင် မှားတာ ဖြစ်မှာပါဆရာ''

ကျွန်ုပ်မှာ စိတ်ထဲဝယ် အူကြောင်ကြောင် ဖြစ်သွားလေသည်။ ကိုယ်တိုင် မျက်စိနှင့် တပ်အပ်မြင်လိုက်၍ နောက်မှလိုက်လာခဲ့သည်။ အတူ ၎င်းတို့အားလုံး ရှေ့မှလည်း ဖြတ်လျှောက်သွားသည်ကို မြင်လိုက် ကြပါလျက် ဘယ်ကအကျဉ်းသူသည် အိပ်ဆောင်ထဲက ထွက်လာမည်နည်း။ ထိုအမျိုးသမီးသည် မိုးပေါ်က ရုတ်တရက်ပြုတ်ကျလာသောသူလည်း မဖြစ် နိုင်ပေ။



www.burmeseclassic.com

www.burmeseclassic.com



''ဟော့ ....မင်းတို့အားလုံး ရှေ့ကနေ ဖြတ်လျှောက်သွားတာ မင်းတို့ကိုယ်တိုင် အားလုံးမျက်မြင်ပဲလေကွာ''

''ဟုတ်တော့ဟုတ်ပါတယ် ဆရာ''

''အေးပေါ့ကွ ...ဟုတ်လို့လည်း မြင်တွေ့လိုက်ကြပြီးပြီပဲ။ ငါ နှင်းဆီခင်းနားက ဖြတ်လာပြီး တောင်ယာဘက်က လှည့်လည်ကင်းစစ် နေတုန်း စေတီလေးရှေ့နားမှာ ဘုရားဝတ်ပြုနေတာတွေ့လို့ လက်နှိပ်ဓာတ်မီးနဲ့ထိုးပြီး အနားကပ်သွားတုန်း ရုတ်တရက်ပျောက်သွားလိုက်တာ။ နောက် မှ အုတ်ရိုးပတ်လမ်းပေါ်မှာ ထပ်တွေ့လို့ နောက်ကလိုက်လာနေတုန်း မိုး ရွာချလာတော့ ပျောက်သွားပြန်တယ်။ ငါထင်တယ် မင်းတို့ မိန်းဂျေးလ်မှာ ရှိနေမှာပဲဆိုပြီး ဒီကျမှ ဝိုင်းဖမ်းမယ် စီစဉ်ထားတာ။ ခုတော့ ဘယ်ပျောက် သွားပြန်ပြီလဲ။ ကဲ ...လာကြကွာ၊ မိန်းမဆောင်ထဲဝင်စစ်ပြီး ရှာကြည့်ကြ မယ်။ လိုက်ခဲ့ကြ''

ကျွန်ုပ်က ဝန်ထမ်းများကို စုစည်းလိုက်ပြီး အမျိုးသမီးဆောင်ထဲ ဝင်ရှာကြည့်ရန် ဆုံးဖြတ်လိုက်သည်။ တချို့ဝန်ထမ်းများမှာ လိုက်ရမည်ကို ကြောက်ရွံ့ထိတ်လန့်နေကြသည်။ တချို့ကတော့ သွားရမှာကို မဝံ့မရဲဖြစ် နေသည်။ ကျွန်ုပ်က ညတာဝန်မှူးဖြစ်နေသောကြောင့် အမိန့်ကို မလွန် ဆန်ဝံ့ရဲကြဘဲ ကြောက်ကြောက်ရွံ့ရွံ့နှင့် လိုက်ပါလာခဲ့ကြသည်။

အမျိုးသမီးအိပ်ဆောင်သော့ကို တံခါးကြီးထဲမှာ ဝန်ထမ်းတစ် ယောက်အား သွားယူခိုင်းလိုက်သည်။ နောက်မိန်းမဆောင်အား ကာရံထား သော သံပြားကိုခေါက်၍ အချက်ပေးခေါ်လိုက်သည်။ အမျိုးသမီးဆောင်တွင် ညစောင့်တာဝန်ခံ အမျိုးသမီးဝန်ထမ်းရှိနေသောကြောင့် တံခါးခေါက်လိုက် ခြင်းဖြစ်သည်။

''ဒေါက် ....ဒေါက် ...''

''ဘယ်သူလဲ''

''ကျုပ် ...တာဝန်မှူးပါ ...ဒေါ်ပြုံး၊ တံခါးဖွင့်ဝင်မလို့ပါ''

''ဘာကိစ္စဖြစ်လို့လဲ ...ဆရာ''





သွပ်ပြားကာရံထားသည့်အထဲမှ ညစောင့်ဝန်ထမ်းဖြစ်သူ ဒေါ်ပြုံး ကို သတင်းပို့လိုက်သည်။ ဝန်ထမ်းတစ်ဦးမှ အမျိုးသမီးဆောင် သော့ကိုယူ လာသဖြင့် တံခါးဖွင့်ပြီး အထဲဝင်လိုက်သည်။ အမျိုးသမီးဆောင်သို့ဝင်လျှင် အနည်းဆုံး ဝန်ထမ်းသုံးဦးပါမှ ဝင်ခွင့်ရှိလေသည်။ ယခု မိမိနှင့် တပည့် လေးဦး၊ ပေါင်း ငါးဦးဖြစ်နေ၍ ဝင်ရောက်သွားကြခြင်းဖြစ်သည်။

အမျိုးသမီးဆောင် တာဝန်ကျနေသော တပ်ကြပ်ဒေါ်ပြုံးသည် မိုး ရွာသွန်းနေသဖြင့် မိုးအေးအေးနှင့် ခုတင်ပေါ်တွေးနေရာမှ ထလာခြင်းဖြစ် ဟန်တူသည်။ အိပ်မှုန်စုံမွှားဖြင့် အူကြောင်ကြောင်ဖြစ်နေကာ အမျိုးသမီး ဆောင်ထဲ မည်သည့်ပြဿနာများပေါ်ပေါက်၍ ယောကျ်ားဝန်ထမ်းများ ဝင် လာခဲ့သည်ကို အိပ်မပျော်သေးသော အကျဉ်းသူတချို့ လှမ်းကြည့်နေကြ သည်။

''ဒီမှာ ...ဒေါ်ပြုံးစောစောက မိုးမရွာခင်ကတည်းက အကျဉ်းသူ တစ်ဦး အိပ်ဆောင်ထဲက ထွက်လာတာလားမသိဘူး။ ခင်ဗျားတို့အိပ်ဆောင် အနောက်ဘက်က နှင်းဆီခင်းထဲမှာ တစ်ခေါင်းလုံး နှင်းဆီပန်းတွေပန်ပြီး ကြိုးစင်နောက်က စေတီရှေ့မှာ ဘုရားကန်တော့နေတာ တွေ့ရတယ်''

''ကြီးကြီးစည်ရာ ...ဆရာရယ်၊ ကျွန်မတစ်ယောက်လုံး ဒီအိပ် ဆောင်ဘေးက ခုတင်ပေါ်မှာ ပုတီးစိပ်ရင်း ကင်းစောင့်နေတာ ဘယ်လိုထွက် သွားလို့ရမှာလဲ''

''ခင်ဗျားအိပ်ငိုက်နေတုန်း အိပ်ဆောင်ထဲက အသာလစ်ထွက်သွား တာ နေမှာပေါ့ဗျ''

''ဆရာ ...မျက်စိမှားတာနေမှာပါ။ အိပ်ဆောင်သော့တွေက လည်း မြင်တဲ့အတိုင်း အကုန်သော့ခတ်ထားလျက်ပဲ၊ သူက ဘယ်လိုလုပ် ကိုယ်ပျောက်ပြီး ထွက်သွားနိုင်မှာလဲ''

''မယုံ မေးကြည့်၊ ဒီကောင်တွေလည်း မိန်းဂျေးလ်မှာ ကင်းစောင့် နေတုန်း ဖြတ်လျှောက်သွားတာ မြင်ခဲ့ကြတယ်''

''ဒါဆို ဆရာတို့ယောကျ်ားတွေ အများကြီး ဝိုင်းထွက်ပြီးတော့ ဖမ်းမထားလိုက်ကြဘူးလား''



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါပေါ့ဗျ . . . ဒီကောင်တွေ ယောကျ်ားဖြစ်ပြီး သတ္တိကြောင်ပြီး မဖမ်းနိုင်ခဲ့ကြလို့ ဒီအထိလိုက်လာရတာပေါ့"

"ဆရာရယ် . . . ကျွန်တော်တို့လည်း ဖမ်းချင်တာပေါ့။ သူ့ရုပ်ကြီး ကို လမ်းဓာတ်မီးတိုင်အောက်မှာ မြင်လိုက်တာနဲ့ ကြောက်လန့်ပြီး မဖမ်းနိုင် လို့ ခုံအောက်ဝင်ပုန်းနေရတယ်"

"ဟုတ်လား . . . ဘယ်လိုရုပ်ကြီးမို့လဲရှင်"

တပ်ကြပ်ဒေါ်ပြုံးတစ်ယောက် နဝေတိမ်တောင်ဖြစ်သွားကာ ဝန် ထမ်းတစ်ဦးအား လှမ်းမေးကြည့်ခြင်းဖြစ်သည်။

"ဘယ်လိုရုပ်ကြီးရမလဲ . . . အစ်မကြီးရယ်၊ မီးရောင်အောက်မှာ ကျွန်တော်တို့တက် လှည့်ကြည့်လိုက်တဲ့အခါမှာ မျက်နှာမည်းမည်းကြီး၊ နောက် မျက်နှာခွက်ခွက်ကြီး ဖြစ်နေတယ်ဗျ"

"အမယ်လေး . . . သရဲမများ ဖြစ်နေမလား"

"ဟာ . . . ဒေါ်ပြုံးကလည်း ဘယ်ကသရဲရမှာလဲ။ လူဗျ . . . လူ စစ်စစ်။ ကျုပ်ကိုယ်တိုင် လူကောင်အရိပ်အယောင် မြင်ခဲ့ရတာ။ ကဲ . . . သေချာအောင် ဒီလိုလုပ်ဗျာ။ ခင်ဗျားအဆောင်ထဲက တန်းစီးခေါ်ပြီး အိပ် ဆောင်ထဲက လူပေါင်းပြန်ရေ စစ်ကြည့်ပေးစမ်းပါ"

ကျွန်ုပ်၏စကားအဆုံးတွင် တပ်ကြပ်ဒေါ်ပြုံးသည် အိပ်ဆောင်ထဲမှ တန်းစီးမွဲကြီးခင်ခင်ကို နှိုးပြီး အိပ်ဆောင်လူပေါင်းစာရင်းကို ရေတွက်စစ် ဆေးခိုင်းနေသည်။ တန်းစီးမှ လူပေါင်း နှစ်ရာငါးဆယ်ယောက်ရှိကြောင်း သတင်းပို့နေသည်။

ကျွန်ုပ်လည်း ညဘက် ထောင်ပိတ်လူပေါင်း စာရင်းပေးထားသည့် လူပေါင်းအရေအတွက်နှင့် ကိုက်ညီမှု ရှိမရှိ စစ်ဆေးကြည့်သည်။ ထောင်ပိတ် လူပေါင်းစာရင်း ရေးသွင်းလက်မှတ်ထိုးထားသော ဘာယာကတ်ပေါ်မှ လူ ပေါင်းစာရင်းနှင့် ထပ်တူဖြစ်နေသည်။

"ထူးတော့ တော်တော်ထူးတာပဲဗျ"

"ဘာထူးလို့လဲ . . . ဆရာရယ်၊ လူပေါင်းလည်း မှန်နေတဲ့ဥစ္စာ"





"မဟုတ်ဘူးလေဗျာ . . . ဒီအိပ်ဆောင်ထဲက အကျဉ်းသူအားလုံး ရဲ့ အရေအတွက်ကလည်း မှန်နေတယ်။ ဒါဆို ကျုပ်တို့အားလုံး မြင်လိုက်ရ တဲ့တစ်ယောက်က ဘယ်ကဖြစ်မလဲ စဉ်းစားစရာပဲ"

"ဆရာရယ် . . . ဟုတ်နိုင်ပါ့မလား။ ဆရာ ကင်းထစစ်ဆေးချိန် က ညသန်းခေါင်ဆိုတော့ အိပ်ချင်မူးတူးဖြစ်ပြီး အမြင်မှားတာနေမှာ"

"ဘယ့်နှယ် . . . အမြင်မှားရမှာလဲဗျ။ ကျုပ်ကိုယ်တိုင် သေသေ ချာချာ မြင်လိုက်ရလို့ နောက်ကလိုက်ဖမ်းတာ မိန်းကျောင်းလ်ရောက်တော့ ဒီ ကောင်တွေအားလုံးလည်း မြင်ကြတာပဲ။ ဒီလိုမြင်လျက်နဲ့ ဝင်မဖမ်းကြဘဲ ကြောက်တယ်ဆိုပြီး ခုံအောက်ဝင်ပုန်းနေကြလို့ ပျောက်သွားတာ"

"ဟုတ်တယ်လေ . . . ဆရာရယ်၊ မျက်နှာကြီးကလည်း ခွက်ခွက် ကြီးဖြစ်နေတယ်၊ အသားအရည်ကလည်း မည်းမည်းခြောက်ခြောက်ကြီးဆို တော့ ကြောက်လန့်ပြီး ပုန်းနေရတာပေါ့"

"တောက် . . . . မင်းတို့ ညံ့လို့ကွ။ ဝိုင်းပြီး ထွက်ဖမ်းလိုက်ရင် ဒုက္ခသနာပြီးသွားမယ့်ဥစ္စာ"

"အမယ်လေး . . . ဆရာရယ်၊ အနီးကပ်ဖမ်းဖို့ နေနေသာသာ အဝေးကနေ လှမ်းမြင်ခဲ့ရတာတောင် ကြောက်စရာကြီးပါဗျာ"

"အမယ်လေး . . . ကျွန်မ ကြားရတာနဲ့တင် ရင်တုန်ပန်းတုန် ကြောက်လိုက်တာရှင်"

"ကဲ . . . ကဲ . . . ဒေါ်ပြုံးရေ၊ ကြောက်နေလို့ မပြီးသေးဘူးဗျ။ လုံခြုံရေးကိုလည်း သေချာဂရုစိုက်ကြည့်ဦး။ တော်ကြာ . . . လူပျောက်လို့ ဒုက္ခသနာတက်နေမယ်"

"ကျွန်မတော့ ကြားရတာနဲ့ ကျောချမ်းလာပြီ။ ကြောက်လွန်းလို့ အိပ်ရမှာတောင် မဝံ့တော့ပါဘူးရှင်"

ကျွန်ုပ်သည် အမျိုးသမီးဆောင် တာဝန်ကျဝန်ထမ်း တပ်ကြပ် ဒေါ်ပြုံးအား လုံခြုံရေးဂရုစိုက်ရန် မှာကြားထားခဲ့ပြီး အိပ်ဆောင်ထဲမှ ဝန် ထမ်းများကိုခေါ်ပြီး ပြန်ထွက်လာသည်။ တပ်ကြပ်ဒေါ်ပြုံးတစ်ယောက် ကျွန်ုပ် ပြောဆိုနေသော စကားများကို ကြားယောင်ပြီး ကြောက်ရွံ့ထိတ်လန့်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒါကြောင့် အမျိုးသမီးဆောင် အိပ်ဆောင်ထိပ်ဝယ် ငုတ်တုတ်လေး ထိုင်ကာ တန်းစီးမှုကြီးခင်ခင်ကို အဖော်ခေါ်ထားနေရသည်။

ကျွန်ုပ်၏ရင်ထဲမှာတော့ ပြဿနာတစ်ရပ်ကို ရှင်းလင်းသွားခဲ့ပြီး သည့်တိုင် ဘဝင်မကျနိုင်ဘဲ ဖြစ်ပေါ်ခံစားနေရသည်။ မိမိကိုယ်တိုင် စေတီ လေးရှေ့ဝယ် ဘုရားရှိခိုးနေသော အကျဉ်းသူကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ ပါလျက် ယင်းအမျိုးသမီးသည် ထောင်ထဲမှ ညည်သို့မည်ပုံ ထွက်သွားလေ သည်လား၊ တစ်နေရာရာမှာများ ပုန်းခိုနေလားဆိုသည်မှာ နံနက်ထောင် ဖွင့်လျှင်တော့ အဖြေပေါ်လာပေမည်။

ဖြစ်နိုင်သည်မှာတော့ အကျဉ်းထောင်ကြီးထဲဝယ် မကျွတ်မလွတ် နိုင်သော ဝိညာဉ်များသည် ညအချိန်အခါရောက်မှ မိမိတို့လမ်းရာ နေရာဝန်း ကျင်ဝယ် လှည့်လည်သွားလာနေခဲ့ဟန်တူသည်။ ပရလောကနယ်သားများ အတွက် သူတို့၏ဝိညာဉ်များသည် ထာဝရ အိပ်စက်ခွင့်မရှိနိုင်သောကြောင့် လည်း ဖြစ်နိုင်ပေသည်။

ကျွန်ုပ်အတွက်တော့ တာဝန်အရ ညဥ့်နက်သန်းခေါင်ယံအချိန် ဝယ် ကင်းလှည့်စစ်ဆေးနေခဲ့စဉ် ကြုံခဲ့ခဲ့ရသော ပဟေဠိပုစ္ဆာတစ်ပုဒ်လို ဖြစ်နေသည်။ သေချာသည်မှာတော့ ညဥ့်တစ္ဆေသည် အိမ်ရှိမဲ့ဝိညာဉ်ဖြင့် ကျွန်ုပ်အား ခြောက်လှန့်ရုံသာ အကောင်အထည်ဖော်ပြကာ လှည့်စား သွားခြင်းသာလျှင် ဖြစ်နိုင်ပေတော့သည်။

မိုးဝေ



www.burmeseclassic.com

www.burmeseclassic.com

❑

'မှုခင်းသတင်းထူး' ဆန်းဆန်းကလေးတစ်ပုဒ်ကို စာရေးသူ 'မှု
ဂျာနယ်တစ်စောင်၌ ဖတ်လိုက်မိရာ အိပ်မက်မှ လန့်နိုးသွား သလို ...
အထိတ်တလန့်လေးဖြစ်သွားကာ ပိုးတဝါးကျန်ရစ်ခဲ့သည့် အတ
တစ်ခုမှ အလားတူ ... 'အရောင်တူ အဆင်ကွဲ' ဇာတ်လမ်းကလေးတ
ဆီ ဖျတ်ခနဲ လွင့်ထွက်သွားခဲ့သည်။

ယင်းအဖြစ်အပျက်ကလေးကလည်း ထူးဆန်းအံ့ဩဖွယ်ရာ 'စိ
အနုစား' ဝေဒနာသမားလေးတစ်ဦး၏ မပြည့်စုံသည့် အိပ်မက်ရောင်စုံ
ကားလေးတစ်ချပ်ပဲ ဖြစ်ပါသည်။

✿ ✿ ✿

## အဖွင့် (က)

❑

ခရစ္စမတ်ရာသီဦး၏ လှပနွေးထွေးသော ဝါစင်စင်ညနေခင်း
လေးတစ်ခုမှာ ကျွန်တော် 'တောင်ကြီးမြို့' ကို ကြေကွဲလွမ်းဆွတ်စွာနှင့်
လည်ခွဲခွာလာခဲ့သည်။

သုဓွေးကုန်း၊ သန္တာလှိုင် တောင်ကုန်းကလေးပေါ်က အိမ်ကလေး
ဝတ္ထုရှည်တစ်ပုဒ် လှို့ဝှက်လာရေးပြီး၊ ကျွန်တော် ရန်ကုန်မြို့တော်၏
ညှိုလှိုင်းတွေထဲ သမုဒယကြိုးတွေနှင့် ပြန်လာခဲ့ခြင်းဖြစ်သည်။

ကျွန်တော်၏ 'စယ်လီကာဂျိတိ' မှန်လုံကား နီရဲရဲလေးက အမှတ်
ဆင် 'ရွှေညောင်မြို့'ကလေးကို ဝေ့ဝဲဖြတ်သန်းလာသည်။ ကျွန်တော်က
င်ဘာနောက်မှ ကားနောက်ခန်းထဲ၌ တစ်ကိုယ်တည်း လွင့်ဝဲပါလာသည်။

လိမ္မော်နုရောင် ဆည်းဆာဝါဝါလေးထဲမှာ နှင်းဖြူစတွေ လွင့်မျော
သည်။ စိန်ပန်းပြာတွေနှင့် ပန်းနုရောင်ချယ်ရီပွင့်တွေက မြူငွေ့တွေကြား
င် လမ်းနံဘေးတစ်လျှောက် ရိပ်ခနဲ ... ရိပ်ခနဲ လွင့်ကျန်ခဲ့သည်။

ခေတ္တအကြာတွင် ဂျိတိကားကလေးက ရွှေညောင်တောင်လေးလုံး
ကျည်းဦးစီးဌာန' ရဲဘက်စခန်းကို ဖြတ်ကျော်လာပြီး တောင်ကုန်းကလေး
ပေါ် ကွေ့ပတ်တက်လာခဲ့၏။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မျက်လုံးတွေက တစ်ခုသော တောင်ကမ်းပါးယံ
ကလေးပေါ်မှ ကျောက်ထုစခန်းရှုခင်းကလေးဆီ အမှတ်တမဲ့ လွင့်စင်ရော
သွားသည်။ အကျဉ်းသားရဲဘက်အုပ်စုကလေးတစ်စုက သူတို့၏ 'ဖြစ်
ကြွေး' ကို ချွေးဖြင့် ကျေနပ်စွာပေးဆပ်ရင်း တာဝန်ကိုယ်စီ ထမ်းရွက်နေ
သည်ကို ကျွန်တော် စိတ်မကောင်းစွာ မြင်လိုက်ရသည်။

ဖျတ်ခနဲ ကျွန်တော့်ရင်ထဲမှာ နာကျင်ထိရှသွားသည်။

ချက်ချင်း ကျွန်တော့်နှလုံးသား မသိစိတ်ထဲမှာ လူတစ်ယောက်
မျက်နှာလေးတစ်ခု ဘွားခနဲ မြင်တွေ့လိုက်ရသည်။ ထူးဆန်းသည့် ခေ
ပညာတတ် လူငယ်တစ်ယောက်၏ 'Psycho - Emotion' အဖြစ် အပ
ကလေးဖြစ်သည်။

သူ့နာမည်က 'စိမ်းပွင့်'၊ ကိုစိမ်းပွင့်။ ရာထူးက တည်းခိုဆေ
'မန်နေဂျာ'။ သူ ဤ 'ရွှေညောင်တောင်လေးလုံး'အကျဉ်းဦးစီးဌာန ရဲဘ
စခန်းတွင် မမျှော်လင့်ဘဲ အကျဉ်းသားတစ်ဦးဖြစ်ခဲ့ရသည်။ အိပ်မက်
သည့် သူ၏ဖြစ်မှုကြွေးကို ချွေးဖြင့်သာမက သူ၏နှလုံးသားနှင့်ပါ ပေးဆပ်
ရသည်။

သူ့ဘဝဇာတ်လမ်းကလေးက 'Mercy and Happy Story' 'စိတ္တ
မှုခင်း' ဇာတ်လမ်းဆန်းဆန်းလေးဖြစ်သည်။

✿ ✿ ✿

❑

ဤစကြဝဠာတွင် အံ့သြထူးဆန်းစရာများအနက် လူသားများ၏ 'စိတ်၏အံ့သြဖွယ်များ' (Miracles of the Mind) တို့သည် ထူးခြားဆန်းကြယ်ဆုံးဖြစ်သည်။ မှန်ပါသည်။ လူတို့၏ စိတ်စေတသိက်ဖြစ်စဉ်တို့သည် အကယ့်ကို ထူးဆန်းလှ၏။ ယင်း စိတ်စေတသိက်သည် လူတို့၏စိတ်အောက်ဆုံးအလွှာ၌ ငုပ်လျှိုးနေသော မသိစိတ် (Unconscious Mind) ၏ အံ့ကြွက်ပေါ်လာခြင်းဖြစ်သည်ဟု 'စိတ်ပညာရှင်' များက ဆိုခဲ့ကြသည်။ ယင်းသိစိတ်အလျှင်၏ 'ဖိနှိပ်ညှင်းပန်းမှု' အောက်တွင် လူတို့သည် အစတေးခံကျခံနေကြရသည်။

စင်စစ် လူတစ်ယောက်၏ မသိစိတ်ထဲတွင် အလွန်နက်ရှိုင်း လျှို့ှက်ထားသော 'အဇ္ဈတ္တအတွင်းသန္တာန်'စိတ်သည် ပတ်ဝန်းကျင်ဖိစီးမှု သွေးဆောင်မှုများကြောင့် တစ်ချိန်ချိန်တွင် နီးကြားရုန်းထ ထွက်ပေါ်လာလေ့ရှိပါသည်။

ယင်းတို့အနက် ထူးခြားဆန်းကြယ် အံ့သြဖွယ်ကောင်းသော အဇ္ဈတ္တအတွင်းသန္တာန် စိတ်စေတသိက်၏ 'စိတ်၏ယဉ်ကောင်'ဖြစ်ရရှာသော လူသယ်တစ်ဦး၏ ဖြစ်ရပ်မှန်ဇာတ်လမ်းတစ်ပုဒ်ကို (Psychological- Crime) ခြင်းစိတ်ပညာ' ရှုထောင့်မှနေ၍ တင်ပြလိုက်ပါသည်။

အလွန်မှကြုံတွေ့ရန် ခက်ခဲရှားပါးလွန်းလှသော 'အတွင်းစိတ္တဇဆွဲ' ဖြစ်ရပ်ဆန်းကြယ် ဇာတ်လမ်းကလေးတစ်ပုဒ်ပဲဖြစ်ပါသည်။ သနားရောလည်း အလွန်ကောင်းပြီး ရယ်မောဖွယ်ရာလည်းဖြစ်သော 'Mercy nd Happy Story' 'စိတ္တဇမှုခင်း' ဇာတ်လမ်းဆန်းဆန်းလေးဖြစ်သည်ဟု ချင်ပါသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

ကျွန်တော်သည် '၁၉၉၀' ခုနှစ်အလွန်၊ နှင်းမြူစလေးများ လွှင့်ဝေနေသည့် တစ်ခုသောဆောင်းရာသီဦး၌ ရှမ်းပြည်နယ်တောင် စခန်းမြို့လေးတစ်မြို့ရှိ 'နန်းလချယ်ရီ' တောင်ပေါ်ဟိုတယ်လေး၌ ရောက်ရှိနေခဲ့ပါသည်။ ထို 'နန်းလချယ်ရီ' ၌ ကျွန်တော်သည် 'လဖာနေထား' ဆိုသော တိုင်းရင်းသား 'ရတနာစုဆောင်းသူ' (Jeweller) တစ်ဦးအား ရှေးဟောင်းရတနာ နီလာလက်စွပ်တစ်ကွင်းရောင်းချရန် လာရောက်ခဲ့ခြင်းဖြစ်သည်။

ထိုနီလာလက်စွပ်သည် အလွန်အဖိုးတန်သည့် အရည်အသွေးကောင်းသော မြန်မာ့ရှေးဟောင်းနန်းတွင်း ရတနာပစ္စည်းတစ်ခုဖြစ်သည်။ ကျွန်တော်၏အဘွား ဒေါ်စောမယ် (မကနောင်) က အမွေပေးခဲ့သည့် ရှေးဟောင်းလက်ရာပစ္စည်းလေးဖြစ်သည်။

ကျွန်တော်သည် ရှမ်းပြည်နယ် တောချုံတောင်ကြားထဲ၌ မြင်းတစ်စီးနှင့် နှစ်ပေါင်းများစွာ 'ကောင်းဘွိုင်ကျောင်းဆရာ'တစ်ဦး ဖြစ်ခဲ့ဖူးရာ၊ တိုင်းရင်းသားဘာသာစကားနှစ်ခုကို မိခင်ဘာသာစကားလို ကျွမ်းကျင်





စွာ တတ်မြောက်ခဲ့သည့် 'ကျေးဇူး' ကြောင့် ထိုရတနာစုဆောင်းသူ 'လဖာနေထား' နှင့် မိတ်ဆွေဖြစ်ခဲ့ရခြင်းဖြစ်ပါသည်။

'လဖာနေထား' သည် ရတနာကျောက်မျက်ပညာနှင့် ရှေးဟောင်းပစ္စည်း အတတ်ပညာတို့တွင် အလွန်ကျွမ်းကျင်သည့် တိုင်းရင်းသားတစ်ဦးဖြစ်ခြင်းကြောင့် ကျွန်တော်၏ (Ancient Sapphire Ring) ရွှေချိန်တစ်ကျပ်ခွဲသားနှင့် ခြောက်ကလပ်ခွဲရှိသော 'နီလာလက်စွပ်'ကို ထိုက်တန်စွာ ဈေးပေးပြီးနောက် ကျွန်တော်ထံမှ ဝယ်ယူသွားခဲ့သည်။

ပြီးနောက် ကျွန်တော့်အား အလွန်ကျေးဇူးတင်သည့်အနေနှင့် 'လဖာနေထား' က 'နန်းလချယ်ရီ' ဟိုတယ်၌ နောက်ထပ်ငါးရက် 'စရိတ်ငြိမ်း' တည်းခိုရန် လက်ဆောင်အဆစ် ထပ်ပေးသွားခဲ့ပါသေးသည်။

ထို့ကြောင့် 'နန်းလချယ်ရီ' ၏ နွေးထွေးသော ဝန်ဆောင်မှုရင်ခွင်လေးထဲ၌ စတော်ဘယ်ရီပိုင်ချိုမြမြလေးတွေကို ယစ်မူးရင်း ထုံးစံအတိုင်း ကျွန်တော် သိစိတ် မသိစိတ် အငွေ့အသက်များဖြင့် 'အချစ်ဝတ္ထုရှည်တစ်ပုဒ်'ကို လွမ်းဆွတ်စွာ ရေးဖွဲ့ဖြစ်နေခဲ့သည်။

✿ ✿ ✿

www.burmeseclassic.com

[ ၂ ]

❏

ကျွန်တော်ကား အံ့ဩထူးဆန်းစွာ ကျောက်မျက်ရတနာ (Treasure) များနှင့် ပတ်သက်လျှင် အစဉ် အလွန်ကံကောင်း အကျိုးပေးသူဖြစ်ပြီး အလွန်ထူးဆန်းအံ့ဩဖွယ်ရာကောင်းသည့် အတွေ့အကြုံအဖြစ်အပျက်တွေနှင့်လည်း တွေ့ကြုံရတတ်သူ 'ကယ်ပရီကွန်' (Capricorn) 'မရထာဘွား' စနေသားတစ်ဦးဖြစ်သည်။

ပြီးနောက် 'နန်းလချယ်ရီ' နှင့် ကျွန်တော်သည် ကျောက်အရောင်းအဝယ်လုပ်ငန်းအပြင် စတော်ဘယ်ရီပိုင်ချုံမြနှင့် အိပ်မက်သစ်တွေ ဖန်တီးရင်း အပန်းလာဖြေလေ့ရှိသည်မို့ 'နန်းလချယ်ရီ' ပတ်ဝန်းကျင်နှင့် ဤတောင်ပေါ်စခန်းမြို့လေး၏ ရာသီဥတုတွေက ကျွန်တော့်နှလုံးသားတွေကို မယ်လိုဒီတေးသွားတစ်ပုဒ် တပ်ဆင်ပေးထားသလို ညို့ယူဖမ်းစားထားခဲ့သည်။ ထို့ကြောင့် ကျွန်တော်နှင့် 'နန်းလချယ်ရီ' သည် ရင်းနှီးကျွမ်းဝင် သံယောဇဉ်တွယ်နေခဲ့ကြသည်မှာလည်း နှစ်ရှည် လများ ရှိခဲ့ပါပြီ။

ယနေ့နံနက်သည် ကျွန်တော်၏ ဤ 'နီလာရတနာပွင့်' ခရီးစဉ်သစ်၏ ဒုတိယမြောက်နံနက်ခင်း အသစ်ကျပ်ချွတ်လေးဖြစ်သည်။ 'နန်း





လချယ်ရီ' ဟိုတယ်တစ်ဝန်းလုံး ဆီးနှင်းမြူငွေ့တွေ ဖွေးဖွေးလွှင့် ပြန့်ကျဲနေလျက် ဒီဇင်ဘာခရစ္စမတ်ပန်းတွေလည်း တစ်မြို့လုံး ရဲရဲစွင့်နေသည်။

သဘာဝအတိုင်း ရှက်သွေးဖြာနေသည် နံနက်ခင်းလေးက ဆောင်းအိပ်မက်တွေထဲ သီချင်းတစ်ပုဒ်နှင့် လူးလွန့်လာဆဲမှာ ကျွန်တော်က 'နန်းလချယ်ရီ' ၏ ဘုံဆောင်မြင့် ဒုတိယထပ်ပေါ်မှ စိတ်လှုပ်ရှားစွာ လှမ်းဆင်းလာခဲ့သည်။ စတော်ဘယ်ရီရောင် အိဂျစ်ကော်ဖောစတွေ ခင်းထားသည့် ကျွန်းလှေခါးထစ်လေးတွေကို ကွေ့ပတ်ဆင်းလာရသည့် ခံစားမှုရသသစ်တွေက အမှန်ပင် ကျွန်တော့်စိတ်များကို မြူးကြွရွှင်လန်း လှုပ်ရှားစေပါသည်။

"ဟဲလို . . . ဟဲလို . . . ဆရာကောင်းဘွိုင်စိုး၊ မင်္ဂလာကျောနံနက်ခင်းပါဗျာ။ အိပ်မက်သစ်တွေနဲ့ နှင်းကြွေတောထဲမှာ လမ်းလျှောက်ရင်း စိတ်ကူးသစ်တွေ ဖန်ဆင်းတော့မယ်ထင်တယ်။ အိမ်နတ်သမီးချောချောလေးတွေနဲ့ တွေ့ပါစေဗျာ"

ညှိခန်းကောင်တာစားပွဲဆီမှ အိပ်မက်ဆန်စွာ လွင့်လာသည့် မန်နေဂျာ၏ အသံစိမ်းရှရှ မြူးတူးတူးလေးက ကျွန်တော့်ရင်ဘတ်ကို ဆီးကြိုဖွဲ့လိုက်သည်။

ခင်မင်ဖော်ရွေတတ်သည့် 'နန်းလချယ်ရီ' ၏မန်နေဂျာ 'ကိုစိမ်းပွင့်' က ခပ်မြူးမြူးလေး လှမ်းနှုတ်ဆက်ပြီး ကျွန်တော့်ကို မထိတထိ နောက်သည်။ ကျွန်တော့်စိတ်ထဲ အပျော်တွေ ရွှန်းနစ်သွား၏။ ကျွန်တော်ကလည်း နှင်းတွေရွဲနေသည့် ချယ်ရီတောလေးထဲ စိတ်ကူးအိပ်မက်သစ်တွေနှင့် လမ်းလျှောက်ထွက်ရန် ရည်ရွယ်ထားသည်။ ထို့ကြောင့်လည်း အပြာရောင် ဂျင်းဝတ်စုံနှင့် ကိုရီးယားနှင်းခံလောင်းကုတ်ရှည်ကို အပေါ်က ထပ်ဝတ်ထားကာ ပရင့်စ်ဝေါ့ကင်းရှူးအဖြူကို စီးလာခဲ့ခြင်းဖြစ်ပါသည်။

"အို . . . မင်္ဂလာပါ . . . ကိုစိမ်းရေ၊ အစစ်ပဲဗျာ . . . စိတ်ကူးအိပ်မက်သစ်တွေနဲ့ ချယ်ရီတောထဲ လမ်းလျှောက်ထွက်မလို့။ ခင်ဗျားညွှန်းသလို ကောင်းကင်တမန် နတ်သမီးလေးတွေနဲ့ တွေ့ပါစေဗျာ။ လောလောဆယ်တော့ တောင်ပေါ်စခန်း အအေးဒဏ်ခံနိုင်အောင် စတော်ဘယ်ရီဝိုင်နဲ့ ချင်တစ်ခွက် ဝင်ပက်သွားဦးမယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"တရေးသရာရဲ့ ...ဂွတ်တမောနင်း၊ ဝမ်းမီးပက်ပေါ့ဗျာ ... ဟတ် ...တတ် ..."

"အဟတ် ... ဟတ် ... ဒါပေါ့၊ ဒါပေါ့"

ရင်းနှီးစွာ ကျွန်တော်က ရယ်ကျဲကျဲလုပ်ရင်း ရောင်အင်ရိုးလ် [illegible]လေးတွေနှင့် ဘားရွမ်း (BAR ROOM) ထဲ လျှောက်ဝင်လာခဲ့သည်။ အခြင်မှာ နှင်းတွေဖွဲဖွဲကျလျက် ညို့ဆိုင်းနေသော်လည်း ဘားခန်းထဲတွင် အပြာရောင်မီးပွင့်လေးတွေနှင့် မြမြလင်းနေသည်။

အပြာရောင်ဘားခန်းလေးက စားပွဲနှစ်လုံးသာ လူရှိပြီး ရှင်းလင်း ငြိမ်သက်နေသည်။ အရှေ့ဘက်စွန်းခုံတွင် ရှမ်းမောင်နှံမိသားစုသုံးဦး လက်ဖက်ရည်ကရားတစ်အိုးနှင့် ခေါက်ဆွဲစားနေကြသည်။ ရှမ်းစကားပွင့်တွေသည်း အခန်းထဲ လွင့်ဝဲနေသည်။

ကျွန်တော်က ပြတင်းပေါက်နားမှ အနောက်ဘက်စွန်ရှိ စားပွဲတစ်လုံးတွင် နေရာယူလိုက်သည်။ ကျွန်တော့်ညာဘက်စားပွဲတွင် တိုင်းရင်းသူလေးနှစ်ဦးက ထိုင်းဆန်ဆန် ခေတ်မီဝတ်စုံ ဂျင်းဘဲလ်ဘောင်းဘီရှည်လေးတွေနှင့် တော်ဖီငုံ့သောက်နေကြသည်။

"ထုံးစံအတိုင်းပဲလား ... ဆရာကောင်းဘွိုင်။ ရက်ဒ်အင်ပိုက်ဝမ်းဆက်နော်"

ထိုင်ခုံပေါ် ကျွန်တော်ထိုင်ချလိုက်သည်နှင့် 'ပလောင်' စားပွဲထိုးလေး အိုက်နွန်၏ တောင်ပေါ်သံဝဲဝဲလေးတွေ အပြာရောင်အလင်းပွင့်တွေကြားမှ လွင့်ထွက်လာသည်။ ကျွန်တော် ပြုံးပြီး ခေါင်းညိတ်ပြလိုက်သည်။ စက္ကန့်ပိုင်းအတွင်းလေးတွင် စတော်ဘယ်ရီဝိုင်တစ်ပုလင်း၊ ဒရိုင်းဂျင်တစ်ပြားနှင့် ဘီလူးခေါင်းဘီယာဖန်ခွက်တစ်ခွက် ကျွန်တော့်ရှေ့စားပွဲပေါ် ရောက်လာသည်။ အမြည်းအတွက်က ချိစ်တစ်ပန်းကန်ပါသည်။

"သင့်ခယူးကွာ ... အိုင်နွန်"

ကျေးဇူးတင်စကားအဆုံး၌ ကျွန်တော် ဘီယာဖန်ခွက်ထဲသို့ ဂျင်နှင့်ဝိုင်ကို ကျွန်တော့်ဖော်မြူလာရေးရှိုးအတိုင်း ကျွမ်းကျင်စွာရော စပ်လိုက်





သည်။ ကျွန်တော် ရက်ဒ်အင်ပိုက်ဝမ်းဆက်ကို အင်ထရိုတစ်ငုံပြည့်ပြည့် မော့ချလိုက်သည်။ လည်ချောင်းထဲ ရှိန်းမြနွေးထွေးပြီး စီးဝင်သွားသည်။

"အား ..."

ကျွန်တော် တိမ်လွှာရောင်စုံတွေထဲ ချက်ချင်းလွတ်မြောက်ပါသွား၏။

ထိုစဉ် ကျွန်တော့် သိစိတ်အာရုံထဲသို့ ဘာသာဂီတသံစဉ်လေးတစ်ခုက မမျှော်လင့်စွာ ဖြတ်သန်းပြေးဝင်လာသည်။ ကျွန်တော့် ညာဘက်စားပွဲ တိုင်းရင်းသူ ဂျင်းနတ်သမီးလေးနှစ်ဦးဆီမှ ဖြစ်သည်။ ထိုဘာသာဂီတသံစဉ်ပွင့်လေးများသည် ကျွန်တော် 'ကောင်းဘွိုင်ကျောင်းဆရာ'ဘဝက ကျွန်တော် အလွန်မြတ်နိုးစွာ နေ့စဉ်အကျွမ်းတဝင် သုံးနှုန်းပြောဆိုခဲ့ရသည့် တောင်တန်းပေါ်က အလွမ်းစကားပွင့်တွေ ဖြစ်နေသည်။

ကျွန်တော် အထိတ်တလန့်ဖြစ်ပြီး အံ့ဩသွားသည်။

ထိုဘာသာဂီတသံစဉ်များသည် အလွန်ရှားပါးဝေးလံသည့် ရှမ်းပြည်နယ် အရှေ့မြောက်ဘက်စူးစူး နယ်စပ်ဒေသမှ မထင်ရှားသော တိုင်းရင်းသားလူမျိုးစုလေးတစ်စု၏ ဘာသာစကားစုလေးဖြစ်သည်။ ကျွန်တော်သည် ဘုရားသခင်၏ အစီအစဉ်တစ်ခုဖြင့် 'ကျေးဇူးတော်' ကြောင့်သာ ရှားရှားပါးပါး ဤဘာသာစကားစုလေးကို တတ်မြောက်လာခဲ့ခြင်းဖြစ်သည်။

ပြီးတော့ ယခု ထိုဂျင်းနတ်သမီးလေးနှစ်ဦးတို့၏ ထိတ်ထိတ်ပျာပျာ ရင်ဖွင့်နေကြသည့် လျှို့ဝှက်သည်းဖို စကားလေးတွေကလည်း ကျွန်တော့်အတွက် စိတ်ဝင်စားဖွယ်ရာ ထူးခြားဆန်းကြယ်သော ဘာသာရပ်စိမ်းစိမ်းလေးတွေ ဖြစ်နေသည်။

ဂျင်းနတ်သမီးလေးနှစ်ဦးကတော့ ကျွန်တော့်ကို သူတို့ဘာသာ ဂီတစကားတွေကို 'နားမလည်နိုင်ဘူး'ဟု ထင်ထားကြပြီး တစ်ဖက်သတ် လျစ်လျူရှုကာ သူတို့ ဂီတသံစဉ်တွေကို ခပ်ကျယ်ကျယ်လေး ဖောက်ခွဲနေကြတော့သည်။

"ကဲ ... ဆိုပါဦး စိမ်းလ်ထာန်နူးရ်၊ စောစောစီးစီး မင်းက ငါ့ကို အင်မတန်ထူးဆန်းတဲ့ အဖြစ်အပျက်တစ်ခု ပြောပြမယ်ဆိုပြီး ငါ့အိမ်နဲ့အိပ်



www.burmeseclassic.com

www.burmeseclassic.com



နေတာကို ငါ့အခန်းကို အတင်းလာခေါက်ပြီး ငါ့ကို လာနှိုးခေါ်လာတာ။ ဘာတွေ့ ဒါလောက်တောင် အရေးကြီးနေလို့လဲ၊ ပြောစမ်းပါဦး . . . ကျေးဇူး ရှင်ရဲ့"

အနီရောင် 'ကိုစီ' ဆွယ်တာရဲရဲလေးနှင့် လှိုင်းနွယ်ဆံပင်တိုလေး တွေ ဝန်းထက်ဝဲကျနေသည့် ဖြူသွယ်မြင့်မြင့် ဂျင်းနတ်သမီးလေးက သူမ၏ လှုချိုးစုစကားလေးတွေနှင့် တိုက်စစ်ဆင်လိုက်သည်။

ဆံပင်တိုတို၊ ခရမ်းရောင်ကုတ်အင်္ကျီလေး စတိုင်ကျကျဝတ်ထား လျက် တစုသီးစေ့အလျားလိုက်ပုံသဏ္ဌာန် နှုတ်ခမ်းစူစူလေးကို ရဲနေအောင် ဆိုးထားသော နို့နှစ်ရောင်အသားနဲ့ အရပ်မြင့်မြင့် ဂျင်းနတ်သမီးလေးက လှပစွာ အပြုံးလေးတွေ သူမမျက်နှာပေါ် ဆင်မြန်းလိုက်သည်။

"အေး . . . တခြားသူတွေအတွက်တော့ မပြောတတ်ဘူး၊ ငါ့အတွက် ကတော့ သိပ်ကို အရေးကြီးတဲ့ကိစ္စပဲဟဲ့ . . . မာန်ဖွန်းရဲ့၊ နားလည်လား။ နင်ပြောရင် ယုံမှာမဟုတ်ဘူးနော်။ ငါ့တစ်သက် တစ်ခါမှမကြုံဖူးဘူး။ အခု ဒီတည်းခိုခန်းမှာချည်းပဲ ငါဒီလိုဖြစ်တာ ဒါပါနဲ့ဆို နှစ်ခါရှိသွားပြီ။ နှစ်ခါ စလုံး ဒီအတိုင်းပဲ။ ငါအံ့ဩလွန်းလို့ပါ . . . မာန်ဖွန်းရယ်"

ခရမ်းရောင်ဂျင်းလမင်းလေးက သူမ၏ စွဲမက်စရာမျက်နှာလေးကို ချစ်စဖွယ်လေး တွန့်ရှုံ့ထားလျက်က အင်တာဗျူးမလုပ်ချင်ဘဲ အတင်းဖွတ် ဗျူးခံနေရသည့် သရုပ်ဆောင် အကယ်ဒမီမင်းသမီးတစ်ဦးလို အရှုံ့ကြောင်အဖို တွေနှင့် မသက်မသာ ရင်ဖွင့်လိုက်သည်။

ဂျင်းနတ်သမီးလေးနှစ်ဦး၏ လှုံ့ဝှက်ရေတံခွန်စီးနေသံတွေကို ကျွန် တော့်ရင်ထဲမှနေ၍ နိုးပြီး 'ဘာသာပြန်' နားဆင်နေရင်း ဘီယာဖန်ခွက်ထဲရှိ ပန်းနုရောင် ကဗျာအိပ်မက်ပွင့်တွေကို ချိစ်ခဲလေးနှင့် မျောချနေသည်။

"နှစ်ခါစလုံး ဒီအတိုင်းပဲ . . . ဟုတ်လား။ ဘာလဲ . . . ဘာလဲ၊ ဟို . . . ဒီတည်းခိုခန်းက သရဲခြောက်လို့လား။ ဟင်း . . . စိမ်းလ်ထာန်နူးရ် မင်း . . . မင်းကို သရဲလာခြောက်တာလား ဘုရားသခင်"

"အေး . . . နှစ်ခါရှိပြီ။ ဟာ . . . ဘယ်ကလာ သရဲခြောက်ရမှာ လဲဟ။ နင်ကလည်း စကားဖြင့်ဆုံးအောင် နားမထောင်သေးဘူး။ ငါ အံ့ဩ





နေတာက ငါ့ပစ္စည်းပျောက်သွားလို့။ ငါ ဒီ'နန်းလချယ်ရီ' မှာ နှစ်ကြိမ်ပဲ ဘာတည်းဖူးတယ်။ နှစ်ကြိမ်စလုံး ပစ္စည်းပျောက်တယ်။ ထူးဆန်းတာက ဘယ် အဲဒီနှစ်ကြိမ်စလုံး ပျောက်တဲ့ပစ္စည်းကလည်း တစ်မျိုးတစ်စားတည်း အတူတူပဲဟာ။ ငါ အဲဒါကို အံ့ဩနေတာ"

စိမ်းလ်ထာန်နူးရ်ဆိုသည့် နာမည်ဆန်းဆန်းလေးနှင့် တိုင်းရင်းသူ ဂျင်းနတ်သမီးလေးက မျက်လုံးစိမ်းရွှဲရွှဲလေးတွေနှင့် ဂမ္ဘီရဆန်သည့် သူမ၏ ဇာတ်လမ်းအဖွင့်ကို မလုံမလဲ အံ့ဩဟန်လေးနှင့် ရှင်းပြနေသည်။

ကျွန်တော်က ကျွန်တော့်အတွက် 'ရိုမင်တစ်ဂမ္ဘီရ' ဇာတ်လမ်း ဆန်းဆန်းလေးတစ်ပုဒ် ရတော့မည်ဟု အတွင်းစိတ်လိပ်ပြာလေးတွေ ပျံ့ဝဲရင်း ငြိမ်သက်စွာ နားစွင့်နေသည်။

"ဟာ . . . ဘုရားသခင်၊ အို . . . ဘာလဲ . . . ဒါဆို မင်းရဲ့ ဟို ကောက်တီနမ်နဲ့ စိန်ဆွဲကြိုး ပျောက်သွားလို့လား။ အမယ်လေး . . . ဒါဆို ဘယ်လိုလုပ်မလဲ၊ ရဲစခန်းကို သွားတိုင်ထားမှ ထင်တယ်။ ဟင် . . . စိမ်းလ် ထာန်နူးရ်"

"အာ . . . အရေးထဲမှာ နင်ကလည်း ထင်ရာတွေ လျှောက်ပြော နေနဲ့ဦး . . . မာန်ဖွန်း။ ပလက်တီနမ်စိန်ဆွဲကြိုး ပျောက်မှတော့ ခုလို နင့် ကို စားသောက်ခန်းထဲခေါ်လာပြီး ကျိတ်ပြောပါတော့မလားဟ . . . ချိန်း သနီးမရဲ့"

မျက်လုံးစိမ်းရွှဲရွှဲလေးနှင့် နတ်သမီးမလေးက လမင်းနီမလေးကို အပြစ်တင်ကာ ချစ်စွာလေး ဆူဆဲလိုက်သည်။ သည်အခါ အနီရောင်လမင်း သူက နတ်သမီးစိမ်းလေးကို စိမ်းမျက်စောင်းလေးထိုးပြီး ရယ်ရင်း ပြန် နေသည်။

"သိဘူးလေ၊ ဒါဆိုလည်း နင်ပျောက်တယ်ဆိုတဲ့ ပစ္စည်းက ဘာ သည်းမို့လဲဟဲ့။ နင့်ဥစ္စာ မထိတ်သာမလန့်သာ။ ရွှေငွေအဖိုးတန် ပစ္စည်းထဲ က မဟုတ်ရင်လည်း အဝတ်အစားတွေလား၊ ဒါမှမဟုတ် အဖိုးတန် ရေမွှေး ဆင်။ ပေါင်ဒါဘူး၊ အလှကုန်ပစ္စည်းတွေထဲကလား။ ထီးတို့၊ ဖိနပ်တို့၊ ဆံအိတ်တို့ များလားဟယ်"



www.burmeseclassic.com

www.burmeseclassic.com



မာန်ဖွန်းက သီချင်းဇာတွေနှင့် မိန်းမတို့၏ဝါသနာအတိုင်း မအော အညှိနိုင်စွာ ရုပ်မြားကက်ထဲက ဗျူတီပါလာပစ္စည်းတွေကို ခေါင်းစဉ်ထ ပြီး ထပ်ဆင့်မေးခွန်းတွေ ထုတ်သည်။

စိမ်းလ်ထာန်နူးရ်က ရင့်သီးသီးလေး ခြစ်အော်ရယ်လိုက်ကာ

"ဟား ... ဟား ... ငါ အံ့ဩတယ်ဆိုတာ အဲဒါကြောင့်ပဲ အဖိုးတန်ပစ္စည်းဆိုရင်လည်း ငါမပြောတော့ပါဘူး ... မာန်ဖွန်းရယ်။ န ထင်တာတွေ တစ်ခုမှမဟုတ်ဘူး။ ငါပြောလိုက်ရင် နင်သိပ် အံ့ဩသွား မာန်ဖွန်း။ ငါပျောက်တဲ့ပစ္စည်းက သိပ်ထူးဆန်းတယ်ဟ"

"အမယ်လေးနော် ... လျှာရှည်လိုက်တာ မိချောင်းမကလဲ။ ငါ သီချင်ပါတယ်ဆိုမှ ဈေးကိုင်နေလိုက်တာ သူ့ကိုယ်သူ လျှို့ဝှက်သည်းဖို့ စာ ဆရာမ ကျနေတာပဲ။ ငါလည်း စဉ်းစားမတတ်တော့ဘူး။ နင့်ပစ္စည်း သိပ်ထူးဆန်းတယ်ဆိုတော့ ဘာပစ္စည်းမို့လို့လဲ မြန်မြန်ပြော"

"ငါပျောက်တဲ့ပစ္စည်းက ဘာလဲသိလား"

စိမ်းလ်ထာန်နူးရ်က သူမ၏စကားကို ဖျတ်ခနဲရပ်ပြီး မာန်ဖွန်း ငွေပြုံးတစ်ဝက်နှင့် လှမ်းကြည့်သည်။ မာန်ဖွန်း၏ မျက်ဝန်းနက်လေးမှ လက်တောက်နေကာ သူမ၏ခေါင်းကို ဆတ်ခနဲခါယမ်းသည်။

"ငါပျောက်တဲ့ပစ္စည်းက ... အန်ဒါဝယ်ယာ ... ငါ့ အတွင်း ဘောင်းဘီဟဲ့"

"ဟင် ... အတွင်းခံဘောင်းဘီ ... Under Wear ... အိုး"

မာန်ဖွန်းမျက်လုံးတွေ ဝိုင်းစက်သွားကာ အံ့ဩစွာ ရေရွတ်လို သည်။ ကျွန်တော် စိတ်မချုပ်တည်းနိုင်ဘဲ ယောင်ယမ်းလျက် ရယ်မိလို တော့မလို ဖြစ်သွားသည်။ ချက်ချင်း စိတ်ပြန်ထိန်းလိုက်ပြီး ဂျင်းနတ်သမီ လေးတွေ ရှက်သွားမှာစိုး၍ သူတို့နှစ်ဦးမရိပ်မိခင် မျက်နှာကို တစ်ဖက်သို့ ဖျတ်ခနဲ လွှဲလိုက်ရသည်။

ပြတင်းပေါက်မှ အပြင်ဘက်သို့ နှင်းဖြူစတွေ လွင့်မျောနေသော ချယ်ရီတောအုပ်ဆီ လှမ်းကြည့်လိုက်သည်။ သို့သော် ဂျင်းနတ်သမီး နှစ်ဦး၏ လွတ်လပ်ပွင့်လင်းစွာ ရင်ဖွင့်နေသည့် ဘာသာဂီတသံစဉ်လေး





ရင်ဘတ်လိပ်ပြာထဲ ပျံဝဲလာဆဲရှိသည်။ သူတို့၏ အခန်းဆက် ပေါ့ပ် ချင်းလေးတွေကို ကျွန်တော် မြိန်ရှက်စွာ နားသောတဆင်နေမိ၏။

"စိမ်းလ်ထာန်နူးရ်ရယ် ... မင်းအဖြစ်ကလည်း ကြုံကြုံဖန်ဖန်၊ အတွင်းခံဘောင်းဘီမှ ရွေးပျောက်ရတယ်။ ငါတော့ တစ်ခါမှ မကြားဖူးသေး ဘူးဟယ်။ မင်းဟာက ဘယ်လိုပျောက်တာလဲ။ သေကောသေချာရဲ့လား၊ ထားများ မှားတာလား။ သေချာလည်း ပြန်ရှာကြည့်ပါဦးဟဲ့"

"ဟာ ... ဘာမှ မသေချာစရာမရှိဘူး။ ဘာမှလည်း ပြန်ရှာ ကြည့်ဖို့ မလိုဘူးကွ။ သိပ်သေချာတာပေါ့။ မနေ့ညနေက ငါရောက်ရောက် ချင်း ငါအခန်းထဲမှာ ခဏနားပြီး အဝတ်အစားလဲတယ်။ ငါ အဲဒီအတွင်းခံ ဘောင်းဘီ အန်ဒါဝယ်ယာ ပန်းရောင်လေးကို ချွတ်ပြီး ငါ့ခုတင်ခြေရင်းက ခုံခုတင်တန်းလေးပေါ် သေသေချာချာ လွှားထားခဲ့တယ်။

အဲဒီအတွင်းခံဘောင်းဘီလေးက ထိုင်းကလာတဲ့ ပိုးသားပျော့ပျော့ ဆိလေး။ အရောင်ကလည်း ငါအရမ်းကြိုက်တဲ့ ပန်းနုရောင်လေးဟယ်။ ခဲ့တဲ့ တနင်္ဂနွေနေ့ကမှ ငါတာချီလိတ်ဈေးထဲက ဘတ်တစ်ရာနဲ့ ဝယ် ခဲ့တာ၊ အသစ်စက်စက်ကလေး။ အခု ငါလေယာဉ်နဲ့လာမှ ဝတ်လာခဲ့တဲ့ န်ဒါဝယ်ယာလေးဟ။ ငါ အရမ်းသမျောတယ် သိလား"

စိမ်းလ်ထာန်နူးရ် သက်ပြင်းငွေ့ငွေ့ချပြီး ဆက်ပြောသည်။

"ငါက အန်ဒါဝယ်ယာလှလှလေးတွေကို သိပ်ချစ်တာ။ ငါ ဒီ န်တာဝယ်ယာလေးကို အရမ်းခရေဇီဖြစ်လို့ ဒီတစ်ထည်တည်း ဝတ်လာ မှ ပျောက်ရတယ်ဟယ်။ ငါလည်း ရေချိုးအဝတ်အစားလဲပြီးတော့ ဆာ နဲ့ ထမင်းစားခန်းထဲ ဆင်းလာပြီး ခေါက်ဆွဲကြော် သွားစားတာပေါ့ဟာ။

အန်ဒါဝယ်ယာပန်းရောင်လေးကို ငါ ဒီအတိုင်း ခုတင်တန်းမှာ န်းတင်ထားခဲ့တယ်။ ဝတ်မလာခဲ့ဘူး။ ခေါက်ဆွဲကြော်စားပြီး ငါ အပြင် ထွက်လာတယ်။ ပန်းခြံထဲက သစ်ခွပန်းတွေကို လျှောက်ကြည့်တယ်။ နောက် န်းရှည်လေးပေါ် ငါအကြာကြီး ထိုင်နေသေးတယ်။ ညခုနစ်နာရီလောက် ငါ့အခန်းငါ ပြန်လာပြီး သော့ဖွင့်ဝင်ခဲ့တယ်။ ငါ့ အတွင်းခံဘောင်းဘီကို



www.burmeseclassic.com

www.burmeseclassic.com



ငါ သတိမထားမိလိုက်ဘူးကွာ။ ခရီးကပန်းလာလို့ ငါစောစောပဲ အိပ်လိုက်တယ်။

ဒီမနက်ငါးနာရီလောက် ငါအိပ်ရာက နိုးလာတာနဲ့ အိမ်သာတက်ချင်လို့ မီးဖွင့်ပြီး ငါ့အနှိဒါဝယ်ယာလေးကို သတိရလို့ ခုတင်ခြေရင်း လှမ်းကြည့်လိုက်တော့ မရှိတော့ဘူး။ ငါက ခုတင်အောက်များ လွင့်ကျနေသလားလို့ လိုက်ရှာကြည့်တော့လည်း မတွေ့တော့ဘူး။ ငါရှာတာ တစ်ခန်းလုံး နှံနေပြီ''

''ဪ ... ဒါကြောင့် မင်း ငါ့ကို စောစောစီးစီး လာနှိုးတာပေါ့လေ။ နို့မဟုတ်ရင်တော့ အတူတူလာတဲ့ သူငယ်ချင်းချင်းကိုတောင် မင်းသတိရမှာမဟုတ်ဖူး။ သိတယ်။ နေပါဦး ... မင်းရေချိုးပြီး အပြင်ထွက်လာတော့ အခန်းကိုတော့ သော့ခတ်ခဲ့တယ် မဟုတ်လား''

''ဟာ ... ငါ့အခန်းကို သေချာသော့ခတ်ပြီးမှ လာတာပေါ့။ သော့မခတ်ခဲ့ဘဲ နေပါ့မလား၊ ငါ့အခန်းထဲမှာ ငါ့ပစ္စည်းတွေနဲ့ ငွေတွေ ထားထားခဲ့တဲ့ဥစ္စာ''

''နှင့်ပစ္စည်းတွေကိုကော သေချာ ပြန်စစ်ကြည့်ပြီးပြီးလား''

''ပြန်စစ်ကြည့်ပြီးပြီ၊ ဘာတစ်ခုမှ မပျောက်ဘူး။ ဘာလက်ရာခြေရာမှလည်း မပျက်ဘူး။ နဂိုပကတိအတိုင်းပဲ''

''အေး ... ဒါဆိုရင်လည်း သူခိုးခိုးတာလည်း မဖြစ်နိုင်ဘူး။ သူခိုးဆိုရင်တော့ မင်းပစ္စည်းနဲ့ ငွေတွေယူသွားမှာပေါ့''

''ငါလည်း အဲဒါကြောင့်ပဲ အရမ်းကို အံ့သြနေတာပေါ့ ... မာန်ဖွန်းရဲ့။ အရင်တစ်ခါကလည်း ငါ ကောင်းကောင်းမှတ်မိနေတယ်။ ငါ့အတွင်းခံဘောင်းဘီ အစိမ်းရောင်လေး၊ ငါ အခန်းထဲမှာ ချွတ်တင်ထားခဲ့ပြီး ရေဘက်ခဏသွားခဲ့တယ်။ တစ်နာရီပဲကြာတယ်။ ပြန်လာတော့ မရှိတော့ဘူး

အဲဒီတုန်းကတော့ နင် မပါလာခဲ့ဘူး။ ငါတစ်ယောက်တည်းဆိုတော့ ငါလည်း ရှက်တာနဲ့ ဘယ်သူ့မှ ဖွင့်မပြောတော့ဘူး။ ဒါပေမဲ့ ငါ့အဲဒီအနှိဒါဝယ်ယာကလည်း နိုင်ငံခြားကလာတဲ့ အကောင်းစားဟ။ လှလည်း





လှတယ်၊ ချစ်စရာလေး။ အနှိဒါဝယ်ယာ တံဆိပ်နာမည်ကလည်း ဘာလဲသိလား''

''ပြောစမ်းပါဦး ... ဘာတဲ့လဲ''

''CRAZY LOVE .... 'ရူးသွပ်စေသည့်အချစ်' တဲ့ဟ''

''အမယ်လေး ... ဟဲ့၊ မင်းအတွင်းခံဘောင်းဘီ နာမည်ကလည်း အမှာဆန်လိုက်တာ ပေးစရာရှားလို့နော်။ ဒါဆို ငါ စဉ်းစားမိပြီ ... သိလား။ မင်းအတွင်းခံဘောင်းဘီကို ခိုးသွားတဲ့လူဟာ လူဆိုရင်လည်း အချစ်ရူးရူးနေတဲ့ နှာဘူးပဲဖြစ်ရမယ်။ ဒါမှမဟုတ်ရင်တော့ ငါ့အထင် ဒီသူခိုးဟာ ကြွက်ပဲဖြစ်မယ်။ ကြွက်ကြီးတစ်ကောင်ကောင် လာဆွဲသွားတာဖြစ်မယ်''

''ကြွက် ... ဟာ ... ကြဲကြဲဖန်ဖန်၊ မာန်ဖွန်းကလည်းဟယ်။ စားစရာလည်း မဟုတ်ဘဲနဲ့ ကြွက်က ဘာကိစ္စ ဒီအတွင်းခံဘောင်းဘီကိုမှ လာရွေးပြီး ကိုက်ချီသွားမှာလဲဟာ။ စဉ်းစဉ်းစားစားလည်း ပြောစမ်းပါ''

''ဟာ ... မင်း ဘာသိလို့လဲ၊ မင်းပြောနိုင်မလား။ အဲဒီကြွက်ကလည်း CRAZY RAT ဖြစ်ချင်ဖြစ်နေမှာပေါ့။ ပြီးတော့ မင်းအတွင်းခံဘောင်းဘီကလည်း အသစ်စက်စက် တစ်ခါပဲဝတ်ရသေးတာ၊ လျှော်တောင်မလျှော်ရသေးဘူးဆိုတော့ ... အဟိ ... ဟိ .. မင်းအတွင်းခံဘောင်းဘီဆေးက မင်းရဲ့ ... ဟို ... မင်းအမြဲသုံးနေကျ 'ရယ်ဗလွန်' ရေမွှေးနံ့လေးက သင်းနေလို့ ကြွက်ကြီးက လာဆွဲသွားတာလားမှမသိတာ ... အဟိ''

''ကောင်စုတ်မ ... ညစ်ပတ်တယ် ... သွား''

စိမ်းလ်ထာန်နူးရ်က မျက်လုံးစပျစ်သီးစိမ်းလဲ့ ရွဲလေးတွေကို ကျဉ်းလိုက်ပြီး မာန်ဖွန်း၏ တင်စားချက်အဓိပ္ပာယ်ကို ချက်ချင်း သဘောပေါက်နားလည်လိုက်ကာ မာန်ဖွန်းပခုံးကို လက်သီးဆုပ်နှင့် လှမ်းထုသည်။ မာန်ဖွန်းက တခစ်ခစ်ရယ်နေသည်။

ကျွန်တော်သည် စိမ်းလ်ထာန်နူးရ်တို့နှစ်ဦး ဘာသာဂီတဆန်းလေးများနှင့် လွှင့်နေကြသည့် 'အတွင်းခံဘောင်းဘီ' (Under Wear) ပျောက်ဆုံးမှု ဇာတ်လမ်းလေးကို ရင်ဘတ်ထဲလျှို့ဝှက် နားထောင်ခံစားရင်း ကြားထဲမှ



www.burmeseclassic.com

www.burmeseclassic.com



စုံထောက် 'ဆားပုလင်းကောင်းဘွိုင်' လုပ်ချင်သည့်စိတ်လေးတွေ မရိုးမရွ ထွက်ပေါ်လာနေသည်။

ကျွန်တော်ကလည်း သည်လို 'စိတ္တဇဆန်ဆန်' လျှို့ဝှက်ဆန်းကြယ်သော မှုခင်းဇာတ်လမ်းဆန်းလေးတွေကို အရမ်းခရေဇီဖြစ်ကာ ရှာဖွေနေသူဖြစ်သည်။ ကျွန်တော့်စိတ်ထဲမှာ အလွန် စိတ်ဝင်စားစရာကောင်းမည့်ဖြစ်ရပ်မှန် မှုခင်းဇာတ်လမ်းကောင်းလေးတစ်ခုတော့ ရရှိတော့မည်ဟု ယုံကြည်လိုက်မိသည်။

ကျွန်တော် နာမည်ဆန်းလေးတွေနှင့် ဘာသာဂီတဆန်းလေး ပြောတတ်သော ဖြစ်ရပ်ဆန်းကြယ် ကောင်မလေးနှစ်ဦးကို ကြည်မွေ့စွာ လှမ်းကြည့်လိုက်မိရင်း ကျွန်တော်ရှေ့မှ ဘီယာဖန်ခွက်ထဲရှိ နောက်ဆုံး ကဏ္ဍလေးတစ်ပိုဒ်ဖြစ်သည့် စတော်ဘယ်ရီဝိုင်ဒရိုင်းဂျင် ပန်းရင့်ရောင်လေးကို တစ်ရှိန်ထိုး မော့ချလိုက်သည်။

ပြီးနောက် ကျွန်တော် စားသောက်ခန်းထဲမှ လှမ်းထွက်လာပြီး နှင်းဖြူစတွေ လွင့်ကြဲနေသော ချယ်ရီတောအုပ်ပြာ မှိုင်းမှိုင်းလေးထဲသို့ လျှောက်ထွက်လာခဲ့သည်။

ကျွန်တော့်စိတ်လိပ်ပြာ အာရုံတစ်နေရာတွင် 'ဆုန်သင်းပါရီ' ၏ 'ကောင်းဘွိုင်' သီချင်းလေးက တစ်ပိုင်းတစ်စ လွင့်စီးပေါ်လာနေသည်။

"နေရောင်ခြည်အောက်ကို လမ်းလျှောက်ထွက်တဲ့နေ့တွေ ...

Courtry Song တွေနဲ့ တစ်ယောက်တည်း လွမ်းနေမယ် .....

ဆုန်သင်းရဲ့အလွမ်းတွေလည်း သူတစ်ယောက်တည်း သိနိုင်မယ်

Telephone ထဲ Hollow ဟောင်းလေးထည့် Texas ရောက်နေတဲ့

ဆုန်သင်းရဲ့ Cowboy အတွက် ကိုယ်စောင့်နေတယ်၊ သူပြန်လာတဲ့အထိ"

✿ ✿ ✿

[ ၃ ]

❑

နှင်းမှုန်တွေက ကောင်းကင်ထဲမှ ခါချနေသလို လွင့်မျောနေသည်။

ကျွန်တော် ထင်းရှူးတောတန်း မှိုင်းပြာပြာလေးထဲ လျှောက်လှမ်းလာရင်း စိတ္တဇအာရုံစိမ်းလေးထဲမှာ 'အန်ဒါဝယ်ယာ အတွင်းခံဘောင်းဘီ' ထူးဆန်းစွာ ပျောက်ဆုံးနေမှုလေးက နှလုံးသားထဲ စွဲငြိပါလာသည်။

တစ်ဆက်တည်းမှာပဲ တိုင်းရင်းသူလေး မာန်ဖွန်း၏ ရယ်ဗလွန်ရွှေမွှေးနံ့လေးနှင့် တင်စားချက်လေးကို ပြန်သတိရလိုက်ကာ ကျွန်တော့်ဆီစိတ်ထဲမှာ မိန်းမတွေနှင့်ပတ်သက်သည့် 'ကိုယ်သင်းနံ့'တွေ အကြောင်းက ကျွန်တော့်ခေါင်းထဲသို့ ဖျတ်ခနဲ စီးဝင်လာသည်။

သူတို့ကို ဘုရားသခင်က 'ဘဝကံကြမ္မာ' (LIFE - FATE) အဆိုးအကောင်းတွေနှင့်အတူ ထူးဆန်းအံ့ဩစရာကောင်းသည့် လက်ဆောင်တစ်ခုကိုပါ ထည့်သွင်းပေးလိုက်ပါသည်။ ထိုအရာမှာ ပန်းတွေနှင့် သဏ္ဌာန်တူပါသည်။ မိန်းမတွေကို ဘုရားသခင်က 'အဆင်းအင်္ဂါနှင့် အမွှေးရနံ့' (Beauty and Smell) တွေပါ ဖန်ဆင်းဆွတ်ဖျန်းပေးလိုက်ပါသည်။

ထို့ကြောင့် အချို့သောမိန်းမတွေက ရွှေအဆင်းလို လှပတင့်တယ်ကာ အချိုးအစားကျနပြီး 'ဘဝ၏ ကံကောင်းခြင်းလက်ဆောင်တွေ' ကို တစ်ပွေ့တစ်ပိုက်ကြီး ယူဆောင်လာခဲ့ကြ၍ အချို့သော မိန်းမတွေမှာတော့



www.burmeseclassic.com

www.burmeseclassic.com



'ကံဆိုးခြင်းကျိန်စာသင်' တွေနှင့်အတူ အရုပ်ဆိုးအကျည်းတန်စွာနှင့် လူ့လောကထဲ သိမ်ငယ်စွာ စိန်ခေါ်မှုတွေဖြင့် ဝင်ရောက်လာခဲ့ကြရသည်။

ထိုနည်းတူ ဘဝ၏လာခြင်းကောင်းသော မိန်းမပြတ်များသည် လေအစုန်မှာ ရွှေမှုန်ပွင့်တွေ ကြဲချလိုက်သည့်ပမာ သူမတို့၏ ခန္ဓာကိုယ်အတွင်းမှ မွှေးပျံ့သည့် ပန်းမှုန်ဝတ်ရည်ရနံ့မျိုးတွေ စိမ့်ပျံ့နေသော 'ကိုယ်သင်းနံ့' သင်းသင်းလေးတွေ လွင့်ထွက်နေတတ်သည်။ 'ပဒုမ္မနီကဿတ္တိယနွယ်' မိန်းမများ၏ ကိုယ်သင်းနံ့များသည် 'ကြာညိုနံ့' သင်းလျက် မွှေးပျံ့နေတတ်သည်။

ထိုကြောင့် ဆန့်ကျင်ဘက် 'လိင်' ယောကျ်ားတွေကလည်း မွှေးပျံ့သည့် 'ကိုယ်သင်းနံ့'ရှိသည့် ဆွဲဆောင်မှုရှိသော မိန်းမများ၏အချစ်ကို သိမ်းပိုက်ပိုင်ဆိုင်ယစ်မူး ခံစားတပ်မက်ကြ၏။

ကျွန်တော်သည် ထင်းရှူးတောတန်း ပြာမှိုင်းမှိုင်းလေးထဲမှာ နှင်းရနံ့နှင့် မြေသင်းနံ့လေးတွေကို မေ့လျော့ထားကာ 'ကဿတ္တိယကိုယ်သင်းနံ့ငြိမ့်ယာ' တွေထဲ မေ့မျောနေရင်း မာန်ဖွန်း၏ ရယ်ပလွန်အိပ်မက်အကြောင်းက ဦးနှောက်လှောင်အိမ်ထဲ၌ ယစ်ဝဲနေသည်။

''မာန်ဖွန်း . . . ကျီစယ်စကားနှင့် နောက်ပြောင်မှတ်ချက်ချသည့်တကယ်ပဲ စိမ်းလ်ထာန်နူးရဲ့ ပန်းနုရောင်အတွင်းခံဘောင်းဘီလေးကို ကိုယ်သင်းနံ့လေး တစ်မျိုးမျိုးကြောင့် အညိုအဟောက်ကြိုက်သည့် မြေကြွက်ကြီးတစ်ကောင်ကောင်ကပဲ လာပြီး ကိုက်ချီဆွဲသွားလေရော့သလား''

သည် . . အရှုန်းစကား၊ အညွှန်းစကားလေးတစ်ပွင့်က ကျွန်တော့်စိတ်အာရုံကို ဖျတ်ခနဲပမ်းစားထားရာမှ ဖယ်ရှားပစ်လိုက်ပြီး အသိမှုန်မှုန်လေးတစ်ခုက ရင်ဘတ်ထဲတွင် အမှတ်မထင်လေး ပွင့်ထွက်သွားပါသည်။ ထူးဆန်းစွာသော တိုက်ဆိုင်မှုလေးတစ်ခု။ သို့သော် ဒဏ္ဍာရီအိပ်မက်မဟုတ်မီ

''စိမ်းလ်ထာန်နူးရဲ့ အတွင်းခံဘောင်းဘီ (Under Wear) ကို မာန်ဖွန်းက နောက်ပြောင်သလို အညိုအဟောက်ကြိုက်သော ကြွက်ကြီးတစ်ကောင်က လာဆွဲချီယူသွားတာ မဟုတ်ခဲ့လျှင်တော့ . . .

ကဿတ္တိယနွယ်တို့၏ ကိုယ်သင်းနံ့ဆန်းဆန်းလေးတွေကို လျှို့ဝှက်စွာနှင့် ရူးသွပ်ချစ်မြတ်နိုးစွာ (CRAZY) စွဲလမ်းနေသော မနုဿလူသား





တစ်ဦးဦး၏ ထူးဆန်းသည့် ရူးကြောင်ကြောင် ဝါသနာတစ်မျိုးကော မဖြစ်နိုင်ဘူးလား . . . . ဟူ၍ ကျွန်တော်က 'စိတ္တဇသည်းထိတ်ရင်ဖိုမှုခင်း' စာရေးဆရာပီပီနှင့် စိတ္တဇဆန်စွာ ရင်ထဲ၌ အတွေးပြတိုက်လေးတစ်ခု တည်ဆောက်ကြိုက်မိပါသည်။

ထိုစိတ္တဇအတွေးပြတိုက်လေးနှင့် ဆက်နွယ်ပြီး ကျွန်တော့် မသိစိတ် ရင်ဘတ်လိပ်ပြာထဲမှာ ဒဏ္ဍာရီအိပ်မက်မဟုတ်သော အဖြစ်ဆန်းအတွေ့အကြုံဆန်းလေးတစ်ခု ငွေ့ဝဲဝဲပေါ်လာသည်။

✿ ✿ ✿

❑

ယင်းအတွေ့အကြုံဆန်းလေးက (1970) ခုနှစ် ပတ်ဝန်းကျင်အချိန်လောက်ဆီက 'စိတ္တဇအနုစား ဝေဒနာသမား' တစ်ဦး၏ ဖြစ်ရပ်မှန်လေးပဲ ဖြစ်ပါတော့သည်။

ထိုအချိန်က ကျွန်တော်သည် 'ဘဝတက္ကသိုလ်' တစ်ခုတွင် ယုံကြည်ချက်ပြင်းထန်စွာ ရူးသွပ်ဆာလောင်မှုတွေ တောင်ပံတပ်ကာ 'စိတ်ပညာအတမ်းကျမ်းစာ' တစ်စောင်အတွက် 'စိတ်ဝေဒနာရှင်' များကို ကျွန်တော့်နည်း ကျွန်တော့်ဟန်နှင့် သုတေသနပြုနေချိန်ဖြစ်သည်။

အချိန်ရသရွေ့ 'စိတ်ပညာစာအုပ်' တွေကြားထဲသို့ နှစ်မြှုပ်ထားပြီး စိတ်ဝေဒနာသမား (အရူး) မျိုးစုံတို့ စုဝေးရာ 'စိတ်ကျန်းမာရေးဆေးရုံကြီး' ၌ ကျွန်တော်(Field) ကွင်းဆင်းနေခဲ့သည်။ 'ဆစ်ဂ်မန်ဖရိုက်'၏ ဦးနှောက်များကို လိုက်ပြီးဖမ်းနေချိန်လည်း ဖြစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကိုယ်နှင့်အနီးကပ်ဆုံး ပတ်ဝန်းကျင်လေး၌ 'စိတ်ဝေဒနာအနုစား' လူသားတစ်ဦး ရှိနေခဲ့မှန်းကိုတော့ ကျွန်တော် လုံးဝ မရိပ်မိ မသိခဲ့ပေ။

တစ်နံနက်ခင်းဖြစ်၏။

ထိုနံနက်ခင်းလေးက ပြတ်သားမှုမရှိဘဲ စိတ်ကောက်နေသည့် ချစ်ရောကောင်မလေးတစ်ဦး၏ မှုန်ညက်ညက်မျက်နှာလေးလို ကပိုကရိုလေး လုနေခဲ့သည်။

ကျွန်တော်က လက်ဖက်ရည်ဆိုင်ထိုင်ခြင်း၏ ယဉ်ကျေးမှုကို ရွဲလမ်းတတ်သူမို့ တက္ကသိုလ်ဝင်းထဲက 'ဦးချစ်လက်ဖက်ရည်ဆိုင်' တွင် နံနက်ပိုင်း အချိန်ဖြုန်းရင်း 'ဗစ်တာခင်ညို'၏ သံစဉ်တွေထဲ ဝဲပျံနေခဲ့သည်။

နေမြင့်မှ အဆောင်ပြန်လာခဲ့သည်။

ကျွန်တော်က 'အားတီးယားလမ်း' (သီရိရိပ်သာလမ်း) ထဲရှိ အပြင်ဘော်ဒါဆောင် 'ဟော်စတယ်ဘော်ဒါ' တစ်ခုတွင် အခန်းငှားနေသည်။ ကျွန်တော် ခြံထဲသို့ ကွေ့ချိုးဝင်လာပြီး အဆောင်ရှေ့ ငွေပန်းချုံနံဘေးအရောက်၌ 'ဘုန်းခန့်ဦး'နှင့် ဘွားခနဲ ဆုံတွေ့ကြသည်။

ထုံးစံအတိုင်း ဘုန်းခန့်ဦး၏ မရှိတရှိ အပြုံးပွင့်နုသစ်တွေနှင့်သူ့ကိုယ်ထဲမှ စပရေးရေမွှေးပြင်းပြင်း မုန်တိုင်းတစ်ခုက ကျွန်တော် တစ်ကိုယ်လုံးကို မွှေ့ရမ်းလွှမ်းခြုံသွားသည်။ သူ့ကိုယ်ခန္ဓာအပေါ်ပိုင်းက ငှက်ပျောညွှန့်အစိမ်းနုရောင် ပိုးအင်္ကျီလက်ရှည်နှင့် သူခါးနွဲ့နွဲ့ထက်က နို့နှစ်ရောင်ဘဲလ်ဘောင်းဘီရှည်တွေကလည်း သူ့အသား ကြက်ဥနှစ်ရောင်လေးနှင့် ပြဲဇာတ်မင်းသားလေးလို လုနေသည်။

ဘုန်းခန့်ဦးမျက်နှာကျပုံက မိန်းမချော ချောနေပြီး နှုတ်ခမ်းမွှေးနက်နက်နှင့် ဘယ်ဘက်အောက်နှုတ်ခမ်းနားက မှဲ့နက်လေးတစ်ပွင့်က ရုပ်ရှင်မင်းသား 'ဝင်းဦး' စတိုင်လ်မျိုးလေး ဖြစ်နေသည်။ သူကိုယ်တိုင်ကလည်း 'ဝင်းဦးခရေဇီ' ဖြစ်ပြီး ဝင်းဦးစတိုင်ဖမ်းကာ ဝင်းဦးရှူးလေး ရှူးနေသူဖြစ်သည်။





သို့စဉ်လျက် လူကလည်း ခပ်နွဲ့ခြောက်ခြောက်နှင့် မိန်းမလျာစိတ်တစ်ဝက်ဝင်နေပြီး စိတ်ကလည်း နုလွန်းစွာ (HOMOSEXUAL ABNORMAL) ဗန်းစကားနှင့်ပြောရလျှင် 'ဂျယ်'စိတ်ဝင်နေသည့် 'မိန်းမလျာစိတ္တဇ' ယောကျာ်းအမျိုးအစားဖြစ်သည်။

ကျွန်တော်တို့ အဆောင်တစ်ဆောင်လုံးကလည်း 'ကိုဘုန်း' ၏စိတ္တဇအနုစား 'နျူရိုးဆစ်' (Neurosis) ကို သိနေကြသည်။ သူ့ကို အားလုံးနှင့်လွတ်နားလည်ထားကြသည်။ တချို့က ကိုဘုန်းကို သူ့နောက်ကွယ်မှာ ချစ်စနိုးနှင့် 'ဝင်းရှူးဖုန်းခင်' ဟု စတတ်ကြ၏။ သို့သော်လည်း ထူးဆန်းစွာပင် သူက စိတ်မဆိုးဘဲ ထို 'အတင်းအဖျင်း'လေးကို အိပ်မက်ကဗျာလေးတစ်ပုဒ်ကဲ့သို့ မြတ်နိုးစွာ အပြုံးနုလေးတွေနှင့် ပွေ့ပိုက်ခံယူထားခဲ့သည်။

ကိုဘုန်းသည် စိတ်ကသာနုသော်လည်း လူက ဂျီဝတီအိုင်ကျောင်းဆင်း အင်ဂျင်နီယာတစ်ဦးဖြစ်သည့်ပြင် ကျွန်တော်နှင့် တစ်နှစ်တည်း 'နိုင်ငံခြားဘာသာသိပ္ပံ' တွင် ကျောင်းဆက်တက်နေသည်။ ကျွန်တော်က 'ပြင်သစ်ဘာသာ'တက်ပြီး သူကတော့ 'ဂျာမန်ဘာသာ'တက်သဖြင့် အတန်းချင်းမတူသော်လည်း အဆောင်တွင် သူနှင့်ကျွန်တော်က အခန်းချင်း ဘေးချင်းကပ်နေသည်။

ကိုဘုန်းတွင်လည်း စိတ်ဝင်စားစရာ သူ့ရည်းစား 'အချစ်တော်' ဘိုဘိုဆိုသည့် ရေကြောင်းသိပ္ပံကျောင်းသား ခပ်ဖြောင့်ဖြောင့် ချာတိတ်တစ်ယောက်ရှိသည်။ စနေနေ့ဆို ထိုချာတိတ်လာပြီး ကိုဘုန်းအခန်းထဲ၌ ဂျာမာန်ဘာသီချင်း မြူးမြူးကြွကြွတွေနှင့် တယောသံတွေ စိမ့်မျောလွင့်ပျံ့ထွက်နေကာ သူတို့နှစ်ဦး ကြည်နူးမြူးပျော်နေကြသည့် 'စိတ္တဇချစ်တေးသံ' ရင်ခုန်သံနှင့် အပိုင်းအစသံတွေကလည်း အခန်းထဲမှာ ဖိတ်စင်လွင့်မျောနေကြသည်။

ကျွန်တော်က ကိုဘုန်းနှင့် သူ့ရည်းစားကောင်လေး ဘိုဘိုတို့နှစ်ဦး၏ 'Homesexual' ချစ်ပုံပြင်ထက် ကျွန်တော့်ဝတ္ထု ဇာတ်လမ်းတွေထဲမှာသာ အာရုံကို နှစ်ထားခဲ့သည်။ အဆောင်မှ ဝါသနာပါသော အချို့ကျောင်းသား



www.burmeseclassic.com

www.burmeseclassic.com



တွေကတော့ ကိုဘုန်းတို့နှစ်ဦး၏ အချစ်ကဗျာလေးတွေကို အခန်းနံရံထက် သံဇကာပေါက်လေးတွေကြားမှ ခိုးဖတ်နားထောင်ကာ သံစဉ်ကြမ်းတွေ ဆွတ်ခူးနေကြသည်။

"ဟာ . . . . အတော်ပဲ . . . ကိုနန်း။ ကျွန်တော် ခင်ဗျားကို လိုက်ရှာနေတာ။ ဘာလဲ လက်ဖက်ရည်ဆိုင်က ပြန်လာတာလား။ ညနေ စောစော ပြန်လာနော် . . . ဘိုင် . . . ယူ့ကို ဒီည 'Golden Princess' မှာ ဒင်နာ လိုက်ကျွေးမယ် . . . နော်"

ကိုဘုန်းက သူ့မူပိုင် အပြုံးနုပွင့်လက်လေးတွေ ခြံရံပြီး မနွဲ့တနွဲ့လေး ရင်ဖွင့်ဖိတ်ခေါ်လိုက်တော့မှ ကျွန်တော့်မသိစိတ်အာရုံက ပန္နပွင့်ထဲ လွင့်ခနဲ ပြန်ရောက်လာသည်။

"ဘာလဲ . . . ကိုဘုန်းအချစ်ဆုံးလေး ဂျပန်က ပြန်ရောက်လာလို့ ဆာယိုနာရာ အထိမ်းအမှတ်ပွဲလေး ထင်တယ်"

ကျွန်တော်က သူ့အချစ်တော် ရွှေမင်းသားလေးဘိုဘို မကြာသေးခင်ကပဲ ဂျပန်ရေကြောင်းကုမ္ပဏီတစ်ခုတွင် အလုပ်ရပြီး သင်္ဘောလိုက်သွားခဲ့ရသဖြင့် ယခု သူ့အချစ်မင်းသားလေး ပြန်ရောက်လာသည်ထင်၍ ပြန်မေးလိုက်ခြင်းဖြစ်သည်။

ခါတိုင်းလည်း သူနှင့်ကျွန်တော် 'နိုင်ငံခြားဘာသာသိပ္ပံ' မှ ညနေ ကလပ်စ်ဆင်းချိန်ဆုံကြလျှင် တက္ကသိုလ်ရိပ်သာလမ်းထောင့်က 'ဟိုင်ဖွန်း' စားတော်ဆက်မှာ နှစ်ယောက်သား ဝီစကီတစ်လုံးနှင့် မကြာခဏ အရူးငြိမ့်နေကျဖြစ်သည်။ သူက စိတ်ကနုပြီး လူကသာ 'ချောက်' သည်။ ဝီစကီကိုတော့ အသည်းစွဲကြိုက်သူဖြစ်သည်။ ကျွန်တော်ကလည်း ဝီစကီလေး တမြမြကို အာရုံခံစားတတ်ပြီး စာရေးတတ်သူဆိုတော့ စရိုက်တူ တွဲမိကြခြင်းဖြစ်၏။

"နီး . . . နီး . . . သူနဲ့မပတ်သက်တဲ့ အိုင်ရဲ့ ပါဆွန်နယ်ဒစ်ဆီးယား ယူ့ကို ရင်ဖွင့်ချင်လို့၊ အိုင့်ဇာတ်လမ်းလေးက ယူကြားရင် သိပ်အံ့သြသွားမယ် ယူက စာရေးဆရာမို့ ယူမကြားဖူးသေးတဲ့ ဝတ္ထုလေးတစ်ပုဒ် ပြောပြမယ် ဆီးယူအီးဗနီးနော် . . . ဘိုင့်ဘိုင်"





သူ ကျွန်တော့်ကို လက်ကလေးလှုပ်ယမ်းပြပြီး လိပ်ပြာရိုင်းလေး တစ်ကောင်လို ပျံဝဲထွက်သွားပါသည်။ သူ့ ကုတ္တိပုလ္လိုင် နပုလ္လိုင် ဘော်ဒီထဲမှ ပျံ့ထွက်လာသည့် ဘော်ဒီစပရေး ရေမွှေးနံ့တွေကတော့ အဆောင်ရှေ့က ပန်းရနံ့တွေကို ဖုံးလွှမ်းပြီး တထောင်းထောင်း မွှေးမွှန်ကျန်ရစ်ခဲ့ပါတော့သည်။

✿ ✿ ✿

❑

ထိုညနေခင်းတွင် ကျွန်တော်နှင့် ကိုဘုန်းသည် မြေနီကုန်းမှ 'ရွှေ[illegible]သမီး' စားတော်ဆက်၏ အပေါ်ထပ်သီးသန့်ခန်းတစ်ခုထဲ၌ စိတ္တဇရင်ဖွင့် 'Cocktial' ပါတီလေးတစ်ခုကို ဆင်ယင်ကျင်းပဖြစ်ခဲ့ကြသည်။

ဂျပန်အစားအသောက်များနှင့် ကော့ခ်တေးလ်ပိုင်းလေးကို စဖွင့်ဖွင့်ချင်း၊ သူနှင့် ကျွန်တော် 'ချီးယားစ်' မလုပ်လိုက်ခင်လေးမှာ အခန်းပြာလဲ့လဲ့လေးထဲသို့ စပိန်သီချင်းလေးတစ်ပုဒ်နှင့် တယောသံလေးတွေ တိုးလျလျယဲ့ယဲ့ လွင့်မျောလာသည်။

ကိုဘုန်းနှုတ်ခမ်းမှလည်း စိတ္တဇစကားသံလေးတွေက စပိန်တယောသံနဲ့လေးတွေကြားထဲ၌ လွင့်ဝဲထွက်လာခဲ့သည်။

"ကိုနန်း . . . ယူကတော့ အိုင်အခုလို ဖိတ်ခေါ်ပွဲလေးနဲ့ ရင်ဖွင့်[illegible]တာကို အံ့သြနေမှာပဲနော်။ ဒါပေမဲ့ ယူက စာရေးဆရာဆိုတော့ အိုင့်ကို နားလည်မှာပါ။ ဒီနေ့တော့ အိုင့်ရဲ့ Birthday (၂၆) နှစ်မြောက်မွေးနေ့ပဲ။ အဲဒါကြောင့် ယူ့ကို ဒင်နာကျွေးတာ"

"အိုး . . . ဟုတ်လား၊ ဒါဆို Happy Birthday ကိုဘုန်း"



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်း ကျွန်တော်ထရပ်ပြီး ကိုဘုန်း၏ နူးညံ့သည့် လက်ဖြူ လေးကို ဆွဲယူလျက် လက်ဆွဲနှုတ်ဆက်လိုက်သည်။

''သင့်ခယူ ... ကိုနန်း၊ ကျေးဇူးတင်ပါတယ်။ ပြီးတော့ ကိုနန်း ကို အိုင့်ရဲ့ 'ဘဝအကြောင်း' လေးတွေကိုလည်း ယူ့ကို ပြောပြချင်လို့ လူတွေက အိုင်တို့ကို နားမလည်ကြဘူး။ အထူးသဖြင့် ဘိုဘိုနဲ့အိုင် တို့ အချစ်အကြောင်းတွေကိုလည်း နားမလည်ကြဘူး။ ကိုနန်းစဉ်း စားကြ စမ်းပါ။ ကိုယ်လည်း ယောကျ်ားပဲ။ အိုင့်ကိုယ်အိုင်လည်း သိပါတယ်။

အိုင်လည်း ဘယ်လာပြီး အခြောက်ကြီး၊ ဂျယ်ကြီး၊ မိန်းမလျာ ဘယ်လာဖြစ်ချင်ပါ့မလဲ။ ကိုနန်းတို့လိုပဲ ယောကျ်ားပီပီသသဘဝမျိုးကို ဖြ ချင်ရချင်တာပဲပေါ့။ ဒါပေမဲ့ အိုင့်ဘဝက ... မျှော်လင့်တာတွေ ဖြစ်မလာ ဘူး။ မမျှော်လင့်ခဲ့တာတွေ ဖြစ်လာခဲ့တယ်။ လူ့ဘဝက သိပ်ထူးဆန်းတယ် သိပ်ကြောက်စရာလည်း ကောင်းတယ် ... ကိုနန်း''

ကိုဘုန်း၏ အဖွင့်နိဒါန်း ရင်ဖွင့်စကားလေးတွေက ထူးဆန်းသော အလွမ်းဒဿန ကာရံဆန်းလေးတွေနှင့် ပွင့်ထွက်လာပါသည်။ ထိုအ တဒင်္ဂလေးတွင် ကျွန်တော့်အာရုံ၌ စပိန်တယောသံ စိမ်းငွေ့ငွေ့လေးတွေ ထူးဆန်းစွာ ပျောက်ကွယ်နေသည်ဟုထင်သည်။

ကျွန်တော့်ရင်သည် ထိတ်လန့်အံ့သြစွာ မသိစိတ်လှိုင်းတွေနှင့် ပြေးကစားနေသည်။

''ဟုတ်တယ် ...။ လူ့ဘဝဟာ သိပ်ထူးဆန်းမှုတွေ များတယ် လူတွေက သာမန်အသိနဲ့ လိုက်မမီနိုင်တာတွေ ဒီလောကကြီးထဲမှာ ရှိတယ် ကိုယ်ကတော့ ကိုဘုန်းပြောသလိုပဲ စာရေးဆရာဆိုတော့ လူတိုင်းကို ဝင်စားတယ်။ လူတွေကြားထဲဝင်ပြီး နက်နက်ရှိုင်းရှိုင်း ရှာဖွေလေ့လာတယ် လူတိုင်းမှာ ဘုရားရှင်ပေးလိုက်တဲ့ ထူးခြားမှုတွေ ကိုယ်စီရှိကြတယ်။

ထူးခြားဆန်းကြယ် အံ့သြစရာကောင်းတဲ့ အရည်အသွေးစွမ်း 'Strength' ခွန်အားသတ္တိ တစ်မျိုးစီ ပါလာတတ်ကြတယ်။ ဒါပေမဲ့ လူတိုင်း သတိမထားမိကြဘူး။ ကိုဘုန်းမှာလည်း ဘုရားရှင်တပ်ဆင်ပေး တဲ့ စွမ်းအားတစ်မျိုးတော့ ရှိမှာပဲဆိုတာ ကိုယ်ယုံကြည်တယ်''





ကျွန်တော့်သွေးကြောတွေနှင့် အစာအိမ်ထဲမှာ အယ်လ်ကိုဟော တောက်ကလေးတွေ အရှိန်ရလာပြီမို့ ကျွန်တော့်နှုတ်ကလည်း ရဲတင်း တက်ကြွလာကာ ဘဝနှင့်ပတ်သက်သည့် စိတ်ဒဿနအတွေးများကို ဖွင့်ဟ ခဲ့မိလိုက်သည်။

''အစစ်ပဲ ... ကိုနန်းရဲ့၊ အိုင့်ရဲ့လိုက်ဖ်က နည်းနည်းတော့ ထူး ယ်ဆိုရမယ်။ အိုင့်ကို ဘုရားသခင် ထုဆစ်ပေးလိုက်တဲ့ အဆင်တန်ဆာ တွေနဲ့ စိတ်နေစိတ်ထားတွေက သာမန်လူတွေနဲ့မတူဘဲ ကွာခြားနေတယ်ဆို ာ အိုင် နားလည်တယ်''

ကိုဘုန်းကို သိနားလည်ရခက်စွာ ကျွန်တော် လှမ်းကြည့်လိုက်စဉ် ကိုဘုန်း၏မျက်လုံးများက အခန်းပြာပြာလေးထဲ၌ လှပထူးခြားစွာ စိမ်းလက် နေပါသည်။

''ဟုတ်လား ... ဘယ်လိုကွာခြားနေတာလဲ ... ကိုဘုန်းရဲ့ ဆိုစမ်း ပါဦး''

ကျွန်တော့်ရှေ့က ကော်ခ်တေးလ်ဖန်ခွက်ကို ကောက်ယူမော့ချလိုက် ပြီး ဂျပန်ပုစွန်သုပ် အသားတစ်ဖတ်ကို တူနှင့် ညှပ်ယူစားလိုက်သည်။

''ဒီလို ... ကိုနန်းရဲ့၊ ဒါကတော့ ပြောရရင် ဘုရားသခင်ရဲ့ အလို တော် (GoD's Will) ပေါ့နော်။ အိုင်က ဟိုးငယ်ငယ်လေးကတည်းက ယောကျ်ားလေးဘဝကို ရရှိနေလျက်နဲ့ မိန်းမစိတ်တွေဝင်ပြီး 'မိန်းမလျာ' ဖြစ်ခဲ့တယ်။ ပိုဆိုးတာက အိုင်ငါးနှစ်သားမှာ မာမီက နှလုံးသွေးကြော ကျဉ်းရောဂါနဲ့ ဖျတ်ခနဲသေဆုံးသွားတော့ အိုင်က ဒယ်ဒီအစ်မနဲ့ ညီမအပျို ကြီးနှစ်ယောက်ရဲ့ လောင်းရိပ်ထဲမှာ ကြီးပြင်းခဲ့ရတယ်။

ဒီတော့ ယူ စဉ်းစားကြည့်လေ ...။ အိုင်ဟာ ဒီအပျိုကြီးနှစ် ယောက်ရဲ့ ရင်ခွင်ထဲမှာ ပန်းပွင့်တွေနဲ့ ထုဆစ်ထားတဲ့ ပန်းပုရုပ်ကလေး တစ်ရုပ် ဖြစ်ခဲ့ရတာပေါ့။ ဒီကျဉ်းမြောင်းနနယ်တဲ့ ပတ်ဝန်းကျင်လေးထဲမှာ အိုင်ဟာ မိန်းမစိတ်တွေ ပိုပိုဝင်လာပြီး အိုင်ကိုယ်တိုင်ကလည်း 'မိန်းမလျာ' ဆိုတော့ ယောကျ်ားတန်မဲ့နဲ့ မိန်းမပိုဆန်လာခဲ့တယ်။ အလှအပတွေကို



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်တယ်။ အရောင်နုနု ကာလာလေးတွေ ကိုမြတ်နိုးတယ်။ ပန်းပွင့် တွေကို အရမ်းချစ်တယ်။ ပြီးတော့ အမွှေးအကြိုင် သင်းပျံ့ပျံ့ရနံ့ အာရုံ ကို အရှူးအမူးပဲ စွဲလမ်းတယ်။ အချစ်ကဗျာတွေ၊ အချစ်ဝတ္ထုဇာတ်လမ်း နဲ့ အလွမ်းအဆွေးသီချင်းတွေကိုလည်း အသည်းခိုက်အောင် ခံစားမိတယ်

ကိုဘုန်းက သူဖြတ်သန်းခဲ့ရသည့် သူ့ဘဝခရီး ရောင်စုံပန်းချီ ချပ်လေးတစ်ခုကို ကဗျာမဆန်သည့် ကဗျာတစ်ပုဒ်ကို ဖတ်ပြနေရသ စိတ်မချမ်းသာစွာနှင့် ကျွန်တော့်ကို ထုဆစ်ပြလိုက်သည်။ ကျွန်တော် စိ ထိခိုက်သွားသည်။

သို့သော် ဘုန်းခန့်ဦးမျက်လုံး စိမ်းရွဲရွဲလေးတွေကတော့ ရိုး နေ၏။ သူက မချိပြုံးလေးနှင့် ဆက်ပြောပြန်သည်။

''ဒါကြောင့်မို့ပဲလား မသိဘူး ...ကိုနန်းရဲ့၊ အိုင်ကလေ မိန်း တွေအပေါ် ခံစားနားလည်တယ်။ သူတို့ရဲ့ စိတ်တွေကိုလည်း အိုင်ချစ်တယ် ပြီးတော့ မိန်းမတွေရဲ့ ကိုယ်သင်းနံ့တွေကိုလည်း အိုင်စွဲမက်တယ်ကွာ၊ အ ခရေဇီပဲ''

ဘုန်းခန့်ဦးက ပြောရင်း သူ့ဘာသာ ထူးဆန်းစွာ ငွေ့ငွေ့လေး နေသည်။ ကျွန်တော့်ရင်ထဲမှာလည်း ထူးဆန်းသလို စိုးရိမ်သွားသလို ခံ လိုက်မိသည်။

''ဒါပေမဲ့ မိန်းမတွေကို အိုင်က ယောက်ျားတစ်ဦးလို ဆန့်ကျင် လိင်စိတ်မျိုးနဲ့ ချစ်လို့မရဘူးကွ။ အဲဒါ ဘာကြောင့်မှန်း မသိဘူး။ အို ဒယ်ဒီကလည်း ဆရာဝန်ပါ။ အိုင် မိန်းမလျာစိတ်တွေ ဝင်ပြီး အခြောက် ဖြစ်နေတာကို သဘောမကျဘူး။ သူက အိုင့်ကို ဟော်မုန်းဆေးတွေ အ မျိုးထိုးပြီး ကုပေးပေမယ့်လည်း အိုင်က ဘယ်လိုမှ မထူးခြားလာခဲ့ဘူး

နောက် ဒယ်ဒီက တောင်ကြီးက ရုရှားဆေးရုံကြီး (စပ်စံ ဆေးရုံ) က သူ့မိတ်ဆွေပါရဂူဆရာဝန်ကြီးနဲ့ အိုင့်ကိုပြကြည့်ပြီး စမ်း နိုင်းတော့ အဲဒီဆရာဝန်ကြီးက ပြောတယ်။ ဒေါက်တာတဲ့ ခင်ဗျားသာ ယောက်ျားလေးဖြစ်နေပေမယ့် သူ့ခန္ဓာကိုယ်ထဲက ဟော်မုန်းတွေနဲ့





တွေ အားလုံးက မိန်းမဟော်မုန်းနဲ့ မိန်းမရဲ့ဆဲလ်တွေပဲ ထူးဆန်းစွာ အချိုး များနေတယ်တဲ့။ နိုင်ငံခြားသွားပြီး ခွဲစိတ်ကုသနိုင်ရင်တော့ မျှော်လင့်စရာ ရှိပါတယ်လို့ နောက်ဆုံးမှာ ပြောပါတယ်''

''ဟုတ်လား။ အင်း ...ခင်ဗျားအဖြစ်ကလည်း ထူးဆန်းအံ့ဩဖို့ ကောင်းတယ်နော်။ ကဲ ...ဆက်စမ်းပါဦးဗျာ စိတ်ဝင်စားစရာပဲ''

''ဒါကြောင့် ပြောတာပေါ့။ စာရေးဆရာ မကြားဖူးသေးတဲ့ ဝတ္ထု လေးတစ်ပုဒ် ကြားရမယ်လို့ အိုင်ပြောတယ်မဟုတ်လား။ ဒါပေမဲ့ကွာ အိုင် ကံဆိုးပါတယ်။ ဘာကြောင့်လဲဆိုတော့ အိုင်ဆယ်တန်းအောင်ပြီး တက္ကသိုလ် ဆက်တက်နေတဲ့နှစ်မှာပဲ ဒယ်ဒီက အိုင့်ကိုနိုင်ငံခြားသွားပြီး ခွဲစိတ်ကုသပေး ဖို့ စီစဉ်နေခိုက် ဒယ်ဒီနျူမိုးနီးယားဝင်ပြီး ရုတ်တရက် ဆုံးသွားတယ်''

ကျွန်တော်နှင့် ဘုန်းခန့်ဦး ပြိုင်တူသက်ပြင်းလေးတွေ ချလိုက်မိ ကြသည်။ အနောက်တိုင်းခေတ်ပေါ် ရော့ခ်သီချင်းလေးတစ်ပုဒ်က အခန်းပြော သေးထဲ ညင်သာတိုးဖွ လွင့်ကျနေသည်။

ကျွန်တော်တို့နှစ်ဦးသား ရော့ခ်သီချင်း မြူးမြူးလေးထဲ လွင့်ဝင် သွားကြပြီး ဂျပန်ပင်လယ်စာတွေနှင့် ကော့ခ်တေးလ်လွင်ပြင်ထဲသို့ အလိုက် သင့် မျောပါသွားနေကြပြန်သည်။

စင်စစ် ဘုန်းခန့်ဦး၏ ဘဝဖြတ်သန်းမှုက ယခုခေတ် ဟောလီးဝုဒ် က ကမ္ဘာကျော်ရုပ်ရှင်မင်းသား 'တွမ်ခရုစ်' ၏ဘဝနှင့် ဆင်တူနေသည်။ တွမ်ကလည်း မိခင်နှင့်အစ်မများ၏ မိန်းမတွေကြားမှာ ကြီးပြင်းလာရလျက် မိန်းမများ၏ ကိုယ်သင်းနံ့များကို စွဲချစ်ခဲ့သူဖြစ်၏။ သို့သော် 'တွမ်ခရုစ်' ကတော့ 'မိန်းမလျာ' မဖြစ်ခဲ့ပါ။

''ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် ...ကိုနန်းရယ်၊ 'Thank giving God' ပဲ။ ဘုရားသခင်ကို ကျေးဇူးတော်ချီးမွမ်းပါတယ်။ ဘုရားသခင်ချမှတ်ပေး ခဲ့တဲ့ ဘဝအတိုင်းပဲ ကျေနပ်စွာ အိုင် ခံယူပါတယ်။ ဒါကြောင့် လူတိုင်းကို အိုင် ခွင့်လွှတ်နားလည်နိုင်ပါတယ်။ ကမ္ဘာကျော် ရုပ်ရှင်မင်းသားကြီး 'ရော့ခ် ဟတ်ဆန်' (Rock Hudson) နဲ့ ကမ္ဘာကျော် ဗြိတိသျှပေါ့ပ်အဆိုတော်ကြီး 'အယ်လ်တန်ဂျွန်' (ELTON JOHN) တို့နှစ်ဦးဟာလည်း 'မိန်းမလျာ'



www.burmeseclassic.com

www.burmeseclassic.com



(Homosexual) တွေဖြစ်ကြပြီး ယောကျာ်းမပီသတော့တဲ့ (EFFEMINA-TION) ယောကျာ်းမျိုးတွေ ဖြစ်ခဲ့ကြတယ်။

ဒါပေမဲ့ သူတို့နှစ်ယောက်စလုံးက သူတို့ဘဝတွေကို ကျေနပ်နှ ခံယူကြရင်းနဲ့ ကမ္ဘာကျော် အနုပညာရှင်ကြီးတွေ ဖြစ်လာခဲ့ကြရတာပဲ အိုင်လည်း အိုင့်ဘဝကို ဘယ်တော့မှ အရှုံးမပေးဘူး။ အမြဲတမ်း ရင်ဖေ ပြီး ကြိုးစားရင်း မျှော်လင့်ခြင်းအသစ်တွေနဲ့ လောကကြီးကို လှပအော ထုဆစ်သွားမယ် ... ကိုနန်း"

ဘုန်းခန့်ဦးက သူ၏ စိတ္တဇဝေဒနာတွေကို လှပစွာ တင်စားထု ပြသသွားခဲ့ပါသည်။ ထိုအချိန်လေးတွင် တိုက်တိုက်ဆိုင်ဆိုင် 'အယ်လ်တ ဂျွန်' ၏ "Can you feel The Love to night" ဆိုသည့် သီချင်းလေးကလည် ကျွန်တော်တို့နှစ်ဦး၏ ကော့ခ်တေးလ်ဝိုင်း အခန်းပြာပြာလေးထဲ၌ ညင်သ စွာ ရှက်လွင့်သွားနေသည်။

"သိပ်ကောင်းတာပေါ့ ... ကိုဘုန်းရယ်။ ဒါပေမဲ့ ကိုယ်တစ်ခုမေ မေးချင်တယ်။ စိတ်မဆိုးပါနဲ့နော်"

"စိတ်မဆိုးပါဘူး ... ကိုနန်းရဲ့ ယူ့ရင်ထဲရှိတာကို ပွင့်ပွင့်လင် လင်း မေးစမ်းပါ။ အိုင်ကလည်း ရင်ဖွင့်ပြချင်ပါတယ်။ နိုးပရော်ဘလင်ပ"

ကော့ခ်တေးလ် တေးသံစုံဝိုင်းလေးကလည်း တစ်ဝက်ကျိုးပြီး စ သစ်တင်မည့် အချိန်လေးထဲ ရောက်လာပြီဆိုတော့ ဘုန်းခန့်ဦး၏ သွေးကြော တွေထဲမှာ အယ်လ်ကိုဟော တိမ်တိုက်တွေ ပွင့်လက်လာပြီဖြစ်သည်။ ရီဝေသွက်လက်နေသည်။

"ဒီလိုလေ ... ကိုဘုန်းက ကိုဘုန်းရဲ့ ဘဝအစစ်အမှန်တွေ သိနေ နားလည်နေရက်သားနဲ့ ဘာဖြစ်လို့ ရုန်းထွက်ဖို့ မကြိုးစားတာလဲ ကိုဘုန်း ဒီဘဝကို သာယာနေပြီလား။ အဲဒါ ကိုယ်သိချင်တယ်"

ဘုန်းခန့်ဦး၏ ပွင့်ရှရှရယ်သံလေးတွေ လွင့်စင်ထွက်လာသည်။

"ဟင်း ... ဟင်း ... အမှန်အတိုင်း ကိုနန်းကို ပြောရမယ်ဆို တော့ ဟုတ်တယ်။ တစ်ခါတစ်ခါတော့ ဒီဘဝကို ကိုယ်သာယာနေခဲ့တယ် လို့ ထင်တယ်။ ဒါပေမဲ့ တစ်ခါတစ်ခါကျတော့လည်း ကိုယ် ဒီလွဲမှားနေ

စိတ်ကူးသစ်စာပေ



ဘဝရဲ့ ပစ္စုပ္ပန်အနေအထားတွေကို စဉ်းစားမိပြီး ခါးသီးငြီးငွေ့ စိတ်ပျက် မိတယ်။ ဒါကြောင့်လည်း အိုင် ရုန်းမထွက်နိုင်တဲ့ ဒီအိပ်မက်ဆိုးက လွတ်မြောက်ရအောင်လို့ ဝီစကီအရက်နဲ့ ညတွေကို အဖော်လုပ်ဖြတ် ခဲ့ရတာပေါ့ ... ကိုဘုန်းရာ"

သူ ... ရင်နာစွာဆိုရင်း သူ့ရှေ့က ဝီစကီကော့ခ်တေးလ်ဖန်ခွက် မြှောက်ယူပြီး တမ်းမက်စွာနှင့် မော့ချလိုက်သည်။

"ပလိစ် ... အိတ်စကျူ့မီ ... ကိုနန်း။ ယူက အိုင့်ကို ပြောတယ် ဘာဖြစ်လို့ ဒီဘဝကရုန်းထွက်ဖို့ မကြိုးစားတာလဲတဲ့။ ဟာ ... အိုင် ကြိုးစားတာပေါ့။ အကြိမ်ကြိမ်ရုန်းထွက်ကြည့်တယ်။ မအောင်မြင်ဘူး။ အိုင် ဘွဲ့သိုလ် ဒုတိယနှစ်မှာတုန်းက အိုင့်ဘဝရဲ့ 'အိပ်မက်စိမ်း' လေးတစ်ခုကို ခန့် မမျှော်လင့်ဘဲ မြင်လိုက်ရတယ်။ အံ့ဩဖို့ကောင်းတယ် သိလား။

အိုင့်တစ်သက်မှာ ပထမဦးဆုံး ဒီတစ်ကြိမ်ပဲ 'ယောကျာ်းစိတ်'လေး ပြီး ကောင်မလေးတစ်ယောက်ကို ချစ်တဲ့စိတ်တွေ နိုးကြွလာတယ်။ အိုင် အောင်းကြိုးစားပြီး သူနဲ့ နီးစပ်ရင်းနှီးမှုရအောင် ဖန်တီးရယူခဲ့တယ်။ နှစ် ယောက်အတူတွဲပြီး သွားကြ ၊စားကြ၊ သောက်ကြ ရုပ်ရှင်ကြည့်ကြတယ်။

ဒါပေမဲ့ သူ့ကို အိုင်ချစ်တယ်လို့ဖွင့်ပြောဖို့ ကြံရွယ်လိုက်တိုင်း အနားမှာထိုင်လိုက်တာနဲ့ သူ့အသားနဲ့ အိုင့်အသား ထိရုံကလေးမှာ အဲဒီ အချိန်အခိုက်အတန့်မှာ အိုင်ဟာ လုံးဝ ယောကျာ်းစိတ်၊ ယောကျာ်းမာန်တွေ ခမ်းလွင့်ပျောက်သွားပြီး အံ့ဩစရာကောင်းအောင် အိုင်ဟာ ကိုယ့်ကိုယ် ကိုယ် မိန်းမတစ်ဦးဖြစ်နေတယ်လို့ ခံစားလိုက်ရတယ်။ အကြိမ်ကြိမ် ကြိုးစား ကြည့်တယ်။ မအောင်မြင်ဘူး။ ကိုယ်ကျဆုံးခဲ့ရတယ်။ ကောင်မလေးလည်း နောက်ဆုံးတော့ အိုင့်ကို 'အက်ဖက်မီနေးရှင်း'ဝင်နေတဲ့ 'မိန်းမလျာ'အဖြစ် သိအလင်း သတ်မှတ်လိုက်ပြီး သံယောဇဉ်ကြိုး ဖြတ်သွားတော့တယ်"

"အိုင်အမ် ဆိုးဆောရီး ... ကိုဘုန်း"

ကျွန်တော် စိတ်မကောင်းစွာနှင့် ဘုန်းခန့်ဦးကို တောင်းပန်လိုက် သည်။ သူ့နှုတ်ခမ်းထက်မှာ မိန်းမတွေနှင့် ပလဲနံပသင့်တဲ့ အပြုံးဒီဇိုင်းလေး သစ်နှင့် လက်ဖြာသွားသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



''အမှန်စင်စစ်တော့ အိုင်ဟာ ... 'Body Creative' ကိုယ်ခန္ဓာ တည်ဆောက်မှု ဖန်တီးနိုင်စွမ်းအရ 'Psychological Addict' တွေ ဝင်ထ ခဲ့တယ်လို့ နားလည်ထားတယ်။ ဒါကြောင့် အိုင်ဟာ မိန်းမတွေရဲ့ အရေ အသား၊ မိန်းမတွေရဲ့ ကိုယ်သင်းနံ့တွေ၊ မိန်းမတွေရဲ့ စိတ်သဘောထား အမူအယာ၊ အငွေ့အသက်၊ အတွေ့အထိတွေ စိမ့်ဝင်လွှမ်းမိုးနေပြီး အို တာ 'ဆန့်ကျင်ဘက်လိင်' ယောက်ျားတွေကို တိတ်တခိုး စွဲလမ်းချစ်နေမိ တယ် ... ကိုနန်း။ အခုတော့ ဒီ 'လွဲမှားနေတဲ့စံ' ဘဝထဲကနေပြီး စိတ်ထွက် ပေါက်မှုတစ်ခု အိုင်ရလာခဲ့တယ်။ အဲဒါ ဘာလဲသိလား''

သူ့မျက်နှာနှင့် အလိုက်ဖက်ဆုံး ရယ်မောမှုလေးတွေ သီးပွင့်သွာ သည်။ ပန်းချီဆန်သည့် ရယ်မောမှုလေးအဆုံးမှာ ကျွန်တော် ဖြည်းညှင်းစွ ခေါင်းခါပြလိုက်ခြင်းကို ဘုန်းခန့်ဦး ကျေနပ်သွားသလို မျက်နှာလွှဲသွားသည် သူ့နံဘေးထိုင်ခုံပေါ်မှ 'အတက်ချိုကေ့စ်' လက်ဆွဲသေတ္တာနက်လေးကို လှမ်း ယူလိုက်သည်။

အလူမီနီယံသေတ္တာပြားလေးကို သူ့ရှေ့စားပွဲပေါ် ဆွဲတင်လိုက်ပြ ခလုတ်လေးနှစ်ဖက်ကို ဘုန်းခန့်ဦး ညင်သာစွာနှိပ်၍ ဖွင့်လိုက်သည်။ ပြ နောက် သေတ္တာဖုံးကို ဖျောက်ခနဲ လှန်ဖွင့်လိုက်ပြီးလျှင် ..

''ဟောဒါတွေပဲ။ ဒီပစ္စည်းလေးတွေဟာ အိုင့်ရဲ့ စိတ်ဖြေသိမ့်မှု အိုင် အမြတ်တနိုးနဲ့ လျှို့ဝှက်သိမ်းဆည်းထားတဲ့ Treasure လေးတွေ''

ဟု သူ့နှုတ်မှ ညင်သာဖွဖွ ရွတ်ဆိုလိုက်သည်။

သေတ္တာအဖုံးက ကွယ်နေသဖြင့် အထဲမှပစ္စည်းတွေကို ကျွန်တော် မမြင်ရသေးပါ။ ကျွန်တော့်စိတ်ထဲမှာ မရိုးမရွဖြစ်သွားသည်။ ဘာတွေများ ပါလိမ့်။ ရတနာတွေဆိုတော့ စိန်တွေလား၊ ဒါမဟုတ် ပတ္တမြားတွေလားမေ

ကျွန်တော့်အတွေးလိပ်ပြာလေး မဆုံးလိုက်ပါ။

သူက သေတ္တာပြားလေးကို ကျွန်တော့်ဘက်သို့ ဖြည်းညှင်းစွာ လှည့်ပြလိုက်သည်။ ကျွန်တော် ဘုန်းခန့်ဦး၏ သေတ္တာလေးထဲမှ ရောင် ရတနာပစ္စည်းတွေကို လှမ်းစိုက်ကြည့်လိုက်ပြီး တအံ့တသြ ဖြစ်သွားသည်





သက်ထဲမှ ကော်ခ်တေးလ်ဖန်ခွက် လွတ်မကျသွားမိအောင် အချိန်မီ စိတ် ထိန်းလိုက်ရသည်။

''ဟင် ...''

တစ်ဆက်တည်း ကျွန်တော်နှုတ်မှ အာမေဍိတ်သံတစ်ခု ပွင့်ထွက် သွားသည်။ ကျွန်တော်မြင်လိုက်ရသည့် သူ၏ ရောင်စုံရတနာပစ္စည်းတွေဆို တာက စိန်၊ ရွှေ၊ ငွေ၊ ဒေါ်လာ၊ ရတနာပစ္စည်းတွေ မဟုတ်။ ကြုံကြုံဖန်ဖန်။

ပိုးသားနိုင်လွန် ရောင်စုံဒီဇိုင်းမျိုးစုံနှင့် အမျိုးသမီးများသုံးသည့် (Under Wear) 'အတွင်းခံဘောင်းဘီ' လှလှလေးတွေကို အစီအရီ အထပ် ထပ် ခေါက်လျှက်သားနှင့် သေတ္တာအပြည့် မြင်လိုက်ရသောကြောင့် ဖြစ်ပါ သည်။

''ဟာ ... ဒါ .. မိန်းမတွေဝတ်တဲ့ အတွင်းခံဘောင်းဘီ Under Wear တွေပဲ ... ကိုဘုန်းရဲ့''

ကျွန်တော့်အသံတွေ တုန်ရီလှုပ်ခတ်သွားရသည်ထိ၊ စိတ်တွေ လွင့် ထွက်သွားသည်။ ကျွန်တော့်စိတ်ထဲမှာ ဘုန်းခန့်ဦးကို အလွန်ထူးဆန်းအံ့သြ နေသည်။

''ဟုတ်တယ်လေ ... အသေအချာပါပဲ၊ ဘာလဲ ... ကိုနန်း သိပ် အံ့သြနေသလား။ ဒီ ... လေဒီအတွင်းခံဘောင်းဘီ ရောင်စုံလှလှလေးတွေ ဟ အိုင့်ရဲ့ Emotional ဝိညာဉ်လိပ်ပြာတွေပဲ။ တစ်နည်းပြောရရင် ကိုယ့်ရဲ့ ဘဝ 'Life' ပဲပေါ့။ ဒီပစ္စည်းတွေဟာ ကိုယ့်ရဲ့ စိတ်ထွက်ပေါက် တံခါးတွေ ပဲ။ အိုင် ဒီရတနာဝိညာဉ်လိပ်ပြာတွေနဲ့ အသက်ရှင်နေတာပဲလေ ... အဟင်း ... ဟင်း''

သူ့ရယ်သံစိမ်းစိမ်းတွေ၊ ကျွန်တော့်ရင်ဘတ်ထဲ လွင့်စင်ဖြတ်ထွက် သွားသည်။

''ဒီ အိုင့်ရဲ့ရောင်စုံအိပ်မက် အတွင်းခံဘောင်းဘီလေးတွေက အိုင် အသက်ဆယ့်လေးငါးနှစ် လူပျိုပေါက်ဘဝထဲက မြတ်နိုးစွဲလမ်း ရူးသွပ်စွာနဲ့ ရှာဖွေစုဆောင်းလာခဲ့တဲ့ ပစ္စည်းလေးတွေပဲ။ ဒီဘောင်းဘီလေးတွေက အိုင့် ကို စိတ်ကူးအိပ်မက်သစ်တွေ ဖန်ဆင်းပေးတယ်။ အိုင့်ရဲ့ ယောက်ျားကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာထဲက သွေးတွေက ထူးဆန်းစွာပဲ ဒီဘောင်းဘီတွေရဲ့ အငွေ့အသက် အတွေ့အထိ အာရုံဆန်းတွေ ပေးနိုင်တယ်လို့ ခံစားရပြီး ကိုယ့်ရင်ခွင်ထဲမှာ ထွေပိုက်ထားရတဲ့အရသာတွေက ကိုယ့်ကို ကြည်နူးကျေနပ်မှုတွေ ပေးတယ်။

ပြီးတော့ ကိုယ့်ရဲ့စိတ်က တစ်ချိန်တည်းမှာ နူးညံ့နေပြီး မိန်းမ စိတ်၊ မိန်းမအချစ်တွေ စိမ့်ဝင်နေပြီး ဒီဘောင်းဘီတွေကတစ်ဆင့် မိန်းမ တွေရဲ့ ကိုယ်သင်းနံ့မျိုးစုံလေးတွေကို ရနေတယ်လို့ ယုံကြည်ကျေနပ်နေရင်း ဆန့်ကျင်ဘက်လိင်ယောကျ်ားတွေရဲ့ အချစ်တွေကို တမ်းမက်စိတ်တွေ တဖွား ဖွား အိုင့်ကိုယ်ထဲမှာ စီးဆင်းလွင့်မျောနေတယ်။ ဒါ အိုင့်ရဲ့ ရောင်စုံအိပ် မက်တွေပဲ''

ဘုန်းခန့်ဦးက သူ၏ စိတ္တဇရောင်စုံအိပ်မက်လေးကို ကျေနပ်ဖွယ် မင်စွာ အဆုံးသတ် ရင်ဖွင့်ရင်း သက်ပြင်းငွေ့လေး ရှိုက်ချလိုက်သည်။

ကျွန်တော် သူ၏ လေဒီအတွင်းခံ ဘောင်းဘီရောင်စုံအထပ်တွေကို စိတ်မသိုးမသန့်စွာ ငွေ့မှုန်မှုန်အကြည့်နှင့် လှမ်းကြည့်လိုက်ပြီး စိတ်ပျက်စွာ နှင့် ခေါင်းခါယမ်းလိုက်မိသည်။ ရောင်စုံအတွင်းခံဘောင်းဘီတွေက မနည်း မနော။ အထည်နှစ်ရာကျော် သုံးရာခန့် အတွင်းရှိနိုင်ပါသည်။

ကျွန်တော် ခပ်စိတ်ပျက်ပျက်နှင့် ဘုန်းခန့်ဦးကို အားမနာတမ်းလေး ညည်းညူမှတ်ချက်ချလိုက်ပါသည်။

''အင်း . . . ခင်ဗျားရဲ့ စိတ်ရောဂါကလည်း သိပ်မလွယ်ပါလား နေစမ်းပါဦး . . . ခင်ဗျားရဲ့ အတွင်းခံဘောင်းဘီတွေကလည်း မနည်းမနော ပါပဲလား။ ဒါ အားလုံး အသစ်ကျပ်ချွတ် Brand New တွေလား''

သူ ရေတံခွန်လေးတစ်ခုလို ပေါက်ကွဲရှုရှုလေး ရယ်လိုက်ပါသည်။

''ဘယ်ကလာဗျာ . . . ကြုံကြုံဖန်ဖန်။ ဒီလေဒီဝယ်ယာတွေအားလုံး အထည်သုံးရာကျော်ရှိပြီဗျ။ အားလုံး မိန်းမတွေသုံးပြီးသား Use တွေပဲ ပေါ့ အသစ်က ဘာအသုံးကျမှာလဲဗျာ။ မိန်းမတွေရဲ့ ကိုယ်ခန္ဓာမှာ ဝတ်ဆင်ပြီး သားတွေမှ သူတို့ရဲ့ အငွေ့အသက်တွေ၊ သူတို့ရဲ့ လိပ်ပြာဝိညာဉ်တွေနဲ့ သူ တို့ရဲ့ ကိုယ်သင်းနံ့၊ အနံ့အသက်တွေစွဲပြီး ပါဝါစွမ်းအင်တွေ၊ မိန်းမတန်ခိုး တွေ လွှမ်းခြုံနေမှာပေါ့ . . . ကိုနုန်းရဲ့ . . . အဟင်း . . . ဟင်း''





''ဒါဆို ဒီပစ္စည်းတွေကို ခင်ဗျား ဘယ်လိုနည်းနဲ့ ရှာဖွေရရှိထားခဲ့ တာလဲ''

ကျွန်တော် စိတ်ဝင်စားစွာ ပြန်မေးလိုက်မိသည်။

''ဘယ်လို ရှာဖွေရရှိထားခဲ့တာလဲဆိုတော့ အိုင်နည်းမျိုးစုံနဲ့ ခွင့် စားခိုးယူထားခဲ့တာပဲလေ။ ညဘက်လျှောက်လည်ရင်း ရေချိုးခန်းပြတင်း ပေါက်တွေမှာ အမှတ်တမဲ့လှန်းထားတဲ့ ဘောင်းဘီတွေ၊ ဟိုတယ်နဲ့ တည်းခို ခန်းတွေက အမျိုးသမီးရေချိုးခန်းတွေထဲက ဘောင်းဘီတွေ၊ နောက်ပြီး အမျိုးသမီးဆောင်တို့၊ ခရီးသွားလာရင်း တွေ့ရတဲ့ အတွင်းခံဘောင်းဘီလေး တွေပဲပေါ့။

အဲဒီလို လေဒီယူ့စ်အတွင်းခံလေးတွေကို အိုင် တွေ့ရင် မနေ နိုင်ဘူး။ အိုင့်စိတ်သွေးတွေ မရိုးမရွဖြစ်လာပြီး အိုင်အဲဒီဘောင်းဘီလေး တွေကို မရရအောင် ခိုးယူလာခဲ့တယ်။ ညညဆိုရင် အိုင် အဲဒီ အတွင်းခံ ဘောင်းဘီလေးတွေကို ထုတ်ကြည့်ပြီး ရင်ဘတ်ထဲမှာ ပွေ့ထားရတာ ဘယ် လိုကြည်နူးပြီး အရသာရှိမှန်းမသိဘူး . . . ကိုနုန်းရာ တကယ်ပါ''

''အင်း . . . ခင်ဗျားဝေဒနာကလည်း အဆန်းပဲ။ မလွယ်ပါလား ရှစ်ထိ''

ကျွန်တော် ဘုန်းခန့်ဦး၏ 'စိတ္တဇဒဏ်ရာ'တွေကို ခန့်မှန်းနားလည် လိုက်ပါသည်။ သာမန် ယောကျ်ားတစ်ဦးအနေနှင့်ဆိုလျှင် သူ့အဖြစ်တွေက ခပ်ကြောင်ကြောင် ရှုးသွပ်မှုတစ်မျိုး၊ မသတီစရာ ကောင်းမည်ဖြစ်သော် လည်း ယခုတော့ ဘုန်းခန့်ဦး၏ သနားစရာဘဝက Homesexual 'မိန်းမလျာ စိတ္တဇ' ၏ ထူးဆန်းရှုးသွပ်မှုတစ်မျိုးဟုသာ ဆိုရတော့မည်ဖြစ်သည်။ စိတ် ပညာသဘောအရ 'ဖက်တီရှီဇင်' (FETISHISM) ဟု ခေါ်သည်။

ထိုညက သူ့မွေးနေ့ကော့ခ်တေးဝိုင်းလေးတွင် သီချင်းတွေ မွှန်ထ နေသည့် အခန်းပြာလေးထဲ၌ သူနှင့်ကျွန်တော် ဂျပ်နည်စာကို အတွေးကိုယ်စီ နှင့် စားရင်း ညတစ်ခြမ်းကို ဖြတ်သန်းခဲ့ကြသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

ထိုအချိန်မှစ၍ ဘုန်းခန့်ဦးနှင့် ကျွန်တော် သိပ်မဆုံဖြစ်ကြတော့ပါ။ ကျောင်းမှာ တစ်ခါတစ်ရံ ခပ်လှမ်းလှမ်းမှ ဆုံမိကြလျှင်လည်း ပြုံးပြရုံ ခေါင်းညိတ်နှုတ်ဆက်ပြရုံသာ ရှိကြသည်။ ကျွန်တော်ကလည်း အဆောင် သိပ်မကပ်ဖြစ်တော့။ ရုပ်ရှင်ကုမ္ပဏီနှစ်ခုကြား၌ ရုပ်ရှင်ဇာတ်ညွှန်းရေးရင်း ရုပ်ရှင်ရိုက်ကွင်း 'ရှုတင်'များတွင် လွင့်မျောနေခဲ့သည်။

အာတီးယားအဆောင်တွင် ပြန်အိပ်ဖြစ်ခဲ့သော ညများတွင် ဘုန်းခန့်ဦး၏သတင်းကိုတော့ သဲ့သဲ့ကြားရသည်။ သူ့နှလုံးသားအသစ်အဆိုတော် ဂစ်တာသမား ကောင်လေးတစ်ဦးနှင့် အချစ်ဇာတ်လမ်းလေးတစ်ပုဒ် နောက်ထပ်ဆက်ရိုက်နေသည်ဟု ဆိုသည်။ ကျွန်တော် စိတ်မဝင်စားအားတော့ချေ။

သို့သော် တစ်နှစ်ခန့်အကြာ၌ သူ၏အချစ်ဦး ဇာတ်လိုက်လေး ဘိုဘို ပင်လယ်ကြီးကိုဖြတ်သန်းပြီး ပြန်ရောက်လာခဲ့သည်ဟုဆိုသည်။ ဘုန်းခန့်ဦး မင်းသားနှစ်လက်ကြားမှာ မည်သို့ သရုပ်ဆောင်ပြီး ဆက်လက်ဇာတ်လမ်းခင်းမည်နည်းဟု မျှော်လင့်နေကြသည်။

သို့ရာတွင် မမျှော်လင့်ဘဲ ဇာတ်လမ်းတစ်ဆစ်ချိုးလေးကို လောကသဘာဝတရားက သိမ်မွေ့စွာ ပြုပြင်ပေးလိုက်သည်။ အခြားမဟုတ် ဘိုဘိုက ဂျပန်မချောချောလေး တစ်ယောက်ကိုလက်ထပ်ပြီး မြန်မာပြည်သို့ ခေါ်လာခဲ့သည်။ ဘုန်းခန့်ဦးကိုအတွေ့မခံဘဲ ရှောင်နေခဲ့သည်။ ဘုန်းခန့်ဦးကလည်း





ဘိုကို သိပ်ရင်မခုန်တော့ဟုဆိုသည်။ အဆိုတော် ဂစ်တာသမားလေးနှင့် ဇာတ်သစ်တွေ ဆက်ဖန်ဆင်းနေခဲ့သည်။ အဆိုတော်လေးက ဆေးသမား ဖြစ်သည်။

သုံးလခန့်ကြာပြီးနောက် ဘိုဘို သဘော်ပြန်လိုက်ခါနီး တစ်ပတ်ခန့်အလိုတွင် မမျှော်လင့်ဘဲ သတင်းဆန်းတစ်ခု 'မှုခင်းသတင်းဂျာနယ်' တစ်ခုတွင် ပါလာပါတော့သည်။ ယင်းသတင်းက ရှစ်မိုင်ခွဲရှိ စားသောက်ဆိုင်တစ်ဆိုင်၌ မိန်းမလျာအင်ဂျင်နီယာတစ်ဦးက သူ့ချစ်သူဟောင်း သင်္ဘောအရာရှိလေးတစ်ဦးကို အရက်မူးပြီး စကားများကြရာမှ ဓားထိုးမှုဖြစ်ခြင်းဆိုသည့် သတင်းပင်ဖြစ်ပါတော့၏။ ဓာတ်ပုံတွေနှင့် ပါလာခဲ့သည်။

မိန်းမလျာအင်ဂျင်နီယာမှာ အခြားသူမဟုတ်။ ဘုန်းခန့်ဦးဖြစ်နေပြီး သင်္ဘောအရာရှိလေးကား ဘိုဘိုဖြစ်သည်။ ဘိုဘိုက ယာဘက်ရင်အုံတွင် ဒဏ်ရာပြင်းထန်စွာရပြီး ကံကောင်း၍ အသက်မသေသော်လည်း သုံးလခန့် ဆေးရုံတက်လိုက်ရသည်။ ဘုန်းခန့်ဦး ထောင်'တစ်နှစ်' ကျသွားသည်။ သူ နှစ်ဦး ဘာတွေဖြစ်ကြပြီး ဘယ်လိုပြဿနာတွေ ဖြစ်ခဲ့ကြသည်တော့မသိ။ ကျွန်တော်ကတော့ ယင်းမှုခင်းဖြစ်ရခြင်းမှာ 'မိန်းမလျာတစ်ဦး၏ စိတ္တဇဒဏ်ရာမှ အချစ်ပေါက်ကွဲမှု' ဟုသာ တင်စားလိုက်ချင်သည်။

နောက်ဆုံးတွင် ဘုန်းခန့်ဦး၏ ဇာတ်သိမ်းခန်းကလည်း ကြေကွဲဖွယ်ရာစရာ ကောင်းလှပါသည်။ သူက ထောင်ထဲတွင်လည်း စိတ္တဇအိပ်မက်များတွေကို လိုက်ဖမ်းရင်း အချစ်ဇာတ်ကြမ်းကားတွေ ဆက်ရိုက်နေသဖြင့် ထောင်တာဝန်ခံတွေက သူ့ကို မကြာခဏ ထောင်ဆေးရုံသို့ ပို့ထားရပြီး သီးသန့်ခွဲထုတ်ထားရသည်ဟု ဆိုသည်။

ထောင်မှထွက်ပြီး တစ်နှစ်ခန့်အကြာ၌ ဘုန်းခန့်ဦး သူ၏ ညီမဝမ်းကွဲတစ်ယောက်နှင့် ရန်ကင်းတွင် သွားနေခဲ့ရင်း သူ ထောင်ထဲတွင် ကျူးလွန်ခဲ့သော 'မိန်းမလျာစိတ္တဇ'မှ ဆိုးရွားသော ရောဂါတွေရခဲ့ပြီးလျှင် နောက်ဆုံး AIDS ဝေဒနာဖြင့် ထိတ်လန့်ချောက်ချားစရာ ဇာတ်သိမ်းခဲ့ရရှာလေတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၄ |

❑

ကျွန်တော် ယူကလစ်တပ်စ်အပင်တွေကြားမှ ဖြတ်လာပြီး ‘... လချယ်ရီ’ သို့ အတွေးစတွေနှင့် လွင့်မျော၍ ပြန်လာခဲ့သည်။ ကျွန်... ကားထစ်လေးပေါ် ကွေ့ပတ်တက်လာခဲ့ကာ ဒုတိယထပ်ရှိ ကျွန်တော့် ... ဂျင်းစိမ်းစိမ်းလေးထဲသို့ ဝင်လာခဲ့သည်။

စားပွဲပေါ်မှ ဆိုနီကတ်ဆက်ခလုတ်ကို လှမ်းနှိပ်ရင်း နုတင်... ပစ်လှဲချလိုက်သည်။ Santana ၏ ကမ္ဘာကျော်သီချင်း 'Black Magic Wom... က ကျွန်တော်၏အာရုံများကို ခပ်ကြမ်းကြမ်း ဆေးကြောပစ်လိုက်သည်... စိတ်တွေပြန်ပြီး လတ်ဆတ်သွားသည်။

အပြင်တွင် နေ၏ဝတ်ရုံလွှာတွေ လွှမ်းလာသည်။ ရေပန်းအော... သို့သွားပြီး စံပယ်နံ့သင်းသော ဆပ်ပြာမြှုပ်တွေနှင့် ရေချိုးပစ်လိုက်သည်... ပြီးနောက် အဝတ်အစားလဲပြီး အောက်ထပ်ထမင်းစားခန်းထဲသို့ ကျွန်... ဆင်းလာခဲ့သည်။

ဒိုင်းနင်းရွမ်းထဲမှာ လူရှင်းနေသည်။ ကျွန်တော်ထိုင်နေကျ ... အစွန်ကျကျ စားပွဲတွင် ဝင်ထိုင်သည်။ ကျွန်တော့်လက်စွဲတော် ‘ပလော... စားပွဲထိုးလေး ‘အိုက်နွန်’ ချက်ချင်းရောက်လာသည်။





“ဆရာကောင်းဘွိုင် . . . ဘာစားမလဲ။ တရုတ်စာလား၊ ဘိုစာ...း”

“နိုး . . . နိုး . . . ဒီနေ့ ဆရာ ရှမ်းစာပဲ စားတော့မယ်ကွာ။ ငါး...ဆင်းနယ်၊ ဟင်းထုပ်၊ ဂျုံးမြစ်သုပ်နဲ့ ဝက်သားချဉ် မှာပေးကွာ။ ပြီးတော့ ...သီးအရက်တစ်ပြားနဲ့ မက်မန်းဝိုင် အသေးတစ်လုံး။ ဟုတ်လား”

“အိုကေ . . . အိုကေ၊ စိုပြေသွားမယ် . . . ဆရာကောင်းဘွိုင်”

အိုက်နွန်အပြုံးမျက်နှာ ပျားရည်ဆမ်းတွေနှင့် လှမ်းထွက်သွားလေ...သည်။ ချာတိတ် ဒီနေ့ထူးထူးခြားခြားလေး မြူးသွက်နေသလားဟု ထင်မိ...သည်။ ဆယ်မိနစ်အတွင်း ပလောင်တောင်ပေါ်သားလေးက စားသောက်စရာ...တွေ ယူလာပေးပြီး စားပွဲပေါ်မှာ ပြင်ဆင်ပေးသည်။

“မင်းကိုကြည့်ရတာ ဒီနေ့ သိပ်ကိုပျော်နေသလိုပဲ။ ဘာလဲ မင်း...ညီးစား ပလောင်မလေးဆီက စာလာလို့လား”

ကျွန်တော်က အိုက်နွန်၏နှလုံးသားကို တူးဆွလိုက်သည်။ အိုက်...က သူ၏ စိန်ပွင့်အပြုံး Sparkle လေးတွေနှင့် ကျွန်တော့်ရှေ့နံဘေးက ...ခုံလွတ်တွင် ဝင်ထိုင်သည်။

“မဟုတ်ဘူး . . . ဆရာသမားရဲ့။ ကျွန်တော် ဒီနေ့ လျှို့ဝှက်ဆန်း...ယ်သတင်းတစ်ခု ကြားလိုက်ရလို့ အရမ်းကို ဖီးလ်ဖြစ်နေတာ”

သူက အသံကိုထိန်းပြီး အားနှင့်မာန်လေးထည့်ကာ မတိုးမကျယ်...း ပြောသည်။ ကျွန်တော် ဖန်ခွက်ထဲသို့ ပန်းသီးရှမ်းအရက်ကို နှစ်ပက်...နဲ့လောင်းထည့်ပြီး မက်မန်းဝိုင်နှင့် ရောစပ်လိုက်ရင်း အိုင်နွန်ကို စိတ်...ားစွာ လှမ်းကြည့်မိသည်။ တစ်ဆက်တည်း အလိုက်သင့် ပြန်ပြုံးပြလိုက်...ာ သူ့ဖီးလ်လေးကို ထပ်ဆင့်မြှင့်တင်ပေးလိုက်သည်။

“ဟုတ်လား . . . ဆိုစမ်းပါဦးကွာ။ မင်းရဲ့ လျှို့ဝှက်ဆန်းကြယ်...င်းဆိုတာက ဘာတွေလဲ။ စိတ်ဝင်စားစရာကောင်းရင်တော့ ငါ ဝတ္ထု...ဆင့်လည်း ရေးရအောင် လုပ်စမ်းပါဦး”



www.burmeseclassic.com

www.burmeseclassic.com



''ဆန်းပြီလား ... ဆရာရဲ့။ ဆန်းတာမှ တကယ့်မှခင်းဆန်းဆေ ဆရာရဲ့။ ကောင်မလေးတစ်ယောက်ရဲ့ 'လမင်းကန့်လန့်ကာလေး' ထူးထူ ဆန်းဆန်း ပျောက်ဆုံးသွားလို့တဲ့ ... ဆရာကောင်းဘွိုင်ရဲ့ ... အဟီ ..''

ကျွန်တော့်နားထဲတွင် အဆန်းလေးဖြစ်သွားသည်။ အဓိပ္ပာယ် အာ အာဆန်း 'ဗန်း' စကားလေးတစ်ခုကို ရုတ်တရက်ကြားလိုက်ရသလို ကျွန် တော် အူကြောင်ကြောင်ဖြစ်သွား၏။ ကျွန်တော် ပလောင်တောင်ပေါ်သား လေး၏ ဝေါဟာရအသုံးအနှုန်းလေးကို လိုက်၍မမီအောင် ဖြစ်သွားသည်။

''ဘယ်လို ... ဘယ်လို ... ကောင်မလေးတစ်ယောက်ရဲ့ လမင်း ကန့်လန့်ကာလေး ... ဟုတ်လား''

''ဟုတ်တယ် ... ဆရာရဲ့ ... လမင်းကန့်လန့်ကာ လုလုဆေ တဲ့''

''ဟာ ... မင်းဥစ္စာ၊ လမင်းကန့်လန့်ကာဆိုတာ ဘာလဲကွ။ တစ်ခါမှ မကြားဖူးပါဘူးကွာ။ ခန်းဆီးလိုက်ကာကို ပြောတာလားကွ''

ကျွန်တော်က ပလောင်တောင်ပေါ်သားလေး မြန်မာဝေါဟာရ သိ မကြွယ်ဝ၍ ထင်ရာမြင်ရာ ပြောနေသည်ထင်မှတ်ပြီး ရှင်းလင်းချက်ဆေ ပြန်ထုတ်ခိုင်းလိုက်သည်။ ပလောင်လေးက ခပ်ရွှတ်နောက်နောက်နှင့် သီးလွှ လွင့်လေးရယ်လျက် ...

''ကိုယ့်ဆရာကလည်း စာရေးဆရာလုပ်နေပြီး ထိုင်းလိုက်တာ ကျွန်တော်က ကဗျာဆန်ဆန် အဆင့်မြင့်မြင့်လေး ညွှန်းလိုက်တာဗျ။ ကျွန် တော်က တိုက်ရိုက်ကြီး ပြန်ပြောရမှာ ရှက်လို့။ ဒီမှာဆရာရဲ့ မနက်က ထမင်းစားခန်းထဲမှာ ကော်ဖီလာသောက်ကြတဲ့ ဟို ဂျင်းဘောင်းဘီပြာတွေ လီရှောမလေးနှစ်ယောက်ကို မြင်လိုက်တယ်မဟုတ်လား''

ကျွန်တော့်ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ သူ့ကို ဆတ်ခနဲ ပြ လှမ်းကြည့်လိုက်ပြီး ...

''အင်း ... မြင်တယ်။ အဲဒါ ဘာဖြစ်လဲ''

''အဲဒီနှစ်ယောက်ထဲကလေ ... ဟို အသားဖြူဖြူ အရပ်မြင့်မြ နဲ့ လီရှောမချောချောလေးပေ့ါ။ သူ့ 'အတွင်းခံဘောင်းဘီ' ပျောက်သွား





တဲ့ ... ဆရာရဲ့။ သူတို့လီရှောလို ပြောနေကြတာ ကျွန်တော် ကြားလိုက်ရ တယ်ဗျ။ ကျွန်တော်က အရင်က လီရှောတွေကြားမှာ နေလာလို့ လီရှောလို ကောင်းကောင်းတတ်တယ်။ ဒါကြောင့် သူတို့ပြောတာကြားပြီး ကျွန်တော် တစ်နေလုံးစဉ်းစားပြီး ရယ်ချင်နေတာ ... ဆရာရဲ့''

''အမယ်လေးကွာ ... မင်းကလည်း အတွင်းခံဘောင်းဘီကိုများ ကြံကြံဖန်ဖန် လမင်းကန့်လန့်ကာတဲ့။ မင်း ... တော်တော်လာတဲ့ ပလောင် ... မင်းစားပွဲထိုး မလုပ်နဲ့တော့ ကဗျာဆရာလုပ် ... ဟား ... ဟား ... ဟား ...''

ကျွန်တော် ပလောင်လေး၏ မော်ဒန်ဝေါဟာရသစ်လေးကို သဘော ကျပြီး ပျော်ရွှင်ကြည်နူးစွာ ရယ်မောလိုက်မိသည်။ ပြီးနောက် ထိုနေ့လယ် င်းစာ ရှမ်းအစားအသောက်များနှင့် ပန်းသီးအရက်ကို ချိုမြိန်ယစ်မူးစွာဖြင့် ဖော်ဖွဲ့ရင်း အိုက်နွန်းကို ဆက်၍ အင်တာဗျူးခဲ့သည်။

''နေပါဦးကွာ ... အဲဒီလီရှောမလေးရဲ့ အတွင်းခံဘောင်းဘီက ပျောက်တာ သေချာရဲ့လား။ ဘယ်လိုပျောက်တာတဲ့လဲ''

ကျွန်တော်က မသိချင်ဟန်ဆောင်၍ မေးလိုက်သည်။ အိုက်နွန်းက ကျွန်တော်သိပြီးသား ပုံပြင်လေးကို ပြန်ပြောပြသည်။

''အေး ... မင်းပြောသလိုဆိုရင် ထူးတော့ထူးတယ်ကွ။ ဒါပေမဲ့ ဒီမှာ ဒီဟိုတယ်တိုက်ခန်းတွေက ရှင်းသန့်လုံခြုံပြီး မှန်ပြတင်းပေါက်တွေလည်း အားလုံး ပိတ်ထားတာပဲ။ ဘယ်ကကြွက်မှလည်း လာဝင်မဆွဲနိုင်ဘူး။ ဘယ် က ကျီးငှက်တွေမှ ဝင်ထိုးမသုတ်သွားနိုင်ဘူး။ ဖြစ်နိုင်တာကတော့ မင်းတို့ ဟိုတယ်က ဝန်ထမ်းတစ်ယောက်ယောက် စိတ်ရူးပေါက်ပြီး လက်ဆော့ တာလည်း ဖြစ်နိုင်တယ်ကွ''

ကျွန်တော်က အိုက်နွန်းမျက်လုံးကို သေချာစိုက်ကြည့်လိုက်ပြီး သဲ နှစ် အတွေးလေးတစ်ခု သူ့ရင်ဘတ်ထဲ ထည့်သွင်းပေးလိုက်သည်။ စား သောက်ခန်းထဲမှာလည်း လူရှင်းနေ၍ သူနှင့်ကျွန်တော် နှစ်ဦးတည်းသာရှိ သည်။ ယင်းလွတ်လပ်မှုလေးကို ကျွန်တော် အခွင့်အရေးယူပြီး အိုက်နွန်း

www.burmeseclassic.com



အသိစိတ်တို့ နိုးဆွပေးလိုက်၏။ အိုက်နှုန် ငိုင်တွေတွေဖြစ်သွားပြီး ကျွန်တော့်ကို ငေးငေးလေး မော့ကြည့်သည်။

"အိုက်နှုန် ... အရင်ကရော မင်းတို့ ဒီနန်းလချယ်ရီဟိုတယ်မှာ ဒီလိုမိန်းကလေးတွေ ဧည့်သည်တွေရဲ့ အတွင်းခံဘောင်းဘီတွေ ပျောက်ခဲ့ဖူးသလား၊ မင်းကြားမိသလား"

ကျွန်တော့် 'ဆိုင်ကိုကျည်ဆန်' လေးက သူ့ရင်ဘတ်ကို ပွတ်ရှပ်ထိမှန်သွား၏။ သူ မျက်လုံးလေး ဝင်းလက်သွားသည်။

"ဟုတ်တယ် ... ကျွန်တော် သတိရပြီဆရာ။ ဟိုလွန်ခဲ့တဲ့ တစ်လ ကျော်ကျော်လောက်က ထင်တယ်။ တောင်ကြီးကောလိပ်က ကျောင်းသူ လေးငါးယောက် လေ့လာရေးခရီး ထွက်လာကြတယ်။ သူတို့ ဒီဟိုတယ်မှာ ဝင်တည်းသွားကြတယ်။

ပြန်ခါနီး တစ်ရက်လောက်အလိုမှာ သူတို့ထဲက ကောင်မလေးနှစ်ယောက် အမျိုးသမီးရေချိုးခန်းထဲမှာ လှမ်းထားခဲ့တဲ့ အတွင်းခံဘောင်းဘီ နှစ်ထည် ပျောက်သွားလို့ဆိုပြီး ပြောနေကြသံ ကျွန်တော် ကြားလိုက်ရတယ်။ သူတို့ကလည်း ရှက်လို့လားတော့ မသိဘူး။ ဘယ်သူ့မှတော့ မပြောဘူး။ ကျွန်တော်လည်း သူတို့အချင်းချင်း စနေ၊ နောက်နေကြတာလား။ နေရာ အထားမှားကြတာလားဆိုပြီး စိတ်မဝင်စားတာနဲ့ အမှတ်တမဲ့ပဲ နေလိုက်တယ်။ အခု ဆရာပြောမှ ပြန်သတိရမိတယ်"

"အင်း ... ဒါဆို၊ မင်းတို့ ဟိုတယ်မှာ မိန်းမတွေနဲ့ ပတ်သက်ပြီး စိတ္တဇဝင်နေတဲ့ 'ဆိုင်ကိုမင်းသား' တစ်ယောက်ယောက်တော့ ရှိနေပြီကွာ သေချာတယ်"

ကျွန်တော်က သိပ်လေးလေးနက်နက် စိတ်ဝင်စားမှု မရှိသည့် လေသံမျိုးဖြင့် အမှတ်တမဲ့ ပေါ့ဆဆမှတ်ချက်ချလိုက်ဟန်ဖြင့် အိုက်နှုန်၏ စိတ်အာရုံကို သွေးတိုးစမ်း၊ ဆန်းစစ်လိုက်ပြီး အစားအသောက်များကို ဆက်စားနေလိုက်သည်။

အိုက်နှုန်ရင်ထဲမှာတော့ သံသယအတွေးလှိုင်းတွေက သူ့မသိစိတ်တွေကို လွှမ်းမိုးသွားပြီဆိုသည်ကို ကျွန်တော် နားလည်လိုက်သည်။ သူ့





မျက်နှာသည် ညှိုးမှိုင်းလျက် ငိုင်ကျသွားသည်။ ကျွန်တော် မော်မကြည့်ဘဲ အိုက်နှုန်၏ သက်ပြင်းချလိုက်သံ ရစ်သမ်ကြမ်းလေးကို ဖြေးညင်းစွာ ကြားလိုက်ရသည်။

ထို့နောက် သူ ထိုင်ရာမှထပြီး စားသောက်ခန်းထဲမှ လေးတွဲ့စွာ ထွက်သွားပါသည်။

ကျွန်တော် ဝက်သားချဉ်တုံးတစ်တုံးကို ခက်ရင်းနှင့် ကော်ယူပြီး အေးနှပ်စွာ ပြုံးကြည့်နေမိပါတော့သည်။

✿ ✿ ✿

❑

ကျွန်တော် ပစ်လွှတ်လိုက်သော စိတ်ကူးမြားတစ်စင်းက ရင်ဘတ် တည့်တည့်ကိုသာ စိုက်ဝင်ခဲ့လျှင် ထိုမြှားသည် မြေပြင်ထက်သို့ ပြုတ်ကျသွားရမည်မှာ မလွဲပါ။

ကျွန်တော် အကဲခတ်မိရသရွေ့ သတိထားခဲ့မိသမျှဆိုလျှင် 'နန်းလချယ်ရီ' ဟိုတယ်၏ မန်နေဂျာကို စိမ်းပွင့်သည့် သဘာဝမကျသည့် (Abnormal) ဘက်သို့ ယိမ်းနေသည့် ယောကျ်ားမျိုးဟု နားလည်ထားခဲ့သည်။

သူသည် သာမာန်ထက် အမွှေးအကြိုင် အလှအပတွေကို မိန်းမဆန်ဆန် ကြိုက်နှစ်သက်ပြီး မိန်းမများကို လိုသည်ထက်ပို၍ ဆက်ဆံအရောဝင်သူဖြစ်သည်။ သို့သော် သူ့အကြည့်၊ သူ့အမူအရာတွေက ယောကျ်ားအများစု၏ စိတ်ထားမဆန်၊ တဏှာရာဂမလွှမ်းသည့် ရမ္မက်မလွှမ်းသည့် ရိုးရိုးနဲ့ ခပ်နုနု အပြုအမူများသာ ဖြစ်သည်ကိုတွေ့ရသည်။ သူသည် အစိုင်အခဲကြောက် နှစ်မျိုးရောနေသော နွယ်ပင်တစ်မျိုးဟုထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



မင့်နေကျ ကိုစိမ်းပွင့်သည် အသက်(၃၆)နှစ်ဝန်းကျင် လူပျို ထင်ဦး ဖြစ်သော်လည်း သူ့ပြင်ပပုံသဏ္ဌာန်က ခပ်ခြောက်ခြောက်မိန်းမယော နွယ်နေသည်ဟု လူတိုင်း၏အမြင်မှာ ထင်ရှားနေသည်။

ထို့ကြောင့်လည်း မိန်းမတွေက သူ့ကို စိတ်ချယုံကြည်နေကြ သူနှင့် ပလဲနံပသင့်နေကြပြီး သူ့ကို ရဲရဲတင်းတင်း ဆက်ဆံဝံ့ကြခြင်း သည်။ တစ်နည်းအားဖြင့် သူသည် ယောကျ်ားဟော်မုန်း 'တက်စတိုစတီ အချိုးမညီမှုခြင်း ဖြစ်မည်ထင်သည်။

ကျွန်တော်နှင့် ကိုစိမ်းပွင့်သည် နန်းလချယ်ရီကို အကြောင်းပြု ခင်မင်ရင်းနှီးလာခဲ့ကြသည်မှာ လေးငါးနှစ်ရှိခဲ့ပြီဖြစ်သည်။

ကျွန်တော် သူ၏ အတွင်းစိတ်ဓာတ်အမှန်ကို သိမြင်လိုသောကြော တစ်ခါက စမ်းသပ်မေးခွန်းလေးတစ်ခု အမှတ်တမဲ့ မေးခဲ့ဖူးသည်။

''ကိုစိမ်းပွင့် ...ခင်ဗျား ဒီလိုပဲ လူပျိုကြီးဘဝနဲ့ အရိုးထုတ် တော့မှာလားဗျ။ မိန်းမ မယူတော့ဘူးလား။ ဘာလဲ ...တက္ကသိုလ် တုန်းက ရည်းစားဦးနဲ့လွဲခဲ့ရလို့ မိန်းမတွေကို စိတ်နာနေတာလား ဆိုပ

သူ ...နှုးညံ့စွာ ဆွေးသိမ့်သိမ့်လေး ရယ်ပါသည်။ ကိုစိမ်း ရယ်ပုံက ကျွန်တော်လို စာရေးဆရာတစ်ဦးပင် သိနားလည်ရခက်သည် သူ့ရင်ဘတ်ထဲမှ လျှို့ဝှက်ဆန်းကြယ်မှုတွေကို ခန့်မှန်းရမလွယ်ဟုထင်သည်

ကျွန်တော်၏သံသယ (Suspect) တွေကို ကိုစိမ်းပွင့်၏အဖြေ ပို၍ လေးနက်သေချာသွားစေခဲ့၏။

''ကျွန်တော် မိန်းမတွေကို ချစ်လည်းမချစ်ရဲဘူး။ ချစ်လည်း မ ချင်တော့ပါဘူးဗျာ။ ကျွန်တော့်ဘဝပတ်ဝန်းကျင် ကျဉ်းကျဉ်းလေးထဲက ထောင်ရေးတွေကို ကြည့်ပြီး ကျွန်တော့်နှလုံးသားမှာ 'ကာမဂုဏ် အ ကြောက်စိတ်' (Carnality Phobia) တွေ ဝင်နေခဲ့တာကြာပြီ ... စာ ဆရာရေ။ ဒါကြောင့် ကျွန်တော် မိန်းမတွေကို 'အငွေ့' နဲ့ပဲချစ်ပြီး၊ သူ ရဲ့ 'ကိုယ်သင်းနံ့' လေးတွေနဲ့ပဲ ဖြေသိမ့်ကျေနပ်နေခဲ့တယ် ဆိုပါတော့ ဟဲ ....ဟဲ ...ဟဲ''





ယင်းမှာ ကိုစိမ်းပွင့်၏ မသိစိတ်သိစိတ်တွေထဲမှ နှလုံးသားဆန္ဒ အရိပ်အငွေ့များပင်ဖြစ်သည်။ တစိမ့်စိမ့်ခံစားတွေးကြည့်ပြီး လျှို့ဝှက်နက်ရှိုင်း သည့် စိတ္တဇဆန်သော ဖွင့်ဆိုချက်တွေဟု ကောက်ချက်ချရမည်ဖြစ်သည်။

မှန်ပါသည်။ ထို ကျွန်တော်၏ စိတ်ကူးမြားသည် ငှက်ကလေးတစ် ကောင်၏ရင်ဘတ်ကို ထိမှန်သွားခဲ့သည်။

✿ ✿ ✿

❑

ထိုည ဆယ်တစ်နာရီခွဲလောက်အချိန်တွင် ကျွန်တော့်အခန်းတံခါး ကို ညင်သာဖွဖွလေး ခေါက်လိုက်သံကို ကျွန်တော် ကြားလိုက်ရသည်။

ကျွန်တော်က ကက်ဆက်ကို တိုးတိုးလေးဖွင့်ပြီး ညသံစဉ်တွေ ထဲမှာ စာရေးနေခဲ့သည်။

''တံခါးစေ့ထားတယ်။ အိုက်နွန်လား ...ဝင်ခဲ့လေ''

ကက်ဆက်ကို လှမ်းပိတ်ပြီး ဘောလ်ပင်ကို စားပွဲပေါ်ချလိုက်သည်။ အုပ်အုပ်အသံနှင့် ကျွန်တော် လှမ်းခေါ်လိုက်သည်။ ရှမ်းဘောင်းဘီအနက်၊ တ်အကျီအနက်စင်းဝတ်လျက် ပလောင်လေးအိုက်နွန် အခန်းထဲ လှမ်း င်လာသည်။ ကျွန်တော်က ခုတင်ခေါင်းရင်းမှ မီးလုံးပြာလေးကို လှမ်းဖွင့် ိုက်ပြီး စာရေးစားပွဲပေါ်မှ မီးအုပ်ဆောင်းကို လှမ်းပိတ်သည်။

''ကျွန်တော် ဆရာ့ကို ပြောပြချင်တာလေးတွေရှိလို့''

စားပွဲရှေ့မှ ကုလားထိုင်တွင် ဝင်ထိုင်ချလိုက်ရင်း ပလောင်လေးက ောင်ပေါ်သံဝဲဝဲလေးကို အစပျိုးသည်။ အသံကတော့ နှစ်ကိုယ်ကြားရုံမျှ အုပ်အုပ်လေး။



www.burmeseclassic.com

www.burmeseclassic.com



"ငါ နားလည်ပါတယ်ကွာ။ မင်းရဲ့ရင်ထဲမှာ လျှို့ဝှက်ချက်လေးတွေ ရှိနေတယ်ဆိုတာ ဆရာသိတယ်။ ဘာလဲ . . . မင်းဆရာ မန်နေဂျာ ကိုစိမ်းပွင့်အကြောင်း ပြောမလို့မဟုတ်လား။ ဆရာ့ကို မင်းသိထားသရွေ့ ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ။ ဆရာ ဘယ်သူ့မှမပြောပါဘူး"

"ဟာ . . . ဆရာ ရိပ်မိနေလား။ ကျွန်တော်လည်း ထင်တော့ထင်သားပဲ။ ဆရာက စာရေးဆရာဆိုတော့။ ဟုတ်တယ် ဆရာ။ ကျွန်တော် ဆရာ့ကို အမှန်အတိုင်းပြောရရင် ဆရာကိုစိမ်းပွင့်ရဲ့စိတ်က အဆန်းဆရာရဲ့။ သူက နေ့မှာတစ်ခြမ်း ညမှာတစ်ခြမ်း . . . ဆရာရဲ့"

"မင်းစကားကလဲ အဆန်းပါလားကွ။ ဘယ်လို . . . နေ့မှာ တစ်ခြမ်း ညမှာတစ်ခြမ်းလဲ"

"ဒီလိုဆရာရဲ့ . . . သူက လူတစ်ကိုယ် စိတ်နှစ်စိတ်နဲ့လူ။ နေ့မှာတော့ လူနုစိတ်နုနဲ့၊ ကန္တဲ့ကလျ မိန်းမလျာလိုလို ဆက်ဆံနေတတ်ပြီး၊ ညကျတော့ သူက ယောကျ်ားစိတ်ဝင်ပြီး ကြမ်းလာတယ်။ သူ့အခန်းထဲမှာ ညည ရမ်တွေသောက်ပြီးရင် . . . နှာဘူးထတာ ဆရာမသိလို့ဗျ"

"ဟုတ်လား . . . ဘယ်လိုလဲ ပြောပြစမ်းပါဦး"

"ဆရာ . . . ဘာသိလို့လဲ။ သူက ညညဆို ကောင်မလေးတွေ ရေချိုးခန်းထဲမှာ ရေချိုးရင် သူက အပေါ်ထပ် စတိုခန်းပေါ်တက်ပြီး သူ တိတ်တိတ်ဖောက်ထားတဲ့ ကြမ်းပေါက်ကနေ ဘက်ချောင်းတယ်။ ပြီးတော့ သူ့အခန်းထဲမှာလည်း တစ်ခန်းလုံး၊ ရေကူးဝတ်စုံ ဘီကီနီ ဘောင်းဘီတိုနဲ့နဲ့ မလုံ့တလုံ ကောင်မလေးတွေပုံချည်းပဲ လျှောက်ကပ်ထားတာ။ ကျွန်တော် တစ်ခါ ခိုးချောင်းကြည့်လို့ တွေ့ခဲ့တယ်။ သူ့အခန်းထဲကို ဘယ်သူ့မှ ပေး မဝင်ဘူး။ အမြဲသော့ခတ်ထားတာ"

"ဟုတ်လား"

"ဟုတ်တယ် . . . ဆရာရဲ့။ ကျွန်တော်လည်း တက္ကသိုလ်မှာ နှစ်နှစ်တက်ခဲ့ဖူးပြီး၊ စာလေးဘာလေး လေ့လာခဲ့တာမို့ Psycho ဝါသနာပါတယ်။ ကျွန်တော့်အထင် ဆရာကိုစိမ်းပွင့်ဟာ စိတ်သိပ်မမှန်တဲ့ လူစားတစ်မျိုးလို့ ထင်မိတယ်"





ကျွန်တော် ခေါင်းညိတ်လိုက်မိသည်။ ကိုစိမ်းပွင့်သည် ခေတ်ပညာတတ်၊ ဒီဂရီရပြီးသားလူတစ်ယောက် ဖြစ်သည်မှန်သော်လည်း အိုက်နွန်ပြောပြချက်အရဆိုလျှင် သူ့တွင် အလွန်နူးညံ့ပြီး အသိရခက်သည့် စိတ်ဝေဒနာဆန်းတစ်ခုရှိနိုင်သည်။

"ပြီးတော့ . . . ဆရာ၊ တစ်ခါတစ်ခါ သူ ညဘက် ရမ်တွေသောက်ပြီး မူးမူးနဲ့ ကောင်မလေးတွေ ကိုယ်လုံးတီးကတဲ့ နိုင်ငံခြားကား အခွေတွေ ကြည့်ပြီး အရူးလို ကနေတတ်တယ်"

"ဟုတ်လား . . . ."

"ဟုတ်တယ် . . . ၊ ဒီည ဆရာ့ကို ကျွန်တော် လက်တွေ့ပြမယ်။ ဒီအတွင်းခံဘောင်းဘီတွေကိုလည်း သူပဲခိုးယူတာ ဆရာရဲ့။ ဆရာကိုစိမ်းပွင့်ဟာ လပြည့်ညတွေဆိုရင် ညသန်းခေါင်လောက်အချိန်ကြီးမှာ လူတွေအားလုံး အိပ်ပျော်နေပြီဆိုရင် သူ့အခန်းထဲမှာ မီးတွေထွန်းပြီး အဲဒီ . . . သူခိုးယူထားတဲ့ မိန်းကလေးတွေရဲ့ အတွင်းခံဘောင်းဘီ အန်ဒါဝဲယားတွေကို အခန်းထဲမှာ လိုက်ချိတ်ဆွဲထားပြီး အကျီချွတ်နဲ့ ရက်ဒ်အင်ဒီးယန်းလို ခုန်ကနေတတ်တယ်။

မယုံရင် ဆရာလိုက်ခဲ့ ဒီည လပြည့်ညပဲ။ ဒီအချိန်လောက်ဆို သူ အရက်မူးမူးနဲ့ ဖီလင်တွေ အရမ်းတက်ပြီး ဘရိတ်ဒန့်စ် ဆွဲနေလောက်ပြီ။ ယုံရင် ဆရာ ကျွန်တော့်နောက် အခုလိုက်ခဲ့။ လာ . . . ဆရာ"

ပလောင်လေးအိုက်နွန်၏ ရိုးသားစွာ ဝန်ခံဖြောင့်ချက်ပေးလာသည့် ထူးဆန်းအံ့ဩစရာ 'စိတ်သန္တာန်အတ္တုပ္ပတ္တိတစ်ခု' က ကျွန်တော့်ကို ညို့ယူဆွဲဆောင်သွားခဲ့သည်ဟု ထင်သည်။ ကျွန်တော် အိပ်မွေ့ချခံထားရသူလို စိတ်နှုန်ဆွဲခေါ်ရာနောက်သို့ လိုက်ပါလာခဲ့သည်။

မှန်ပါသည်။ ဒီနေ့ည လပြည့်ညဖြစ်သည်။

အပြင်တွင် နှင်းငွေ့မြူမှုန်လေးတွေ ပါးပါးလွင့်ဝေ့ပြန့်ကျဲနေလျက် ထဝန်းက ဝင်းစက်လုပသည့် ငွေတောင်ပံတွေ သုတ်လိမ်းထားသည်။ စိတ်နှလုံးသူ လူစားမျိုးတွေဆိုလျှင် လရောင်၏ ဖမ်းစားမှုအောက်တွင် လွင့်မျောမေ့သွားနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အိုင်နှုန်၏နောက်မှ လှေကားကို ကွေ့ပတ်ဆင်းလာခဲ့ သည်။ ခွတ်တရက် ညင်သာသည့် သစ်ခွပန်းနံ့လေးတွေက ကျွန်တော့်ရင်ထဲ ခြတ်စီးသွားသည်။

အောက်ထပ်အဆောင်တစ်ခုလုံး လရောင်ငွေ့ဟပ်၍ ငွေ့မှုန်မှုန် သာ လင်းကာ မီးတွေအားလုံး ငြိမ်းထား၏။ အိုက်နှုန်က ကျွန်တော့်ကို ခေါ်ကြိုလူသွားလမ်းလေးမှ အနောက်ဘက်ထောင့်စွန်းရှိ မန်နေဂျာကိုစိမ်းပွင့် ၏ သီးသန့်အခန်းဆီ ဦးတည်ခေါ်လာသည်။

မှန်ပါသည်။ ကိုစိမ်းပွင့်၏အခန်း မှန်ပြတင်းပေါက်တစ်ခုမှ အတွင်း လိုက်ကာအောက်ဘက်ကြား ကွက်လပ်သည့် အလင်းရောင်တန်းလေး ဖြာ ကျနေသည်။ ကျွန်တော်တို့နှစ်ဦး ထိုပြတင်းပေါက်အနီးသို့ မှောင်ရိပ်ခိုၿပီး ချဉ်းကပ်သွားကြသည်။ အခန်းတွင်းမှ အလင်းရောင်တန်းလေးနှင့်အတူ ခပ်မြူးမြူး ဂျစ်ပစီပုံသံလေးနှင့် ဂီတသံတစ်ခုက အပြင်ဘက်သို့ စိမ့်လျှံ ထွက်လာနေသည်။

အိုက်နှုန်က အလင်းရောင်တန်းလေးကို သူ့မျက်နှာနှင့် ကပ်၍ အတွင်းသို့ ခိုးချောင်းကြည့်လိုက်ပြီးနောက် စိတ်လှုပ်ရှားသွားဟန်ဖြင့် ကျွန် တော့်ကို လက်ယပ်ပြခေါ်သည်။

ကျွန်တော်လည်း စိတ်မမှန်သူ လူတစ်ဦး၏ ထူးဆန်းသော 'သန့် ခေါင်ယံဖမ်းစားမှု' မြင်ကွင်းသစ်တစ်ခုကို ကြည့်လိုလှသဖြင့် စိတ်ဝင်စားစွာ မှန်ချပ်နားကပ်ပြီး ချောင်းကြည့်မိလိုက်သည်။

"ဟား ...."

ကျွန်တော်စိတ်တွေ အံ့အားသင့် ချောက်ချားလွင့်ထွက်သွား မှန်ပါသည်။ ကျွန်တော့်တစ်သက် တစ်ကြိမ်တစ်ခါဖူးမျှ မမြင်မတွေ့ခဲ့ သည့် လူတစ်ယောက်၏ စိတ္တဇဖွဲ့စည်းမှု' ဖြင့် လွင့်မျောနေခြင်း၊ ယဉ်ယဉ် လေး ရှုးသွပ်နေခြင်းဖြစ်၏။

ကိုစိမ်းပွင့်သည် အမျိုးသမီးများ အသုံးပြုဝတ်ဆင်တတ်သည့် ပန်း ပွင့်ဒီဇိုင်းလေးတွေ ဖောင်းကြွနေသော၊ ထိုင်းပိုးသားနိုင်လွန် အတွင်းခံဘောင်း ဘီ အနီဒါဝယ်ယာ ဘောင်းဘီပြတ်လေးတစ်ထည်ကိုသာ ဝတ်လျက် အဝတ်





ကိုယ်လုံးတီးနှင့် ရက်အင်ဒီးယန်းအကမျိုး။ စိတ်လွတ်လက်လွတ်ဖြင့် အခန်းအလယ်၌ မြူးကြွကခုန်နေသည်။

ဂျက်ပစီပုံသံ တီးလုံးဆန်းလေးတစ်ခုက ပန်းနုရောင်လွှမ်းသည့် မီးရောင်တွေကြား၌ သိမ့်သိမ့်လွင့်မြောက်ထွက်နေသည်။ ကိုစိမ်းပွင့်သည် ညပ်ပင်းတွင် ရွှေဆွဲကြိုးသုံးလေးကုံး ဝတ်လျက်၊ လက်နှစ်ဖက်တွင်လည်း ချိုင်းနှင့် ရွှေလက်စွပ်တွေ ပြိုးပြိုးပြက်ပြက်ဝတ်ဆင်ထားကာ လိပ်ပြာရိုင်း တစ်ကောင်လို ဝဲပျံလွင့်နေသည်။

အမှန်တွင် တဒင်္ဂ သူ့စိတ်တွေ လွင့်မျောရူးသွပ်နေခြင်းဖြစ်ပါသည်။

ပြီးနောက် သူ့အခန်းနံရံလေးဖက်စလုံး၌ မလုံ့တလုံ ဘီကီနီရေကူး ဝတ်စုံလေးတွေနှင့် နိုင်ငံတကာမှ အမျိုးသမီးလေးများ၏ ပိုစတာဓာတ်ပုံ တွေအပြင် ရောင်စုံဒီဇိုင်းစုံ အမျိုးသမီးအတွင်းခံဘောင်းဘီ၊ အနီဒါ ဝယ်ယာ ဘောင်းဘီပြတ်ကလေး မြောက်မြားစွာအား သီတင်းကျွတ် မီးပုံး ရောင်စုံတွေအလား၊ အခမ်းအနားညှော်ခံပွဲ ခန်းမတစ်ခုကဲ့သို့ ခင်းကျင်း ဆင်ထားပါသည်။

တစ်ချက်တစ်ချက် ကိုစိမ်းပွင့်သည် ထိုရောင်စုံအတွင်းခံဘောင်းဘီ တွေဆီ ဝဲပျံပြေးကပ်သွားပြီးလျှင် အိန္ဒိယရုပ်ရှင်ကားတွေထဲမှ မင်းသား အကမျိုးဖြင့် အတွင်းခံဘောင်းဘီလေးတွေကို ကန္တဲ့ကယ ပွေ့ပိုက်ပွတ် သတ်တာ မြတ်နိုးစွာဖြင့် နမ်းရှိုက်လိုက်ပါသေးသည်။

ကိုစိမ်းပွင့် ... ကိုစိမ်းပွင့်။ ရောင်စုံဒီဇိုင်းမျိုးစုံနှင့် အတွင်းခံဘောင်း ဘီလေးတွေ၏ ဖမ်းစားမှုအိပ်မက် တိမ်လွှာဘုံလေးထဲ၌ စိတ်ဒဏ်ရာတွေနှင့် မျောဖောက်ပြန်ကာ သန်းခေါင်ယံ ညရထားထဲ စီးမျောလိုက်ပါသွားနေ သည်။ စင်စစ်သူ့ရောဂါက 'တိမ်မြုပ်ကာမဆန္ဒ' ခေါ် (Repressed Sexual Desire) ဖိစီးမှုက အလွန်ထူးဆန်းသော 'စိတ်ဝေဒနာအနုစားတစ်မျိုး' ပဲ ဖြစ်ပါသည်။

အပြင်တွင် သန်းခေါင်ယံညရထားက ငွေအိုနုရောင်ရှက်ကို လွင့် ချုပ် တရိပ်ရိပ် လွင့်ပြေးနေသည်။

✿ ✿ ✿

www.burmeseclassic.com

# [ ၅ ]

❑

သနားစရာတော့ ကောင်းသည်။

ကိုစိမ်းပွင့်၏ အတွင်းစိတ်ဒဏ္ဍာရီများက ပုံပြင်ထဲက ကျိန်စာသင့် နေသော နတ်မိဿာရှုးတစ်ဦးလို ထူးဆန်းအံ့ဩစရာ ကောင်းသလိုပင် ကိုစိမ်း ပွင့်၏ ဇာတ်သိမ်းခန်းကလည်း မမျှော်လင့်သည့် ထူးဆန်းအံ့အားသင့်စရာ အဖြစ်အပျက်လေးတစ်ခုနှင့် နိဂုံးချုပ်ခဲ့ရသည်။ သည်လိုပါ ...။

နောက်တစ်နေ့၌ ဂျင်းမင်းသမီးလီရှော ကေရီလေးနှစ်ဦးက ဌာန သို့ ပြန်သွားခဲ့ကြ၏။ နောက်တစ်ရက်ခြားတွင် အိပ်မက်ဆန်သော နတ်သမီး လေးတစ်ဦး မမျှော်လင့်ဘဲ 'နန်းလချယ်ရီ' သို့ ဒဏ္ဍာရီဆန်ဆန် ရောက်လာ ခဲ့ပြန်သည်။

ထိုနတ်သမီးလေး၏ နာမည်လေးကလည်း ဒဏ္ဍာရီဆန်သည်။ 'တိမ်စင်နွယ်' တဲ့။ သူမသည် ရွှေရောင်နတွေတောက်ပနေသည့် ပန်းနေကြာ နံနက်ခင်းလေးတွင် 'နန်းလချယ်ရီ'သို့၊ ရွှေရောင်နှင့် ခရမ်းရောင်သွေး ပက်ဖျန်းထားသည့် ဖက်ရှင်စတိုင်လ်ဆန်းလေးနှင့် ဘွားခနဲ ရောက်လာ ခဲ့သည်။





ထိုနေ့နံနက်က ကျွန်တော်သည် ဟိုတယ်ရှေ့ပန်းရုံနံဘေးတွင် နေ ဆာလှုံရင်း ပလောင်လက်ဖက်ခြောက် အခါးရည်တစ်အိုးနှင့် 'ရှိဗ်ကူးမား ' ၏ 'The Queen of Night' ဝတ္ထုကို ပွေ့ရှိက်လိုက်ဖမ်းနေခဲ့သည်။ ထဲမှ 'ရှိဗ်ကူးမား' ရဲ့ 'ညဥ်၏ကဗျာပွင့်လေး' က ကျွန်တော့်နှလုံးသား ကို ပွန်းရှနာကျင်အောင် ပြုစားနေသည်။

ဖျတ်ခနဲ ဝတ္ထုစာအုပ်ကိုပိတ်လိုက်ပြီး ဟိုတယ်ဧည့်ခန်းကောင်တာ မှ ခရမ်းရောင်ရွှေနတ်သမီးလေး 'တိမ်စင်နွယ်' ၏ အလှသီချင်းလေးတွေ ကို လှမ်းငေးပြီး ဘာသာပြုံနေမိသည်။

ရွှေနတ်သမီးလေးက ကိုစိမ်းပွင့်လက်ထဲမှ အခန်းသော့တွဲကို လှမ်း ပြီး သူမ၏ ခရီးဆောင်သေတ္တာလေးကို ဆွဲယူပေးသွားသော 'ဘဲလ်ဘွိုင်' လေးနှင့် လိပ်ပြာလေးလို ဝေ့ခနဲ ဝဲပျံလှည့်ထွက်သွား၏။

ကိုစိမ်းပွင့်၏စိမ့်မှုန်မှုန် မျက်လုံးများက သူမ၏နောက်ကျော အနိမ့် င်းလေးဆီ လွင့်ကျသွားပြီးလျှင် လျှပ်ပြက်သလို စိမ်းတောက်သွားသည်ကို န်တော် လှမ်းမြင်လိုက်ရသည်။

ရွှေလိပ်ပြာလေး၏ အချိုးအဆစ်ကျသည့် ခါးအောက်ဘက်ရှိ လှိုင်း န့်လေးနှစ်ပွင့်က အိန္ဒြေ့လှုပ်ရှားခါယမ်းသွားလေရာ သူမဝတ်ဆင်ထားသည့် ရမ်းရင့် ပိုးသားထဘီနုပါးပါးလေးအတွင်းမှ အနီဒါဝယ်ယာ အတွင်းခံ င်းဘီလေး၏ ကောက်ကြောင်းများကို အထင်းသား ရင်ဖိုစရာ မြင်နေရ သည်။

တစ်ဆက်တည်း ကိုစိမ်းပွင့်၏ မျက်ဝန်းနက်များအတွင်းမှ ထူးဆန်း ည့် စိတ္တဇရမ္မက်အခိုးအငွေ့တွေ ရုတ်တရက် ပွင့်လက်သွားသည်ကို ကျွန် ာ် အသေအချာ သတိထားမိလိုက်သည်။

အင်း ... မကြာမီရက်အတောအတွင်း ဤဟိုတယ်၌ အမျိုးသမီး အတွင်းခံဘောင်းဘီ လုလုလေးတစ်ထည် 'ပျောက်ရှရက်ကိန်း' အသေးစားမှု င်းလေးတစ်ခု လျှို့ဝှက်စွာ ဖြစ်ပေါ်လာတော့မည်ဟု ကျွန်တော် စာရေး ရာ 'ဆားပုလင်းကောင်းဘွိုင်က ရင်ထဲမှ ကြိုတင်ဟောကိန်း ထုတ်လိုက်မိ သည်။

www.burmeseclassic.com



ကျွန်တော် သည်းထိတ်ရင်ဖို အပြုံးလေးနှင့် 'ရှိုက်ကူးမား'၏ မျှ
လေးကို ငြိမ့်ပြီး မွှေ့ရှိုက်လိုက်သည်။

ခဏအကြာတွင် ကိုစိမ်းပွင့် ကျွန်တော့်ဆီသို့လျှောက်လာပြီး အ
ဝင်ထိုင်ချလိုက်သည်။ သူ့ကိုယ်ထဲမှ ဂိုယာပေါင်ဒါနံ့တွေနှင့် ပြင်သစ်နှင်း
ရေမွှေးနံ့တွေက ကျွန်တော့်ပတ်ဝန်းကျင်လေးကို စိုရွဲသွားသည်။

"ဟာ ... ဆရာစိုး၊ ဘာတွေများ ဒါလောက် စိတ်ဝင်တစား
ဖတ်နေရတာလဲ ... ဟင်"

ကိုစိမ်းပွင့်၏အသံက ညှုန့်နွဲ့အက်ရှရှနှင့် ကြိုးလျော့နေသည့်
တာသံလို ချွဲလိပ်ထွက်လာသည်။ ကျွန်တော် လှည့်ကြည့်ပြီး ပြုံးလိုက်သည်

"အိန္ဒိယက ကြေးစားအဆိုတော်မလေး တစ်ဦးရဲ့ဝတ္ထုလေး
ဒါပေမဲ့ ကြေကွဲစရာ သီချင်းတစ်ပုဒ်ကို နှလုံးသားနဲ့ နားထောင်နေရသ
အရမ်းခံစားရတယ်"

"ဟာ ... ဒါဆို စောစောက တိမ်စင်နွယ်ဆိုတဲ့ ရွှေရောင် န
သမီးကဗျာလေးတစ်ပွင့်ကိုကော စာရေးဆရာ ရင်ခုန်ခံစားမိလိုက်သလား
အဲဒီ နေကြာပွင့်လေးက Regional College က ဆရာမလေးတဲ့။ ဆရာ
ဝတ္ထုလေးတစ်ပုဒ်လောက် ဖန်တီးလိုက်ဖို့ မစဉ်းစားချင်ဘူးလား"

ကိုစိမ်းပွင့်က ကျွန်တော့်ကို ဒဏ္ဍာရီ အိပ်မက်နတ်သမီးလေး
ဖြားယောင်းသွေးဆောင်ကာ စိတ်စမ်းနေသည် ထင်သည်။ သူ့အသွင်
လပြည့်ညသန်းခေါင်ကျော်ယံက ဂျစ်ပစီဗုံသံတွေကြားမှာ စိတ်ဝေဒနာ
နှင့် ကခုန်လွင့်မျောခဲ့သည့် လူတစ်ယောက်၏သဏ္ဌာန်နှင့် လုံးဝမတူ။
ကျင်ကွဲပြားနေပြီး နွမ်းရင့်ရင့် နှင်းဆီတစ်ပွင့်အသွင် ကလျာဆန်စွာ
ပျော့ပျောင်းနေသည်။

ပြီးနောက် ... သူစိမ်းယောကျ်ားသားတစ်ဦးကို ညို့မြူဆွဲဆော
နေသည့် မိန်းမတစ်ဦး၏ ညုတုတုမူဟန်တွေ တမင်ဆမ်းထားသည်နှင့်
နေသည်။

ကျွန်တော် ကိုစိမ်းပွင့်၏ 'နေ့တစ်စိတ်ညတစ်စိတ်'နှင့် အသွင်
မူကွဲနေသည့်သဏ္ဌာန်ကို သိပ်မအံ့ဩမိတော့ပါ။ သို့သော် ....





"ဟာ ... ဟုတ်တယ်ဗျာ။ ကိုစိမ်းပြောမှ ကျွန်တော်လည်း စဉ်း
စားမိတယ်။ ဒီရွှေရောင်နတ်သမီးလေးကို ကျွန်တော့်ဝတ္ထုထဲမှာ ဖာတ်လိုက်
သမီးလေးထားပြီး ဖာတ်လမ်းလေးတစ်ပုဒ် ဖန်ဆင်းရမယ်။ ဒါပေမဲ့ဗျာ
အိန္ဒိယလ်လေးက ယောကျ်ားတွေစိတ် မရိုးမရွဖြစ်အောင် ပြုစားထား
တာက ခက်တယ်"

"ပြုစားထားတယ် ဟုတ်လား။ သူက ဘယ်လိုပြုစားထားတာလဲ"

ကျွန်တော့် ရည်ညွှန်းချက်က ကိုစိမ်းပွင့်ကို တအံ့တဩလေး ထိမှန်
သွားခဲ့သည်။ ကျွန်တော် ဆင်ထားသည့်အကွက်ထဲ သူတိုးဝင်လာသည်။

ကျွန်တော် ကျေနပ်စွာ ပြုံးလိုက်ရင်း ...

"အစစ်ပဲပေါ့ဗျာ။ သူပြုစားသွားတာကို ခင်ဗျားတောင် မသိစိတ်
sycho မျက်လုံးစိမ်းတွေနဲ့ လှမ်း Check လိုက်တာ။ ကျွန်တော် အသေ
အချာ မြင်လိုက်ပါတယ်ဗျ။ ရှက်မနေပါနဲ့ .. ကိုစိမ်းရာ၊ ယောကျ်ားချင်းပဲ
ဗျာ ... နားလည်မှုရှိပါတယ်"

သူတစ်ချက်တော့ ငိုင်တွေတွေလေး ဖြစ်သွား၏။ ကျွန်တော် သူ့
ak-Point လေးကို မသိမသာ လှုပ်ခြွလိုက်ခြင်းဖြစ်သည်။ သူ့ သနား
စရာ အပြစ်ကင်းသည့် မျက်ဝန်းဖြူလေးတစ်စုံဖြင့် ရေနစ်သူလို ပြန်မော့
ကြည့်ပြီး ...

"စာရေးဆရာ ဘာဆိုလိုတာလဲ။ အားမနာပါနဲ့ ရှင်းရှင်းပြောပါ"

ဟု သူတောင်းပန်သံနှင့် ဝန်ခံနေသလို ဆိုသည်။ ကျွန်တော်
ပါးစွာ ပြန်ရယ်လျက် ...

"ဩော် ... ဒီလိုပါ။ ခင်ဗျား ရွှေနတ်သမီးလေးက သူ့ရဲ့ တောင်ပူ
လျှိုင်းပွင့်ခုံးခုံးလေးနှစ်ခုကို လှုပ်ပြခါယမ်းပြီး လှမ်းထွက်ဖမ်းစားသွား
တာကိုလေ။ ဒါပေမဲ့ သူ့ရဲ့ ရွှေခရမ်းရောင် ပိုးသားထဘီနုပါးပါးလေး
အတွင်းက အတွင်းခံဘောင်းဘီထဲမှာ ရုန်းထွက်လူးလွန့်နေတဲ့ လျှိုင်းပွင့်လေး
လုံးရဲ့ ကောက်ကြောင်းတွေဟာ အဲဒီနတ်သမီးလေးရဲ့ မှော်ပညာပြုစား
ချက်တွေပဲပေါ့ ... ကိုစိမ်းရဲ့ ရှင်းပြီလား"

www.burmeseclassic.com



"အို ... စာရေးဆရာကတော့ လုပ်ပြီဗျာ။ ကျွန်တော်က အကောင်းမှတ်လို့ နားထောင်နေတာ"

"ဟာ ... ဒါရှက်စရာမှ မဟုတ်တာ။ လှတဲ့မိန်းမတိုင်းမှာ ရှိနေတဲ့ သူတို့ရဲ့ ပါရမီ၊ မွေးရာပါ အရည်အသွေး Talent အနုပညာတစ်ခုပဲလေ။ ယောကျ်ားတွေကို ဖမ်းစားထားတဲ့အတတ်ပညာ Art တစ်ခုပဲဗျ ကိုစိမ်းရဲ့။

အခုလည်း ဒီရွှေရောင်အိန်ကျယ်လ်လေးက သူမရဲ့ အတွင်းအရှုပ်အလှကာရံလေးကို ကန့်လန့်ကာခန်းဆီးလေး နှစ်ထပ်နဲ့ မသက်ဆိုင်တဲ့သူတွေ မမြင်ရအောင် လျှို့ဝှက်ဖုံးကွယ် သိမ်းဆည်းထားတယ်ဆိုတာ သိအောင် တမင်ကြေညာပြီး ပြုစားသွားတာ ... ကိုစိမ်းရဲ့။ အဟတ် ... ဟား ... ဟား ..."

ကျွန်တော် စိမ်းစိမ်းသီးသီး ရယ်လိုက်သောကြောင့် ကိုစိမ်းပွင့်က ပါ အပျော်များပျော်ဝင်လျက် လိုက်ရယ်သည်။

"ဒါပေမဲ့ အဲဒီမိန်းမလှနတ်သမီးလေးတွေရဲ့ Art အနုပညာဖမ်းစားမှု၊ ပြုစားချက်မှော်ထဲမှာ စီးမျောလွင့်ပါသွားရတဲ့ ယောကျ်ားအချို့ရှိတယ်ဗျာ။ အဲဒီလူတွေကတော့ သိပ်သနားစရာကောင်းတယ်။ အဲဒီယောကျ်ားမျိုးက အသည်းနုတဲ့ ယောကျ်ားမျိုးတွေပဲ။ သူတို့နှလုံးသားက သိပ်နုတော့ ဒီပြုစားချက်ကို မခံနိုင်ဘူး။

အဲဒီထက်ဆိုးတာက အဲဒီလိုယောကျ်ားတွေဟာ လက်တွေ့မဆန်ဘူး။ ဆန့်ကျင်ဘက်လိင် မိန်းကလေးတွေနဲ့ ရင်ဆိုင်မဝံ့တဲ့ အားနည်းချက် ကြောက်စိတ် Phobia တွေ အမြဲဝင်နေတတ်တယ်။ ဒါပေမဲ့ အဲဒီယောကျ်ားမျိုးတွေဟာ စိတ်ကူးယဉ်အိပ်မက် Dream ထွက်ပေါက်တစ်ခုခုကို ရှာပြီး 'အငွေ့' နဲ့ ခံစားခြင်းတစ်ခုခုကို လိုက်ဖမ်းတတ်ကြတယ်။ မသိစိတ်နဲ့ လွင့်မျောတတ်ကြတယ်။

မိန်းမတွေရဲ့ကိုယ်စား မိန်းမတွေရဲ့ 'အဆင်တန်ဆာပစ္စည်း' တွေနဲ့ သူတို့ရဲ့စိတ်ကို ဖြေဖျောက်ပြီး ယဉ်ယဉ်လေး ရှုးသွပ်ဖောက်ပြန်ကျေနပ်နေကြတယ်။ အဲဒီလိုယောကျ်ားမျိုးတွေ ဒီလောကကြီးထဲမှာ သီးသန့်လျှို့ဝှက်ပြီး တည်ရှိနေကြတယ်။ အဲဒီယောကျ်ားမျိုးတွေကိုတော့ ကျွန်တော် ယောကျ်ားချင်း ကိုယ်ချင်းစာပြီး သိပ်ကို နှမြောသနားမိတယ် ... ကိုစိမ်းရယ်"





ကျွန်တော်၏ ရှည်လျားဝေ့ဝိုက်လှသော စိတ္တဇမာယာထောင်ချောက်ကို ကျင်လည်စွာ တပ်ဆင်ပြီး နိဂုံးချုပ်လိုက်သည်။ ကိုစိမ်းပွင့်ကို သိမသာ အကဲခတ်လိုက်သည်။ ခေတ်ပညာတတ် ဒီဂရီ Holder တစ်ဦးဖြစ်သူ ကိုစိမ်းပွင့်။

သူ ကျွန်တော်၏တိမ်ရောင်စုံတွေကို ချက်ချင်း သိမြင်သဘောပေါက်သွားသည်။ သူ့မျက်ဝန်းနက်တွေထဲမှာ အသစ်မွေးဖွားနေသည့် ကဗျာကာရံအလှလေးတွေကို ကျွန်တော် ဝိုးတဝါး မြင်လိုက်ရသည်။ ထိုကာရံမျက်ဝန်းတွေနှင့်အတူ သူ့အဖြူရောင်လက်လက် အပြုံးတွေ ကြွေကျလာသည်။

"စာရေးဆရာကို ချီးကျူးမိပါတယ်။ ကျေးဇူးလည်း တင်တယ်"

သူ့အဖြူရောင် ချယ်ရီခုံတန်းလေးပေါ်မှ ညင်သာစွာ လှမ်းထသွား၏။

အပြင်တွင် နေသီချင်းက နှင်းလွှာကို ဖောက်ခွင်းပြီး ခပ်ပြင်းပြင်း ထွက်လာသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

ထာဝစဉ်ငြိမ်သက် တိတ်ဆိတ်နေတတ်ပြီး၊ ထင်းရှူးချယ်ရီ နှင်း တွေကြားမှာ အမြဲလှပငြိမ်းချမ်းနေသည့် 'နန်းလချယ်ရီ' သည်၊ ညတာ ၏ သန်းခေါင်ယံသမ်းစ အချိန်လေးမှာ ...

မမျှော်လင့်စွာ ရုတ်တရက် ထိတ်လန့်စရာ ထူးဆန်းသောမှု လေးတစ်ခုနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရပါတော့သည်။

ထိုမှုခင်းလေးက ရုတ်တရက် မတော်တဆ ပေါက်ကွဲလာသည့် (Accidental Murst)၊ လူခေါ်ခေါ်င်းလောင်း ဂီတသံစဉ်ချိုချိုလေးနှင့် စတ လိုက်ခြင်း ဖြစ်လေသည်။

သို့မဟုတ်လျှင် ... ထိုညသည်၊ ကျွန်တော် 'နန်းလချယ်ရီ' ၏ သတ္တမမြောက် နောက်ဆုံးခွဲခွာရမည့် နှုတ်ဆက်ညချမ်းလေးတစ်ည ဖြစ် ပါသည်။

ညစောင့် ဟိုတယ်လုံခြုံရေးမှူး 'ရှမ်ရီဗဟာဒူး' သည်၊ ရုတ်တရက် လှုပ်နှိုးလိုက်သည့် ဂီတသံစဉ်လေးကြောင့် လန့်နိုးသွားသည်။ သူ အိပ်ရာခေ မှ လူးလဲထလိုက်ပြီး အိပ်မှုန်စုံမွှားနှင့် ...

"ဘလက်ဒီဖူး .. အချိန်မတော်မှ ဘယ်ကရောက်လာတဲ့ ဧည့်သည် လည်း မသိဘူး။ ရပ်ဝေးဘုရားဖူး ဧည့်သည်တွေထင်တယ်"





ဗဟာဒူးစိတ်ထဲက စိတ်ပျက်စွာ ညည်းလိုက်သည်။ ပြီးနောက် အိပ်ရာပေါ်မှ လှမ်းဆင်းလိုက်ကာ၊ ခါးတွင်ချိတ်ထားသည့် သော့တွဲကိုစမ်း ကြည့်ရင်း ဟိုတယ်တံခါးပေါက်ဆီ ဦးတည်ထွက်လာသည်။

ခြံဝင်းဝ သံတံခါးအနီးသို့ ရောက်သွားတော့ ဗဟာဒူးမျက်လုံးတွေ မြူးသွားသည်။ သံတံခါးရှေ့အပြင်ဘက်၌ ရပ်နေသူတွေက သည်တောင်ပေါ် မြို့လေး၏ ရဲတပ်ဖွဲ့စခန်းမှ ဒုလုံခြုံရေးမှူးကိုမင်းဆွေနှင့် ရဲတပ်သားနှစ်ဦး တို့ ဖြစ်နေသည်။ ရဲသားတစ်ဦးက လူဆိုးထိန်းအောင်ဒင်ဖြစ်သည်။ ရပ်ကွက် လူကြီးတစ်ဦးလည်း ပါသည်။

"ဟေ့ ... ဗဟာဒူး၊ တံခါးမြန်မြန်ဖွင့်ကွာ။ တို့ အရေးကြီးလို့"

အောင်ဒင်က လှမ်းပြောလိုက်ရာ ဗဟာဒူး စိတ်ပူသွားသည်။ ဟို အစ်ခါကလည်း ဟိုတယ်တွင် မူးယစ်ဆေးဝါး သယ်ဆောင်လာသူအစ်ဦးကို အတင်းအရ လာရောက်ဖမ်းဆီးကြသည်။ ရှမ်းတရုတ်သုံးဦးကို စိတ်ကြွ ဆေးပြားများ ဝှက်ယူလာသော နို့မှုန့်ဘူးတွေနှင့် လက်ပူးလက်ကြပ် ဖမ်းဆီး ရမိခဲ့ဖူးသည်။

သည်တစ်ခါလည်း ညကြီးမင်းကြီး ဘာအရေးကြီးလို့ပါလိမ့်။ မူး ယစ်ဆေးဝါး သတင်းရလို့ပဲလား။ ဒီအတိုင်းဆို ဒီည သူအိပ်ရတော့မည် မဟုတ်။ ပွဲခံတော့မည်။ တွေးရင်း ဗဟာဒူးသံပန်းတံခါးကို သော့ဖွင့်ပြီး မြန်မြန် တံခါးဆွဲဖွင့်ပေးလိုက်သည်။

သူတို့ဆိုင်ကယ်နှစ်စီးနှင့် ဟိုတယ်တံခါးပေါက်ဆီ မောင်းဝင်သွား ကြသည်။ ဗဟာဒူးက နောက်မှလိုက်လာပြီး အောက်ထပ်မီးများကို ဖွင့်လိုက် ရာ ဧည့်ခန်းတစ်ခုလုံး မီးတွေ လင်းထိန်သွားသည်။

"ကဲ ... ဗဟာဒူး၊ မန်နေဂျာကို သွားခေါ်လာကွာ။ တို့ရောက် နေတယ်။ နည်းနည်းမေးစရာရှိလို့ ... လို့၊ ဟုတ်လား"

ဒုလုံခြုံရေးမှူးက ဆိုဖာတစ်လုံးတွင် ဝင်ထိုင်ချလိုက်ရင်း လှမ်းပြော လိုက်ရာ ဗဟာဒူး ချက်ချင်း လှမ်းထွက်သွားသည်။ ငါးမိနစ်ခန့်ကြာလျှင် ဗဟာဒူးနှင့်အတူ မန်နေဂျာကိုစိမ်းပွင့် ဟိုတယ်ဧည့်ခန်းထဲသို့ လှမ်းဝင်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကိုစိမ်းပွင့်၏မျက်နှာက ဘာခံစားမှုမှမရှိ၊ ကြွေရသည်။ သူ့မျက်နှာ ချွန်းဆိုင်ဆိုဖာတွင် တည်ငြိမ်စွာ ဝင်ထိုင်သည်။

"ဩော် ... ကိုမင်းဆွေတို့ပါလား။ အကြောင်းထူးလို့လား။ ကျွန်တော် ဘာကူညီရမလဲ ... ဆိုဗျာ"

ယင်းအခိုက်အတန့်တွင် အိုက်နွန်က ကျွန်တော့်ကိုလာနှိုးပြီး ရဲတွေ ရောက်နေကြောင်း လာပြောသဖြင့် ကျွန်တော်စာရေးနေရာမှ လှမ်းထလာခဲ့သည်။ ဟိုတယ်ဧည့်ခန်းထဲ ဝင်လာတော့ ဧည့်သည်လေးငါးဦးလည်း ရောက်နေသည်ကို မြင်ရ၏။ ထိုထဲတွင် ဒေသကောလိပ်ဆရာမလေးလည်း တစ်ဦးအပါအဝင်ဖြစ်သည်။ ဆရာမတိမ်စင်နွယ်၏ မျက်နှာလေးက အလှပွင့်လေးများ မသိမသာပျက်ယွင်းနေကာ စိတ်လှုပ်ရှားနေပုံရ၏။

"ဟာ ... ဟန်ကျတာပဲ။ ဗိုလ်စိုးလည်း ဒီဟိုတယ်မှာ ရှိနေတာပဲ။ စာရေးဆရာကြီး ... ခင်ဗျားတော့ ထူးဆန်းတဲ့ဇာတ်လမ်းတစ်ပုဒ် ရဦးမယ် ထင်ပါရဲ့"

ဒုလုံမြို့ရေးမှူးကိုမင်းဆွေက ကျွန်တော်ကို မြင်မြင်လိုက်ချင်း အံ့သြဝမ်းသာသွားပြီး လှမ်းနှုတ်ဆက်လိုက်သည်။ သူနှင့် ကျွန်တော်က 'တောင်ကြီး ကမ္ဘောဇကျောင်း'တွင် အတူနေခဲ့ကြဖူးသည့် ကျောင်းနေဖက်တွေဖြစ်သည်။ သူလည်း ရှမ်းသွေးပါသူဖြစ်သည်။ ကျွန်တော် ကိုစိမ်းပွင့်နံဘေးမှ ဆိုဖာတွင် ဝင်ထိုင်လိုက်သည်။

"ဆိုပါဦးဗျ ... ဘာဇာတ်လမ်းလဲ။ 'Princess and a Photographer' ရုပ်ရှင်နဲ့လိုက်ဖက်တဲ့ တော်ဝင်လျှို့ဝှက်သည်းဖို ဇာတ်လမ်းလေးလား"

မေးခွန်းဆုံးတော့ ကျွန်တော်မသိမသာ တိမ်စင်နွယ်ကို လှမ်းကြည့်မိသည်။ တိမ်စင်နွယ် မျက်နှာဝင်းဝင်းလေးက တိမ်မဲညိုတွေ ဖုံးနေသည်။ သို့သော် ကိုမင်းဆွေက ခြောက်ကပ်ကပ် ရယ်လိုက်ပြီး ...

"ဒီလိုဗျာ ... ကိုစိမ်းပွင့်ကိုတော့ ညကြီးအချိန်မတော် လာပြီးနှောင့်ယှက်သလို ဖြစ်မယ်ဆိုရင် တောင်းပန်ပါတယ်။ ကျွန်တော် တာဝန်အရ





ဆောင်ရွက်ရတာပါ။ အမှုကတော့ ဒီဟိုတယ်အခန်းနံပါတ် (17) မှာတည်းခိုနေတဲ့ ရယ်ဂျီနယ်ကောလိပ်က ဆရာမဒေါ်တိမ်စင်နွယ်က ဖုန်းဆက်ပြီး အမှုဖွင့်တိုင်ကြားလိုက်လို့ ကျွန်တော် လာခဲ့ရတာပါ"

ကိုမင်းဆွေ၏ စကားအဆုံးတွင် အားလုံး၏အကြည့်တွေက ဆရာမတိမ်စင်နွယ်ဆီ တိုင်ပင်ထားသလို ကျရောက်သွားတော့သည်။ အားလုံး အံ့အားသင့်ပြီး အံ့သြနေကြ၏။ တိမ်စင်နွယ်က သူမ၏အခန်းထဲရှိ သီးသန့် 'ဒိုက်ဗိတ်ဖုန်း' မှ လှမ်းဆက်လိုက်ခြင်းဖြစ်ပေမည်။

"ဟုတ်ပါတယ်။ တိမ်စင်နွယ်ဆိုတာ ကျွန်မပါပဲ"

"ဩော် ... ဆရာမလား။ ဟုတ်ပြီဗျာ။ ကဲ ... ဒါဆို ပွင့်ပွင့်လင်းလင်းပဲ ကျွန်တော် ပြောတော့မယ်။ ဟောဒီဆရာမက သူ့အခန်းက ပစ္စည်းတစ်ခု၊ ဒီည ဆယ်နာရီခွဲလောက်မှာ ပျောက်သွားလို့တဲ့။ ဆရာမက သူညက (၁၀) နာရီလောက်မှာ စာဖတ်ပြီး ငြီးစီစီရှိတာမို့ ရေချိုးချင်တာနဲ့ ရေချိုးခန်းထဲသွားပြီး ရေနွေးနဲ့ရေစိမ်ပြီး ချိုးနေတယ်တဲ့။

ဒါပေမဲ့ ဆရာမက သူ့ကို လူတစ်ယောက်ယောက်က လိုက်ချောင်းပြီး တိတ်တိတ်ခိုးကြည့်နေတယ်လို့ ထင်တာမို့ ရေချိုးခန်းထဲက ချက်ချင်းပြန်ထွက်လာတော့ ဆရာမရဲ့ အခန်းတံခါးရှေ့က လူတစ်ယောက် ဖျတ်ခနဲထွက်သွားပြီး မှောင်ရိပ်ထဲ ပြေးဝင်ပျောက်ကွယ်သွားတာ မြင်လိုက်ရတယ်တဲ့။

အဲဒါနဲ့ ဆရာမက မသင်္ကာတာနဲ့ သူ့အခန်းကိုဖွင့်ပြီး ချက်ချင်းပဲ ပစ္စည်းတွေ စစ်ဆေးကြည့်လိုက်တော့ ထူးဆန်းတာက ဆရာမရဲ့ အဝတ်အစား သေတ္တာထဲမှာထည့်ထားတဲ့ စိန်ရွှေလက်ဝတ်လက်စားနဲ့ ငွေတွေတစ်ခုမှ မပျောက်ဆုံးဘဲ ဘယ်လိုမှ သူမမျှော်လင့်ထားတဲ့ ပစ္စည်းတစ်ခုပျောက်နေတာ သိရတယ်။ ဒီပစ္စည်းဟာ ဘာမှသိပ်မတန်ပေမယ့် ဒီပစ္စည်းထဲမှာ ဆရာမရဲ့ အင်မတန်တန်ဖိုးရှိတဲ့ ပစ္စည်းတွေရှိနေတယ်လို့ ဆရာမက ပြောတယ်"

"အဲဒီပစ္စည်းက ဘာပစ္စည်းလဲ။ ကျွန်တော်တို့ မသိရဘူးလား ကိုမင်းဆွေ"

www.burmeseclassic.com



ကိုစိမ်းပွင့်က ထိတ်လန့်သွားပုံနှင့် ဗျာဗျာသလဲလေး ဝင်မေးလိုက်သည်။

"ဒီပစ္စည်းက ဘာပစ္စည်းလဲဆိုတာကိုတော့ ကာယကံရှင် ဆရာမက လျှို့ဝှက်ထားပေးပါဆိုလို့ လောလောဆယ် ကျွန်တော် ဖွင့်မပြောနိုင်သေးပါဘူး ... ကိုစိမ်းပွင့်။ နောက်ပြီးတော့ ဆရာမက သူ့အခန်းရှေ့မှာ သူ ဖျတ်ခနဲတွေ့လိုက်ရတဲ့လူရဲ့ ပုံသဏ္ဌာန်ကို သူ သေသေချာချာ သိနေတယ်တဲ့။ အဲဒီလူဟာ ...."

"ဘယ်သူတဲ့ .... လဲ"

အသံ တုန်တုန်ယင်ယင်လေးနှင့် ခပ်တိုးတိုးမေးလိုက်သူက ကိုစိမ်းပွင့်ဖြစ်သည်။ သူ့မျက်နှာက ပန်းရောင်ပြေးနေသည်။

"အဲဒီလူဟာ ... တခြားလူမဟုတ်ဘူး။ ခင်ဗျားပဲ .... တဲ့။ မန်နေဂျာ ကိုစိမ်းပွင့်ပါလို့ ဆရာမက အတိအကျ ထုတ်ပြောတယ်"

BURMESE CLASSIC .com

"ဗျာ ........ ဟာ"

ကိုစိမ်းပွင့် အကြီးအကျယ် တုန်လှုပ်ချောက်ချားသွားသည်။ သူ့တစ်ကိုယ်လုံး တုန်ယင်နေသည်။ ကျွန်တော် သူ့ကို အရမ်းသနားသွားသည်။ ပြဿနာတော့ စပြီ။

"ဆောရီး .... ကိုစိမ်းပွင့်၊ ခင်ဗျားအခန်းကို ဝင်ရှာကြည့်ရလိမ့်မယ်။ ကျွန်တော်တို့မှာ ရှာဖွေပုံစံနဲ့ ဝရမ်းလည်းပါတယ်။ ရပ်ကွက်လူကြီးလည်း ပါလာတယ်။ ဆရာစိုးနဲ့ ဆရာမလည်း လိုက်ခဲ့ကြပါ။ ကျန်တဲ့လူတွေကတော့ ကျေးဇူးပြုပြီး ဒီဧည့်ခန်းထဲမှာပဲ နေနေပေးကြပါ။ ကဲ ... သွားကြမယ်"

ကိုမင်းဆွေနှင့် ဆရာမတိမ်စင်နွယ်တို့က ပြိုင်တူ ထရပ်လိုက်ကြသည်။ ကျွန်တော်လည်း ကိုစိမ်းပွင့်ကို အားနာလှသော်လည်း မနေသာဘဲ ထရပ်လိုက်ရ၏။ စိတ်ထဲကတော့ အလွန်မကောင်းပါ။ ကိုစိမ်းပွင့် အမှုက်ကစလို့ ပြဿဒ်မီးလောင်ပြီဟုသာ သဘောပေါက်လိုက်မိသည်။ သူ နောက်ဆုံးမှာ ဖြေးညင်းစွာ ထရပ်လိုက်သည်။ သူ့မျက်နှာကို ညှိုးနွမ်းစွာနှင့် အောက်စိုက်ထားသည်။

စိတ်ကူးသစ်စာပေ



ကျွန်တော်တို့ ကိုမင်းဆွေနောက်မှ ကိုစိမ်းပွင့်အခန်းရှိရာသို့ လိုက်ခဲ့ကြသည်။ ကိုစိမ်းပွင့်က သူ့အခန်းတံခါးကို သော့နှင့် ဖွင့်ပေးသည်။ သူ့လက်တွေ တုန်နေသည်။ ကိုမင်းဆွေက ကျွန်းတံခါးကို တွန်းဖွင့်ပြီး ရှေ့မှ အရင်လှမ်းဝင်လိုက်သည်။ ကျွန်တော်တို့က နောက်မှ လိုက်ဝင်လာကြသည်။ ကိုစိမ်းပွင့်၏အခန်းတစ်ခုလုံး မလုံ့တလုံ့ဘီကီနီ ရေကူးဝတ်စုံ းတွေနှင့် နိုင်ငံတကာမှ အမျိုးသမီးလေးများ၏ ပိုစတာရောင်စုံဓာတ်ပုံ တွေ လေးဘက်လေးတန် ပြည့်နေသည်။

ကိုစိမ်းပွင့်မျက်နှာ သွေးမရှိတော့သလို ဖြူဖတ်ဖြူလျော်ဖြစ်ကာ မ်းကို မျက်နှာပျက်နေ၏။ တိမ်စင်နွယ်လည်း ရှက်ယို့လျက် မျက်နှာကို ာက်ငုံ့ထားသည်။ ကိုမင်းဆွေနှင့် ရဲသားနှစ်ဦးက အခန်းတွင်းရှိ ပစ္စည်း ကို လှန်လှောရှာဖွေနေတော့သည်။

"ဟာ ... ဒီမှာ ဗိုလ်လေး ... အမျိုးသမီးအတွင်းခံဘောင်းဘီတွေ စ်ထပ်ကြီးပဲ"

ရဲသားတစ်ဦးက စားပွဲဆွဲအံထဲမှ အမျိုးသမီးအတွင်းခံ ရောင်စုံ ာင်းဘီထပ်ကြီးကို ဆွဲထုတ်ပြီး စားပွဲပေါ် တင်ပြသည်။ ကိုမင်းဆွေနှင့် ရာမ ဘောင်းဘီထပ်ကြီးအနီးသို့ ရောက်သွား၏။ ဆရာမက ဘောင်းဘီ ွေကို တစ်ထည်ချင်း ကောက်ကြည့်သည်။ ပြီးနောက် ကိုမင်းဆွေကို ခါင်းခါပြသည်။

"ဟာ ... ဒီမွေ့ရာအောက်မှာလည်း ဘောင်းဘီတွေ"

လူဆိုးထိန်းအောင်ဒင်၏ ခပ်မြူးမြူးအော်လိုက်သံဖြစ်သည်။

သူက ခုတင်ပေါ်မှ မွေ့ရာထူထူကြီးကို မ,ပြီး လှန်လိုက်သည်။ မွေ့ရာအောက်တွင် ခင်းထားသည့် ထိုင်းပလတ်စတစ်ဖျာပေါ်တွင် ရောင်စုံ အတွင်းခံဘောင်းဘီတွေ ပြန့်ကျဲနေ၏။

ဆရာမနှင့် ကိုမင်းဆွေ ဘောင်းဘီတွေကို ကြည့်ကြသည်။ လိမ္မော် ာင် ဘောင်းဘီလေးငါးထည်ကို ဆရာမက သေချာယူပြီး စစ်ဆေးဖြန့်ကြည့် သည်။

"မဟုတ်သေးဘူးရှင့်"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



၃–လုံးမြို့ရေးမှူး ကိုမင်းဆွေက ခုတင်အောက်မှ အလူမီနီယံ အ ဆောင်သေတ္တာကို လှမ်းကြည့်လိုက်ပြီးလျှင် ...

"ကဲ ... ကိုစိမ်းပွင့်၊ ဒီသေတ္တာတစ်လုံးပဲ ကျန်တော့တယ်။ အ ဆုံးသည်း ရှာတာနဲ့နေပြီ၊ ဒီသေတ္တာသော့ခတ်ထားလား။ ဖွင့်ပေးဗျာ။ ဆ တော့နပ်အောင် ... ကြည့်ဗျာ"

ကိုစိမ်းပွင့် ဘာမှမပြောဘဲ တုန်တုန်ယင်ယင်နှင့် သေတ္တာကို ဖွင့်ပေးသည်။ ကိုစိမ်းပွင့် မျက်နှာပြန်မော့လိုက်တော့ သူ့မျက်ဝန်းတွင် မျ ရည်ပွင့်တွေ ရွဲနင့်နေသည်။ ဆရာမတိမ်စင်နွယ် သူ့ကို ဖျတ်ခနဲ လှမ်းကြ မိလိုက်ပြီး စိတ်ထိခိုက်လှုပ်ရှားသွားသည့် မျက်ဝန်းတွေကို ကျွန်တော် သ ထားမိလိုက်သည်။

"ကဲ ... ဆရာမ၊ ကျေနပ်အောင် ရှာကြည့်ပါ"

ကိုမင်းဆွေ၏အသံဖြစ်သည်။ တိမ်စင်နွယ် အလူမီနီယံသေတ္တာ ဖြေးညင်းစွာ ဖွင့်မ,လိုက်သည်။ ကျွန်တော်တို့ အားလုံးသေတ္တာထဲမှ ပစ္စည်း တွေကို မြင်လိုက်ကြရသည်။ အဝတ်အစားတွေအားလုံးက အဖိုးတန်ပစ္စည်း တွေဖြစ်သည်။ အနောက်တိုင်းဝတ်စုံတွေနှင့် မြန်မာ့ဝတ်စုံအမျိုးမျိုးဖြစ်သည် အဝတ်အစားတွေ အားလုံးကလည်း အရောင်အသွေးနုနုလေးတွေသာ ဖြ ကြပါသည်။ ပြီးနောက် အဝတ်အစားတွေက မွှေးကြိုင်နေသည်။

တိမ်စင်နွယ်က အဝတ်အစားတွေကို တစ်ထည်ချင်းဖြန့်ခါပြီး ကြည့် နေသည်။ စစ်ဆေးပြီးသားအဝတ်တွေကို ခုတင်ပေါ် တင်ထားသည်။ အဝ အစားများသေတ္တာ တစ်ဝက်ကျိုးသွားခဲ့ပြီဖြစ်သည်။ တိမ်စင်နွယ် လ လျှော့ရတော့မလို ရှိသည်။

ထိုစဉ် သူမ ထူးခြားအံ့ဩဖွယ်ရာ ပစ္စည်းတစ်ခုကို အမှတ်မထ တွေ့လိုက်ရ၏။ ထိုပစ္စည်းလေးက ရွှေဝါရောင်ဖလန်နယ် 'ကလေးဝတ် အနွေး ထည် အင်္ကျီလေးတစ်ထည်' ဖြစ်သည်။ ထူးထူးဆန်းဆန်း။ ပို၍ ထူးဆ သည်က ထိုအနွေးထည်အင်္ကျီပေါ်မှ အဖြူရောင်ဗိုက်ကတ် စာရွက်ကတ်ပြား လေးပေါ်တွင် ရေးထိုးထားသော စာတမ်းကလေးဖြစ်၏။ စာတန်းလေး ပန်းချီလက်ရေး စာလုံးလေးတွေဖြစ်သည်။





"အသက်တမျှ ချစ်ရတဲ့ ....

'သား' အတွက်၊

မွေးနေ့လက်ဆောင်"

(မေမေ)

တိမ်စင်နွယ် ငုံ့ကြည့်နေလျက်မှ ကတ်ပြားဖြူဖြူလေးပေါ်က စာလုံး ရောင်လေးတွေကို စိတ်ထဲမှ ဖတ်ကြည့်မိရင်း ရင်ထဲတွင် လှုပ်ခတ် သည်။ သူမ အမှတ်တမဲ့ ရွှေရောင်ဖလန်နယ်အင်္ကျီလေးကို လှမ်းကောက် ပြီး ဖြန့်၍ ထောင်ကြည့်လိုက်သည်။ ထိုစဉ် အနွေးအင်္ကျီခေါက်ထဲမှ မမျှော်လင့်မိသည့် ပစ္စည်းလေးတစ်ခု ဖြေးညင်းစွာ သူမပေါင်ပေါ် ကျလာသည်။

"ဟင် ..."

ထိုပစ္စည်းလေးကတော့ ........

သူမ စိုးရိမ်တကြီး လိုက်ရှာနေသည့် သူမ ပျောက်ဆုံးသွားသော 'လိမ္မော်ရောင် အတွင်းခံဘောင်းဘီ' ကလေးဖြစ်နေသည်။ ချက်ချင်း သိလိုက်သည်။ အတွင်းခံဘောင်းဘီ အနားသတ်နှုတ်ခမ်း ပတ်ပတ် မှာ ရွှေရောင်ပိုးသားလက်လက်အစလေးတွေ ဖောက်စီထားသည်။ သေ သည်။

တိမ်စင်နွယ် အံ့ဩနေလျက်မှ ပို၍သေချာစေရန် အတွင်းခံဘောင်း လေးကို ပေါင်ပေါ်မှ ဆတ်ခနဲကောက်ယူလိုက်ကာ ဘောင်းဘီရှေ့ဖုံးအတွင်း ကပ်လေးကို စမ်းကြည့်လိုက်သည်။ အတွင်းမှ ဂွမ်းကပ်လေးနှင့် ခံချုပ် သော ကတ္တီပါအိတ်လေးကို သူမ စမ်းမိလိုက်သည်။

တိမ်စင်နွယ် အရမ်းဝမ်းသာသွားသည်။

"ဟာ ... ဒါ ... ဒါ ... ကျွန်မ အတွင်းခံဘောင်းဘီပဲ။ တွေ့ပြီ၊ ပြီ"

တိမ်စင်နွယ်လိမ္မော်ရောင် အတွင်းခံဘောင်းဘီလေးကို ကောက် ပြီး ထရပ်လိုက်သည်။ သူမ၏ အော်သံလေးကြောင့် အားလုံး အာရုံတွေ သို့ စုပြုံကျရောက်သွားတော့သည်။ ကိုစိမ်းပွင့်ကလွဲပြီး ကျန်လူများ



www.burmeseclassic.com

www.burmeseclassic.com



အားလုံး သူမအနီးတိုးကပ်သွားကြ၏။ သူမက ဘောင်းဘီတိုလေးကို မြှော

ပြီး ...

"ဒီမှာ ... ဗိုလ်လေး၊ ဒါ ကျွန်မဘောင်းဘီဆိုတာတော့ သေ

တယ်။ ရှေ့က အတွင်းခံအိတ်လေးကို စမ်းကြည့်တော့လည်း အထဲ

တဗ္ဗီပါဂွမ်းကပ်အိတ်လေး ရှိနေတယ်။ ဒါပေမဲ့ သေချာအောင် ဖွင့်ကြည့်

မယ်။ ရော့ ... ဗိုလ်လေးကိုယ်တိုင်ဖွင့် အထဲမှာ ကျွန်မပစ္စည်းတွေ မ

သိရအောင်"

တိမ်စင်နွယ်က သူမ၏ ဘောင်းဘီတိုလေးကို လှမ်းပေးရန်

လိုက်၏။ ကိုမင်းဆွေ တွန့်ခနဲဖြစ်သွားကာ ...

"ဟာ ... နေဦး ... ဆရာမ"

ကိုစိမ်းပွင့်ဆီ ကိုမင်းဆွေက လှမ်းကြည့်လိုက်သည်။ ကိုစိ

မျက်ရည်များပါးပြင်ပေါ် စီးကျလျက် ခုတင်ခြေရင်းအနီးတွင် ခေါင်း

စိုက်ချပြီး ရပ်နေသည်။

"ကိုစိမ်းပွင့် ... ဘယ်လိုလဲ။ ခင်ဗျားအမှန်အတိုင်း ဖွင့်ပြော

ကောင်းလိမ့်မယ်ထင်တယ်။ အခု ဒီမှာပစ္စည်းကိုလည်း ခင်ဗျားသေတ္တာ

ကပဲ တွေ့ရတယ်ဆိုတော့ သက်သေတွေလဲရှိတယ်။ ခင်ဗျား ဘာပြော

ကိုစိမ်းပွင့် မျက်နှာလေးညှိုးငယ်စွာနှင့် မော့လာသည်။ သူ ကြ

ငိုထားပုံရ၏။ မျက်ဝန်းထဲမှာ မျက်ရည်စတွေနှင့် နီရဲနေသည်။

"ဟုတ်ပါတယ်။ ကိုမင်းဆွေ ... ကျွန်တော် ဝန်ခံပါတယ်။

တော် မှားပါတယ်။ ကျွန်တော် လူပျော့လူညံ့တစ်ယောက်ပါ။ ကျွန်

အမျိုးသမီးအတွင်းခံဘောင်းဘီလေးတွေ တွေ့ရင် စိတ်ထဲက မနေနိုင်

အရမ်းလိုချင်မိတယ်။

ဒါကြောင့် မနေနိုင်တဲ့အဆုံး ကျွန်တော် အဲဒီဘောင်းဘီလေး

ခိုးခိုးပြီး စုဆောင်းသိမ်းဆည်းထားခဲ့တာ။ ကျွန်တော် ဆယ့်လေးငါးနှစ်

ထဲကပါ။ အခု ဒီဆရာမရဲ့ ဘောင်းဘီလေးကိုလည်း ကျွန်တော် စိတ်

နိုင်လွန်းလို့ အရဲစွန့်ပြီး ဝင်ခိုးခဲ့မိပါတယ်။ ကျွန်တော်ကို ထိုက်တန်တဲ့

သာပေးပါတော့။ ကျွန်တော် ခံယူဖို့ အသင့်ပါပဲ"





သူပြောပြီး တဟင့်ဟင့် ရှိုက်ငိုနေပါသည်။

ကျွန်တော်တို့အားလုံး စိတ်ထိခိုက်စွာနှင့် ကိုစိမ်းပွင့်ကို ငေးကြည့်

နေမိကြသည်။ တိမ်စင်နွယ်လည်း ကိုစိမ်းပွင့်ကို သနားသွားပုံရ၏။

"ဒါဆို ... ဒီအတွင်းခံဘောင်းဘီလေးထဲမှာ ဘာပစ္စည်းတွေ ရှိ

သလဲဆိုတာ ခင်ဗျားမသိဘူးပေါ့ ... ဟုတ်လား"

"ဗျာ ... ဘာပစ္စည်းတွေလဲ။ ကျွန်တော် ဘာမှမသိဘူး။ တကယ်

ပြောတာပါ။ ကျွန်တော့်ဝါသနာက အမျိုးသမီးတွေဆီက အတွင်းခံဘောင်းဘီ

လေးတွေကို လျှို့ဝှက်ယူပြီး အမြတ်တနိုးနဲ့ သိမ်းဆည်းထားချင်တာပဲရှိ

တယ်။ တခြား ဘာပစ္စည်းတွေကိုမှ ကျွန်တော် မက်လည်းမမက်ဘူး၊ စိတ်

လည်း မဝင်စားဘူး"

ကိုမင်းဆွေက တိမ်စင်နွယ်ကို လှမ်းကြည့်သည်။ ကိုစိမ်းပွင့်ပြော

သာ ဖြစ်နိုင်သည်။ သူ့မျက်နှာက သူ ဘာမှမသိဘူးဆိုတာ သူ့မျက်လုံးတွေက

သက်သေခံနေသည်။

"ကဲ ... ဆရာမ၊ ဒါဆိုလဲ သူက သူယူခဲ့တယ်လို့ ဝန်ခံနေပြီဆို

တော့ ကျွန်တော်တို့ရှေ့မှာပဲ ဆရာမဘောင်းဘီထဲက ပစ္စည်းတွေကို ဆရာမ

ကိုယ်တိုင်ပဲ ဖွင့်ကြည့်လိုက်ပါ"

"ဒါဆိုလဲ ကောင်းပြီလေ"

တိမ်စင်နွယ်က အနီးရှိ စာရေးစားပွဲဆီလှမ်းလာပြီး အားလုံး၏

ရှေ့မှာ အတွင်းခံဘောင်းဘီ လိမ္မော်ရောင်လေးကို စားပွဲပေါ် ဖြန့်ချလိုက်၏။

ပြီးနောက် စားပွဲပေါ်ရှိ ဖန်အိုးပုလေးထဲမှ အသင့်တွေ့ရသည့် စာရွက်ဖြတ်

သော ကတ်ကြေးလေးကို လှမ်းယူလိုက်ကာ ဘောင်းဘီအရှေ့ဘက်အတွင်းမှ

ခေါက်ထပ်ခံပြီးချုပ်ထားသည့် အပ်ချည်စများကို ညှပ်ဖြေဖွင့်လိုက်သည်။

ပြီးနောက် ဟသွားသောအတွင်း အိတ်ရှည်မျော့မျော့လေးထဲမှ

ပစ္စည်းလေးတစ်ခုကို ဆွဲယူလိုက်ပါသည်။ ပစ္စည်းလေးက ပန်းရောင်ကတ္တီပါ

အိတ်ရှည်လေးတစ်ခုဖြစ်သည်။ အားလုံး အံ့အားသင့်နေသည်။

တိမ်စင်နွယ်က ကတ္တီပါအိတ်ကလေးကို ကပ်ကြေးလေးနှင့် ချုပ်

ကြိုးများကို ညှပ်လိုက်ပြီး အထဲမှ ဂွမ်းထုပ်ဖြူဖြူလေးကို ညင်သာဆွဲယူလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြီးနောက် ဂွမ်းဖတ်လေးကို အပေါ်မှ ဖြည်းဖြည်းလေး ဖွင့်ဖယ်ပြ လိုက်သည်။ မီးရောင်အောက်တွင် ဂွမ်းစလေးက တဖျတ်ဖျတ် လက်တောက် သွားလေသည်။

''ဟင် ....စိန်တွေပါလား''

ကျွန်တော့်နှုတ်က ပွင့်ထွက်သွားပါသည်။ မှန်ပါသည်။ အောက်ခံ ဂွမ်းစပြားလေးပေါ်မှာ တစ်ရတီကိုက်အရွယ်၊ တောက်ပပွင့်လက်နေသည့် ပထမတန်းစားစိန်များကို တွေ့လိုက်ရလေရာ စာရေးဆရာတစ်ပိုင်း၊ ရတနာ ကုန်သည်တစ်ပိုင်းဖြစ်သူ ကျွန်တော်ပင်လျှင် ရင်တွေတလှပ်လှပ် ခုန်သွား ရသည်။

''ဟုတ်တယ်ဗျ ...စိန်တွေပဲ။ အဲဒါကြောင့် ဆရာမက ကျွန်တော် တို့ဆီ စိုးရိမ်ပြီး ဖုန်းဆက်လှမ်းအကြောင်းကြားခဲ့တာပေါ့။ နို့မဟုတ်ရင်တော့ ဒီအတွင်းခံဘောင်းဘီလေး တစ်ထည်လောက်အတွက်နဲ့တော့ ဘယ်အလုပ် ရှုပ်ခံနေတော့မှာလဲဗျာ''

ဟု ကိုမင်းဆွေက ဝင်ပြီး ရှင်းပြသည်။

''ဟုတ်ပါတယ်။ ဒီစိန်တွေကို ရန်ကုန်ဆင်းပြီး ဘဏ်တစ်ခုမှာ အပ်ထားမလို့။ ဒါပေမဲ့ ရန်ကုန်မဆင်းဖြစ်သေးတာနဲ့ အခု ဒီကိုလာရင်း ခ လမ်းမှာ မကြာခဏ ကားတွေကို ဓားပြတိုက်တတ်တယ်ဆိုလို့ ကျွန်မလည်း စိတ်ကူးရမိပြီး လုံခြုံစိတ်ချရအောင် ဘယ်သူမှ မထင်မှတ်နိုင်တဲ့နေရာ အန်း ဝယ်ယာထဲမှာ လျှို့ဝှက်သိမ်းဆည်းလာခဲ့မိတာ''

ဆရာမ တိမ်စင်နွယ်ကလည်း ရှက်ရွံ့နေဟန် အမူအရာဖြင့် သူမ အတတ်ဆန်းလေး ထွင်လာခဲ့ပုံအကြောင်းကို ဖွင့်ပြောပြသည်။ ထို စိန်ပွင့် များမှာ အားလုံးအပွင့် (၅၀) ရှိပြီး ရတီခုနှစ်ဆယ့်နှစ်ရတီရှိကာ ခေတ်ကာလ ပေါက်ဈေး သိန်း (၅၀) ကျော်ခန့်တန်သည်ဟု သိရ၏။ ထိုစဉ်က သိန်း(၅၀) သည် နောက်ဆုံးပေါ် ခေတ်မီအပျံစား ကားတစ်စီး၊ ရန်ကုန်မြို့လယ်ခေါင် က တိုက်ခန်းတစ်ခန်းနှင့် ဆယ်လူလာဖုန်းတစ်လုံး ဝယ်နိုင်သည့် အဆင့်ရှိ သည်။





ထိုစိန်ပွင့်ထုပ်လေးနှင့် လိမ္မော်ရောင်အတွင်းခံ ဘောင်းဘီလေးကို ဆရာမတိမ်စင်နွယ်က ပြန်လည်ပြီး တယုတယထုပ်သိမ်းနေစဉ် ကိုစိမ်းပွင့် က သူ့ခုတင်ပေါ်တွင် ထိုင်လျက် ရှိုက်ငိုနေသည်။

''ကျွန်တော် ဒီစိန်တွေကို သိလည်းမသိဘူး။ မက်လည်း မမက် ခဲ့ပါဘူး ...ဆရာမရယ်။ ကျွန်တော် အမှန်အတိုင်း ပြောတာပါဗျာ။ ကျွန်တော့် ...ကျွန်တော့်စိတ်တွေ မထိန်းနိုင်လွန်းလို့ ဆရာမရဲ့ အတွင်း ခံဘောင်းဘီလေးကိုသာ အမှတ်တရ သိမ်းဆည်းထားချင်လို့ ယူခဲ့မိတာပါ။ ကျွန်တော့်ကို ဆရာမ ပေးချင်တဲ့အပြစ်ပေးပါ။ ကျေနပ်သလို သာလုပ်ပါ။ ကျွန်တော် ခံပါ့မယ်''

ကိုစိမ်းပွင့် ပြောရင်း ရှိုက်ငိုနေပါသည်။

အခန်းတစ်ခုလုံး သူ့ငိုသံမှတစ်ပါး အံ့သြဖွယ်ရာ ငြိမ်သက်တိတ် ဆိတ်နေပါသည်။ ကျွန်တော်တို့အားလုံးလည်း သူ့ကိုလှမ်းကြည့်ပြီး ငိုင်နေ ကြသည်။ ဆရာမတိမ်စင်နွယ်၏ မျက်လုံးတွေကလည်း ထိခိုက်ကြေကွဲ ခံစား နေရသည်ဟု ထင်ပါသည်။

အပြင်တွင် စိတ္တဇလေခြမ်းလေးက တိမ်တွေကို ကလူကျီစယ်နမ်း ရင်း စိန်ပြေးတမ်း ကစားနေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

နယ်ထိန်းခေါင်းဆောင် ဒုလုံခြုံရေးမှူး ကိုမင်းဆွေက သက်သေ များရှေ့တွင် ရဲလုပ်ငန်းစဉ်နှင့်အညီ ပစ္စည်းများကို သိမ်းဆည်းခဲ့သည်။

ကျွန်တော်နှင့် ဆရာမတိမ်စင်နွယ် ရဲစခန်းသို့ ဟိုတယ်မှကား လိုက်ပါလာခဲ့ကြသည်။ ရဲကပုဒ်မ(၃၈၁)ဖြင့် အမှုဖွင့်ဆောင်ရွက်ခဲ့ပြီး ကိုစိမ်း ပွင့်ကိုစစ်ဆေးရာ သူကိုယ်တိုင် သော့တူတစ်ချောင်းနှင့် ဝင်ရောက်ခိုးယူ ကြောင်း ဝန်ခံခဲ့သည်။ ကိုစိမ်းပွင့်ကို ရဲစခန်းတွင် ချုပ်ထားလိုက်၏။ တိမ်စင် နွယ်နှင့် ကျွန်တော် ဟိုတယ်ပြန်ရောက်တော့ နံနက်လေးနာရီခန့် ရှိပြီ သည်။

ကျွန်တော် အိပ်ရာမှနိုးလာတော့ ဆယ့်တစ်နာရီခွဲရှိပြီ။ ကျွန်တော် ရေချိုးအဝတ်အစားလဲပြီး နံနက်စာ ထမင်းကြော်တစ်ပွဲ မှာစားကာ ကိုစိမ်း ပွင့်အတွက် ခေါက်ဆွဲကြော်တစ်ပွဲ ကြော်ခိုင်းလိုက်၏။ ပြီးနောက် ကျွန်တော် ရဲစခန်းသို့ ထွက်လာခဲ့သည်။ ကိုမင်းဆွေက စီစဉ်ပေးသဖြင့် စခန်းမှူး ခွင့်ပြုချက်ဖြင့် ကျွန်တော် ကိုစိမ်းပွင့်ကို ဝင်တွေ့ခွင့်ရခဲ့သည်။

ကိုစိမ်းပွင့်က သံတိုင်တွေကြားမှ ကျွန်တော့်ကို ယဲ့ယဲ့ငေးကြည့် ကာ ညှိုးနွမ်းစွာနှင့် ကြိုဆိုသည်။

''ဆရာ . . . ဂရုတစိုက် ကျွန်တော့်ကို လာတွေ့တာ ကျေးဇူးတင် ပါတယ်။ ဝမ်းလည်းသာပါတယ် ဆရာ။ ဆရာ့ရဲ့စေတနာနဲ့ စိတ်ထားကိုလည်း ကျွန်တော် လေးစားပါတယ်။ ဆရာ ကျွန်တော့်ကို အရိပ်အမြွက် သတိပေး ခဲ့ရက်သားနဲ့ ကျွန်တော် ကိုယ့်စိတ်တွေ ကိုယ်မနိုင်ဘဲ တဒင်္ဂစိတ်ရိုင်းပေ





တွေထဲ စိတ်ကူးယဉ်လွင့်မျောပြီး ဆရာပြောသလို 'အငွေ့' နဲ့ ခံစားတပ်မက် ချင်တဲ့စိတ်ကြောင့် ကျွန်တော် ဒီလိုဖြစ်ရတာ။ အခုတော့ ကျွန်တော် နားလည် ပါပြီ''

''စိတ်မကောင်းမဖြစ်ပါနဲ့ . . . ကိုစိမ်းပွင့်ရာ။ မတော်တဆ တိုက် ဆိုင်မှုလေးကြောင့် ဖြစ်သွားရတာပါ။ ဆရာမလည်း စိတ်ထိခိုက်သွားပုံရ တယ်။ ခင်ဗျားမှာ ဒီရည်ရွယ်ချက်မရှိဘူးဆိုတာ သူသိပါတယ်။ ဆရာမ တိမ်စင်နွယ်ကလည်း နိုင်ငံခြားက "Social Seience Psychology" နဲ့ Ph.D ဘွဲ့ရလာခဲ့တဲ့သူပဲ။ ခင်ဗျားကို နားလည်မယ်လို့ ကျွန်တော်ယုံတယ်။ သံသယ ရဲ့အကျိုးကို ခင်ဗျား ခံစားရမှာပါ''

ထူးဆန်းစွာ သူ့မျက်ဝန်းမှုန်မှုန်တွေထဲမှာ ကြည်လဲ့လဲ့အပြုံးပွင့် လေးတစ်ခု ပေါ်လာသည်။ ကိုစိမ်းပွင့် ကျေနပ်စွာ ငွေ့ငွေ့ပြုံးလိုက်၏။

''ဘာပဲဖြစ်ဖြစ်၊ ကျွန်တော်ကတော့ ဒီလိုဖြစ်သွားတာကိုပဲ ကျွန် တော့်စိတ်ထဲကနေ ဆရာမကို ကျေးဇူးတင်နေတယ်။ ဒီလိမ္မော်ရောင်ဘောင်း ဘီလေးကိုလည်း ကျွန်တော် မမေ့တော့ဘူး။ ဆရာမကိုလည်း ကျွန်တော့် တစ်သက် အမြဲသတိရနေတော့မှာပဲ။ ဘာကြောင့်လဲဆိုတော့ ကျွန်တော့်ရင် ထဲက 'စိတ်ဒဏ်ရာ'တွေ တငွေ့ငွေ့ လွင့်ပျောက်သွားပြီ။ ဟာ . . . ကျွန်တော် ကျေနပ်တယ်ဗျာ . . . ဆရာစိုး''

''ဟုတ်လား . . .။ ခင်ဗျားက ဘယ်လိုစိတ်ဒဏ်ရာတွေ အရင်က ခံစားနေခဲ့ရလို့လဲ''

''ဒီလိုဆရာရဲ့ . . . ကျွန်တော့်အဖေက အဲဒီတုန်းက မြို့ပိုင်ပါ။ အဖေဟာ ပညာတတ် မျိုးကြီးဆွေကြီးထဲက။ ပြီးတော့ ဘာသာရေးသမား။ သိမ်မွေ့နူးညံ့တယ်။ ကုန္ဒြေသိက္ခာနဲ့ ရှက်ကြောက်တတ်တယ်။ အဲ . . . ဒါပေမဲ့ ကျွန်တော့်အမေကတော့ အဖေနဲ့ လုံးဝကွဲပြားတယ်။

အမေက ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆိုရင် ခေတ်ဆန်တယ်။ ငယ်ရွယ်ချောလှပြီး စိန့်ကျောင်းထွက်ပီပီ အနောက်တိုင်း ယဉ်ကျေးမှုကို အထင်ကြီးတယ်။ ပါတီပွဲတွေ နိုက်ကလပ်တွေ တက်တယ်။ ယောက်ျားတွေ နဲ့ ရင်ဘောင်တန်းပြီး ဆိုရှယ်ကျတယ်။



www.burmeseclassic.com

www.burmeseclassic.com



မြို့ပိုင်ကတော်တစ်ဦးပီပီ မင်းကတော် စိုးကတော်တွေနဲ့တွဲပြီး ခေတ်ရေစီးထဲ လိမ့်မျောသွားနေတယ်။ ကျွန်တော့်ကို အမေက ချစ်တယ်လို့ ပြောပေမယ့် ကျွန်တော်ဟာ နို့စို့အရွယ်ကတည်းက အိမ်ဖော်တွေလက်ထဲမှာပဲ ကြီးပြင်းခဲ့ရတယ်။ အဖေကလည်း အရက်ရဲ့ကျေးကျွန်ဘဝ ရောက်လာတယ်''

ကျွန်တော့်ကို ကိုစိမ်းပွင့်က သူ၏ ဘဝကောက်ကြောင်းလေးတွေကို ကြေကွဲစွာ တစ်စစီ ဆွဲထုတ်ပြသည်။ စင်စစ် သူသည် သနားစရာ 'ဘဝ၏သားကောင်' ဖြစ်ခဲ့ရရှာသည်။

''နောက်တော့ ကျွန်တော် ငါးနှစ်သားအရွယ်မှာပဲ၊ အဖေနဲ့အမေ ရန်တွေဖြစ်ကြပြီး တရားရုံးမှာ အကြီးအကျယ် အမှုတွေဖြစ်ကြရင်း ကွာရှင်းလိုက်ကြတယ်။ ကျွန်တော်က အဖေနဲ့ ကျန်ရစ်ခဲ့တယ်။ အမေကတော့ သူနဲ့ အမြဲတွဲနေတဲ့ လူတစ်ယောက်နဲ့ ယူလိုက်တယ်။ အဖေက အဲဒါ သူနဲ့ရုပ်နေတဲ့အကောင်လို့ပြောတဲ့ ဝတ်လုံတစ်ယောက်ဖြစ်တယ်။ အဲဒီဝတ်လုံမှာလည်း အမေ့အပြင် အခြားမိန်းမနှစ်ယောက်တောင် ရှိသေးတယ်တဲ့။ ကျွန်တော်ကတော့ အမေ့ကိုပဲ အမြဲသတိရပြီး တမ်းတရင်း ငိုငိုနေခဲ့တယ်။

ဒီတော့ အဖေက အရက်တွေသောက်နေရင်း မင်းအမေက နှလုံးသားမရှိတဲ့ မိန်းမပျက်။ သစ္စာတရားမရှိ လင်နဲ့သားကို ချစ်ရမှန်းမသိတဲ့ စက်ရုပ်ပဲ။ မင်း လွမ်းဆွေးမနေနဲ့။ ဒီစုန်းမကြီးကို မင်းမကြောက်ဘူးလား။ မင်း သူ့ကို သတိရနေလည်း အပိုပဲ။

သူက ဟိုမှာ ငရဲသားတွေနဲ့တွေ့ပြီး ပျော်နေမှာပဲ။ မိန်းမဆိုတာ အင်မတန်ကြောက်စရာကောင်းတယ်။ မင်း ဘယ်တော့မှမချစ်နဲ့၊ ရွံစရာကောင်းတယ် သိလားလို့ အဖေက ပြောတယ်။ အဲဒီအချိန်ကစပြီး ကျွန်တော့်စိတ်ထဲမှာလည်း မိန်းမတွေကိုမြင်ရင် ကြောက်တဲ့စိတ်၊ ထိတ်လန့်ရွံရှာတဲ့စိတ် Phobis တွေပေါ့။ ကျွန်တော့်ရဲ့စိတ် Unconscious ထဲမှာ ဝင်နေခဲ့တယ် ဆရာ''

သူ စကားကို ခေတ္တရပ်လိုက်ပြီး ရီဝေဆွေးမြေ့စွာ ကျွန်တော့်ကို စိုက်ကြည့်နေသည်။ သို့သော် သူ့အကြည့်က ပစ္စုပ္ပန်လောကထဲမရှိ၊ အတိတ်





၏ ဟိုဝေးဝေးတစ်နေရာဆီ လွင့်သွားနေသည့် ထင်ရ၏။ ကျွန်တော် သက်ပြင်းငွေ့လေး ချလိုက်သည်။ ကျွန်တော် သူ့ကို နားလည်သလို ခံစားလိုက်ရသည်။

သူက ဆွေးကြင်စွာ ပြုံးလိုက်ရင်း စကားဆက်သည်။

''ဒါပေမဲ့ ကျွန်တော် ခုနှစ်နှစ်သားအရွယ်မှာ ညဘက်ကြီး အမေ ကျွန်တော့်ဆီရောက်လာပြီး ကျွန်တော့်ကို ရင်ခွင်ထဲမှာ ပွေ့ထားရင်း အမေငိုတယ်။ အဲဒီနေ့ဟာ ကျွန်တော့်မွေးနေ့ပဲ။ အမေ့ရုပ်ကလည်း မလှတော့ဘူး။ ပိန်ခြောက်မည်းနက်နေပြီး အင်္ဂလိပ်ရုပ်ရှင်ကားတွေထဲက စိတ္တဇလူသတ်သမား မိန်းမရုပ်မျိုးကြီး ပေါက်နေတယ်။ ဆံပင်တွေကလည်း ရှုပ်ပွလို့။ ကျွန်တော် အရမ်းကြောက်တာပဲ။ ကျွန်တော့်တစ်ကိုယ်လုံး အမေ့ရင်ခွင်ထဲမှာ တုန်နေတယ်။

အမေက ကျွန်တော့်ကို ရွှေရောင်အနွေးထည် အင်္ကျီလေးတစ်ထည်ပေးပြီး အိမ်ထဲက ပြန်ထွက်သွားတယ်။ မနေ့ညက ဆရာတို့တွေ့ခဲ့တဲ့ ကျွန်တော့်သေတ္တာထဲက ရွှေရောင်အနွေးထည်လေးပဲပေါ့။ အဲဒီ အမေ့အနွေးထည်လေးထဲမှာ ကျွန်တော် ဆရာမရဲ့ လိမ္မော်ရောင်ဘောင်းဘီလေးကို အမြတ်အနိုးနဲ့ ဝှက်သိမ်းထားခဲ့တာလေ။

အခု ဒီအိပ်မက်လေး ပျက်ပြယ်သွားပြီဆရာ။ အင်း ... ကျွန်တော်လည်း အခု ဆရာမရဲ့ စိန်ပွင့်လေးတွေကြောင့် ကျွန်တော့်ကို နှစ်ပေါင်းများစွာ အဆီးချုပ်နှောင်ပြုစားထားတဲ့ အိပ်မက်ဆိုးထဲက ကျွန်တော် လန့်နိုးလွတ်မြောက်သွားခဲ့ရပါပြီ ဆရာ။ ကျွန်တော် ကျေးဇူးတင်ပါတယ်ဆရာ''

သူ ... အလွန်ထူးဆန်း အံ့ဩစရာကောင်း၏။ ကြည်နူးစွာလေး ရှိုက်ငွေ့ငွေ့ ပြုံးနေလေသည်။ အချုပ်ခန်းထဲတွင် သူ့လို ရွှင်မြူးလှပစွာ ပြုံးနေမည့်လူသားတစ်ဦး၏ မျက်နှာဒီဇိုင်းတစ်ခုကို သင် ဘယ်တော့မှ တွေ့ဖူးနိုင်မည်မထင်ပါ။ ကျွန်တော် ကိုစိမ်းပွင့်ကို နားမလည်နိုင်သည့် Emotion စိတ်ထိခိုက်လှုပ်ရှားခြင်းတစ်မျိုးဖြင့် ငေးစိုက်ကြည့်နေမိတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

"အဲဒါပါပဲ . . . ဆရာမရယ်၊ ကိုစိမ်းပွင့်ရဲ့ဘဝက သနားစရာပါ ပဲ။ တကယ်တော့ သူဟာ ငယ်စဉ်ကလေးဘဝ အရွယ်ကတည်းက စိတ်ဒဏ် ရာသင့်ခဲ့ပြီး 'စိတ်ယိုယွင်းမှု' (Dementis) ရခဲ့ပြီး ကျွန်တော့်အထင် 'တက်စ် တိုစတီရုန်း' အချိုးမညီမှုမှုတွေ ဖြစ်ခဲ့မယ်လို့ ထင်ပါတယ်။

သူကိုယ်တိုင်ကလည်း ကျွန်တော့်ကို 'Carnality Phobia' တွေ ဝင်နေတာကြာပြီလို့ ဖွင့်ပြောခဲ့တယ်။ ဆရာမလည်း Psychologist တစ် ယောက်မို့ ကိုစိမ်းပွင့်ကို နားလည်နိုင်လိမ့်မယ် ထင်ပါတယ်။ သူ့အတွက် 'ဆိုက်ကိုသရပီ' (Psychotherapy) လိုနေပါတယ် ဆရာမ"

ကျွန်တော်က ကိုစိမ်းပွင့်နှင့်ပတ်သက်ပြီး ကျွန်တော် သိမြင်ထား ခဲ့ရတာတွေနှင့် သန်းခေါင်ယံဖမ်းစားမှုက သူ၏စိတ္တဖွဲ့စည်းမှုဖြင့် အတွင်း ဘောင်းဘီလေးတွေနှင့် မြတ်နိုးရူးသွပ် လွင့်မျောခဲ့ရပုံလေးတွေကို ဖွင့်ပြော ပြလိုက်သည်။

ပြီးနောက် ဒီမနက် ကိုစိမ်းပွင့်နှင့် အချုပ်ခန်းမှာ သွားတွေ့ခဲ့ပြီး သူ့ဘဝအိပ်မက်ဆိုးတွေကို သူရင်ဖွင့်လိုက်ပုံတွေ၊ ကျွန်တော် ဆရာမ တိမ်စင် နွယ်အား ရှင်းပြလိုက်သည်။

တိမ်စင်နွယ် သိသိသာသာလေး စိတ်ထိခိုက်လှုပ်ရှား အံ့ဩသွား ပုံရသည်။ သူမ ရင်ထဲမှာ ကြေကွဲထိရှနာကျင်သွားဟန် ကျွန်တော် မြင်တွေ့ လိုက်ရသည်။





"ကျွန်မလည်း ရင်ထဲမှာ အရမ်းပဲ။ ညကတည်းက စိတ်မကောင်း ဖြစ်သွားခဲ့တယ် . . . ဆရာရယ်။ ကျွန်မလည်း ကျွန်မအမေရဲ့ စိန်တွေကြောင့် အခံ ရူးသွပ်ထိတ်လန့်သွားပြီး ဥစ္စာခြောက်သွားလို့ ဘာလုပ်ရမှန်းမသိတာ နဲ့ ရဲစခန်းကို ဖုန်းနဲ့ လှမ်းတိုင်လိုက်မိတယ်။

ကျွန်မ ညကပြန်လာပြီး ပြန်တွေးမိရင်း အိပ်လို့တောင် မပျော် ဘူးဘူး ဆရာ။ အိပ်ဆေး သောက်အိပ်လိုက်ရတယ်။ ဖြစ်နိုင်ရင် ကျွန်မ ဘယ်တောင် မဖွင့်ချင်ပါဘူး။ ကျွန်မစိန်တွေလည်း ပြန်ရပြီးဟာ။

ပြီးတော့ ဒီစိန်တွေကို အဲဒီထဲမှာ ဝှက်ထားတယ်ဆိုတာလည်း ကျွန်မကလွဲရင် ဘယ်သူမှမသိဘူး။ သူယူခဲ့တာဟာ အဲဒီစိန်တွေကို မဟုတ် ဘူး။ ကျွန်မ နားလည်ပါတယ်။ ကျွန်မ သူ့အတွက် တော်တော်ပဲ ထိခိုက် ကြေကွဲရပါတယ် ဆရာ။ ကျွန်မ သူ့ကို အရှက်ခွဲလိုက်သလို ဖြစ်သွားတယ် စိတ်မကောင်းဘူး။ ဒါပေမဲ့ According to the Law အရ အမှုက လက်လွှန် သွားပြီ၊ ကျွန်မ အရမ်းဝမ်းနည်းပါတယ်"

ကျွန်တော်နှင့် ဆရာမတိမ်စင်နွယ်တို့နှစ်ဦး ထိုညနေခင်းက ဟိုတယ် တစ်ခုက ရေကူးကန်လေးနားတွင် တွေ့ဆုံမိကြရင်း ကိုစိမ်းပွင့်၏ ထူးဆန်း သည့်အတွင်းစိတ် 'Human Nature' အကြောင်း ဆွေးနွေးမိကြသည်။

ကျွန်တော်က ဆရာမကို ကိုစိမ်းပွင့်လိုပင် အမျိုးသမီးအတွင်းခံ ဘောင်းဘီ 'အန်ဒါဝဲယား' လှလှလေးများကို လျှို့ဝှက်စွာ နိုးယူစုဆောင်း ကာ ဆည်းထားခဲ့သော 'မိန်းမလျာစိတ္တဇ' (Homosexual Abnormal) စိတ် ရှိနေသည့် အနုစားစိတ်ဝေဒနာသမား 'ဘုန်းခန့်ဦး' အကြောင်း ပြောပြ လိုက်သည်။

တိမ်စင်နွယ် . . . ကိုစိမ်းပွင့်ကို ပို၍ နားလည်သဘောပေါက်သွား မည်ထင်ပါသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

ကိုစိမ်းပွင့်၏ 'စိတ္တဇမှုခင်း'အနိဒါဝယ်ယာ အတွင်းခံဘောင်း

ခိုးယူမှုကို ထိုတောင်ပေါ်မြို့လေး၏ 'မြို့နယ်တရားရုံး'တွင် စစ်ဆေးခဲ့သည်

လူချစ်လူခင်များပြီး ထင်ရှားသည့် 'နန်းလချယ်ရီ' ဟိုတယ်၏ မန်နေ

လူချောရဲ့ ထူးဆန်းသောမှုခင်းလေးကို လူတွေ စိတ်ဝင်တစား လာရော

နားထောင်ကြသည်။

နိုင်ငံကျော် ရုပ်ရှင်မင်းသားတစ်ဦး၏ ရုပ်ရှင်ရိုက်ကွင်းကို လာကြ

ကြသည့်ပမာ တရားရုံးဝင်းတစ်ခုလုံး၊ မိန်းမတွေ ယောကျ်ားတွေ က

တွေပါမကျန် ပြည့်လျှံနေသည်။

တရားသူကြီးက သူ့ကို ရိုးရိုးလေးပဲ မေးခွန်းထုတ်သည်။

''ဦးစိမ်းပွင့် ... ခင်ဗျား ဘာကြောင့် ဒီလိုမိန်းကလေးတွေ

အတွင်းခံဘောင်းဘီလေးတွေကို လိုက်ပြီး ရွေးခိုးခဲ့ရတာလဲ''

ကိုစိမ်းပွင့်က ရှက်ရမည့်အစား ရွှန်းလက်တောက်ပစွာ ပြုံးလို

သည်။ သူ့အပြုံးက ဂုဏ်ယူဝင့်ကြွားနေဟန်၊ ကြည်နူးမြူးလက်နေဟ

အိပ်မက်ဆန်စွာ ပြုံးနေသည့် အပြုံးဖြစ်သည်။

ကြည့်ဦး ... သူ့အဖြေကလည်း ပရိယာယ်မာယာတွေမရှိ။

ဆောင်မှုမရှိ။ တရားသူကြီး၏ မေးခွန်းလိုပင် ပကတိရိုးစင်းလှ၏။

ကွယ်ဝှက်မှုမှ မရှိ။





''ဒီလိုပါ ... တရားသူကြီးမင်း၊ ကျွန်တော်က ငယ်ငယ်လေး

တည်းက အမေဆိုတဲ့ မိန်းမကြီးကို သိပ်ကြောက်ခဲ့တာမို့ အဲဒီအစွဲကြောင့်

ကြီးလာတဲ့အထိ တခြားမိန်းမတွေကိုလည်း ကျွန်တော် အမြဲထိတ်လန့်

ကြောက်ရွံ့နေတယ်။

ဒါပေမဲ့ ကျွန်တော့်စိတ်ထဲမှာ အမေ့ကိုလွမ်းတော့ အမေ့ကိုယ်စား

မပေးခဲ့တဲ့ ... ဟို ... ကျွန်တော်မွေးနေ့က ရွှေရောင်အနွေးထည်အကျႌ

ကို သိပ်ချစ်မိတယ်။ အဲဒါကြောင့် တခြားမိန်းမတွေဆီက အတွင်းခံ

ဘောင်းဘီလေးတွေကိုလည်း အမေ့အနွေးအကျႌလိုပဲ မြတ်နိုးလို့၊ ကျွန်တော်

တို့ကိုယ်စား ခိုးယူပြီး သိမ်းထားခဲ့တာပါ''

သူ့အဖြေက အလွန်ရိုးစင်းပါသည်။ အပြစ်ကင်းစင်သော ကလေး

တစ်ဦး၏ ရင်ဘတ်ထဲက ယိုစီးထွက်လာသည့် နှီရည်များနှင့် ပမာတူပါ

သည်။

တရားခံတစ်ဦး၏ ဖြောင့်ချက်ကဲ့သို့ မာယာလှည့်စားမှုမပါချေ။

တရားရုံးတစ်ခုလုံးသည် အံ့ဩစွာ ငြိမ်သက်နေသည်။ အားလုံး

ကို ဂရုဏာသက်လျက် ငေးမောလှမ်းကြည့်နေကြသည်။ မည်သူကမျှ

ကို လှောင်ပြောင်သရော်ပြီး ပြုံးမည့်သူမရှိ။ အားလုံး ထိခိုက်ကြေကွဲနေ

ကြသည်။ သနားနေကြသည်။

သူ့ကို အားလုံးက အမေ့မေတ္တာငတ်နေသည့် 'စိတ္တဇသားကောင်'

ငှက်ကလေးတစ်ကောင်ဖြစ်နေမှန်းကို ရင်ထုမနာ ခံစားနားလည်နေကြ

သည်။

တရားသူကြီးကလည်း သူ့ကို သက်ညှာစွာဖြင့် 'အလုပ်နှင့် ထောင်

ဒဏ် (၉) လ' စီရင်ချက်ချခဲ့ပါသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

□

ထိုအချိန်ကစပြီး ကျွန်တော် 'နန်းလချယ်ရီ'သို့ တစ်ကြိမ်မျှ ပြ… မရောက်ခဲ့တော့ပါ။

ကျွန်တော်၏ တောင်ကြီးမြို့ စိန့်ပန်းပြာခြံကလေးထဲရှိ 'စာ… ဆရာအိမ်' လေးထဲတွင်ပင် Impressionist မှော်ဝင်ဝတ္ထုဇာတ်လမ်း… တွေ ဖန်တီးရင်း စာရေးခြင်းတွေထဲ လွင့်မျောနေခဲ့သည်။

မေ့မေ့လျော့လျော့ သုံးနှစ်ခန့်အကြာ ဒီဇင်ဘာ 'ခရစ်စမတ်… တော်ရက်မတိုင်မီ အကြိုရက်တစ်ရက်တွင် ကျွန်တော်ထံသို့ ဝေဂလိ… တစ်ဦးနှင့် လူကြုံပါးလိုက်သော ခရစ္စမတ်ကတ်နှင့်အတူ စာတစ်စောင်ရော… လာသည်။

နှင်းဆီပွင့်နီနီရဲရဲတွေနှင့် ခရစ္စမတ်ကတ်ပေါ်မှာတော့ ....

'Marry Christmass & Happy New Year' ဟူသော လက်… စာတမ်းလေးတစ်ခုမှလွဲပြီး အခြား ဘာမှရေးမထားပါ။

'ဘယ်သူ့ဆီကပါလိမ့်' ဟုတွေးရင်း ပန်းနုရောင်စာအိတ်ရှည်… ကို ဖွင့်ဖောက်လိုက်သည်။ အထဲမှ ပန်းနုရောင်ခရေ်စီ စာရွက်ခေါက်… ကို ဆွဲထုတ်ပြီး ဖြန့်ကြည့်လိုက်သည်။

သို့

ခင်မင်လေးစားရပါသော 'ဆရာစိုး'

ဆရာ့ကို အစဉ်သတိရလျက် ကျေးဇူးတင်စွာဖြင့် စာရေးလိုက်… တယ်။ လွန်ခဲ့တဲ့ တစ်လလောက်က ဆရာရဲ့ 'တိမ်အလွင့်လအပြေး' စိတ္တ…





…င်းဝတ္ထုတစ်ပုဒ်ကို 'ရောင်ပြန်မဂ္ဂဇင်း' ထဲမှာ မမျှော်လင့်ဘဲ ဖတ်လိုက်ရသို့ ဝမ်းသာပြီး ဆရာ့ဆီ ကျွန်တော်တို့ ဒီစာရေးလိုက်တာပါ။

ဆရာနှင့် ဆရာ့မိသားစု 'ပျော်ရွှင်သော ခရစ္စမတ်' ဖြစ်ပါစေ ဆရာစိုး။

ကျွန်တော် တရားရုံးက စီရင်ချက်ချခဲ့လို့ 'အလုပ်နှင့် ထောင်ဒဏ် (၃)လ'ကျခဲ့ရတာ ဆရာသိပါတယ်နော်။ အဲဒီအပြစ်ဒဏ်ဟာ တရားဥပဒေရဲ့ …တဲ့ စီရင်ချက် 'သစ္စာတရား' တစ်ခုဖြစ်သလို ကျွန်တော့်အတွက် အကောင်းဆုံး စီစဉ်ပေးလိုက်တဲ့ ဘုရားသခင်ရဲ့ အံ့သြဖွယ် မေတ္တာတော် ကျေးဇူးတစ်ခုပါပဲ ... ဆရာစိုး။

ကျွန်တော် ရွှေညောင်- တောင်လေးလုံးက 'အကျဉ်းဦးစီးဌာန' …ာက်စခန်းမှာ ပြစ်မှုကြွေးကို ချွေးနဲ့ကျေနပ်စွာ ပေးဆပ်ခံယူခဲ့ပါတယ်။ အဲဒီမှာ ကျွန်တော်ဟာ ထူးဆန်းစွာ မိန်းမတွေကို ကြောက်ရွံ့ထိတ်လန့်ရှိရှာ …တ်ဆုပ်ခဲ့တဲ့လူက ဆရာမတိမ်စင်နွယ်ကို အမြဲသတိရနေပြီး ညတိုင်းလည်း ထူးဆန်းစွာ အိပ်မက်တွေ မက်နေခဲ့တယ်။

ပိုပြီး အံ့သြဖို့ကောင်းတာက ကျွန်တော်ဟာ ဆရာမအပေါ်မှာ ယောက်ျားစိတ် ယောက်ျားမာန်တွေ ဝင်လာပြီး ယောက်ျားတစ်ဦးရဲ့ ဗီဇစိတ် 'ဆက်စ်တိုစတီရုန်း' ဟော်မုန်းဓာတ်တွေနဲ့ ဘဝပြောင်းလဲခဲ့တယ် ... ဆရာ …ရေ့ သိပ်ထူးဆန်းတာပဲနော်။

ကျွန်တော် ဘယ်လောက်ပျော်နေမလဲ ဆရာစိုး စဉ်းစားကြည့်စမ်းပါဗျာ။ အဲဒီမှာ ... သုံးလလည်းပြည့်ရော ကျွန်တော့်ဘဝကို ထာဝရ ပြောင်းလဲပေးမယ့် အိပ်မက်နတ်သမီးတစ်ဦးကို ဘုရားသခင်က လမ်းညွှန်ပြီး ကျွန်တော့်ဆီ စေလွှတ်လိုက်လို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာပါတော့တယ်။ အဲဒီအိပ်မက်နတ်သမီးကတော့ ဘယ်သူလို့ ဆရာစိုး ထင်လဲ။

ဆရာစိုး စာရေးဆရာပဲ ရိပ်မိနေမှာပါ။ အဲဒီနတ်သမီးက အခြား သူမဟုတ်ပါဘူး။ 'စင်သီယာနွယ်'လို့ခေါ်တဲ့ ကျွန်တော်ရဲ့ လိမ္မော်ရောင် အိပ်မက်နတ်သမီး 'တိမ်စင်နွယ်' ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် တောင်လေးလုံးရဲ့ဘက်စခန်းက လျှော့ရက်တွေနဲ့ ဖြတ်လွတ်ခဲ့ပြီး အင်မတန် ပျော်ရွှင်ကြည်နူးစရာကောင်းတဲ့ ဘဝသစ်ကလေးတစ်ခုကို ကျွန်တော်တို့နှစ်ဦး တည်ဆောက်ခဲ့ကြတယ်။ လွန်ခဲ့တဲ့နှစ် နိုဝင်ဘာလက ကျွန်တော်တို့နှစ်ဦး လက်ထပ်ခဲ့ကြတယ်။ ကျွန်တော့်ဦးလေး 'နန်းလချယ်ရီ' ဟိုတယ်ပိုင်ရှင်၊ ကျွန်တော့်မွေးစားအဖေ (ကျွန်တော့်အဖေရဲ့ညီ) က ကျွန်တော်တို့နှစ်ဦးအတွက် 'နန်းလချယ်ရီ' ဟိုတယ်ကို လက်ဖွဲ့ခဲ့တယ်။

ဒါကြောင့် ကျွန်တော်တို့နှစ်ဦးရဲ့ ရှိမဲန်းတစ်စိတ္တဇ အချစ်ဇာတ်လမ်းလေးကို ဆရာကိုယ်တိုင် 'နန်းလချယ်ရီ' မှာ လာရေးပေးစေချင်ကြောင်း ကျွန်တော်တို့နှစ်ဦးက 'ခရစ္စမတ်လက်ဆောင်' အဖြစ်နဲ့ ကြိုဆိုဖိတ်ခေါ်လိုက်ပါတယ်။

ရင်းနှီးခင်မင်စွာနဲ့ ဆရာစိုးရဲ့
စိမ်းပွင့်၊ တိမ်စင်နွယ်
(နန်းလချယ်ရီ)

ကျွန်တော် သူတို့နှစ်ဦး၏ ရှိမဲန်းတစ်အိပ်မက် ပန်းနုရောင်စာရွက်လေးကို စာရေးစားပွဲပေါ် ဖြည်းညင်းစွာ တင်လိုက်သည်။

ကျွန်တော့်စိတ်ထဲတွင် အတွေးစိမ်းလေးတွေက တိမ်ရောင်စုံ နဂါးငွေ့တန်းတွေလို တရွေ့ရွေ့လွင့်သွားနေသည်။

"ဘုန်းခန့်ဦးနှင့် ကိုစိမ်းပွင့်"

သူတို့နှစ်ဦး၏ ထူးခြားဆန်းကြယ်သော စိတ္တဇအစွဲလေးတွေက တိုက်ဆိုင်စွာ တူညီနေကြသော်လည်း သူတို့နှစ်ဦး၏ နောက်ခံဘဝ တည်ဆောက်ဖွဲ့စည်းမှုတွေက ကွဲပြားခြားနားခဲ့ကြသလိုပဲ သူတို့နှစ်ဦး၏ ဘဝကံကြမ္မာ အဆုံးသတ်ဇာတ်လမ်းလေးတွေကလည်း အံ့သြစရာပဲ မတူညီခဲ့ကြပါ။

သူတို့နှစ်ဦး၏ ဘဝကံကြမ္မာအကျိုးပေးက မိုးကုတ်မြို့ ကျောက်တွင်းတစ်တွင်းထဲက ထွက်ရှိခဲ့ကြသည့် 'အညံ့ပန်း ပတ္တမြားနှစ်ပွင့်' ကဲ့သို့၊ မှိုင်





ဘုပါလျက် အသွင်အပြင်၊ အရောင်အဆင်း၊ ပွင့်အားချင်း ဝင်းလက်တောက်ပခြင်း Brilliant မတူညီကြသကဲ့သို့ . . .

သူတို့နှစ်ဦး၏ ဆန်းကြယ်သော 'စိတ္တဇအတွင်းကာရံ၊ အရှုပ်အထွေးသိပ်ပြာနှစ်ခု' ကို စဉ်းစားနိုင်းယှဉ်၍သာ ကြည့်ကြပါတော့ဟု မှတ်တမ်းတင်လိုက်ရပါသည်။

နန်းထိုက်စိုး(နိုင်ငံခြားဘာသာသိပ္ပံ)

www.burmeseclassic.com



❑

မရောက်တာကြာပြီဖြစ်သော မွေးရပ်မြေသို့ ယခုနှစ်သားငယ် ဆယ်တန်းစာမေးပွဲဖြေပြီးသည့် အချိန်တွင် ရောက်ရှိခဲ့ကြသည်။ ကျွန်တော်ရွာမှ ထွက်ခွာလာခဲ့သည်မှာ နှစ်ပေါင်း (၂၅) နှစ်ခန့် ရှိခဲ့ပေပြီ။ မိသားစု စားဝတ်နေရေးအတွက် လူတန်းစေ့နေနိုင်ရန် လုပ်ကိုင်ဆောင်ရွက်ရင်း ကျွန်တော်ကိုယ်တိုင်ပင် မွေးရပ်မြေသို့ မရောက်သည်မှာ အချိန်အတော်ကြာပေပြီ။

သမီးကြီးဘွဲ့လွန်တက်ချိန် သားငယ်ဆယ်တန်း စာမေးပွဲပြီးချိန်အထိ အဘိုးအဘွားများရှိရာ ရွာကိုနာမည်သာ ကြားဖူးပြီး မသိကြတော့ပေ။ ထို့ကြောင့် ရွာကိုလည်း ရောက်ဖူးရန် ကလေးများအားလည်း ဆွေမျိုးများနှင့် တွေ့ဆုံရန်အတွက် ယခုနှစ်တွင်တော့ မဖြစ်မနေ လာဖြစ်ခဲ့တော့သည်။ သားငယ် ဆယ်တန်းဖြေပြီး နောက်တစ်နေ့တွင် ဟိုင်းလပ်ကားတစ်စီးဖြင့် မိသားစုကိုတင်ပြီး ထွက်လာခဲ့ကြတော့သည်။

ကျွန်တော်တို့ရွာကား ဟံသာဝတီအနောက်ခြမ်းတွင် တည်ရှိသည်။ ပုသိမ်မြစ်နှင့် ရန်ကုန်မြစ်ကို ဆက်သွယ်ထားသော သခွပ်မြစ်ကမ်းဘေးတွင် တည်ရှိသည်။ ယခင်က သွားရေးလာရေး အလွန်ခက်ခဲသည်။ ရေလမ်းခရီးဖြင့်လည်းကောင်း၊ လှည်းလမ်း ကုန်းကြောင်းခရီးဖြင့်လည်းကောင်း သွားလာခဲ့ကြရသည်။ ထို့ပြင် အဓိက အားထားနေရသော သခွပ်မြစ်ကလည်း ကောပြီး ပျောက်ကွယ်သွားသဖြင့် လယ်ယာစိုက်ပျိုးရေးသာမက သွားရေးလာရေးပင် အလွန်ခက်ခဲသွားခဲ့ရသည်။

www.burmeseclassic.com



သို့သော် တစ်မတော်အစိုးရလက်ထက်တွင် ဒလနှင့်လက်ခုပ်ကုန်း ကားလမ်းကို ဖောက်လုပ်ပေးခဲ့သဖြင့် ကားလမ်းခရီးဖြင့် အချိန်မရွေး သွားလာနိုင်ပြီး လမ်းပန်းဆက်သွယ်ရေး လွယ်ကူခဲ့သည်။ ထို့ပြင် မြစ်ချောင်းများ ရေမြောင်းများကို ထူးဖော်ပေးခဲ့သဖြင့် ရေကြီးနစ်မြုပ်ခြင်းမရှိခဲ့ဘဲ စိုက်ပျိုးလုပ်ကိုင်၍ ကောင်းမွန်သော အနေအထားသို့ ရောက်ခဲ့သည်။ ဆန်စပါးကိုလည်း ကားလမ်းခရီးဖြင့် အချိန်တိုတို ပို့ဆောင်နိုင်သောကြောင့် စီးပွားဖြစ်ထွန်းလာခဲ့ကြသည်။

ကျွန်တော်တို့ရဲ့ ကားလေးသည် ရွှေပြည်သာမှတစ်ဆင့် နံနက် ၅ နာရီခန့်တွင် ထွက်လာခဲ့ကြသည်။ လှိုင်သာယာ ပန်းလှိုင်တံတားမှတစ်ဆင့် တွံတေးကြိုးတံတားကို ဖြတ်ကျော်ပြီး ဒလကွမ်းခြံကုန်းလမ်းပေါ်သို့ ရောက်သည်။

ထိုမှတစ်ဆင့် ကော့မှူးမြို့သို့ နံက် (၇) နာရီအချိန်တွင် ရောက်ရှိခဲ့သည်။ ကော့မှူးမြို့တွင် ခေတ္တနား၍ နံနက်စောစောစားကြသည်။ ထိုမှတစ်ဆင့် ကော့မှူး၊ ထမ္ဗနိုင်၊ ဝါးဘလောက်သောက် ကားလမ်းအတိုင်း ဆက်လက်ထွက်ခွာလာခဲ့ရာ ဝါးဘလောက်သောက်ရွာသို့ နံနက် (၈း၃၀) အချိန်တွင် ရောက်ရှိခဲ့ကြသည်။

ဝါးဘလောက်သောက်မှ ဆက်လက်ထွက်ခွာလာခဲ့ရာ ဘို့ဒင်ကျေးရွာသို့ နံနက် ၉း၃၀ နာရီအချိန်တွင် ရောက်ရှိလာခဲ့ကြသည်။ ရွာတွင် အစ်ကိုအစ်မများက ဂမ်းသာအားရ ဆီးကြိုနေကြသည်။ တစ်ရွာလုံးလိုလိုကလည်း အမျိုးတွေချည်း ဖြစ်နေကြသည်။ လာရောက်နှုတ်ဆက်ကြသူများ စကားပြောကြသူများဖြင့် နံနက်ခင်းတစ်ခုလုံး ဆူညံနေတော့သည်။ နေ့လယ် (၁၂) နာရီထိုးမှ နံနက်စာကို စားကြရသည်။ တောငလေ့၊ တောစာများဖြစ်၍ လတ်ဆတ်ပြီး စားကောင်းလှသည်။

ကလေးနှစ်ဦးမှာတော့ အသစ်အဆန်းဖြစ်နေကြသည်။ ပျော်လည်းပျော်နေကြသည်။ ညနေစောင်း၍ အိမ်အတွက်သုံးရန် နွားများအတွက် အသုံးပြုရန် ရေကန်များမှ ရေစည်လှည်းဖြင့် ရေတိုက်သည်ကို သဘောကျနေကြသည်။





ကျွန်တော်တို့ဒေသတွင် လှည်းပေါ်သို့ တိုင်ကီတစ်လုံး (သို့)နှစ်လုံးကို လှဲတင်၍ အပေါ်မှ အပေါက်ဖောက်ရေထည့်၍ သယ်ယူခြင်းကို ရေစည်တိုက်သည်ဟု ခေါ်သည်။ ရေကန်နီးလျှင် ရေထမ်းပုံးဖြင့် ရေထမ်း၍ ရေကန်ဝေးလျှင် ရေစည်လှည်းဖြင့် တိုက်ကြသည်။

ကလေးနှစ်ဦးမှာ အသစ်အဆန်းဖြစ်နေ၍ ကိုယ်တိုင်လှည်းမောင်းပြီး ပျော်ရွှင်နေကြသည်။ သူတို့ခမျာလည်း လှည်းနှင့်နွားကို ယခုမှပင် စိတ်ကြိုက်စီးနင်းရသည်ကိုး။

ညနေစောင်းအချိန်တွင် ကျွန်တော့်သူငယ်ချင်းများနှင့် ဆုံတွေ့၍ စကားကို အေးဆေးစွာပြောကြရသည်။ မတွေ့ရသည်မှာလည်း နှစ်ပေါင်း အတော်ကြာခဲ့ပြီဖြစ်သည်။ တောသူတောင်သားများဆိုသော်လည်း စာပေဗဟုသုတ ရှိကြသည်။ ဟံသာဝတီအနောက်ခြမ်းတွင် ကျွန်တော်တို့ရွာကလေးသည် ပညာတတ် အလွန်ထွက်သည်။

ဆရာဝန်၊ အင်ဂျင်နီယာ၊ စစ်ဗိုလ်၊ ညွှန်မှူး၊ ကျောင်းဆရာ စသည်ဖြင့် ဘွဲ့ရပညာတတ်မျိုးစုံ ရှိခဲ့သည်။ ကျွန်တော်တို့နေခဲ့စဉ်က ဆယ်တန်းကို တစ်နှစ်လုံးတွင် တစ်ယောက်သာ မအောင်ခဲ့သော်လည်း ယခုအခါ ဘွဲ့ရပညာတတ်ပေါင်းများစွာကို မွေးထုတ်ပေးနိုင်ခဲ့ပြီး ဖြစ်သည်။

ဆက်သွယ်ရေးအတွက် ခေတ်မီမိုဘိုင်းဖုန်းများ ဂြိုလ်တုစလောင်းများပင် ရွာ၌ ရှိနေကြပြီ။ ကျွန်တော်တို့ယူသွားသော GSM နှင့် CDMA ဖုန်းများပင် ရွာမှကောင်းမွန်စွာ ဆက်သွယ်ပြောဆိုနိုင်သည်။ ယခင်ကဲ့သို့ မဟုတ်ဘဲ ခေတ်မီတိုးတက်နေပြီဖြစ်သည်။ ယခုစကားဝိုင်းတွင် မတွေ့တာကြာပြီဖြစ်သော သူငယ်ချင်းများနှင့် တွေ့ရာလေးပါး ပြောဆိုဖြစ်ကြသည်။

"သူငယ်ချင်း ... မင်းမြို့မှာ အခြေအနေကောင်းတယ်ဆို"

"ဒီလိုပါပဲ ... သူငယ်ချင်းရယ်၊ လုပ်လုပ်စားစားပေါ့"

"စာတွေ ဘာတွေလဲ ရေးနေတယ်ဆို"

"ဟိုဟာဒီဟာလေးပေါ့"

မင်းရေးတဲ့ ဝတ္ထုတိုတွေ ဖတ်ရပါတယ်ကွာ။ သူငယ်ချင်း ဒီလောက်ကို အထင်မသေးနဲ့။ ရွာက စာကြည့်တိုက်မှာ သူရဋ္ဌမဂ္ဂဇင်းတို့၊ ဂမ္ဘီရလာက

www.burmeseclassic.com



တို့၊ သည်းထိတ်ရင်ဖိုတို့၊ မောင်ညိုမှိုင်းစီစဉ်သောတို့ အကုန်ရှိတယ်။ လစဉ်လည်း ဝယ်တယ်။ အဲဒီထဲက မင်းရေးတာတွေကို ဖတ်ရတာ။

"အေးပါ . . . သူငယ်ချင်းရယ်၊ ငါလည်း အခုအချိန်အားနေတာနဲ့ ရေးဖြစ်တာပါ"

"မင်းက စာရေးဆရာဆိုတော့ မင်းကို စိတ်ဝင်စားဖို့ကောင်းတဲ့ ဇာတ်လမ်းတွေ ပြောပြရဦးမယ်"

"အေး . . . လုပ်စမ်းပါ သူငယ်ချင်းရယ်၊ ရေးရတာပေါ့"

"အေး . . . ငါဇာတ်လမ်းကိုမပြောခင် . . . ဟောကောင် . . . ခွေးပိန်မင်းအဘိုးအကြောင်းကို အရင်ပြောလိုက်ကွာ။ ရွေးတုန်းကလူကြီးတွေ ဘယ်လောက် ဉာဏ်များတဲ့အကြောင်း"

"ခွေးပိန် . . . ဟုတ်လား"

"ဟုတ်တယ် . . . သူငယ်ချင်း၊ သူ့နာမည်က ခွေးပိန်၊ သူ့အစ်ကိုက ခွေးကြီးတဲ့။ သူ့ညီမလေးက ခွေးဖြူမတဲ့။ သူတို့အဖေက ဦးခွေးညိုတဲ့ သူ့ဝဇီ္ဇဘကြီးက ဦးခွေးသိုးတဲ့၊ အခုလည်း သူတို့အဘိုး ဦးဖိုးဆင်အကြောင်းကို မင်းကိုပြောခိုင်းတာ"

ကျွန်တော် သူတို့စကားကြား၍ ခေါင်းပင် ချာချာလည်ချင်လာသည်။ ဦးဖိုးဆင်၊ ဦးခွေးညို၊ ဦးခွေးသိုး၊ ခွေးကြီး၊ ခွေးပိန်၊ ခွေးဖြူမတဲ့။ နာမည်တွေအားလုံးက တိရစ္ဆာန်နာမည် ခွေးထဲကမထွက်။ ရယ်လည်း ရယ်ချင်သည်။

သို့သော် တစ်ဖက်သားကို စော်ကားသလိုဖြစ်မည်စိုး၍ မရယ်တော့ပါ။ ဟုတ်တော့ ဟုတ်ပါသည်။ ကျွန်တော်တို့ မြန်မာလူမျိုးများသည် မိမိတို့၏ သားသမီးများကို ချစ်စနိုးဖြင့် တိရစ္ဆာန်အမည်များကို မှည့်ခေါ်တတ်ကြသည်။ သို့သော် ယခုကဲ့သို့ တစ်ဆွေလုံး တစ်မျိုးလုံးတော့ မကြားဖူးခဲ့ပါ။

"ဟုတ်ကဲ့ . . ပြောပါဦး၊ ကိုခွေးပိန် . . ခင်ဗျားရဲ့အဘိုးအကြောင်း"

"ဒီလို . . . စာရေးဆရာရဲ့၊ ကျွန်တော်က ဒီရွာသားမဟုတ်ဘူး။ ဟို ပင်လယ်ကမ်းနားဘက်က လက်ခုပ်ပင်ရွာက။ ကျွန်တော့်အဘိုးက အဲဒီ





ရွာမှာ သူကြီးမင်းလေ၊ ဆယ်ရွာအုပ်သူကြီးဆိုတော့ သူ့ခေတ်မှာ အလွန်နိုးထွားတာပေါ့။ အရက်ကလည်း သိပ်ကြိုက်တာ။ သူ့အိမ်မှာ သူ့အပေါင်းအသင်းတွေနဲ့ တစ်ပတ်မှာ နှစ်ခါလောက်ဆုံပြီး အမြဲတမ်းဝိုင်းဖွဲ့တယ်။

အဲရွာမှာကလည်း ခေါက်ဆွဲဆိုင်နဲ့ လိုင်စင်အရက်ကို တွဲရောင်းတဲ့ အရှောင်ဆိုတဲ့ တရုတ်တစ်ယောက်ရှိတယ်။ အဲဒီတရုတ်က သူကြီးမင်းဆိုင်ဆင်ကို တစ်ပတ်အရက်တစ်လုံး တစ်လုံးဆက်သရတယ်။ ဆက်ကြေးသဘောမျိုးပေါ့။ သူတစ်ယောက်တည်းဆိုရင် လောက်တယ်။ ဒါပေမဲ့ တစ်ပတ်ကို နှစ်ခါလောက် သူ့အိမ်မှာ ဝိုင်းဖွဲ့တော့ မလောက်တော့ဘူး။

အဲဒီတော့ လိုတဲ့အရက်ကို အရှောင်ဆီက သွားသွားတောင်းရတယ်။ သူကြီးမင်းကဆိုပြီးတော့ အရှောင်ကလည်း တရုတ်လူလည်၊ ပါးစပ်နဲ့တောင်းခိုင်းရင် မပေးဘူး။ သူကြီးမင်းရဲ့စာနဲ့ လက်မှတ်ပါမှ ပေးတယ်။ အဲဒီတော့ အရက်ယူခိုင်းတိုင်း သူကြီးက စာရေးပြီးလက်မှတ်ထိုး တောင်းရတာပေါ့။ အဲဒီတော့မှ တရုတ်ကပေးတယ်။ ဒါတောင် ပါးစပ်က ဗျစ်တောက်ဗျစ်တောက်နဲ့ သူကြီးမင်းမို့လို့ ကြောက်လို့ပေးတာ . . .

ပုံမှန်ဆက်ကြေးပေးနေရတဲ့အပြင် နောက်ထပ်ပါ ထပ်ထပ်ပေးနေရတော့ တရုတ်က မကျေနပ်တော့ဘူး။ သူတို့က စီးပွားရေးသမားတွေလေ။ သူတို့စီးပွားရေးကို ထိခိုက်လာရင် မကြိုက်တော့ဘူး။ ဒီတော့ ဘယ်လိုလုပ်ရမလဲကို အကြံထုတ်တယ်။ အဲဒီမှာတင် ကိုရွှေတရုတ် အကြံရသွားတယ်။

သူ့ဆီကို အရက်တောင်းခိုင်းတဲ့ သူကြီးမင်းရဲ့စာတွေကိုစုပြီး သူ့အထက်က မြို့ပိုင်မင်းကို တိုင်လိုက်ရင် သူကြီးတော့ ပြုတ်မှာပဲ။ အဲဒီအခါကျရင် သူကို အနိုင်မကျင့်နိုင်ဘူးပေါ့။

အဲဒီလို အကြံရတော့ တရုတ်က သူ့ဆီ အရက်လာတောင်းတဲ့ သူကြီးရဲ့လက်မှတ်နဲ့ စာတွေကို အားလုံးစုထားတယ်။ (၆)လလောက်ကြာတို့ သူကြီးမင်းရဲ့စာတွေလည်း အတော်များလာရော ကိုရွှေတရုတ်က မြို့ပိုင်မင်းကို စာတွေနဲ့တကွ အကျိုးအကြောင်းကို တက်ပြီး တိုင်ပါလေရော။

အဲဒီအချိန် ကိုလိုနီခေတ်မှာ မြို့ပိုင်နယ်ပိုင်ဆိုတာ ကျုပ်တို့အသားလူမျိုးတွေ မရှိသလောက်ရှားတယ်။ မျက်နှာဖြူနဲ့ ကပြားတွေချည်းပဲ။ သူ



www.burmeseclassic.com

www.burmeseclassic.com



တို့ကလည်း ကိုလိုနီအုပ်ချုပ်ရေး ယန္တရားတည်တံ့အောင် ဗမာပြည်မှာ ပြီး မတရားစီးပွားရှာတဲ့ တရုတ်၊ ကုလားတွေဆို သိပ်အကူအညီ ပေးချင်တယာ။

ဗမာသူကြီးမင်း ကျုပ်အဘိုးကလည်း ခပ်ဆိုးဆိုးဆိုတော့ မြို့ မင်း မျက်နှာဖြူကပြားက ကြုံတုန်းဆော်လိုက်မယ်ဆိုပြီး သူ့ရုံးကို ခေါ် ပါလေရော။ လိုအပ်ရင် သူကြီးရာထူးကပါ ဖြုတ်ပစ်လိုက်မယ်ပေါ့။ ကျုပ်အဘိုးသူကြီးကလည်း မျက်နှာငယ်လေးနဲ့ မြို့ပိုင်မင်းရုံးခန်းလည်း ဝင်ရော ရော ...

''မောင်မင်း ... မောင်ဖိုးဆင်၊ မောင်မင်း သိပ်ဆိုးနေပါလား''

''မှန်ပါ။ ကျွန်တော်မျိုးကြီး သိပ်မဆိုးပါဘူး ဘုရား''

''ဘာ ... မဆိုးရမှာလဲ။ ကျွန်ုပ်ထံ မောင်မင်းကို တိုင်တဲ့စာတွေ ရောက်နေတယ်''

''ကျွန်တော်မျိုးကို မလိုသူတွေက ချောက်တွန်းတာပါဘုရား''

''ဘာချောက်တွန်းရမှာလဲ။ ဟောဒီမှာ မောင်မင်း တရုတ်အရောင် ဆိုက အရက်တွေ မတရားတောင်းတဲ့စာတွေ မောင်မင်းလက်မှတ်နဲ့ချည်း သူက ကျွန်ုပ်တို့ ဗြိတိသျှအစိုးရကို လိုင်စင်ဆောင်ပြီး ရောင်းနေတာ။ သူ့ စီးပွားထိခိုက်လို့ လိုင်စင်မဆွဲနိုင်ရင် ကျွန်ုပ်တို့အစိုးရရဲ့ ဘဏ္ဍာငွေကို ထိခိုက်တယ် ... လူကလေး။

အဲဒီတော့ ဒါတွေကို မောင်မင်း ဖြေရှင်းပါ။ မရှင်းနိုင်ရင် ပြင်းပြင်း ထန်ထန် အရေးယူရလိမ့်မယ်''

ထိုအခါ သူကြီးမင်း ဦးဖိုးဆင်က မျက်နှာငယ်ကလေးဖြင့် မြို့ပိုင် မင်းရှေ့မှ စာများကို တစ်ခုချင်းစီ စစ်ဆေးကြည့်သည်။ မြို့ပိုင်မင်း၏မျက်နှာ မှာလည်း အပိုင်ပဲဟူသောသဘောဖြင့် ကျေနပ်လျက်ရှိသည်။ သူကြီးမင်း ဦးဖိုးဆင်၏မျက်နှာမှာ စာရွက်နှင့်လက်မှတ်များကို စစ်ဆေးကြည့်နေရင်း တဖြည်းဖြည်း ပြုံးရွှင်လာသည်။ ထို့နောက် ကျေနပ်အားရသော အမူအယာ ဖြင့် ...





''မှန်လှပါ ... မြို့ပိုင်မင်းဘုရား၊ ဒီစာရွက်တွေကို သေချာစွာ စစ်ဆေးကြည့်ပါဦး။ ကျွန်တော်မျိုးလက်ရေးနဲ့ လက်မှတ်အစစ်က (၁၀)ရွက် လောက်ပဲ ပါပါတယ်။ ကျန်တဲ့အရွက်တွေက ကျွန်တော်မျိုးစာတွေ မဟုတ် ဘူး။ လုပ်ကြံတိုင်တာပါ''

''ဟုတ်ရဲ့လား ... မောင်မင်း။ ပြစမ်းပါဦး''

''ဟောဒါက ကျွန်တော်တို့လက်ရေးနဲ့ လက်မှတ်ထိုးတာပါ။ ကျွန် တော်မျိုးလက်မှတ်က 'ဘိုးဆင်' ပါ၊ 'ဘ' ကုန်းနဲ့ဘိုးပြီး 'ဆ' နဲ့ ဆင်တာ ။ ကျန်တာတွေက မဟုတ်ပါဘူး။

အဲဒီလိုလဲပြောလိုက်ရော မြို့ပိုင်မင်းက သူ့ရုံးမှာရှိတဲ့ သူကြီးမင်း ဖိုးဆင်ရဲ့ လျှောက်လွှာလက်ရေးနဲ့ လက်မှတ်တွေကိုယူပြီး တိုက်ကြည့် လိုက်တော့ တိုင်တဲ့လက်မှတ် (၆၀)ကျော်လောက်မှာ အစစ်က (၁၀) စောင် လောက်ပဲပါပြီး၊ ကျန်တာတွေက သူ့လက်ရေးနဲ့ သူ့လက်မှတ်တွေမဟုတ် တော့ အရေးယူဖို့ ခက်နေတော့တာပေါ့။ ၆လလောက် မှာ (၁၀) ခါလောက် တောင်းတာဆိုတော့ သူတို့အထက်အောက် အချင်းချင်း ခွင့်လွှတ်ရတော့ တာပေါ့။ အဲဒီအပြင် ကျုပ်အဘိုးသူကြီးက ...

''မြို့ပိုင်မင်းဘုရား ... ကျွန်တော်မျိုး ဗြိတိသျှဘုရင်မကြီးရဲ့တာဝန် ကို အားကြိုးမာန်တက် ထမ်းဆောင်နေတာ။ ဒီလိုမလိုသူတွေကြောင့် အရှမ်း စိတ်ထိခိုက်ရတယ်။ ကျွန်တော်မျိုးကို သူကြီးရာထူးက ထုတ်ပစ်လိုက်ပါ ဘုရား''

ဆိုပြီး မျက်ရည်လေးစမ်းစမ်းစမ်းစမ်းနဲ့ စိတ်ထိခိုက်တဲ့ပုံ ဖမ်းပြ လိုက်တာ မြို့ပိုင်ကြီးလည်း စိတ်မကောင်းဖြစ်ပြီး ...

''မောင်မင်း ... အလုပ်ကြိုးစားတယ်ဆိုတာ ကျွန်ုပ်သိပါတယ်။ ကိစ္စမရှိဘူး၊ ဆက်ပြီး တာဝန်ကျေအောင် ထမ်းဆောင်ပါ။ ကျွန်ုပ်တစ်ယောက် ယုံကြည်တယ်။ ဒါတွေကို ဂရုစိုက်မနေနဲ့''

လို့တောင် ပြန်ပြီး ချော့လိုက်သေးတယ်။ အပြစ်ရှာမတွေ့တဲ့အပြင် အိတ်မှာ သူကြီးမင်းပို့ထားတဲ့ ပုစွန်ခြောက်နဲ့ ငါးခြောက်က ပုံးလိုက် ဆိုပ်လိုက် ရောက်နေတာကိုး။

www.burmeseclassic.com



အဲဒါနဲ့ ကျုပ်အဘိုးသူကြီးလည်း ဘာမှမဖြစ်ဘဲ ရွာပြန်လာခဲ့တယ် ရွာရောက်ပြီး အဲဒီညနေပဲ အရက်မူးအောင်သောက်၊ မြင်းစီးပြီး တရုတ် အရှောင်ဆိုင်ရှေ့မှာ ခေါက်တုံ့ခေါက်ပြန် အားရအောင်ဆဲနေခဲ့တယ်။ အဲ အချိန်ကစပြီး တရုတ်အရှောင်လည်း သူကြီးက 'ဟဲ့' ဆိုတာနဲ့ 'မှန်ပါဘုရား' ဖြစ်နေရတော့တာပဲ။

"နေပါဦး ... ကျုပ်မေးပါရစေဦး ... ကိုခွေးပိန်ရဲ့၊ တရုတ် အရှောင်က ခင်ဗျားအဘိုးပေးလိုက်တဲ့ စာတွေကို စုပြီးတော့မှ မြို့ပိုင်ဆီ ဆီတိုင်တာ မဟုတ်လား"

"ဟုတ်တယ် ... စာရေးဆရာရဲ့၊ စာတွေကတော့ ကျွန်တော် အဘိုးဆီက စာတွေပဲ"

"ဒါဖြင့်ရင် ဘာဖြစ်လို့ အတုတွေအများစု ဖြစ်နေရတာလဲ"

"ဒီလိုပါ ... ဆရာ။ ကျွန်တော့်အဘိုး သူကြီးက ဟိုတုန်း အင်္ဂလိပ်-မြန်မာ (၇) တန်းအထိ ကျောင်းနေခဲ့ဖူးတယ်။ လူကလည်း လည်ကြီး။ သူက ဒီလိုသာ ခဏခဏတောင်းရင် တစ်ချိန် ပြဿနာ နိုင်တယ်ဆိုတာကို တွေးမိတယ်။ အဲဒီတော့ သူ့အိမ်မှာ သူ့သူငယ်ချင်း စုမိလို့ အရှောင်ဆိုင်ကို အရက်တောင်းတော့မယ်ဆိုရင် ...

"ခင်ဗျားတို့ထဲက တစ်ယောက်စာရေးဗျာ၊ ကျုပ်က မျက်စိ မကောင်းလို့ ပြီးမှ ကျုပ်လက်မှတ်ထိုးမယ်ဆိုပြီး ရေးခိုင်းလိုက်တယ်။ သူ ရေးတဲ့စာပေါ်မှာမှ 'ဘိုးစင်' 'ဖိုးဆင်' 'ဖိုးစင်' ဆိုပြီး ..

'ဘ' နဲ့ဘိုးတယ်၊ 'စ' နဲ့စင်တယ်။

'ဖိုး' နဲ့ဖိုးပြီး၊ 'ဆ' နဲ့ဆင်တယ်။

'ဖိုး'နဲ့ဖိုးပြီး 'စ'နဲ့ စင်တယ်။ အဲဒီအတိုင်း တစ်ခုခုနဲ့ အဆင် အောင် လက်မှတ်တွေကို ထိုးလိုက်တယ်။

သူ့လက်ရေးနဲ့ တစ်လမှတစ်ခါ နှစ်ခါလောက်ရေးပြီး လက် အစစ်ဖြစ်တဲ့ 'ဘိုးဆင်' ဆိုတဲ့ 'ဘ' နဲ့ဘိုးပြီး 'ဆ' နဲ့ဆင်တဲ့ လက်မှတ် ထိုးပေးလိုက်တယ်။ ဒါကြောင့် တိုင်စာအစောင် (၆၀) လောက်မှာ လက်ရေးနဲ့ လက်မှတ်အစစ်က (၁၀) စောင်လောက်ပဲ တွေ့တော့ အပြ





လွတ်သွားတာပေါ့။ ပြီးတော့ တရုတ်အရှောင်ကလည်း ဗမာစာကို ကောင်း ကောင်းမတတ်တော့ ခံလိုက်ရတာပေါ့။

"သြော် ... အဲဒီလိုလား"

"ဟုတ်တယ် ... စာရေးဆရာရေ၊ ကျွန်တော့်အဘိုးရဲ့ စိတ်ဝင် စားစရာ အဖြစ်အပျက်တစ်ခုပေါ့"

"ဟုတ်ကဲ့ပါဗျာ၊ ကျေးဇူးတင်ပါတယ်"

"ကဲ ... သူငယ်ချင်း၊ မင်းအဘိုးအကြောင်းကို ပြောပါဦး"

"ပြောမယ် ... သူငယ်ချင်း။ ငါ့အဘိုးအကြောင်းကတော့ စိတ်ဝင် စားဖို့ ကောင်းတယ်။ သေမင်းခံတွင်းဝရောက်ပြီးမှ လက်မခံလို့ သေရွာက နှစ်ခါတောင် ပြန်လာခဲ့တာ"

"သေရွာနှစ်ခါပြန်ပေါ့"

"ဟုတ်တယ် ... သူ့နာမည်က ဦးဖိုးထူးတဲ့။ ကဲ ... နားထောင် သူငယ်ချင်း"

သူ့အမည်က မောင်ဖိုးထူးဖြစ်သည်။ ဦးဘိုးရင်၊ ဒေါ်မယ်ခတို့၏ တစ်ဦးတည်းသောသားဖြစ်သည်။ မိဘများနှင့်အတူ လယ်ယာလုပ်ငန်းကို လုပ်ကိုင်နေသည်။ ဘို့ဒင်ရွာတောင်ဖက်ကွင်းတွင် လယ်တဲ၌ နေထိုင်ကြ သည်။ အင်္ဂလိပ်ခေတ်က ချစ်တီးကုလားများနှင့်အပြိုင် လယ်ဧက တစ်ရာ နီးပါးကို လုပ်ကိုင်၍ လူချမ်းသာစာရင်းဝင်များ ဖြစ်ကြသည်။

မိဘနှစ်ပါးဖြစ်သော ဦးဘိုးရင်နှင့်ဒေါ်မယ်ခတို့မှာ တောသူတောင် သားများဖြစ်ကြသော်လည်း ဘာသာတရားကို ကိုင်းရှိုင်းကြသည်။ အလှူ ရေစက်လက်နှင့် မကွာဆိုသလို မရှိဆင်းရဲသားများကို ပေးကမ်းထောက်ပံ့ ခြင်း၊ အလှူအတန်းဆောင်ရွက်ခြင်းတို့ကို အမြဲတစေ ဆောင်ရွက်နေသူများ ဖြစ်ကြသည်။ သားဖြစ်သူ မောင်ဖိုးထူးမှာ တစ်ဦးတည်းသော သားဖြစ် သော်လည်း အသောက်အစား အပျော်အပါးမရှိဘဲ အေးချမ်းစွာနေသူဖြစ် သည်။

အသားဖြူဖြူ၊ အရပ်မြင့်မြင့်နှင့် စိတ်သဘောထားကောင်းမွန်သူ ဖြစ်ပြီး မရှိဆင်းရဲသားများကို အမြဲကူညီသည်။ အိမ်တွင်ခိုင်းစေသော အငှ



www.burmeseclassic.com

www.burmeseclassic.com



သမားများနှင့် သူတို့၏မိသားစုများကို ညီအစ်ကိုမောင်နှမအရင်းကဲ့သို့ ဆက်ဆံသူဖြစ်၍ အားလုံးက သူ့ကိုချစ်ခင်ကြသည်။ သူ့တွင် တစ်ခုသာ ပြောစရာရှိသည်။ အပေါင်းအသင်း အလွန်မက်သည်။ သူငယ်ချင်းများ၏ အိမ်အနီးအနားရွာများသို့ တစ်ခါတစ်ရံ လိုက်လည်လျှင် တစ်ပတ်ဆယ်ရက်ခန့် ကြာတတ်သည်။

သူတို့မိသားစုကို ကြည့်မရသူက သူတို့တဲတောင်ဘက်ရှိ ကိုမောင်လေးတို့ မိသားစုဖြစ်သည်။ ကိုမောင်လေးကလည်း ခေသူမဟုတ်၊ ဓားပြမှု ဓားခုတ်မှုတို့ဖြင့် ထောင်နှစ်ခါကျထားသူဖြစ်သည်။ ကိုမောင်လေးတို့မိသားစုက မောင်ဖိုးထူးတို့မိသားစုကို အသားလွတ် ကြည့်မရနေသူဖြစ်သည်။ မိန်းမဖြစ်သူကလည်း နံနက်မိုးလင်းကို ဖေတော့၊ မောင်တော့နှင့်ဆဲဆိုပြီး ဖွင့်လှစ်ရမှ ကျေနပ်သူတွေဖြစ်သည်။ မောင်ဖိုးထူးတို့မိသားစုကိုလည်း အမြဲတမ်း စောင်းမြောင်းဆဲဆို ရန်စနေသူဖြစ်သည်။

မိဘနှစ်ပါးဖြစ်သော ဦးဘိုးရင်နှင့် ဒေါ်မယ်ခတို့မှလည်း အတတ်နိုင်ဆုံး သည်းခံပြီး နေထိုင်လာခဲ့သည်။ ကိုမောင်လေးတို့မိသားစု စားစရာမရှိလျှင် သူတို့ကပင် ထောက်ပံ့ပေးကမ်းသည်။ ကိုမောင်လေးက နေ့တိုင်းမူးပြီး ဆဲဆိုရန်စသည်။

အထူးသဖြင့် ကိုဖိုးထူး သူငယ်ချင်းများနှင့်လိုက်သွားပြီး လည်ပတ်နေချိန်တွင် မိဘနှစ်ပါးကို ကိုမောင်လေးက ပို၍စော်ကားသည်။ အနိုင်ကျင့်သည်။ သားဖြစ်သူ သိမှာစိုး၍ ဦးဘိုးရင်နှင့် ဒေါ်မယ်ခတို့မှ အတတ်နိုင်ဆုံး သည်းခံနေခဲ့သည်။ တစ်နေ့ ကိုမောင်လေး အရက်မူးလာပြီး တဲရှေ့သို့ ရောက်လာခဲ့သည်။ ထိုအချိန်တွင် မောင်ဖိုးထူးမှာ သူငယ်ချင်းများနှင့် အခြားရွာသို့ သွားလည်နေသည်။

"ဗျို့ ... ဦးဘိုးရင် ... အဘိုးကြီး"

"ဘာလဲ ... ငါ့တူ မောင်လေး"

"မောင်လေးတွေ ဘာတွေ လုပ်မနေနဲ့၊ ကျုပ် အရက်ထပ်သောက်ချင်လို့ ပိုက်ဆံပေးစမ်းပါ"





"ဟ ... မောင်လေး၊ မင်းဟာ လွန်လှပြီလားကွ။ စားစရာမရှိ ...ိုင်း ငါတို့က စေတနာတွေနဲ့ မင်းတို့မိသားစုကို ပေးနေတာ။ အခု မင်းက အရက်ဖိုးပါ လာတောင်းတယ်ဆိုတော့ မလွန်လွန်းဘူးလားကွ"

"စကားမရှည်နဲ့ဗျာ၊ ပေးမှာလား မပေးဘူးလား"

"မပေးနိုင်ဘူးကွာ၊ မင်းဟာက လွန်လွန်းနေပြီ"

"လွန်တော့ရော ခင်ဗျားက ဘာလုပ်ချင်လဲ၊ ကဲဗျာ ..."

"ဖုန်း ..."

"အင့် ..."

ပြောပြောဆိုဆို ကိုမောင်လေးက ဦးဘိုးရင်ကို ဆောင့်တွန်းလိုက်ရာ ...ထိုင်လျက် လဲကျသွားသည်။

"ဟဲ့ ... မောင်လေး၊ နင် မိုက်ရိုင်းလှချည်လား၊ ကိုယ့်အဖေ ...ရွယ်လောက်ရှိတဲ့သူကို"

"ရိုင်းတော့ ဘာဖြစ်လဲ၊ ခင်ဗျားတို့လင်မယားရော၊ ခင်ဗျားသား... ကျုပ်ကကြည့်လို့ကို မရတာကြာပြီ။ ထမင်းဝဝသာ စားထားပေတော့၊ ...ဆံလေးနည်းနည်းရှိ၊ လူတွေက ဆောင့်ကြွားကြွားနဲ့"

"ငါ ... မတွေ့၊ ဖေ ... မတွေ့"

အားရအောင် ဆဲဆိုကြိမ်းဝါးပြီးမှ ပြန်သွားခဲ့သည်။ အဘိုးကြီး၊ ...အားကြီး လင်မယားနှစ်ယောက်တည်းဖြစ်၍ ကိုမောင်လေး၏ ဆဲဆိုရမ်း...မှုကို ပြန်မတွန်းလှန်နိုင်ဘဲ ခံလိုက်ရသည်။

ထိုနေ့ညနေပင် မောင်ဖိုးထူးသူငယ်ချင်းများနှင့် သွားလည်နေရာမှ ...သို့ ပြန်ရောက်လာခဲ့သည်။ ထမင်းဝိုင်းတွင် မိဘများမျက်နှာမကောင်း၍ ...ကျိုးအကြောင်းမေးကြည့်ရာ မိဘများက ရန်မီးပွားမည်စိုး၍ ပထမတော့ ...မပြောပြခဲ့ပါ။ သို့သော် အတန်တန် မေးလွန်းမက မေးတော့မှ မိဘနှစ်ပါးက ...ကျိုးအကြောင်း အကုန်အစင် ပြောပြလိုက်သည်။ ထို့နောက် ရန်ကို ...ခြင်း မတုံ့ပြန်ရန်လည်း သတိပေးခဲ့သည်။

မောင်ဖိုးထူးမှာ အကျိုးအကြောင်း သိရသောအခါ မျက်ရည်များ ...တွေကျပြီး ငါမရှိ၍ ငါ့မိဘများ အစော်ကားခံရတယ်ဟုဆိုကာ ...ကျိုးမရ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လျက်ရှိသည်။ နောက် ဘယ်တော့မှ မိဘများကို ပစ်၍ လျှောက်မလည် တော့ပါဘူးဟုဆို၍ ထမင်းဝိုင်းမှ ထသွားခဲ့သည်။

ထိုနေ့တစ်ညနေလုံး မောင်ဖိုးထူး စကားတစ်ခွန်းမှမပြောဘဲ တစ် တစ်ရာကို စဉ်းစားနေတော့သည်။ ထိုနေ့ည မိုးချုပ်ခါနီးအချိန်တွင် မောင် ထူး၏ သူငယ်ချင်းနှစ်ယောက်တဲသို့ ရောက်လာပြီး ထိုနေ့ညက အတူ ကြသည်။

သန်းခေါင်ယံအချိန်တွင် မောင်ဖိုးထူး အဝတ်အစားများကို လဲ ဆောင်ဓားကိုကိုင်ပြီး တဲပေါ်မှ တိတ်တဆိတ် ဆင်းလာခဲ့သည်။ မိဘနှစ် သူငယ်ချင်းနှစ်ယောက်နှင့် လူငှားနှစ်ယောက်တို့မှာ နှစ်ခြိုက်စွာ အိပ်ပျော် နေကြသည်။ မိမိတဲနှင့် လယ်နှစ်ကွက်သာခြားသော ကိုမောင်လေးတဲ ရောက်လာခဲ့သည်။

ကိုမောင်လေး တဲပေါ်သို့ တံခါးကို အသာတွန်းဖွင့်ပြီး တက်လို သည့်အခါ တဲရှေ့ခန်းတွင် ခြင်ထောင်တစ်လုံးထောင်၍ ကိုမောင်လေး မိန်းမနှင့် သားနှစ်ယောက် ပေါင်းလေးယောက် နှစ်ခြိုက်စွာ အိပ်ပျော် သည်ကို မှန်အိမ်မီးရောင် ဝိုးတဝါးဖြင့် မြင်တွေ့လိုက်ရသည်။

ထိုခဏတွင် မိဘနှစ်ပါး မျက်ရည်ပေါက် ကြီးငယ်ကျရသည့်အ ကို ပြန်မြင်ယောင်ခဲ့သည်။ ဒေါသဖြင့် ခြင်ထောင်ကြိုးများကို ဖြတ် တစ်မိသားစုလုံးကို ဆောင်ဓားဖြင့် အချက်ပေါင်းများစွာ ခုတ်သတ်လို တော့သည်။ ဆောင်ဓားမှာ ခြေသလုံးမွေးကျအောင် သွေးထားပြီး အ ထက်မြက်နေခြင်း၊ ဒေါသအလျှောက် အချက်ပေါင်းများစွာ ခုတ်ခံရခြ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေခြင်းတို့ကြောင့် မိသားစုလေးယောက် တစ်ခဏချင်း သေဆုံးခဲ့ရတော့သည်။

မိသားစုကို ခုတ်သတ်ပြီးနောက် တဲရှေ့နှင့်တဲပေါ်သို့ တက် ခြေရာများကို သုံးလေးမျိုးဖြစ်အောင် ရှုပ်ယှက်ခတ်နေအောင် ရွှံ့ဗွက်မျာ ပြုလုပ်ထားခဲ့သည်။ ထို့နောက် တဲရှေ့ရေကန်တွင် တစ်ကိုယ်လုံး စိမ်ပြေ ရေချိုး၍ ခုတ်သတ်ခဲ့သောဓားနှင့် အဝတ်အစားတို့ကို တစ်နေရာတွင် မြှုပ်၍ လက်စဖျောက်လိုက်သည်။ ထို့နောက် ညဦးပိုင်းက ဝတ်ထား





အဝတ်အစားများကို ပြန်လည်ဝတ်ဆင်ခဲ့ပြီး မိမိ၏တဲပေါ်သို့ ဟန်မပျက် တက်ပြီး ပြန်အိပ်နေခဲ့သည်။

နောက်တစ်နေ့နံနက်တွင် ကိုမောင်လေးတို့ မိသားစုတစ်စုလုံး အသတ်ခံရသည့်သတင်းက တစ်နယ်လုံးသို့ ပျံ့နှံ့သွားခဲ့သည်။ သက်ဆိုင်ရာ လူကြီးမင်းများနှင့် ဌာနအုပ်တို့က လာရောက်စစ်ဆေးကြသည်။ သက်သေခံ ပစ္စည်း၊ လူသက်သေ၊ ပစ္စည်းသက်သေ တစ်စုံတစ်ခုမှ မရသော်လည်း သံသယရှိသူ တရားခံအဖြစ် တဲနီးချင်းဖြစ်သော မောင်ဖိုးထူးကို ဖမ်းဆီးခဲ့ သည်။ မောင်ဖိုးထူးကလည်း လုံးဝ ဝန်ခံခြင်း မပြုခဲ့ပါ။ မည်သို့ပင်စစ်သော် လည်း မောင်ဖိုးထူးက ဖြောင့်ချက်မပေးခဲ့ပါ။ သို့သော် ရဲဌာနက အမှုကိုတည် ဆောက်ပြီး ဟံသာဝတီခရိုင် စက်ရှင်တရားသူကြီးရုံးသို့ တင်ပို့ခဲ့သည်။

ဟံသာဝတီခရိုင် စက်ရှင်တရားသူကြီးက တရားခံ၏ဖြောင့်ချက် သက်သေခံပစ္စည်း၊ လူသက်သေတို့မရှိသော်လည်း တရားခံမှာ မောင်ဖိုးထူး ဟုယူဆပြီး သေစားသေရန် အမိန့်ချမှတ်ခဲ့သည်။ သေဒဏ်ချမှတ်ခြင်းခံရ သော်လည်း မောင်ဖိုးထူးမှာ မျက်နှာတစ်ချက်မျှမပျက်ဘဲ ခပ်ပြုံးပြုံးပင် ရှိ နေသည်။ အောက်ရုံးမှ သေဒဏ်ချမှတ်ခဲ့သော်လည်း အထက်ရုံးသို့ အယူခံ တက်ခဲ့သည်။

အယူခံတက်ရာတွင် ရန်ကုန်မြို့မှ အတော်ဆုံး ဝတ်လုံတော်များကို ငှားရမ်းပြီး အမှုလိုက်စေခဲ့သည်။ ဝတ်လုံတော်ရများနှင့် တရားရုံးစရိတ် အတွက် ထိုခေတ်က ငွေဒင်္ဂါးဆန်ကောတစ်ချပ်အမောက် ကုန်ခဲ့သည်။ အယူခံ လိုက်သည့်အခါတွင် အခင်းဖြစ်သည့်ညက မောင်ဖိုးထူး၏တဲတွင် အတူလာ ရောက်အိပ်စက်သော သူငယ်ချင်းနှစ်ဦးကလည်း ၎င်းတို့နှင့်အတူ မောင်ဖိုး ထူးမှာ တစ်ညလုံး အိပ်စက်လျက်ရှိကြောင်း၊ ညဦးပိုင်းအိပ်သော အဝတ် အစားနှင့် နံနက်ခင်းဝတ်ဆင်လျက် တွေ့ရသော အဝတ်အစားတို့မှာ အတူတူ ပင်ဖြစ်ကြောင်း အလီဘိုင်ပြု၍ သက်သေထွက်ပေးကြသည်။

အယူခံအမိန့်ချမှတ်ရာတွင် တရားသူကြီးက တရားခံ၏ဖြောင့်ချက် မရှိခြင်း၊ သက်သေခံပစ္စည်း မပြည့်စုံခြင်း၊ မောင်ဖိုးထူးနှင့် ထိုညက အတူ ရှိနေပါသည်ဟု သူငယ်ချင်းနှစ်ယောက်က အလီဘိုင်ပြုနိုင်ခြင်း၊ မောင်ဖိုးထူး



www.burmeseclassic.com

www.burmeseclassic.com



ကျူးလွန်ကြောင်း မည်သူတစ်ယောက်မှ တွေ့မြင်ကြားသိမှုမရှိခြင်း၊ ဤအမှု ကို မောင်ဖိုးထူးကျူးလွန်ပါသည်ဟု ဆုံးဖြတ်၍ မရခြင်းတို့ကြောင့် တရားခံ မောင်ဖိုးထူးအား သံသယအကျိုးခံစားခွင့်အဖြစ် သေဒဏ်ကျခံရာမှ အပြီး အပြတ် လွှတ်လိုက်ကြောင်း အမိန့်ချမှတ်ခဲ့ပါသည်။

ဤသို့ဖြင့် လူသတ်မှုဖြင့် သေဒဏ်ကျခံရပြီးမှ အယူခံဖြင့် မောင်ဖိုး ထူးမှာ ပြန်လည်လွတ်မြောက်လာခဲ့ပါသည်။ သေရွာမှ ပထမအကြိမ် ပြန် လာခဲ့ခြင်းပင်ဖြစ်ပါသည်။

"အဲဒါ ကိုဖိုးထူး ပထမအကြိမ် သေရွာပြန်ခဲ့တာပေါ့"

"အေးဗျာ . . . မိသားစုတစ်ခုလုံးကို သတ်ခဲ့တာတောင် လွတ်လာ သေးတယ်"

"ကိုလိုနီခေတ်က တရားစီရင်ရေးလေဗျာ"

"အေး . . . ကျွန်တော်ပြောဖို့ တစ်ခုကျန်သွားသေးတယ်။ ဝတ်လုံ တော်ရနဲ့ တရားရုံးစရိတ်က ငွေဒင်္ဂါးဆန်ကောတစ်ချပ်အမောက် ကုန်ခဲ့တယ် လို့ ပြောတယ်နော်။ အဲဒီအပြင် အယူခံအမိန့်ချခါနီးမှာ နောက်ထပ် ငွေဒင်္ဂါး တွေ ဆန်ကောနဲ့အမောက်တစ်ချပ် ထပ်ပြီး ကုန်သွားသေးတယ်"

"ဆန်ကောတစ်ချပ် ထပ်ကုန်တယ်၊ ဟုတ်လား"

"ဟုတ်တယ် . . . အဲဒါကိုတော့ ဘယ်သူ့ကို ပေးရတယ်ဆိုတာ ကျွန်တော် မပြောတော့ဘူး။ ခင်ဗျားတို့အားလုံး သိလောက်ပါပြီ"

(သိပါတယ်၊ သိပါတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း (၁၀၀ နီးပါး) ကိုလိုနီ ခေတ် တရားစီရင်ရေးမို့လို့ပေါ့ဗျာ။ ခုခေတ်လို မှန်ကန်တဲ့ တရားစီရင်ရေး သာဆိုရင်) ကျွန်တော်ရင်ထဲက ပြောလိုက်သောစကားများပင် ဖြစ်ပါသည်။

"ဟော့ကောင် . . . ရေနွေးကြမ်းအိုး ဒီဘက်ပေးပါဦးကွ။ ဦးဖိုးထူး အကြောင်း ပြောလိုက်ရလို့ အတော်မောသွားပြီ"

"ရော့ပါဗျာ . . . သောက်ပါ။ လက်ဖက်လည်း စား။ ပြီးရင် နောက် တစ်ခါ သေရွာပြန်တာကို ပြော"

"အေးပါကွာ . . . ပြောပါ့မယ်၊ ခဏ အမောဖြေပါရစေဦး"

"အေးပါ . . . အေးပါ"

---





"ဟော့ကောင် . . . သူငယ်ချင်း၊ ဒီလောက်ဆို အမောပြေလောက် ပြီ ဆက်ပြောတော့"

"အေးပါ . . . အဲဒီလို လူသတ်မှုက ကွင်းလုံးကျွတ် လွတ်လာပြီးတဲ့ နောက် မောင်ဖိုးထူးကို မိဘတွေက ရွာထဲက မသောင်ဆိုတဲ့အမျိုးသမီးနဲ့ အိမ်ထောင်ချပေးလိုက်တယ်။ လယ်တွေကို လူငှားတွေနဲ့လုပ်စေပြီး သူတို့ မိသားစုတွေက ရွာထဲကို ပြောင်းလာကြတော့တယ်။

ရွာထဲရောက်တော့ ကိုဖိုးထူးနဲ့ မသောင်တို့လင်မယားက ကုန်စုံ ဆိုင်ကြီးတည်ပြီး ရောင်းတယ်။ အဲဒီအပြင် ကိုဖိုးထူးက စပါး (၅၀၀) ပါ သမ္ဘန်ကြီးတစ်စင်းထောင်ပြီး ရေဝတီတိုင်း၊ ဘိုကလေးအောက်ဖက်က ကျွန်း ဆွမှာ မဒမတိုင်တို့၊ သင်ပေါင်းတိုင်တို့၊ ကနစိုသားတို့ကို သွားခုတ်ပြီး ဆင်ရောင်းသေးတယ်။

စီးပွားလည်း အလွန်ဖြစ်ခဲ့တယ်။ လူချမ်းသာတွေပေါ့။ အင်္ဂလိပ် ခေတ်မှာ ချစ်တီးကုလားတွေ တရုတ်တွေနဲ့အပြိုင် စီးပွားရှာပြီး လူချမ်းသာ စာရင်းဝင်ခဲ့တာ။ ချမ်းသာသလောက် ခါတိုင်းထက် အလှူရေစက်ကို လက် [illegible]ကွာ ပိုပြီးလုပ်ခဲ့တယ်။ မရှိဆင်းရဲသားတွေကို ပိုပြီး ကူညီထောက်ပံ့ခဲ့လို့ ရွာတိုင်းက သူတို့ကို ချစ်ခင်ကြတယ်။ ဘုရားဒကာ၊ ကျောင်းဒကာကြီး ဦးဖိုးထူး၊ ဒေါ်သောင်ဆိုရင် တစ်နယ်လုံးက သိကြတယ်။

ဦးဖိုးထူး အသက်(၄၀)လောက်ရောက်တော့ ဖခင်ကြီးနဲ့ မိခင်ကြီး ရှေ့ဆင့်နောက်ဆင့် ဆုံးပါးသွားတယ်။ အဲဒီအချိန် ဦးဖိုးထူးမှာ ကလေးငါး ယောက်ရနေပြီ။ အဲဒီတော့ ဒေါ်သောင်က သမ္ဘန်နဲ့ ရေဝတီတိုင်းကို သွား [illegible] တိုင်တွေတင်တာ မလုပ်တော့ဘဲ အေးအေးနေပါလို့ ပြောတာကို လက် ခံဘူး။ သူကလည်း လုပ်ချင်ရင်ဖွတ်လုပ်တာ။ တစ်နေ့တော့ သူ သမ္ဘန်နဲ့ [illegible]တလေးကို ခရီးထွက်ဖို့ ပြင်နေတယ်။ ဒါကို ဒေါ်သောင်က . . .

"ကိုဖိုးထူးရယ် . . . ဒီတစ်ခေါက် ရှင် သမ္ဘန်မထွက်ပါနဲ့လား"

"ဟ . . . ဘာဖြစ်လို့လဲ မသောင်ရ၊ ခါတိုင်းလည်း သွားနေကျဟာ"

---



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ စိတ်ထဲလေးနေလို့ပါ။ ပြီးတော့ အချိန်ကလည်း မိုးဦးကျ လေဦးကျလေ"

"ဘာမှမဖြစ်ပါဘူး ... မသောင်ရယ်၊ စိတ်ချနေစမ်းပါ"

"ဟုတ်တယ် အဘရယ်။ ရာသီဥတုကြည့်ရတာ ကျွန်တော်လည်း သိပ်မကြိုက်ဘူး"

"ဟေ့ကောင် ... ဘာမှမဖြစ်ဘူး၊ မင်းမလိုက်ချင်နေခဲ့"

"မနေပါဘူး ... အဘရယ်၊ အဘသွားရင် လိုက်မှာပေါ့"

ဇနီးဖြစ်သူအပြင် သမ္ဗန်ပဲ့နင်းကပါ ဝင်ပြောသည်ကို လုံးဝ လက်မခံ ဘဲ ခရီးထွက်ခဲ့သည်။ ကိုလိုနီခေတ်ဖြစ်၍ ယခုခေတ်ကဲ့သို့ မိုးလေဝသ သတင်းကိုလည်း မရရှိခဲ့ပါ။ သွားရသည်ကလည်း တိုးမြစ်ဝမှ ပင်လယ်ထဲ ထွက်၍ ပင်လယ်ဘက်မှတစ်ဆင့် ဘိုကလေးမြစ်ဝကို ရွက်လွှင့်ရခြင်းဖြစ် သည်။

ထိုခရီးကို စတင်ပြီး ပင်လယ်ထဲသို့ရောက်သောအခါ မုန်တိုင်း ကျသည်နှင့် တိုးတော့သည်။ စပါးငါးရာပါ သမ္ဗန်မှာ မြစ်ထဲချောင်းထဲတွင် အတော်အသင့်ကြီးသော်လည်း ပင်လယ်ထဲတွင်တော့ စက္ကူလေးတစ်ရွက် ပမာ ဖြစ်တော့သည်။

သမ္ဗန်နစ်မြုပ်သည်နှင့် လှေသမားနှစ်ယောက်မှာ ပင်လယ်ထဲသို့ စုံးစုံးမြုပ်သွားခဲ့တော့သည်။ ဦးဖိုးထူးတစ်ယောက်မှာတော့ ကံကောင်းထောက် မ,စွာ ရေချိုထည့်ထားသော လေးထောင့်သံပုံးအလုံတစ်လုံးကိုရ၍ ဖက်ပြီး ပင်လယ်ထဲတွင် မုန်တိုင်းဒဏ်ကို စုန်ကာဆန်ကာဖြင့် ခံစားနေခဲ့ရသည်။

အစာမစားရသော်လည်း ဖက်တွယ်ခဲ့မိသည့် သံပုံးထဲတွင် သောက် ရေချိုက သုံးပုံတစ်ပုံခန့် ပါလာသဖြင့် သောက်ရေအတွက် မပူရပါ။ သေ တော့မည်ဟုသော အသိဝင်လာတော့ ဘုရားကို သတိရမိတော့သည်။ သေ မည့်အတူတူ အစာမစားရ၍ ဥပုသ်စောင့်ရမည့်အတူတူ ဘုရားကိုသတိရ၍ ဘုရားဂုဏ်တော်များကို ပွားများ၍ သေတော့မည်ဟုဆုံးဖြတ်ပြီး ဘုရားဂုဏ် တော်ကိုသာ ပွားများနေတော့သည်။





မုန်တိုင်းစဲသွားပြီးနောက် ပင်လယ်ထဲတွင် ဆက်လက်မျောပါနေ သည်။ ထူးခြားသည်မှာ ဘုရားဂုဏ်တော်ကို အချိန်ပြည့်ပွားများနေချိန်မှ ၅ ရက်မြောက်နေ့အခါ နေပူရှိန် ပြင်းထန်သည့်အချိန်တွင် ဦးဖိုးထူး၏အပေါ် ကောင်း ကင်၌ မိုးတိမ်တစ်ကွက်က ဦးဖိုးထူးမျောပါရာသို့ ထီးသဖွယ် အုံ့ဆိုင်းပြီး လိုက်ပါနေခြင်းဖြစ်သည်။ ထို့ကြောင့် အပူဒဏ်ကို သက်သာခဲ့သည်။ ဤသို့ ဖြင့် ပင်လယ်ထဲတွင် ငါးရက်ခန့် မျောပါနေခဲ့သည်။

ဦးဖိုးထူး ပင်လယ်ထဲ မျောပါပြီး ငါးရက်မြောက်နေ့တွင် ဘိုကလေး မြစ်ဝ မိန်းမလှကျွန်းအနီးတွင် နေထိုင်ကြသော တံငါသည် သားအဖတွင် သားဖြစ်သူက ပင်လယ်ထဲသို့ ပိုက်ချသွားရန် ဆန္ဒပြင်းပြနေသည်။

"အဖေ ... ဒီနေ့ ပင်လယ်ထဲ ပိုက်ချသွားရအောင် ... အဖေ ရာ"

"သားကလည်း မုန်တိုင်းကျပြီးတာ မကြာသေးတော့ ငါးလည်း သိပ်ရမှာ မဟုတ်ဘူး။ နောက် နှစ်ရက်သုံးရက်လောက်မှ သွားပါလားကွာ"

"မဟုတ်ဘူး ... အဖေရာ၊ သား ဒီနေ့ သွားချင်လို့ပါ။ တစ်ခုခုတော့ ထူးခြားမယ်လို့ ထင်နေတယ်"

"အေးလေ ... ငါ့သားသွားချင်တဲ့ ဆန္ဒရှိရင်လည်း သွားကြတာ ပေါ့"

သားအဖနှစ်ယောက် ပိုက်များကို ပြင်ဆင်ပြီး ပင်လယ်ထဲသို့ တံငါ လှေကလေးဖြင့် ထွက်လာကြသည်။ ပင်လယ်ထဲသို့ရောက်ပြီး အတော်ကြာ သောအခါ ...

"အဖေ ... ဟိုရှေ့မှာ တစ်ခုခု မျောလာတယ်ထင်တယ်"

"အေးကွ ... လူတစ်ယောက်လား မသိဘူး။ အဲဒီဘက်ကို လှော် စမ်းကွာ"

အနားရောက်တော့ လေးထောင့်သံပုံးကို ဖက်တွယ်၍ သတိလစ် နေသော ဦးဖိုးထူးကို တွေ့လိုက်ရသည်။

"အဖေ ... လူတစ်ယောက်ဗျ၊ အသက်ရှိသေးတယ်နဲ့ တူတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . . လူလေးရေ၊ ကဲ . . . ကဲ . . . ဆွဲတင်ရအောင်"

လှေပေါ်သို့ ဆွဲတင်လိုက်တော့ ဦးဖိုးထူးမှာ အသက်မြော့မြော့သာ ကျန်တော့သည်။ တံငါသည်သားအဖလည်း ဦးဖိုးထူးကို လှေဖြင့် သူတို့ရွာ ထဲသို့ ခေါ်လာပြီး ပြုစုကုသပေးကြသည်၊ ဆယ့်ငါးရက်ခန့် ပြုစုကုသပေး တော့မှ ဦးဖိုးထူးမှာ လူကောင်းပြန်ဖြစ်လာခဲ့သည်။

ထိုအချိန်တွင် ရွာ၌ကျန်နေခဲ့သော ဒေါ်သောင်နှင့် သားသမီးများ မှာ မျက်ရည်နှင့်မျက်ခွက် ဖြစ်နေကြသည်။ မုန်တိုင်းမိပြီး ရက်(၂၀)ခန့်ကြာ သောအခါ ဦးဖိုးထူး ပင်လယ်ပြင်တွင် သေဆုံးသွားပြီဟု တထစ်ချယုံကြည် ပြီး ဆွမ်းသွတ်အမျှဝေရန် ပြင်ဆင်ကြတော့သည်။ အိမ်ရှေ့တွင် မဏ္ဍပ်ကြီး ထိုး၍ တစ်ရွာလုံးကို ဖိတ်ကြားညှော်ခံခဲ့သည်။ ရွာကျောင်းဆရာတော်နှင့် သံဃာတော်များကို ပင့်ဖိတ်၍ ဆွမ်းသွတ်အမျှဝေရန် စီစဉ်တော့သည်။

ဆွမ်းသွတ်မည့်နေ့သို့ ရောက်ရှိလာခဲ့တော့သည်။ ဖိတ်ကြားထား သော ရွာလုံးကျွတ်လူအပေါင်းကလည်း ဝက်သားဟင်းဖြင့် ကျွေးမွေးဒါနပြု သည်ကို ဝမ်းနည်းစွာ ဗိုက်ကားအောင် စားသုံးကြတော့သည်။ ဆရာတော် များ ဆွမ်းကပ်ပြီး တရားနာရန် ပြင်ဆင်နေခိုက်တွင် . . .

"အဒေါ်ရေ . . . အဒေါ် မသောင်ရေ၊ ဟိုမှာ ဦးဖိုးထူးကြီး မသေ ဘူး ပြန်လာပြီဗျ"

"ဟ . . . ဟ . . . ဦးဖိုးထူး မသေဘူးတဲ့ဟ"

"ဟ . . . လုပ်ကြပါဦးဟ။ ဖိုးထူးက သေပြီး သရဲလာခြောက်တာ လား မသိဘူး"

တရားနာရန် ပြင်ဆင်နေသော ဒေါ်သောင်တစ်ယောက် မျက်ရည် များကျနေရာမှ ငေါက်ခနဲ ထလိုက်သည်။ မဏ္ဍပ်အတွင်းရှိ လူအပေါင်း လည်း ဝေါခနဲဖြစ်ပြီး ရွာလယ်လမ်းကို လှမ်း၍ကြည့်လိုက်ကြသည်။ အချို့ ကတော့ သရဲလာခြောက်သည်ဆိုပြီး ထွက်ပြေးကြနှင့် အုန်းအုန်းထနေတော့ သည်။

"ဟာ . . . ဟုတ်တယ်ဟ၊ ကိုဖိုးထူး မသေဘူး"

စိတ်ကူးသစ်စာပေ



"ဟုတ်တယ်တော့ ကိုရင်ဖိုးထူး၊ ဟိုမှာ လုံချည်အနက်ကွက်ကြီး ဝတ်ပြီး လာနေတယ်"

"အမေရေ . . . အမေ . . . အဖေ မသေဘူးဗျ။ ဟိုမှာ ပြန်လာ နေပြီ"

ဒေါ်သောင်က လူအုပ်ကြားထဲမှ အတင်းပြေးထွက်ပြီး ဦးဖိုးထူး ရှေ့တွင် သွားရပ်လိုက်သည်။

"မသောင် . . . ငါပြန်လာပြီလေကွာ"

အိမ်ရှေ့မှာ လူတွေကလည်း များလှချည်လား၊ ဘာတွေလုပ်နေ ကြတာလဲ"

"တော်က ကိုဖိုးထူးလား"

"ဟုတ်တယ်လေ . . .။ မသောင် . . . မင်း ရူးသွားပြီလား။ ကိုယ့် ယောကျ်ားကိုယ်တောင် ကိုယ်မသိတော့ဘူးလား"

"ကျုပ်ယောကျ်ားတော့ ကျုပ်သိတာပေါ့။ ရှင်က သေသွားပြီမဟုတ် လား"

"မသေပါဘူး . . . မသောင်ရယ်၊ ငါပင်လယ်ထဲမျောပြီး သေခါနီး အချိန်မှာ တံငါသည်သားအဖက တွေ့ပြီး ကယ်ခဲ့လို့ အခု မင်းပြန်တွေ့ရ တာ"

"ကျုပ်ကတော့ မယုံသေးဘူး။ ရှင် သေပြီး အပတွေ ဘာတွေ မှီ လာသလား မသိဘူး"

"မဟုတ်ပါဘူး . . . မသောင်ရယ်၊ ဖိုးထူးမှ ဖိုးထူးအစစ်ပါ။ မင်းယုံ အောင် ငါ ဘာသက်သေပြရမလဲ။ ကဲကွာ . . . မင်းနဲ့ ငါ့မှာ ကလေးငါး ယောက် ရှိတယ်ကွာ"

"အို . . . ဒါကတော့ လူတိုင်းသိနေတာပဲ"

"လယ်ဧက (၇၀) လုပ်တယ်ကွာ"

"ဒါလည်း လူတိုင်းသိတာပဲ"

"သားနှစ်ယောက်ကို မနှစ်က ရှင်ပြုတယ်ကွာ"

"ဒါလဲ ထူးထူးခြားခြား မဟုတ်သေးဘူး"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"........"

"ဒီမယ် ... ရှင်နဲ့ ကျွန်မနဲ့ နှစ်ယောက်တည်းကသာသိတဲ့ ကိစ္စမျိုးကို ... ပြော၊ ဒါဆို ကျုပ်ယုံမယ်"

"ကဲ .. ကဲ ... ဟုတ်ပါပြီ။ မင်းနဲ့ငါနဲ့ နှစ်ယောက်အိပ်ခါနီးတိုင်း ဟိုဟာလုပ်တယ်လကွာ"

"ရှင်လူတွေရှေ့မှာ မဟုတ်ကဟုတ်က ညစ်တီးညစ်ပတ်တွေ မပြောနဲ့"

"ငါပြောတာက မင်းကို အိပ်ခါနီးတိုင်း တင်ပါးကိုပုတ်ပြီး သိပ်တယ်လေကွာ။ အဲဒါကို ပြောတာပါ"

"နည်းနည်းတော့ ဟုတ်လာပြီ။ နောက်တစ်ခုကို ထပ်ပြောဦး"

"နောက်တစ်ခုက ... ဟို ... အဲ ... ဟုတ်ပြီ"

"မင်းနဲ့ငါ မင်္ဂလာဆောင်ခါနီးမှာ အမှတ်တရဆိုပြီး မင်းကို ရွှေချိန် ၃ ကျပ်သားရှိတဲ့ ဒေါင်းဘယက်တစ်ခုကို လက်ဆောင်ပေးခဲ့တယ်ကွာ။ အဲဒီဒေါင်းဘယက်ကို မင်း သဘောကျလို့ဆိုပြီး မင်းအဝတ်အစားတွေအောက်မှာ သိမ်းထားတယ်ကွာ"

"အမယ်လေး ... ကျေးဇူးရှင်ကြီးရဲ့ မသေလို့ တွေ့ရတာပါလား။ ဟီး ... ဟီး ... ဟီး ..."

ထိုအခါမှပင် ဒေါ်သောင်က ဦးဖိုးထူးကိုဖက်၍ ရှိုက်ကြီးတငင် ငိုကြတော့သည်။ သားသမီးများကလည်း အဖေနှင့်အမေကို ကြည့်၍ သူတို့ပါ ရောငိုကြတော့သည်။ ဆွမ်းသွတ်ပွဲဆိုပြီး ကြွရောက်လာကြသော ပရိသတ်အပေါင်းမှာလည်း မျက်ရည်လည်ရွဲ ဖြစ်ကုန်ကြတော့သည်။ ယခုအကြိမ်ကျသည့် မျက်ရည်ကတော့ ဝမ်းသာ၍ကျသော အပျော်မျက်ရည်များပင် ဖြစ်ကြပါလိမ့်မည်။

ထိုနေ့က ဦးဖိုးထူးအတွက် ရည်စူးပြီးပြုလုပ်သော ဆွမ်းသွတ်အလှူသည် ရွာသူရွာသားများအတွက် ပျော်စရာအလှူတစ်ခု ဖြစ်ခဲ့ရတော့သည်။





ကဲ ... စာရေးဆရာရေ၊ ကျွန်တော့်အဘိုး ဦးဖိုးထူးရဲ့ သေရွာနှစ်ခါပြန် အဖြစ်အပျက်ကတော့ အဲဒီအတိုင်းပါပဲ။ ဦးဖိုးထူးလည်း သက်တမ်းကုန်အောင်နေ၊ အလှူဒါနတွေကို အသက်ထက်ဆုံးပြုလုပ်ပြီး အသက်ရှစ်ဆယ်ကျော်မှ ကွယ်လွန်သွားခဲ့တယ်။

ကျေးဇူးတင်ပါတယ်ဗျာ။ ကျွန်တော့်ကို အခုလို ဇာတ်လမ်းကောင်းလေးကို ပြောပြလို့။ ကျွန်တော် မရှင်းတာလေးတစ်ခုလောက် မေးပါရစေဦး။ ဘေးမှ နားထောင်နေသူတစ်ယောက်က မေးသည်။

"မေးပါ၊ မေးပါ"

"ကျွန်တော်တို့ ဗုဒ္ဓဘာသာမှာ ကောင်းတာလုပ်ရင် ကုသိုလ်ဖြစ်မယ်၊ မကောင်းတာလုပ်ရင် အကုသိုလ်ဖြစ်မယ်လို့ ဆိုကြတယ်။ ကံ,ကံရဲ့ အကျိုးပေးဆိုတာလည်း ရှိတယ်။ ကျွန်တော်ပြောချင်တာက ဦးဖိုးထူးဟာ သားစု (၄)ယောက်စလုံးကို သတ်ဖြတ်ခဲ့သော်လည်း အဲဒီရဲ့ အကုသိုလ်ကံကို သူ မခံစားခဲ့ရဘူး။ ပြီးတော့ မုန်တိုင်းမိပြီး ပင်လယ်ထဲ မျောတဲ့အချိန်မှာ ဆာလောင် နေအပူချိန်ပြင်းတဲ့အချိန်မှာ တိမ်တိုက်ကြီးကလိုက်ပါဖုံးအုပ်ပြီး အပူဒဏ်သက်သာအောင် ဖန်တီးပေးနေတာကိုပဲ"

"ဒီလိုရှိတယ် ... ငါ့ညီရဲ့၊ မှန်တယ်။

ကျုပ်တို့ ဗုဒ္ဓဘာသာအလိုအရ ကောင်းတာလုပ်ရင် ကောင်းတာကို ခံစားရမယ်၊ မကောင်းတာလုပ်ရင် မကောင်းတာကို ခံစားရမယ်။ ဒါက ရှောင်လွှဲလို့မရဘူး။ ချက်ချင်းလက်ငင်း အကျိုးမပေးသေးပေမယ့် သူ့အချိန်အခါရောက်လာရင် ကောင်းကျိုးရော၊ ဆိုးကျိုးရော ရှောင်လွှဲလို့မရဘူး။

အချို့ဆိုရင် ဒီဘဝမှာ ကောင်းတာတွေလုပ်ပေမယ့် ဒီဘဝမှာ ခံစားချင်မှ ခံစားရတယ်။ အဲဒီအပြင် နောက်ဘဝတောင် ခံစားချင်မှ ခံစားရတယ်။ အရင်ဘဝက အကုသိုလ်ကံတွေမကုန်သရွေ့ အကျိုးမပေးသေးဘူး။ အဲဒီအကုသိုလ်ကံတွေကုန်မှ အကျိုးပေးတယ်။ အကျိုးပေးတာကလည်း ဒီဘဝ၊ ဒီဘဝမှာမဟုတ်ရင် နောက်ဘဝ၊ နောက်ဘဝမှာမဟုတ်ရင် နောက်နောင်ဘဝတိုင်အောင် ဖြစ်သွားနိုင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုပဲ ဒီဘဝမှာလုပ်ခဲ့တဲ့ အကုသိုလ်ကံကလည်း အရင်ကပြု လုပ်ခဲ့တဲ့ ကုသိုလ်ကံတွေ ကြီးမားနေသေးရင် ရှိနေသေးရင် အဲဒီအကျိုးဆက် ကို မခံစားရသေးဘူး။ ကုသိုလ်ကံအကျိုးပေးကုန်သွားတဲ့ နောက်ဘဝ၊ သို့ မဟုတ် နောက်နောင်ဘဝမှာ မလွဲမသွေ ခံစားရမှာပါ။

အဲဒါကိုလည်း ဘုရားဟောတရားထဲမှာ အထင်အရှားရှိပါတယ်။ လေ့လာရင် တွေ့နိုင်ပါတယ်။

ဟုတ်ကဲ့ပါဗျာ ... ကျေးဇူးတင်ပါတယ်။

"ကျွန်တော် ခင်ဗျားကိုပြောဖို့ တစ်ခုကျန်သွားတယ် ... စာရေး ဆရာ"

"ပြောပါဦး ... ဘာများလဲ"

"အခု ကျွန်တော်ပြောခဲ့တဲ့ သေရွာနှစ်ခါပြန် ဦးဖိုးထူးဆိုတာ ကျွန် တော့်အဘိုးဆိုပေမယ့် ခင်ဗျားဇနီး ကျောင်းဆရာမ ဒေါ်မြမြအေးရဲ့ အဖေကြီး အရင်းပဲ။ သူ့အဖေ ဦးအောင်ညွှန့်ရဲ့ အဖေအရင်း။ ခင်ဗျားဇနီးနဲ့ ကျွန်တော် နဲ့က မောင်နှမတစ်ဝမ်းကွဲတွေ တော်တယ်"

"ဗျာ ..."

ဝင်းနိုင်(ရွှေပြည်သာ)



www.burmeseclassic.com

□

အိမ်အရောင်းအဝယ်စာချုပ် လက်မှတ်ရေးထိုးရန် ကျွန်မ၏ အစ်မ ဖြစ်သူ ရန်ကုန်မြို့မှ ဖုန်းဆက်လာသဖြင့် ကျွန်မ တာဝန်ထမ်းဆောင်နေ ကျောင်းအုပ်ကြီးထံတွင် ခွင့်စာတင်၍ ရန်ကုန်သို့ ထွက်လာခဲ့သည်။

ကျွန်မမှာ မော်လမြိုင်မြို့ရှိ အမှတ် (၇) အခြေခံပညာအထက်တန်း ကျောင်းတွင် တာဝန်ထမ်းဆောင်နေသော အလယ်တန်းပြ ဆရာမတစ်ဦး ဖြစ်သည်။ ကျွန်မတို့ညီအစ်မတွင် မိဘများမရှိတော့ပါ။ ကျွန်မတို့နှစ်ဦးသာ သွေးရင်းများဖြစ်သည်။ နှစ်ဦးစလုံး အိမ်ထောင်မပြုဘဲ နေခဲ့ကြသည်။

မိဘများရှိစဉ်က ဒဂုံမြို့သစ်တောင်ပိုင်းတွင် နေထိုင်ခဲ့ကြသည်။ ကျွန်မ ဘွဲ့ရပြီး ကျောင်းဆရာမအလုပ် ရခဲ့သည်။ အလုပ်ဝင်သည်မှ ယနေ့ အထိ တာဝန်ကျရာ မော်လမြိုင်မြို့တွင်သာ နေထိုင်ခဲ့သည်။ ကျွန်မအသက် ပင် သုံးဆယ်ကျော်ခဲ့ပြီဖြစ်သည်။ ကျွန်မ၏အစ်မဖြစ်သူမှာ လက္ခဏာ ဟောသည့်လုပ်ငန်းဖြင့် ရန်ကုန်မြို့တွင်သာ နေထိုင်ခဲ့သည်။

မိဘများ မရှိတော့သည့်နောက်ပိုင်း ညီအစ်မနှစ်ဦး တကွဲတပြား နေထိုင်ရန် မသင့်တော့ဟု ထင်မြင်လာခဲ့သည်။ ကျောင်းဆရာမအလုပ်မှာ မိန်းကလေးနှင့် အသင့်လျော်ဆုံးအလုပ်ဟု မမ ပြောခဲ့သည်။ ဒဂုံတောင်ပိုင်း မှအိမ်ကို ရောင်းချလိုက်သည်။ စရံငွေ ယူထားပြီးဖြစ်သည်။

ယခု အပြီးအပြတ် ငွေချေတော့မည်ဖြစ်၍ မမက ကျွန်မကို ဖုန်း ဆက်ခေါ်လိုက်ခြင်းဖြစ်သည်။ စာချုပ်ပေါ်တွင် နှစ်ယောက်စလုံး လက်မှတ်





ရေးထိုးရမည်ဖြစ်သည်။ ကျွန်မ ရန်ကုန်ရောက်ပြီး နောက်တစ်နေ့မှာပင် အိမ်အရောင်းအဝယ်စာချုပ် ချုပ်ဆိုဖြစ်သည်။ အိမ်ရောင်းရငွေအချို့ကို မမ က ဘဏ်တွင် အပ်နှံထားလိုက်သည်။ ညီအစ်မနှစ်ယောက် အထုပ်အပိုး များဖြင့် မော်လမြိုင်သို့ ပြန်လာခဲ့ကြသည်။ ညီအစ်မနှစ်ဦး ရထားစီး၍ ပြန်လာခဲ့ကြသည်။

"မမနဲ့ အမြဲတမ်း အတူတူနေရတော့မှာမို့ ညီမလေး သိပ်ဝမ်း သာတာပဲ"

"တို့ညီအစ်မနှစ်ယောက် အပြန်အလှန်ကူညီစောင့်ရှောက်ပြီး နေ ကြတာပေါ့။ ဒါနဲ့ ညီမလေးဝယ်ဖို့ ပြောဆိုထားတဲ့အိမ်က တကယ်ရောင်းမှာ နော်"

"စိတ်မပူပါနဲ့ . . . မမရယ်၊ ဝယ်မယ့်အိမ်က ညီမလေး ခုလက်ရှိ နေတဲ့အိမ်နဲ့ ကပ်လျက်ပဲ။ အိမ်ရှင်က မုဆိုးမတစ်ဦးပါ။ ညီမလေး လူကြီး တွေနဲ့ ပြောဆိုထားပြီးသား။ ညီမလေးတို့ရောက်လို့ ငွေချေပြီးတာနဲ့ အိမ်ရှင် က တောကို ပြန်တော့မှာတဲ့။ တစ်ယောက်တည်းနေဖို့ မသင့်တော်လို့ တော က ဆွေမျိုးတွေဆီ ပြန်နေမှာတဲ့"

"အေးပါလေ . . . ဒါ့ညီမလေး စိတ်ချမ်းသာရင် ပြီးတာပါပဲ"

ကျွန်မတို့ ညီအစ်မနှစ်ဦး နေထိုင်မည့်အိမ်ကို ရွေးချယ်ခဲ့ပြီးဖြစ် သည်။ ယခု ကျွန်မ သူငယ်ချင်းများနှင့်အတူ စုပေါင်းငှားရမ်းနေထိုင်သည့် အိမ်နှင့် ကပ်လျက်ဖြစ်သည်။ မော်လမြိုင်မြို့ မောင်ငံရပ်ကွက်တွင်ရှိသည်။ ကျွန်မ တာဝန်ထမ်းဆောင်နေသည့် ကျောင်းနှင့်လည်း နီးသည်။ ဆယ့် ငါးမိနစ်ခန့် လမ်းလျှောက်သွားလျှင် ကျောင်းသို့ ရောက်ရှိနိုင်သည်။

ဆယ်ငါးနှစ်ခန့် ကျွန်မ နေထိုင်ခဲ့ပြီးလည်းဖြစ်၍ ကိုယ့်ဇာတိ ရပ် ကွက်လို ဖြစ်နေသည်။ ပတ်ဝန်းကျင်လည်း အေးချမ်း၍ လူသန့်သဖြင့် အခြေချနေထိုင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ မတွေ့ရသည်မှာ ကြာပြီဖြစ်၍ ထားပေါ်တွင် မမနှင့်စကားပြော၍ မဝနိုင်အောင် ဖြစ်နေခဲ့သည်။

နေမွန်းတိမ်းစအချိန်တွင် ကျွန်မတို့စီးလာသော ရထားမှာ မုတ္တမသို့ ဆိုက်လာသည်။ မုတ္တမရောက်သည်နှင့် မုတ္တမနှင့် မော်လမြိုင်ကို ဆက်



www.burmeseclassic.com

www.burmeseclassic.com



သွယ်ဖောက်လုပ်ထားသည့် သံလွင်တံတားကြီးကို လှမ်းတွေ့ရသည်။ ရထားက သံလွင်တံတားပေါ် ရောက်လာသည်။

"ဒီတံတားကြီး ဖွင့်ပြီးကတည်းက မမ မော်လမြိုင်ကို တစ်ခေါက်မှ မရောက်ဖြစ်သေးဘူး၊ ရှုခင်းတွေက လှလိုက်တာနော် . . . ညီမလေး"

ရထားကြီး သံလွင်တံတားပေါ်အဖြတ်တွင် ရှုခင်းများကိုကြည့်ရင်း မမက ပြောလိုက်သည်။ တံတားပေါ်မှ လှမ်းကြည့်လိုက်ရာ ဟိုးဝေးဝေး ညာဘက်ယွန်းယွန်း မော်လမြိုင်အနောက်ဘက်တွင် ကလွိတောင်တန်းနှင့် ဘီလူးကျွန်းကို လှမ်းတွေ့ရသည်။

"ဟိုးမှာ လှမ်းတွေ့နေတာ ကလွိတောင်တန်း၊ ဘီလူးကျွန်းလို့ခေါ်တယ်။ ချောင်းဆုံမြို့နယ်ပေါ့။ မွန်တိုင်းရင်းသားတွေ အများဆုံးနေတဲ့ဒေသပေါ့"

မမကို ကျွန်မ ရှင်းပြလိုက်သည်။ တဖြည်းဖြည်း မော်လမြိုင်နှင့် နီးလာသည်။ လက်ဝဲဘက်သို့ လှမ်းကြည့်လိုက်သည်။

"အဲဒါ ခေါင်းဆေးကျွန်းမဟုတ်လား။ အပေါ်စီးက မြင်ရတဲ့ရှုခင်းက လှလိုက်တာ"

"ဟုတ်တယ် . . . ခေါင်းဆေးကျွန်းပါပဲ"

"ကျွန်းပေါ်မှာ စေတီတစ်ဆူ ဖူးတွေ့ရတယ်၊ ဘာစေတီလဲ . . . ညီမလေး"

"အဲဒီစေတီရဲ့ မူလဘွဲ့အမည်က ဆံတော်ရှင်လို့ သိရတယ်၊ ခုတော့ သစ္စာမဏ္ဍိုင်လို့ ဘွဲ့အမည်တွင်နေပြီ"

ညီမလေးက ခေါင်းဆေးကျွန်းအကြောင်း တော်တော်သိနေပါလား"

"ညီမလေးက မော်လမြိုင်မှာနေခဲ့တာ ကြာပြီလေ။ အဲဒီခေါင်းဆေးကျွန်းပေါ်တော့ နှစ်ခေါက်သုံးခေါက်လောက်သာ ရောက်ဖူးခဲ့တာ။ ကျွန်းပေါ်က ကျောင်းထိုင်ဆရာတော်ပြောပြလို့ သိခဲ့ရတာ။ ဒီကျွန်းရဲ့ နောက်ခံသမိုင်းက စိတ်ဝင်စားဖို့ကောင်းတယ်။ ပြီးတော့ ထူးဆန်းတာတွေလည်း ကျွန်းပေါ်မှာ ရှိသေးတယ်"





"မမလည်း စိတ်ဝင်စားပါတယ်၊ ညီမလေးသိသလောက် ပြောပြပါလား"

"ညီမလေး ကြားဖူးသမျှ ပြောပြမယ်။ အနော်ရထာမင်းကြီးက ဓာတ်တော်များရရှိရေး သုဝဏ္ဏဘုမ္မိကို ချီတက်လုပ်ကြံရာမှာ ပထမအကြိမ် မအောင်မြင်ခဲ့ဘူး။ ဒုတိယအကြိမ်မှာတော့ ဒီခေါင်းဆေးကျွန်းကို ရောက်လာပြီး ခေါင်းဆေးမင်္ဂလာပြု သစ္စာအဓိဋ္ဌာန်ပြုပြီးတော့မှ သုဝဏ္ဏဘုမ္မိကို ချီတက်လုပ်ကြံတယ်။ အလွယ်တကူအောင်မြင်ခဲ့တယ်လို့ ဆိုကြတယ်။

အနော်ရထာမင်းနောက်ပိုင်း ဟံသာဝတီဘုရင် ရာဇာဓိရာဇ်ဟာလည်း အင်းဝဘုရင်မင်းခေါင်နဲ့ နှစ်(၄၀) စစ်ပွဲဆင်နွှဲရာမှာ ဒီကျွန်းကိုရောက်လာပြီး ခေါင်းဆေးမင်္ဂလာပြုခြင်း၊ သစ္စာအဓိဋ္ဌာန်ပြုခြင်းများ ပြုလုပ်ခဲ့တယ်လို့လည်း ပြောကြတယ်။ ပြီးတော့ အလောင်းစည်သူမင်း တိုင်းခန်းလှည့်လည်ရာမှာလည်း ဘေးလောင်းတော် အနော်ရထာမင်းကို အစွဲပြုပြီး ဒီကျွန်းမှာ ခေါင်းဆေးမင်္ဂလာ ပြုခဲ့တယ်တဲ့။

အလောင်းမင်းတရား ဦးအောင်ဇေယျဟာ သန်လျင်မြို့ကို ချီတက်လုပ်ကြံရာမှာ မအောင်မြင်လို့ ဒီကျွန်းကိုရောက်လာပြီး နတ်ရေတွင်းမှာ ခေါင်းဆေးမင်္ဂလာပြု အောင်မြေနင်း သစ္စာအဓိဋ္ဌာန်ပြုခြင်းတို့ ပြုလုပ်ခဲ့တယ်။ ပြီးမှ သန်လျင်ကို ချီတက်လုပ်ကြံတယ်။ အလွယ်တကူ အောင်မြင်ခဲ့တယ်လို့ သိရတယ်"

"ညီမလေး ပြောပုံအရဆိုရင် ဒီကျွန်းဟာ သမိုင်းဝင်ကျွန်းပေါ့။ စိတ်ဝင်စားဖို့ ကောင်းလိုက်တာ"

"ဒီကျွန်းရဲ့နာမည်က ဆယ်ငါးခုလောက်ရှိတယ်လို့ ပြောကြတယ်။ ညီမလေး မှတ်မိသလောက် နာမည်တွေကတော့ ခေါင်းဆေးကျွန်း၊ ပွန်ဇလိုင်ကျွန်း၊ သကြန်ကျွန်း၊ ပတ္တမြားကျွန်း၊ ကျိုးကျွန်းတွေပဲ . . . မမရယ်။ တခြားနာမည်တွေရဲ့ဖြစ်စဉ်ကို မသိပေမယ့် ကျိုးကျွန်းလို့ခေါ်တာတော့ သိတယ်။ ညနေဘက်ဆိုရင် မော်လမြိုင်ပတ်ဝန်းကျင်က ကျိုးငှက်တွေ အုပ်ဖွဲ့ပြီး ဒီကျွန်းလာပြီး အိပ်တန်းတက်ကြတာ။ နံနက်အရုဏ်တက် အိပ်တန်းဆင်းချိန်ဆိုရင် ကျိုးငှက်ထောင်ပေါင်းများစွာ ဆူညံပွဲစနေတာ တွေ့ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် ကျီးကျွန်းလို့ခေါ်ကြတယ် ဟုတ်လား . . . ညီမလေး"

"ဟုတ်တယ် . . . မမရဲ့၊ ဒီခေါင်းဆေးကျွန်းဟာ မော်လမြိုင်နဲ့ မှုတ္တမကြားမှာရှိပေမယ့် မော်လမြိုင်ဘက်ကမ်းနဲ့ ပိုနီးတယ်။ ကျွန်းပတ်ပတ်လည်မှာ ကျောက်ဆောင်တွေ ထူထပ်စွာ ဝိုင်းရံနေလို့ ကြောက်မက်ဖွယ်ဝဲကြီးတွေ ဖြစ်ပေါ်နေတယ်။ ရေဝဲအော်သံကြီးတွေလည်း ကြားနေရတယ်"

"ဒီခေါင်းဆေးကျွန်းက စိတ်ဝင်စားစရာပါပဲလား။ ညီမလေး ပြောပြတာတွေထဲမှာ ဒီကျွန်းမှာ သစ္စာအဓိဋ္ဌာန်ပြုပြီး ဆောင်ရွက်ခဲ့တဲ့ကိစ္စတွေ အောင်အောင်မြင်မြင် ဖြစ်ခဲ့တယ်နော်။ ဒီတော့ ညီမလေးကို တစ်ခုပြောချင်တယ်။ အိမ်ရောင်းပြီးကတည်းက မိဘတွေအတွက် ရည်စူးပြီး အလှူဒါနလုပ်ဖို့ ရည်ရွယ်ထားတယ်လေ"

"ဟုတ်တယ်လေ။ ဘာဖြစ်လို့လဲ . . . မမရဲ့၊ မိဘအတွက် ရည်စူးပြီး ကောင်းမှုကုသိုလ်ပြုတာပဲ မမကြိုက်သလို စီစဉ်ပါ"

"မမ . . . စဉ်းစားမိတယ်။ တို့မိဘတွေအတွက် ရည်စူးပြီး လုပ်မယ့် အလှူကို အဲဒီခေါင်းဆေးကျွန်းပေါ်မှာ သွားလုပ်ရင် မကောင်းဘူးလား"

"သိပ်ကောင်းတဲ့အကြံပဲ။ ညီမလေး စီစဉ်ပေးမယ်။ ညီမလေးလည်း သဘောကျတယ်။ မမဆန္ဒအတိုင်း ဖြစ်စေရမယ်"

ကျွန်မတို့ မော်လမြိုင်ပြန်ရောက်ပြီး မမမှာ ကျွန်မနှင့်အတူ လက်ရှိငှားရမ်းနေထိုင်သော အိမ်တွင်ပင် နှစ်ပတ်ခန့်နေခဲ့သည်။ ကျွန်မ ပြောဆိုထားသောအိမ်ကို အပြီးအပိုင်ဝယ်ယူပြီးမှ ညီအစ်မနှစ်ယောက် ကိုယ်ပိုင်အိမ်သို့ ပြောင်းရွှေ့နေထိုင်ကြသည်။ ကျွန်မတို့ဝယ်သောအိမ်မှာ ပျဉ်ထောင်သွပ်မိုးတိုက်ခံအိမ်လေးသာဖြစ်သည်။ အိမ်တက်မင်္ဂလာအဖြစ် သံဃာတော်ငါးပါးပင့်ဖိတ်ပြီး ဆွမ်းကျွေးဒါနပြုခဲ့ကြသည်။ အားလုံးအခြေတကျဖြစ်ပြီးမှ မမဆန္ဒအတိုင်း ခေါင်းဆေးကျွန်းတွင် အလှူလုပ်ရန် စီစဉ်ရတော့သည်။

ဆယ်ရက်ခန့်ကြိုတင်၍ ကျွန်မ ခေါင်းဆေးကျွန်းသို့ သွားခဲ့သည်။ ဆရာတော်ထံ လျှောက်ထားပြီး အလှူပြုလုပ်မည့်ရက် တောင်းခံရသည်။ ဥပုသ်နေ့တွင် ဆွမ်းကျွေးဒါနပြုခွင့်ရခဲ့သည်။ ကျောင်းရှိ သံဃာအားလုံးနှင့်





ကျွန်းသို့ ရောက်လာသမျှ ဥပုသ်သည်များကို နံနက်စာ ကျွေးမွေးဒါနပြုမည်ဖြစ်သည်။ ဆရာတော်ထံမှ သတ်မှတ်ရက်ရပြီး ကျွန်မ ခေါင်းဆေးကျွန်းမှ ပြန်လာခဲ့သည်။

"ဘယ်လိုလဲ အလှူလုပ်ဖို့ အဆင်ပြေရဲ့လား"

"အဆင်ပြေပါတယ်။ နောက်တစ်ပတ် ဥပုသ်နေ့မှာ ဆွမ်းကျွေးခွင့်ရတယ်"

"မမတို့ ဒီကနေ ဘာတွေစီစဉ်သွားရမှာလဲ"

"ဟိုမှာ အားလုံး အဆင်ပြေတယ်။ အိုးခွက်ပန်းကန်ခွက်ယောက်ကျောင်းမှာရှိပြီးသား။ ချက်ပြုတ်စရာတွေသာ ယူသွားရုံပဲ။ အဖိတ်နေ့ညကျောင်းမှာသွားအိပ်ရမယ်။ ဒါမှ နောက်တစ်နေ့ အရုဏ်ဆွမ်းမီမှာ"

ကျွန်မက ကျောင်းရှိ သံဃာတော်အရေအတွက်၊ ရောက်လာနိုင်သည့် ဥပုသ်သည်၊ ဘုရားဖူးသည့်သည် ခန့်မှန်းအရေအတွက် မမကို ပြောပြလိုက်သည်။ အားလုံး သိရှိပြီးသည်နှင့် အလှူအတွက် မမ စီစဉ်ပါတော့သည်။

အဖိတ်နေ့ နေ့လယ်ပိုင်းတွင် လှူဖွယ်ပစ္စည်းများ၊ ချက်ပြုတ်စရာပစ္စည်းများနှင့်အတူ ကျွန်မတို့ ခေါင်းဆေးကျွန်းသို့ သွားခဲ့သည်။ ကျွန်မ၏သူငယ်ချင်းဖြစ်သူ ဆရာမ သန်းသန်းလည်းအတူ ပါလာသည်။ မော်လမြိုင်ဘက်ကမ်းမှ စက်တပ်သမ္ဗန်ပေါ်သို့ ပစ္စည်းများတင်ပြီး ခေါင်းဆေးကျွန်းဘက်သို့ ကူးလာကြသည်။

"တို့သုံးယောက်တည်းနဲ့ ချက်ပြုတ်လို့ ဖြစ်ပါတယ်နော် ညီမလေး"

"ဖြစ်ပါတယ် . . . မမရဲ့၊ တစ်ညလုံး ချက်ကြမှာပဲ။ အစစအဆင်ပြေအောင် စီစဉ်ပေးမယ်လို့ ဆရာတော်က မိန့်ကြားခဲ့သေးတယ်။ မပူပါနဲ့"

ကျွန်မတို့ ခေါင်းဆေးကျွန်းဘက်သို့ ကူးလာချိန်သည် ရေကျချိန်ဖြစ်နေသည်။ ကျောက်တုံး၊ ကျောက်ဆောင်များကို တွေ့နေရသည်။ ကျောက်ဆောင်များကို ကွေ့ပတ်၍ မောင်းနှင်လာသည်။ မကြာမီ ခေါင်းဆေးကျွန်းသို့ ရောက်လာသည်။ ကမ်းကပ်ပြီး လှေပေါ်မှ ပစ္စည်းပစ္စယများ ချနေစဉ်အတွင်း တဝူးဝူးနှင့် ရေဝဲအော်သံကြီးများ ကြားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုရေခဲအော်သံကြီး ကြားရချိန်မှာပင် ကုန်းပေါ်မှ ကျောင်း ကျောင်းသားအရွယ် ငါးဦးလေ့ဆိပ်သို့ အပြေးဆင်းလာကြသည်ကို လှမ်း တွေ့ရသည်။ ကိုးတန်း၊ ဆယ်တန်း အရွယ်ကလေးများ ဖြစ်မည်ထင်သည် စကားလုံးဝမပြောဘဲ ကျွန်မတို့ ပစ္စည်းပစ္စယများကို ထမ်းသူထမ်း၊ ရွက်သူ ရွက်ဖြင့် ကူညီသယ်ယူသွားကြသည်။

''တွေ့လား ...မမ။ ဆရာတော်က လိုအပ်မယ်ထင်လို့ အားလုံး စီစဉ်ပေးလိုက်တာဖြစ်မယ်။ ချက်ပြုတ်ရေး မမ ဘာမှမပူနဲ့တော့''

''လုပ်အားပေး ငါးယောက်တိုးလာတော့ မမတို့ သက်သာတာပေါ့ သူတို့လေးတွေလည်း ကုသိုလ်ရတာပေါ့ကွယ်''

''ကျွန်မတို့ ပစ္စည်းများသယ်၍ ကျွန်းပေါ်ရောက်လာစဉ် ကိုရင် လေးတစ်ပါး ရောက်လာသည်။ ကျွန်မတို့ နေထိုင်ချက်ပြုတ်ရမည့်နေရာ ကို ပြပေးသည်။ ပြီးနောက် လိုအပ်သော အိုးခွက်၊ ပန်းကန်ခွက်ယောက်များ စာရင်းပြုစု၍ ထုတ်ပေးသည်။ ကျွန်မတို့မလုပ်ရပါ။ ကလေးများကသာ ဝိုင်း ဝန်းသယ်ယူပေးကြသည်။

သူတို့အုပ်စုတွင် ယောကျ်ားလေးသုံးဦးနှင့် မိန်းကလေးနှစ်ဦး ပါဝင် သည်။ ညနေ မှောင်စပျိုးသည်နှင့် ကျီးငှက်အော်မြည်သံများ ဆူညံနေပါ တော့သည်။ ခေါင်းဆေးကျွန်းကောင်းကင်ယံတွင် ကျီးငှက်ထောင်ပေါင်းများ စွာ အိပ်တန်းတက်ရန် အော်မြည်ပျံဝဲနေကြသည်။ လုပ်အားပေးရောက်လာ သော ကလေးငါးယောက်မှာ သွက်လက်ချက်ချာ အလိုက်သိတတ်ကြသည်။

ရေသယ်သူသယ်၊ ထင်းခွဲသူခွဲ၊ ပန်းကန်ခွက်ယောက် ဆေးသူဆေး နှင့် အကွက်စေ့စေ့ ကူညီလုပ်ကိုင်ပေးကြသည်။ ထိုနေ့က အားလုံးအလုပ် ရှုပ်နေကြသဖြင့် ညကိုးနာရီကျော်မှ ညစာ စားဖြစ်တော့သည်။ ထမင်းပွဲ ပြင်ပြီး သူတို့ကို ထမင်းအတူစားရန်ခေါ်သည်။ မည်သို့ခေါ်ခေါ် သူတို့မစား ကြပါ။ နောက်မှစားမည်ဟုသာ ပြောကြသည်။ ကျွန်မတို့ သုံးယောက်တည်း သာ ညနေစာ စားနေကြသည်။

ကျွန်မတို့ စားသောက်ပြီးချိန်တွင် သူတို့ရောက်လာပြီး စားသောက် ထားသည့် ပန်းကန်များ သိမ်းဆည်းဆေးကြောပေးကြသည်။ ထမင်းစား





သောက်ပြီး နံနက်အရုဏ်ဆွမ်းအချိုပွဲအတွက် သစ်သီးများ ပြင်ဆင်နေကြ သည်။ လိုးစားတစ်ချောင်းလိုနေသဖြင့် ကျွန်မ သူငယ်ချင်းသန်းသန်း မီးဖို ချောင်ဘက်သို့ ဝင်သွားသည်။ သန်းသန်းစားယူပြီး ပြန်လာသည်။ သန်းသန်း အမူအယာမှာ ထူးခြားနေ၍ ကျွန်မ သူ့ကို မေးလိုက်သည်။

''သန်းသန်း ...စားသွားယူတာ ဘာတွေ့လာလို့လဲ။ နင့်ပုံက တစ်မျိုးဖြစ်နေတယ်''

''ဟိုလေ ...သူတို့ငါးယောက် ထမင်းစားနေကြတာ ထူးနေသလို ပဲ''

''ထမင်းစားတာ ဘယ်လိုထူးနေလို့လဲ''

''ထမင်းကို ပန်းကန်တွေနဲ့ ထည့်မစားကြဘဲ ဒန်အိုးကြီးအဖုံးထဲ ထည့်ပြီး ဝိုင်းစားနေကြတာ''

''ပန်းကန်တွေ ပြန်ဆေးနေရမှာစိုးလို့ ထင်ပါတယ်''

''ငါ့စိတ်ထဲ ထူးဆန်းနေသလားလို့ပါ''

လိုးချွတ်ချက်ပြုတ်နေကြရင်း ထိုညတွင် သူတို့ မအိပ်ကြပါ။ ကျွန်မ တို့ကိုသာ အိပ်စေပါသည်။ မမကလည်း သူတို့ကိုအားနာ၍ အိပ်ခိုင်းသည်။ အိပ်ကြပါ။

မမက တစ်မှေးလောက် မှေးလိုက်မည်ဟုဆိုကာ ခေတ္တအိပ်လိုက် သည်။ ကျွန်မနှင့် သန်းသန်းမှာ မအိပ်တော့ပါ။ ဆက်လက်ချက်ပြုတ်လုပ် ကိုင်နေခဲ့ကြသည်။ ကျွန်မ အလုပ်လုပ်နေရင်း သူတို့အုပ်စုကို လှမ်းကြည့် လိုက်မိသည်။

ငါးယောက်သား ထောင့်တစ်နေရာတွင် ခွေခွေလေး ဖြစ်သလိုအိပ် နေကြသည်ကို တွေ့လိုက်ရသည်။ မအိပ်ဟု သူတို့ပြောခဲ့သော်လည်း ယခု သူတို့ အိပ်ပျော်နေကြသည်။ သူတို့ကို ကျွန်မ မနှိုးရက်တော့ပါ။ ကျွန်မနှင့် သန်းသန်းနှစ်ဦးသာ အလုပ်များ ဆက်လုပ်နေခဲ့သည်။ သန်းခေါင်ကျော် အချိန်သို့ပင် ရောက်လာခဲ့ပြီ။ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက် နေသည်။ ချောက်ချားဖွယ်ရာပင် ဖြစ်နေသည်။



www.burmeseclassic.com

ထိုင်ငြိမ်းမှာပင် တရှုးရှုးနှင့် ရေဝဲအော်သံကြီးများ ကြားလိုက်ရသည်။ လှေခြေတိတ်ချိန်၌ ရေဝဲအော်သံကြီးမှာ ပိုမိုကျယ်လောင်စွာ ကြားရသည်။ ရေဝဲအော်သံ ဆူညံနေစဉ်မှာပင် သူတို့ငါးဦး အိပ်ရာမှနိုးလာကြသည်။ ရေဝဲအော်သံကြောင့် သန်းသန်းမှာ ကြောက်ရွံ့သည့်ဟန်ပန်ဖြင့် ကျွန်မအနား တိုးကပ်လာသည်။

ထိုစဉ် မမလည်း အိပ်ရာမှနိုးလာသည်။ အရုဏ်တက်တော့မည် ဖြစ်သည်။ အရုဏ်ဆွမ်းအမီ ကြိုတင်ပြင်ကြရတော့သည်။ သူတို့ငါးယောက် လည်း ကူညီလုပ်ကိုင်ပေးကြသည်။ ကျွန်မတို့ ဆွမ်းပွဲပြင်ဆင်ပြီးစမှာပင် ကိုရင်လေး ရောက်လာသည်။ ဆွမ်းပွဲအဆင်သင့်ဖြစ်ကြောင်း ကိုရင်လေး ကို လျှောက်ထားလိုက်သည်။

ကိုရင်လေးပြန်ကြွသွားပြီး မကြာမီ ဆရာတော်နှင့် သံဃာတော် များ ကြွလာသည်။ ကျွန်မတို့ အရုဏ်ဆွမ်းကပ်သည်။ ဆွမ်းဘုဉ်းပေးပြီး အချိုပွဲ ဆက်ကပ်သည်။ အားလုံးပြီးမှ လှူဒါန်းမှုအစုစုအတွက် ရေစက်ချ အမျှပေးဝေသည်။ ကွယ်လွန်သူမိဘနှစ်ပါးကို ရည်စူးဒါနပြုသည်ဖြစ်၍ ဆရာ တော်က ကျွန်မတို့ မိဘအမည်များကို ထည့်သွင်းပြောကြား အမျှပေးဝေ သည်။

ရေစက်ချပြီး အမျှပေးဝေရာတွင် သူတို့ငါးယောက်၏ သာဓုခေါ် သံမှာ ကျယ်လောင်စွာ ပေါ်ထွက်လာသည်။ ကျယ်လောင်လွန်းလှသော သူတို့သာဓုခေါ်သံကြောင့် ဆရာတော်က အံ့ဩသည့်မျက်နှာထားဖြင့် သူတို့ ငါးဦးမျက်နှာကို လှမ်းကြည့်လိုက်သေးသည်။

ရေစက်ချအမျှဝေအပြီး ဆရာတော်နှင့် သံဃာတော်များ ကျောင်း ပေါ်သို့ ပြန်လည်ကြွသွားတော့သည်။ ထိုအချိန်တွင် မိုးစင်စင်လင်းနေပြီဖြစ် သည်။ ဥပုသ်နေ့မို့ ဥပုသ်သည်နှင့် ဘုရားဖူးများ တဖွဲဖွဲရောက်လာကြသည်။ ဥပုသ်သည်များအား ကျောင်းပေါ်တွင် ဆရာတော်က သီလပေးသည်။ သီလ ပေးရင်း ကျွန်မတို့ နံနက်စာအလှူကို အသိပေးပြောကြားခဲ့သည်။

ဆရာတော် သီလပေးပြီးသည်နှင့် ဥပုသ်သည်များ ကျွန်မတို့ ဒါနပြုရာဇရပ်သို့ ရောက်လာကြသည်။ ရောက်လာသမျှ လူအားလုံး ကျွန်မ





တို့က နံနက်စာဖြင့် ဒါနပြုကျွေးမွေးပါသည်။ ခန့်မှန်းထားသည်ထက် လူ များ ပိုမိုရောက်လာကြသည်။ မမက ပိုပိုမိုမို စီစဉ်ထားခဲ့သဖြင့် လောက်င အဆင်ပြေခဲ့သည်။

ဆယ်နှစ်နာရီနီးတော့မှ ကျွေးမွေးဒါနပြုမှု ပြီးပြတ်သွားတော့သည်။ လူရှင်းသလောက် ဖြစ်သွားသည်။ အားလုံးပြီးစီးတော့မှ ကျွန်မတို့ နံနက် စာစားရန် သတိရတော့သည်။ ကျွန်မတို့ နံနက်စာစားကြစဉ် သူတို့ငါး ယောက်ကိုလည်း အတူစားရန်ခေါ်သည်။ မဆာသေးဟုဆိုကာ ပန်းကန်ခွက် ယောက်များ ဆေးကြောနေကြသည်။

စားသောက်ပြီးစီး၍ ပစ္စည်းများ သိမ်းဆည်းနေချိန်တွင် ကိုရင်လေး ရောက်လာသည်။ ဆရာတော်က ကျွန်မတို့ညီအစ်မကို အခေါ်ခိုင်းလိုက် ကြောင်း ပြောသည်။ သန်းသန်းကို ထားရစ်ခဲ့ကာ ကျွန်မတို့ ကျောင်းပေါ် သို့တက်သွားကြသည်။ သူတို့ငါးဦး ပန်းကန်ခွက်ယောက်များ ပွတ်တိုက်သန့် စင်ရေးလုပ်ရင်း ကျန်ရစ်ခဲ့သည်။

လမ်းတွင် ရုပ်ပွားတော်စေတီတစ်ဆူ ဖူးတွေ့ရသည်။ ထိုရုပ်ပွား တော်ရှေ့တွင် တစ်ပင်လုံး ပြွတ်ခဲသီးနေသော ဆီးဖြူပင်ကြီးတစ်ပင် တွေ့ရ သည်။ ကျွန်မက မမကို ရှင်းပြလိုက်သည်။

''ဆီးဖြူပင်တွေသဘာဝက မိုးရာသီမှာ အသီးသီးလေ့မရှိဘူး။ ဒါ ပေမဲ့ ဒီကျွန်းပေါ်မှာတော့ သုံးရာသီစလုံး သီးနေတယ်။ မိုးတွင်းမှာလည်း သီးနေတာပဲ''

''ဒီကျွန်းက ထူးဆန်းတာတွေ အများသားပါလား''

ကျွန်မတို့ စကားတပြောပြောဖြင့် ဆရာတော်ကျောင်းသို့ ဆက် သွားကြသည်။ သစ္စာမဏ္ဍိုင်စေတီတော်ထောင့်လေးတွင် ခက်လက်ဝေဆာ အုံ့ဆိုင်းနေသော တောင်လုံးကျော်ပင်ကြီးများကို တွေ့ရသည်။ ကျွန်မတို့ စိတ်ဝင်စားမှန်းသိနေသဖြင့် ကိုရင်လေးက ကျွန်မတို့ကို ရှင်းပြသည်။

''ဒီတောင်လုံးကျော်ပင်တွေက ထူးဆန်းတယ်။ အပင်ရဲ့အမြစ်ကို လက်နဲ့ဆုပ်ထားပြီးရင် တစ်ပတ်လောက်အထိ လက်မှာ မွှေးရနံ့မပြယ်အောင် ထုံနေတယ် . . . ဒကာမကြီး''

ဆရာတော်ကျောင်းရှေ့အရောက် မျက်နှာစာတွင် အပွင့်၊ အသီး အရွက်၊ အကိုင်းနှင့် အမြစ်များပါမကျန် တစ်ပင်လုံး ကတ္တီပါရောင် နီမြန်းနေသော မာလကာသီးပင်နှစ်ပင်ကို ထူးဆန်းစွာ တွေ့ရပြန်သည်။ ကျွန်မတို့ ကျောင်းပေါ်ရောက်ချိန်တွင် ဆရာတော်ကို အဆင်သင့် ဖူးတွေ့ရသည်။ ဆရာတော်က ကျွန်မတို့အလာကို စောင့်ဆိုင်းနေဟန်တူသည်။ ကျွန်မတို့ ဦးချပြီးချိန်တွင် ဆရာတော်က မေးသည်။

"ဒကာမကြီးတို့ အားလုံးအဆင်ပြေတယ်မဟုတ်လား"

"အားလုံး အဆင်ပြေပါတယ်ဘုရား။ ညှိသည်တွေက မှန်းထားတာထက် ပိုရောက်လာတယ်။ တပည့်တော်မတို့ သုံးယောက်တည်းဆို မနိုင်ဘူး။ လုပ်အားပေး ကလေးငါးယောက် ဆရာတော်စီစဉ်ပေးခဲ့လို့ အဆင်ပြေခဲ့တာ။ သူတို့ငါးယောက် အပင်ပန်းခံပြီး ကူညီပေးကြပါတယ် ဘုရား"

"ဘယ်က လုပ်အားပေးငါးယောက်လဲ။ အဲဒီငါးယောက်က ဒကာမကြီးတို့ ခေါ်လာတာမဟုတ်လား။ ဘုန်းကြီးစီစဉ်ပေးတာ မဟုတ်ဘူး"

တပည့်တော်တို့ ခေါ်လာတာမဟုတ်ပါဘူး။ တပည့်တော်မတို့လှေ ဒီကျွန်းကိုဆိုက်ပြီး ပစ္စည်းတွေ လှေပေါ်ကချနေတုန်း သူတို့ ကျွန်းပေါ်က ပြေးဆင်းလာကြတာ။ တပည့်တော်မတို့ အခြေအနေသိလို့ ဆရာတော် ကြိုတင်စီစဉ်ပေးထားတာလို့ ထင်နေခဲ့ကြတာ"

"ဘုန်းကြီး ရေစက်ချအမျှပေးတုန်းက သူတို့ သာဓုခေါ်ကြတယ်။ သူတို့ သာဓုခေါ်သံက ထူးနေတာမို့ စိတ်ထဲမသင်္ကာလို့ ခုလိုခေါ်မေးရတာ။ အဲဒီကလေးငါးယောက် ဘုန်းကြီးစီစဉ်ပေးတာ မဟုတ်ဘူး။ သူတို့ပုံစံတွေက ထူးနေတော့ ဘုန်းကြီးစိတ်ထဲ တစ်မျိုးဖြစ်နေတယ်လေ"

"ထမင်းကျွေးတော့လည်း ပန်းကန်နဲ့မစားဘူး၊ စလောင်းဖုံးကြီးထဲ ထည့်စားကြတယ်။ သူတို့ ဘယ်ကရောက်လာတာလဲ ဘုရား။ တပည့်တော်မတို့ ကြောက်လာပြီ"

မမက ကြောက်ရွံ့စွာဖြင့် လျှောက်တင်သည်။ ကျွန်မလည်း ယခုမှ ကြောက်စိတ်ဝင်လာမိသည်။

"ဒါနဲ့ သူတို့ ဘယ်လိုရောက်လာတာလဲ ပြန်ပြောပါဦး"





"သူတို့ရောက်လာပုံက ဒီလိုပါဘုရား။ တပည့်တော်မတို့လှေ ဒီကျွန်းကိုဆိုက်ပြီး ပစ္စည်းတွေချဖို့ လုပ်နေတုန်း ရေဝဲအော်မြည်သံကြီးတွေ ဆက်တရက် ကြားရတယ်။ အဲဒီရေဝဲအော်သံနဲ့အတူ သူတို့ငါးယောက် ကုန်းပေါ်က ပြေးဆင်းလာပြီး ပစ္စည်းတွေ ဝိုင်းသယ်ပေးကြပါတယ်"

"ရေဝဲကြီးအော်သံနဲ့အတူ ရောက်လာတဲ့သူတွေပေါ့"

"ဟုတ်ပါတယ် ဘုရား"

"ခု သူတို့ ရှိနေသေးလား"

"ဇရပ်မှာ ရှိနေပါတယ်။ တပည့်တော်မတို့ ဒီကျောင်းပေါ်တက်လာတော့ သူတို့ ပန်းကန်ခွက်ယောက်တွေ ဆေးကြောသန့်စင်ရင်း ကျန်နေတာ"

"ဘုန်းကြီးသူတို့ကို တွေ့ချင်တယ်။ လာ ‥ သွားကြရအောင်"

ဆရာတော်ဦးဆောင်ကာ ကျွန်မတို့ ကျောင်းပေါ်မှ ဆင်းလာကြသည်။ လမ်းခုလတ်အရောက်တွင် ဇရပ်တွင်ကျန်ရစ်ခဲ့သော ကျွန်မ သူငယ်ချင်းသန်းသန်း ကျွန်မတို့ထံ ခပ်သွက်သွက်လျှောက်လာသည်ကို လှမ်းတွေ့သည်။

"ရေးကြီးသုတ်ပျာနဲ့ ဘယ်လိုဖြစ်လာတာလဲ။ တို့ဆီလာတာလား"

"ဟို ‥‥ ဟို ‥‥ ဟိုငါးယောက် မနေ့ကလိုပဲ ဒန်အိုးစလောင်းဖုံးကြီး ပြောင်းပြန်လှန်ပြီး ထမင်းထည့်စားနေကြတာ ထပ်တွေ့ရတယ်။ ငါ တစ်ယောက်တည်း ကြောက်လာလို့ နင်တို့ဆီ လိုက်လာတာ"

"သူတို့ရှိနေတယ် မဟုတ်လား"

"ထမင်းစားနေကြတာ"

"လာ ‥‥ အတော်ပဲ၊ ဆရာတော်ပါလာတယ်။ ဆရာတော်လည်း သူတို့နဲ့တွေ့ချင်နေတာ ဇရပ်ကို သွားကြမယ်"

ကျွန်မတို့ ဇရပ်အဝင်ဝအရောက်မှာပင် ရေဝဲအော်သံကြီး ကြားလိုက်ရသည်။ ဇရပ်တစ်ဆောင်လုံး တိတ်ဆိတ်ငြိမ်သက်နေသည်။ မည်သည့်လူရိပ်ရှားမှုမှ မတွေ့ရသလို မည်သည့်အသံဗလံမှလည်း မကြားရတော့ပါ။ ဇရပ်ပေါ်ရောက်ခဲ့သော်လည်း သူတို့ငါးယောက်စလုံး ပျောက်နေသည်။ ရေဝဲ

www.burmeseclassic.com



အော်ပြည်သံနှင့်အတူ ပျောက်ကွယ်သွားကြပြီထင်သည်။ ဖရပ်အနှံ့ လိုက်ရှာဖွေသော်လည်း လုံးဝအစအနပင် မတွေ့ရတော့ပေ။

"သန်းသန်း . . . နင်ပြောတော့ သူတို့ရှိနေတယ်ဆို"

"ဟုတ်ပါတယ်။ ငါထွက်လာတော့ သူတို့ ထမင်းစားနေကြတာ"

လူတစ်ယောက်မှ မတွေ့ရတော့သော်လည်း အိုးခွက်ပန်းကန်၊ ဖွ စသည်တို့မှာ သူ့အမျိုးအစားလိုက် သန့်ရှင်းသပ်ရပ်စွာစီထားသည်ကို အံ့ဖွယ် တွေ့လိုက်ရသည်။

"ဟယ် . . . အံ့ပါရဲ့၊ ငါထွက်လာတုန်းက အိုးခွက်ပန်းကန်ပြန့်ကြဲနေတာ။ ဘာမှ အညီအညာမစီရသေးဘူး ခုတော့ . . ."

သန်းသန်းစကား မဆက်နိုင်တော့ပါ။ ကျွန်မ ဆရာတော့်မျက်ကို လှမ်းကြည့်လိုက်သည်။

"တော်တော်ထူးဆန်းတဲ့ အဖြစ်ပါပဲ။ ထူးဆန်းတဲ့ဖြစ်ရပ်၊ ဂမ္ဘီရဆ တဲ့ကိစ္စမျိုးတွေ ဖြစ်ခဲ့ဖူးပေမယ့် ဒီလိုအဖြစ်မျိုး မကြုံခဲ့ဖူးဘူး။ ပရလော သားတွေ ထင်ပါရဲ့။ ဒီလပြည့် ဒကာမကြီးတို့ အလှူရှိတာ ဘုန်းကြီး တင်ပြီး ကြေညာထားတယ်။ သူတို့လည်း ကုသိုလ်ယူချင်လို့ ကိုယ်တိုင် ပြီး လုပ်ခဲ့ကြတာထင်ပါရဲ့။ သူတို့ သာဓုခေါ်ချင်လွန်းလို့ ရောက်လာကြတ သူတို့သာဓုအကျယ်ကြီးခေါ်တာ ဒကာမကြီးတို့ ကြားခဲ့ကြတယ်မဟုတ်လာ ဒကာမကြီးတို့နဲ့ ပဋ္ဌာန်းဆက်များ ရှိခဲ့လေသလား မပြောတတ်တော့ဘူ ဒကာမကြီးတို့ ပေးဝေတဲ့အမျှကုသိုလ်ရလို့ ပြန်သွားကြပြီပေါ့။ ကဲ . . . ကဲ . . . ပြန်ကြပေတော့။ ပစ္စည်းတွေ ကိုရင်လေး လာသိမ်းလိမ့်မယ်၊ ဆိပ်အထိ လိုက်ပို့ပေးမယ်"

ကျွန်မတို့သုံးဦးတွင် အဝတ်အစားအပိုတစ်စုံစီ ထည့်ထားသ အိတ်တစ်လုံးသာ ပါလာသည်။ ထိုအိတ်ကို သန်းသန်းက ကောက်လွ လိုက်သည်။ ဆရာတော်နှင့်အတူ လှေဆိပ်သို့ ဆင်းလာကြသည်။ လှေ အရောက်တွင် မနေ့က ကျွန်မတို့စီးလာသည့်လှေကို အသင့်တွေ့ရသည် ကျွန်မတို့ ကြိုတင်မှာကြားထား၍ လာရောက်စောင့်ဆိုင်းနေခြင်းဖြစ်သ ကျွန်မက မနေနိုင်တော့ဘဲ လှေမောင်းသည့်ဦးကြီးကို မေးလိုက်မိ ည်။

စိတ်ကူးသစ်စာပေ



"ဒီမှာ . . . ဦးလေး၊ စောစောက ကိုးတန်းဆယ်တန်းအရွယ် ယောက်ျားလေးသုံးယောက်နဲ့ မိန်းကလေးနှစ်ယောက် မော်လမြိုင်ဘက်ကမ်း ကူးသွားတာ တွေ့မိသေးလား"

"တူမကြီးတို့မှာထားလို့ လှေဆိပ်မှာစောင့်နေတာ ကြာလှပြီ။ မနေ့ ညနေ်းက ပစ္စည်းတွေ ဝိုင်းသယ်ပေးတဲ့ကလေးတွေ မဟုတ်လား။ မတွေ့မိပါ ဘူး။ ဒီကလေးငါးယောက် မှတ်မိပါတယ်။ လှေဆိပ်ဆင်းတဲ့လမ်းက ဒီကစ် လမ်းပဲရှိတာ ဘာဖြစ်လို့မေးတာလဲ။ သူတို့ကို စောင့်ရဦးမှာလား"

"ဘာမှ မဟုတ်တော့ပါဘူး။ တွေ့မိလားလို့ မေးကြည့်တာပါ။ စောင့် ည်း မလိုတော့ပါဘူး"

လှေသမားဦးကြီးက နားမလည်နိုင်သော မျက်နှာဖြင့် ကျွန်မကို ှမ်းကြည့်လိုက်သည်ကို သတိထားမိလိုက်သည်။

"ကဲ . . . ကဲ . . . ပြန်ကြပေတော့။ ရေဝဲအော်သံကြီးနဲ့အတူ ရောက် ာပြီး ရေဝဲအော်သံကြီးနဲ့အတူ ပျောက်ကွယ်သွားတဲ့ သူတို့အတွက် ဒကာမ ကြီးတို့ အမျှအတန်း ပေးဝေခဲ့ပြီးပြီပဲ။ ကောင်းတယ်လို့သာ မှတ်ပေါ့"

"သဘောပေါက်ပါပြီ ဘုရား။ ဆရာတော့် ခေါင်းဆောင်ကျွန်းမှာ အလှူလာလုပ်ရတာ ဆန်းကြယ်တဲ့အဖြစ်နဲ့ ကြုံခဲ့ရပါတယ်ဘုရား"

"ဒီကျွန်းက ထူးဆန်းတာတွေ အများသားပဲ။ နတ်ရေတွင်းဆိုတာ ည်း ရှိသေးတယ်။ နောက်လာခဲ့ဦးပေါ့။ နတ်ရေတွင်းအကြောင်း စိတ်ဝင် ားသွားမယ်။ ဘုန်းကြီး ရှင်းပြပေးမယ်"

"အသေအချာလာခဲ့မယ်ဘုရား။ တပည့်တော်မတို့ကို ခွင့်ပြုပါဦး"

ဆရာတော်အား ဦးချကန်တော့ပြီး ခေါင်းဆောင်ကျွန်းမှ မော်လမြိုင် ဘက်ကမ်းသို့ ကူးလာကြသည်။ အားလုံး နှုတ်ဆိတ်နေကြသည်။ ရေဝဲအော် သံကြီး ကြားရဦးမည်လားဟု စိုးရိမ်ခဲ့သော်လည်း မော်လမြိုင်ဘက်ကမ်း ရောက်သည်အထိ ရေဝဲအော်သံကြီး မကြားရတော့ပါ။

မောင်မောင်မိုးအောင်

www.burmeseclassic.com

www.burmeseclassic.com



[ ၁ ]

❑

ချာလို့ကို တွေ့ရမြင်ရသည်မှာ ယခင်ကလို မဟုတ်တော့ပါ။ ချာလို့ သည် လွန်ခဲ့သောကာလများကနှင့် များစွာ ခြားနားသွားပါပြီ။

ယခုအခါတွင် ချာလို့ကို ကျွန်တော်တို့တစ်ရပ်ကွက်လုံးက ဘီး ပ် ကုလားထိုင်ပေါ်တွင်သာ တွေ့မြင်နေရတော့သည်။ ချာလီသည် မည်သူ့ မှ မမှတ်မိတော့။ သူ့မိဘ၊ သူ့ညီအစ်ကိုမောင်နှမ၊ သူ့အိမ်သားများကို မှတ်မိပုံမပေါ်တော့ပါ။

ချာလီ၏ခန္ဓာကိုယ်သည် ဘီးတပ်ကုလားထိုင်ပေါ်တွင် ပျော့ခွေ က် ရှိသည်။ ဘီးတပ်ကုလားထိုင်ကို တစ်ယောက်ယောက်က တွန်းပေး သည်။ ချာလီသည် ဘီးတပ်ကုလားထိုင်နှင့် ညနေတိုင်း အိမ်ရှေ့ကို ထွက် တတ်၏။

သူ့ဖခင်အစီအစဉ်အရ အိမ်ရှေ့သစ်ပင်ရိပ်တွင် ချာလီထိုင်နေသော တပ်ကုလားထိုင်ကို ရပ်ထားကာ ချာလို့ကို စိတ်အပန်းဖြေစေခြင်းဖြစ် ည်ဟု ဆိုပါသည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ချာလီကတော့ အိမ်ရှေ့မှဖြတ်သွားသူများက သူ့ကို နှုတ်ဆက်ဆော်လည်း မသိ၊ မမှတ်မိ။ ကြာတော့ . . . ဘယ်သူကမှ ချာလီ့ကို နှုတ်မဆက်တော့ပေ။

ချာလီ့အပေါင်းအသင်း သူငယ်ချင်းများသည်လည်း ချာလီ သည် ဘဝရောက်ခါစက လာကြသေးသည်။ ချာလီက သူတို့ကို မမှတ်မိတော့ သည့်အခါ တဖြည်းဖြည်း အလာကျဲသွားသည်။ ခုတော့ ဘယ်အပေါင်း အသင်းမှ ချာလီ့ ဆီမလာကြတော့ပါ။

ချာလီက လမ်းသွားလမ်းလာများ၊ လမ်းမှာ ဆော့ကစားနေသည့် ကလေးသူငယ်များကို ငေးကြည့်နေတတ်သည်။ သူ့ပါးစပ်သည် အမြဲဟ နေသည်။ သူ့ပါးစပ်ထဲမှ သားရေများ အမြဲစီးကျနေသည်။

ချာလီ့လက်များခြေများက ကောက်ကွေးနေလေပြီ။

ချာလီသည် အသိမရှိတော့သည်သာမဟုတ်၊ စကားလည်း မပြော တော့ပြီ။ နားလည်း မကြားတော့ပြီ။

ချာလီ့အဖြစ်ကို ကြည့်ရသည်မှာ ရင်နာစရာကောင်းလှပေ၏။

လွန်ခဲ့သောတစ်နှစ်ကပင် ချာလီသည် ဤသို့သော အသွင်အပြင် မျိုး မဖြစ်သေး။ ဒီလိုဘဝမျိုးကို မရောက်သေး။

ချာလီ့ကိုကြည့်လိုက်လျှင် အမြဲတမ်း တက်ကြွနေသည်။ လန်း ဆန်းနေသည်။ ချာလီသည် ရုပ်ရည်ချောမောသော လူငယ်လေးတစ်ယောက် ဖြစ်သည်။ အဝတ်အစားကို သပ်သပ်ရပ်ရပ် ဝတ်တတ်သည်။ လှအောင် လည်း ဝတ်တတ်သည်။ သူဌေးသားမို့ အဖိုးတန် အဝတ်အစားတွေလည်း အများအပြားရှိပါသည်။

မိန်းကလေးများက ချာလီ့ကို ငေးကြည့်ရသည်။ ချာလီ့ကိုတစ်ဖက် သတ်နှစ်သက်နေသောမိန်းကလေးတွေ ဤလမ်းထဲမှာပင် အများအပြားရှိ ပါသည်။

ယခင်က ချာလီ့ဓာတ်ပုံများကိုပြ၍ လက်ရှိချာလီနှင့် နှိုင်းယှဉ်ကြည့် နိုင်းလျှင် မသိသူများက လူတစ်ယောက်စီဟုပင် ပြောကြပေမည်။ တစ်

စိတ်ကူးသစ်စာပေ



ယောက်တည်းဆိုသည်ကို ယုံကြည်ကြမည်မဟုတ်ပေ။ ချာလီသည် ထိုမျှထိ ခန့်ကျင်ဖက် ပြောင်းလဲသွားခဲ့ခြင်းဖြစ်ပါသည်။

ဟိုတုန်းက မော်တော်ဆိုင်ကယ်လေးတစ်စီးဖြင့် လမ်းတကာလည် ကာ ကျော့ကျော့မော့မော့လေးနေခဲ့သော ချာလီ။ ထောင်ထွက်ချာလီဆို သည့်နာမည်ကို ရခဲ့သည့် ချာလီ။

မော်တော်ဆိုင်ကယ်စီးရာတွင် ကျွမ်းကျင်လှသောကြောင့် ချာလီ သည် 'ထောင်ထွက်ချာလီ' ဟုပင် အခေါ်ခံခဲ့ရလေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၂ |

ထောင်ထွက်ဆို၍ အကျဉ်းထောင်၊ အချုပ်ထောင်ထဲက ထွက်လာသူလို့ မထင်လိုက်ကြပါနှင့်။

ကျွန်တော်တို့မန္တလေးသည် မော်တော်ဆိုင်ကယ်မြို့တော်ဖြစ်သည်။ ယခင်က စက်ဘီးမြို့တော်ဟု တင်စားခဲ့ကြသည်။ ယခုတော့ ဆိုင်ကယ်မြို့တော် ဖြစ်နေပါပြီ။ မော်တော်ဆိုင်ကယ်ပေါလှသလို ဆိုင်ကယ်စီးသူအားလုံးကလည်း အစီးကျွမ်းကျင်ကြပေသည်။ ထိုအထဲမှာ တချို့လူငယ်များက သူတကာထက် ပိုကဲကာ မော်တော်ဆိုင်ကယ်ကို ပုံစံအမျိုးမျိုးအဖုံဖုံဖြင့် စွန့်စွန့်စားစား စီးတတ်ကြပြန်သေးသည်။

ဆိုင်ကယ်ကို မောင်းသူထိုင်ခုံပေါ်ကမဟုတ်ဘဲ နောက်ကယ်ရီယာခုံပေါ်မှာထိုင်၍ စီးခြင်း၊ မတ်တတ်ရပ်၍စီးခြင်း၊ ပက်လက်လှန်အိပ်၍စီးခြင်း ဆိုင်ကယ်ရှေ့ဘီးကို မိုးပေါ်ထောင်၍စီးခြင်းတို့ ဖြစ်ပါသည်။

ချာလီသည် ဆိုင်ကယ်ရှေ့ဘီးကို မိုးပေါ်ထောင်စီးရာတွင် အထူးကျွမ်းကျင်သည်။ အိမ်မှထွက်လျှင်ပင် သမားရိုးကျမထွက်။ လီဗာကို တအားကုန်တင်ကာ ရှေ့ဘီးကို ထောင်၍ထွက်သည်။

ရှေ့ဘီးထောင်၍ ဆိုင်ကယ်ထွက်ရာတွင် ကျွမ်းကျင်လွန်းသောကြောင့် ချာလီ့ကို 'ထောင်ထွက်'ဟု ဘွဲ့ပေးကြခြင်းပင်ဖြစ်ပါသည်။

✿ ✿ ✿

| ၃ |

ညအချိန်ဆိုလျှင် ကျုံးနဘေး၌ ဆိုင်ကယ်ကို စတန့်အမျိုးမျိုးလုပ်စီးသူများကို တွေ့ရနိုင်ပါသည်။ ထိုအထဲတွင် ဆိုင်ကယ်ရှေ့ဘီးကို ထောင်စီးသည့် ချာလီသည်လည်း တစ်ယောက်အပါအဝင်ဖြစ်ပါ၏။

မိုးသည်းသော ညများမှအပ ကျုံးနဘေး၌ ဆိုင်ကယ်ထောင်စီးသူ အများအပြား တွေ့ရတတ်ပေသည်။ ကျုံးတောင်ဘက်ခြမ်းဖြစ်သော ၂၆ဘီလမ်းအနောက်ဘက်ခြမ်း၊ ကျုံးမြောက်ဖက်ဖြစ်သော ၁၂ လမ်းအနောက်ဘက်ခြမ်း တီရှစ္စာန်ရုံရှေ့များတွင် ဆိုင်ကယ်သမားလူငယ်အချင်းချင်း ချိန်းကာ ဆိုင်ကယ်ထောင်စီးပြိုင်ကြသည်။

ဘေးမှကြည့်သူများအတွက်တော့ အသည်းယားစဖွယ် ဖြစ်ပေ၏။ ကိုယ့်ကိုလာပြီး ထိခိုက်မိမှာစိုး၍ ဝေးဝေးက ကွင်းရှောင်သူမရှားချေ။ လူငယ်တွေကတော့ သူတို့စတန့်လုပ်စီးသည်ကို ဂုဏ်အယူကြီးယူကာ အမျိုးမျိုး လုပ်ပြနေတတ်ကြပြန်သည်။

အိတ်ဇောကိုဖြုတ်ထား၍ အသံကလည်း နားမခံသာအောင် ကျယ်လောင်နေတတ်သည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ချာလီက ထိုနေရာတွေအားလုံးကို ညတိုင်းရောက်သည်။ ဆိုင်ကယ်ထောင်စီးရာတွင် ချာလီ့ကို ဘယ်သူမှမမီ။ ထို့ကြောင့်လည်း ထောင်ထွက်ချာလီဟု နာမည်ရခဲ့ခြင်းဖြစ်ပါသည်။

ချာလီကလည်း ထောင်ထွက်ဘွဲ့ကို ဝမ်းပန်းတသာ ခံယူသည်။ ထောင်ထွက်ဘွဲ့ကပင် သူ့ကို မကောင်းကျိုးပေးခဲ့သလားမသိပါ။

အားပေးအားမြှောက်လုပ်ပြီး ပေးထားသောနာမည်လေးက ရှိနေတော့ ထိုနာမည်၏ဂုဏ်ပုဒ်ကို ထိမ်းသိမ်းရမည့်တာဝန်ရှိသည်ဟု မှတ်ယူပုံရပေသည်။ ချာလီသည် နေရာမရှောင်၊ အချိန်မရှောင် သူ၏ဆိုင်ကယ်ထောင်စီးခြင်း အစွမ်းအစကို ပြလေတော့သည်။

မြွေအလမ္ပာယ်ဆရာ မြွေကြောင့် သေရတယ်ဆိုတဲ့စကားနဲ့ ဥပမာပြရမည်လားမသိပါ။

နေရာမရှောင်၊ အချိန်မရွေး ဆိုင်ကယ်ထောင်စီးလေ့ရှိသောချာလီ တစ်နေ့တော့ ဒုက္ခတွေ့လေသည်။

ဖြစ်မယ့်ဖြစ်တော့ လူငယ်အချင်းချင်း ပြိုင်စီးသည့်နေရာတွင်မဖြစ်၊ လူရှုပ်သောလမ်းမပေါ်မှာဖြစ်ခြင်းမဟုတ်။

တစ်နေ့တွင် ညဖက် ဆိုင်ကယ်အပြိုင်စီးပြီး ပြန်အလာ…

ဘီယာသောက်လာခဲ့သည်ဟု နောက်ပိုင်းတွင် သိရသည်။ လူကလည်း သွေးကြွနေသည်ထင်ပါသည်။

အိမ်ရှိရာလမ်းထဲသို့ ချိုးအကွေ့တွင် အရှိန်ကိုမလျှော့ဘဲ လီဗာကိုတအားကုန်ဆွဲကာ ရှေ့ဘီးကို မိုးပေါ်ထောင်လိုက်သည်။

ထိုနေ့က ညဆယ်နာရီလောက်ကြီး အိမ်ထဲမှာရှိနေသူများပင် ချာလီ့ဆိုင်ကယ်သံကို ကြားလိုက်ရပါသည်။

လီဗာမြှင့်သံ၊ အိတ်ဇောကိုဖြုတ်ထား၍ ကျယ်လောင်စွာမြည်သောအသံတို့နှင့်အတူ ဂုန်းခနဲ လဲပြိုလိုက်သောအသံကြီး။

တစ်လမ်းလုံးမှာ ရှိသမျှလူတွေ အိမ်ထဲက ပြေးထွက်လာကြသည်။

အိတ်ဇောဖြုတ်ထားသော ဆိုင်ကယ်သံကြောင့် ချာလီပဲဆိုတာလည်း တစ်လမ်းလုံးက သိနေကြသည်။

---

စိတ်ကူးသစ်စာပေ



ချာလီ့အိမ်ကလူများလည်း အစေအပါးကမကျန် အားလုံးပြေးထွက်လာကြလေ၏။

လမ်းပေါ်ကမြင်ကွင်းကို ကြည့်လိုက်တော့ ချာလီ့ဆိုင်ကယ်က စက်နိုးဆဲ ...

ရပ်သေးဘဲ နောက်ဘီးလည်ကာ လမ်းပေါ်တွင် လဲနေသည်။ ချာလီကိုယ်တိုင်လည်း ဆိုင်ကယ်နှင့် မလှမ်းမကမ်းတွင် လဲနေသည်။

ဆိုင်ကယ်ကိုထောင်အစီး လမ်းဘေးက ထနောင်းပင်အိုကြီးအနီးတွင် လမ်းလယ်ခေါင်၌ ကျနေသော ခဲလုံးကြီးတစ်လုံးကို တိုက်မိခြင်းဖြစ်သည်။ ဘီးတစ်ဘီးထဲဖြင့် ဟန်ချက်ပြုထားစဉ်မှာ ခဲလုံးကို နင်းမိလိုက်တော့ ဟန်ချက်ပျက်သွားသည်။ ဆိုင်ကယ်ကလည်ထွက်ကာ ထနောင်းပင်ကို ဝင်တိုက်မိခြင်းဖြစ်သည်။

ဘယ်လောက် အရှိန်ပြင်းလည်းတော့မသိ။ အလွန်တရာမာကျောသောသံထည်ဖြင့် ပြုလုပ်ထားသော ဆိုင်ကယ်ရှေ့ဘီးမှာ ကောက်ကွေးသွားသည်။

စက်လည်နေဆဲဖြစ်သောဆိုင်ကယ်ကို ကျွန်တော်က သော့ဖြုတ်၍ ရပ်အောင်လုပ်ပေးလိုက်ရသည်။

ချာလီကတော့ လမ်းမပေါ်လဲနေရာမှ ထမလာတော့။

ချာလီ့အစ်မများ၊ ညီမများ၏ အော်ငိုသံက ပတ်ဝန်းကျင်ကို လွှမ်းသွားသည်။ ချာလီ့ကို တစ်လမ်းလုံးကခင်မင်ကြ၍ အားလုံးလည်း စိတ်မကောင်းဖြစ်ကြသည်။

ချာလီတို့အိမ်ကကားနှင့်ပင် ဆေးခန်းကိုပို့ရသည်။

ယာဉ်တိုက်မှုဖြစ်ရုံမက၊ ချာလီ့ဒဏ်ရာများက ဆိုးလွန်း၍ ပြင်ပဆေးခန်းကြီးက လက်မခံ။ ဆေးရုံကြီးအရေးပေါ်ဌာနကို သွားရလေသည်။ ထိုအချိန်မှစ၍ ချာလီဆိုသော ထောင်ထွက်ဘွဲ့ပိုင်ရှင်လူငယ်ကို လူကောင်းတစ်ယောက်အဖြစ် မတွေ့ရတော့သည်မှာ ယနေ့အထိပင် ဖြစ်တော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၄ ]

❑

ဆိုင်ကယ်တိုက်မိသည့်အချိန်မှာ ပြင်းထန်လွန်းလှ၍ ချာလီသည် လူကောင်း ပြန်ဖြစ်မလာတော့ပေ။

အာရုံကြောများ ထိခိုက်သွား၍ မှတ်ဉာဏ်ချွတ်ယွင်းသွားသည်။ အကြောများ သေသွားသည်။ ခြေတွေလက်တွေ လှုပ်လို့မရတော့။ တစ်ကိုယ်လုံးလှုပ်လို့မရတော့။ စကားပြောလို့လည်း မရတော့။ နားလည်း ကြားပုံမရတော့ပေ။ ချာလီသည် အသက်ရှင်ရက်မှ လူ့လောကကြီးနှင့် အဆက်အသွယ် ပြတ်တောက်သွားလေသည်။

ချာလီ့မိဘများမှာ ချမ်းသာကြွယ်ဝသူများဖြစ်သည်။ ဈေးချိုအနီးရှိ ကိုယ်ပိုင်လေးထပ်တိုက်ကြီးတွင် ကုန်မာဆိုင်ဖွင့်ထားသော သူဌေးများဖြစ်သည်။ လေးထပ်တိုက်ကို ဆိုင်ခန်းအဖြစ်သာသုံးသည်။ နေတော့ ဆိတ်ငြိမ်သူဌေးရပ်ကွက်မှာ နေသည်။

တတ်နိုင်သူများမို့ ချာလီ့ကို နိုင်ငံခြားပို့ ဆေးကုဖို့အထိ ကြိုးစားခဲ့သေးသည်။ မည်သို့မျှ ပြန်မကောင်းနိုင်တော့ဆိုသော ပါရဂူကြီးများ၏ မှတ်ချက်ကြောင့်သာ လက်လျှော့လိုက်ရခြင်းဖြစ်သည်။





ခုတော့ ချာလီသည် ဘီးတပ်ကုလားထိုင်ပေါ်တွင် အသိမဲ့စွာ အရုပ်ကြီးပြတ်ဟန်ဖြင့် ရှိနေတော့သည်။ အညစ်အကြေးကိုလည်း သူများက ထုတ်ပေးရသည်။ အစားအသောက်ကိုလည်း သူများခွံ့ကျွေးမှ စားနိုင်တော့သည့်ဘဝ။ ပါးစပ်က သွားရည်ကိုလည်း မထိန်းနိုင်တော့။ ခြေလက်များမှာ အဖြည်းဖြည်း ကောက်ကွေးလာခဲ့သည်။

သို့သော် ထိုမျှလောက်ကြီး မသန်မစွမ်းဖြစ်သွားသော်လည်း အစားအသောက်ကိုတော့ ချာလီက စားနိုင်သည်။ အစားအသောက်ကို ဂူးဂူးဝါးဝါး အော်၍တောင်းသည်။ အနီးတွင် စားစရာသောက်စရာမြင်လျှင် မသန်တော့သောလက်ဖြင့် တုန်ချိစွာပြကာ အစာကိုတောင်းသည်။ အရည်လည်နေသော မျက်လုံးကြီးများဖြင့် အစားအသောက်ကို မျက်တောင်မခပ်တမ်း ကြည့်နေတတ်သည်။

ချာလီ့အဖြစ်က ဆိုင်ကယ်အစီးကြမ်းသည့်လူငယ်များ သံဝေဂယူလောက်သည့်အဖြစ်ပင် ဖြစ်တော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [ ၅ ]

❑

ရပ်ကွက်ထဲမှ ရှေးရိုးဆန်သည့် လူကြီးသူမများအတွက်တော့ ချာလီ့ အဖြစ်ကို အမြင်တစ်မျိုးဖြင့် မြင်ကြလေသည်။

ချာလီဝင်တိုက်ခဲ့သော ထနောင်းပင်ကြီးမှာ ရာဇဝင်ရှိသော သစ်ပင်တစ်ပင်ဖြစ်လေသည်။

ချာလီဆိုင်ကယ်ဖြင့် ဝင်တိုက်မိသည်မှာ ထိုထနောင်းပင်ကြီးဖြစ်နေ၍ အထင်အမြင်များ အမျိုးမျိုး ပေါ်ထွက်လာလေတော့၏။

ချာလီသည် ညအချိန်အိမ်ပြန်လာတိုင်း ထိုသစ်ပင်ကြီးအောက်တွင် အပေါ့စွန့်သည်ကို မြင်သူက မြင်သည်ဟုဆိုသည်။ ထနောင်းပင်ကြီးမှာ ရုက္ခစိုးရှိသည်ဟု ယုံကြည်ထားကြသူများက တစ်ပေပတ်လည်ခန့် စင်ကလေးတစ်ခုကို ထနောင်းပင်၏ လူတစ်ရပ်အမြင့်ခန့်၌ ရိုက်ထားသည်။

စင်ကလေးပေါ်တွင် မြေပန်းအိုးတစ်လုံးကိုလည်း တင်ထားသည်။ ပန်းအိုးထဲတွင် ပန်းများမပြတ်ရှိနေတတ်သည်။ ထနောင်းပင်ကြီးမှာ တစ်ဦးတစ်ယောက်၏အိမ်ရှေ့တွင် ရှိနေခြင်းမဟုတ်ဘဲ လမ်းထိပ်မှာ စည်ပင်သာယာနယ်မြေအတွင်းရှိနေခြင်း ဖြစ်သည်။

---

စိတ်ကူးသစ်စာပေ



ချာလီသည် ညစဉ် အပြင်ကပြန်လာတိုင်း ထိုနေရာတွင် ရပ်၍ ထနောင်းပင်အောက်တွင် အပေါ့သွားသည်။ ဟုတ်မဟုတ်တော့မသိ။ ချာလီ အခုလိုဖြစ်ပြီးနောက်ပိုင်း ပြောသည့်စကားများထဲတွင် သစ်ပင်ကိုပင် သေးနှဲ့ပန်းသည်ဟု ပြောကြပြန်သည်။ ဖြစ်လာလို့ ပိုပြောတတ်တဲ့ လူ့သဘာဝအတိုင်း ပြောကြတာလည်း ဖြစ်ရင်ဖြစ်မည်။ မည်သို့ဆိုစေ ရုက္ခစိုးရှိသော သစ်ပင်ကို သေးနှဲ့ပန်းလို့ ရုက္ခစိုးက ဒဏ်ခတ်အပြစ်ပေးလိုက်တာလို့ ပြောကြလေ၏။

ရုက္ခစိုးလက်ချက်လို့ စွပ်စွဲသူများက တစ်အုပ်စုဖြစ်သလို ထနောင်းပင်ကြီးရာဇဝင်ကို အကြောင်းပြု၍ တစ်နည်းတစ်ဖုံ စွပ်စွဲသည့်စကားများလည်း ပေါ်ထွက်လာခဲ့သည်။

ထနောင်းပင်ကြီးတွင် တစ်ချိန်က လူတစ်ယောက်ကြိုးဆွဲချ၍ သေသည်။ ကြာလှပါပြီ။ ဤအရပ်တွင် လူတွေသိပ်မနေခင် မြေကွက်များနစ်တကျချမထားခင် လွန်ခဲ့သော နှစ်ပေါင်းလေးဆယ်ကျော်က ဖြစ်ပါသည်။ ဘာအတွက်ကြောင့် သတ်သေသွားတယ်၊ သေတာဘယ်သူဆိုတာပင် မှတ်မိသူမရှိတော့။ တစ်ဆင့်စကား တစ်ဆင့်နား ပြောကြရင်းဖြင့် သိနေကြခြင်းသာ ဖြစ်သည်။

မည်သို့ဆိုစေ မြန်မာလူမျိုးတို့ ထုံးစံအတိုင်းပေါ့။ သေသူဟာ သရဲဖြစ်ပြီး ထနောင်းပင်ကြီးမှာ မှီခိုနေသည်ဟု ပြောသူက ပြောကြလေ၏။ ချာလီ့ကို ဒုက္ခရောက်အောင် လုပ်လိုက်သူက ထိုသရဲကြီးဟု ဆိုကြပြန်သည်။ ရုက္ခစိုးလက်ချက်လား၊ သရဲလက်ချက်လား လက်ဆုပ်လက်ကိုင် ပြလို့ရတာမဟုတ်လို့ ဘယ်ဟာကို ယုံရမှန်းမသိ။ နှစ်မျိုးစလုံးလည်း ဟုတ်ချင်မှ ဟုတ်ပါလိမ့်မည်။ သူ့ဟာသူ ဖြစ်ချိန်တန်လို့ ဖြစ်လာတာရော မဖြစ်နိုင်ဘူးလား။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၆ ]

❑

ချာလီ မသန်မစွမ်းဖြစ်သွားပြီး ခြောက်လကြာချိန်၌ လမ်းထဲတွင် ထူးခြားသောအဖြစ်တစ်ခု ပေါ်ပေါက်ခဲ့သည်။

အချိန်က နေဝင်ရီတရော အချိန်ကြီး။

ချာလီတို့အိမ်နှင့် မျက်စောင်းထိုးခြံမှ အိမ်ဖော်မလေးကို သရဲဝင်ပူး ခြင်းဖြစ်သည်။

ကောင်မလေးကို သရဲပူးသည်ဆို၍ အိမ်နီးချင်းတွေ အကုန်ပြေး သွားကြည့်ကြသည်။ ကျွန်တော်လည်း ပါပါသည်။

ကောင်မလေးမှာ ပါးစပ်မှ သွားရည်တွေ ထွက်ကျနေပြီး အသား တွေ တဆတ်ဆတ်တုန်နေသည်။

"ငါဆာတယ် . . . ငါဆာတယ် . . . ငါ့ကို အမဲသားကျွေး"

ဟုဆိုကာ အမဲသားစားချင်ကြောင်း ပြောသည်။

ကြားဖူးနားဝနှင့် အတွေ့အကြုံ အနည်းငယ်ရှိဟန်တူသော မိန်းမ ကြီးတစ်ယောက်က ကောင်မလေးရှေ့မှာ သွားရပ်သည်။

"ဟဲ့ . . . နင်ဘယ်သူလဲ"

"ငါ့ကို အမဲသားကျွေး"





"ကျွေးမယ်၊ အမဲသားဟင်း သွားဝယ်စမ်း။ နင်ဘယ်သူလဲပြော"

"အမဲသားဟင်းကျွေး၊ ကျွေးမှပြောမယ်"

ဝင်ပူးသောသရဲက အမဲသားချည်းဖွတ်တောင်းကာ ဘယ်သူဘယ် ဝါ မပြောဘဲ တင်းခံနေသည်။ ကောင်မလေးပြန်ပြောသော အသံကတော့ ပုံမှန်အသံမျိုးမဟုတ်။ အသံတုန်တုန်၊ သြသြကြီး ဖြစ်နေသည်။

"အမဲသားဟင်း ရှိတယ်၊ ရှိတယ်။ ရော့ . . . ရော့ . . . အမဲသား ဟင်း၊ ရပြီ"

တိုက်ဆိုင်ချင်တော့ ထိုအိမ်က ထိုနေ့မှာ အမဲသားဟင်းချက်တဲ့နေ့ ဖြစ်နေသည်။ အိမ်ရှင်မက အမဲသားဟင်းတစ်ခွက်ကြီးခပ်ယူလာကာ ကောင် မလေးရှေ့ ချပေးလိုက်သည်။

ကောင်မလေး အမဲသားဟင်းကို စားပုံမှာ ကြောက်စရာကောင်းလှ သည်။ လက်ငါးချောင်းဖြင့် အမဲသားနှပ်များကို နှိုက်သည်။ ပလုပ်ပလောင်း စားသည်။ စားရင်းဖြင့် ဝိုင်းကြည့်နေသူများကို မျက်ထောက်နီကြီးဖြင့် ကြည့် သေးသည်။ ပါးစပ်တဝိုက်လည်း ဟင်းဆီရည်တွေ ပေကျံနေသည်။

အိမ်ဖော်မလေး သရဲပူးသည်ကို မကြည့်ရဲ၍ မိန်းကလေးနှစ် ယောက်မှာ ပြန်ပြေးသွားလေသည်။

"ဟဲ့ . . . နင့်ကို အမဲသားဟင်းကျွေးပြီးပြီ။ နင်ဘယ်သူလဲပြောစမ်း"

မိန်းမကြီးက အထက်စီးနင်းလေသံဖြင့် ခါးထောက်ကာ သရဲကို မေးလိုက်သည်။

"ချာလီ . . . ချာလီ . . . ငါ . . . ချာလီ"

"ဟယ် . . ."

"ဟင် . . ."

"ဟာ . . ."

ကြားရသူအားလုံး အံ့သြသွားကြသည်။

ချာလီတဲ့။ ချာလီက သေမှမသေသေးဘဲ။

တိုက်ဆိုင်စွာ ထိုအချိန်၌ ချာလီသည် ဘီးတပ်ကုလားထိုင်ဖြင့် မျက်စောင်းထိုးက သူ့အိမ်ရှေ့မှာ ထိုင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... နင် ချာလီ ဘယ်လိုဖြစ်နိုင်မှာလဲ။ ချာလီက ဟိုမှာ သေ ..."

"မဟုတ်ဘူး ... အဲဒါ ငါမဟုတ်ဘူး။ ငါက ထနောင်းပင်ပေါ်မှာ နေရတယ်။ ထနောင်းပင်ပေါ်ကကောင်က ငါ့အယောင်ဆောင်ပြီး ငါ့အိမ် ပေါ်တက်နေတာ။ ငါ ... ငါ ... အီး ... ဟီး ... ဟီး ..."

ကောင်မလေးက ရှိုက်ကြီးတငင်ငိုလိုက်ပြီးနောက် ကြမ်းပြင်ပေါ် ပုံလဲကျသွားလေတော့သည်။

သရဲထွက်သွားပြီ။ ဘာမှဆက်မေးလို့မရတော့။

လူအားလုံးအကြည့်များက ဘီးတပ်ကုလားထိုင်ပေါ်ထိုင်နေသော ချာလီ့ဆီရောက်သွားကြ၏။ ချာလီက မျက်လုံးကြီးပြူးကာ လူတွေကို ပြန် ကြည့်နေသည်။ အားလုံး ကြက်သီးမွေးညင်း ထသွားကြ၏။

"အောင်မယ်လေး ... ဒါဖြင့် ... ဟိုဟာ ... ဟိုဟာ ... ချာလီ အစစ် မဟုတ်ဘူးပေါ့။ ဖုတ် ... ဖုတ် ... ဖုတ်ဝင်နေတာ ... အမလေး တော့ ..."

အများရှေ့မှာ လူတတ်ကြီးလုပ်ပြီး သရဲကိုမေးမြန်းခဲ့သော မိန်းမ ကြီးက အလန့်တကြား အော်လိုက်လေသည်။

✿ ✿ ✿

[ ၇ ]

❑

အိမ်ဖော်မလေးကိုပူးပြီး ပြောသွားသော သရဲ၏အပြောအရဆို လျှင် အဖြစ်အပျက်က ရှင်းနေသည်။

ထနောင်းပင်ကြီးတွင် နေနေသောသရဲက သေသွားသောချာလီ ကိုယ်ထဲ ပူးဝင်နေခြင်းဖြစ်သည်။ ချာလီအယောင်ဆောင်၍ ချာလီ့အိမ်ပေါ် ၌ တက်နေနေခြင်းဖြစ်လေသည်။ လက်ရှိမြင်တွေ့နေရသော ချာလီမှာ ဖုတ်ဝင်နေသော ဖုတ်ကောင်ကြီးဖြစ်လေသည်။

တကယ့် ချာလီအစစ်ကတော့ သေပြီးနောက်မှာ သရဲဖြစ်ကာ ထနောင်းပင်ကြီးပေါ်မှာ နေနေရတယ်တဲ့။

ဖုတ်ဝင်သော ဇာတ်လမ်းဇာတ်ကွက်တွေမှာ မဆန်းသော်လည်း ချာလီ့အဖြစ်က ဆန်းနေသည်။ ကြားဖူးနေကျ ဖုတ်ဇာတ်လမ်းများမှာ သေ သူကိုယ်ထဲကို ပြင်ပက နာနာဘာဝက ဝင်ပူးနေကာ အစားအသောက်များ ကိုမတန်စားသော အဖြစ်မျိုးသာဖြစ်သည်။ အပူးခံရသူမှာ သေသွားပြီး သေသူ၏ဝိညာဉ်က ဘယ်ရောက်သွားမှန်းမသိ။ သမရိုးကျဖုတ်ဇာတ်လမ်း များတွင် သေသူ့အပိုင်းကို ထည့်မစဉ်းစားကြပေ။

အိမ်ဖော်မလေးကို ပူးပြောသွားပုံအရတော့ သေသူချာလီကိုယ်တိုင် က သရဲဖြစ်နေရသည်။ သူ့ခန္ဓာကိုယ်ကိုတော့ အခြားနာနာဘာဝတစ်ကောင် က အပိုင်စီးထားခြင်းခံနေရသည်။ ဒါကို တကယ့်ချာလီအစစ်ဖြစ်သော သရဲ က မခံမရပ်နိုင်ဖြစ်ပြီး ပူးပြောခြင်းဖြစ်ပါသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၈ ]

❑

အိမ်ဖော်မလေးကို ချာလီသရဲဝင်ပူးသောသတင်းက ချာလီ၏ မိသားစုထံသို့ ရောက်ရှိသွားလေသည်။

အိမ်ဖော်မလေး၏ အိမ်ရှင်မိန်းမကြီးကပင် သွားပြောခြင်းဖြစ်၏ သူကတော့ စေတနာနှင့် သွားပြောခြင်းဖြစ်ပါသည်။ ပယောဂဆရာခေါ်ပြီ ဖုတ်ထုတ်ဖို့ပင် အကြံပေးလိုက်သေးသည်။

သို့သော် ချာလီ့အဖေ ဦးမိုက်ကယ်က လက်မခံ။ ဒါတွေ မဖြစ်နိုင် အယုံအကြည်မရှိဘူးဟု ပြန်ပြောလိုက်သည်။ သတင်းလာပေးသော မိန်းမ ကြီးကိုပင် စိတ်ဆိုးသွားသေးသည်။

"ကျုပ်သားကို ကျုပ်တို့မျက်စိရှေ့မှာ မြင်နေရတာပဲ။ ကျုပ်သား မသေသေးဘူး၊ ဖုတ်ဝင်တာတွေ ဘာတွေ ကျုပ်နားမလည်ဘူး၊ ယုံလည်း မယုံဘူး။ နောင် ဒါမျိုးပြောရင် ခင်ဗျားတို့ကို တရားစွဲရလိမ့်မယ်။ ဒါပဲ"

စေတနာနှင့်သွားပြောသော အန်တီကြီးမှာ မျက်နှာမရဘဲ ထ လန်၍ ပြန်လာရလေသည်။

ခက်တာက ချာလီတို့မိသားစုသည် ဗုဒ္ဓဘာသာဝင်များမဟုတ် ဖုတ်တို့၊ ပြိတ္တာတို့၊ တစ္ဆေတို့ကိုလည်း အယုံအကြည်မရှိပေ။ သူတို့မျက်မြင် မှာ သူတို့ရှေ့၌ ချာလီရှိနေသည်။ မသန်မစွမ်းဖြစ်နေသော သူတို့သား ပြုစုရမည်။ အလိုလိုက်ရမည်။ လိုချင်တာ လုပ်ပေးရမည်။ ဒါပဲသိသည်

✿ ✿ ✿



[ ၉ ]

❑

တစ်လမ်းလုံးကတော့ ထိုအချိန်မှစ၍ ထိတ်လန့်ချောက်ချားမှုများ ဖြင့် လွှမ်းခြုံသွားလေတော့သည်။

ညနေပိုင်း ချာလီ ဘီးတပ်ကုလားထိုင်ဖြင့် အိမ်ရှေ့ထွက်ထိုင်နေ လျှင် ထိုရှေ့က မဖြတ်ရဲကြတော့။ ကွင်းရှောင်သွားကြသည်။

ထိုအနားမှာ ကစားနေကျကလေးများလည်း နေရာရွှေ့ကစားကြ သည်။

ချာလီ့ကို စေ့စေ့မျှပင် မကြည့်ရဲကြတော့ပေ။

လမ်းထိပ်က ထနောင်းပင်ကြီးကိုလည်း နေဝင်သည်နှင့် ကွင်း ရှောင်ကြသည်။ မလွှဲမရှောင်သာ ဖြတ်သွားရပါကလည်း နှုတ်မှ ဘုရားစာ ကို တီးတိုးရွတ်ဆိုကြသည်။ 'ဖွ . . . ဖွ'ဟု ရွတ်ဆိုကြသည်။ ကလေးပါလာ လျှင် မြေမှုန့်ဖြင့် နဖူးကို သိပ်ပေးကြသည်။ လမ်းသူလမ်းသားများလည်း အတော်ပင် အလုပ်များသွားကြလေ၏။

"ဒုက္ခပဲ။ သူတို့ဟာသူတို့ အယုံအကြည်မရှိတာ အရေးမကြီးဘူး။ ရပ်ကွက်ထဲမှာ ဖုတ်ဝင်နေတဲ့လူရှိတာ ရပ်ကွက်နာတယ်တော့"



www.burmeseclassic.com

www.burmeseclassic.com



**“ဒါတွင်လား၊** ဝင်နေတဲ့ဖုတ်က ထွက်သွားရင် တစ်ရပ်လုံး ဒုက္ခ **ရောက်ကြဦးမှာလေ၊** ဖုတ်ဝင်တယ်ဆိုတာ သေပြီးတဲ့လူ့ရဲ့ကိုယ်ထဲ တခြားသရဲက ဝင်အောင်းနေတာ။ ဖုတ်ထွက်သွားတာနဲ့ သေတဲ့အချိန်ကာလအတိုင်း ပုပ်ပွနေတာတို့၊ အရိုးကျနေတာတို့ ဖြစ်တတ်တာတဲ့လေ။ ဖုတ်ထွက်သွားမှ သူတို့နောင်တရမှာ မြင်ယောင်သေးသတော်”

“အယုံအကြည်မရှိတဲ့လူတွေ နောင်တရ,ရပေစေ၊ အဲဒီကျမှ မှတ်မယ်၊ လောလောဆယ် အရပ်ထဲမှာ ဖုတ်ကောင်ကြီးရှိနေတာ ကျုပ်တို့မှာ အနေရခက်လိုက်တာ၊ လာဘ်တိတ်တာပေါ့တော်”

ချာလို့အခြေအနေကလည်း သတိချွတ်ယွင်းပြီး မစွမ်းမသန်ဖြစ်သွားသည်ဆိုသည့်တိုင် အစားအသောက်ကတော့မပျက်။ သာမန်လူကောင်းသူကောင်း သန်မာသူများထက်ပင် စားနိုင်သောက်နိုင်သေးသည်။ ပြီးတော့ အသားငါးကိုမှ မက်မက်မောမော စားသည်။ ဒါတွေကိုကြည့်၍ ဖုတ်ဝင်နေတာ အမှန်ပါပဲလို့ ကောက်ချက်ချကြသည်။

ချာလီတို့အိမ်ဘေး တစ်ဖက်တစ်ချက်မှ ကပ်ရက်အိမ်များသည် ၂၄ ပစ္စည်းပဋ္ဌာန်းကို ကွန်ပြူတာစာစီပြီး အိမ်၏လေးဖက်လေးတန်မှာ ကပ်ထားကြသည်။ နာနာဘာဝ အတားအဆီးဖြစ်အောင်တဲ့။ ဒါကိုသိသွားသော ကျန်အိမ်များကလည်း အိမ်ရှေ့များတွင် ပဋ္ဌာန်း၂၄ ပစ္စည်းသာမက သမ္ဗုဒ္ဓေ ဂါထာတို့၊ စမ္မခဏ်ဂါထာတို့ကို စာရွက်ဖြင့် ရေး၍ရိုက်၍ ကပ်ထားကြတော့သည်။

တစ်လမ်းလုံးမှ ရှိသမျှလူများနှင့် ချာလီတို့မိသားစုမှာလည်း ခပ်တန်းတန်း၊ ခပ်စိမ်းစိမ်း၊ ခပ်စောင်စောင် ဖြစ်သွားကြလေတော့သည်။

✿ ✿ ✿

[ ၁၀ ]

□

တစ်နေ့သ၌ ချာလီ့အဖေ ဦးမိုက်ကယ်သည် ကျွန်တော့်ကိုခေါ်၍ စကားပြောခဲ့သည်။

“ဆရာတို့လမ်းထဲက လူတွေက ဘယ်လိုလဲဗျ။ တော်တော် ရှုးကြောင်ကြောင်နိုင်တဲ့လူတွေပဲ”

“ဗျာ . . .”

“ကျွန်တော့်သားကို ဖုတ်ဝင်သလေး ဘာလေး စွပ်စွဲနေကြတယ်။ သူတို့မရှက်ဖူးလားဗျာ၊ ဒီကိစ္စ ဘယ်လိုဖြစ်လာတယ်ဆိုတာ ဆရာကော သိသလား”

“အဲ . . . အင်း . . . ပြောနေကြတာပဲ”

ကျွန်တော်က သရဲပူးချိန်က ကျွန်တော်ရှိနေကြောင်း မပြောချင်၍ ရောချလိုက်ရသည်။

“အိမ်ရှေ့အိမ်က အိမ်ဖော်မလေးကို သရဲပူးသတဲ့ဗျာ။ ပူးတဲ့သရဲက သူဟာ ကျွန်တော့်သား ချာလီပါလို့ပြောသတဲ့။ ကျွန်တော့်သားကိုယ်ထဲမှာတော့ ဖုတ်ဝင်နေတာပေါ့လေ။ ဒီမယ် . . . အဲဒီအိမ်ကလူတွေ ဘယ်လောက် ကပ်စီးနဲ့တယ်ဆိုတာ ဆရာသိသလား”

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

"ဗျာ ..."

"သရဲပူးတယ်လို့ ဖြစ်လာရတဲ့အကြောင်းရင်းကို ကျွန်တော် ပြောမလို့ပါ။ တကယ်တော့ အဲဒီအိမ်ကလူတွေက အိမ်ဖော်မလေးကို ထမင်းကောင်းကောင်း မကျွေးဘူး။ ဝအောင်တောင် မကျွေးဘူးဗျ"

"ဟင် ..."

"ကျွန်တော် စုံစမ်းပြီးပြီ။ သူတို့က ထမင်းကို အိမ်ဖော်မလေးအတွက် မကောင်းတဲ့ဆန်ကို တစ်အိုးသပ်သပ်ချက်ပြီး စားခိုင်းတယ်။ သူတို့စားတဲ့ဆန်နဲ့ ကောင်မလေးက မစားရရှာဘူး။ ဟင်းကိုလည်း ဝအောင်မပေးဘူး၊ ပုံစံခွက်နဲ့ နည်းနည်းပဲ ထည့်ပေးတာဗျ"

"ဪ ..."

"အဲဒီတော့ အိမ်ဖော်မလေးက ဟင်းကောင်းကောင်းစားချင်လို့ သူ့နည်းသူ့ဟန်နဲ့ ကြံတာပေါ့ဗျာ။ သရဲဝင်ပူးတယ်ဆိုပြီး အမဲသားဟင်းတောင်းစားတော့ သူလည်း အမဲသား အဝစားရရောမဟုတ်လား"

"ဗျာ ... အဲဒီလိုလား"

"ဆရာ ... စဉ်းစားကြည့်လေ။ အိမ်ဖော်မလေး သရဲဝင်ပူးတဲ့နေ့မှ အမဲသားက အဆင်သင့်ချက်ပြီးသား ရှိနေတာကို။ အိမ်ဖော်မလေးက အိမ်မှာ အမဲသားချက်မှန်းသိလို့ စားရအောင် ဒီလိုကြံတာပေါ့ဗျ။ ရှင်းနေတာပဲ"

"အင်း ... ရှုပ်လိုက်တာနော်"

"အို ... ရှုပ်တာမှ တော်တော်ရှုပ်ပါတယ်ဗျာ။ ဘယ့်နှယ် ... တောကလာတဲ့ ဆယ့်လေးငါးနှစ်အရွယ် ကောင်မလေးလိမ်တာကို တစ်လမ်းလုံးက ဝိုင်းယုံနေကြတယ်လို့။ သူတို့အစား ရှက်လိုက်တာဗျာ"

"ဟုတ်တာပေါ့လေ"

"ကျွန်တော့်သားကို ဘေးစာခံလုပ်တာကို ကျွန်တော်က မခံချင်ဘူး။ အင်း ... ချာလီ့အဖြစ်ကလည်း ဟိုကောင်မလေးလိမ်စားဖို့ အံဝင်နေတာကိုး"





"ဟုတ်ပါရဲ့ဗျာ ... ဒါတော့မကောင်းပါဘူး"

"မြို့ကြီးပြကြီးမှာနေပြီးတော့ ဒီလို ရှေးဆန်ဆန် အခြေအမြစ်ရှိတဲ့ဟာတွေ ယုံနေတဲ့လူတွေ ဘယ်လိုကြီးပွားနိုင်တော့မှာလဲဗျာ။ ကျွန်တော်တော့ ရင်လေးပါရဲ့။ ဒါမျိုးတွေ များများရှိနေရင် ..."

✿ ✿ ✿

www.burmeseclassic.com

| ၁၁ |

❏

ဦးမိုက်ကယ်စွပ်စွဲတဲ့ အသုံးမကျသူတွေစာရင်းမှာ ကျွန်တော်
ပါနေပြီလား။

အိမ်ဖော်မလေးဟာ တကယ်ပဲ အမဲသားစားချင်လို့ လိမ်တာလာ

ချာလီ့ကို ဖုတ်ဝင်နေတာ အမှန်ပဲလား။

ဘယ်လိုမှ ဖြေရှင်းလို့မဖြစ်နိုင်သော ကိစ္စများဖြစ်ပါသည်။

လမ်းထဲကလူတွေယုံနေတဲ့ အစွဲအလမ်းကိုလည်း ခုအချိန်က
ချွတ်လို့မဖြစ်တော့။ လမ်းထဲကလူတွေကတော့ ချာလီ့ကို စေ့စေ့မကြည့်
အောင်ပင်ကြောက်နေကြသည်။ ချာလီ့ကိုယ်ထဲက ဖုတ်ထွက်သွားလျှင် ဖြ
လာမည့်အဖြစ်ကို တွေးတောရင်း ရင်သိမ့်တုန်နေကြသည်။

ယခုအထိတော့ ဘာမှဆက်ဖြစ်မလာသေး။


ချာလီကလည်း ညနေတိုင်း အိမ်ရှေ့သို့ ဘီးတပ်ကုလားထိုင်ပေ
စီး၍ ရောက်လာမြဲ။ တွေ့သမျှလူတွေကို မျက်လုံးစိမ်းစိမ်းကြီးဖြင့် ကြည့်နေ
မြဲ။ အစားအသောက်တွေကိုလည်း အဝအပြစားဆဲ။

အရပ်ထဲက လူတွေကလည်း ချာလီ့ကို ကွင်းရှောင်မြဲ။ ချာလီသ
ရှိတယ်ဆိုတဲ့ ထနောင်းပင်ကြီးကိုလည်း ရှောင်ရှားကြမြဲ။

အခုဆိုလျှင် ချာလီ မသန်မစွမ်းဖြစ်သွားသည်မှာ တစ်နှစ်ပင်ကျော်
သွားပါပြီ။

ဘာမှတော့ ဆက်ဖြစ်မလာသေးပါ။

နွေတမာ


www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

ငှားနေရမည့်အိမ်က အားလုံးအဆင်ပြေ၏။ ရေ၊ မီးအစုံအလင်၊ ခြံဝင်းကျယ်နှင့် အုတ်ရေကန်ကြီးပါ၏။ တံကင်လည်းရှိ၏။ မီတာပေါက်လည်း တပ်ထားသည်။ သွပ်မိုးပျဉ်ထောင်အိမ်ကလေး။ သစ်ပင်တွေ အုံ့ဆိုင်းနေ၏၊ အလှစိုက်ပန်းပင်တွေက ပိုများ၏။ ကွမ်းသီးပင်တွေကလည်း တန်းစီနေ၏။ အိမ်လခကလည်း သင့်တော်၏။

"ဒီအိမ်ကိုပဲ ငှားလိုက်ပြီ။ (၆) လစာ အကြေချေပေးမယ်။ ဟုတ်ပြီလား ဦးငြိမ်း"

ကိုအောင့်စကားကြောင့် ဦးငြိမ်း ခေါင်းညိတ်သွား၏။ ဦးငြိမ်းက အိမ်ပွဲစားမဟုတ်။ တမင်သက်သက် လိုက်ကူညီပေးခြင်းဖြစ်၏။ အိမ်ရှင်ဒေါ်နှင့် သိကျွမ်းသောဦးငြိမ်းက ဝန်ထမ်းတစ်ဦးဖြစ်၏။ ကိုအောင်က ဦးငြိမ်းတို့ဌာနကို ပြောင်းလာသည့် လူပျို။ ဌာနမှာ ရောထွေးမနေချင်။ ကိုယ်ပိုင်အိမ်ကလေးနှင့် သီးသန့်ငှားနေချင်၍ ဦးငြိမ်း လိုက်ငှားပေးခြင်းဖြစ်၏။

"အိမ်ရှင်လင်မယားက သဘောကောင်းပါတယ်။ ဒီမြို့လေးမှာ သူတို့ပိုင်တဲ့အိမ်ကွက်တွေ အများကြီးရှိသေးတယ်၊ အလကားထားမယ့်အစား





အစား ငှားလိုက်ပါလားလို့ ကျုပ်ပဲ အကြံပေးလို့ ငှားလိုက်တာ။ ဒီအိမ်တစ်လုံးပဲ နောက်ဆုံးကျန်တော့တယ်။ ဆရာလေးလာတာနဲ့ အံဝင်ခွင်ကျ ဖြစ်သွားတာပေါ့"

"အေးဗျာ ... ကျေးဇူးပဲ"

သပ်သပ်ရပ်ရပ်အိမ်ကလေးမှာ ကိုအောင်တစ်ယောက်တည်း ငှားနေဖြစ်၏။ ဒီမြို့ကလေးမှာ အိမ်ငှားသိပ်မရှိ။ ဝန်ထမ်းတွေလောက်သာ ငှားနေကြ၏။ ကိုအောင်နေသော အိမ်ကလေးက လမ်းကျဉ်းကလေးထဲမှာဖြစ်၏။

လမ်းထိပ်မှာ တစ်ထပ်တိုက်လှလှလေးတစ်လုံးရှိ၏။ အဲဒီတိုက်လေးနောက်က ကိုအောင့်ရဲ့အိမ်။ တစ်ထပ်တိုက်လေးက ကတ္တရာလမ်းဘက် မျက်နှာမူထား၏။ ကိုအောင့်အိမ်ကို နောက်ကျောပေးထားသည်။ ကိုအောင်တို့လမ်းက မြေညီလမ်းကလေးဖြစ်၏။ မြေညီလမ်းကို မျက်နှာမူပြီး တစ်ထပ်တိုက်ရဲ့နောက်ကျောကို ခေါင်းရင်းပြုထားသည်။

လမ်းထဲမှာ အိမ်ခြေက ဆယ်လုံးပင်မပြည့်။ ကိုအောင့်အိမ်ရဲ့ခြေရင်းက ကွက်လပ်ကြီးဖြစ်နေ၏။ လူမနေသော ငှက်ပျောခြံကြီးဖြစ်သည်။ လမ်းထဲကလူတွေက ကိုအောင့်ကို အထူးအဆန်းသဖွယ် ကြည့်ကြည့်သွားကြ၏။ မျက်နှာစိမ်းမို့ကြည့်တာဟု ထင်မှတ်မိ၏။ လုပ်ငန်းခွင်ထဲရောက်သောအခါ လုပ်ဖော်ကိုင်ဖက် ဒေါ်သန်းဆွေက ...

"ကိုအောင် ... အခုငှားနေတာ ကပ်စေးနဲ့စက်လမ်းကြားထဲက ရှေ့နေအငြိမ်းစားကြီး ဦးတင့်ဆွေပိုင်တဲ့ အိမ်မှာဆို။ ရုံးမှာပြောနေကြတာ ဟုတ်သလား"

ကိုယ့်အထက်အရာရှိလည်းဖြစ်သော ဒေါ်သန်းဆွေကို ...

"ဟုတ်ပါတယ် ... အစ်မကြီး"

ဟု ရိုရိုသေသေ ပြန်ဖြေလိုက်မိ၏။ ဒေါ်သန်းဆွေဟာ ကျွတ်စုပ်သပ်လိုက်ပြီး ...

"နေရတာ အဆင်ပြေရဲ့လား"

"ပြေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာသံညာသံ ကြားသေးလား"

"အသံ ... အင်း ... ကွမ်းသီးတွေကတော့ တော်တော်ကြွေတာပဲ။ ရှဥ့်တွေနဲ့တူတယ်။ အိမ်ကိုလာလာပြီး အမြီးနဲ့ ပုတ်ရိုက်ကြတယ်။ အဲဒီမှာ ကြွက်ပေါ်တယ်နဲ့တူတယ်။ ကြွက်ပုပ်နံ့တွေ သိပ်နံတာပဲ။ လေသင့်ရင် မခံနိုင်ဘူး။ လေကြောင်းပြောင်းသွားမှ နေသာထိုင်သာ ရှိတော့တယ်။ နေ့ဘက်တော့ မနံဘူး။ ညဘက်ဆို နံတယ်"

ဒေါ်သန်းဆွေက စူးစိုက်နားထောင်နေ၏။ ပြီးမှ ဘေးဘီကို အကဲခတ်ကြည့်လိုက်ပြီး ...

"အဲဒီအိမ်ရဲ့ဘေးကလေ တစ်ထပ်တိုက်ပုလေးကို သိလား"

"လမ်းထဲဝင်ဝင်ချင်း မြင်တွေ့ရတဲ့ တိုက်လေးကိုပြောတာလား။ ချစ်စရာပုံစံလေး ဆောက်ထားတာလေ"

"ဟုတ်တယ်။ အဲဒီအိမ်မှာ လူမနေဘူး"

"နေပါတယ် ... အစ်မကြီးရဲ့။ ညဘက်ဆို ပြန်ပြန်အိပ်တယ်။ မိန်းမတစ်ယောက် အိုးတွေ၊ ပန်းကန်တွေ နောက်ဘက်ရေကပြင်မှာ ထွက်ထွက်ဆေးတာ တွေ့တယ်"

ဒေါ်သန်းဆွေ မျက်စိမျက်နှာ ပျက်သွား၏။

"အဲဒါ လူမဟုတ်ဘူး"

"လူပါ။ ခပ်ချောချောလေးပဲ။ ကျွန်တော်နဲ့ ရွယ်တူလောက်ပဲရှိမယ်။ ကျွန်တော်နဲ့တောင် ချိတ်တိတ်တိတ်ဖြစ်နေတာ"

"ဩော် ... ခက်တော့တာပဲ။ အဲဒါ သရဲမ"

"ဗျာ ... ဟာ ... မဖြစ်နိုင်တာ"

"နင်တော့ နာတော့မှာပဲ။ ကဲ ... ခဏထိုင်။ ဘေးကလူတွေ မကြားအောင် ငါ တိုးတိုးလေးပြောပြမယ်။ နားထောင် ... ငတုံးရဲ့"

ကိုအောင်လည်း မသိနားမလည်ဟန်ဖြင့် ဝင်ထိုင်ပြီး နားစွင့်ထောင်လိုက်ရတော့၏။

✿ ✿ ✿

[ ၂ ]

❑

"အဲဒီမိန်းကလေးက ကျောင်းဆရာမလေး။ တောကျောင်းမှာ တာဝန်ကျတယ်။ ဒီမြို့နဲ့ဆို (၂) မိုင်ခွဲလောက်ဝေးတဲ့ရွာမှာ တာဝန်ကျနေတယ်။ သူ့နာမည်က နွဲ့ဒါလီတဲ့။ နွဲ့ဒါလီက သူ့အမေနဲ့ အတူနေတယ်။ သူ့အဖေကတော့ မန္တလေးမှာလို့ ပြောတာပဲ။ သူ (၅) နှစ်သမီးလောက်ကတည်းက မိဘနှစ်ပါး ကွဲသွားကြတယ်လေ"

ကိုအောင်လည်း ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေမိ၏။ ဒေါ်သန်းဆွေက ရေအေးတစ်ငုံသောက်ပြီး ...

"နွဲ့ဒါလီရဲ့အမေရဲ့ အမေ၊ နွဲ့ဒါလီရဲ့ အဘွားဆုံးတော့ အမွေတော်တော်ရလိုက်တယ်လေ။ နွဲ့ဒါလီက ရတဲ့အမွေနဲ့ အဲဒီတိုက်ကလေးကို ... စိတ်ကြိုက် ဆောက်ခဲ့တာပေါ့။ သူတိုက်ဆောက်ပြီးလို့ သိပ်မကြာဘူး။ နွဲ့ဒါလီတစ်ယောက် ..."

ဒေါ်သန်းဆွေရဲ့ မျက်နှာပေါ်မှာ ဝမ်းနည်းစိတ်မကောင်းခြင်းတွေ ... ထင်းသား ပေါ်လွင်နေ၏။

"နွဲ့ဒါလီ ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"တောကျောင်းလေးကနေ ညနေဘက်ကျောင်းဆင်းလို့ အိမ်ကို ပြန်တဲ့ လမ်းမှာ ဒိုင်နာကုန်တင်ကားပဲတားရလို့ တက်စီးလိုက်တာ အဲဒီကားက အရှိန်များပြီး ရှေ့ဘက်ကားကို တိုက်မိမလိုဖြစ်လို့ ဘရိတ်ပြင်းပြင်း ဆောင့်အုပ်လိုက်တာ ကားခေါင်းခန်းအလယ်မှာ ဘာမှကိုင်မထားမိတဲ့ နွဲ့ဒါလီ ခမျာ . . . ခွမ်းခနဲ မှန်ကိုဖောက်ပြီး ကားရှေ့ကို ပစ်ကျသွားတာပေါ့"

"ဩော် . . . ဖြစ်မှဖြစ်ရလေတယ်ဗျာ"

"ကျသွားရုံနဲ့ မပြီးသေးဘူး။ ဒိုင်နာကားကလည်း နွဲ့ဒါလီကို တက်ကြိတ်ပစ်လိုက်တယ်။ နွဲ့ဒါလီတစ်ယောက် ခေါင်းကြီးပြားပြီး အဖြစ်ဆိုးနဲ့ သေခဲ့ရရှာတယ်"

ကြားရရုံနှင့် ထိတ်လန့်ဖွယ်ရာကောင်းနေ၍ ကိုအောင် အံ့ဩကာ ရင်ထဲမကောင်းမိ။ ကျွတ်စုပ်သပ်မိလိုက်၏။

"နွဲ့ဒါလီခမျာ သေရှာပေမယ့် သူ့စိတ်ကြိုက်ဆောက်ထားတဲ့ အိမ်ကိုစွဲပြီး မကျွတ်ရှာဘူး"

"ဟုတ်လား။ ဒါ . . . ဒါဆို ကျွန်တော်တွေ့ခဲ့တာက စံပယ်တင် မှဲ့လေးနဲ့ ဆံပင်ခါးလောက်ရှည်တယ်လေ။ ပြုံးလိုက်ရင် ပါးချိုင့်လေးနဲ့"

"ဟုတ်တယ် . . . အဲဒါ နွဲ့ဒါလီအစစ်ပဲ"

"ဗျာ . . ."

ကိုအောင် အခုမှအဖြစ်မှန်သိရပြီး အံ့ဩတုန်လှုပ်သွား၏။ ဒေါ်သန်း ဆွေက ဆက်ပြောနေ၏။

"အဖြစ်အပျက်တွေ တစ်နှစ်လောက်ကြာသွားပေမဲ့ အရှိန်က မသေး သေးပါလားနော်"

"သူ . . . သူက . . . ကျွန်တော့်ကိုတော့ ဘာမှခြောက်လှန့်မပြ ဘူး"

"အေး . . . အဲဒါ စဉ်းစားစရာပဲ။ ဟုတ်မဟုတ်တော့ မသိဘူး နော်။ သူများတွေ ပြောကြတာပဲ။ သူတို့လည်း အခြောက်ခံရတဲ့လူတွေ က ပြန်ကြားရတာတဲ့"

"ဟုတ်ကဲ့ . . . ပြောပြပါဦး"

---

စိတ်ကူးသစ်စာပေ



"နွဲ့ဒါလီ ရက်လည်ပြီးတဲ့နောက်ပိုင်း ခြောက်လိုက်တာ အဲဒီနား ကို တော်တန်ရုံ ဘယ်သူမှမသွားရဲဘူး။ ဆိုင်ကယ်သွားရင် ဆိုင်ကယ်နောက် ထိုက်တယ်။ လူသွားရင် နောက်က အတင်းလိုက်ဆွဲတယ်။ ခေါင်းမပါဘူး။ ခေါင်းပါရင်လည်း ခေါင်းပြားကြီးနဲ့တဲ့ "

"ဩော် . . . ဟုတ်လား . . . အဲဒါတော့ လူတွေ ချဲ့ကားပြောတာ လည်း ဖြစ်ချင်ဖြစ်မှာပါ"

"အဲဒီလမ်းထဲကလူတွေဆို ဒီဘက်ထိပ်က မထွက်ရဲဘူး။ ဟိုဘက် ထိပ်ကပဲ ထွက်ရဲကြတယ်။ နွဲ့ဒါလီရဲ့အမေတောင် သူ့သမီးခြောက်လွန်းလို့ အိမ်မှာမနေရဲတော့ဘူး။ သီလရှင်သွားဝတ်နေတယ်။ အိမ်ကြီးကို ဒီအတိုင်း ပိတ်ထားခဲ့တယ်လေ။

မင်း အဲဒီကိုရောက်လာတော့ ဘာမှ အကြောက်အလန့်မရှိလို့ အဲဒီလမ်းထဲကလူတွေ အံ့ဩပြီး ဈေးထဲမှာ ပြောနေကြတာကို အစ်မကြီး ကြားလာတာလေ"

"ဒီလိုကိုး . . . ဒီအကြောင်းတွေမသိလို့ မကြောက်ခဲ့တာပေ့ါ၊ အခု သိသွားလို့ အိမ်တောင်မပြန်နိုင်တော့ဘူး"

"မင်းကိုကလည်း မစုံစမ်းဘဲ သွားငှားတာကိုး"

ကိုအောင်လည်း စိတ်ညစ်သွား၏။ အိမ်ငှားပြီးမှတော့ ဖြစ်ချင် ရာဖြစ် ဆက်နေရတော့မည်။ ကိုအောင့်ကို ပြုံးပြနှုတ်ဆက်နေတာ လူမဟုတ် တဲ့။ တွေးမိရုံနှင့် ကြက်သီးမွေးညင်းတွေ ထောင်တက်သွားကုန်၏။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

[ ၃ ]

❑

ရုံးဆင်းပြီး အိမ်ပြန်ရမှာကို ကိုအောင်လန့်နေ၏။ မပြန်လို့ကလည်း မဖြစ်။ ယောကျ်ားဆိုသော မာန်ကိုသွင်းပြီး ဘုရားတ,ကာ အိမ်ပြန်လာရ၏။ ကိုအောင့်ရှေ့အိမ်ကလည်း ကွက်လပ်။ ဘေးကလည်း ကွက်လပ်ကြီး။ နွဲ့ဒါလီတို့အိမ်နှင့် အနီးစပ်ဆုံးဆိုလို့ ကိုအောင့်တစ်အိမ်တည်းသာ လွတ်နေ၏။ ဘယ်သူမှမနေရဲ၍ အိမ်ကောင်းပြီး လွတ်နေခြင်းဖြစ်မည်။

ဦးငြိမ်းကိုလည်း အပြစ်မတင်ချင်တော့။

နွဲ့ဒါလီတို့အိမ်ဘက်ကို လုံးဝလှည့်မကြည့်မိအောင်နေ၏။ အိမ်ဝင်းထဲမှာ လုပ်စရာရှိတာတွေ စောစီးစွာလုပ်ပြီး အိမ်ပေါ်တက်ကာ တံခါးလုံအောင် ပိတ်လိုက်၏။ ညစာကိုလည်း စောစီးစွာပင် စားထားလိုက်ပြီး ဘုရားခင်ရှေ့မှာ ဘုရားဝတ်ပြုနေလိုက်၏။ ညနေမှောင်ရီပျိုးချိန်မှာ စတင်ကြားနရပြီ။

ပန်းကန်ခွက်ယောက်တွေကို ရေကပြင်ထုတ်ဆေးသံ ဂလုံးဂလွမ်းနှင့်။

ယခင်နေ့တွေကတော့ လူမှတ်ပြီး အဲ့ဒီအချိန်ကို တမင်စောင့်ကာ အိမ်ရှေ့အုတ်ကန်မှာ ကိုအောင် ရေဆင်းချိုးတတ်၏။ ရေချိုးရင်းနှင့် လှမ်း





ကြည့်လိုက်လျှင် နွဲ့ဒါလီက လုပ်ကိုင်ရင်း အပြုံးချိုချိုလေး ပြုံးပြန်လိုက်တာကိုမြင်ကာ ရင်တွေဖိုမိ၏။ ခုတော့ သရဲမမှန်းသိ၍ ရင်ဖိုဖို့ နေနေသာသာ အကြောက်ကြီးပြီး လန့်ဖျားချင်နေလေပြီ။

ကြားနေရသော အသံတွေကြောင့် ကြောက်ပြီး ဘုရားစာရွတ်နေသာ မှားယွင်းကုန်၏။

"ဝုန်း ... ဒိုင်း ..."

နောက်တံခါးကို ဆောင့်ပိတ်သံကြားလိုက်ရမှ ပင့်သက်မောကြီး ရှိုက်ချလိုက်ရ၏။ ဘုရားပြန်ရှိခိုးနေစဉ် ...

"ဂျလောက် ... ကျွီ ... အီ ... အီ ..."

တံခါးပြန်ပွင့်လာပြန်ပြီ။ အိုးခွက်ပန်းကန်တွေ ထပ်ဆေးနေသံ ကြားရပြန်၏။ ကေန္တတော့ ကိုအောင့်ကိုမမြင်ရသေး၍ နောက်တစ်ကြိမ် အထာဆပ်ပေးခြင်းပဲဖြစ်မည်။

မေတ္တာပို့ပြီး အမျှပေးဝေမိ၏။ တစ်ဖက်ခြံထဲမှ တံ့ပြန်သံက 'ဝုန်းဒိုင်း' နှင့် တံခါးပိတ်သွားသံ။ ညကလည်း မှောင်ပြီ။ ကိုယ့်အခန်းတံခါးကို ချက်ဆယ့်လေးပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်စီးဖြန်းကာ စည်းချအိပ်လိုက်သည်။

"ဘုတ် ... ဘုတ် ... ဘုတ် ..."

အိမ်ခေါင်းရင်းနံရံကို လက်နှင့် လာပုတ်၏။ ကိုအောင်အိပ်သော အခန်းနံရံဖြစ်နေ၍ ကြက်သီးဖြန်းခနဲထပြီး ခေါင်းနားပန်း ကြီးထွက်သွား၏။ ယခင်က လာပုတ်လျှင် ရှဉ့်လေးတွေဟု ထင်နေ၏။

"ဒေါက် ... တောက် ... တောက် ... တောက် ..."

သွပ်မိုးပေါ်က ကွမ်းသီးတွေ ကြွေကျ၏။ တစ်လုံးပြီးတစ်လုံး ကျောက်ခဲ့တွေသွပ်ပေါ် လိမ့်ချသလို ကြွေကျနေခြင်းဖြစ်၏။ ကိုအောင်က သူမကို သတိပြုမိသွားတာကိုသိပြီး လာခြောက်လှန့်နေရော့သလား။

"ကျွီ ... အီ ..."

ခုံကို တွန်းရွှေ့သံ။ ဖွန်းသံ၊ ပန်းကန်သံ၊ ချောင်းဟန့်ဆိုးသံ၊ ကုယ်မောသံကြီးက အဆိုးဆုံးပင်။ ကိုအောင် ကြောက်လွန်း၍ ထထွက်ပြေးချင်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင် ဖေါက်လာ၏။ ကိုယ့်ဘာသာ သတ္တိရှိလှပြီထင်နေတာ။ တစ်ယောက် တည်းနေရတော့မှ အားငယ်ပြီး လိပ်ပြာလွင့်ချင်သလို ဖြစ်လာ၏။

ကြိုးစားအိပ်သော်လည်း အိပ်မပျော်။ သန်းခေါင်ကျော်တော့ အလု နှံ့ကြီးက ထွက်ပေါ်လာပြန်၏။ နှာခေါင်းကို ရေမွှေးဆွတ်ထားသော ပဝ စည်းပိတ်ထားလိုက်ရ၏။ နားကျပ်ကက်ဆက်လေးနှင့် တရားခွေကို အမှ ရပြီး လက်တုန်ခြေတုန်ဖြင့် အမြန်ပြေးဖွင့်မိ၏။

နားကျပ်ဖြုတ်ပြီး ကတ်ဆက်လေးကို အသံကုန်တင်ဖွင့်လိုက်၏။ အိမ်အနီးဝန်းကျင်လေးသာ ကြားရသော တရားသံမို့ အဆင်ပြေ၏။ တရား သံကြားသည်နှင့် နွဲ့ဒါလီတို့အိမ်ထဲမှာ ဝုန်း . . . ဒိုင်း . . . ခွမ်းနှင့် သော ကျန်းနေတော့၏။

တရားသံ မကြိုက်သူတွေပဲကိုး။ ဘာပဲဖြစ်ဖြစ်၊ ခြိနားကို ဘာသံ မပေးရဲတော့။ မနက်သုံးနာရီထိုးမှ တရားသံလေးနားထောင်ပြီး ကိုအော အိပ်ပျော်သွားရတော့၏။

မအိပ်ပျော်ခင် သီတဂူဆရာတော်ကြီးရဲ့ တရားခွေကို မကြာခဏ ပြန်ရစ်ဖွင့်နေရ၏။ ဒီလိုညမျိုး တစ်ရာမကတွေ့ပါရရင် ကိုအောင် အကြော လွန်ပြီး အသက်ထွက်သွားနိုင်၏။

ယောက်ျားက ယောက်ျားပဲ။ သရဲတစ္ဆေက ပြန်ထိုးကြိတ်လို့ ရတာ မဟုတ်။ လူဆိုးဓားပြကမှ ပြန်ထိုးကြိတ်လို့ ရသေး၏။ ကိုအောင်တစ်ယော ကိုယ့်အဖြစ်ကိုယ်ရှက်လို့ ဘယ်သူ့ကိုမှလည်း မပြောရဲ။ သုံးညလောက် အိ ရေးပျက်လာသောအခါ လုပ်ငန်းခွင်မှာ သရဲဖမ်းစားခံရသလို မျက်ကွင်းညိ ပြီး မျက်နှာညှိုးနေသည့်ကိုအောင်ကို သတိပြုမိလာကြကုန်၏။ ဒေါ်သ ဆွေကဆိုလျှင် . . .

"သိပ်မိုက်တဲ့ကောင်လေးပဲ။ ဘာလို့ အဲဒီအိမ်မှာ ဆက်အိပ်နေ တာလဲ။ ရုံးမှာ လာအိပ်ရောပေါ့"

"ရုံးမှာက လူရှုပ်တယ်။ ကျွန်တော့်လို လူပျိုလူလွတ်တွေ အိပ်ြ တာလေ။ အဲဒါကြောင့် အဖော်တောင် ခေါ်မအိပ်တာပေါ့။ ကျွန်တော် အတိုင်းတော့ ဆက်မအိပ်ပါဘူး။ တစ်ခုခုတော့လုပ်မှာပါ . . . အစ်မကြီ





ကိုအောင် တခြားအိမ် လိုက်ရှာမိ၏။ အိမ်ရှာ၍ရ၏။ မနက်ဖြန်မှ ပြောင်းမည်။ အိမ်လေးကကောင်းသော်လည်း ဘေးအိမ်ကမကောင်း။ အိမ် လေးမှာပင် နောက်ဆုံးညအဖြစ် ဘုရားရှိခိုးပြီး အိပ်မည်ပြုစဉ် . .

"ရွှတ် . . . ရွှတ် . . . ရွှတ် . . . ဟော့လူကြီး . . ."

ကိုအောင် ကျောချမ်းပြီး ခေါင်းက ရောမကြီးကြီး ထွက်သွား၏။ ည (၈) နာရီသာ ရှိသေးသော်လည်း အခြောက်အလှန့်နာမည်ကြီးသော ဒီ နေရာမှာ ဘယ်သူမှရှိမနေ။

အသံကုန်ဟစ်အော်မှ ခြံတစ်ခြံကျော် ဘေးအိမ်ကကြားနိုင်လောက် ၏။ အဲဒီအိမ်မှာလည်း မုဆိုးမသားအမိ နှစ်ယောက်တည်းနေ၏။ မိန်းမသား တွေမို့ အရေးအကြောင်းဆို လာကြမည်မထင်။ လမ်းထဲကလူတွေနှင့်လည်း ခင်မင်။ ကိုအောင့်အဖြစ်က ကယ်သူမဲ့နေ၏။

"ခေါ်နေတာ မကြားဘူးလား"

တစ်ဘက်ခြံထဲမှ မိန်းမတစ်ယောက် အော်ပြောနေ၏။ ကိုအောင် တုတ်တုတ်တောင်မလှုပ်။ သရဲမက စကားပြောတော့လည်း လူအတိုင်းပင်။ ခေတ်မိန်းကလေးတွေလို ပတ်ချွဲ၊ နှပ်ချွဲသံလေးဖြင့်။

"ဒီမှာ အဲဒီဘက်ထဲကို ကျွန်မတို့အိမ်က ကြောင်ကလေးရွှေဝါ သာသလားလို့ မေးကြည့်မလို့ပါ။ ခင်ဗျားကိုယ်ခင်ဗျား သိပ်ကြီးကျယ်မနေ ပါနဲ့။ ပြန်မဖြေရင်လည်း နေတော့။ ဘာကြီးမှန်းလည်း မသိဘူး။ မုန်းစရာ ကြီး"

ဝုန်းဒိုင်းနှင့် နောက်ဖေးတံခါးကို ဆောင့်ပိတ်သွား၏။ ကိုအောင် ဘုရားစာသာ ဖိရွတ်မိ၏။ ညဘက်ရောက်တော့ နွဲ့ဒါလီတို့အိမ်ထဲက ထု ဆောင်းရိုက်ပုတ်သံ၊ စိတ်ဆိုးပြီး ဗလုံးဗထွေးပြောဆိုသံတွေ ကြောက်ရွံ့ဖွယ် ရာ ကြားနေရသည်။

ကိုအောင်ဆက်နေလျှင် သွေးလေချောက်ချားပြီး သွေးပျက်သွား နိုင်၏။ အပုပ်နံ့ကြီး နံလာချိန်မှာတော့ အိမ်ရှေ့တံခါးကို ဆွဲဖွင့်ပြီး တစ်ဘက် အိမ်ထိပ်ကို အော်ပြေးမိတော့၏။



www.burmeseclassic.com

www.burmeseclassic.com



အစ်မကြီးဒေါ်သန်းဆွေအိမ် ရောက်တော့မှသာ ပြန်အမှတ်ရတော့၏။ အကြောက်ကြီးပြီးရောက်လာသော ကိုအောင့်ကို ဒေါ်သန်းဆွေတို့မိသားစုက သူတို့အိမ်မှာပင် ညသိပ်လိုက်ကြလေသည်။ ကိုအောင် တစ်ပတ်လောက်ဖျားသွား၏။

အိမ်ငှားပေးခဲ့သော ကိုငြိမ်းက သတင်းလာမေး၏။ ကိုအောင်က ခြောက်လှန့်ခံရတာတွေ ပြောပြသောအခါ ကိုငြိမ်းက . . .

"ဆရာလေး . . . အထင်မှားတာပါ။ နွဲ့ဒါလီရဲ့ အမြွာညီအစ်မ နွယ်သာကို ရောက်နေတာပါ။ နွဲ့ဒါလီနဲ့နွယ်သာကိုက ငယ်ငယ်လေးကတည်းက ကွဲသွားကြတာ။ နွယ်သာကိုက သူ့အဖေနဲ့ ပါသွားတယ်။ နွယ်သာကို က အငယ်မလေ။ နွဲ့ဒါလီနဲ့ နွယ်သာကို့အမေဆုံးသွားလို့ ရှေ့နေက သူတို့သားအဖကိုခေါ်ပြီး အဲဒီတိုက်ကို အမွေပေးတာနဲ့ သူတို့ရောက်နေကြတာလေ။ သူတို့မှာ ကြောင်ဝါမလေးတစ်ကောင်တောင် ပါလာသေးတယ်"

ကိုအောင်တစ်ယောက် 'ဗျာ . . .'ခနဲ အာမေဋိတ်သံပင် မပြုလိုက်နိုင်ပါ။ အံ့သြတုန်လှုပ်ရဖန်များလို့ အသိတွေလည်း ထုံကုန်ပါပြီ။ ဒေါ်သန်းဆွေကပြောတော့ ကိုငြိမ်းက ဂေါက်တောက်တောက်ကွယ့်။ သူပြောတာမယုံနဲ့။ အစ်မကြီး သွားရင်းပြန်ရင်း ကြည့်မိတာတော့ အဲဒီအိမ်က သော့တန်းလန်းကြီးနဲ့ပဲတဲ့။ ဘယ်သူမှ မတွေ့ဘူးတဲ့။ ကိုအောင် ဘယ်သူ့စကားကို ယုံရမှာလဲမသိတော့။

ဉာဏ်ဝိသ



www.burmeseclassic.com

[ ၁ ]

မြို့နှင့်အလှမ်းဝေးသော ရွာဖြစ်၍ ခေတ်ပျက်စဉ် အင်္ဂလိပ်–ဂျပန်ကာလကမြို့နေလူတို့သည် နီးစပ်ရာခင်မင်ရာတို့နှင့်ပတ်သက်၍ လာရောက်နေထိုင်ကြပြီး စစ်ဘေးခိုကြသည်။ နောင် လွတ်လပ်ရေးရပြီး နောက်ပိုင်းရောင်စုံသောင်းကျန်းသူများနှင့်ရော အဓွေးအခေါ်ကြောင့်ပါ တောခိုကြသည့် အဖွဲ့ပေါင်းစုံတို့နှင့် နီးစပ်သောအရပ်ဒေသဖြစ်သောကြောင့် ဓားပြတိုက်ခြင်း၊ လုယက်ခြင်း၊ အနိုင်ကျင့်သိမ်းယူခြင်းများကို မကြာခဏခံရသည့်နေရာအရပ်၊ အောင်ချမ်းသာ၏ မွေးရာ ချက်မြှုပ်မိဘများမရှိတော့သည့်အချိန်တွင် အရွယ်စကောဇကနှင့် ကျန်ခဲ့သည့် အောင်ချမ်းသာက ရှိရှိသမျှသော လယ်ယာခြံမြေများနှင့် အိမ်၊ လှည်း၊ ကျွဲ၊ နွားများအပြင် လူသူမသိသော အတွင်းပစ္စည်းများဖြစ်သည့် ငွေကြေးကျောက်မျက်ရတနာလက်ဝတ်ရွှေထည်များကိုပါ ရရှိထားသော်လည်း ဟော့ဟော့ရမ်းရမ်း လောင်းကစားအပျော်အပါးမရှိ၊ သူရင်းငှား ဦးညိုတို့မိသားစုနှင့် ကောက်ချိတ်တို့ကိုလည်း မိဘများရှိစဉ်ကလို ဆက်၍ထားပြီး ဆွေမျိုးသားချင်းလိုနေသည်။ ဘိုးဘွားဘီဘင်မိဘလက်ထက်ကပင် ဓားမဦးချနေထိုင်ခဲ့သည့် ရွာမှမခွာဘဲ





သုံးယောဇဉ်အမြစ်တွယ် နိုင်မာ၍ ဘယ်အရပ်ဘယ်ဒေသကိုမှ မပြောင်းမရွှေ့နေခဲ့သည်။

တချို့က စီးပွားဥစ္စာကြောင့်ရော စိုးရိမ်ကြောင့်ကြမှုကြောင့်ပါ တစ်နယ်တစ်ရွာကို ပြောင်းရွှေ့ကြသည်။ အောင်ချမ်းသာ၏ နုနယ်သော အသက်အရွယ်၊ ရှိထားသော စီးပွားဥစ္စာ (ဒါတောင် အတွင်းပစ္စည်းများကိုမသိကြ၍) ကြောင့် တစ်နေ့တွင် ဒုက္ခရောက်မည်ဟု ရပ်ရွာထဲမှ တချို့က စိုးရိမ်ပူပန်ကြသည်။ ရပ်ရွာထဲမှ စိုးရိမ်ပူပန်ကြသည့်အတိုင်းပင်၊ ဒုက္ခဆိုသည်က မြင်းစီး၍ သေနတ်ကိုင်ပြီး နောက်ပါတပည့်များနှင့် ရောက်လာခဲ့တော့သည်။

ထိုအချိန်က သူရင်းငှား ဦးညိုတို့မိသားစုက တစ်ဖက်ရွာမှ နာရေးအိမ်တစ်ခုကို ညအိပ်သွားနေကြသည်။ ကောက်ချိတ်နှင့် အောင်ချမ်းသာတို့ နှစ်ယောက်ပဲရှိပြီး နွားတင်းကုတ်နှင့် တွဲရက်တွင် ကောက်ချိတ်ကနေပြီး အိမ်ကြီးပေါ်တွင် အောင်ချမ်းသာတစ်ယောက်တည်း နေသည်။ အချိန်က ညလယ်။

နာမည်ကြီး ဓားပြအေးညွန့်ခေါင်းဆောင်သောအဖွဲ့ အောင်ချမ်းသာက ဘုရားရှိခိုး မေတ္တာပို့သမျှဝေနေစဉ် တံခါးကို ထုနှက်၍ ဖွင့်ခိုင်းနေသည်။ ကောက်ချိတ်က လက်ပြန်ကြိုးတုပ်လျက် ငုတ်တိုင်ထိုင်နေသည်။

“ဟေ့ ... အထဲက တံခါးဖွင့်စမ်း၊ ခုခံတာတို့ အော်ဟစ်တာတို့ဆိုရင် အိမ်ကို မီးတိုက်လိုက်မယ်”

ဒါက အသံအက်ကွဲကွဲနှင့် ပြောလိုက်သော ဓားပြခေါင်းဆောင်သူဆိုးကြီးအေးညွန့်ရဲ့အသံ အောင်ချမ်းသာက တံခါးဝတွင် ရပ်၍ စဉ်းစားသည်။

“အင်း ... ဒီလူတွေ သူတို့လိုချင်တာကိုပေးလဲ လူကို ရိုက်နှက်ဒဏ်ကျောက် လုပ်ဦးမယ်။ ငါက သူတို့အပေါ်မှ မကောင်းစိတ်မွေးပြီး အနိုင်အထက်ပြုခြင်းမဟုတ်။ ဒီလူတွေတော့ အကုသိုလ်ပဲ”

အကုသိုလ်အကောင်အထည်နှင့် အဝင်ခံလိုက်ရသည်က ဓားပြအေးညွန့်တို့နောက်မှ နောက်ထပ်ဓားပြတစ်ဖွဲ့က ရောက်လာသည်။ ဆက်ခိုင်

www.burmeseclassic.com



ဆိုသည့် ဆောင်စုံသောင်းကျန်းသူပဲဖြစ်သည်။ မတည့်သူချင်းဆုံမိတော့ စကား များပြီး သူဆုတ်ငါဆုတ်နှင့် နောက်ဆုံးဓာတ်တူချင်း ပစ်ခတ်ကြတော့သည်။ နှစ်ဖက်လုံး ဒဏ်ရာရသလို သေသူများပါရှိပြီး ပြန်လည်ထွက်သွားကြသည်။ ကောက်ချိတ်က စပါးပုတ်အောက်ကို ရောက်နေသည်။ အောင်ချမ်းသာက ရွာသားများ၏ အသံကိုကြားမှ အိမ်တံခါးဖွင့်၍ ထွက်လာသည်။

"ဟင် ... အောင်ချမ်းသာ ဘာမှမဖြစ်ဘူး ဟုတ်လား"

"ဟုတ်ကဲ့ ... ဟို ကိုကောက်ချိတ်ကို ရှာကြပါဦး"

"အေး ... မင်းကိုကောက်ချိတ်ကို စပါးပုတ်အောက်က ဆွဲထုတ်ပြီးပါပြီ"

ရောက်လာသော ရွာသားများက အောင်ချမ်းသာ၏ ခြံဝန်းထဲမှ ဓားပြအလောင်းနှစ်လောင်းနှင့် ကျန်ခဲ့ကြသော သေနတ်နှင့် ဓားတချို့ကို ကောက်ယူသိမ်းကြပြီး လူကြီးများ၏အစီအစဉ်နှင့်ပင် ရွာသုသာန်တွင် သင်္ဂြိုဟ်လိုက်သည်။ အောင်ချမ်းသာတစ်ယောက် ဘာမှမဖြစ်ခြင်းနှင့် ဓားပြအေး ညွှန့်နောက်မှ ရောင်စုံသောင်းကျန်း ဗိုလ်သက်နိုင်အဖွဲ့ ရောက်လာခြင်းတို့အတွက် ရွာသားများက အံ့သြနေကြသည်။ သည်လောက် နှစ်ဖက်သူ တပြန် ငါကပြန် ပစ်ခတ်နေသည့်အထဲတွင် ဘာမှမဖြစ်ခြင်းအတွက်လည်း ဖြစ်သည်။

ရွာသားများနှင့် အနီးဝန်းကျင်ကပါ အောင်ချမ်းသာဆိုသော ဆယ့်ရှစ်နှစ်ကျော် ဆယ်ကိုးနှစ်သားအရွယ် လူငယ်က အားကောင်းမောင်းသန် ရွာသားများပင် ပြေးရှောင်ပုန်းကွယ်ကြရသည့် လူဆိုးဓားပြရန်ကို မပြေး မရှောင်ဘဲ နေနေသည့်အကြောင်းကို တွတ်တွတ်ထိုးပြောကြသည်။ နောက်တစ်နေ့ ညနေတွင် တစ်ဖက်ရွာမှ ပြန်ရောက်လာကြသော ဦးညိုတို့မိသားစု ကလည်း တအံ့တသြဖြစ်ကြသည်။

"ဟုတ်တယ် ... ဦးလေးညို၊ ကျုပ်ကို လူဆိုးက အိပ်နေတာကို နှိုးပြီး ကြိုးချည်လိုက်တဲ့အချိန်ထိ အောင်ချမ်းသာက ဘုရားရှိခိုးနေတာ အသံပါ ထွက်နေတယ်"





ထိုအဖြစ်အပျက်ပြီး ရက်အနည်းငယ် ကြာသွားသည်။ ရွာထဲတွင် အေပေတေတေ ငမူးများဖြစ်သည့် မြသိန်း၊ သန်းထွန်း၊ သန်းနိုင်တို့ သုံး ယောက်က အကြံတူ တိုင်ပင်ကြသည်။

"ဟေ ... မြသိန်း၊ အောင်ချမ်းသာရဲ့ကြက်ကို ဒီည ရအောင်ယူ ပြီး ချက်စားမယ်။ သန်းထွန်းက အရက်ဝယ်ထား ... ဟုတ်လား"

"ဖြစ်ပါ့မလား ... သန်းနိုင်၊ အောင်ချမ်းသာက ဘာမှန်းမသိနဲ့ ကွာ၊ သရဲတွေ ဘာတွေ မွေးထားရင် ပြေးပေါက်မှားနေဦးမယ်"

"ဟာ ... ဒီမြသိန်းကကွာ စစ်မရောက်ခင်က မြားကုန်နေတယ်။ မင်း အရက်ဝယ်ထား။ ငါနဲ့သန်းနိုင်ပဲလုပ်မယ်၊ ဟုတ်လား"

"အေး ... ဟုတ်တယ် မြသိန်း။ ငါနဲ့သန်းထွန်း လုပ်မယ်"

ညက အမှောင်ကြီးစိုးနေသည်။ လမင်းက သန်းနိုင်တို့၊ သန်း ထွန်းတို့ကို ဖေးကူနေသည်။ အိမ်အပေါ်ထပ်တွင် အောင်ချမ်းသာက ဘုရား ရှိခိုး မေတ္တာပို့ အမျှဝေနေသည်။ နွားစာစဉ်း မြက်ရိတ်၊ ကွင်းထဲကို နောက် နေ့(နွားချေး) ပို့နှင့် ပင်ပန်း၍ ကောက်ချိတ်က ဟောက်သံနှင့် အိပ်ပျော်နေ သည်။ ဦးညိုတို့ကလည်း တစ်နေ့လုံး လှုပ်လှုပ်ရှားရှားနှင့် ညမိုးချုပ်သည့် နှင့် အိပ်ကြသည်။ အကြံသမားနှစ်ယောက်က ခြံအနားကို ခြေသံလုံလုံ နှင့် ကပ်လာကြသည်။

"သန်းထွန်း ... အောင်ချမ်းသာ ဘုရားရှိခိုးနေတယ်ကွ။ တစ်ခု ကောင်းတာက ဒီကောင့်ခြံထဲမှာ ခွေးမရှိတာပဲ"

"အေး ... ဝင်မယ်။ နှစ်ကောင်ရရ ရသလောက်ယူ၊ အသံမထွက် စေနဲ့၊ ဦးညိုကိုပဲ သတိထား"

သန်းထွန်းနှင့် သန်းနိုင်တို့မှာ ခြံဘေးတွင်ကပ်၍ ပေါက်နေသော ချုံပင်မှ တွယ်ပြီး တက်လိုက်ကြသည်။ နှစ်ယောက်သား တစ်ပြိုင်တည်း ခြံထဲကိုခုန်ချရန် ပြင်လိုက်စဉ်။

"ဖုန်း ... ဖုန်း ..."

"အား ..."



www.burmeseclassic.com

www.burmeseclassic.com



"အင့် . . . အောင်မလေးဗျာ"

"ဖုတ် . . . ဖုတ် . . . ဖတ် . . . ဖတ် . . ."

တစ်ဖက်ခြံမှ ခွေးက ထိုးဟောင်လိုက်၍ နောက်ခွေးများက လိုက်ဟောင်ကြသည်။

"ပြေး . . . ပြေး . . . သန်းထွန်း"

ပြေးလွှားသံများနှင့် အမှောင်ထဲကို တိုးဝင်ပျောက်သွားကြသည်။

✿ ✿ ✿

## [ ၂ ]

❑

နောက်တစ်နေ့ အရက်ဝိုင်းတွင် သန်းထွန်းနှင့် သန်းနိုင်တို့နှစ်ယောက် စလိုက်သည့်စကားက အောင်ချမ်းသာ၏ ခြံထဲတွင် သရဲရှိသည်။ အကောင်ကြီး၍ လက်ဝါးတစ်ဖက်ကို တစ်ထောင်လောက်ရှိသည်ဟု အသံဖွင့်ကြသည်။ ကြက်ဝင်ခိုးသည်က ပျောက်သွားသည်။ အိုးသည်ကုန်းရွာသား အောင်မိုးနှင့် သေးတို့က မယုံဘူးဟု ထပြောသည်။

"ကဲ . . . ဟောကောင် . . . သေး၊ အလောင်းအစားလုပ်ရင် ကြေးကောင်းမှ လုပ်ကွ။ တို့ရွာမဟုတ်ဘူး"

အောင်မိုး၏အပြောကြောင့် မြသိန်း၊ သန်းနိုင်၊ သန်းထွန်းတို့က လောင်းကြေးထပ်ကြသည်။ အောင်မိုးနှင့် သေးကလည်း အကြံရှိသည်။ အောင်ချမ်းသာက အသက်နှစ်ဆယ်ပင် မပြည့်သေးသည့်ကလေး။ သူ့ရဲ့အဖေ အမေတွေသေတာ တစ်နှစ်မက သုံးနှစ်လောက်ရှိတော့မည်။

ယခင်က ဘာသံမှမကြားခဲ့။ အောင်မိုးတို့၊ သေးတို့နှင့်က စပါးကိစ္စ၊ ငရုတ်ကိစ္စများ လုပ်ဖူးသည်။ အတွင်းကြိတ် ချမ်းသာကြသည်။ အောင်ချမ်းသာတစ်ယောက်တည်းကို မွေးသဖြင့် အမွေပစ္စည်းက မပြန့်၊ ဘယ်သူမှ ခွဲယူသူမရှိ၊ အောင်မိုး၏စိတ်ကူး၊ အလောင်းအစားနှင့် ခြံဝင်ရုံနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဘာမှအကျိုးမရှိ ခါးထဲတွင်ပါသည့် ဓားမြှောင်က သည်နေရာတွင် အသုံးဝင် ရမည်ဟု တွေးလိုက်သည်။

မခင်ဝင်း အရက်ချက်သည့်တဲတွင် စားစားသောက်သောက်နှင့် အချိန်ကို စောင့်လိုက်ကြသည်။ အမှောင်ချိန်က အပုပ်ကို ဆောင်သည် သန်းနိုင်နှင့် သန်းထွန်း၊ မြသိန်းတို့က ရွာထိပ်ရေကန်က စောင့်မည်၊ ခြံထဲ ဝင်ပြီး တစ်ခုခုပါလာရမည်။ အောင်မိုးနှင့်သေးက မှောင်ရိပ်ခို၍ အခြေအနေ ကို ကြည့်လိုက်သည်။ ဆိတ်ငြိမ်မှုက အားပေးသလို ခါးထဲမှ ဓားမြှောင်က လည်း ရဲဆေးတစ်မျိုးပင်။ ခြံစည်းရိုးမှ ကျော်ဝင်လိုက်သည်။ အနေအထား က အေးဆေးသည်။ အိမ်လှေခါးနားကို ကပ်လိုက်သည်။ အိမ်ထဲမှ ဘုရားရှိခိုး သံကြားလိုက်ရသည်။ ဓားမြှောင်ရိုးနှင့် တံခါးကို ခေါက်ရန်ရွယ်လိုက်သည်။

"ဝို . . . ဝို . . ."

"အား . . ."

"အောင်မလေး . . ."

"ဒုန်း . . . ဒုန်း . . ."

"အ . . . အ . . ."

အောင်မိုးနှင့်သေးတို့ လှေခါးမှ နောက်ပြန်ကျသွားသည်။ အော် သံကပါ ဆက်တိုက်ထွက်ပြီး ဆူသွားသည်။ ဦးညိုက ဒုတ်မီး(လက်နှိပ် ဓာတ်မီး) နှင့် လက်တစ်ဖက်ဓားရှည်ကိုင်၍ ကောက်ချိတ်ကလည်း လှံရှည် နှင့်။

"ဘာလဲဟေ့ . . . သူခိုးလား"

တစ်ဖက်ခြံမှ ခွေးကလည်း ဟောင်လိုက်သည်မှာ ဆူညံသွားသည် ကောက်ချိတ်က ခြံတံခါးဖွင့်လိုက်တော့ ဘေးမှ လူတချို့ကို တုတ်များ ဓားရှည်များနှင့် ရောက်လာကြသည်။ လှေခါးရင်းတွင် ပက်လက်လဲနေသော အောင်မိုးနှင့် သေးကို ရွာသားများက ကြည့်ပြီး . . .

"ဒီကောင်တွေ ဘယ်ကလဲ၊ ဓားပြလက်ကျန်နဲ့တူတယ်။ ကြိုးချည် ကွာ"





အောင်ချမ်းသာက အိမ်တံခါးဖွင့်၍ ထွက်လာသည်။ မြင်လိုက်ရ သည့် မြင်ကွင်းကြောင့် သဘောပေါက်ပြီး။

"အင်း . . . ဦးလေးညို၊ ကိုကောက်ချိတ် သူကြီးအိမ်ပဲ ပို့လိုက်ပါ ဗျာ။ ဘာမှမလုပ်ကြပါနဲ့"

အောင်မိုးနှင့်သေးက သတိရလာကြပြီး ဘေးကိုလည်း ကြည့်၍ သူတို့ကို ကြိုးချည်ထားသည်ကိုလည်း သိပြီး . . .

"ကြောက်ပါပြီဗျာ၊ နောက် မလုပ်တော့ပါဘူး။ ကျုပ်တို့ အပျော် လုပ်တာပါ"

"ဟုတ်ပါတယ်ဗျာ၊ ကျုပ်တို့ကို နောက်ကနေ ရိုက်လည်း ရိုက် တယ်။ တွန်းလည်း ချလိုက်တယ်"

ဦးညိုနှင့် ရွာသားများက အံ့ဩသွားကြသည်။ အပျော်လုပ်သည် ဟုသာ ပြောသည်၊ ဓားမြှောင်နှစ်ချောင်းက သက်သေ ကြိုးတုပ်လျှက်နှင့် ပင် ခေါ်သွားကြသည်။ အောင်ချမ်းသာနှင့် ဦးညိုက နောက်မှလိုက်သွားကြ သည်။ သူကြီးအိမ်တွင်း အောက်လင်းဓာတ်မီးအလင်းရောင်နှင့် အောင်မိုး ရော သေးပါ ထင်ထင်ရှားရှား။

သူကြီးက ညကဖြစ်သည့် ကိစ္စနှင့်ခေါ်ထား၍ အောင်ချမ်းသာနှင့် ဦးညိုတို့ ထမင်းစားပြီး သူကြီးအိမ်ကို ရောက်လာသည်။ သူကြီးအိမ်တွင် လူစုံနေသည်။ အောင်မိုးနှင့်သေးက ထိတ်တုံးထဲတွင် ကျိုးကြည့်ကြောင် ကြည့်နှင့်။

"အေးလာကွာ . . . အောင်ချမ်းသာ၊ ကိုညိုလည်း ထိုင်။ သူတို့ က အိုးသည်ကုန်းက အရက်မူးပြီးဖြစ်တာတဲ့ လှေခါးအရောက် တံခါးခေါက် မလို့လုပ်တုန်း နောက်ကရိုက်ပြီး တွန်းချလိုက်တာလို့ ပြောတယ်"

"ဟုတ်ကဲ့ . . . အဘလူမောင်၊ ကျွန်တော်မသိတာတော့ အမှန်ပါ။ အဖေတို့၊ အမေတို့ မရှိတဲ့နောက်ပိုင်း ညစဉ်နဲ့ နံနက်ပိုင်း ကျွန်တော် ဘုရားရှိခိုးတာ ပုံမှန်ပါ။ ညကိုးဆယ်နှစ်နာရီ နာရီပြန်တစ်ချက်လောက် အထိပဲ။ မနက်ပိုင်းတော့ ခြောက်နာရီက ခုနစ်နာရီခွဲလောက်ပါ။ ကျွန်တော် ဘုရားရှိခိုးတဲ့အချိန်ပဲ ဖြစ်ဖြစ်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... မင်းက ကောင်းတဲ့အလုပ်လုပ်နေတာ မကောင်းတဲ့ကောင်တွေ ခံပေါ့။ ဒါနဲ့ သန်းနိုင်တို့၊ သိန်းထွန်းတို့က ငါ့တူက သရဲမွေးထားလို့လို့ ပြောကြတယ်။ အဲဒါကြောင့် မယုံလို့ အလောင်းအစားလုပ်ကြတာတဲ့။ အခု သန်းနိုင်နဲ့ သိန်းထွန်းရော မြသိန်းရော ခေါ်ထားတယ်"

အကြောင်းအရာများကတော့ အောင်ချမ်းသာက သရဲမွေးထားသည်ဟု သတင်းကြီးသွားသည်။ အောင်ချမ်းသာက ပြောပြစရာတော့ရှိသည်။ လူကများ၍ ယုံသူလည်း ရှိမည်၊ မယုံကြည်သူလည်း ရှိမည်၊ ပြောပြရမည့်အကြောင်းက ထူးဆန်း၏။ သည်အကြောင်းကို အောင်ချမ်းသာကိုယ်တိုင်ပင် ထိုကိစ္စကိုသိလိုက်ရတာ မကြာသေးပါ။ ကျန်လူများကို ပြောမပြတာက အကြောင်းမဟုတ်ပေမဲ့ သူကြီးဦးလူမောင်နှင့် ဦးညိုကိုတော့ သိအောင်ပြောပြရမည်ဖြစ်သည်။

"ဟုတ်ကဲ့ ... အဘလူမောင်နဲ့ ဦးလေးညိုတို့ကို ကျွန်တော် ပြောစရာရှိပါတယ်"

ခဏအချိန်အတော်ကြာမှ သူကြီးဦးလူမောင်က အိုးသည်ကုန်းရွာက သူကြီးကို စာရေးပေးပြီး လူလွှတ်၍ အောင်မိုးနှင့်သေးတို့ကို ဆက်၍ လုပ်ဆောင်ရန် အကြောင်းကြားလိုက်သည်။ ရွာသားများ အတော်ရှင်းသွားချိန်တွင် အောင်ချမ်းသာက သူ့အဖြစ်အပျက်အကြောင်းစုံကို ပြောပြလိုက်သည်။

✿ ✿ ✿

| ၃ |

❑

ဦးရွှေမင်းက ကျောင်းဆရာတစ်ဦးဖြစ်သလို ရှေးဟောင်း ဂမ္ဘီရနည်းပညာတွေကိုလည်း စိတ်ဝင်စားလို့ လေ့လာမှတ်သားခဲ့တယ်။ အဲဒီမှာဆရာကောင်းနဲ့တွေ့ပြီး ပညာကောင်းတွေ နည်းကောင်းတွေရလို့ ကျောင်းဆရာက ပင်စင်ယူပြီး ဆေးဝါးကုတယ်။ လောကီပညာလည်း တိုးလာပြီးနည်းပညာကောင်းတစ်ခုကို ရလိုက်တယ်။

အဲဒါက ရှေးတုန်းက ရှင်ဘုရင်တို့ရဲ့ စစ်ရေးစစ်ရာ ကိစ္စများကိုစီမံခန့်ခွဲရာမှာထိုင်ပြီး စီစဉ်တဲ့ပလ္လင်။ အဲဒီပလ္လင်က ဘမယာသနပလ္လင်ပေါ်က ထိုင်ပြီး ပြောဆိုအမိန့်ချမှတ်တဲ့အတွက် ပလ္လင်မှာ အစီအစဉ်တွေ၊ အဆောင်တွေ ပြန်လုပ်တဲ့အခါမှ ပိတုန်းရုပ်ခံပြီး ပြုလုပ်ပေးကြတယ်။ အဲဒီပလ္လင်ပေါ်ကနေပြီး စစ်ကိစ္စ၊ တိုင်းရေးပြည်ရာများ၊ ရန်သူနဲ့ရင်ဆိုင်ရေးအတိုက်အခံ၊ လုပ်ကြံမှုတွေ စီမံရာမှာ ရဲစွမ်းသတ္တိနဲ့ ဖွဲ့လုံ့လ၊ ညီညွတ်ခြင်းဆိုတဲ့ အားတွေနဲ့ပြည့်စုံပြီး အောင်မြင်ခဲ့တယ်။

အဲဒါကြောင့် ပိတုန်းရဲ့ အစွမ်းသတ္တိကို အသိအမှတ်ပြုပြီး ကက်ဘင်းခေတ်ဖြစ်တဲ့ ကြာသပတေး-စနေ၊ စနေ-ကြာသပတေးကို ယူပြီးပိတောက်၊ ပိတုန်း၊ ပြဒါး၊ ပဒိုင်းတို့ကို စီမံစုစည်းပြီး ပိတောက်သားလှည်း

---



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကို ပိတုန်းရုပ်ထုပြီး ပြဒါးထည့်လို့ ပဒိုင်းသားနဲ့ ပိတ်လိုက်၊ ဆေးပိတုန်းတစ်ကောင် ဖြစ်သွားတယ်။ ဒီလိုကောင်မျိုးက ကြာသပတေးနဲ့ စနေ သောကြာနံညှပ်ထားတော့ နေနာမ်လိုက်ရင် ပိုပြီးစွမ်းတယ်။ ဒါပေမဲ့ မိမိက မှန်ကန်ဖို့တော့ လိုတယ်။ ကိုယ်က မှန်ကန်နေလို့ကတော့ မတရားလာလုပ်ရင်တော့ လုံးဝမရဘူး။ ပိတုန်းဆိုတဲ့အတိုင်း အမျိုးပါပြုတ်မယ် မှတ်။

အဲဒီပိတုန်းက ပဌာန်း(၂၄)ပစ္စည်းကို (၁၀၈)ခေါက်ရွတ်ပြီး ဆောင်ထားရင် ပိုပြီးအစွမ်းထက်တယ်၊ ကျွန်တော့်ကို အဘရွှေမင်းက ဒီပိတုန်းရုပ်ကလေး ပေးခါနီးမှာ ငါးပါးသီလ ခံယူစေတယ်၊ ၂၄ ပစ္စည်းရွတ်ခိုင်းတယ်။ ဘုရားရှိခိုးတိုင်း မေတ္တာပို့ အမျှဝေခိုင်းခဲ့တယ်။ ကျွန်တော် ဒီပိတုန်းရုပ်ကလေး ရပြီးကတည်းက အဘပြောတဲ့အတိုင်း လုပ်ကိုင်ခဲ့ပြီး ဆောင်ထားတာပါ။ ကျွန်တော်ရဲ့ လုပ်ရပ်နေထိုင်မှုကြောင့် အန္တရာယ်အတော်များများကင်းခဲ့တယ်။

''ဩော် ... အောင်ချမ်းသာက ဒီပိတုန်းရုပ်ကလေးကြောင့်ကိုး''

''ဟုတ်ပါတယ် ... အဘလူမောင်။ ကိုယ့်ကို အန္တရာယ်ပြုလာမယ့် ရန်သူမှန်သမျှကို သူက ဘာကောင်မှ ချမ်းသာမပေးဘူး။ မြင်တွေ့ရတဲ့ ရန်သူကိုတော့ အခု အဘလူမောင်တို့ တွေ့တဲ့အတိုင်းပဲ။ မမြင်ရတဲ့ စုန်းတိုက်၊ နတ်တိုက်၊ ပယောဂတိုက် မကောင်းဆိုးဝါးကိုပါ ရင်ဆိုင်နိုင်တယ်။ အဘလူမောင် အဲဒါကို ကျွန်တော် အဘဦးရွှေမင်း (မှော်ဘီဆရာရွှေမင်း)က အမေဆုံးတော့ အသုဘလာရင်းနဲ့ ပေးခဲ့တာပါ''

''အေး ... မင်းအတွက် အားကိုးစရာပေါ့ကွာ။ ဒါပေမဲ့ ပြောနေကြတဲ့လူတွေက သရဲတို့ သဘက်တို့နဲ့ သူတို့လည်း မြင်ဖူးတာ မဟုတ်ဘဲနဲ့ကွာ''

သူကြီးဦးလူမောင်က ကျန်နေတဲ့ ရွာသားတွေဘက်လှည့်ပြီး ပြောလိုက်သည်။

''အဘလူမောင် ... ဒီပိတုန်းက ကျွန်တော်မသိရပေမဲ့ သူက သိနေတယ်။ ကျွန်တော့်ကို မကောင်းကြံသူတွေဟာ အထမမြောက်ဘဲ လာ





ပြီးတောင်းပန်တာ နှစ်ဦး သုံးဦးရှိတယ်။ ဩော် ... အဲဒီအဘလူမောင်ကို အခုတတည်းက ကတိပေးပါတယ်။ ကျွန်တော်က ဒီပိတုန်းအားကိုးနဲ့ မလုပ်အပ်တဲ့ အလုပ်၊ မတရားတဲ့အလုပ်ကို ဘယ်တော့မှ မလုပ်ပါဘူး။ ကျွန်တော်အသက်လေးဆယ်ပြည့်ရင် ပိတုန်းကို ဘုရားတစ်ဆူဆူမှာ ဌာပနာထည့်လှူမယ်လို့ ကတိပေးပါတယ်။ အဘကိုလည်း ဒီကတိမျိုးပေးခဲ့ပါတယ်''

''ဟာ ... ကောင်းတာပေါ့၊ သာဓုခေါ်ပါတယ်၊ အောင်ချမ်းသာရယ်''

သူကြီးအိမ်မှ စကားဝိုင်းကို မယောင်မလည်နှင့် ရောက်လာကြသော သန်းနိုင်၊ သိန်းထွန်း၊ မြသိန်းတို့ကို ဦးညိုကကြည့်ပြီး အောင်ချမ်းသာကို လက်ကုတ်အသိပေးလိုက်သည်။ အောင်ချမ်းသာက ခေါင်းညိတ်ပြလိုက်သလို သူကြီးကလည်း လှမ်းကြည့်လိုက်သည်။

ရွာထဲတွင် အောင်ချမ်းသာ၏ပိတုန်းက နာမည်ကြီးသလို စိတ်ဝင်စားသူများလာသည်။ အနီးအပါးမှ ရွာသားတချို့က လာ၍ပင် ကြည့်ကြသည်။

''သန်းထွန်း ... ဟုတ်ပါ့မလားကွ၊ အောင်ချမ်းသာရဲ့ ပိတုန်းဆိုတာက လူကြားကောင်းအောင် ကြားဖူးနားဝနဲ့ စာအုပ်တွေထဲက ဖတ်ပြီး ပြောတာနေမှာပါ။ ဒီကောင်က မြို့မှာကျောင်းနေပြီး ဆယ်တန်းအောင်ထားတော့ ပြောနိုင်တာပေါ့''

''သူ့ဟာသူ ဆယ်တန်းအောင်အောင် ဘွဲ့ပဲရရကွာ၊ ထားလိုက်။ အဲဒီပိတုန်းကို ရအောင်ယူဖို့ ကြံကွာ''

''အေး ... မြသိန်း ရွာထိပ်ထန်းရည်တဲမှာ မွတ်ကြီးကို ချိန်းထားတယ် သွားကြည့်ကွာ။ ရောက်နေရင် ခေါ်ခဲ့ကွာ''

''ဟာ ... အဲဒီမွတ်ကြီးက အောက်လမ်းဆရာဆို''

''ဟာ ... အဲဒီမွတ်ကြီးက အောက်လမ်းဆရာဖြစ်ဖြစ်၊ အစိစိဆရာပဲဖြစ်ဖြစ် တို့လုပ်ငန်း အောင်မြင်ဖို့ပဲ''

''သွားခေါ်ပါ ... မြသိန်းရာ၊ တို့ ဒီကစောင့်နေမယ်။ မခင်ဝင်းတဲက အရက်နှစ်လုံးဆွဲခဲ့''



www.burmeseclassic.com

www.burmeseclassic.com



သန်းနိုင်နှင့်သန်းထွန်းတို့ အကြံနှင့် လုပ်ရပ်ကို မလျှော့ဘဲ တစ်ရွာသားနှင့်ပေါင်း၍ ရှေ့တစ်လှမ်းတိုးရန် လုပ်ကြပြန်သည်။ သူတို့နှင့် ချိန်းဆိုထားသည့် မှတ်ကြီးဆိုသူမှာ ပဲခူးသားဖြစ်ပြီး အောက်လမ်းဆရာဟု နာမည်ကြီးခဲ့သော ဆရာဒလလှဖေ၏ လက်ရင်းတပည့်ဖြစ်သည်။ မှတ်ကြီးကတော့ အောက်လမ်းပညာ တတ်မတတ်မသိပါ။ သန်းနိုင်နှင့် သန်းထွန်းတို့က အထင်တကြီးအားကိုးတကြီးနှင့် ဆရာတင်ခေါ်ထားခြင်းဖြစ်သည်။

အိုးသည်ကုန်းရွာမှ အောင်မိုးနှင့်သေီးတို့က သူတို့စရိတ်နှင့်သူတို့သွားပြီဖြစ်သည်။ ရွာတွင် အသက်အရွယ်ငယ်ပြီး ပစ္စည်းဥစ္စာပြည့်စုံ၍ အနေမှန်သော အောင်ချမ်းသာကိုလည်း ကြည့်မရသည်က သန်းနိုင်၊ သန်းထွန်း မြသိန်းတို့ပဲဖြစ်၊ ဒါကြောင့်လည်း ဒုက္ခပေးရန်ကို နည်းမျိုးစုံစဉ်းစား၍ ကြံစားကြသည်။

မြသိန်းပြန်လာတော့ အရက်နှစ်ပုလင်းလည်း ပါသည်။ မှတ်ကြီးလည်း ပါလာသည်။ သန်းထွန်း၏အိမ်မှာပင် စုထိုင်ဝိုင်းဖွဲ့၍ ပုလင်းဖွင့်လိုက်ကြသည်။ လောကသဘာဝ၏ ဆန်းကြယ်မှုတစ်ခုက အံ့သြစရာပင်။ အမှောင်ထဲကမှနေပြီး အလင်းထဲကို ကြည့်မြင်လို့ရသည်။

ယခု သန်းနိုင်၊ သန်းထွန်းနှင့် မှတ်ကြီးမြသိန်းတို့က အမှောင်ထဲမှ အောင်ချမ်းသာ၏အိမ်ကြီးကို လေ့လာအကဲခတ်ကြည့်နေကြသည်။ အိမ်ကြီးထဲတွင် မီးအလင်းရောင်နှင့် ကောက်ချိတ်တစ်ယောက် သွားလာလှုပ်ရှားနေသည်ကိုလည်း မြင်နေရသည်။ ဦးညိုကိုတော့ မတွေ့ရပေ။ ကောက်ချိတ်နေရာလေးက မီးရောင်ပျောက်သွားသည်။ မန်ကျည်းပင်ကြီးပေါ်မှ သူတို့ဆင်းလာပြီး ခြံနားကိုကပ်လိုက်သည်။ ထိုသူတို့၏ အမှားတစ်ရပ်က အောင်ချမ်းသာတွင် အကာအကွယ်ရှိနေသည်ကို မယုံကြည်ကြခြင်းပင်။

ခြံတွင်းကို ကျော်၍ဝင်လိုက်ကြသည့် သူတို့ကို သူတို့လိုပင် မှောင်ရိပ်ထဲမှ နီနီရဲရဲ မျက်လုံးအစုံတစ်စုံနှင့် သွားစွယ်ဖြူဖြူကြီးများကို ဖြဲ၍ကြည့်နေသော မျက်လုံးပေါင်းလေးခုကို မသိကြပေ။ ခြံတွင် ခြေချလိုက်သည်နှင့် အောင်ချမ်းသာ၏ ဘုရားရှိခိုးသံ၊ မေတ္တာပို့အမျှဝေသံများကို ကြားလိုက်၍ အမှောင်ထဲမှာပင် သူတို့လေးယောက်က မဲ့ရွဲ့သွားသည်။ မျက်နှာကို အဝတ်စည်းထား၍ မမြင်ရသော် သူတို့ဟာသူတို့ဖြင့် သိလိုက်သည်။ တစ်ခုထူးခြားသည်က မှတ်ကြီးပါလို့ပင်လားမသိ၊ ခြံထဲကို ရောက်သည်အထိ ဘာမှမဖြစ်ကြသေးပေ။





"ကဲ ... လေးယောက်လုံး အိမ်ပေါ်ကို တက်မယ်။ မတွန့်နဲ့၊ ဆုတ်နဲ့နော်"

မှတ်ကြီး၏ တွန်းအားပေးသည့် အပြောစကားသံတိုးတိုး ဆုံးသည်နှင့် လှေခါးကိုပြေးကပ်လိုက်သော သူတို့ကို ဆီးကြိုလိုက်သည်က နွားဖြူကြီးတစ်ကောင်နှင့် ခွေးကျားကြီးတစ်ကောင်အပြင် ဘာမှန်း မသိမမြင်ရသည့် တစ်ဦးတစ်ယောက်ကပါ ဝင်ရောက်သတ်ပုတ်ထုရိုက်သလို နွားဖြူကြီးကသည်း ကြုံး၍ ဝှေ့လိုက်သည်။ သွားစွယ်ဖြူဖြူကြီးများနှင့် ခွေးကျားကမရောကိုကိုက်သည်။

'ဝုန်း ... အူ ... ဂိ ... အင့် ... အား ... အဟာ' ဆိုသည့် အသံများ၏ ဆူညံမှုကြောင့် ကောက်ချိတ်က လုံရှည်နှင့် ထွက်လာသလို ဦးညိုကလည်း ဓားရှည်နှင့် ရောက်လာသည်။ ပါးစပ်မှလည်း ...

"ဓားပြ ... ဓားပြ"

ဟု အဆက်မပြတ်အော်လိုက်သည်။ အောင်ချမ်းသာက အိမ်တံခါးဖွင့်၍ ထွက်လာသလို ဘေးဝန်းကျင်မှလည်း လူများရောက်လာသည်။ လူစုမိပြီး သန်းနိုင်နှင့် သန်းထွန်း၊ မြသိန်း၊ မှတ်ကြီးတို့ကို ချုပ်ကိုင်ဖမ်းဆီးလိုက်သည်။ ထိုအချိန်တွင် နွားဖြူကြီးနှင့် ခွေးကျားရော ဘာမှန်းမသိသည့် အကောင်ကြီးပါ ပျောက်သွားသည်။

သူကြီးဦးလှမောင်၊ ရာအိမ်မှူးဖိုးလုံး၊ နေဝင်း၊ ခင်ဇော်တို့ပါ ရောက်လာကြပြီး သူတို့လေးယောက်ကိုကြည့်၍ သူကြီးက ဒေါပွသည်။ ကောင်းအောင်နေသော အောင်ချမ်းသာကို ဒုက္ခပေးရန်ပြုသူကို တုံ့ပြန်၍ နှိမ်နင်းပေးနေသည်က ပိတုန်း၊ ထိုပိတုန်းက လောကီအစီအစဉ် နည်းကောင်းများနှင့် သစ္စာ၊ သမာဓိ၊ သီလ ရှိသူတို့က စီမံ၍ ပြုလုပ်ထားခြင်းဖြစ်ပြီး ဆောင်ထားသူကလည်း သန့်ရှင်းစင်ကြယ်သဖြင့် အစွမ်းပြသည်ပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လောကတွင် ကောင်းအောင်နေလျှင် ကောင်းတာဖြစ်၍ ကောင်းကျိုးပြုသည့်အရာများက ဘေးဝန်းကျင်တွင် ရှိနေသည်ကို မြင်နိုင်သိနိုင်သလို မမြင်မသိရသည်လည်းရှိသည်ဟု ရွာသားများနှင့် သန်းနိုင်ရော သန်းထွန်းပါ သဘောပေါက်သလို မြသိန်းနှင့်မှတ်ကြီးက ရင်တုန်လှိုက်လှဲစွာဖြင့် လက်ခံလိုက်ကြသည်။

ဇိုးယဉ်ထွန်း



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

ကြားဖူးသည်က . . .

လွမ်းရောင်သန်းတဲ့ ရှမ်းတောင်တန်း . . . တဲ့။

ဟုတ်ပေသည်။ တောညို့ညို့၊ တောင်မှိုမှိုတို့သည် လူတို့၏စိတ်ကို ညို့ယူဖမ်းစားနိုင်သည်ကတော့ဖြင့် အမှန်ပင်။

အခြေသတင်းကြီးတဲ့ ရွှေမင်းသမီးရယ်ပဲလို့ တင်စားရလေမည်လား၊ သတင်းကြီးလွန်းတဲ့ ရှမ်းတောင်တန်းကြီးများဆီသို့ သွားရမည်ဆိုတော့ စိတ်ထဲမှာ ပျော်မိတာတော့ အမှန်ပါ။ သွားဖို့ရန် စီစဉ်ပေးသူများကလည်း စေတနာအပြည့်၊ အဖော်အပေါင်းများကလည်း စုံစုံညီညီ။

ခက်နေသည်က . . .

ကိုယ်ရေးကိုယ်တာကိစ္စများ။

ဒါကြောင့်မို့ ရှမ်းတောင်တန်းကြီးများနဲ့ ရေစက်ရယ်ရှိခဲ့ရင်တော့ လိုက်ပါရလေမည်ဟုသာ နှလုံးပိုက်လျက် . . .

✿ ✿ ✿

[ ၂ ]

❑

တစ်နေ့တော့ . . .

"ခမ်းမွန် . . . မင်း . . . ရှမ်းပြည်လိုက်ရမယ်နော်"

"မလိုက်နိုင်ပါဘူး . . . ရွှေဝါရယ်"

"မငြင်းပါနဲ့ . . . ခမ်းမွန်၊ ဒီခရီးဟာ တို့တစ်တွေရဲ့ နောက်ဆုံးခရီးလည်း ဖြစ်နိုင်တယ်"

"ဘာ . . . ရွှေ . . . ရွှေဝါ . . ."

"ဟား . . . ဟား . . . မှားသွားလို့ပါ . . . ခမ်းမွန်။ တို့တစ်တွေ ဒီတစ်ခါ အပြောင်းအရွှေ့ထွက်ရင် တစ်ယောက်တစ်နေရာစီကို ရောက်ကြတော့မှာ။ ခရီးအတူထွက်ဖို့ဆိုတာ ဒီအချိန်လေးပဲရှိတာ။ အဲဒါကိုပြောတာပါ"

"အေး . . . အဲဒါလည်း . . . ဟုတ်တယ်။ ဒါပေမဲ့ . . ."

"ဒါပေမဲ့ လို့မရဘူး။ လိုက်ဖို့သာ အသင့်ပြင်ထား"

ဟု သူငယ်ချင်းရွှေဝါက အရေးဆိုလာပြန်တော့ မငြင်းရက်၊ မငြင်းသာ။ ဒါပေမဲ့ ကိုယ့်ဝမ်းနာ ကိုယ်သာသိဆိုသလို ကိုယ့်ရဲ့ ကိုယ်ရေးကိုယ်တာမိသားစုကိစ္စများကို ကိုယ်သာအသိဆုံးပါ။ လိုက်ဖို့ရန်အတွက် မည်သို့မှ အဆင်မပြေနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာတော့ လိုက်ချင်နေသည်ကလည်း အမှန်။ ဒါကြောင့် သက်ပြင်းရှည်ကိုချရင်း ကျွန်မစားပွဲမှာ ကျွန်မထိုင်ကျန်ခဲ့ပေမယ့် ရွှေဝါက တော့ သူပြောချင်ရာများကိုပြောပြီး အခန်းအပြင်ဘက်သို့ ထွက်သွားလေပြီ။

ဒီအကြောင်းတွေကို ကျွန်မရဲ့အစ်ကိုနှင့် အစ်မကို ဖုန်းဆက်တိုင် ပင်တော့ . . .

"ညီမလေးရယ် . . . ဒီလို မိသားစုကိစ္စတွေ ရှုပ်ယှက်ခတ်နေတဲ့ အချိန်မှာ လိုက်သွားလို့ ဘယ်ဖြစ်ပါ့မလဲ"

. . . တဲ့။

ဘယ်လိုမှ ရှေ့မတိုးသာတော့ပါ။ ကျွန်မမှာတော့ သူငယ်ချင်းတွေ ကို ပါးစပ်ကသာ ငြင်းနေတာ ရှမ်းပြည်ခရီးစဉ်ကို လိုက်ချင်လွန်းလို့ အိမ်မှု ကိစ္စတွေ လုပ်လိုက်ရတာ အခက်အခဲတွေ ဖြေရှင်းလိုက်ရတာ ဖတ်ဖတ်မော လို့။

သို့သော် အစ်ကိုနဲ့အစ်မရဲ့ ပြောစကားအရ ခဲလေသမျှ သဲရေကျ ရမည့် ဘဝပင်။ ရှမ်းပြည်ခရီးစဉ်နဲ့ ဝေးရပါပြီဟု စိတ်မကောင်းဖြစ်မိသေ သို့သော် မတတ်နိုင်ပါချေ။ အခြေအနေက ဒီအတိုင်းရယ်သာ။

ဒီလိုနဲ့ လုပ်မြဲကိစ္စများကိုတော့ ကျွန်မ ကြိုးစားလုပ်ကိုင်နေတယ်။ လုပ်မြဲကိစ္စဆိုတာကတော့ ဌာနအလုပ်များနှင့် ဌာနကပြန်လျှင် အိမ်မှုကိစ္စ များပင် ဖြစ်ပါတယ်။ ရှမ်းပြည်ခရီးစဉ်သွားခါနီး (၅) ရက်လောက်အလိုမှာ တော့ ဌာနမှ အခင်ဆုံးသူငယ်ချင်းများနှင့် အစ်မများက . . .

"နန်းခမ်းမွန် . . . မင်း ရှမ်းပြည်ကို လိုက်ရမယ်နော်"

"မဖြစ်ပါဘူး . . . အစ်မတို့ရယ် . . ."

"ဘာမဖြစ်တာလဲ . . . ဘာတွေ အခက်အခဲရှိလို့လဲ၊ ဘာတွေကူညီ ရမလဲ"

တဲ့။

သူတို့မေးထားတာတွေက စုံလို့။ အခက်အခဲတွေကို သူတို့ပါ တစ်ပါတည်းလိုက်ပြီး ဖြေရှင်းပေးကြမည့်ပုံစံများ။ ထို့ကြောင့် ကျွန်မ ထွေထွေ ထူးထူး မပြောတော့ဘဲ . . .

စိတ်ကူးသစ်စာပေ



"လိုက်လို့ဖြစ်မယ် မထင်ပါဘူး"

ဟုသာ တွင်တွင်ငြင်းနေမိသည်။ ဒါပေမဲ့ သူတို့ကလည်း အလျော့ ပေးကြပါ။ နောက်တစ်နေ့တွင်လည်း ထပ်မံ၍ ဘာအခက်အခဲရှိသလဲ၊ ဘာလိုသလဲဟူသော မေးခွန်းများသာ ဆက်မေးနေသဖြင့် . .

"အဆင်ပြေရင် လိုက်ခဲ့ပါမည်"

ဟု ကတိပြုခဲ့၏။ သို့သော် အဆင်မပြေနိုင်မှန်းကို ကျွန်မ သိပြီး သားပါ။ နောက်တစ်နေ့တွင်လည်း သူတို့က . . .

"ဟိုတယ် စီစဉ်ပြီးပြီ"

ဟု ပြောကြ၏။ ကျွန်မစိတ်ထဲမှာတော့ ဟိုတယ်စီစဉ်ပြီးလျှင် ဟိုတယ်ခ အဆုံးခံရုံသာဟု စိတ်ပိုင်းဖြတ်ကာ နေလိုက်၏။

သို့သော် မမျှော်လင့်ဘဲ မိသားစုကိစ္စများသည် ရုတ်တရက် အဆင် ပြေချောမွေ့သွားခဲ့၏။ ကျွန်မ၏ ရှမ်းပြည်ခရီးစဉ်အကြောင်းလည်း မေမေ သိရှိသွားပြီး လိုက်သွားဖို့ အမိန့်ချ၏။ ကျွန်မ အတိုင်းမသိ ပျော်ရွှင်မိ၏။ ဌာနက သူငယ်ချင်းတွေရော၊ အစ်မများကပါ ပျော်ကြ၏။ ရှမ်းပြည်သည် ကျွန်မနှင့် ကံဆုံခဲ့လေပြီ။

ဌာနက အစ်မများနှင့် သူငယ်ချင်းများက ကျွန်မအတွက် လိုလေ သေးမရှိအောင် စီစဉ်ပေး၏။ ကျွန်မက မလိုပါဟု ငြင်းသော်လည်း ဝတ်ဖို့ အဝတ်အစား၊ အနွေးထည်ခေါင်းစွပ်၊ ခြေစွပ်၊ လက်အိတ်၊ စားစရာ မုန့်ပဲ သရေစာများ၊ ငွေကြေးကအစ ကျွန်မအတွက် စီစဉ်ပေး၏။ ကျွန်မအဖို့ ခလုံးသက်သက် လိုက်သွားရင်တောင် ရလောက်၏။ သို့သော် ကျွန်မက လည်း အစကတည်းကလိုက်ချင်နေသူမို့ အိမ်ကိစ္စများအဆင်ပြေလျှင် လိုက် သွားမည်ဟူသော စိတ်ကူးနှင့် အတော်များများကို စီစဉ်ပြီးသား။

ဒီလိုနှင့် ရှမ်းပြည်ခရီးစဉ်ကို ကျွန်မလိုက်ပါခဲ့၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# | ၃ |

❑

"ဟေ့ ... ခမ်းမွန် ..."

"ဟာ ... ရွှေဝါ"

"ဟေ့ ... လာကြ၊ လာကြ။ ဒီမှာ လူအတော်စုံနေပြီ"

"ဟော ... ဟိုမှာ နိုင်ငံမှားလာတယ်"

"နိုင်နိုင်ရေ ... ဟိုမှာ ... ဥမ္မာ"

"ကောင်းကောင်း ... သားလေး၊ အန်တီတို့နားမှာ နေဦး နော်"

စသည်ဖြင့် တောင်ကြီးခရီးစဉ် လိုက်ပါမည့်သူများစုရပ်တွင် ခေ
ကြ၊ အော်ကြ၊ နှုတ်ဆက်ကြရင်း ခဏကြာတော့ ကျွန်မတို့ငှားထားသော
'ဟိုတယ်နှင့်ခရီး' မှ ကားကြီးပေါ်သို့ တက်ကြလေပြီ။

လူစုံသောအခါ လိုက်ပါပို့ဆောင်သူများအား နှုတ်ဆက်ကြရင်း
ညနေ ၆ နာရီတိတိတွင် ကားကြီး စတင်ထွက်ခွာခဲ့ပါပြီ။ မင်္ဂလာဒုံအရောက်
တွင် စီစဉ်သူများက ခရီးစဉ်အစီအစဉ်ကို ကြေညာပါတယ်။ ထို့နောက်
ရှမ်းသီချင်းများကို နားထောင်ရင်း ကားတစ်စီးလုံး ငြိမ်သက်လိုက်ပါလာကြ
ပါတယ်။





ည ၉ နာရီတွင် နေပြည်တော်မရောက်မီ ခေတ္တတည်းခိုစား
သောက်ရာနေရာဖြစ်သော ၁၁၅ မိုင်သို့ ရောက်ခဲ့ပါပြီ။ ထိုနေရာတွင် ကား
ရပ်နားပြီး ခရီးစဉ်၏ ပထမဆုံးစားသောက်ရာနေရာအဖြစ် အားလုံး တပျော်
တပါး စားကြသောက်ကြနှင့် အုံးအုံးကြွက်ကြွက်။ စားသောက်ပြီးသောအခါ
ကျွန်မတို့ ခေတ္တခဏ လမ်းလျှောက်ကြပြီး ကားပေါ်သို့ ပြန်လည်တက်ခဲ့ကြ
ပါတယ်။

ကားထွက်ပြီး သိပ်ကြာသည်ဟု မထင်လိုက်ပါ။ နေပြည်တော်သို့
ရောက်ရှိလာပြီး သတ္တုတွင်းဝန်ကြီးဌာန၊ ကျောက်မျက်ရတနာမှ အသိများ
က ကြိုဆိုသဖြင့် ထိုနေရာတွင် ခေတ္တရပ်နားခဲ့ကြပါတယ်။ ထို့နောက် နေပြည်
တော်၏ ညမီးပန်းပွင့်အလှများကို တစ်မျှော်တစ်ခေါ် ကြည့်ရှုခံစားရင်း
ဖြည်းဖြည်း နေပြည်တော်ကို ဖြတ်ကျော်ခဲ့ကြပါပြီ။

ညဉ့်နက်လာသောအခါ ကားမှ အဲယားကွန်းကြောင့်လား၊ ရာသီ
ဥတုကြောင့်လားရယ်တော့ မပြောတတ်။ အအေးဓာတ်က ကဲလာသဖြင့်
အစ်မကြီးများက ...

"နန်းခမ်းမွန် ... အနွေးထည်ယူမလား ... ဥမ္မာရော"

"ဘယ်သူ တဘက်စောင်ယူဦးမလဲ"

စသည်ဖြင့် ဂရုတစိုက်မေးကြပါတယ်။ ဤသို့ဖြင့် အနွေးထည်
ဝတ်သူကဝတ်၊ စောင်ခြုံသူကခြုံ၊ သီချင်းဆိုသူကဆို၊ မှေးစက်နားထောင်
သူက နားထောင်နှင့် ကားကြီးကတော့ တရွေ့ရွေ့ မောင်းနှင်လာပါပြီ။ ထို
အချိန်တွင် ကျွန်မတို့ထဲမှ အသံကြည်လင်ပြတ်သားကောင်းမွန်သော အစ်မ
တစ်ယောက်က သီချင်းတစ်ပုဒ်ကို ဆိုလိုက်၏။ သူဆိုသော သီချင်းသည်
ကား ...

"ငွေသင်ဖြူးလေး ခင်းထားသလို ××× သတင်းစကားဆိုလောက်
တယ် ××× ရေပေါ်မှာ အိမ်ကလေးတွေဆောက်တယ် ××× တောင်ပိုင်းရဲ့
ရှမ်းပြည်နယ် ××× မှန်းဆတွေးဝေနော် ××× ရှမ်းမလေးတွေလည်း ချော
ပါတယ် ××× သတင်းမွှေးတဲ့ အင်းလေးကန်သာဝယ် ×××"

"ဖြောင်း ... ဖြောင်း ... ဖြောင်း ... ဖြောင်း ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီဟေ့ ... ဟုတ်ပြီကွ"

ဟု အားလုံးက ဩဘာပေးကြ၏။ သူ၏အသံသည် ထူးခြားေ နှစ်သက်ဖွယ်ရာအတိလည်းရှိ၏။ ကျွန်မအဖို့တော့ သူ၏အသံကို နှစ်သက် ရသည်နှင့်အတူ အင်းလေးကန်ကြီးကိုလည်း တွေ့ချင်မြင်ချင်လွန်းလှပြီ

ဆိုရင်း၊ အားပေးရင်း၊ မေးစက်ရင်းဖြင့်ပင် နေပြည်တော်၊ ဟဲဟိုး အောင်ပန်းမြို့များကို ဖြတ်ကျော်ခဲ့ပြီး လင်းပိုင်းသို့ ရောက်ခဲ့လေပြီ။ လမ်းခ တစ်နေရာတွင် သွားတိုက်၊ မျက်နှာသစ်ကြနှင့် မိုးပင်စင်စင်လင်းတော့ေ မည်။

အားလုံး သွားတိုက်၊ မျက်နှာသစ်ကြပြီး ကားအနည်းငယ် ဆ မောင်းပြီးသောအချိန်တွင် အင်းလေးခေါင်တိုင်(ရေပူစမ်း)သို့ ရောက်ရှိကြေ ပြီ။ ရေပူစမ်းတွင် အတူပါလာသော အစ်မများက ညှော်ခံကျွေးမွေးသဖြ ကောက်ညှင်းပေါင်း၊ အကြော်၊ ကော်ဖီတို့ကို စားသောက်ကြ၏။ ခဏကြ သောအခါ ရေပူစမ်းတွင် ရေများကို အားရပါးရချိုးကြ၏။

အားလုံးရေချိုးပြီးသောအခါ ကျွန်မတို့ စီးလာသောကားကို ရေ စမ်းတွင်ထားခဲ့ကြပြီး စက်လှေသုံးစီးဖြင့် အင်းလေးဖောင်တော်ဦးဘုရား သွားကြပါတယ်။ အင်းလေးကန်ကြီးရဲ့ အကျယ်အဝန်းကတော့ အလျာ ၉ မိုင်၊ အကျယ် (၃) မိုင်ခွဲခန့်ရှိသော ကန်ကြီးဖြစ်ပါတယ်။

ထိုကန်ကြီးသည် ရေသေမဟုတ်ဘဲ မြောက်မှတောင်သို့ စီးဆင် နေပြီး လောပိတရေတံခွန်ကို ဖြစ်ပေါ်စေသော ကန်ကြီးဖြစ်ကြောင်းလည် သိရပါတယ်။ ဒါ့အပြင် အင်းကြီးအတွင်း စတင်တည်ထောင်ခဲ့သည့် (နမ့်ပန် ဝမ့်လုံ၊ နောင်တောင်း၊ ဟဲယာရွာမ) ဟူသော ရွာလေးရွာကို အစွဲပြုပြီးခေါ် မှ အင်းလေးဟု အမည်တွင်ကြောင်းလည်း သိရပါတယ်။

အင်းလေးရေပြင်သည် ဟိုးယခင်က ကြည်လင်စိမ်းမြနေသည်ဟု ဆိုကြ၏။ ယခုအခါတွင် ယခင်ကကဲ့သို့ ကြည်လင်ခြင်းမရှိတော့သော်လည် နောက်ကျိနေခြင်းမျိုးတော့မဟုတ်။ ရေအရောင်သည် စိမ်းညိုရောင်သန် နေ၏။ ကျွန်မတို့ သွားသောအချိန်သည် နံနက် (၇) နာရီ၊ (၈) နာရီဖြစ်၍ နေမင်းကြီး၏ရောင်ခြည်က မပူပြင်းလှ။

စိတ်ကူးသစ်စာပေ



နေခြည်နုနုအောက်တွင် စက်လှေသုံးစီးက မရှေးမနှောင်း အပြိုင် အဆိုင် မောင်းနှင်လာခဲ့ကြ၏။ စက်လှေများမှ ထွက်ပေါ်လာသော ရေပန်း ရေမှုန်များပေါ်သို့ နေခြည်နုနုတို့၏အရောင်က ထိုးကျနေသဖြင့် မြစ်ရေပြင် တွင် စိန်မှုန်များကျဲနေသကဲ့သို့ တလဲ့လဲ့၊ တဖွားဖွား တောက်ပြောင်နေ၏။

တဖြည်းဖြည်း အင်းလေးရေပြင်၏ ရေနက်ပိုင်းသို့ ရောက်လာလေ ပြီ။ ကျွန်မတို့တစ်တွေလည်း အင်းလေးရေပြင်ရှိ ရေပန်း၊ ရေမှုန်များကို သည်းကောင်၊ စင်ရော်ငှက်များကိုလည်းကောင်း၊ တောင်တန်းကြီးများနှင့် ... ကောင်းကင်ကိုလည်းကောင်း နောက်ခံပြု၍ ဓာတ်ပုံရိုက်ကြ၏။ တစ်ခါ တစ်ရံ အခြားစက်လှေ (၂) စီးကို လှမ်းရိုက်ကြ၏။ အခြားစက်လှေများက ... ရိုက်သောအခါ ပဝါများကို မြှောက်ပြကြ၊ လက်မြှောက်ပြကြနှင့် အမျိုးမျိုး ... ကြရင်း ...

"ဟေ့ ... ဒီဘက်ကိုလှည့်"

"ဟော ... ဟိုတစ်ယောက် ကွယ်နေပြီ"

"ဒီမှာ ... ရှမ်းခေါင်းပေါင်း ပေါင်းလိုက်မယ်"

"ဟုတ်ပြီ ... ဟုတ်ပြီ ... ဟိုအတွဲ"

စသည်ဖြင့် အတွဲများကလည်း ကဲပြကြ၏။ ဤသို့ဖြင့် အင်းလေး ရေပြင်တွင် ဆူဆူညံညံ လှုပ်လှုပ်ရှားရှား။

ခဏကြာတော့ အားလုံးမောသွားကြပြီ။ ငြိမ်သက်သွားသောအချိန် တွင် ကျွန်မသည် အင်းလေးရေပြင်နှင့်တကွ ပတ်ဝန်းကျင် သဘာဝအလှတွေ ကို ကြည့်ရှုရင်း ခံစား၊ ခံစားရင်း ကြည့်ရှုဆိုသကဲ့သို့ ကြည့်ရင်းကြည့်ရင်း အတွေးများစွာလည်း ပေါ်လာ၏။ ထိုအတွေးများနှင့်အတူ အင်းလေးမှာရွာ ခဲ့မိုးသီချင်းကို စိတ်ထဲက ညည်းနေမိ၏။

လက်ရှိအခြေအနေမှာတော့ အင်းလေးမှာ မိုးမရွာပါ။ ကျွန်မတို့ အဖို့ အဖော်မပါ တစ်ကိုယ်တည်းလည်း မဟုတ်သည့်အတွက် ညာတာပါ ရယ်လို့လည်း တောင်းပန်စရာမလိုပါ။ အကယ်၍ မိုးရွာလျှင်လည်း မိုး ရေထဲမှာ တပျော်တပါး အော်ကြဆူကြ၊ မြူးလိုက်မည့်ဖြစ်ခြင်း။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတွေးနယ်ချဲ့ရင်းဖြင့် သဘာဝအလှတို့သည် ကျွန်မအမြင်အာရုံကို ဆွဲဆောင်နေပြန်ပါပြီ။ သဘာဝကို မြတ်နိုးတတ်သော ကျွန်မအဖို့တော့ စက်လှေရဲ့အောက်ဘက်က ရေပြင်၊ ဘေးပတ်လည်က တောင်တန်းနှင့် တောညို့ညို့၊ ဦးခေါင်းရဲ့ ... ဟိုး ... အပေါ်က မိုးကောင်းကင်ပြာပြာကြီးနဲ့ တိမ်ဖြူတွေ၊ အဲဒါတွေကို တစ်စုတစ်စည်းတည်း မြင်နိုင်တဲ့ ဒီအင်းလေးရေပြင်ကြီးကို နှစ်သက်နေမိ၏။ အင်းလေးရေပြင်ကြီးနဲ့ မခွဲချင်တော့ပါ။ ဒီသဘာဝ၏ ဒီအလှတွေကို ချန်ထားခဲ့ရမည်စိုးသဖြင့် စက်လှေစီးရင်း ဖောင်တော်ဦးဘုရားသို့ပင် အမြန်ရောက်သွားမည်ကို စိုးရိမ်နေခဲ့မိ၏။

ထိုအချိန်တွင် စက်လှေများမှာ ဖောင်တော်ဦးဘုရားသို့ ရောက်လုလု ဖြစ်နေပေသည်။ သို့သော် ကျွန်မတို့စက်လှေများသည် ဖောင်တော်ဦးဘုရားသို့ တန်းပြီးသွားနေခြင်းတော့ မဟုတ်ပါ။ ဟဲယာရွာမရှိ မြန်မာ့လက်မှုပညာဖြင့် ဖန်တီးထားသော ငွေထည်ပစ္စည်းများ၊ အင်းလေးရိုးရာဝတ်စုံများကို ဝင်ရောက်လေ့လာ ဝယ်ယူကြရာတွင်လည်း ...

"ဟယ် ... ရွှေဝါ၊ ဟိုလုံချည်လေးက လှလိုက်တာ"

"ဟုတ်တယ် ... ဝယ်လိုက်၊ ဟော ... ဟိုမှာ လွယ်အိတ်လေးက ချစ်စရာလေး။ ငါ့တူမဖို့ ဝယ်သွားမယ်"

"ဥမ္မာရေ ... ဒီမှာကြည့်ပါဦး၊ လည်ဆွဲလေးတွေ လှလိုက်တာ"

စသည်ဖြင့် မြင်မြင်သမျှ ကျွန်မတို့ သဘောကျကြပြန်၏။

ငွေထည်ပစ္စည်းဆိုင်များမှ ထွက်ပြီး စက်လှေပေါ်သို့ ပြန်တက်ကြတော့ စက်လှေအနီးတွင် အဘွားတစ်ယောက်က လှေဖြင့် ကြာပန်းများရောင်းနေသဖြင့် ဖောင်တော်ဦးဘုရားသို့ ကပ်ရန်ဝယ်ခဲ့ကြပြန်၏။ ဝယ်တင်မက ပအိုဝ်စကားများဖြင့် ...

"ယို ကျာ နိုင့်မိုင် ( ဒါ ဘယ်လိုရောင်းသလဲ)"

"ယွမ်းဖေးတကျို (လျှော့ပေးပါဦး)"

ပြောရင်း ကျွန်မတို့ ကိုယ့်ဘာသာကိုယ် သဘောကျနေကြ၏။

ဖောင်တော်ဦးဘုရားကုန်းတော်ပေါ်သို့ ရောက်သွားသောအခါတွင် ရှေးဦးစွာ သံဃာတော်များကို ဖူးတွေ့ရ၍ ကြည်နူးမိ၏။ အင်းလေးရေပြင်တွင်





သံဃာများပင့်ဆောင်လာသော စက်လှေများကို တွေ့တုန်းကတော့ သံဃာတော်များ ဘုရားဖူးသက်သက်လာကြသည်ဟု ထင်မိ၏။ ကုန်းတော်ပေါ်ရောက်မှ ဤနေ့ဤရက်တွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲရှိသည်ဟု သိရသဖြင့် ကျွန်မ ပို၍ ဝမ်းသာပီတိဖြစ်မိ၏။ သံဃာပေါင်း (၃၀၀၀) ကျော် ပင့်ဖိတ်ထားသည်ဟုလည်း သိရ၏။

ဖောင်တော်ဦးဘုရားတွင် ရုပ်ပွားတော်အား ချက်ချင်း ဖူးမြော်ခွင့် မရခဲ့ပါ။ အင်းလေးရေပြင်တွင် ဖောင်တော်ဦးဘုရားသို့ အမြန်ရောက်မည်ကို စိုးရိမ်ခဲ့သော ကံအကျိုးပေးကြောင့် ထင်၏။ လူများ၊ သံဃာများက ကြိတ်ကြိတ်တိုးစည်ကားနေပြီး ရုပ်ပွားတော်ရှေ့တွင် ပိတ်နေ၏။ ခဏကြာတော့မှ လူအနည်းငယ် ရှင်းသွားပြီး ရုပ်ပွားတော်ကို ဖူးတွေ့ရသည်။ နောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အစပြုပါပြီ။ ရှေးဦးစွာ ရှမ်းရိုးရာဝတ်စုံများနှင့် ရှမ်းအိုးစည်သံကို ကြားရ၏။

သံဃာများက စနစ်တကျ စီတန်းပြီး ဆွမ်းဆန်စိမ်းအလှူခံတော့ ကျွန်မတို့တစ်တွေ ငွေစက္ကူအသစ်များဖြင့် သံဃာတစ်ပါးချင်း လောင်းလှူကြ၏။ ကျွန်မတို့အတွက် အဆင်ပြေသည်က လစာထုတ်စဉ် ငွေစက္ကူအသစ်များ ပေါပေါများများပါသဖြင့် သံဃာများအား၊ အားရပါးရ လှူဒါန်းနိုင်ခဲ့ကြ၏။ တိုက်ဆိုင်လိုက်ပုံကတော့ဖြင့် အဟုတ်သား။

ကျွန်မတို့အထဲတွင် ကျွန်မတို့ကိုဦးဆောင်၍ ခေါ်လာခဲ့သူ ဆရာကြီး ဒေါက်တာအောင်မြင့်ဦးတို့ ဇနီးမောင်နှံကတော့ သံသရာတစ်ဖက်ကမ်းအထိ တူနှစ်ကိုယ်ရှေ့လက်တွဲ၍ အလှူကြီးပေးကြမည့်ပုံပင်။ သံဃာ အပါး (၃၀၀၀) ကျော်အား မနားမနေ အဆက်မပြတ်လှူနေ၏။

နေ့လယ် (၁၁) နာရီကျော်ကျော်မှာတော့ ကျွန်မတို့အားလုံး ဖောင်တော်ဦးဘုရားဈေးတန်းတွင် ဒေါက်တာစိုင်းကျော်ထွန်း ညှိခံကျွေးမွေးသော အင်းရိုးရာအစားအစာများဖြင့် နေ့လယ်စာ သုံးဆောင်ကြပါတယ်။ ထို့နောက် အင်းရိုးရာ လက်ဆောင်ပစ္စည်းများကို လေ့လာဝယ်ယူပြီး ဖောင်တော်ဦးဘုရားမှ ပြန်လည်ထွက်ခွာခဲ့ကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဖောင်တော်ဦးဘုရားမှ စက်လှေပေါ်ပြန်တက်တော့ ကမ်းစပ်၊ ချောင်းတစ်လျှောက်တွင် ဆွမ်းဆန်စိမ်းလောင်းသူ၊ ဘုရားဖူးလာသူများနှင့် ပြည့်နှက်နေပြန်သည်။ ကျွန်မတို့အယောက် (၄၀) ကျော်အုပ်စုကြီးမှာလည်း ထိုလူအုပ်ကြီးကြားမှ ဝေးရင်းဝေးရင်း ...

"ဆိုင်ဒွန်းကနော ... (ပြန်ဦးမယ်နော်)"

"မွဲခွဲ့ခယောလွန်ဝ်၊ (နောက်မှ ပြန်ဆုံကြမယ်)"

ဟူသော ပအိုဝ်စကားများဖြင့် နှုတ်ဆက်ထွက်ခွာခဲ့ကြပြီး ဖောင်တော်ဦးဘုရားနှင့် မဝေးလှသော အလိုတော်ပေါက်ဘုရားအား ဝင်ရောက်ဖူးမြော်ပြီး ဆက်လက်ထွက်ခွာခဲ့ကြသည်။

အပြန်ခရီးမှာတော့ စင်ရော်ငှက်များက ကျွန်မတို့စက်လှေများအသီးသီး၏ အနီးအနားဆီမှ ပျံဝဲလိုက်ပါလာကြသဖြင့် အစာကျွေးသူက ကျွေး၊ ဓာတ်ပုံရိုက်သူက ရိုက်နှင့် လှုပ်လှုပ်ရှားရှား ရှိနေရုံမျှမက စက်လှေများ တစ်စီးကိုတစ်စီး အပြိုင်အဆိုင်ကျော်တက်ကြ၊ ကျော်တက်သွားသော စက်လှေက ကျန်ခဲ့သောစက်လှေအား နင်တို့တော့ ကျန်ခဲ့ပြီဟူသော အမူအရာနှင့် လက်ပြနှုတ်ဆက်ကြရင်း တပျော်တပါးပင် ထွက်ခွာခဲ့ကြပါ၏။

ထိုကဲ့သို့ လှုပ်လှုပ်ရှားရှားထဲတွင် စင်ရော်ငှက်တစ်ကောင်သည် ကျွန်မ၏ပခုံးထက်တွင် နားခိုရင်း အတော်လှမ်းလှမ်းချောင်းအထိ လိုက်လာသောအခါတွင် ကျွန်မ စင်ရော်ငှက်လေးအား သံယောဇဉ်ကြီးစွာ ကြည့်ရင်းငယ်ငယ်ကကျက်ခဲ့သော ကဗျာလေးထဲက ...

"မြခဲရောင်နွယ် ရွှေကျေးငယ်ကို မွေးချင်တယ် မပူဆာနှင့် နန်းညာရွှေမြင့် နတ်ကယ်လေး"

ဆိုတာလေးကို သတိရမိသွားသည်။ ဟုတ်တယ် ... ရွှေကျေးလေးတွေဟာ ဘဝတူ ရွှေကျေးတို့ရှိတဲ့ တောတန်းမြိုင်ခြေမှာပဲ ပျော်တာကောင်းတယ်။ ရွှေလှောင်အိမ်မှာ အဘယ်သို့သော ရွှေကျေးသည် ပျော်နိုင်ပါမည်နည်း။ ထိုအတွေးတို့ကြောင့် ကျွန်မပခုံးထက်က စင်ရော်လေးကို သံယောဇဉ်ကြီးစွာ ခေါ်ဆောင်လာချင်သော်လည်း ...





"စင်ရော်လေးရယ် .... ကိုယ့်ဘဝမှာပဲ ကိုယ်ပျော်ပါကွယ်"

ဟု စိတ်မကောင်းစွာ ညည်းတွားလိုက်မိသောအခါ စင်ရော်လေးက ကျွန်မစကားကို နားလည်သယောင်နှင့် ပခုံးထက်မှ ထွက်ခွာပျံသန်းသွားသောအခါတွင် ကျွန်မ ဘာကြောင့် ဆို့နင့်စွာ ကျန်ခဲ့ရသည်ကိုပင် မတွေးတတ်တော့ပါ။

ကျွန်မ ဝေးရင်းဝိုင်ရင်း အတွေးများဖြင့် လိုက်ပါလာစဉ် တဖြည်းဖြည်း အင်းချောင်းကျယ်မှ ကျွန်းမျောများရှိရာသို့ ရောက်လာလေပြီ။ ကျွန်းမျောများပေါ်တွင် ခရမ်းချဉ်ပင်များ စိုက်ပျိုးထားသည်ကို တွေ့ရပေသည်။

ခဏကြာတော့ အင်လေးချောင်းတွင် တည်ထားကိုးကွယ်သော ရှေးဟောင်းဘုန်းတော်ကြီးကျောင်း တစ်ကျောင်းဖြစ်သည့် ငါးဖယ်ချောင်းကျောင်းသို့ ရောက်ရှိခဲ့ပါသည်။ ထိုကျောင်းတွင် ဘုရား၊ တရား၊ သံဃာဟူသော ရတနာသုံးပါးအား ဝတ်ပြုပြီးသည်နှင့် ထိုကျောင်းတွင်ရှိသော ရှေးဟောင်းရုပ်ပွားတော်များ၊ ပလ္လင်များကို လေ့လာကြည့်ရှုကြသောအခါတွင်လည်း ...

"ဟော့ ... ဟော့ ... ဒီမှာကြည့်ပါဦး"

"ဟော ... ဟော ... ဟိုမှာရော ..."

"ဟိတ် ... ဒီဘက်ကနေ ... လာရိုက်"

စသည်ဖြင့် ဓာတ်ပုံများ အသည်းအသန် ရိုက်ကြရပြန်၏။ ဤနေရာတွင် ဓာတ်ပုံရိုက်ကြခြင်းမှာတော့ အခြားနေရာများတွင် ရိုက်ကြခြင်းနှင့် ပုံစံမတူပါ။ အခြားနေရာများတွင် လှပသော သဘာဝနောက်ခံ ပန်းချီကားများတွင် ကျွန်မတို့ ကိုယ်ဟန်အမျိုးမျိုးဖြင့် ရိုက်ကြ၏။ ဤနေရာတွင်တော့ ကျွန်မတို့ (လူများ) ပါအောင် မရိုက်တော့ပါ။

ကျွန်မတို့တစ်တွေ လက်ဖျားခါချီးမွမ်းရသော ရှေးမြန်မာတို့၏ လက်မှုအတတ်ပညာဖြင့် ဖန်တီးအလှဆင်ထားသည့် ဘုရားပလ္လင်ရှိ ကနုတ်ပန်းများကို အားရပါးရရိုက်ကြ၏။ ရှေးဟောင်းရုပ်ပွားတော်၊ ပလ္လင်တော်များ



www.burmeseclassic.com

www.burmeseclassic.com



ကို များစွာ တွေ့ရသကဲ့သို့ လက်ရာတိုင်းသည်လည်း တစ်မျိုးနှင့်တစ်မျိုး မရိုးနိုင်အောင် လှပနေကြ၏။

ထို့ကြောင့် ဟိုးတစ်ချိန်က ရှမ်းနယ်ကြီးသည် မည်မျှဖွံ့ဖြိုးခဲ့သည်ကိုလည်းကောင်း၊ မည်မျှ ရတနာသုံးပါး ကြည်ညိုခဲ့သည်ကိုလည်းကောင်း မည်မျှ အနုပညာအမြင် ရှိခဲ့သည်ကိုလည်းကောင်း ကျွန်မ တွေးတောဂုဏ်ယူလို့ မဆုံးတော့။

နောက်ဆုံးတော့ 'ဩ . . . ဒါကြောင့် ငါးဖယ်ချောင်းကျောင်းကို မဝင်မီ အနီးတစ်ဝိုက်မှာကတည်းက နိုင်ငံခြားဧည့်သည်တွေရဲ့ စက်လှေတွေ အများကြီး တွေ့ရတာပဲ။ မြန်မာတင်မက ကမ္ဘာကပါ မြတ်နိုးလောက်တဲ့ မြန်မာ့အနုပညာလက်ရာတွေပဲ' ရယ်လို့ မှတ်ချက်ချလိုက်မိသည်။

ကျွန်မ တမေ့တမော တွေးတောနေစဉ်တွင်ပင် . . .

"ဘယ်သူတွေ ကျန်သေးသလဲ။ အားလုံး လာကြ။ စက်လှေထွက်တော့မယ်"

ဟူသော အသံကြားတော့မှ ကျွန်မစက်လှေပေါ်သို့ ကမန်းကတန်း တက်ခဲ့ရပါတယ်။ ထို့နောက် စက်လှေ(၃)စီးသည် ရှည်လျားလှသော အင်းရေပြင်ကို ဖြတ်သန်းရင်း ညောင်ရွှေမြို့သို့ ဦးတည်သွားနေပါပြီ။ ညောင်ရွှေမြို့သို့ရောက်သောအခါ ကျွန်မတို့ ခေါင်တိုင်တွင်ထားခဲ့သော ကားကြီးသည် ညောင်ရွှေတွင် ကျွန်မတို့ကို လာရောက်စောင့်ကြိုနေပါသည်။ ညောင်ရွှေတွင် ရှမ်းရိုးရာ အစားအစာမျိုးစုံကို စားသောက်ကြပြီး တောင်ကြီးမြို့သို့ ထွက်ခွာခဲ့ပါတယ်။

တောင်ကြီးမြို့သို့ ရောက်သောအခါ ည ၈ နာရီကျော်ပြီဖြစ်သော်လည်း တောင်ကြီးတက္ကသိုလ်၊ မြန်မာစာဌာနသို့ဝင်သောအခါ ဌာနရှိ ဆရာ၊ ဆရာမများက စုံစုံညီညီဖြင့် ဆီးကြိုနှုတ်ဆက်ရင်း လက်ဖက်ရည်ကော်ဖီများဖြင့် ဧည့်ခံပါသည်။

ထူးခြားသည်က လွန်ခဲ့သည့် တစ်ပတ်အတွင်းတွင်မှ ကျွန်မတို့ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှ တောင်ကြီးတက္ကသိုလ်သို့ တွဲဖက်ပါမောက္ခ





ရာထူးဖြင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသော ဒေါက်တာဥမ္မာသူအား ပို့ဆောင်နှုတ်ဆက်ရင်း ဝမ်းသာဝမ်းနည်းစိတ်တွေနဲ့ ထားခဲ့ရခြင်းပင်။ သို့သော် ပြည့်သူ့ဝန်ထမ်းဘဝများပဲ မဟုတ်ပါလား။

ထို့နောက် တောင်ကြီးမြို့လယ်ရှိ Sweet Dream ဟိုတယ်သို့ ထွက်ခွာလာခဲ့ကြပြီး Sweet Dream တွင် အနားယူ ရေမိုးချိုးပြီးမှ ညစာသုံးဆောင်ပြီး အိပ်စက်အနားယူကြပါတော့တယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၄ |

❑

ဒီနေ့တော့ ...

ကျွန်မ ချစ်လှစွာသော မြူနှင်းတွေဖုံးနေတဲ့ ... ဟိုး ... အဝေးကြီးက တောင်တန်းကြီးတွေရယ် ... ဟိုး .... အနီမှိုင်းမှာ မြူပင်လယ်ကြီးလိုဖြစ်နေတဲ့ လွင်ပြင်တစ်ပိုက်က ထင်းရှူးပင်တွေရယ်ကို လမ်းလျှောက်ရင်း တစိမ့်စိမ့်အရသာခံကာ ကြည့်နေမိတယ်။

ကြည့်ရင်း၊ လျှောက်ရင်း ဒီရှမ်းပြည်ခရီးစဉ် စီစဉ်ပေးသူများကို လည်း ကျေးဇူးတင်နေမိတယ်။ ကျွန်မ ကိုယ့်အတွေးနဲ့ကိုယ် တစ်ယောက်တည်း လမ်းလျှောက်နေစဉ်မှာ ကျွန်မတို့အဖွဲ့တွေက ဟိုတစ်စု၊ ဒီတစ်စု သူ့အစုနဲ့သူ သွားလာလှုပ်ရှားနေကြတယ်။ လေ့လာမှတ်သားနေကြတယ်။ ကျွန်မကတော့ လေ့လာမှတ်သားဖို့ထက် ချစ်လှစွာသော ပြည်နယ်ကြီးရဲ့ ရှုခင်းမှန်သမျှကို တမေ့တမော ငေးမောနေမိတယ်။

ဟော ... ခုတော့ နေရောင်ကလေး အတော်အသင့်ထွက်လာပြီ။ မြူပင်လယ်ကြီးလိုဖြစ်နေတဲ့ ထင်းရှူးတောတန်း တစ်ခွင်တစ်ပြင်ကို သဲသဲကွဲကွဲ မြင်လာရပြီ။ ထို့ကြောင့် ကျွန်မ ... ဟိုး ... အဝေးတစ်နေရာကို





ငေးမောနေစဉ်မှာပဲ ကျွန်မမြင်ကွင်းထဲမှာ လှုပ်လှုပ်ရှားရှား တစ်စုံတစ်ခုကို တွေ့လိုက်ရတယ်။ ကျွန်မထပ်ပြီး အသေအချာ အာရုံစိုက်ကြည့်လိုက်တယ်။

"ဩ .... လူတစ်ယောက် မြင်းစီးလာတာပဲ"

ရယ်လို့ မှတ်ချက်ချရင်း ထိုလူမြင်းစီးလာပုံကို ကြည့်နေမိတယ်။ အတော်ကြည့်လို့ကောင်းသား။ ရုပ်ရှင်ထဲက မြင်းစီးကျွမ်းကျင်တဲ့ မင်းသား တစ်ယောက် စီးလာသည့်ပုံပင်။ တဖြည်းဖြည်းနဲ့ ကျွန်မတို့နားကို ရောက်လာတော့ ထိုမြင်းသမားက ကျွန်မရှေ့တည့်တည့်ကို ဦးတည်လာနေသလိုပဲ။

ထို့ကြောင့် ကျွန်မ ထပ်မံပြီး စူးစူးစမ်းစမ်းကြည့်မိပြန်တယ်။ ဟော ကြည့်ရင်း ... ကြည့်ရင်း ... ဟုတ်ပါပြီ ... အဲဒီမြင်းသမား ကျွန်မရှေ့တည့် တည့်ကို လာနေတာ။ ဟိုး .... အဝေးမှာတုန်းကလို မြင်းကို ဒုန်းစိုင်းလာ တာမျိုးမဟုတ်။ မြင်းသမားများအခေါ် အသားကျစီးသည်ဟု ပြောရလေ မလား၊ ဖြည်းဖြည်းချင်း စီးလာနေတာ။ ကျွန်မ အနီးရောက်လို့ ကျွန်မက အသေအချာကြည့်မိတော့ သူက ပအိုဝ်အမျိုးသားဝတ်စုံအပြည့်နဲ့။ ပြီးတော့ တရင်းတနှီး ပြုံးလို့။ ကျွန်မကတော့ အံ့ဩစွာနဲ့ ...

"အို ..."

ဟု တိုးတိုးညင်းညင်း ရေရွတ်လိုက်မိတယ်။ ဒီတော့ သူက နှစ်နှစ် ကာကာ ထပ်ပြီးပြုံးတယ်။ ကျွန်မစိတ်ထဲကတော့ ...

'အတော်ချောတဲ့ ရှမ်းအမျိုးသားပဲ။ စာသံပေသံနဲ့ ပြောရရင် ယောကျ်ားပီသပြီး၊ ကောင်းမြတ်တဲ့လက္ခဏာနဲ့ ပြည့်စုံတဲ့လူပဲ' ရယ်လို့ မှတ်ချက်ချလိုက်တယ်။

ထိုစဉ်မှာပဲ သူက မြင်းပေါ်ကနေ လွှားခနဲ ခုန်ချလိုက်တယ်။ ပြီးတော့မှ ကျွန်မကို ...

"စဝ်ခမ်းဝါ ...."

လို့ တရင်းတနှီးခေါ်တယ်။ ကျွန်မကလည်း စကားတွေပြန်ပြောမိတယ်။

"ကျွန်မ စဝ်ခမ်းဝါ မဟုတ်ပါဘူးရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ဩ ... ခမ်းဝါရယ်"

"တကယ်ပြောနေတာပါရှင်"

"ထားပါတော့ .... ဒါဆို ..."

"ကျွန်မနာမည် နန်းခမ်းမွန်ပါ"

ဟု ပြောသောအခါတွင်လည်း သူက ယုံကြည်တဲ့ပုံမပေါ်။ ပြီးတော့ တရင်းတနှီး ရယ်မောနေသေးတယ်။ ကျွန်မ သူ့ကိုကြည့်ပြီး ဘာဆက်ပြောရမှန်းတောင် မတွေးတတ်တော့။ ကြောက်စိတ်၊ လန့်စိတ်တွေပါဝင်လာတယ်။

ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ မြူနှင်းတွေက ထပ်ကျလာပြီး အနီးဝန်းကျင်လေးကိုပင် သဲသဲကွဲကွဲ မမြင်နိုင်တော့ပါ။ ကျွန်မတို့အဖွဲ့တွေကလည်း အနီးအနားမှာ အသံပင် မကြားရတော့ပါ။ ဟို ... ခပ်ဝေးဝေးကို ရောက်သွားကြပြီးထင်ရဲ့။ ကျွန်မ ကြောက်သလိုလို ဖြစ်လာသော်လည်း ကြောက်စိတ်ကို ဟန်မပျက်ထိန်းရင်း ရှေ့မှာရှိတဲ့ ပအို့ဝ်အမျိုးသားကို စူးစမ်းသည့်သဘောနှင့် ...

"ရှင် ... ရှင် ... ရှင်က ... ရှမ်းအမျိုးသားလား"

ဟု မေးတော့သူက အချိုဆုံးအပြုံးနဲ့အတူ ခေါင်းညိတ်ပြတယ်။ ပြီးတော့ သူက ဆက်ပြောသေးတယ်။

"ခမ်းဝါ ... ကိုယ်ကို မမှတ်မိတော့ဘူးလား။ ကိုယ်ကတော့ ဒီနေ့ ဒီအချိန်၊ ဒီနေရာကို ခမ်းဝါရောက်မယ်မှန်းသိလို့ လာခဲ့ရတာ"

ဟု ပအို့ဝ်သံဝဲဝဲလေးနဲ့ ပြောတယ်။ ပြီးတော့ စကားတွေ အများကြီးနဲ့ ရှင်းပြချင်တဲ့ပုံပေါ်နေတာကြောင့် ဘာမှမငြင်းဆိုတော့ပါ။ ငြင်းနေမည့်အစား သူ့စကားကို နားထောင်လိုက်တာမှ တစ်ခုခုသိရမည်ဟု ထင်မိ၏။

နောက် ကျွန်မမှာ အကျင့်တစ်ခုရှိတယ်။ အရေးကြီးတဲ့ကိစ္စရပ်တွေ၊ အရေးပေါ် ဆုံးဖြတ်ရတာမျိုးတွေ ကြုံရင် ခေတ္တခဏ အာရုံပြုပြီး ဆုံးဖြတ်လေ့ရှိတယ်။ ခဏတာ အာရုံစိုက်လိုက်တဲ့အချိန်မှာ အမှား၊ အမှန်က အာရုံထဲမှာ ပေါ်လာတတ်တယ်။ အာရုံထဲမှာ ပေါ်လာတဲ့အတိုင်း ဆုံးဖြတ်တာဟာ





နောင်တကင်းတဲ့ ဆုံးဖြတ်ချက်မျိုးလည်း အမြဲဖြစ်တယ်။ အဲဒါကတော့ ကျွန်မရဲ့ ထူးခြားတဲ့ ပါရမီဓာတ်ခံလို့ပဲ ခေါ်ရလေမလား။

ဒီထက် အခက်အခဲတွေ့ရင်တော့ ဘုရားကို အာရုံစူးစိုက်ရှိခိုးလိုက်တယ်။ အဲဒီအခါမျိုးမှာလည်း အရေးပေါ်အခက်အခဲတွေ သူ့အလိုအလျောက် ပျောက်သွားတတ်တယ်။

အခုတွေ့နေရတဲ့ ရှမ်းအမျိုးသားနဲ့ပတ်သက်လို့ အာရုံစူးစိုက်ကြည့်လိုက်တဲ့အခါမှာတော့ ဒီလူဟာ ရန်သူမဟုတ်၊ မိတ်ဆွေသာ ဖြစ်ရမယ်လို့ ထင်မြင်လာတယ်။ ဒါကြောင့် သူပြောသမျှကို နားထောင်ရင်း အကြောင်းရင်းကို စူးစမ်းတော့မယ်လို့ သဘောထားလိုက်တယ်။ ပြီးတော့ အသံသဲ့သဲ့ကြားရာ ကျွန်မအဖွဲ့တွေဆီကို မှန်းဆလျှောက်လှမ်းရင်း ..

"ကဲ ... ဒါဆို ပြောပါဦး"

ဟု ကျွန်မကပြောတော့ သူက သူ့ရဲ့ပြုံးနေကျ အပြုံးအတိုင်းပြုံးရင်း ...

"ခမ်းဝါ ... ဟိုနေရာကို ကြည့်ပါဦး"

... တဲ့။

သူညွှန်ပြရာကို ကျွန်မကြည့်လိုက်တယ်၊ ဂူပေါက်ကြီးတစ်ခုထင်ရဲ့၊ ကြည့်ရင်း ကျွန်မအာရုံတွေ နောက်ကျိုကျိုဖြစ်လာတယ်။ မူးချာလည်နေသလိုပဲ။ ပြီးတော့ ကျွန်မမျက်လုံးတွေ ပြာလာတယ်။ ဘာမှမမြင်ရတော့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၅ |

ကျွန်မ သတိရလာတဲ့အချိန်မှာတော့ ကျွန်မရဲ့ဘဝအမှန်ကို ကျွန်မ သတိရလာပြီး ပျော်သလိုလို ဖြစ်လာတယ်။ ကျွန်မအနားက ပဒိုင်ဝတ်စုံနဲ့ ခွန်သာချိုကလည်း ကြည်နူးခြင်းတွေ ခြုံလွှမ်းထားသောမျက်နှာနှင့် …

"တော်ပါသေးရဲ့ … ခမ်းဝါရယ် …. သတိရလာလို့"

"တော်ပါ … ခွန်သာချိုရယ်၊ ခမ်းဝါမရှိတဲ့အချိန်မှာ ဘယ်ကျွန်းသူနဲ့ ပျော်နေသလဲဖြင့်မသိဘဲ"

ဟု ကျွန်မကပြောတော့ သူက တည်ငြိမ်သောမျက်လုံးအစုံနဲ့ …

"ခမ်းဝါကလည်းကွယ်၊ ခမ်းဝါလည်း ရှမ်းအမျိုးသမီးစစ်စစ်ပဲဥစ္စာ။ ရှမ်းလူမျိုးတွေရဲ့ ကတိသစ္စာကို ခမ်းဝါအသိဆုံး။ ခမ်းဝါ အမြတ်နိုးဆုံးပဲ မဟုတ်လား"

"တော်ပါ … လူလည်ရယ်၊ သူ့အချစ်ကိုများ လူမျိုးနဲ့ချိပြီးတောင် ပြောရသေးတယ်"

"ပြောရတယ် … ခမ်းဝါ၊ ကိုယ်က ရှမ်းလူမျိုးဖြစ်ရတာ သဘောကျတယ်၊ ဂုဏ်ယူတယ်၊ ရှမ်းပြည်ကို ချစ်တယ်"





"ဒါဆို ခမ်းဝါက ရှမ်းအမျိုးသမီး မဟုတ်တော့ဘူးဆိုရင်ကော"

"ခမ်းဝါက ကိုယ့်ချစ်သူ၊ ဘယ်ဘဝရောက်ရောက် ရှမ်းတောင်တန်းကြီးတွေကို မမေ့ဘူး၊ ရှမ်းအမျိုးကို ချစ်နေမယ့် ခမ်းဝါဆိုတာ ကိုယ် ယုံပြီးသား"

ဟု သူက ကျွန်မလက်ကလေးကို တယုတယ ကိုင်ဆုပ်ရင်းပြောတော့ ကျွန်မရင်တွေ တလှပ်လှပ် ခုန်နေမိတယ်။

သို့သော် ကျွန်မ၏ စိတ်အာရုံတို့သည် တစ်ခါတစ်ရံ ကြည်ကြည်သင်လင် ပြတ်ပြတ်သားသား မရှိလှ။ မှုံဝေဝေ နောက်ကျိကျိဖြစ်နေတယ်။ စိတ်လှုပ်ရှားလွန်း၍ ထင်တယ်။ အဲဒါကို ခွန်သာချိုက သဘောပေါက်ပုံရတယ်"

"ခမ်းဝါ … ကိုယ် ဆေးမြစ်သွားရှာလိုက်ဦးမယ်။ ခဏလေးနော်"

"ဟာ … ခွန် … ခွန်သာချို … ဒီဂူကြီးထဲမှာ ခမ်းဝါတစ်ယောက်တည်းရယ်"

"ဟော … ခမ်းဝါ … အရင်ကခမ်းဝါလို နေမှပေါ့"

"ဘာ … ဘာကိုလဲ"

"ဟိုးအရင်က ခမ်းဝါက ရန်သူတစ်သိန်းအားကိုတောင် တစ်ယောက်တည်း တိုက်ဖောက်ချင်တဲ့ ခမ်းဝါလေ"

ဟု သူက ပြန်ပြောတယ်။ သူရဲ့မျက်နှာပေါ်က မျက်ဝန်းအစုံကတော့ တည်ကြည်တဲ့မျက်ဝန်းတွေ၊ ကြင်နာတဲ့မျက်ဝန်းတွေနဲ့ ကျွန်မကတော့ သူ့အမူအရာ၊ သူ့အပြော၊ သူ့အကြည့်တွေအောက်မှာ ရင်တွေ တလှပ်လှပ် ခုန်နေမိတယ်။ သူကဆက်ပြီး …

"ခမ်းဝါ … ဟော … ဟိုမှာ … ကိုယ့်တပည့်နှစ်ယောက်။ ခမ်းဝါကိုစောင့်ရင်း ကျန်ခဲ့မှာ။ ကိုယ့်တပည့်တွေက ကိုယ်တို့အပေါ် သစ္စာရှိတဲ့ တပည့်တွေလေ။ ခမ်းဝါ အသိသားနဲ့"

ဟုပြောသဖြင့် သူညွှန်ပြရာကို ကျွန်မ လှမ်းကြည့်မိတယ်။ သူတို့နှစ်ယောက်ကို ကျွန်မသိသလိုလိုတော့ အရှိသားဟု တွေးမိစဉ်တွင် ခွန်သာချိုနဲ့ စောစောက ချစ်စကားများပြောမိသည်ကိုပင် ကျွန်မ မရှင်းလဲဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သွားမိသည်။ ကျွန်မအဖြစ်ကိုရိပ်မိသော ခွန်သာချိုက ခုတော့ ပြုံးစိစိနဲ့ ရှ
အပြင်ကို ထွက်သွားလေရဲ့။

ခွန်သာချိုထွက်သွားတော့ ကျွန်မ ဂူကြီးထဲက အိပ်ရာပေါ်မှာ တစ်
စောင်းလေးလှဲအိပ်ရင်း ဂူနံရံကြီးကို ကြည့်နေမိတယ်။ ပြီးတော့ ခွန်သာချိုရဲ့
စကားတွေကို ကျွန်မတွေးကြည့်တယ်။ ဘာတဲ့ . . .

"ဟောဒီကိုယ်ချစ်သူ ခမ်းဝါက ဘယ်ဘဝရောက်ရောက် ရှမ်း
တောင်တန်းကြီးတွေကို မေ့မှာမဟုတ်ဘူး။ ရှမ်းအမျိုးကို ချစ်နေမယ့် ခမ်းဝ
ဆိုတာ ကိုယ်ယုံပြီးသား၊ အရင်က ခမ်းဝါက ရန်သူတစ်သိန်းအားကိုတောင်
တစ်ယောက်တည်း တိုက်ဖောက်ချင်တဲ့ ခမ်းဝါလေ" တဲ့။

သူပြောတာ ဟုတ်သလိုလိုတော့ ရှိသား။ ခုချိန်မှာ ကျွန်မနှလုံး
သားထဲမှာ ခွန်သာချိုရှိသလို ရှမ်းတောင်တန်းကြီးတွေလည်း ရှိနေတယ်
ထင်းရှူးပင်တွေလည်း ရှိနေတယ်။ အို . . . မြူနှင်းတွေရော၊ ချယ်ရီတွေရော
ပေါ့။ ပြီးတော့ ကျွန်မနှလုံးသားထဲမှာ ရှိနေတဲ့ ဒီတော၊ ဒီတောင်၊ ဒီရေ
ဒီမြေတွေကို ထိန်းသိမ်းကာကွယ်ဖို့ ကျွန်မမှာ အင်အားတွေရှိနေတယ်
ဟုတ်တယ်။ ခွန်သာချိုပြောသလို ရန်သူတစ်သိန်းအားလာရင်တောင် ကျွန်မ
တစ်ယောက်တည်း ကာကွယ်လိုက်ချင်ရဲ့"

ကျွန်မတွေးရင်း အားတွေတက်လာတယ်။ သို့သော် ကြာကြာမ
လိုက်ပါ။ ကျွန်မ မူးဝေလို့လာတယ်။ ပြီးတော့ ကျွန်မအာရုံထဲမှာ ကျွန်မရဲ့
အဘိုးအဘွားတွေလို့သိနေတဲ့ ရှမ်းအဘိုးအို၊ အဘွားအိုများကို တွေ့ရတယ်
သူတို့က ရှမ်းစော်ဘွားကြီးတွေလို ခန့်ခန့်ထည်ထည် ဝတ်စားထားတယ်
ဟုတ်တယ်။ သူတို့က ကျွန်မရဲ့ အဘိုး၊ အဘွားတွေပဲ . . . အို . . . သတိ
လာပြီ။ အဘိုး၊ အဘွားတွေနဲ့ ကျွန်မတို့နေခဲ့တဲ့ ဟော်နန်းကြီးက တခမ်း
တနား။

အတိတ်သည် တစ်ခါတစ်ရံ ဝေဝါးရာမှ သဲကွဲလာလေပြီ။

တစ်နေ့ . . .

ကျွန်မတို့နေထိုင်ရာ မြို့တော်ကြီးကို ရန်သူတွေ ဝိုင်းလာတယ်
တိုက်ပွဲတွေဖြစ်တော့ အဘိုးက ဒဏ်ရာအပြင်းအထန်ရတယ်။ သတင်း





လျှင်မြန်စွာ ကျွန်မဖေဖေနဲ့ ဘိုးဘိုးရှိရာကို လိုက်သွားတယ်။ ဒဏ်ရာပြင်းထန်
နေတဲ့ အဘိုးကို ကျွန်မပြန်ခေါ်လာပြီး လမ်းခရီးက ဂူကြီးထဲမှာ ဆေးကုပေး
ခဲ့တယ်။ ရှမ်းဆရာကြီးတစ်ဦးနဲ့ပေါ့။ အတော်အသင့် သက်သာတော့ အဘိုး
ကို ဟော်နန်းသို့ ပြန်လည်ပို့ဆောင်ပေးခဲ့တယ်။

ပြီးတော့ . . . ပြီးတော့ . . . ကျွန်မမြင်းကို ဒုန်းစိုင်းပြီး ဖေဖေတို့
ရှိရာ လိုက်သွားခဲ့တယ်။ ဟုတ်တယ် . . .။ လမ်းခရီးမှာ ရန်သူတွေနဲ့ တွေ့
တယ်။ ကျွန်မ ကွေ့ပတ်ရှောင်ခဲ့ရတယ်။ ထမင်း နှစ်ရက်မစားခဲ့ရဘူး။
လမ်းမှာရှိတဲ့ အသီးတွေနဲ့ ဆေးပင်တွေကို ခူးစားလိုက်တော့မှ အားတွေ
ပြည့်လာတယ်။ ဖေဖေနဲ့ ခွန်သာချိုတို့ဦးစီးတဲ့ တပ်ဖွဲ့တွေကို တိုက်မဲ့ရန်သူ
တပ်တွေနဲ့ ကျွန်မ ပက်ပင်းတိုးပြန်တယ်။ ကျွန်မပရိယာယ်ကောင်းလို့ ရန်သူ
တပ်တွေ ပြိုကွဲကုန်တယ်။ ဒါပေမဲ့ ကျွန်မ ဒဏ်ရာအပြင်းအထန်ရခဲ့တယ်။

ရန်သူတပ်တွေ ပြိုကွဲသည်ဟုဆိုသော်လည်း တိုက်ပွဲများကား ပြီး
ဆုံးသည်မဟုတ်သေးပါ။ ဖေဖေဦးစီးသောတပ်များက ဆက်လက်တိုက်ပွဲဝင်
နေရသော်လည်း ခွန်သာချိုဦးစီးသောတပ်များက ခေတ္တ သတင်းစောင့်ဆိုင်း
နေရ၏။ ထိုစဉ်တွင်ပင် ခွန်သာချိုက ကျွန်မ၏ဒဏ်ရာများကို ဆေးကု
ပေးနေ၏။ နေရာမှာ ကျွန်မအဘိုးကို ဆေးကုပေးခဲ့သော ဂူကြီးအတွင်း၌ပင်
ဖြစ်လေသည်။

ကျွန်မသည် အတိတ်၏အရိပ်တွေကို စဉ်းစားနေသည်ဟု ဆိုသော်
လည်း ကျွန်မ၏စိတ်ထဲတွင် အတိတ်ကဖြစ်ရပ်များဟု မထင်မိ။ ယခုလော
လောလတ်လတ် အဖြစ်အပျက်များဟု ထင်နေမိ၏။ ပြီးတော့ အတိတ်က
ကျွန်မတို့ ဆေးကုသခဲ့ကြသော ဂူကြီးသည်ပင် ကျွန်မ ယခုရောက်ရှိနေသော
ဂူကြီးဟု ထင်နေမိ၏။

ဒါတင် ဘယ်ကပ့်မလဲ . . .။

ဟိုး . . . အတိတ်မှာတုန်းကလည်း ကျွန်မပြားဒဏ်ရာနဲ့ သုံးရက်
တိုင်တိုင် မေ့မြောနေခဲ့တာ။ သတိရတော့ ခွန်သာချိုက ခုပုံစံအတိုင်း ကျွန်မ
ကို စိုးရိမ်တကြီးနဲ့ စောင့်ကြည့်နေတာ တွေ့ရတယ်။ ပြီးတော့ အကြင်နာ
မျက်ဝန်းအစုံနဲ့ ကြည့်ရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



"စဝ်ခမ်းဝါ ..."

လို့ ပအိုဝ်သံဝဲဝဲလေးနဲ့ တိုးတိုးညင်းညင်းခေါ်သံကို ကျွန်မ ကြားရတယ်။ အဲဒီတုန်းက ကျွန်မကလည်း ခွန်သာချိုကို စကားတွေပြန်ပြောနိုင်ဖို့ အားတွေယူခဲ့တယ်။ သို့သော် ကျွန်မ၏ အင်အားတွေသည် အဘယ်သို့ပျောက်ကွယ်သွားသည်ကို ကျွန်မ မပြောတတ်။ မောပန်းပြီး ရင်တွေပူလာတာကြောင့် ပအိုဝ်စကားနဲ့ ...

"ရေ ..."

လို့တောင်းလိုက်တယ်။ ဒီတော့ ခွန်သာချိုက တယုတယနဲ့ ကျွန်မပါးစပ်ထဲကို ရေတစ်စက်ချင်း ချပေးတယ်။ ပူလောင်နေတဲ့ ကျွန်မရင်တွေ ဘယ်လိုအေးမြသွားမှန်းကို မသိဘူး။ အားတွေ ပြန်ပြည့်လာခဲ့တယ်။ ပြီးတော့ ကျွန်မပါးစပ်ထဲကို ရေတစ်စက်ချင်းချပေးနေတဲ့ ခွန်သာချိုရဲ့လက်ကို ကျွန်မ ဆုပ်ကိုင်လိုက်တယ်။ ပြီးတော့ ခွက်ထဲကရေတွေကို ကျွန်မပါးစပ်ထဲသို့ အားပါတရမော့ချပြီး သောက်လိုက်တယ်။ ဒီတော့ ခွန်သာချိုရဲ့ မျက်နှာက ပြုံးယောင်သန်းလာတယ်။ နောက် ...

"ဘယ်လိုနေသေးလဲ ... စဝ်ခမ်းဝါ"

လို့ ပအိုဝ်စကားနဲ့ မေးတယ်။ သူ့အသံက တိုးညင်းပြီး စိုးရိမ်မှုတွေ ရှိနေသေးတယ်။ ကျွန်မကတော့ ကျွန်မလက်ဖဝါးပြင်ကို ကျွန်မငေးကြည့်နေမိတယ်။ ဘာမှုပြန်မဖြေဖြစ်ပါ။ အားနည်းနေသေး၍လားတော့ မသိပါ။ ကျွန်မရဲ့ လက်ဖဝါးပြင်သည် ကြည့်နေရင်း တဆတ်ဆတ်တုန်နေ၏။ ကျွန်မ စိတ်မကောင်းစွာ ကြည့်နေစဉ်မှာပင် ခွန်သာချိုက ကျွန်မရဲ့လက်ဖဝါးလေးကို တယုတယကိုင်ဆုပ်ရင်း ...

"မကြာခင် ကောင်းလာမှာပါ ... စဝ်ခမ်းဝါ"

လို့ အားပေးစကားတွေ ပြောနေတယ်။ ကျွန်မကတော့ ရောဂါဒဏ်ကို ခံစားရင်း အားနွဲ့ပျော့ပျောင်းစွာနဲ့ ဂူနံရံကြီးကို ငေးနေသလို သူကလည်း ကရုဏာမျက်ဝန်းအစုံနဲ့။ သို့သော် ကျွန်မတို့နှစ်ယောက် အကြာကြီး စကားမပြောဘဲ ငေးငိုင်နေမိကြတယ်။





တကယ်တော့ တိတ်ဆိတ်ခြင်း၏နောက်ကွယ်တွင် ပြောစရာစကားများသည် အစီအရီ ရှိနေကြပါ၏။ အဘိုး၏ ပော်နန်းမှာကတည်းက ခွန်သာချိုနှင့် ကျွန်မသည် မြင်တွေ့သံယောဇဉ်တွယ်ခဲ့မိသော်လည်း မဖွင့်ဟခဲ့ကြ။ ခုလို အရေးပေါ် အခြေအနေမျိုးတွင်မှာရော မဖွင့်ဟသာခဲ့သည်က အမှန်ပင်။ သို့သော် တစ်ဦး၏စိတ်ထဲတွင် ဘာရှိနေမည်ကို တစ်ဦးက သိပြီးသား။ ဖတ်ဖူးခဲ့သည့် စာသားလေးလိုပဲ။

"ကြားရတဲ့ ဂီတသံက ချိုပါ၏"

"မကြားရတဲ့ ဂီတသံက ပိုပြီးချိုပါ၏"

တဲ့။ ဟုတ်တယ်။ ခွန်သာချိုရဲ့နှုတ်ဖျားက ထွက်လာတဲ့ စကားသံတွေက ကျွန်မနားဝမှာ ချိုသာညင်းပျောင်းနေသလို၊ ခွန်သာချိုရဲ့ နှုတ်ဖျားက ထွက်မလာတဲ့ စကားသံတွေက ပိုပြီးချိုသာညင်းပျောင်းတယ်လို့ ကျွန်မ ခံစားနေရတယ်။

ကျွန်မ တွေးနေစဉ်မှာပဲ ကျောကို ရုတ်တရက် တစ်ခုခုနဲ့ထိုးသလို ခံစားလိုက်ရလို့ ...

"အား ... အား ..."

ဟု အော်လိုက်မိတော့ ...

"နန်းခမ်းဝါ ... အို ... မဟုတ်ပါဘူး ... ခမ်းမွန် ... ထတော့လေ ... ဘယ်အချိန်ရှိပြီလဲ။ ငါးနာရီကားပေါ် အရောက်နော်"

ဟု သူငယ်ချင်းမိခိုင်က သူ့မျက်နှာသစ် Cream ဘူးနဲ့ ကျွန်မကျောကို ထိုးပြီးနှိုးမှ ကျွန်မ အိပ်မက်မက်မှန်း သိလိုက်ရ၏။ ဟုတ်တယ် ကျွန်မ တောင်ကြီးမြို့က Sweet Dream Hotel မှာ အိပ်ရင်း အိပ်မက်မက်နေတာ။

ကျွန်မ အိပ်မက်အကြာကြီး မက်နေလို့လားမသိ။ အိပ်ရေးက မဝသေး။ မူးဝေဝေနဲ့မို့ စောင်ကိုပြန်ခြုံရင်း အိပ်မက်ကို ပြန်စဉ်းစားမိ၏ အိပ်မက်သည်ပင် အပိုင်းနှစ်ပိုင်းနှင့်။ ပထမ ခွန်သာချိုနှင့် နှင်းမှုန်တွင် စတွေ့၏။ နောက် ဂူကြီးထဲရောက်သွား၏။ ဒုတိယ .. အတိတ်တွင် ဘိုးဘိုး

www.burmeseclassic.com

www.burmeseclassic.com



ဘွားဘွား ... ဖေဖေ၊ ခွန်သာချိုတို့နှင့်အတူ ရန်သူများနှင့် စစ်တိုက်ရသည်များလည်း ပါ၏။ အိပ်မက်သည်ပင် အပိုင်းနှစ်ပိုင်းနှင့် မဟုတ်ပါလား။ ကျွန်မ စဉ်စားနေစဉ်မှာပင် ...

"ဟိတ် ... ခမ်းမွန် ... ထတော့ အို ... ထ ... နော်"

ဟု ပြောပြောဆိုဆိုနှင့် သူငယ်ချင်းများက စောင်ကိုဆွဲခွာကြ၏။ ကျွန်မကတော့ အိပ်ရာထဲမှာပင် ခွေခွေကလေး လုပ်ရင်း ...

"မိခိုင် ... မင်း ... ငါ့ကို စောစောက ဘာဖြစ်လို့ ခမ်းဂါလို့ ခေါ်လိုက်တာလဲ"

ဟု မေးမိ၏။ သူက ...

"မင်းက ဘာအရေးကြီးတာမို့ မေးနေရတာလဲ ... ခမ်းမွန်။ မင်းကိုနှိုးပြီးရင် ရွှေဂါကို ဆက်နှိုးမလို့ လောကြီးပြီး နာမည်နှစ်ခုပေါင်းသွားတော့ ခမ်းဂါဖြစ်သွားတာဟဲ့ ... သိပြီလား ... သိပြီလား"

ဟု ကျွန်မကိုယ်လုံးကို ကိုင်လှုပ်ရင်း ဒေါနှင့်မောနှင့် ကြည်စယ်သမှုနှင့် ဖြေကြ၏။

ကျွန်မ ဘာမှပြန်မပြောမိသော်လည်း သူများခေါ်သောနာမည်သည် အိပ်မက်ထဲက ခွန်သာချိုခေါ်သောနာမည်နှင့် တူနေပုံကတော့ဖြင့် ...

✿ ✿ ✿

[ ၆ ]

❑

ဒီကနေ တစ်နေ့တာခရီးအတွက် အားလုံး အဆင်သင့်ဖြစ်တော့ ငှားလာသောကားကြီးပေါ် နှစ်ယောက်တစ်တွဲ သုံးယောက်တစ်တွဲ တွဲပြီး တက်ကြပြန်၏။ လူစုံသောအခါ တောင်ကြီးမြို့က တော်ဝင်ပုလဲ စားသောက်ဆိုင်မှာ နံနက်စာအဖြစ် ရှမ်းစာများကိုပင် အားရပါးရ စားသောက်ကြပါတယ်။

အားလုံးစားသောက်လို့ ပြီးစီးတဲ့အခါမှာတော့ တော်ဝင်ပုလဲကနေ ထွက်ခွာခဲ့ကြပြီး ရွှေဘုန်းပွင့်တောင်ပေါ်ကို ဘုရားတက်ဖူးကြတယ်။ တောင်ကြီးမြို့ရဲ့ညအလှ မြင်ကွင်းတွင် ရွှေဘုန်းပွင့်တောင်သည် ဟိုးအပေါ်မှာ မီးရောင်စုံတို့ဖြင့် တလဲ့လဲ့ထွန်းလင်း တောက်ပနေသောတောင်ဖြစ်သည်။

အောက်ဘက် မြေပြင်ကနေကြည့်လျှင် အထက်ကောင်းကင်စပ်၌ မီးရောင်စုံတို့ဖြင့် လှပနေသည်။ ဤတောင်ထွတ်သို့ နံနက်စောစော တက်ကြရသောအခါတွင် တောင်ပေါ်မှာ မြူနှင်းတို့ဖြင့် မှိုင်းမှုံလျက် အေးစိမ့်နေပေသည်။ အပေါ်ကနေ အောက်တစ်ခွင်တစ်ပြင်သို့ ငေးကြည့်ပြန်လျှင်လည်း တိုက်တာအဆောက်အဦ၊ သစ်ပင်ပန်းပင်တို့ဖြင့် နေသားတကျရှိနေသော တောင်ကြီးမြို့ကြီးသည် မြင်ကွင်းတစ်မျိုးဖြင့် လှပနေပြန်ပါသည်။ ထို့ကြောင့် ကျွန်မနှုတ်ဖျားက ...

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"တကယ်လှတဲ့ တောင်ကြီးမြို့ပဲကွာ"

ဟု တစ်ယောက်တည်း ရေရွတ်နေမိတယ်။ ကျွန်မအနားက ကြားလိုက်သော သူငယ်ချင်းတွေက ကျွန်မစကားကို နှုတ်ဖျားနဲ့ မထောက်ခံကြသော်လည်း ကင်မရာများဖြင့် တဖျတ်ဖျတ်ရိုက်ရင်း ထောက်ခံနေကြသည်ကိုတော့ ကျွန်မ သတိထားလိုက်မိ၏။

ခဏကြာတော့ အေးစိမ့်လှသော ရွှေဘုန်းပွင့်စေတီရှိရာ တောင်ပေါ်မှ ဆင်းခဲ့ကြပြီး အရှေ့မြို့ပတ်လမ်းမှ တောင်ချွန်းစေတီသို့ သွားရောက်ဖူးမြော်ခဲ့ကြတယ်။ တောင်ချွန်းစေတီတွင်လည်း တောင်တန်းကြီးကို အနီးကပ်နောက်ခံပြုပြီး မိုးကောင်းကင်ကြီး၏အလှနှင့် ပေါင်းစပ်ကာ ဓာတ်ပုံရိုက်ကြရသည်ကိုပင် အားမရနိုင်ကြပေ။ ဘုရားဖူးကြရသည်မှာလည်း ကြည်နူးဖွယ် အတိပင်။

ဤသို့ဖြင့် တောင်ချွန်းစေတီတွင် ဘုရားဖူးသူဖူး၊ ဓာတ်ပုံရိုက်သူ ရိုက်နှင့် ဟိုတစ်စုဒီတစ်စု ရှိနေကြပြီး ကျွန်မတို့အုပ်စု အယောက်(၄၀)ကျော် လူစုံသလောက်တွင် ဦးဆောင်လာသော ဆရာကြီးဒေါက်တာအောင်မြင့်ဦးက ...

"လာကြ ... လာကြ ... တို့အမျိုးသားတွေချည်း ဓာတ်ပုံတစ်ပုံ ရိုက်မယ်"

ဟု အော်လိုက်သောအခါတွင် ဒေါက်တာမာလာဦးရဲ့သား (၇)နှစ်အရွယ်သားကလေးက သူမပါမည်စိုးသဖြင့် ရှေ့ဆုံးက ပြေးသောအခါ အမေဖြစ်သူက ...

"ဟေ့ ... သားလေး ... သားလေး ... သားလေးက ကလေးလေ ... ဒီကိုလာ"

ဟု ပြန်ခေါ်၏။ သို့သော် သူ့ထက်သွက်သော သူ့သားက ...

"သား ... သားလည်း အမျိုးသားပဲလေ"

ဟု အသံကလေး တစာစာဖြင့် အော်ရင်းပြောရင်း ကင်မရာရှေ့တွင် ဝင်ရပ်သောကြောင့် အားလုံးက သဘောကျစွာ ရိုက်ပေးကြ၏။





ဤသို့ဖြင့် ကျွန်မတို့အဖွဲ့အကြီးဆုံးမှ အငယ်ဆုံးတိုင်အောင် ကျားမမရွေး အားရပါးရ ဓာတ်ပုံရိုက်ကြ၏။

ဤသို့ တောင်ကြီးမြို့ပေါ်ရှိ တောင်ချွန်းစေတီတော်တွင် ဘုရားဖူး ဓာတ်ပုံရိုက်ပြီးသောအခါ တောင်ကြီးမြို့နှင့် (၂၆) မိုင်ဝေးကွာလှသော မွေဆော် ကက္ကူဘုရားသို့ သွားရန်တောင်ကြီးမြို့မှ စတင်ထွက်ခွာလာခဲ့ကြပါတယ်။

ထိုခရီးတွင်လည်း ဒေါက်တာစိုင်းကျော်ထွန်းမှ လမ်းတစ်လျှောက်ရှိ လေ့လာစရာများကို ရှင်းလင်းပြောကြားလာတဲ့အတွက် အပျင်းလည်းပြေ၊ ဗဟုသုတလည်း ရခဲ့ရပါတယ်။ တောင်ကြီးမြို့မှ စတင်ထွက်ခွာလာစဉ်က တောင်ကြီးမြို့အနောက် မြို့ပတ်လမ်းပေါ်ရှိ ပအိုဝ်းတိုင်းရင်းသားဌာနချုပ်နှင့် ပအိုဝ်းတိုင်းရင်းသားတို့၏ အဓိကရကျောင်းကြီးဖြစ်သော တောင်ကျောင်းကြီးတို့ကိုလည်း ညွှန်ပြပြီး၊ ထိုနေရာတို့၏ ထူးခြားသော ဝိသေသများကိုလည်း စိတ်ဝင်စားဖွယ် ရှင်းပြခဲ့ပါတယ်။

ထို့နောက် ရဲဘော်ဈေးခေါ် (၂၁၂)ဈေး၊ တောင်ကြီးတက္ကသိုလ်၊ ဆာစီရွာ၊ မီးပုံးပျံကွင်း တောင်ကြီးဘူတာတို့ကို ဖြတ်ကျော်ခဲ့ကြပါတယ်။

ထို့နောက် လမ်းတစ်လျှောက်တွင် စိုက်ပျိုးထားသော လက်ဖက်၊ ကြက်သွန်ဖြူ၊ ဂျုံပင် စသော စိုက်ခင်းများကိုလည်း တွေ့ရပါတယ်။ လမ်းနံဘေးရှိ စိုက်ခင်းများကို ငေးနေစဉ်ပင် ဒေါက်တာစိုင်းကျော်ထွန်းမှ ...

"ပအိုဝ်းတိုင်းရင်းသားတွေဟာ ဗုဒ္ဓဘာသာ ကိုးကွယ်သူများရှိသလို ခရစ်ယာန်ဘာသာဝင်တွေလည်း ရှိပါတယ်"

လို့ ရှင်းလင်းပြောဆိုသံကို ကြားရပါတယ်။ ဒီအခါမှာတော့ ကျွန်မရဲ့ စိတ်အစဉ်တို့သည် လက်ဖက်ပင်၊ ကြက်သွန်ဖြူပင်များပေါ်တွင် အာရုံမဝင်တော့ပါ။ ရိုးသားလှတဲ့ ပအိုဝ်းတိုင်းရင်းသားများဆီသို့ ရောက်သွားပါတယ်။ ပြီးတော့ မြန်မာနိုင်ငံတော်တွင်းသို့ ဗုဒ္ဓသာသနာ ရောက်ရှိလာပုံနှင့် ခရစ်ယာန်သာသနာ ရောက်ရှိလာပုံ။

မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာရောက်ရှိလာပုံကား ...



www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရား ပွင့်တော်မူပြီး သက်တော်ထင်ရှား ရှိစဉ်ကပင် တဖုဿ၊ ဘလိက လှည်းကုန်သည်ညီနောင်တို့အား မြတ်စွာဘုရားကိုယ်တော်တိုင်က ဆံတော်ရှစ်ဆူ မြှင့်လိုက်သည့်အတွက် ထိုညီနောင်တို့ဟာ ဆံတော်များကို ပူဇော်ခွင့်ရခဲ့ကြသည်။ ဒါတင်မကသေး ရှေးဘဝက အကြောင်းရေစက် ရှိခဲ့တာကြောင့် မြတ်စွာဘုရားရှိရာကို ရှက္ခစိုးကြီးက ကူညီညွှန်ပြပေးခဲ့တာတဲ့။ ဒါဟာလည်း ရေစက်ပေပဲ။ ဆံတော်ကိုရလာတော့ ဌာပနာဖို့နေရာရှာပြန်တော့လည်း ရှေးဘုရားတို့ရဲ့ ဓာတ်တော်မွေတော်များရှိရာ သိင်္ဂုတ္တရကုန်းတော်ကို တွေ့ခဲ့တယ်။ အဲဒီအချိန်ကစပြီး မြန်မာနိုင်ငံကို ဗုဒ္ဓသာသနာ ရောက်လာတယ်။

ရခိုင်မှာတော့ စန္ဒာသူရိယမင်းလက်ထက်ကတည်းက ဗုဒ္ဓသာသနာ ထွန်းကားလာတာ ... အင်း ...

နောက် ...

နောက်တော့ ...

ဗုဒ္ဓသာသနာထွန်းကားလာတာ ...။

မြတ်စွာဘုရားပရိနိဗ္ဗာန်စံပြီး နှစ်ပေါင်း နှစ်ရာကျော်အကြာ (Bc. ၃ ရာစု) မှာ တတိယ သင်္ဂါယနာတင်တယ်။ နေရာက ပါဋလိပုတ်ပြည် အသောကာရာမကျောင်းတော်မှာ အရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်က သံဃာ့နာယကအဖြစ် ဆောင်ရွက်ပြီး ရဟန္တာတစ်ထောင်နဲ့တကွ သင်္ဂါယနာ တင်ခဲ့ကြတာ။

သင်္ဂါယနာတင်ပြီး ကိုးတိုင်းကိုးဌာနကို သာသနာပြုစေလွှတ်သည်။ သုဝဏ္ဏဘူမိ (သထုံ) ပြည်ကိုလည်း စေလွှတ်တယ်။ ဒီတော့ မွန်တို့ဌာနီ သထုံမြေမှာ ဗုဒ္ဓသာသနာ ထွန်းကားလာတယ်။

အဲ ... အဲ ... ဒီနောက် ပုဂံမှာရှိတဲ့ အနော်ရထာမင်းဟာလည်း ဗုဒ္ဓသာသနာကို သက်ဝင်ယုံကြည်တယ်။ အရည်းကြီးတို့ရဲ့ အယူဝါဒကို မနှစ်သက်ဘူး။ ဒါကြောင့် မွန်တို့ဌာနီ သုဝဏ္ဏဘူမိ (သထုံ) ပြည်ကိုသွားပြီး ပိဋကတ်သုံးပုံကို တောင်းစေတယ်။ အလွယ်တကူ မရခဲ့တဲ့အတွက် သထုံ





ပြည်ကို စစ်ဆင်ပြီး ရှင်အရဟံကို ပင့်ဆောင်ခဲ့တယ်။ ပိဋကတ်သုံးပုံကိုလည်း ပင့်ဆောင်ခဲ့တယ်။ သထုံမင်းမနူဟာကိုလည်း ပုဂံသို့ခေါ်ပြီး အသာတကြည် ထားခဲ့တယ်။ အရည်းကြီးဝါဒကို ပယ်ရှားခဲ့တယ်။ ဒီတော့ ဗုဒ္ဓသာသနာ ပုဂံထွန်းကားခဲ့တယ်။

အနော်ရထာမင်းရဲ့ကျေးဇူး ...

ကြီးမားပေစွ ...။

ခရစ်ယာန်သာသနာ ရောက်ရှိလာပုံကိုတော့ဖြင့် အတိအကျမပြောတတ်။ မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ ကျွန်ပြုအုပ်ချုပ်စဉ်က အင်္ဂလိပ်တို့၏ ယဉ်ကျေးမှုနှင့်အတူ ပါလာသော ကိုးကွယ်မှုတစ်ရပ်။

ပဒ္မိဝိတိုင်းရင်းသားများဆီကိုရော ...

ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာ ...

ဘယ်သို့ ... ဘယ်ပုံ ...

ကျွန်မ ခြေခြေမြစ်မြစ် မသိသော်လည်း ....

တွေးကြည့်မိတာကတော့ဖြင့် ...

.........................

.........................

.........................။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

ကျွန်မ ခရစ်ယာန်ဘာသာကို ခြေခြေမြစ်မြစ် မသိပါ။

သို့သော် မေတ္တာတရားကို အခြေပြုသော ဘာသာတရားပေပဲ။ ကြည်ညိုလိုက်ပါ၏။

ကျွန်မတို့ ကိုးကွယ်ယုံကြည်သော ဗုဒ္ဓဘာသာ။

ဗုဒ္ဓဘာသာသည်ကား ..........။

ဗုဒ္ဓတရားတော်တို့သည်ကား ... လက်တွေ့ကျ၏။ ယခုခေတ် သိပ္ပံအတတ်ပညာတို့ထက် ပို၍တိကျ၏။ လက်တွေ့ကျ၏။ ကြောင်းကျိုးညီညွတ်၏။ ဘဝ၏အဆုံးစွန်ထိ ညွှန်ပြနိုင်၏။ ဗုဒ္ဓ၏ အဆုံးအမတိုင်းသည် ကြည်ညိုဖွယ်အတိရှိ၏။ ပြီးတော့ နက်နဲ၏။

................။

................။

................။

✿ ✿ ✿

❑

ကျွန်မ ... ဟိုး ... အတိတ်က မြန်မာတွေအကြောင်း၊ ဘာသာသာသနာအကြောင်း စဉ်းစားနေစဉ်မှာပင် ...

"ပအိုဝ်တိုင်းရင်းသားတွေဟာ အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ကြပါတယ်"

"အမေနဂါး၊ အဖေဝိဇ္ဇာက မွေးဖွားတယ်လို့ အဆိုရှိပါတယ်"

ဟူသော ဒေါက်တာစိုင်းကျော်ထွန်းရဲ့အသံကို ကြားလိုက်ရတဲ့ အခါမှာတော့ ကျွန်မတစ်ယောက် အတွေးတွေက နိုးထလာခဲ့ပါတော့တယ်။ သို့သော် အတွေးတို့သည် ရပ်တန့်သွားခြင်းမဟုတ်။ ပြောင်းလဲသွားခြင်းရယ်သာ။

ပြောင်းလဲသွားသော အတွေးတို့နှင့်အတူ ...

'အမေနဂါး၊ အဖေဝိဇ္ဇာတဲ့လား ... ခွန်သာချို' ဒါကြောင့် အိပ်မက်ထဲမှာတောင် ဆေးမြစ်ရှာသွားလေရော့ဟု တိုးညင်းစွာ ရေရွတ်လိုက်မိပါတယ်။

ကျွန်မအတွေးတွေနဲ့ လုံးချာလည်နေစဉ်မှာပင် ဒေါက်တာစိုင်းကျော်ထွန်းမှ ပအိုဝ်တိုင်းရင်းသားတွေ ရိုးရာလူပျိုလှည့်ပုံအကြောင်းတွေကို ရှင်းလင်းပြပါတယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com



သာခဲ့ပါတယ်။ ခဏကြာတော့ သီချင်းဆိုသူကဆို၊ ရှုခင်းတွေဝေးသူက ဝေးဆဲ။ ရှုခင်းတွေဝေးသူထဲမှာ ကျွန်မ ထိပ်ဆုံးကပဲ။ ရှုခင်းတွေ ဝေးပြန်နေတော့ ဒေါက်တာစိုင်းကျော်ထွန်းမှ မြေပြန့်လွင်ပြင်သည် ဟိုပုန်းလွင်ပြင်ဖြစ်ပြီး လှိုင်ကော်အထိရောက်သော လွင်ပြင်ဖြစ်ကြောင်း ရှင်းပြသဖြင့် ဒေသန္တရဗဟုသုတတစ်ခုကို ထပ်ရလိုက်ပြန်ပါတယ်။

ထို့နောက် မှိုင်းမှုန်နေသော ငွေနှင်းမှုန်ပုလဲဥတို့ရှိရာ ပတ်ဝန်းကျင်တစ်ခွင်ကို ဆက်လက်ငေးမောလိုက်စဉ်မှာပင် ရုတ်တရက် အိမ်မက်ထဲက ချွန်သာချိုရဲ့ အပြုံးမျက်နှာချိုချိုကို ကျွန်မ မြင်လိုက်တယ်။ သို့ရာတွင် ..

"အိပ်မက်ဆိုသည်မှာ တကယ်မဟုတ်"

ဤသည်ကို ကျွန်မ သိ၏။ ကျွန်မအသိစိတ်က လက်ခံ၏။ သို့သော် ... သို့သော် ကျွန်မနှလုံးသားက လက်မခံ။ ထို့ကြောင့် ...

"ဩ ... ခွန်သာချိုရယ်"

လို့သာ တစ်ယောက်တည်း တိတ်တိတ်ကလေး ညည်းညူလိုက်မိပါတယ်။

အဆွေးစိတ်တို့နှင့်အတူ တောင်ကြီးမြို့နှင့် (၂၆) မိုင်အကွာ မွေ့တော်ကက္ကူဘုရားဆီသို့ လိုက်ပါလာရသဖြင့် ကျွန်မရင်ထဲမှာ အပျော်တစ်ဝက်၊ ဝေဒနာတစ်ဝက် ဖြစ်နေတာအမှန်ပါ။

❀ ❀ ❀

| ၇ |

❑

ပအို့ဝ်တိုင်းရင်းသားများရဲ့ ရိုးရာလူပျိုလှည့်ပုံအကြောင်း ပြောပြသောအခါတွင်တော့ ကားတစ်စီးလုံး တဝါးဝါးတဟားဟား တစ်ယောက်တစ်ပေါက် မေးသူကမေးနှင့် သက်ဝင်လှုပ်ရှားနေပြန်ပါတယ်။ ဒီအထဲမှာ တစ်ယောက်သောဆရာမက ...

"ဆရာကိုယ်တိုင် ဘယ်နှစ်ခါ လှည့်ဖူးသလဲ"

ဟု ရင်းနှီးသူများပီပီ ပွင့်ပွင့်လင်းလင်း မေးလိုက်ပါတယ်။ ဒီအခါမှာတော့ ဆရာဒေါက်တာ စိုင်းကျော်ထွန်းက ပွင့်လင်းသောမျက်နှာပေး၊ ပျော်ရွှင်သော အပြုံးတွေနဲ့ ...

"နှစ်ခါ"

ဟု ပအို့ဝ်သံဝဲဝဲ စကားမပီတပီနဲ့ ဖြေလိုက်ပုံကို ကားတစ်စီးလုံး သဘောကျသွား၍ တဝါးဝါး တဟားဟားနဲ့ ရယ်ကြရင်း ...

"ဒါတောင် မစွန့်ဘူးဟေ့"

လို့ ဝိုင်းပြီး ဩဘာပေးကြပြန်ပါတယ်။

ဤသို့ သက်ဝင်လှုပ်ရှားစွာဖြင့်ပင် ကျွန်မတို့ရဲ့ကားကြီးသည် ပအို့ဝ်တိုင်းရင်းသားကျေးရွာများကို ဖြတ်ကျော်ရင်း တငြိမ့်ငြိမ့် မောင်းနှင်ထွက်ခွာ



www.burmeseclassic.com

www.burmeseclassic.com

[ ၈ ]

❑

နံနက် ၈ နာရီခွဲ အချိန်မှာတော့ ...

ရောက်ခဲ့ပါပြီ။ မွေတော်ကက္ကူဘုရားဆီသို့ ရောက်ရောက်ချင်း ကြည်ညိုစရာ၊ ကြည်နူးစရာ မြင်ကွင်းများကို တွေ့ရ၏။ ၎င်းသည် မွေတော်ကက္ကူဘုရားအနီးတွင် တည်ထားကိုးကွယ်သော အရံစေတီပေါင်း ၂၅၀၀ ကျော်ကို ဖူးမြော်ရခြင်းပင်။ နေခြည်နုနု၏ နွေးထွေးမှုနှင့်အတူ စေတီတော်ပေါင်း ၂၅၀၀ ကျော်ကို တစ်စုတစ်စည်းတည်း ဖူးမြော်ရသော အရသာသည်ကား ကျွန်မအဖို့ တစ်မျိုးတစ်ဖုံ ကြည်နူးရသည်ကား အ ပင်။ ထိုကြည်နူးမှုတို့နှင့်အတူ ...

"သြ ... ရှမ်းတို့ရဲ့နယ်မြေ ... ရှမ်းတို့ရဲ့ဒေသကြီးဟာ ဟိုး ချိန်ကတည်းက ဗုဒ္ဓသာသနာ ထွန်းကားခဲ့တာပါလား"

ရယ်လို့တွေးရင်း ရှမ်းအမျိုးသားတွေကို ဂုဏ်ယူမိလာတယ်။ တော်တွေကို ဖူးမြော်ရင်း လေ့လာကြည့်ရှုလိုက်တော့ ပါလာသော ဆ ဒေါက်တာစိုင်းကျော်ထွန်းမှ ...

"ဆရာမ .... ဒီစေတီကိုကြည့်"

ဟု ညွှန်ပြသဖြင့် ကျွန်မကြည့်လိုက်တယ်။ ပြီးတော့ သူက ဘာ ဆက်မပြော။ ခဏကြာတော့မှ ....

"ဆရာမ ... ဟိုစေတီရဲ့ ပုံသဏ္ဍာန်ကိုလည်း ကြည့်ပါဦး"





ဟု ဆက်ပြောသဖြင့် သူညွှန်ပြရာစေတီတော်ကို ကြည့်မိပြန်သည်။ ကျွန်မကတော့ သူဘာကြောင့် ညွှန်ကြားပြသနေသည်ကို နားမလည်။ စေတီ နှစ်ခု မတူဟုသာသိ၏။ ထို့ကြောင့် ကျွန်မက နားမလည်သော မျက်ဝန်း ဖြင့် ကြည့်သောအခါမှ ...

"ဆရာမ ... ဒီစေတီတော်က ယွန်းရှမ်းလက်ရာ၊ ဟိုဘက်က စေတီတော်က ပုဂံမြန်မာလက်ရာတွေလေ"

ဟု ရှင်းပြ၏။ ဒီတော့မှ သူဆိုလိုချင်တာကို ကျွန်မသဘောပေါက် သွားတယ်။ ပြီးတော့ ဒီဘုရားစေတီတွေ တည်စဉ်အခါက မြန်မာလက်မှု ပညာရှင်တွေ၊ ရှမ်းလက်မှုပညာရှင်တွေ စည်းလုံးညီညွတ်စွာနဲ့ ပိုင်းဝန်း တည်ထားကိုးကွယ်ခဲ့တာပဲရယ်လို့ တွေးလိုက်မိတယ်။

တစ်ဆက်တည်းမှာပဲ ထိုခေတ်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ထွန်းကျူးမှု ကူးလူးဆက်ဆံရေးတွေကို စိတ်ထဲက မှန်းဆကြည့်မိတယ်။ ပြီးတော့ ထိုခေတ် ရှမ်းတိုင်းရင်းသားခေါင်းဆောင်တို့ရဲ့ တွေးခေါ်မြော်မြင်မှု၊ ကြည်ကိုးကွယ်မှုတွေကိုလည်း မှန်းဆပြီး ဝမ်းမြောက်မိသေးတယ်။

နောက် ...

တစ်နေရာရောက်ရင် မဖြစ်မနေလုပ်ကြတဲ့ ကိစ္စကတော့ဖြင့် ဓာတ်ပုံ ရိုက်ခြင်း။

ထိုနေရာတွင် စေတီပေါင်း (၂၅၀၀)ကျော်နှင့်အတူ သဘာဝရှုခင်း များကို နောက်ခံပြုရင်း ဓာတ်ပုံရိုက်ကြသည်။ ပြီးတော့ ဒေသထွက်ကုန်ဖြစ် သော ကြက်သွန်ဖြူ၊ လက်ဖက်ခြောက်၊ လိမ္မော်သီး စသော အစားအစာများ ကို ဝယ်ကြရင်း ...

"ယိုကျာနိုင့်မိုင်" (ဒါ ဘယ်လိုရောင်းသလဲ)

"ယိုခိန်(င်း) မိုင်" (ဒါ ဘယ်လောက်လဲ)

"ယွမ်းဖေးတကျို" (လျှော့ပေးပါဦး)

ဟု ဒေါက်တာစိုင်းကျော်ထွန်း ကြိုတင်သင်ကြားပေးသော ပအိုဝ် စကားလေးများဖြင့် အပျော်တမ်း မေးမြန်းကြရင်း ဈေးဝယ်ရသည့်အရသာ ကိုလည်း ကြည်နူးမိသလိုလို ...

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

# | ၉ |

❑

မွေတော်ကက္ကူမှ ထွက်ခွာသောအခါ ...

ကိုရင်လေးကျောင်းဟု အမည်တွင်သော ထမ့်စမ့်ဂူ၊ ထမ့်စမ့်ဂူသို့ သွားကြပါတယ်။

ကိုရင်လေးကျောင်းခေါ် ထမ့်စမ့်ဂူသည် တောင်ကြီး–ဟိုပုံး–မိုင်ပွန်–လွိုင်လင်–ကျိုင်းတုံ ပြည်ထောင်စု ကားလမ်းမပေါ်တွင် တည်ရှိတယ်လို့ သိရပါတယ်။ ကိုရင်လေးကျောင်းတွင် နေ့စဉ် လာရောက်ဖူးမြော်သူများအား သက်သတ်လွတ်ဟင်းဖြင့် ထမင်းကျွေးကြောင်းကိုလည်း သိရပါတယ်။

နေ့လယ်ပိုင်း နေပူကျဲကျဲတွင် ကျွန်မတို့ကားကြီး ထမ့်စမ့်ဂူသို့ ရောက်ခဲ့ပါပြီ။ ရောက်ရောက်ချင်း ကားကြီးပေါ်ကဆင်းကာ သက်သတ်လွတ် ထမင်းကျွေးသောနေရာသို့ ထမင်းစားရန် သွားခဲ့ကြပါတယ်။ ထိုနေရာတွင် ထမင်းစားကြရသည်မှာ ကိုယ်တိုင်ယူ၊ ကိုယ်တိုင်စား(ဘူဖေး) စနစ်မျိုး သုံးဆောင်ကြရပါတယ်။

ကျွန်မတို့အဖွဲ့အားလုံးက မကုန်မည်စိုးသဖြင့် အနည်းငယ်သာ ထည့်၍ စားကြသော်လည်း တကယ်စားကြသောအခါ မုံညင်းရွက်ဟင်းရည်ချိုနှင့် ရှမ်းထမင်းစေးစေးလေးများကို ခဏချင်းကုန်အောင် စားလိုက်ကြသောကြောင့် နောက်တစ်ပန်းကန်ပြီး တစ်ပန်းကန် စားသောက်ကြပါတယ်။





စားသောက်ပြီးသောအခါ ဂူထဲသို့ဝင်ရန် သွားကြပါတယ်။ ဂူဝသို့ ရောက်ရောက်ချင်း ကျွန်မ တအံ့တသြဖြစ်သွားတယ်။ ဂူကြီးရဲ့ပုံစံက ကျွန်မ အိပ်မက်ထဲမှာ တွေ့ရတဲ့ ဂူကြီးအတိုင်းပါလား။ ကျွန်မ ငေးငိုင်ကြည့်နေစဉ်မှာပင် မူးဝေဝေဖြစ်သွား၏။

ယိုင်မလိုဖြစ်သွားသော ကျွန်မ၏ကိုယ်ကို အသာထိန်းလိုက်ရ၏။ ကျွန်မအနားမှာရှိသော သူငယ်ချင်းများက ရှူဆေးများ ထုတ်ပေးသူပေး၊ သွေးဆေးများတိုက်သူတိုက်၊ လောလောလတ်လတ် ဝယ်လာသော ရှမ်းဆေးများကို ပေးသူကပေးနှင့် အတော်အတန် ရုတ်ရုတ်ရုတ်ရုတ် ဖြစ်သွား၏။

အမူးပြေသွားသောအခါတွင် ဂူကြီး၏အတွင်းပိုင်းသို့ ဝင်ကြ၏။ ဂူကြီးသည် အတော်ကျယ်ဝန်း၏။ အချို့နေရာများတွင် မှောင်နေ၍ အချို့နေရာများတွင် လင်းနေ၏။ လျှပ်စစ်မီးအနည်းငယ်လည်း ထွန်းညှိထားသည်ကို တွေ့ရ၏။ ကျွန်မတို့ ရောက်သွားသောအချိန်သည် ဂူ၏အပြင်ဘက်တွင် နေအပူရှိန်ပြင်းသလောက် ဂူကြီးထဲတွင် အေးစိမ့်နေ၏။

အချို့နေရာများတွင် ကျောက်စက်မိုးမျှော်များကို တွေ့ရ၍ အချို့နေရာများတွင် ကျောက်စက်ပန်းဆွဲများကို တွေ့ရ၏။ အချို့နေရာများတွင် ကျောက်စက်မိုးမျှော်နှင့် ကျောက်စက်ပန်းဆွဲများထိကာ ကျောက်စက်တိုင်များကို တွေ့ရ၏။

အချို့နေရာများတွင်ကား လူများထွင်းထားသော ကနုတ်ပန်းများသဖွယ် အရုပ်၊ အခွေကလေးများဖြစ်ကာ အလွန်လှပနေသည်ကို တွေ့ရ၏။ အချို့နေရာများတွင်တော့ လူသားတို့ဖန်တီးထားသည့် ဘုရားဆင်းတုတော်များနှင့် အခြားဖန်တီးမှုများကိုလည်း တွေ့ရပေသည်။

ထို့ပြင် ကျောက်ကြိုကျောက်ကြားမှ စိမ့်ထွက်နေသော ကျောက်စက်ရေလေးများ တစက်စက်ကျနေသည်ကိုကြည့်ရင်း ကျွန်မလက်ဝါးကလေးနှင့် ခံကြည့်လိုက်တော့ ...

"အို .... အေးလိုက်တာ"

ဟု နှုတ်မှ ရုတ်တရက်ထွက်သွားမိ၏။ ထိုအာမေဍိတ်စကားသံနှင့်အတူ အိပ်မက်ထဲမှာ ခွန်သာချိုတိုက်ပေးသော ရေစက်ကလေးများကို



www.burmeseclassic.com

www.burmeseclassic.com



သတိရမိတော့ ဝမ်းနည်းဝမ်းသာ ဖြစ်သွားမိ၏။ ထိုအချိန်မှာပင် ရုတ်တရက် ကျွန်မနံဘေးမှာ လူရိပ်လိုလို တွေ့လိုက်၍ လှည့်ကြည့်လိုက်တော့ ...

"အို ... ခွန် ... သာ ... ချို ..."

ဟု တစ်ခွန်းချင်း ရေရွတ်လိုက်မိ၏။ ထို့နောက် သူ့ကို ကျွန်မ ကြောင်၍ ကြည့်နေမိ၏။ ထိုလူကတော့ ပြုံးစိစိနှင့် ကျွန်မကိုကြည့်၏။ ကြည့်ရင်းပင် ခွန်သာချိုနှင့် ပို၍တူလာ၏။ သို့သော် လူတူမရှား၊ နာမည်တူမရှား ဟု မှတ်ယူကာ ကျွန်မ သူငယ်ချင်းများအနားသို့ ပြေးကပ်လိုက်၏။ ထိုအခါ နိုင်နိုင်နှင့် ရွှေဝါက ...

"လာ ... လာ ... ခမ်းမွန်၊ ဒီနေရာမှာ ဓာတ်ပုံရိုက်ရအောင်"

"ဟယ် ... အဲဒီနေရာက မှောင်နေတာကိုး"

"လျှာမရှည်နဲ့ အဲဒီဘက်ကိုသွား။ ဟုတ်ပြီ ... ရပ် ... ရပ်တော့"

"ကဲ ... ဒီလို .. ဒီလိုလား"

ဟု ပြောပြောဆိုဆို ကျွန်မက ဟန်ရေးပြ၏။ သူတို့နှစ်ယောက်က တဖျတ်ဖျတ်ရိုက်၏။

ကျွန်မတို့အဖွဲ့သည် ဂူကြီးထဲတွင် ကိုယ့်အစုနှင့်ကိုယ် လေ့လာကြရင်း ဂူကြီးတစ်ပတ် ပတ်မိသောအခါ ဂူကြီးထဲမှ ပြန်လည်ထွက်ခွာခဲ့ကြပါတယ်။ ကိုရင်လေးဟု အမည်တွင်သော ဆရာတော်ကိုကား မဖူးတွေ့ခဲ့ကြရပါ။ တစ်နေရာသို့သွားကာ တရားအားထုတ်နေသည်ဟု သတင်းသာ ကြားခဲ့ရသောကြောင့် တောင်ကြီးမြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြပါတယ်။

တောင်ကြီးမြို့သို့ ပြန်လည်ရောက်ရှိသောအခါတွင် မှောင်စပျိုးနေချိန်ဖြစ်နေပြီး တောင်ကြီးတက္ကသိုလ်သို့ ဦးတည်သွားခဲ့ကြပါတယ်။ ထို့နောက် တောင်ကြီးတက္ကသိုလ်ရှေ့တွင် ကျွန်မတို့ရဲ့ကားကြီးကို ထားခဲ့ပြီး ကားကလေးများငှားကာ တောင်ကြီးမြို့၏ တောင်ထွတ်တောင်ဖျားတို့တွင် တည်ထားကိုးကွယ်သော ရွှေမုဋ္ဌောစေတီ၊ စူဠာမုဏိစေတီ၊ မြစိမ်းတောင်စေတီတို့ကို သွားရောက်ဖူးမြော်ပြီးမှ ကျွန်မတို့တည်းခိုရာ Sweet Dream Hotel သို့ ပြန်ခဲ့ကြပါတယ်။

✿ ✿ ✿

| ၁၀ |

❑

ယနေ့ညတွင်တော့ ကျွန်မကို ဘယ်သူမှမနှိုးဘဲ ကိုယ့်ဘာသာကိုယ် နိုးနေ၏။ သို့သော် အိပ်မက်သည်ကား မနေ့ညကမက်သော အိပ်မက်အတိုင်းပင်။ ကွာခြားသည်ကား မနေ့ညက အိပ်မက်ထဲတွင် ခွန်သာချိုနှင့် စကားအနည်းငယ်သာပြောခဲ့ရပြီး အတိတ်အကြောင်းများကို ပြန်ပြောင်းစဉ်းစားရင်း ကျွန်မတို့၏ မျိုးရိုးနှင့် အဖြစ်အပျက်များကို သိခဲ့ရ၏။ ယနေ့ည အိပ်မက်တွင်ကား ခွန်သာချိုနှင့် စကားတွေအများကြီး ပြောနေမိ၏။ ထိုအထဲတွင် ရင်ထဲမှာ တသသကျန်ခဲ့သော ခွန်သာချို၏စကားတို့မှာကား ...

"စဝ်ခမ်းဝါ ... ခမ်းဝါ ... ဒီရှမ်းပြည်မှာ ရှိနေသရွေ့ ခွန်သာချို ခမ်းဝါအနားမှာ ရှိနေမှာ" တဲ့။

ဒါဆို ခုလည်း ကျွန်မအနားမှာ ခွန်သာချိုရှိနေတာပဲလား။ ပြီးတော့ ခွန်းသာချိုက ပြောခဲ့သေးတယ်။

"ထမ့်စမ့်ဂူဟာ ကိုယ်တို့ရဲ့ အမှတ်တရဂူဆိုလည်း ဟုတ်တယ်"

ထမ့်စမ့်ဂူမှာတုန်းက ခမ်းဝါအနားမှာ ကိုယ်ရှိနေပါတယ်တဲ့။ အဲဒါကတော့ တကယ်လား။ အိပ်မက်ကို စဉ်းစားရင်း ကျွန်မလွမ်းချင်သလိုလို



www.burmeseclassic.com

www.burmeseclassic.com



ဆွေးချင်သလိုလို၊ ငိုချင်သလိုလိုနှင့် ခုတင်ပေါ်တွင် ငိုင်နေမိ၏။ အိပ်မက်ထဲတွင် ကျွန်မက ...

"ဒါဆို ... ရှမ်းပြည်က ပြန်သွားရင်ကော ခွန်သာချိုက ခမ်းဝါနောက်ကို မလိုက်တော့ဘူးပေါ့ ... ဟုတ်လား။ ခမ်းဝါနဲ့ရှမ်းပြည် ဘယ်သူ့ကို ပိုချစ်သလဲဟင် ... ခွန်သာချို"

ဟု ကျွန်မက ပြန်မေးလိုက်မိ၏။ ထိုအခါတွင် ခွန်သာချိုက ...

"ဩ ... ခမ်းဝါရယ်"

ဆိုတဲ့ စကားလေးတစ်ခွန်းကိုသာ လေးလေးတွဲတွဲ ညည်းညူရင်း မျက်နှာကလေး ညှိုးသွားရှာ၏။ ထို့ကြောင့် ကျွန်မ သူ အခက်တွေ့သော မေးခွန်းမျိုးဖြင့် သူ့ကို မနှိပ်စက်လိုတော့ပါ။

သို့သော် အိပ်မက်ထဲတွင် နောက်ပိုင်းပြောသော ခွန်သာချို၏ စကားများအရ ခွန်သာချိုသည် ဟို ... ဘဝတစ်ခုမှာတုန်းက ကျွန်မနောက်ကို လိုက်လာခဲ့ရင်း ပိုးထိသေဆုံးခဲ့သည်ကို သိပြီး ကျွန်မ စိတ်မကောင်းဖြစ်မိ၏။ ထိုအချိန်မှစ၍ ခွန်သာချို၏အကြီးအကဲများက ခွန်သာချိုကို အဝေးနေရာများသို့ သွားခွင့်မပြုတော့တဲ့။ အဲဒါကော တကယ်ပဲလား။ အကြီးအကဲဆိုတာကကော ဘယ်သူတွေလဲ။

ကျွန်မ အိပ်မက်ကို တမေ့တမော စဉ်းစားရင်း နာရီကိုကြည့်လိုက်တော့ နံနက် (၄) နာရီခွဲနေပေပြီ။ ဒါကြောင့် ဒီနေ့ခရီးစဉ်အတွက် ပြင်ဆင်ရန် သူငယ်ချင်းများကို ...

"မိနိုင် ... ဥမ္မာ ... ရွှေဝါ ... ထ ... ထတော့"

ဟု ကျွန်မ အတင်းဆွဲနှိုးပြီး ရေချိုးခန်းထဲသို့ ဝင်ခဲ့ပါတော့တယ်။

✿ ✿ ✿

| ၁၁ |

❑

ကားပေါ်ကို အားလုံးရောက်တဲ့အခါမှာတော့ ဒေါက်တာစိုင်းကျော်ခွန်းက ဒီနေ့ခရီးစဉ်ကို ရှင်းပြပါတယ်။ ဒီနေ့တော့ တောင်ကြီးမြို့မှာ နံနက်စာ စားကြသောက်ကြပြီး ပင်းတယရွှေဥမင်ဂူသို့ သွားကြမည်။ ပြီးတော့ အောင်ပန်း၊ ကလောမြို့များသို့ ဝင်ရောက်လည်ပတ်ပြီး အချိန်ရလျှင် ဘဝသရာတံတားတွင် ဓာတ်ပုံရိုက်ကြမည်ဟုလည်း သိရ၏။

ပင်းတယရွှေဥမင်ဂူသို့ သွားရာလမ်းတစ်လျှောက်တွင်လည်း ရှမ်းချင်းများကို ဆိုသူကဆို၊ ဝိုင်း၍ လက်ခုပ်တီးသူကတီးနှင့် တစ်စီးလုံး ပျော်ပျော်ပါးပါးပင်။ ရွှေဥမင်ဂူရှိရာ တောင်ခြေအနီးသို့ ရောက်သောအခါ ရှိရာ ဈေးဆိုင်ကလေးများမှ လက်ဖက်၊ ရှမ်းထန်းလျက်၊ ပဲပုပ် စသော အစားအစာများကို အမြည်းအဖြစ် စားသုံးရင်း အနားယူကြပါတယ်။

ထို့နောက် ကျွန်မတို့ပါလာသော ကားကြီးကို တောင်ခြေတွင်ထား ပြီး တုတ်တုတ်ခေါ် ထော်လာဂျီများငှားကာ တောင်ပေါ်သို့ တက်ကြရပြန်ပါတယ်။ တောင်ပေါ်သို့တက်ရာတွင် ကားလမ်းရှိသကဲ့သို့ လှေကားတစ် လေးများ အစီအရီနှင့် စနစ်တကျပြုလုပ်ထားသော လူသွားလမ်းလည်း

www.burmeseclassic.com



ရှိ၏။ အပေါ်တွင်လည်း အမိုးမိုးထားသဖြင့် လူသွားလမ်းအတိုင်း တက်သွား ပြီး သဘာဝအလှကို တစိမ့်စိမ့်ကြည့်ရှုခံစားရလျှင် အရသာ အလွန်ရှိနေ မည်။

သို့သော် ကျွန်မတို့အုပ်စုမှာ သွားချင်သောနေရာ၊ ဝင်ချင်သော နေရာကများနေသဖြင့် ထော်လာကီဖြင့် တက်ခဲ့ကြခြင်းဖြစ်သည်။ ဒေါက်တာ မာလာဦးကတော့ အားလုံး လူသွားလမ်းအတိုင်း တက်မည်အထင်နဲ့ ရှေ့ဆုံး ကနေ ကလေးနှစ်ယောက်ကို လက်ဆွဲ၍ တက်သွားလေရာ မည်သူမှ မ လိုက်။ လမ်းခုလတ်တစ်နေရာ ကားလမ်းနှင့် လူသွားလမ်းတို့ အနီးကပ်ဆုံ ရသောနေရာတွင်မှ ကျွန်မတို့ ထော်လာကီပေါ် ပါလာကြသူအားလုံး တစ်ပြိုင် နက်တည်း ...

"ဟော ... ဟိုမှာ ... ဟိုမှာ ..."

"ဟေး ... ဟေး ... တို့ ... ဒီမှာ ..."

"ဒီကိုလာခဲ့ကြ ... ဒီကိုလာခဲ့ကြ"

"ဟား ... ဟား ... ဟား ..."

ဟူ၍ ရယ်သံမောသံများနှင့် လက်ပံပင်ဆက်ရက်ကျသလို ဆူညံ ညံညံ ခေါ်ကြအော်ကြ၏။ ဒေါက်တာမာလာဦးသည်လည်း ကလေးနှစ် ယောက်ကို လက်ကဆွဲ၍ ကျွန်မတို့ထော်လာကီရှိရာကို ပြေးလာလိုက်တာ မောလို့။ ထို့နောက် ကျွန်မတို့ ထော်လာကီတောင်ပေါ်သို့ ဆက်တက်လာ ၏။

ကားရပ်နားသော တောင်ပေါ်တစ်နေရာတွင် ကျွန်မသည် သဘာဝ အလှမြင်ကွင်းများကို တစ်ဖန်ကြည့်မိပြန်၏။ ကားရပ်ထားရာ ဘေးတစ်ဖက် တစ်ချက်တွင် သက်တမ်းအသင့်အတင့်ရှိပြီဖြစ်သော စွယ်တော်ပင် ကျစ်ကျစ် ကလေးများ အစီအရီပေါက်နေသည်ကို တွေ့ရ၏။

တောင်အောက်ဘက်သို့ ငုံ့ကြည့်လိုက်သောအခါ စိမ်းစိုညို့မှိုင်း နေသော တောတောင်တစ်ခွင်၏အလယ်တွင် စိတ်ချမ်းမြေ့ဖွယ် ရေကန်ကြီး တစ်ကန်ကို တွေ့ရ၍ ကျွန်မ ငေးကြည့်နေမိ၏။ ကျွန်မ ငေးကြည့်နေစဉ် ပင် ရှမ်းအမျိုးသမီးတစ်ယောက်က ...





"အဲဒါ ... ပုန်းတလုတ်ကန်လို့ခေါ်တယ်။ ဒွေးမယ်နော်တို့ ညီ အစ်မခုနစ်ဖော် ရေချိုးတဲ့ကန်ပေါ့"

"ဩ ... ဟုတ်လား"

ဟု ကျွန်မအံ့ဩစွာ ပြန်ပြောရင် တောညိုညို့နှင့် ပန့်တင့်သော ရေကန်ကြီးကို ဆက်လက်ငေးကြည့်နေမိရင်း အတွေးများစွာ တွေးနေမိ၏။

ထိုအတွေးများသည်ကား ...

ဤနေရာ ဤဒေသသည် ချမ်းမြေ့ဖွယ်အတိရှိသော နေရာပေ သည်။ ယခုတော့ဖြင့် လူသူအရောက်အပေါက်များလျက် လူစည်ကားရာ အရပ်ဖြစ်နေ၏။ ဟိုးတစ်ချိန် လူသူအရောက်အပေါက်နည်းသော အချိန်များ ဆိုလျှင် ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီတို့ ပျော်မွေ့သောနေရာလည်း ဖြစ်နိုင်သည် ဟု တွေးမိခြင်းပေတည်း။

အတွေးများကို ရပ်တန့်ပြီး အဖော်အပေါင်းများရှိရာကို ဆက် လျှောက်လိုက်မိတော့ ...

"ဟယ် ... အကြီးကြီးပါလား"

ဟု ကျွန်မ တအံ့တဩ ရေရွတ်မိပြန်၏။ ထိုအကြီးကြီးသည်ကား ကျွန်မငယ်ငယ်က ကြားဖူးခဲ့သော ပင့်ကူကြီးပင်။ ခုတော့ ပင့်ကူအစစ် မဟုတ်၊ ရုပ်တုကြီးပင်။ ပင့်ကူကြီးကို သုခနေ့မင်းသားက လေးနဲ့ ပစ်ခွင်းနေ ဟန်ထုလုပ်ထားခြင်းဖြစ်သည်။ ထိုရုပ်ထုကြီးကို တွေ့ရသောအခါ ဟိုးငယ် ငယ်က သူငယ်ချင်းများဖြစ်ခဲ့သော ရှမ်းတိုင်းရင်းသားလေးများကို သတိရမိ ပြန်၏။

ထိုရှမ်းတိုင်းရင်းသား သူငယ်ချင်းကလေးများကို ကျွန်မက သူတို့ ၏ သူတို့ရွာ၊ သူတို့ဇာတိအကြောင်း မေးကြည့်၏။ ထိုအခါ သူတို့၏ မြို့ များအကြောင်း သူတို့ကပြောကြ၏။ ကျေးရွာကလေးများအကြောင်း ပါ သလို ပင်းတယ၊ ဟိုပုန်း စသည်မြို့များအကြောင်းလည်း ပါ၏။ သို့သော် ကျွန်မမှာ သူတို့၏ မြို့ရွာနှင့် သူတို့ကိုမတွဲမိ။ ပြောင်းပြန်ပြန်သည့်အခါလည်း ရှိ၏။ သူတို့က မမှတ်မိရမလားဟု စိတ်ဝိုး၏။ ထိုအခါ ပင်းတယမှ သူငယ် ချင်းက ပင့်ကူကြီးဇာတ်လမ်းနှင့်တွဲ၍ ပင်းတယအကြောင်း ရှင်းပြ၏။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ ကျွန်မသူငယ်ချင်း ရှမ်းတိုင်းရင်းသားလေး ရှင်းပြတုန်းက အချိန်ကို ကျွန်မ မှတ်မိသေးတယ်။ ကျွန်မတို့ရွာက သပြေပင်ကြီး အရိပ် အောက်မှာ သူက ရှမ်းသံဝဲဝဲလေးနဲ့ ရှင်းတာ။ ကျွန်မက နားမလည်သဖြင့် အကြိမ်ကြိမ်မေး၏။ ကျွန်မတို့ သူငယ်ချင်းတွေ မေးလိုက် ဖြေလိုက်၊ တစ် ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ရယ်လိုက်မောလိုက်နဲ့ ပျော်စရာ ကောင်းတဲ့ပုံကို မြင်ယောင်၊ ကြားယောင်မိသေးတယ်။

"ခွန်တီးတုတ် ....နင်တို့မြို့က ဘာမြို့ ..."

"ပင်းတယပါဆို။ ခုထိ မမှတ်မိသေးဘူး"

"ဘာ ..."

"ပင်းတယ"

"ဩ ...ဟုတ်သားပဲ မေ့လို့မေ့လို့။ မှတ်မိအောင် အမှတ်တရ တစ်ခုခုနဲ့ပြောပေါ့"

"ဒါဆို ပြောမယ် နားထောင်"

ဟု သူက ပြော၏။ ဤသို့ သူကပြောသော်လည်း ...

"ပြောမယ် နားထောင်"

ဟု သောစကားကပင် ရှမ်းသံဝဲလွန်းသဖြင့် ကျွန်မ အလွယ် တကူ နားမလည်နိုင်ပေ။ သူကပြောသည်ကို ကျွန်မ ခဏစဉ်းစားပြီးမှ လည်၏။ ထိုအခါတွင် ...

"အေး ....ပြောပြပေါ့"

ဟု ပြောသောအခါ သူက ရှမ်းသံဝဲဝဲဖြင့်ပင် ...

"ငါတို့ ပင်းတယမြို့က ပင့်ကူကြီးကို အကြောင်းပြုပြီးခေါ်တာ တို့မြို့မှာ ဟို ...ဒွေးမယ်နော်တို့ ရေချိုးတဲ့ ပုန်းတလုတ်ကန်ရှိတယ်"

"ဟင် ...အဲဒါ ကယားပြည်နယ်မှာ မဟုတ်လား"

"ကယားပြည်နယ်ရဲ့ ပုန်းတလုတ်ကန်အကြောင်းတော့ ငါမသိ ဘူး။ ငါတို့မြို့က ကန်အကြောင်းနဲ့ ငါတို့ မြို့အကြောင်းတော့ ရှင်းပြမ တယ်"





"ပြောပါဦး"

"အေး ...အဲဒီရေကန်မှာ ညီအစ်မ (၇) ဖော်ရေချိုးတော့ ပင့် ကူကြီးက အငယ်ဆုံးဒွေးမယ်နော်ကို ကြိုက်တာ"

"ဟင် ...ပင့်ကူကြီးကလည်း သူ့နဲ့ဖာတ်မတူဘဲနဲ့"

"ဇာတ်မတူရင် မကြိုက်ရဘူးလား"

"အေးပေါ့"

"နင်ကလည်း သူဟာသူကြိုက်တာကို။ ပြီးတော့ ဒွေးမယ်နော်က အရမ်းလှလို့ နေမှာပေါ့"

"အေး ...ထားပါတော့၊ ဆက်ပြောဦး"

"ပင့်ကူကြီးက ကြိုက်တော့ မင်းသမီးလေး ရေချိုးနေတုန်း မင်း သမီးလေးရဲ့ ဝတ်ရုံကို ဇွက်ထားလိုက်ရော"

"ဟင်း ...နင့်ပင့်ကူကြီးကလည်း ယုတ်မာတယ်။ မင်းသမီး လေးက ရေကန်ထဲမှာ အကြာကြီး ချမ်းနေမှာပေါ့"

"အဲဒီမှာ သုဓနုမင်းသားနဲ့ တွေ့တာပေါ့ဟ။ သုဓနုမင်းသားက ပင့်ကူကြီးကို လေးနဲ့ပစ်ပြီး မင်းသမီးလေးကိုလည်း ဝတ်ရုံပြန်ရှာပေးခဲ့တာ။ ပြီးတော့ သုဓနုမင်းသားနဲ့ ဒွေးမယ်နော် ...ကံဆုံကြရောပေါ့"

"ဟုတ်လား ...ဒါဆို သုဓနုနဲ့ဒွေးမယ်နော်က ရေးရေစက်လည်း ရှိပုံရတယ်နော်"

"အေးပေါ့ ...နင်တို့ ငါတို့လိုပေါ့"

"ဟင် ...ဘာဆိုင်လဲ"

"နင်တို့ ငါတို့လည်း ရေစက်ရှိလို့ ခုလို သူငယ်ချင်းလာဖြစ်ရတာ ပြောတာပါ။ ငါက ရှမ်းပြည်က နင်က ဧရာဝတီတိုင်းက အဝေးကြီးပဲမဟုတ် လား"

"အေးနော် ....အဲဒါလည်း ဟုတ်တယ်"

ဟု ကျွန်မကလည်း တွေးတွေးဆဆနှင့် ပြန်ပြောစဉ်တွင်ပင် သူ က ...



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့မြို့ရဲ့ ဇာတ်လမ်းက မပြီးသေးဘူး။ အဝိကအချက် ကျန်နေတာ"

"ပြောလေ ... ဘာလဲ"

"အင်း ... သုခနေမင်းသား ပင့်ကူကြီးရတာကို အကြောင်းပြုပြီး ငါတို့မြို့ကို ပင့်ကူရလို့ ခေါ်ရာက တဖြည်းဖြည်းကြာလာတော့ ပင့်ကူရကနေ ပင်းတယဖြစ်လာတာ မှတ်ထားနော်။ နင် လူနဲ့မြို့ ပြောင်းပြန်မမှတ်နဲ့။ ငါတို့မြို့က ပင်းတယ၊ ခွန်ကျော်ဇောက ဟိုပုန်း၊ နောက်တစ်ယောက် ခွန်သာမောင်က ... စသည်ဖြင့် ရာဇဝင်နဲ့ချီကာ သူတို့က ပြောပြကြ၏။

ကျွန်မ ငယ်စဉ်က သူငယ်ချင်းများအကြောင်း တွေးရင်း ဤနေရာတွင် ပင့်ကူကြီးနှင့် အမှတ်တရ ဓာတ်ပုံရိုက်ခဲ့၏။ ထို့နောက် လှေကားထစ်များကို နင်းရင်း မတ်စောက်လှသော ရွှေဥမင်ဂူရှိရာ တောင်ထွတ်သို့ တက်ခဲ့၏။ တောင်ထွတ်ရှိ ဘုရားရင်ပြင်တွင် အသိမိတ်ဆွေများပမာ တရင်းတနှီးပြုံးပြကြသော နယ်ခံရှမ်းအမျိုးသမီးများကို တွေ့ရ၏။ ထို့နောက် ရုပ်ပွားတော်ရှေ့တွင် တရိုတသေထိုင်ကာ ဦးညွှတ်ရှိခိုးလိုက်၏။ ဘုရားရှိခိုးပြီးသော အခါ အများသူငါ သွားလာဝင်ထွက်ရာနေရာသို့ လိုက်ပါဝင်ထွက်ကြည့်လိုက်တော့မှ ...

"အလို ... အံ့မခန်းပါလား"

ဟု ကျွန်မနှုတ်က ရေရွတ်မိ၏။ အကွေ့အပတ်များဖြင့် ရှည်လျားလှသော ဂူလမ်းကြောင်းတစ်လျှောက်တွင် ဘုရားဆင်းတုတော်များက ရေတွက်လျှင် ရနိုင်မည်မထင်။ ထို့ကြောင့် ကျွန်မ ဂူကြီးအတွင်း အပေါင်းအဖော်များနှင့်အတူ ကွေ့ကာပတ်ကာ တစ်မေ့တမော လျှောက်ကြည့်နေမိ၏။

ကျွန်မတို့အဖွဲ့ အယောက် (၄၈) ကျော်သည် ကိုယ့်အစုနှင့်ကိုယ် ကွေ့ကာပတ်ကာ လျှောက်ကြရင်း ဆုံမိကြသောအခါ ...

"ဟိတ် ... ဟိုဘက်မှာ ဇော်ဂျီဆေးသွေးတဲ့ ကျောက်ပျဉ်ရှိတယ်"

"ဟိုဘက်မှာတီးရင် မောင်းသံလိုမြည်တဲ့ နေရာလည်း ရှိတယ်။ ခုတော့ တီးခွင့်မပြုဘူးတဲ့"





စသည်ဖြင့် ဂူအနှံ့ လှည့်လာနိုင်ရန်အတွက် တွေ့ခဲ့မြင်ခဲ့သည်ကို တစ်ဖွဲ့နှင့်တစ်ဖွဲ့ သတင်းပေးကြပြန်၏။

ဆင်းတုတော်၊ ရုပ်ပွားတော်များကတော့ နေရာတိုင်းတွင် ပြည့်သိပ်နေ၏။ တစ်နေရာအရောက်တွင် ရုပ်ပွားတော်တစ်ဆူ၌ 'ချွေးထွက်ကိုယ်စားတော်' ဟု ရေးထား၏။ မည်သည့်အဓိပ္ပာယ်ဆိုသည်ကိုလည်း ကျွန်မ နားမလည်။ ရုပ်ပွားတော်တွင်တော့ ချွေးချထားခြင်းမရှိ။ ကျွန်မ နားမလည်စွာကြည့်နေစဉ်မှာပင် အနားသို့ လူသုံးလေးယောက်ရောက် လာပြီး လမ်းပြ Guide ဟု ထင်ရသော တစ်ယောက်က ...

"ဒီရုပ်ပွားတော်က ချွေးချလို့မရဘူး။ ချွေးချရင်လည်း နောက်နေ့ ကွာသွားတာပဲ။ ရုပ်ပွားတော်မှာ အမြဲတမ်း စိုစွတ်မှုရှိသဖြင့် ချွေးထွက်ကိုယ်စားတော်ဟု အမည်သမုတ်ထားတာပါ"

ဟု ရှင်းလင်းပြောကြားသံကို ကြားလိုက်ရ၏။ ထိုအခါတွင် ကျွန်မကတော့ ဤရုပ်ပွားတော်နှင့် ပတ်သက်၍ အတွေးများ အမျိုးမျိုး ပွားမိနေရင်း ရှေ့သို့ ဆက်လျှောက်လာခဲ့သည်။

အနည်းငယ် ဆက်လျှောက်ပြီးသောအခါတွင် **တစ်နေရာတွင်** –

"ဆင့်ချည်တိုင်"

နောက်တစ်နေရာတွင် ...

"မြင်းချည်တိုင်"

ဟု ရေးထားသော ကမ္ပည်းများကို တွေ့ရသဖြင့် ဤဆင်ချည်တိုင်၊ မြင်းချည်တိုင်တို့သည် သုခနေမင်းသားဇာတ်လမ်းနှင့် ဆက်စပ်နေမည်လား။ ဒါမှမဟုတ် မည်သည့်စစ်သည် သူရဲကောင်းတို့ အသုံးပြုခဲ့သည့် ဆင်ချည်တိုင်၊ မြင်းချည်တိုင်တို့ ဖြစ်လေမည်နည်းဟု အတွေးပွားမိပြန်သည်။ ထိုသို့ တွေးနေစဉ်တွင် သူငယ်ချင်းများက ...

"ဟိတ် ... ခမ်းမွန် ဘာတွေ တွေးနေတာလဲ။ လာ ... ဟိုရှေ့ကို ဆက်သွားကြမယ်"

ဟုပြောသဖြင့် ကျွန်မသူငယ်ချင်းများ ခေါ်ရာနောက်ကို လိုက်ခဲ့ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေရာဟာ . . . ခုတော့ မရေတွက်နိုင်တဲ့ ရုပ်ပွားတော်အဆူဆူတို့နဲ့ သာသနာ့နယ်မြေဂူကြီးတစ်ခု ဖြစ်နေပေမယ့် တစ်ချိန်တုန်းက ဒီဂူကြီးဟာ . . ."

"မင်း ဘာတွေ အတွေးပွားနေတာလဲ"

"ဟုတ်တယ် . . . ရွှေဝါရဲ့ ခမ်းမွန်ပြောသလိုပဲ ငါလည်း တွေးမိတယ်"

ဟု ဉမ္မာက ဆက်ပြောပြန်တယ်။ ဒီတော့ ကျွန်မက . . .-

"ဟုတ်တယ်လေ . . . မင်းတို့ စဉ်းစားကြည့်စမ်း။ တို့ ဒီတောင်ထွတ်ကို မတက်ခင် လမ်းခုလတ်ကနေ အောက်ကိုကြည့်တော့လည်း တောညိုညို၊ တောင်မို့မို့တွေက အောက်ခြေမှာရှိတယ်။ ပြီးတော့ ဒီတောညိုညို၊ တောင်မို့မို့တွေရဲ့ အလယ်မှာ ကြည်လင်သန့်ရှင်းတဲ့ ရေကန်ကြီး"

"အေး . . . အဲဒီတော့"

"အဲဒီတော့ လူသူအရောက်အပေါက်နည်းစဉ်က ဒီနေရာမှာ ဘယ်လိုပုဂ္ဂိုလ်မျိုးတွေ ရှိနိုင်သလဲ။ မင်းတို့ စဉ်းစားကြည့်လေ"

"မင်း အထင်ရော"

"ငါ့အထင်ကတော့ တရားထူးတရားမြတ်ကို ရှာဖွေနေတဲ့ သူတော်စင် သူတော်ကောင်း၊ ရဟန်း၊ ရသေ့တွေလည်း ရှိနိုင်တယ်။ ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီတွေလည်း ရှိနိုင်တယ်။ သစ်ကြီး၊ ဝါးကြီးတွေရှိလို့ ရုက္ခစိုးကြီးတွေလည်း ရှိနိုင်တယ်။ ပြီးတော့ . . ."

"ပြီးတော့ ဆိုပါဦး"

"ပြီးတော့ ဟိုမှာရေးထားတဲ့ ဆင်ချည်တိုင်၊ မြင်းချည်တိုင်ဆိုတာကို ကြည့်ရင် စစ်သည်သူရဲကောင်းတွေလည်း စစ်ခရီးကြမ်းကို လျှောက်လှမ်းရင်း ဒီနေရာမှာ အပန်းဖြေ နားခိုခဲ့နိုင်တယ်။ ဒါတင်မကသေးဘူး"

"ဆိုပါဦး . . . ဘာတွေရှိနိုင်သေးသလဲ။ မင်းက တော်တော်တွေးတောနိုင်တဲ့သူပဲ။ ပြန်ရင် ဝတ္ထုတစ်ပုဒ်ရေးပါလား။ မင်းရဲ့ စိတ်ကူးယဉ်ဇာတ်လမ်းလေးထည့်ပြီး မင်းသားချောချောလေးနဲ့ပေါ့။ ဟား . . . ဟား"





"သူငယ်ချင်းတို့ စိတ်ကူးယဉ်ဇာတ်လမ်းကို ထည့်စရာမလိုဘူးကွ။ တကယ့်အဖြစ်အပျက်တွေကိုက စိတ်ဝင်စားစရာတွေ အများကြီး။ မင်းတို့ အံ့သြလောက်အောင်ကို ရှိတာ"

"ကဲ . . . ဒါဆို ပြောပါဦး။ မင်းပြောတဲ့ ဒါတင်မကသေးဘူးကကော"

"နောက်မှ ဆက်ပြောမယ်။ ဟော . . . ဟိုမှာ . . . ဇော်ဂျီဆေးသွေးတဲ့ကျောက်ပျဉ်တဲ့ အမှတ်ရ ဓာတ်ပုံရိုက်လိုက်ဦးမယ်"

ဟုဆိုကာ ကျွန်မက ဓာတ်ပုံရိုက်ယူလိုက်၏။ ရှေ့သို့ ဆက်လျှောက်သွားသောအခါ ကျောက်ကြိုကျောက်ကြားမှ စိမ့်ကျနေသော ကျောက်စက်ရေများကြောင့် ရေများရွှဲရွှဲစိုနေသော လမ်းတစ်ခုသို့ ရောက်သွား၏။ ရှေ့ဘက်တွင် ဂူလမ်းဆုံးဖြစ်ပြီး ဂူပေါက်ကျဉ်းကာ မှောင်နေသောနေရာကို တွေ့ရ၏။

ဤဂူလမ်းဆုံးဖြစ်ပြီး ကျဉ်းမြောင်းလှသော ဂူပေါက်မှောင်မှောင်ကလေးမှသည် ပုဂံအထိရောက်သည်ဟုလည်း အချို့က ပြောစမှတ်ပြုကြသည်ဟု သိရလေသည်။ မဟုတ်ဟုလည်း မငြင်းသာ၍ ဟုတ်သည်ဟုလည်း တထစ်ချတော့ မပြောနိုင်ပေ။ ဆန်းပြားသော လောကကြီးအကြောင်း ကျွန်မက မိအောင်မှ မတွေးမြင်နိုင်ဘဲကိုး။

အတွေးများစွာကို တွေးရင်း ရုတ်တရက် အိပ်မက်ထဲက ခွန်သာချိုကို သတိရလာပြန်၏။ ပြီးတော့ လမ်းမှာ ဒေါက်တာစိုင်းကျော်ထွန်းပြောပြသော . . .

"ပအို့ဝ်တိုင်းရင်းသားတွေဟာ အမေနဂါး၊ အဖေဇော်ဂျီက ဆင်းသက်လာတယ်လို့ အဆိုရှိပါတယ်"

ဆိုတဲ့ စကားကိုလည်း ကြားယောင်မိလာပြန်၏။ မြင်ယောင် ကြားယောင်ခြင်းတို့နဲ့အတူ အစွဲအလမ်းကြီးတတ်တဲ့ ကျွန်မ၏စိတ်ထဲတွင် ဤနေရာဤဒေသမှာ ခွန်သာချိုနှင့်အတူ ရှိနေချင်၏။ ရုပ်ပွားတော်အဆူဆူ၏ ရှေ့မှောက်တွင် တူနှစ်ကိုယ်ယှဉ်တွဲကာ ဆုတောင်းဆုယူပြုချင်၏။ အေးအေးစိတ်တွေနဲ့ ပြည့်သိပ်နေ၏။ တမ်းတစိတ်တို့နဲ့ ငိုရှိုက်လိုက်ချင်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်တွင် ပအိုဝ်ဝတ်စုံအပြည့်နဲ့ လူတစ်ယောက် ကျွန်မအနား သို့ ရောက်လာသဖြင့် ကျွန်မမော့ကြည့်လိုက်တော့ ...

"ဟင် .... ခွန်သာချို"

ဟု ကျွန်မနှုတ်က ရုတ်တရက်ထွက်သွားမိ၏။ သူကတော့ ခပ် ပြုံးပြုံးပင်။ သို့သော် ကျွန်မ ဆက်လက်ခေါ်ပြော နှုတ်ဆက်ခြင်းကို မပြုရ ပါချေ။ ကျွန်မ ခွန်သာချိုကို တွေ့ခဲ့ခြင်းသည်ကား အိပ်မက်ထဲမှာ မဟုတ်ပါ လော။ အိပ်မက်ကို တကယ်ပါဟု ပြောဆိုခြင်းသည်ကား မည်သည့်အတိုင်း အတာအထိ ယုတ္တိရှိမည်နည်း။

ထို့ကြောင့် ကျွန်မ ထိုလူကို မသိဟန်ပြုကာ အနီးရှိ ဘုရားဆင်း တုတော်ကို ဦးခိုက်ရှိခိုးလိုက်၏။ ကျွန်မဦးခိုက်ပြီး၍ အနီးသို့ဝေ့ကြည့်လိုက် သောအခါ စောစောက ပအိုဝ်ဝတ်စုံအပြည့်နဲ့ သူက ကျွန်မအနားတွင် ဘုရားဝတ်ပြုနေသည်ကို တွေ့ရပြန်၏။ ကျွန်မက အံ့သြမှုများနှင့်အတူ မျက်လုံးအပြူးသား၊ ပါးစပ်အဟောင်းသားနှင့် ထိုလူကို ကြည့်နေမိသော အခါ သူငယ်ချင်းများက ...

"နန်းခမ်းမွန် ... မင်းက ကြို့တင်ဒိတ်လာပြီး ခုမှ ဘာမသိပါ ဘူး ငြင်းမလို့လဲ"

"ဟုတ်တယ် ...။ ဒီမှာ ကင်မရာနဲ့ မှတ်တမ်းတင်ပြီးပြီး"

"ဗြာနရောက်မှ power point နဲ့ကို ပြမှာ။ ပြီးမှ Internet တင် မယ်။ နိုင်ငံခြားရောက်နေတဲ့ သူငယ်ချင်းတွေပါ တစ်ခါတည်း အသိအမှတ် ပြုသွားကြရအောင်"

ဟု နောက်ပြောင်ကျီစယ်ကြ၏။

ထိုအခါ ကျွန်မအဖို့မှာ ငြင်းပယ်ရမည်လား၊ ကျေနပ်ရမည်လား။ ကြည်နူးရမည်လားဆိုသည်ကို မသိသော မျက်ဝန်းအစုံဖြင့် တွေတွေကြီး ရပ်ကြည့်နေမိ၏။ ထိုအခါ သူငယ်ချင်းများက ရယ်ကြ၏။ ပအိုဝ်ဝတ်စုံ ဝတ်ထားသော အမျိုးသားက ရှေ့သို့ဆက်လျှောက်သွားလေပြီ။ ကျွန်မကဲ တော့ ငိုင်နေဆဲ။ ထိုစဉ် သူငယ်ချင်းများက ...

စိတ်ကူးသစ်စာပေ



"နန်းခမ်းမွန် ... ဘာကြောင်နေတာလဲ၊ လိုက်သွားလေ ... လိုက်သွား"

တဲ့။ သူတို့က ဝိုင်းပြီး နောက်ပြောင်ကြပြန်၏။ ကျွန်မကတော့ မချိပြုံးလေးပြုံးရင်း ခပ်ယဲ့ယဲ့လေးသာ ရှေ့သို့ ဆက်လျှောက်လိုက်မိ၏။ ထိုစဉ်မှာပင် ဤသူသည် အိပ်မက်ထဲက ခွန်သာချိုဟုတ်လေမလားဟူသော အတွေးတို့ဖြင့် ရင်ထဲတွင် ခွေးစိတ်များက ကဲလာ၏။ ကြွေကျလာမည့် ပုလဲမျက်ရည်ဥတို့ကို အနိုင်နိုင်ကြိုးစားကာ ခပ်ထုတ်နေရသေး၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၁၂ |

❑

ပင်းတယမှ အောင်ပန်းသို့ အသွားတွင်တော့ ကားပေါ်တွင် သီချင်းဆိုသူကဆို၊ လက်ခုပ်တီးသူကတီးနှင့် မြိုင်မြိုင်ဆိုင်ဆိုင် ရှိသလောက် ကျွန်မစိတ်ထဲမှာတော့ မချိသော နှလုံးသား၊ မပြုံးနိုင်သောမျက်နှာနှင့် ငြိမ်သက်နေမိ၏။ ထို့ပြင် ဒီရှမ်းပြည်ခရီးစဉ်ကို နှစ်သက်သဘောကျသလောက်၊ ဤအိပ်မက်ကိုလည်း ဘာကြောင့် စွဲလမ်းနေမိပါသနည်းဟု ကိုယ့်ကိုယ်ကိုယ်မေးခွန်းထုတ်နေမိ၏။ သူငယ်ချင်းများကတော့ ...

"နန်းခမ်းမွန် ... ငြိမ်ချက်သား ကောင်းလှချည်လား"

တဲ့။ ကျွန်မ ပြုံးပြရုံသာ ပြုံးပြပြီး ငြိမ်ငြိမ်လေး ပြန်နေလိုက်တယ်။ ထိုအခါ ရွှေဝါက စလာပြန်ပါတယ်။

"နန်းခမ်းမွန် ... မင်း ရွှေဥမင်ဂူထဲမှာ ပြောတာကို ဆက်ပြောဦးလေ"

"ဘာကိုလဲ"

"နောက်မှ ဆက်ပြောမယ်ဆိုတာ"

ရွှေဥမင်ဂူထဲမှာ ပြောခဲ့တဲ့စကားတွေကို အစဖော်ပေးတော့ ကျွန်မစိတ်ဝင်စားသလို ပြန်ဖြစ်သွားပြီး ...





"အေး ... ဟုတ်တယ်။ ငါတွေးမိတာတွေ ရှိသေးတယ်။ အဲဒီနေရာမှာ တစ်ချိန်က လူသူအရောက်အပေါက် နည်းခဲ့လိမ့်မယ်။ သူတော်စင်သူတော်ကောင်းတွေ၊ ဝိဇ္ဇာဇော်ဂျီတွေ၊ စစ်သည်သူရဲကောင်းတွေ ရောက်ခဲ့လိမ့်မယ်လို့ ပြောခဲ့တယ်မဟုတ်လား"

"အေးလေ ... အဲဒီတော့"

"အဲဒီတော့ ဒီနေရာ ဒီဒေသကိုရောက်တဲ့ ပုဂ္ဂိုလ်တွေဟာ သာမန်လူတွေ မဖြစ်နိုင်ဘူး၊ သူနေရာနဲ့သူ ထက်မြက်တဲ့ လူစွမ်းကောင်းတွေ၊ ပါရမီရှင်တွေ၊ အဲဒီလို ပုဂ္ဂိုလ်မျိုးတွေပဲ ဖြစ်ကြမယ်"

"အေး ... မင်းတွေးတာ သဘာဝကျတယ်"

"ဒါတင်မကဘူး"

"ဆက်ပြောပါဦး"

"လူစွမ်းကောင်းတွေ ပါရမီရှင်တွေ။ အဲ ... အဲဒီလိုလူတွေ တစ်ဦးနဲ့တစ်ဦး ဆုံတွေ့ကြရင်"

"ကဲ ... ဆက်ပါဦး"

"အင်း ... အဲဒီလိုဆုံတွေ့ကြရင် တစ်ဦးနဲ့တစ်ဦး လေးစားမြတ်နိုးကြမယ်။ ကူညီစောင့်ရှောက်ကြမယ်။ အေးချမ်းလှတဲ့ ဒီနေရာ၊ ဒီပတ်ဝန်းကျင်ဟာ သာယာမှုအတိရှိမယ်ပေါ့"

"ဟာ ... မင်း အတော်စိတ်ကူးယဉ်တာပဲနော်"

"စိတ်ကူးယဉ်တာ မဟုတ်ဘူး။ ဒီနေရာ ဒီဒေသမှာ ဆုံစည်းသူတွေကလည်း ဘဝအဆက်ဆက်က ရေစက်ပါသူတွေမှ ဆုံနိုင်တာ၊ သုခနွေးမယ်နော်ဇာတ်လမ်းကိုပဲကြည့်၊ ပုံပြင်လို့ ဆိုပါစေဦးတော့ ပုံပြင်တွေရဲ့နောက်ကွယ်မှာ ငြင်းလို့မရနိုင်တဲ့ အမှန်တရားတွေက ရှိတတ်ကြစမြဲပဲ"

ဟု ကျွန်မကပြောတော့ သူတို့က ကျွန်မကို တွေးမှတွေးတတ်ပလေဟု ဆိုကြပြန်၏။ ကျွန်မကတော့ ကျွန်မဘာသာတွေး၊ ကျွန်မဘာသာပြောရင်း မျက်စိထဲတွင် ရွှေဥမင်ဂူနှင့်တကွ တောညို့ညို့၊ တောင်မြိုနှင့် ပုန်းတလုတ်ရေကန်ကြီးတို့ကို မျက်စိထဲတွင်မြင်ယောင်ရင်း ကြည်နူးမိသလို

www.burmeseclassic.com



ဒီနေရာ၊ ဒီဒေသတွင်ရှိခဲ့ပြီး ရှိနေဆဲ၊ ရှိလတ္တံ့သော ပါရမီရှင်ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်များအား မေတ္တာပို့သနေမိတယ်။ စိတ်ထဲမှာလည်း ကြည်နူးမှုတွေနဲ့ ငြိမ်သက်နေပြန်ပါတယ်။ သူငယ်ချင်း ဥမ္မာကတော့ ...

"ဟိတ် ... နန်းခမ်းမွှန်၊ ငြိမ်သွားပြန်ပြီ။ ဒီတစ်ခါတော့ ရွှေဥမင်ဂူထဲမှာ ဘုရားအတူဖူးခဲ့တဲ့ ပအိုဝ်အမျိုးသားလေးအကြောင်း တွေးနေတာဖြစ်မယ်"

တဲ့။ ကျွန်မ ဒီတစ်ခါတော့ ခပ်ယဲ့ယဲ့လေးသာ ပြုံးပြပြီး ဆက်လက်တွေးတောနေမိတာတော့ အမှန်။ ရွှေဥမင်ဂူထဲတွင်တွေ့ခဲ့သော ပအိုဝ်အမျိုးသားသည် မည်သူဖြစ်မည်ကိုတော့ မတွေးတတ်။ ထိုသူအပါအဝင် အိပ်မက်ထဲက ခွန်သာချို။ ဒါ့အပြင် ကျွန်မတို့ငယ်စဉ်က အတူကျောင်းတက်ခဲ့ရသော ပအိုဝ်တိုင်းရင်းသားလေ ခွန်သာမောင်။ သူတို့တွေ၊ သူတို့တွေကို ဆက်စပ်ကြည့်မိတာကတော့ဖြင့် အမှန်ပင်။

ကျွန်မတို့ ငယ်စဉ်ကတက်ခဲ့သော အလယ်တန်းကျောင်းတွင် ပရဟိတဂေဟာတစ်ခု၏ ထိုဂေဟာတွင် ပအိုဝ်တိုင်းရင်းသားများကို ခေါ်ယူစာသင်ပေး၏။ ထိုအထဲမှ ခွန်တီးတုတ်၊ ခွန်ကျော်ဇော၊ ခွန်သာမောင် စသော ပအိုဝ်တိုင်းရင်းသားများဖြင့် ရင်းနှီးခဲ့၏။ ထိုအထဲတွင် အိပ်မက်ထဲမှ ခွန်သာချိုပြောခဲ့သလို ပိုးထိ၍ သေဆုံးခဲ့သော ခွန်သာမောင်လည်းပါ၏။ အိပ်မက်ထဲတွင် ခွန်သာချိုက ...

"နန်းခမ်းဝါနောက်ကိုလိုက်ရင်း ပိုးထိသေဆုံးခဲ့တာ။ ဒါကြောင့် ကိုယ့်ရဲ့အကြီးအကဲတွေက ရှမ်းပြည်ကလွဲရင် အဝေးကို ပေးမသွားဘူး"

တဲ့။ ဒါဆို ငယ်ငယ်က ပိုးထိသေဆုံးခဲ့တဲ့ ခွန်သာမောင်က အိပ်မက်ထဲက ခွန်သာချိုပဲပေါ့။ ဟုတ်ပါတယ်။ ခွန်သာမောင်ကလည်း နန်းခမ်းမွှန်ကို စတွေ့ကတည်းက သံယောဇဉ်ကြီးခဲ့တာ။

ပြီးတော့ ...

ပြီးတော့ အကြီးအကဲတွေက ခွင့်မပြုလို့ ခွန်သာချိုက ခမ်းဝါခေါ် ခမ်းမွှန် ရှမ်းပြည်ရောက်တုန်း နောက်ကလိုက်နေတာပေါ့။ ဒါဆို ရှမ်းပြည်





ကပြန်ရင် ခွန်သာချိုကို မတွေ့ရတော့ဘူးပေါ့။ ခွန်သာချိုရဲ့ အကြီးအကဲတွေဆိုတာကော ဘယ်သူတွေလဲ။ ခွန်သာချိုဆိုတာကော ဘယ်လိုပုဂ္ဂိုလ်မျိုးလေလဲ။ တွေးရင်းဆွေးစိတ်တို့နဲ့အတူ ပူပြင်းသော ပုလဲမျက်ရည်ဥများတောင် ပါးပြင်ပေါ်သို့ စီးကျလာ၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၁၃ ]

❑

စီးလာသောကားကြီး စက်ရှိန်ပျော့ပြီး လမ်းဘေးသို့ ထိုးရပ်လိုက်သဖြင့် ကြည့်လိုက်တော့ အောင်ပန်းရှိ စားသောက်ဆိုင်များဆီသို့ ရောက်လေပြီ။ အားလုံးကားပေါ်မှ ဆင်းကြပြီး စားသောက်ဆိုင်ထဲသို့ အစီအရီဝင်ကြ၏။ နေ့လယ်စာကို ထိုနေရာတွင် စားသောက်ကြ၏။

စားသောက်ပြီးသောအခါတွင် ဆိုင်တန်းများ၊ ဈေးသည်များဆီမှ လိမ္မော်သီးများ၊ ရွှေကန်စွန်းဥများ၊ လက်ဖက်ခြောက်၊ လက်ဖက်စိုများနှင့်တကွ သစ်ခွပင်မျိုးစုံတို့ကို သူထက်ငါ အပြိုင်အဆိုင် ဝယ်ယူကြ၏။

ထို့နောက် ကလောသို့ ခရီးဆက်ကြ၏။ စီစဉ်တုန်းက ကလောရှိ မြင်းမထိဂူသို့ သွားမည်ဖြစ်သော်လည်း အချိန်မရမည်စိုးသဖြင့် မြင်းမထိဂူသို့ မရောက်တော့။ နီးဘုရားသို့သာ သွားခဲ့ကြ၏။ နီးဘုရားမှ ပြန်လည်ထွက်ခွာသောအခါ ကျွန်မတို့၏ ရှမ်းပြည်အပြန်ခရီးကို စတင်ပေပြီ။

ရှမ်းပြည်အပြန်ခရီးတွင်တော့ ကျွန်မ၏စိတ်ထဲတွင် အဆွေးစိတ်တို့ဖြင့် မွန်းကျပ်နေ၏။ ပြုတ်ကျလုဆဲဆဲ မျက်ရည်နတို့ကို မျက်တောင်နှင့်





အနိုင်နိုင် ပုတ်ခတ်နေရ၏။ တော်ပေသေးသည်။ ကျွန်မတို့ စီးလာသောကားကြီးသည် aircon ပျက်သွားသဖြင့် ကားမှန်ကို ခဏတာဖွင့်ပြီး မျက်နှာကို ကားအပြင်ဘက် ထုတ်ထားရသောကြောင့်ပင်။ မဟုတ်လျှင် ဘာကြောင့်မျက်နှာမကောင်းသလဲဟူသော သူငယ်ချင်းများ၏အမေးကို ဖြေရဦးတော့မည်။

မျက်ရည်ဥ ဝိုးတဝါးကြားမှ ခွန်သာချို၏မျက်နှာကို မြင်ယောင်မိသလိုလိုပင်။ ကျွန်မကပဲ အစွဲအလမ်းကြီးလွန်းနေသလား။ လောကတွင်စိတ်သည်ကား စွမ်းအားအကြီးဆုံးဖြစ်သည်ကတော့ အမှန်ပင်။ စိတ်ကစွမ်းဆောင်လာပြီဆိုလျှင် သာမန်အားဖြင့် မမြင်နိုင်သည်ကိုလည်း မြင်နိုင်၏။ မကြားနိုင်သည်ကိုလည်း ကြားနိုင်၏။

ထို့ကြောင့် ဖြစ်မည်ထင်သည်။ လမ်းဘေးတစ်နေရာတွင် ခွန်သာချိုက ကျွန်မကို လက်ပြနှုတ်ဆက်နေသယောင် မျက်ရည်ဥများကြားမှ ကျွန်မမြင်လိုက်ရ၏။ ဤသည်ကို ကျွန်မကလည်း တစ်ဖန်ပြန်လည်၍ လက်ပြနှုတ်ဆက်လိုက်မိ၏။ ကျွန်မအပြုအမူကို မြင်လိုက်သော ရွှေဝါက ...

"ဟဲ့ ... ဟဲ့ ... နန်းခမ်းမွန်၊ ဘာလုပ်တာလဲ ... ဟား ... ဟား ... သစ်တုံးကြီးကို လက်ပြနှုတ်ဆက်နေတယ် ... ရယ်ရတယ်ဟော့ ဟား .... ဟား ...."

"ဘာ သစ်တုံးလဲ"

"ဟယ် ... နန်းခမ်းမွန် မျက်စိကော မြင်ရသေးတယ်နော်။ ဟား ဟား ... သစ်တုံးမဟုတ်ရင် ခမ်းမွန် ဘယ်သူ့ကို လက်ပြတာလဲ"

ဟု ရွှေဝါကမေး၏။ ကျွန်မက အငိုမျက်နှာကို ဟန်ဆောင်ပြုံးရင်း ...

"ရှမ်းပြည်က သစ်တုံးကြီးကလည်း လွမ်းစရာကောင်းလို့ နှုတ်ဆက်တာ"

ဟု ကျွန်မက ပြောမိပြောရာ ပြောလိုက်၏။ အားလုံးက ရယ်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ ရှမ်းပြည်အပြန်ခရီးကို စသောအချိန်သည် ညနေစောင်းချိန်ဖြစ်သဖြင့် အိပ်တန်းပြန်ငှက်အချို့ကို တွေ့ရ၏။ အိပ်တန်းပြန်ငှက်ကလေးများကို တွေ့ရတော့လည်း အင်းလေးရေပြင်မှာ တွေ့ရသော စင်ရော်ငှက်တွေကို သတိရပြန်၏။ ပြီးတော့ Sweet Dream Hotel မှာ ပထမဦးဆုံးမက်သည့် အိပ်မက်ထဲမှာလည်း အင်းလေးရေပြင်မှာ ကျွန်မ ပခုံးပေါ်သို့ တက်ရင်း လိုက်ပါလာသည့် ငှက်ကလေးခွန်သာချိုလိုလို ခံစားခဲ့ရသေးတယ်။

"ဟွး ... တကယ့်ကိုပါပဲလား ... ခွန်သာချိုရယ်"

❁ ❁ ❁

[ ၁၄ ]

❑

ခုတော့ဖြင့် ...

ကျွန်မ ဟသ်ာတတက္ကသိုလ်မှာ ...

အလုပ်တွေလည်း များ၏။ ကပွဲများ၊ အားကစားပွဲများ Duty များ၊ အစည်းအဝေးများ၊ သင်ကြားရေးများ၊ ဘာများ၊ ညာများ အားလုံးများ၏။

ထို့ကြောင့် အတော်ကလေးနေသားကျတော့မှ ရန်ကုန်တက္ကသိုလ်မှ သူငယ်ချင်းများနှင့် တောင်ကြီးခရီးစဉ်အကြောင်း စားမြုံ့ပြန်နိုင်၏။ တခြားသူငယ်ချင်းများလည်း ထို့အတူပင်ဖြစ်ပေလိမ့်မည်။ တကယ်တော့ တောင်ကြီးခရီးစဉ်က ပြန်လာလာရင်း အပြောင်းအရွှေ့များ ထွက်၏။ လျှောက်ထားသူရော မလျှောက်သူများပါ အားလုံးပြောင်းကြရ၏။

တချို့သည်ပင် တောင်ကြီးခရီးစဉ်က ပြန်လာလာရင်း၊ လားရှိုးတက္ကသိုလ်၊ ပင်လုံတက္ကသိုလ်၊ တောင်ကြီးတက္ကသိုလ်များဖြစ်၍ ရှမ်းပြည်သို့ ပြန်လှည့်ကြရ၏။ တချို့မှာတော့ ကျွန်မကဲ့သို့ ရန်ကုန်နှင့် အနီးဆုံးမအူပင်တက္ကသိုလ်၊ ဟသ်ာတတက္ကသိုလ် တို့ရောက်၍ တချို့မှာလည်း မြိတ်တက္ကသိုလ်၊ ထားဝယ်တက္ကသိုလ်၊ စစ်တွေတက္ကသိုလ်များသို့ သွားကြရ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် တောင်ကြီးခရီးစဉ်ကို မသွားခင်က ရွှေဝါပြော သလို နောက်ဆုံးခရီးစဉ်ဟု မဆိုနိုင်သော်လည်း ပြန်ဆုံဖို့တော့ မလွယ် လှ။

ကျွန်မကတော့ ဟဿာတတက္ကသိုလ်မှာ တာဝန်ထမ်းဆောင်ဖို့ ရှမ်းပြည်မသွားခင်ကတည်းက ကြိုတင်လျှောက်ထားခဲ့ခြင်းပါ။ ကျွန်မ ဖေဖေ့ရဲ့ အစီအစဉ်အရပေါ့။ သို့သော် ...

ရှမ်းပြည်ခရီးစဉ်က ပြန်လာတော့ ကျွန်မစိတ်ကူးများ ပြောင်းသွားတာကတော့ဖြင့် အမှန်ပင်။ အသီးအရွက် အစားအသောက်များလတ်ဆတ်ပြီး ပျော်စရာကောင်းသော ရှမ်းပြည်ကို ချစ်၏။ ရှမ်းပြည်ကို တမ်းတ၏။ ရှမ်းပြည်မှာ တာဝန်ထမ်းဆောင်ချင်၏။

ထို့ကြောင့် ကျွန်မ လျှောက်ထားသော ဟဿာတတက္ကသိုလ်သို့ မရောက်ဘဲ ရှမ်းပြည်အတွင်းက တက္ကသိုလ်တစ်ခုခုမှာ စိတ်ကူးဖြင့် တာဝန်ထမ်းဆောင်ကြည့်၏။ ဆလတ်ရွက်လတ်လတ်များကို စားကြည့်၏။ မုန့်ညင်းရွက်ဟင်းချိုနှင့် ရွှေကန်စွန်းဥအစိမ်းများကို အတို့အဖြစ်တို့ကြည့်၏။ တို့ဟူးသုပ်ကိုလည်း စားကြည့်၏။ ရှမ်းပဲပုတ်ကြော်သည့်လည်း မွှေးပျံ့၏။ ထို့မှမက ရှမ်းထမင်းချဉ်ကို တစ်နပ်စား၍ ရှမ်းခေါက်ဆွဲကိုလည်း တစ်ဝစား၏။

သို့သော် ရှမ်းပြည်က ပြန်ရောက်ပြီး (၁)ပတ်အကြာတွင် အပြောင်းအရွှေ့ထွက်၏။ ကျွန်မ ဟဿာတတက္ကသိုလ်တဲ့။ ကျွန်မ၏စိတ်ကူးတို့ ဖြစ်မလာခဲ့သော်လည်း ကြိုတင်စီမံထားသော အရာတို့သည်ကား ဖြစ်လာခဲ့ပြီး အဆင်ပြေပါ၏။

ထို့ကြောင့် ရှမ်းတောင်တန်းကြီးတွေနှင့် Sweet Dream မှ ချစ်အိပ်မက်သည့် တစ်ခန်းရပ်ခဲ့ပြီဟု ထင်ထားခဲ့၏။ သို့သော် ကြုံကြိုက်ချင်တော့ ဖေဖော်ဝါရီ (၁၂)ရက်၊ ပြည်ထောင်စုနေ့က နီးကပ်လာလေတော့ ရှမ်းပြည်နယ်ကြီးနှင့် ရှမ်းတိုင်းရင်းသားတို့သည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လာပေပြီ။

ကျွန်မတို့ ဟဿာတတက္ကသိုလ်မှာ ပြည်ထောင်စုနေ့အထိမ်းအမှတ်ပွဲကျင်းပတော့ ကျွန်မတို့ဌာနက ရှမ်းအကဖြင့် ပါဝင်ဖျော်ဖြေ၏။ ထို့ကြောင့်





ရှမ်းပြည်အကြောင်း စိတ်ကူးမယဉ်အားသော်လည်း လက်တွေ့အားဖြင့် ပါဝင်ဆင်နွှဲရပေပြီ။ ကျောင်းသူ၊ ကျောင်းသားများအတွက် ရှမ်းရိုးရာဝတ်စုံများ ငှားတန်တာငှား၊ ချုပ်တန်တာချုပ်၊ ဝယ်တန်တာဝယ်၊ သီချင်းရွေး အကတိုက် စသည်ဖြင့် အလုပ်များနေ၏။

ဒီလိုနှင့် အကတိုက်တဲ့နေ့တိုင်းမှာတော့ ...

"ရှမ်းရိုးမက အိုးစည်သံ ... ဗေထုံတီးလို့ညံ"

ဟူသော မြူးကြွသော တေးသံနှင့်အတူ ကျောင်းသူကျောင်းသားတို့၏ ကကွက်များဖြင့် ကျွန်မ ကြည်နူးမဆုံးနိုင်တော့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## | ၁၅ |

❑

ကပွဲနေ့သို့ ရောက်ခဲ့လေပြီ။

ကျွန်မတို့ မြန်မာစာဌာနမှ ဆရာ၊ ဆရာမအချို့က ဌာနမှာ ရှမ်းအက,ကမည့် ကျောင်းသား၊ ကျောင်းသူများအား မိတ်ကပ်၊ အဝတ်အစားများ ပြင်ဆင်ပေးပြီး ကပွဲကျင်းပမည့် ဟသ်ာတတက္ကသိုလ်ရှိ ရွှေဟသ်ာခန်းမသို့ ခေါ်ဆောင်သွားကြပါတယ်။

သို့သော် ကပွဲကျင်းပမည့်အချိန်တွင် ပါမောက္ခချုပ်ကြီးနှင့်တကွ လူကြီးများ မအားသေး။ အရေးပေါ်ကိစ္စများ စီစဉ်နေရ၏။ ထို့ကြောင့် ကပွဲကို ခေတ္တအချိန်ဆွဲပြီး တိုင်းရင်းသားအကများအစား ကျောင်းသားကျောင်းသူများအား သီချင်းဆိုစေ၍ အခမ်းအနားကို ခေတ္တထိန်းထားပါတယ်။

ထို့ကြောင့် အစီအစဉ်ကြေညာသူက . . . 'ဒုတိယနှစ် ရူပဗေဒ ကျောင်းသား မောင်သက်ပိုင်ဦးက 'ပြန်ခဲ့မယ် ဟသ်ာတမြေ' သီချင်းဖြင့် ဖျော်ဖြေပါ့မယ်ရှင်' ဟု ကြေညာလိုက်သောအခါ ကျောင်းသားကျောင်းသူများ၏ လက်ခုပ်သံက မိုးထိအောင် ပျံ့လွင့်သွားလေသလားဟု ထင်ရ၏။

ထိုအချိန်တွင် ကျွန်မသည် ရွှေဟသ်ာခန်းမထဲတွင် မရှိပါ။ ကျွန်မကို ဌာနမှ ရှမ်းအကကမည့် ကျောင်းသူကျောင်းသားများအား ရွှေဟသ်ာ





ခန်းမဘေးရှိ အခန်းကျဉ်းထဲတွင် လိုအပ်သည်များ မှာကြားပြင်ဆင်ပေးနေသောကြောင့်ပင်။ ထိုအချိန်မှာပင် မောင်အောင်သက်ပိုင်ဦးရဲ့ သီချင်းသံက ကျွန်မတို့အခန်းထဲအထိ ပျံ့လွင့်လာကာ . . .

'ပြန်လာမယ် . . . ငယ်ချစ်ဦးရေ၊ ဟသ်ာတမြို့က နေတိုင်းလွမ်းနေသူ' ဟူသော အသံက ကျွန်မရင်ကိုပါ လှုပ်ခတ်လာစေ၏။ ထို့ကြောင့် ကျွန်မ အခန်းကျဉ်းလေးထဲမှ ရွှေဟသ်ာခန်းမရှိရာ ထွက်လာပြီး ကြည့်လိုက်တော့ ကျွန်မနှုတ်မှ . . .

"ဟယ် . . . ."

ဟုပင် ရုတ်တရက် ရေရွတ်လိုက်မိ၏။

အကြောင်းမှာ . . . . .

မောင်အောင်သက်ပိုင်ဦးဆိုသောသီချင်းသည် ဟသ်ာတတက္ကသိုလ်ရှိ ကျောင်းသူကျောင်းသားတိုင်း၏ အသည်းစွဲသီချင်း။ ထိုသီချင်းကို မည်သူဆိုဆို ကျောင်းသူ၊ ကျောင်းသားတိုင်း အားပေးကြ၏။ နှစ်သက်သဘောကျကြ၏။ သီချင်းစာသားလေးတွေထဲမှာ အဝေးရောက်ချစ်သူက ငယ်ချစ်ဦး ဟသ်ာတသူထံ ပြန်လာမည်ဟု ကတိစကားပြောကြားသော သီချင်းလေးဖြစ်ပါတယ်။

ဒါကြောင့် ဟသ်ာတသူတိုင်း အသည်းစွဲရသလို ဟသ်ာတရောက်ကျွန်မလည်း ခံစားလို့ရတဲ့သီချင်းလေးပါ။ ဒါတင်မကဘဲ ငယ်သူငယ်ချင်းခွန်သာမောင်တဖြစ်လည်း ခွန်သာချိုကို ဒီသီချင်းလေးကြားတိုင်း တမ်းတမိတာလည်း အမှန်။ ဒါကြောင့် ကျွန်မဘေးအခန်းလေးထဲက ရွှေဟသ်ာခန်းမထဲကို အပြေးထွက်လာခဲ့တာပေါ့။

ကျွန်မ အံ့သြရခြင်းအကြောင်းကတော့ သီဆိုသူ မောင်အောင်သက်ပိုင်ဦးသည် ရှမ်းဝတ်စုံနဲ့ ဖြစ်နေခြင်းကြောင့်ပင်။ တဖြည်းဖြည်း စဉ်းစားမိတော့မှ ဟုတ်ပေသားပဲ။ သူတို့ ရူပဗေဒဌာနကလည်း ဒီကပွဲမှာ ရှမ်းအကနဲ့ပဲ ပါဝင်ဖြေဖျော်မှာပဲကိုး။ အရေးပေါ်အစီအစဉ်မှာ ဝင်ဆိုရတာဆိုတော့ ဝတ်ပြီးသား ရှမ်းဝတ်စုံနဲ့ဆိုတာ မထူးဆန်း။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူတို့၏ အရေးပေါ်အစီအစဉ်သည် ကျွန်မအတွက် ထူးဆန်း၏။ ကျွန်မနှလုံးသားကို ဆို့နင်တွေဝေစေ၏။ စိတ်ကူးမယဉ်ပါသော်လည်း ခံစားချက်ကို ဒက်ထိ၊ ကွက်တိ အကြိမ်ကြိမ် အခါခါ တိုးမိနေ၏။ ထိုမှုကက ရှမ်းဝတ်စုံအပြည့်နဲ့ဆိုတော့ ကိုယ့်ကို စောင်းဆိုနေသည်ဟုပင် ခံစားနေရ၏။ ထို့ကြောင့် မျက်ဝန်းထဲက လျှံကျလာမည့် ပုလဲမျက်ရည်ဥများကို ထိန်းရင်း ရွှေဟသ်ာခန်းမထဲမှ အမြန်ပြန်ထွက်ခဲ့ရပါ၏။

ကပွဲတွေပြီးတော့ ရှမ်းအကကို ဦးဆောင်သင်ပေးသော ရှမ်းတိုင်းရင်းသူ ဆရာမနှင့် ကျွန်မစကားလက်ဆုံ ပြောဖြစ်၏။ ထိုအခါ ရှမ်းစော်ဘွားမျိုးရိုးများအကြောင်း ကျွန်မမေးကြည့်၏။ သူကလည်း စိတ်ရှည်လက်ရှည် ရှင်းပြ၏။ သူရှင်းပြသော စကားများထဲတွင် စော်ဘွားတွေက သူတို့ရဲ့အမည်တွေရှေ့မှာ ‘စဝ်’ကိုထည့်ပြီး မှည့်လေ့ရှိတယ်လို့ ပြောတဲ့အခါမှာတော့ ကျွန်မက …

“သြ …. ဒါကြောင့်ကိုး”

လို့ ရုတ်တရက် ပြောလိုက်မိတယ်။ ဒီတော့ ရှမ်းဆရာမက …

“ညီမလေး … ဘာကြောင့်လဲ” တဲ့။

ဒီတော့ ကျွန်မ ဟိုလိုလို၊ ဒီလိုလို မရေမရာဖြေခဲ့မိ၏။ တကယ့်အကြောင်းရင်းကတော့ ကျွန်မကို အိပ်မက်ထဲမှာ ခွန်သာချိုက ‘စဝ်ခမ်းဝါ’ လို့ခေါ်ခဲ့တာ မဟုတ်လား။ ပြီးတော့ အိပ်မက်ထဲမှာ ကျွန်မက စော်ဘွားမျိုးရိုးထဲကပဲ မဟုတ်လား။ အိပ်မက်သည် တကယ်မဟုတ်ဟု ကျွန်မခံယူချင်သော်လည်း ကျွန်မအိပ်မက်သည် အကျိုးအကြောင်းအားဖြင့် ညီညွတ်မှုရှိနေသည်ကိုက ငြင်းမရ။

✿ ✿ ✿

| ၁၆ |

နောက် (၂) ပတ်ခန့်အကြာတွင် …

“နန်းခမ်းမွန် … ဒီမှာ ရန်ကုန်က CD နဲ့ ဓာတ်ပုံတွေ လူကြုံပေးလိုက်တယ်”

“သြ … ဟုတ်လား၊ ခင်စံပယ် … ကျေးဇူးပဲနော်”

ဟုဆိုကာ ကျွန်မဓာတ်ပုံတွေကိုယူပြီး ကြည့်လိုက်သောအခါ ရုတ်တရက် ငိုင်နေမိ၏။ ခဏကြာတော့မှ ကျွန်မတစ်စချင်း တွေးကြည့်မိပြန်၏။

ထမ့်စမ့်ဂူ။

ထမ့်စမ့်ဂူအတွင်း မှောင်နေသော နေရာမှာ သူငယ်ချင်းများက ဓာတ်ပုံရိုက်ရန် အဲဒီနေရာမှာရပ်ဟု ဖွတ်အတင်းအမိန့်ပေး၏။ ကျွန်မက သူတို့အမိန့်အတိုင်း ဟန်ရေးပြ၏။ မှောင်သည်ဆိုသော်လည်း ပိန်းပိတ်အောင် မှောင်နေသည်မျိုးမဟုတ်။ ဘေးနားတွင် မည်သူရှိမရှိကိုတော့ သိနိုင်၏။ ဟုတ်တယ် …။ ကျွန်မ အဲဒီနေရာမှာ ရပ်တုန်းက အနားမှာ ဘယ်သူမှမရှိ။

ခုတော့ ဓာတ်ပုံထဲမှာ အိပ်မက်ထဲက ခွန်သာချိုနှင့်တူသော အမျိုးသား၏ ပုံရိပ်ကပါနေ၏။ ထားပါတော့။ ရွှေဥမင်ဂူမှာတော့ ခွန်သာချိုနှင့်



www.burmeseclassic.com

www.burmeseclassic.com



တူသော ရှမ်းရိုးရာဝတ်စုံနှင့် အမျိုးသားကို နောက်ပြောင်ပြီးပါအောင် ရိုက်လိုက်ပါ။ အခြားပုံတွေမှာကော ဘာကြောင့် ဒီလူပုံပါနေရတာလဲ။

တစ်ခု စဉ်းစားစရာရှိသည်က သူငယ်ချင်းများ နောက်ပြောင်ပြီး Computer နှင့် ဖန်တီးထားခြင်းပေလား။ ကွန်ပျူတာနှင့် ဖန်တီးသည်ဟု ထားပါဦး။ ကျွန်မအိပ်မက်ထဲတွင် ခွန်သာချိုက မြင်းနှင့် ကျွန်မဆီကိုလာသည်။ ဤအိပ်မက်ကိုတော့ ကျွန်မ ဘယ်သူ့ကိုမှ မပြောရသေး။ ဒါကြောင့် ဘယ်သူမှ မသိသေး။

သို့သော် ထမ့်စမ့်ဂူအပြင်ဘက်တွင်ရိုက်သော ဓာတ်ပုံတွင် ခွန်သာချိုရော မြင်းပါ ပါနေသည်။ ဤပုံကိုတော့ သူငယ်ချင်းများ ပြုပြင်ဖန်တီးထားခြင်းမဟုတ်နိုင်ရာ။

ထူးဆန်းလေစွ။

လောကတွင် ကျွန်မ မတတ်ကျွမ်းသေးသော သိပ္ပံအတတ်ပညာများရှိသကဲ့သို့ ကျွန်မ လိုက်မမီသေးသော ဂမ္ဘီရပညာများကလည်း များပြားလေစွ။

. . . . . . . . . . . . . ။

. . . . . . . . . . . . . ။

အတွေးများစွာနှင့်အတူ Sweet Dream မှ ချစ်အိပ်မက်သည် တကယ်လေလား၊ အဟုတ်လား။

လွမ်းမောတသစွာဖြင့် . . .

ရှမ်းတောင်တန်းကြီးများဆီသို့ သွားပြီး ခွန်သာချိုအကြောင်း စူးစမ်းရှာဖွေမည်ဟု နှလုံးပိုက်လျက်။

နန်းရွှေရည်



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

အချိန်က ည (၉) နာရီ။

နေရာက ဂါတ်သစ်လို့ခေါ်တဲ့ ရဲစခန်းတစ်ခုထဲရဲ့ အတွင်းထဲကို ရီဝေဝေနဲ့ ရောက်လာတဲ့သူက ရဲတပ်သား ဇော်မိုးနိုင်။

ယစ်ထုပ်ကြီးမဟုတ်ပေမဲ့ အပေါင်းအသင်းတွေနဲ့ဆုံရင် တစ်ခါ တလေ ဒီလိုပဲ အမြှုပ်သောက်ရင်း အိမ်အပြန်လမ်းမှာ သိုင်းကွင်းခင်းရင်း ပြန်လာတတ်တယ်။ ကိုယ်က ရဲတပ်ဖွဲ့ဝင်ဆိုတော့ ပြည်သူတွေအထင်သေး မှာကိုလည်း စိုးရိမ်နေပာယ်။ ကိုယ်ကို ထိန်းလိုက်၊ သတိနဲ့လျှောက်လာ လိုက်နဲ့ တစ်နေရာကိုလည်း ရောက်ရော စင်းနေတဲ့မျက်လုံးတွေက အနည်း ငယ် ကျယ်သွားတယ်။

သူ့ရဲ့ရှေ့ အပိုင်းပိုင်းဖြတ်ထားတဲ့ သံထည်တွေပေါ်မှာ ထိုင်နေ တဲ့ လူတစ်စုကို ညအမှောင်မှာတွေ့လိုက်လို့ပါ။ အဝတ်စားမပါ၊ ကိုယ်တုံး လုံးတွေနဲ့ သူ့ကိုထိုင်ကြည့်နေတဲ့ မျက်လုံးတွေက မကျေနပ်ဟန်မှာ အထင်း သား။ သူလို ရဲတပ်ဖွဲ့ဝင်တစ်ဦးကို ဒီလိုကြည့်ကြတဲ့ လူတွေကို မခံချိ စိတ်တွေနဲ့ ပြန်ကြည့်ရင်း ...

---

စိတ်ကူးသစ်စာပေ



"ဘယ်ကောင် ..."

ဝေါက်ငမ်းဖို့ ပြင်လိုက်တဲ့ သူ့ပါးစပ် ချက်ချင်းပြန်ပိတ်သွားရင်း အခုမှ မျက်လုံးတွေ ပြူးကျယ်သွားတယ်။ သောက်ထားသမျှတွေ ကြက် ပျောက်ငှက်ပျောက် ပျောက်ကုန်တယ်။ ဒီလိုအချိန် ဒီလိုနေရာမှာရှိနေတဲ့ ဒီလူတွေက အခုမှ သတိရသွားရင်း တစ်ချိုးတည်း ထွက်ပြေးလာခဲ့တော့ တယ်

"အောင်မယ်လေးဗျ ... သရဲ ... သရဲ ..."

ဘယ်လောက်ပဲဆိုးရွားတဲ့ တရားခံဖြစ်ဖြစ်၊ မကြောက်မရွံ့ ရင် ဆိုင်သတ်ပုတ်ပြီး ဖမ်းဆီးနိုင်ခဲ့တဲ့ ဇော်မိုးနိုင်တစ်ယောက် လိပ်ပြာလွင့် မတတ် အော်ရင်း နောက်ကိုလှည့်မကြည့်တမ်း ဖနောင့်နဲ့တင်ပါး တစ် သားတည်းကျအောင် ထွက်ပြေးလာခဲ့တော့တယ်။ မလှုပ်မယှက် ထိုင်ကြည့် နေတဲ့ ဒီလူစုထဲက တစ်ယောက်က သံထည်တွေပေါ်က ခုန်ချပြီးနောက် နောက်ကလိုက်သွားချိန်မှာ ခွေးဟောင်သံ၊ ခွေးအူသံတို့က တစ်မြို့လုံး ဆူ ညံသွားတော့တယ်။

"ဝုတ် ... ဝုတ် ... ဝုတ် ..."

"အူး ... ဝူး ... ဝူး ..."

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# | ၂ |

❑

အပိုင်းပိုင်း ဖြတ်ထားတဲ့ ဒီသံထည်တွေက ဘာတွေလဲ။

ဒီလူတွေက ဘယ်သူတွေလဲ။

အဖြေရှာကြည့်လိုက်ရင်တော့ ကျောချမ်းစရာပါ။ ၂၀-၇-၂၀၁၂ မနက် (၉)နာရီမှာ ပန်းမော်မြို့တစ်မြို့လုံး တုန်လှုပ်ချောက်ချားသွားစေတဲ့ အဖြစ်အပျက်တစ်ခု ဖြစ်ပွားခဲ့တယ်။

အမြန်ရေယာဉ်လို့ ခေါ်တဲ့ ရုပ်ပြေးရေယာဉ်တစ်စီး။ နာမည်က မြမင်းအောင်။ မိုးတွေ သဲသဲမဲမဲ ရွာနေတဲ့အချိန် တာပိန်မြစ်ရေကလည်း တိုးနေတုန်းမှာ သတ်မှတ်ထားတဲ့ ခရီးသည်ဦးရေက ပိုတင်၊ ကုန်ပစ္စည်းတွေကလည်း ရုပ်ပြေးနဲ့မလိုက်အောင် မတန်တဆ တင်ဆောင်ထားတော့ အထွက်မှာ စက်ချွတ်ယွင်းပြီး မှောက်တော့တာပါပဲ။

"ဂုန်း . . ."

"အား . . ."

"အမလေး . . . ကယ်ကြပါ"

"အာ . . . မော်တော်မှောက်ပြီဟေ့"





"လာကြပါဦး . . . ကယ်ကြပါဦး။ ဒီမှာ မော်တော်မှောက်နေလို့"

ကြောက်လန့်တကြား အော်သံတွေ၊ စိုးရိမ်တကြီး အော်ဟစ်သံတွေက တိတ်ဆိတ်ငြိမ်သက်နေတဲ့ မြို့လေးကို ကိုင်လှုပ်လိုက်သလိုပါပဲ။ ရုပ်ပြေးမှောက်တဲ့အချိန်နဲ့ နစ်တဲ့အချိန်က စက္ကန့်ပိုင်းလောက်ပဲ ကြာတယ်။ မော်တော်ထဲက အသက်လုထွက်ပြေးလာတဲ့ ခရီးသည်တွေ မြစ်ရေထဲမှာ မျောနေတုန်းမှာ ဆင်းကယ်တဲ့လူကယ်၊ ရေပုံးတွေ၊ ပလတ်စတစ်ပုံးတွေ ပစ်ချပေးတဲ့လူက ချပေး၊ အပေါ်ကနေ ဝါးလုံးတွေ၊ ကြိုးတွေ ချပေး၊ စက်လှေ၊ မော်တော်တွေနဲ့ ကယ်ပေးတဲ့ လူတွေရဲ့ကျေးဇူးနဲ့ ခရီးသည် (၇၈) ယောက်ကို ကယ်တင်နိုင်ခဲ့ကြတယ်။

ကံဆိုးတဲ့ ခရီးသည် (၁၅) ယောက် အလောင်းရရှိပြီး (၁၄) ယောက်ကတော့ ပျောက်ဆုံးနေခဲ့တယ်။ အဲဒီနေ့ကစပြီး မော်တော်ကိုဆယ်ဖို့ ကြိုးစားခဲ့တာ (၆) ရက်ကြာတယ်။ ခွေးတွေအူကြ၊ ဟောင်ကြလွန်းလို့ ညကျရင် အိပ်မရလို့ မီးသတ်ကားကြီးတွေနဲ့ ပရိတ်ရေဖျန်း၊ ပရိတ်တွေရွတ်၊ ဘာသာပေါင်းစုံ ဆုတောင်းပွဲကြီးကို သူ့ရပ်ကွက် ကိုယ့်အဖွဲ့အစည်းတွေနဲ့ ရွတ်လိုက်မှ ရုပ်ပြေးဂိတ်နားမှာနေတဲ့လူတွေ အေးအေးချမ်းချမ်းနဲ့ အိပ်ရတော့တယ်။

မအိပ်ရတဲ့လူတွေက ပေါက်ကုန်းရပ်ကွက်ထဲမှာ နေတဲ့လူတွေ၊ ညရောက်တာနဲ့ အိမ်ထဲက အိမ်ပြင်မထွက်ရဲအောင် ဖြစ်နေရပြီ။ ပြန်ဆယ်လို့ရတဲ့ ရုပ်ပြေးရေယာဉ်ကို အပိုင်းပိုင်းဖြတ်ပြီး အဲဒီရပ်ကွက်ထဲက ရဲခန်းဝင်းထဲမှာ သွားထားတာကိုး။ စထားတဲ့နေ့ကစပြီး နေဝင်တာနဲ့ ခွေးတွေ ဟောင်လိုက်၊ အူလိုက်ကြတာ မနက်မိုးလင်းတဲ့အထိပဲ။

ကြားရတဲ့ စကားတွေကလည်း တကယ့်ကို သည်းထိတ်ရင်ဖိုတွေ။ အဝတ်အစားမပါတဲ့လူတွေ ရုပ်ပြေးနားမှာ နေနေတာကို မြင်လိုက်ရတဲ့ လူတွေ၊ အဲဒီနားတစ်ဝိုက်မှာ လျှောက်သွားနေတဲ့အကြောင်းတွေ၊ ကလေးတွေ ချော့မရအောင် ငိုကြသလို ခွေးတွေကလည်း ထိန်းလို့မရအောင် ဟောင်ကြ၊ အူနေကြတဲ့အကြောင်းတွေက မနက်မိုးလင်းတာနဲ့ စိတ်ဝင်စားစရာအကောင်းဆုံး ဖြစ်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒီသတင်းတွေ မှားသလား၊ မှန်သလား မသိရပေမဲ့ အဲဒီရပ်ကွက်ထဲမှာနေတဲ့ စာရေးသူကတော့ ညညထပြီး အိမ်သာတက် တစ်ရေးနိုးပြန်အိပ်လို့မရတော့ ဟိုစဉ်းစား ဒီစဉ်းစားနဲ့ ခွေးအူသံ၊ ခွေးဟောင်သံတွေကို အရင်ကထက် ပိုကြားနေရတာကိုတော့ သတိထားမိတယ်။

ကိုယ်တိုင်က အလောင်းတွေကြည့်ထား၊ လိုအပ်တာတွေ ကူညီခဲ့တော့ ညကျရင် မျက်စိထဲမြင်ပြီး တစ်ရေးနိုးဆို အိပ်လို့မရတော့ဘူး။ တစ်ရပ်ကွက်လုံး ဆူညံနေအောင် ဟောင်နေ၊ ဆူနေတဲ့ ခွေးသံတွေကို နား ထောင်ရင်း ဒီစာမူလေးကို ရေးမိတော့တာပါပဲ။

✿ ✿ ✿

| ၃ |

❏

တစ်ရက်မှာ ဘိုးဘွားရိပ်သာက ဆရာလေးတစ်ပါး စာရေးသူတို့အိမ်ကို ရောက်လာတယ်။ ညမိုးချုပ်မှ အိမ်ပြန်၊ ဟိုလည်ဒီလည်လုပ်တတ်တဲ့ စာရေးသူကို သတိပေးသွားတယ်။

"ရုပ်ပြေးမှာပါသွားတဲ့ လူတွေက မကျွတ်သေးဘူး။ အိမ်ကို စောစောပြန်ပါ။ သူတို့က အိမ်ပြန်မိုးချုပ်တဲ့လူတွေနောက်ကို လိုက်လာတတ်တယ်"

"ဟုတ်လို့လား ... ဆရာလေးရယ်။ တပည့်တော်တော့ ဒီလို မကြားမိပါဘူး"

"ဩော် ... ဟုတ်ပါတယ်။ ဒကာမလေးကလည်း သီလရှင်ဝတ်ရုံကြီးနဲ့ မလိမ်ညာရဲပါဘူး။ မနေ့ညနေကပဲ ဆရာလေးတို့ကျောင်းမှာ ဝင်ပူးလို့"

အလွန်စိတ်ဝင်စားသွားရပြီး ...

"တပည့်တော်တို့ကို ပြောပြပါလားဘုရား"

သိချင်လွန်းစွာ မေးကြည့်တော့ ဆရာလေးက အကြောင်းစုံ ပြောပြသွားတယ်။

✿ ✿ ✿

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# | ၄ |

❑

ဝိညာဉ်ဝင်ပူးခံရတဲ့ အဒေါ်ကြီးက ဒေါ်အုန်းကြည်။ သီလရှင်ကျောင်းမှာ လိုအပ်တာတွေ လှူပေးနေတဲ့ အလှူရှင်တစ်ဦး။ အိမ်သားတွေ ခရီးထွက်သွားရင် သီလရှင်ကျောင်းမှာ လာအိပ်တတ်လို့ ဆရာလေးတို့နဲ့ မိသားစုလို ရင်းနှီးခင်မင်နေကြတယ်။

ရုပ်ပြေးအပိုင်းအစတွေကို ဂါတ်သစ်မှာ ပုံထားပြီး တစ်ရက်မှာ ဒေါ်အုန်းကြိုင် ကျောင်းကိုလာခဲ့တယ်။ အချိန်က အလင်းရောင်တွေမပျောက်တပျောက်၊ ညအမှောင်ကို စတင်နေတဲ့အချိန်ဆိုတော့ စုပုံထားတဲ့ သံထည်တွေကို လှည့်ကြည့်ပြီး ကြက်သီးတွေ ထလာတယ်။ ကြောက်တတ်တဲ့သူမဟုတ်ဘဲနဲ့ ကြက်သီးတွေထလာလို့ ခပ်သွက်သွက်လျှောက်လာခဲ့တာ။

ဒီကျောင်းမှာ သီလရှင်လေးတွေ ပေါင်း တစ်ရာကျော်တယ်။ မိဘမဲ့တွေကော၊ ဆင်းရဲတဲ့မိသားစုတွေ၊ တောင်ပေါ်သူလေးတွေကော အားကိုးတကြီးနဲ့ လာနေကြတာ။

ဆရာကြီး၊ ဆရာလေးတို့က ဒီပေါက်စသီလရှင်လေးတွေကို စည်းကမ်းရှိတဲ့ တရားနဲ့အညီ သီလနဲ့နေတတ်အောင် အုပ်ချုပ်ထိန်းကျောင်း





နေတဲ့အချိန်မှာ ခြေသံပြင်းပြင်းနဲ့ ဝင်လာတဲ့ ဒေါ်အုန်းကြိုင်ကို မြင်လိုက်ကတည်းက တစ်ခုခုဖြစ်လာပြီမှန်း သိလိုက်ပြီ။ ဝင်လာတာက ဒေါ်အုန်းကြိုင်တစ်ယောက်တည်း။ ခြေသံတွေက တစ်ယောက်တည်းမကတဲ့ လူအုပ်ခြေသံကြီးတွေ။

"ဟဲ့ . . . ဘယ်သူတွေတုံး။ ဘာလာလုပ်တာတုံး"

ဆရာကြီး ခပ်မာမာမေးလိုက်တော့ ဒေါ်အုန်းကြိုင်အသံမဟုတ်တဲ့ အသံတစ်သံ ထွက်လာတယ်။

"ကျွန်မတို့က ရုပ်ပြေးမှောက်တုန်းက သေဆုံးသွားတဲ့လူတွေပါ"

"ဒါ မင်းတို့လာရမဲ့နေရာမှာ မဟုတ်ဘူး။ ဘာလာလုပ်တာလဲ"

"အမျှလိုချင်လို့ လာတာပါ"

"ဒါဆို ငါတို့ပြုလုပ်ခဲ့သမျှ ကုသိုလ်ကောင်းမှုအစုစုကို အမျှဝေပေးမယ်။ အမျှယူပါ၊ သာဓုခေါ်ပါ"

"ခေါ်လို့မရဘူး"

"ရအောင်ခေါ်ပေါ့၊ ဘာလို့မရတာလဲ"

"ဘာသာခြား လူကြီးတစ်ယောက်က ခေါ်လို့မရအောင် သူ့ပညာတွေနဲ့ လုပ်ထားလို့ ကျွန်မတို့ သာဓုခေါ်လို့မရဘူး"

"ခေါ်လို့မရလည်း ငါတို့ မတတ်နိုင်ဘူး။ ပြန်ကြတော့၊ ကိုယ့်နေရာကိုယ် ပြန်ကြတော့"

စိတ်မကောင်းပေမဲ့ ဆရာကြီးလည်း မတတ်နိုင်၊ ဘဝတစ်လျှောက်လုံး ဘာသာသာသနာအတွက်ပဲ နစ်မြုပ်ထားပေမဲ့ ဒီလို ဒုက္ခသည်တွေလည်း မကယ်တတ်။ ကလေးတွေလည်း ကြောက်ရွံ့ထိတ်လန့်နေကြပြီမို့ စိတ်မကောင်းကြီးစွာ မောင်းထုတ်ရတော့တယ်။

"ကျွန်မတို့ အမျှရချင်လို့ပါ။ ကျွန်မတို့ကို ကယ်ပါ"

"ဒကာမတို့ . . . သာဓုမခေါ်ရင် ငါက ဘယ်လိုကယ်ရမလဲ။ အခုပြန်ကြတော့။ မနက်ဖြန်ကျရင် မင်းတို့အတွက် ဆွမ်းကပ်ပေးမယ်၊ အမျှဝေပေးမယ်။ ပြန်ကြတော့"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီး မေတ္တာသုတ်ရွတ်ပြီး အမျှဝေပေးပေမဲ့ ဝင်စီးထားတဲ့သူက သာဓုမခေါ်နိုင်။ မထွက်ဘဲ ပေကပ်နေနေတာမို့ နောက်ဆုံး ဆရာတော်ဘုရားတို့ရဲ့ ပရိတ်ရေ၊ ဖီးခက်တွေနဲ့ လိုက်ရိုက်၊ လိုက်ပက်တော့မှ ထွက်သွားတော့တယ်။ တစ်ညလုံး ပရိတ်ရွတ်၊ မေတ္တာပို့ အမျှဝေနဲ့ ဆရာကြီးတို့မှာ အိပ်လို့မရအောင် ထိတ်လန့်ခဲ့ရ စိတ်မကောင်း ဖြစ်ခဲ့ရတော့တယ်။

✿ ✿ ✿

| ၅ |

❑

နောက်တစ်ယောက် မမြင့်ကြည်။

သူက ဈေးသည်တစ်ဦး။ မနက်စောစော မိုးမလင်းဈေးမှာ ဈေးရောင်းတဲ့သူ။ ဟိုးအရင်က ဗန်းမော်မြို့လေးမှာ အမှတ် (၁) ဈေး၊ အမှတ် (၂) ဈေးဆိုပြီး ဈေးနှစ်ဈေးသာရှိပေမဲ့ တစ်နှစ်နဲ့တစ်နှစ် များပြားလာတဲ့ ပျံကျဈေးသည်တွေကို ဟိုနားမောင်းထုတ်၊ ဒီနေရာမောင်းထုတ် ရွှေ့ရောင်းနေရတာနဲ့ မိုးမလင်းဈေးဆိုတာ ဖြစ်လာတော့တာပဲ။ ဖယောင်းတိုင်လေးတွေ တရုတ်ကလာတဲ့ လျှပ်စစ်မီးအိမ်တွေနဲ့ ရောင်းကြဝယ်ကြတယ်။ အခု စာရေးနေတဲ့အချိန်မှာ ကမ်းနားလမ်းမှာ ဈေးဖြစ်နေတယ်။

မိုးမလင်းဈေးဆိုတဲ့အတိုင်း မမြင့်ကြည်တို့ စောစောထရတယ်။ ခါတိုင်းဆို စောချင်သလောက်စော၊ သွားချင်တဲ့အချိန်သွား ဘာမှမဖြစ်ဘူး။ ရုပ်ပြေးရဲ့ သံထည်ပုံကြီးတွေရောက်လာမှပဲ လူက ကြက်သီးထချင်၊ ကြောက်စိတ်တွေနဲ့ ခွေးကပြန်ချင်နေပြီ။ မိသားစုအတွက် ဝမ်းရေးအတွက်မို့လို့ မသွားမဖြစ် ဓာတ်မီးလေးကိုင်ပြီး ကုပ်ကုပ်လေး ထွက်လာရတယ်။ ခပ်သွက်သွက်လေးလျှောက်လာရင်း စိတ်က ရုပ်ပြေးပုံကြီးနဲ့ နီးလာပြီဆိုပြီး ခိတ်ကို တင်းပြီး အမြန်လာနေတုန်း ...

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

"အမလေးတော် ..."

မမြင့်ကြည် ငယ်သံပါအောင်အော်ပြီး အိမ်ဘက်သို့ လှည့်ပြေးတော့တာပဲ။ သူ့ဓာတ်မီးရောင်နဲ့ တွေ့လိုက်တာက ရုပ်ပြေးက သူ့ရှေ့မှာ ကန့်လန့်ကြီး။ အပိုင်းအစတွေပဲ ပုံထားတဲ့ သံထည်ပုံကြီးနဲ့မဟုတ်ဘဲ ရုပ်ပြေးကိုယ်ထည် ရှည်ရှည်ကြီးနဲ့၊ သူ့အော်သံကြောင့် အိပ်ပျော်နေတဲ့ ခင်ပွန်းသည် ထပြေးလာတယ်။

"မကြည် ... မကြည် ... ဘာဖြစ်တာလဲ၊ အလန့်တကြားကွာ"

"ရုပ်ပြေး ... ရုပ်ပြေးတော်။ လမ်းပေါ်မှာ ကန့်လန့်ကြီး"

"ဟာ ... ဒီမိန်းမကွာ မဖြစ်နိုင်တာ။ မင်း လျှောက်ပြောမနေနဲ့"

"ဟုတ်ပါတယ်ဆို ... ရှင်ကလည်း၊ ကျွန်မသွားနေတဲ့လမ်းမှာ ကန့်လန့်ကြီး နေနေတာ။ ကျွန်မမျက်စိနဲ့ တစ်အပ်မြင်ခဲ့တာ။ ရုပ်ပြေးမှ ရုပ်ပြေးအစစ်။ မော်တော်ဆယ်တုန်းက ကျွန်မ နေ့တိုင်းသွားကြည့်ခဲ့တာ။ ကျွန်မ သိတာပေါ့"

ဇနီးသည့်စကားကို မယုံတဲ့ ကိုဆန်းမောင် ဓာတ်မီးယူပြီး လာကြည့်တယ်။ လူ့အသက်ပေါင်းများစွာကို ပျက်စီးစေခဲ့တဲ့ ရုပ်ပြေးကြီးဆိုတော့လည်း စိတ်ကကြောက်နေပေမဲ့ သိချင်စိတ်တွေနဲ့ လာကြည့်တာ။ သူ့မိန်းမပြောသလို မတွေ့ရဘဲ သူ့နေရာနဲ့သူ။

"ဝုတ် ... ဝုတ် ... ဝုတ် ..."

"အု ... ဝူး ... ဝူး ..."

"ဟာ ... ဒီသောက်ခွေးတွေက တစ်မျိုး"

ကြောက်ကြောက်နဲ့ သံထည်ပုံကြီးကို ဓာတ်မီးနဲ့ ထိုးကြည့်နေတုန်း အိမ်ကလိုက်လာတဲ့ခွေးက စူးစူးဝါးဝါးဟောင်ပြီး အူလိုက်တာမို့ တစ်ရပ်ကွက်လုံး ဆူညံသွားရပြီး ကိုဆန်းမောင် နောက်ကိုလှည့်မကြည့်ရဲတော့ဘဲ တစ်ခါတည်း ထွက်ပြေးခဲ့တော့တယ်။

✿ ✿ ✿

| ၆ |

❑

နာနတ်သီးသည် ဒေါ်တင်ရွှေပြောပြချက်ကလည်း ဂမ္ဘီရဆန်လွန်းလို့ ယုံရမလို မယုံရဘူးလို ဖြစ်နေတယ်။ ရုပ်ပြေးမမှောက်ခင်က ကမ်းနားလမ်းမှာ သစ်သီးသည်တွေ ညှော်စာရင်းတိုင်ပြီး မြစ်ကမ်းဘေးမှာပဲ အိပ်ကြတယ်။ လိမ္မော်သီးချိန်၊ နာနတ်သီးချိန် စိုက်ခင်းရှင်တွေကိုယ်တိုင် ကမ်းနားလမ်းမှာ ရောင်းတတ်ကြတယ်။ မနက်ဖြန်လို့ ရုပ်ပြေးမှောက်မဲ့နေ့မှာ ဒေါ်တင်ရွှေတို့ ကမ်းနားလမ်းမှာ အိပ်နေတုန်းမှာ အော်ညည်းသံတွေကို မြစ်ထဲက ကြားလိုက်ရတော့တယ်။

"အား ..."

"အမလေး ..."

"ကယ်ကြပါ ... ကယ်ကြပါဦး"

"အဟင့် ... အဟင့် ... အဟင့် ..."

"အီး ... ဟီး ... ဟီး ..."

"ဟင်း ... ဟင်း ... ဟင်း ..."

အိပ်ပျော်နေတဲ့ ဒေါ်တင်ရွှေ လန့်နိုးသွားတယ်။ သူ့အထင် မြစ်ရေတက်နေတဲ့အချိန်မို့ လူတွေမျောလာပြီလို့ ထင်မှတ်လိုက်တယ်၊ မိုးတာ

www.burmeseclassic.com



တွေနဲ့ တဲပုံစံဖြစ်သလို လုပ်ထားတဲ့ အမိုးအောက်ကထွက်လာပြီး မြစ်ထဲကို မာတ်မီးနဲ့ ထိုးကြည့်လိုက်တယ်။ သူကြားလိုက်တဲ့လူသံက အများကြီး။ အခုတော့ တသွင်သွင်စီးနေတဲ့ မြစ်ရေထဲမှာ တစ်ယောက်မှမတွေ့ရဘဲ ငိုညည်းသံတွေကိုတော့ မသဲမကွဲ ကြားရသေးတယ်။ နောက်တော့ မကြားရတော့ဘူး။

ဒေါ်တင်ရွှေ အိပ်မပျော်တော့ဘဲ ဘုရားရှိခိုး၊ မေတ္တာပို့ပေးခဲ့တာ မနက်မိုးလင်းတဲ့အထိပဲ။ မနက် (၉) နာရီ မိနစ် (၃၀) လည်းရောက်ရော မြမင်းအောင် မော်တော်မှောက်တော့တာ။ ကြောက်လန့်တကြားအော်သံတွေက ညက သူကြားခဲ့ရတဲ့ အသံတွေအတိုင်းပါပဲ။

ဒီအဖြစ်အပျက်တွေကို ယုံတဲ့လူ ယုံကြတယ်။ မယုံတဲ့လူ မယုံကြဘူး။ အလကား လျှောက်ပြောနေတာပါ။ မဖြစ်နိုင်ပါဘူးလို့ ဆိုတဲ့လူတွေလည်း ဒီရုပ်ပြေးနားကို ဘယ်သူမှ မသွားရဲကြဘူး။ မလွှဲသာ မရှောင်သာလို့ ဖြတ်လျှောက်သွားရင်း ရသမျှ ဘုရားစာတွေကို ရွတ်ပြီး သံထည်ပုံကြီးကို တစ်ချက်တောင် လှည့်မကြည့်ရဲဘဲ ခြေကုန်သုတ်သွားကြတော့တာ။

ကျွန်တော်ကတော့ ဗုဒ္ဓဘာသာဝင်မို့ သေဆုံးသွားတဲ့လူတွေ ဒီရုပ်ပြေးမှာ မကျွတ်မလွတ်နိုင်ရှာဘဲ မှိုတွယ်နေလိမ့်မယ်လို့ ယုံကြည်မိပါတယ်။ ခွေးအူသံ၊ ဟောင်သံတွေကြားတိုင်း ကံဆိုးရှာတဲ့ ဝိညာဉ်လေးတွေ အမြန်ဆုံး ကျွတ်လွတ်မြောက်လုပါစေလို့ပဲ ဆုတောင်းနေမိပါတော့တယ်။

ဟိန်းနေချာန်

BURMESE CLASSIC .com

www.burmeseclassic.com